
www.burmeseclassic.com

# ဒဂုံရွှေမျှား

သုဝဏ္ဏဒေဝီ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၃၉၄/၉၉ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၈၀၁/၉၉ (၁၂)
○
၂၀၀၀ ခုနှစ် – ဧပြီလ
○
တန်ဖိုး
၃၃၀ ကျပ်
○
အုပ်ရေ
၅၀၀
○
အဖုံးပန်းချီ
မောင်မောင်သိုက်
○
ကွန်ပျူတာစာစီ
ခွန်မျိုး
○
မျက်နှာဖုံးဖလင်
CONQUEROR
○
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)၊
○
အတွင်းပုံနှိပ်
ဒေါ်မြဲထွေး (တော်ဝင်ပုံနှိပ်တိုက်)
အမှတ် ၉၂၊ ၂၈ လမ်း၊ ရန်ကုန်မြို့။
○
မျက်နှာဖုံးပုံနှိပ်
ဒေါ်ဖြူဖြူမော် (ဖြူမွန်အော့ဖ်ဆက်)
အမှတ် ၃၈၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
○
စာအုပ်ချုပ်



## အမှာ

ပန်းချီရုပ်ပုံကားတစ်ချပ်ကိုကြည့်လျှင် ရှေ့ခြံရေးဆွဲထားသောဝတ္ထုပစ္စည်းကို ရှေးဦးစွာမြင်ရသည်မှန်သော်လည်း "နောက်ခံရှုခင်း"သည် တဖြည်းဖြည်းပေါ်လွင်၍လာသကဲ့သို့ ဝတ္ထုတစ်ပုဒ်ကိုဖတ်ရာ၌လည်း စာတ်လမ်းစာတ်ကွက်နောက်မှ နောက်ခံရှုမြင်ခင်းသည် တဖြည်းဖြည်းပေါ်၍လာပေရာ စာဖတ်သူများသည် ထိုအကြောင်းအရာများကို တင်ကြို၍ သိရှိထားလည်ရန် လိုအပ်လှပေသည်။

ဖြစ်ပျက်သောနေရာ၊ ဖြစ်ပျက်သည့်အချိန်၊ ဖြစ်ပျက်သည့်လူမျိုး၊ သူတို့၏ရာဇဝင်၊ သူတို့၏အနွယ်အဆက်၊ သူတို့၏အယူဝါဒ၊ သူတို့၏ထုံးစံဓလေ့များသည် ထိုဝတ္ထု၏နောက်ခံရှုမြင်ခင်းဖြစ်၏။

လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ခန့်လောက်က မြောက်အမေရိကတိုက်ရှိ "မက္ကဆီကို"နယ်တွင် ရှေးအထက်ကျော် ကာရိကနေခဲ့သော လူရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



သည့် ပျောက်ကွယ်သွားပြီးနောက် 'နာဝါ'ခေါ် လူရိုင်းမျိုးများ ရောက်၍လာ၏။ ထို'နာဝါ' အဆက်အနွယ်ထဲမှ အခြားလူရိုင်းမျိုးများထက် လူဦးရေလည်းများ၊ ဉာဏ်လည်းသွား ဆိုဘိသကဲ့သို့ ထင်ရှားသော 'အက်(ဇ)တက်' ခေါ်အမျိုးသည် ထိုနယ်တစ်နယ်လုံးကို စိုးမိုးအုပ်ချုပ်လျက်ရှိခဲ့ရာ သူတို့ကိုးကွယ်ရာ 'မက္က(ဆ)တီလ'အမည်ရှိသော စစ်နိုင်နတ်ရုပ်ကို အစွဲပြုပြီးလျှင် 'မက္က(ဆ)ဆီကင်'ဟူ၍လည်း ခေါ်တွင်လာသည်။

ဤသို့နှင့် မက္ကဆီကင်များသည် အခြားလူရိုင်းမျိုးများကို အောင်မြင်ပြီးနောက် မြောက်ပိုင်းအရပ်ဒေသမှ တဖြည်းဖြည်းပြို၍ တောင်ဘက်သို့ဆင်းလာပြီးလျှင် ယခုအခါ မက္ကဆီကိုနယ်သို့ ရောက်လာကြလေသည်။

သူတို့သည် မြေအတော်မြင့်သော 'အနာဝက်'မြစ်ဝှမ်းအလယ်၌ ရှိသည့် 'တက်ဇကူကို' ခေါ် ရေအိုင်ကြီးအနီးသို့ ရောက်လာကြပြီးလျှင် ထိုနေရာ၌ မြို့တည်ဆောက်ရန် နေရာကိုရွေးချယ်၍ 'တီနိုချတီလန်' ဟူသောအမည်ဖြင့် မြို့တည်ကြကုန်၏။

ထိုနေရာသည်ကား မြင့်သောနေရာတွင်ကျောက်တောင်များဖြစ်၍ နိမ့်သောနေရာတွင် ရွံ့ညွန်များထူထပ်လှ၏။ သို့သော် 'အက်(ဇ)တက်' လူမျိုးများကား ရွံ့ညွန်များကို မကြောက်ချေ။ ယခင်မြောက်ပိုင်းတွင် အလွန်ရိုင်းစိုင်းစွာနေခဲ့စဉ်က ကိုယ်ပေါ်တွင် ငှက်မွေး၊ ငှက်တောင်အမျိုးမျိုးကို ကော်ဖြင့်ကပ်ထားကြ၏။ ရွံ့အိုင်၊ ညွန်အိုင်နှင့် မြစ်ချောင်း ကမ်းစပ်များတွင် ငါးများကို ရှာဖွေကာစားသောက်ကြ၏။ ထိုကြောင့် အခြားလူရိုင်းများက သူတို့အား 'ဗျိုင်းလူမျိုး' ဟူ၍ပင် ခေါ်ကြလေသည်။

သို့သော် သူတို့၏စစ်သားများက ကြံ့ခိုင်ထွားကြိုင်း၍ သူရသတ္တိ ရှိပြီးလျှင် အလွန် ကြောက်မက်ဖွယ်ကောင်းသူများ ဖြစ်လေသည်။ နှစ်





ပေါင်းအတော်ကြာလတ်သော် သူတို့သည် ပတ်ဝန်းကျင်ရှိ အခြားလူမျိုးများထံမှ နည်းနာနိဿယကို တစ်စတစ်စရရှိလာပြီးလျှင် ယဉ်ကျေးစပြုလာ၏။

သူတို့မရောက်မီ နှစ်ပေါင်းအတော်ကြာက ထိုနေရာတွင် 'တော်(လ)တက်' ခေါ် လူမည်းတစ်မျိုးနေထိုင်ခဲ့ရာ ထိုစဉ်က တော်(လ)တက်များသည် ပန်းချီအတတ်၊ ပန်းပုအတတ်၊ ချည်ထည်များ ရက်လုပ်ခြင်းအတတ်၊ ဂူများ ဖောက်လုပ်ခြင်းအတတ် အစရှိသော အနုပညာများကို အတော်ပင် လိုက်စားတတ်မြောက်ခဲ့သူများဖြစ်၏။

သူတို့၌ ရေးဟောင်းပုံပြင်တစ်ခုအရ ယုံကြည်မှုတစ်ခုရှိရာ ထိုယုံကြည်မှုသည်ကား နှစ်ပေါင်းအတော်ကြာက သူတို့နေသောနိုင်ငံသို့ သူတို့ကိုးကွယ်သောဘုရားသည် လူ၏အသွင်ကို ဆောင်၍လာ ရောက်ခဲ့လေသည်။ ထိုသူသည် အသားဖြူ၍ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိပြီးလျှင် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျလျက် လူများအား အရပ်ရပ်သော သုခုမပညာတို့ကိုသင်ပေး၏။

ထိုဘုရား၏ တမန်တော်သည် နှစ်ပေါင်း ၂၀ ခန့်မျှ နိုင်ငံကို အုပ်ချုပ်လေရာ၊ သူတို့အုပ်ချုပ်စဉ်အတွင်း တိုင်းပြည်သည် လွန်စွာဝပြောသာယာလျက် တိုင်းသူပြည်သားအချင်းချင်း မေတ္တာစိတ်ကြီးမားကြ၏။ လေသည် ပန်းရနံ့များကိုဆောင်ကာ တိုက်ခတ်၏။ ဝါဂွမ်းပင်များသည်အစေ့တွင်းကပင် အဖြူ၊ အနီ၊ အပြာ၊ အဝါရောင် အမျိုးစုံပါသောအသီးများကို သီးကြ၏။

သို့နှင့် တမန်တော်သည် နှစ်ပေါင်း ၂၀ ကျော်မျှ တိုင်းပြည်အုပ်ချုပ်ပြီးသော် အရှေ့ဘက်သို့ သင်္ဘောလွှင့်၍သွားရာ၊ တစ်နေ့နေ့တွင် သူ၏



www.burmeseclassic.com

www.burmeseclassic.com



အဆက်အနွယ်တစ်ယောက် ပြန်ရောက်လာမည့်အကြောင်းပြောခဲ့၏။ ဤအကြောင်းကို ယခုအက်(ဇ)တက်များသည် ဆက်လက်ယုံကြည်ခဲ့ကြလေသည်။

သို့နှင့် နှစ်ပရိစ္ဆေဒကြာသောအခါ သူတို့သည် တောင်သုံးလုံးပေါ်တွင် နေထိုင်ကြသော လူရိုင်းမှန်သမျှကို နိုင်နင်းကာ မက္ကဆီကိုနယ်တစ်နယ်လုံးကိုပိုင်လျက် "မက္ကဆီကို" မြို့တော်ကြီးကိုလည်း တည်ဆောက်ကြလေသည်။

သို့သော် အရှုံပေးရသောလူရိုင်းများသည်လည်းကောင်း၊ တောင်ပေါ်အရပ်ဒေသတွင်နေထိုင်ကြသော လူရိုင်းများသည်လည်းကောင်း အယ်(ဇ)တက်များအား မည်သည့်နည်းနှင့်မျှမကြည်ညိုကြချေ။ အဘယ်ကြောင့်ဆိုသော် အက်(ဇ)တက်များတွင် ဘုန်းကြီးများတန်ခိုးအာဏာ လွှမ်းမိုးလျက် လက်အောက်ခံလူမျိုးများက နှစ်စဉ်ကျေးကျွန်များ၊ ရွှေများ၊ သားဖို့သမီးဖို့များကို လက်ဆောင်ပဏ္ဏာအဖြစ်ဖြင့် သူတို့အား ဆက်သရသောကြောင့်ပေတည်း။

ထိုလက်ဆောင်ပဏ္ဏာများအနက် အချောအလှဆုံးသောမိန်းမပျိုနှင့် ယောကျ်ားပျိုများကို "ပစ်ရမစ်"ခေါ် ကျောက်တောင်ပေါ်တွင်ဆောက်လုပ်ထားသည့်နတ်စင်များ၌ ရက်စက်ကြမ်းကြုတ်စွာ ယဇ်ပူဇော်ကြကုန်၏။ ဤသို့ယစ်ပူဇော်ရာတွင်လည်း ဘုန်းကြီးများက ကမကထပြုလုပ်၍ စီမံကြရလေသည်။

မြို့ကြီးများအတွင်း၌ကား ကျောက်ဆစ်၍ အမျိုးမျိုးထုလုပ်ထားသော အဆောက်အအုံများ၊ ငွေရောင်တောက်သော အမိုးများဖြင့် မိုးထားသောအိမ်များ၊ ရွှေရောင်တောက်လျက်ရှိသောနန်းတော်များ၊ ရောင်စုံပွင့်လျက်ရှိသော လှပသည့်ပန်းပင်များဖြင့် ပြည့်လျက်ရှိကုန်၏။





သို့နှင့် ၁၄ ရာစုနှစ်အဆုံးလောက်တွင် အက်(ဇ)တက်များ၏တန်ခိုးအာဏာသည် "မက္ကဆီကို" တစ်နယ်လုံးကို ဖုံးလွှမ်းလျက်ရှိလေသည်။

ဤသို့ရှိစဉ် ပစ္စည်းဥစ္စာများကို လွန်စွာတပ်မက်၍ ကမ္ဘာအနောက်ပိုင်းသို့ တတ်နိုင်သမျှနယ်ချဲ့လိုသော စပိန်လူမျိုးများသည် အမေရိကတိုက်ရှိ လူရိုင်းနယ်များတွင်၊ ရွှေများအလွန်ပေါများကြောင်း သတင်းအရ အနောက်သို့ တဖြည်းဖြည်းနယ်ချဲ့လာရာ ၁၅၁၁ ခုနှစ်၌ အနောက်အိန္ဒိယကျွန်းစုရှိ CUBA "ကျူးဗား"ကျွန်းကို တိုက်ခိုက်သိမ်းယူပြီးနောက် ကျွန်းသူကျွန်းသားများကိုလည်း ကျွန်အဖြစ်သို့ရောက်စေ၏။

သို့သော် ကျူးဗားကျွန်း၌ကား သူတို့၏မျှော်လင့်ချက်နှင့် များစွာကွာခြားသည်ကိုတွေ့ရလေသည်။ လမ်းများ၌ပင် ရွှေနှင့်ကျောက်သံပတ္တမြားများကို ခင်း၍ထားကြောင်း ယခင်က သတင်းစကားကြားဖူးသော်လည်း ကိုယ်တိုင်ရောက်လာကြသောအခါ ရွှေနှင့်ကျောက်သံပတ္တမြားများကို မတွေ့ဘဲ ရွှံ့ဗွက်၊ ညွန်အိုင်များ၊ ရှုပ်ထွေးသောတောများ၊ ငှက်ဖျားရောဂါများ၊ မြွေ၊ ကင်းသန်းများနှင့် သားရဲတိရစ္ဆာန်များကိုသာ တွေ့ရလေသည်။

သို့နှင့် စပိန်လူမျိုးများသည် 'ကျူးဗားကျွန်း'ကို ခြေကုပ်ပြုကာ အမေရိကတိုက်ရှိ မက္ကဆီကိုနယ်ကို မျက်စောင်းထိုး၍လာကြ၏။

ထိုကြောင့်လည်း ၁၅၁၇ ခုနှစ်လောက်တွင် "ကျူးဗား"ကျွန်းမှ စပိန်စစ်တပ်သည် မက္ကဆီကိုနယ်စပ်သို့ ရှေးဦးစွာရောက်၍လာရာ "ယူကာတန်" နယ်မှ ရွှေဖြင့်ထုလုပ်ထားသောနတ်ရုပ်မျှသာရရှိပြီးလျှင် အလွန်ကြမ်းကြုတ်သောလူရိုင်းများ၊ ငှက်ဖျားရောဂါများ၊ မြွေဆိုးမြွေဟောက်များ၊ သားရဲတိရစ္ဆာန်များနှင့်သာရင်ဆိုင်၍ ပြန်ကြရကုန်၏။

www.burmeseclassic.com



နောက်တစ်နှစ်တစ်ကြိမ် စေလွှတ်ပြန်ရာ၊ ကောင်းစွာ ထမြောက်အောင်မြင်ခြင်းမရှိသဖြင့် နောက်ဆုံး၌ စပိန်ပြည်တွင်သူရသတ္တိကောင်း၍ စစ်ဖက်တွင်အထူးကျွမ်းကျင်သော ဟာနန်ဒိုးကိုးဘက်(ဇ)ဆိုသူ စစ်ဗိုလ်ကြီး ခေါင်းဆောင်လျက် စပိန်များသည် မက္ကဆီကို လူရိုင်းပြည်ကို ချဉ်းနင်းဝင်ရောက်လေသည်။

ထိုအချိန်၌ မက္ကဆီကိုနယ်ကို သူကိုယ်တိုင်ဘုန်းကြီးဖြစ်သော "မွန်တီဇူမာ" ခေါ် လူရိုင်းဘုရင်ကြီးသည် အုပ်စိုးလျက်ရှိ၏။

သို့ဖြစ်ရကား အထက်တွင် ရေးသားဖော်ပြခဲ့သည့်အကြောင်းများမှာ မြောက်အမေရိကတိုက် "မက္ကဆီကို" နယ် ရာဇဝင်မှ ထုတ်နုတ်ချက်များဖြစ်လေရာ ထိုအကြောင်းအရာများသည် ယခုရေးသားအံ့သောဝတ္ထုကြီး၏ နောက်ခံကားကြီးပင်ဖြစ်ပေသတည်း။

မြန်မာပြန်ဆိုသူ





## စပိန်လူမျိုး သူစိမ်းတစ်ယောက်

ထိုအခါက ကျွန်ုပ်၏အသက်မှာ ၁၈ နှစ်နှင့် ၆လမျှသာရှိသေး၍ သက္ကရာဇ် ၁၅ ခုနှစ်၊ မေလ တစ်နေ့သောညနေစောင်း၌ "ယားမောက်" မြို့မှ လာသော ကျွန်ုပ်ဖခင်၏မိတ်ဆွေတစ်ယောက်သည် "ယားမောက်" မြို့ဆိပ်ကမ်းတွင် စပိန်သင်္ဘောတစ်စင်းဆိုက်ရောက်လျက်ရှိကြောင်း စကားစပ်မိ၍ပြောပြလေသည်။

သင်္ဘောကပ္ပတိန်မှာ မည်သူဖြစ်ပါသနည်းဟု မေးသောအခါ ထိုသူက အမည်ကို မိမိမသိကြောင်း၊ သို့သော်ဈေးဆိပ်တွင် သူ့ကိုမြင်ခဲ့ဖူး၍ အရပ်မြင့်မြင့်နှင့် ရုပ်ရည်အတော်အတန် ချောမောသူတစ်ယောက်ဖြစ်ကြောင်း၊ သူသည် အဖိုးထိုက်တန်သောအဝတ်အစားများကို အမြဲဝတ်ဆင်လေ့ရှိ၍ သူ၏နဖူးမှာလည်း အမာရွတ်တစ်ခုကို သတိထားမိကြောင်းဖြင့် ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်မိခင်သည် မျက်နှာပျက်သွားပြီးလျှင် "ဘုရားသိကြားမလို့သူမဟုတ်ပါစေနဲ့လို့ ဆုတောင်းရတော့တာပဲ"ဟု စပိန်ဘာသာဖြင့်ညည်းညူလိုက်၏။ (ကျွန်ုပ်၏မိခင်မှာ စပိန်လူမျိုးဖြစ်လေသည်။)

ကျွန်ုပ်၏ဖခင်မှာလည်း ဖျော့တ်ခနဲဖြစ်၍သွားသည်ကို မြင်လိုက်ရ၏။ ဖခင်က သူ့မိတ်ဆွေအား ထပ်မံမေးခွန်းများထုတ်သော်လည်း ထိုထက်ပို၍မသိရပဲ ညသည်လည်း နေဝင်လုပြီဖြစ်သဖြင့် မြင်းစီး၍ပြန်သွားလေ၏။

နောက်တစ်နေ့တွင် နံနက်စောစော အိပ်ရာမှထသောအခါ ကျွန်ုပ်သည် မိခင်ကြီးအကြောင်းကို သိလိုသဖြင့် သူအိပ်သောအခန်းတံခါးကို တွန်းဝင်သွားရာ ပြတင်းပေါက်တစ်ခုမှ အပြင်သို့ငေးမောတွေဝေကာ ရပ်၍နေသော မိခင်ကြီးကိုတွေ့ရလေသည်။

"မေမေ...ဒီနေ့မနက် အိပ်ရာထစောတယ်နော်"

"စောဆို ညက တစ်မှေးမှမအိပ်ဖူးသားရယ်"

"ဘာပြုလို့လဲ မေမေ...ဘာများကြောက်နေရတာလဲ မေမေရယ်"

"ငါ့သား...မေမေတို့အကြောင်းမသိဘူးနော် မင့်ဖေဖေသာ မြန်မြန်ပြန်လာစေချင်တာပါပဲ သောမတ်ရယ်"

၁၀နာရီလောက်တွင် ဖခင်ကြီးသည် ယားမောက်မြို့မှ မြင်းနှင့် ပြန်လာခဲ့ပြီဖြစ်၍ မိခင်သည် သူ့အား ပြတင်းပေါက်မှ တစ်ခဏမျှငေးမောကြည့်နေပြီးနောက် ဝင်းပေါက်ဝသို့ ပြေး၍ကြိုဆိုလေသည်။

ဖခင်ကြီးသည် မြင်းပေါ်မှခုန်ဆင်း၍ မိခင်အား ဖက်ယမ်းနှုတ်ဆက်ကာ နဖူးပြင်တွင် တစ်ကြိမ်ယုယစွာနမ်းရှုပ်ပြီးနောက်...





"စိတ်အေးအေးနေစမ်းပါ ဒါလင်ရယ်၊ နာမည်ကလည်း တခြားနာမည်ပါ သူမဟုတ်နိုင်ပါဘူး"

"လူကို မြင်ခဲ့ရလို့လား"

"လူကိုတော့မမြင်ခဲ့ဘူး ကုန်းပေါ်ကို အလည်ဆိုပြီးတက်သွားသတဲ့၊ ဒါနဲ့ မင်းကြောက်နေမှာစိုးလို့ ငါလည်းကပျာကယာပြန်ပြေးလာခဲ့တာပဲ"

"နာမည်ဆိုတာကတော့ မှည့်ချင်တိုင်းဖြစ်တာပဲရှင်"

"မဟုတ်ပါဘူးကွယ် ဘယ်နည်းနဲ့မှ သူမဟုတ်နိုင်ပါဘူး၊ တကယ်လို့သူဟုတ်တယ်ထားဦး ဒီရွာကမြေကို သူနင်းရဲနင်းကြည့်စမ်းပါကလား၊ တို့သားအဖတွေဟာ တို့လုပ်ရမယ့်အလုပ်ကို နားလည်ပါတယ်ကွယ့်"

ၿငင်းနောက် အိမ်တွင်းသို့ဝင်ရောက်ကာ တီးတိုးပြောဆိုတိုင်ပင်နေကြသဖြင့် ကျွန်ုပ်တို့အားအသိမပေးလိုသော အကြောင်းများဖြစ်လိမ့်မည်ဟု ယုံကြည်သည့်အတိုင်း ကျွန်ုပ်လည်း လူသွားလမ်းနှင့် ပေါင်းကူးတံတားကလေးဆီသို့သွားသော လမ်းကလေးအတိုင်း ထွက်ခဲ့လေသည်။ သို့သော် ချက်ချင်းပင် ကျွန်ုပ်မိခင်ကြီးက ပြန်၍ခေါ်လေသည်။

"သောမတ်"

"မေမေ"

"ငါ့သားမသွားခင် မေမေ့ကိုနမ်းစမ်းပါသားရယ်"

ကျွန်ုပ်သည် မိခင်ကြီးကို ကလေးများသဖွယ်ဖက်ကာ နဖူးပေါ်တွင် ယုယစွာ နမ်းရှုပ်လေသည်။

"ဒီအကြောင်းတွေ ငါ့သားဘာမှမသိဘူးနော်၊ တစ်နေ့ကျရင် ဖေဖေပြောပြပါလိမ့်မယ်၊ ဒီကိစ္စကြီးဟာ မေမေတစ်သက်မှာ အရိပ်လိုလိုက်နေတာပါပဲကွယ်၊ တစ်နေ့မှစိတ်ချမ်းသာတယ်မရှိပါဘူး၊ ရှေ့ကိုလည်း ဘယ်လောက်ဝဋ်ဒုက္ခခံရဦးမယ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



(လက်ထဲ၌ကိုင်ထားသောတုတ်ကို ဝှေ့ယမ်းရင်း ပြုံးလျက်)

"မေမေ့ကို စိတ်ဒုက္ခပေးနေတယ်ဆိုတာ ယောကျ်ားတစ်ယောက်လား..."

"ဟုတ်တယ်သားရဲ့...သို့ပေမယ့်လည်း သတိထားပါကွယ်၊ တကယ်လို့များတွေ့တောင် အရင်စလိုမလုပ်ပါလေနဲ့၊ အကြမ်းပတမ်းလုပ်ရမယ့်ကိစ္စမဟုတ်ပါဘူး"

"ထားပါတော့မေမေရယ်၊ သို့ပေမယ့် လိမ္မာတဲ့လူဟာခံရတတ်တယ်ဗျ"

(ကျွန်ုပ်အားယုယစွာနမ်းရှုပ်ရင်း) "ဘာဖြစ်ဖြစ် ငါ့သားက ခွန်အားကိုချည်း အားကိုးတာပဲကိုး၊ နားထောင်ကွယ့် တို့စပိန်လူမျိုးစကားပုံတစ်ခုရှိတယ်၊ နောက်ဆုံးခုတ်တဲ့လူဟာ အပြင်းထန်ဆုံးခုတ်တယ်တဲ့"

"ပြီးတော့ တခြားစကားပုံတစ်ခုလည်းရှိသေးသားပဲ၊ ကိုယ့်ကို မခုတ်ခင် ကိုယ်ကခုတ်ရမယ်တဲ့၊ မဟုတ်ဘူးလား မေမေ"

ကျွန်ုပ်ထွက်ခဲ့ပြီးနောက် မကြာမီလှည့်၍ ကြည့်မိ၏။ ကျွန်ုပ်သွားရာသို့ ငေးစိုက်ကာကြည့်နေသော မိခင်ကြီး၏မျက်လုံးအစုံတို့မှာ ကျွန်ုပ်အား နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်သည့်လက္ခဏာကိုဆောင်လျက်ရှိလေသည်။

ထိုနေ့ညနေ ၄ နာရီကျော် ၅ နာရီ အချိန်လောက်၌ ကျွန်ုပ်သည် ပန်းဥယျာဉ်ကိုဖြတ်၍သွားသော လမ်းတစ်လျှောက်မှလာခဲ့၍ တောင်ကုန်းကလေးမှဆင်းခဲ့ရာ လမ်းခွဲကလေးသို့ရောက်လာခဲ့လေသည်။ ထိုနေရာ၌ မြင်းစီး၍လာသော လူတစ်ယောက်သည် လမ်းဆုံတွင် ခပ်တွေတွေရပ်၍နေသည်ကိုတွေ့ရလေသည်။ ထိုနေရာ၌ ကားလမ်းတစ်လမ်းမှာ လယ်





တောဘက်သို့သွားသည့်လမ်းဖြစ်၍ တစ်လမ်းမှာ မြို့ဘက်သို့သွားသောလမ်းဖြစ်လေသည်၊ မြင်းစီးသမားသည် မည်သည့်လမ်းကိုလိုက်ရမည် မသိသည့်ဟန်ဖြင့် ရပ်၍နေခြင်းဖြစ်ဟန်ရှိ၏။ သူ့အား အသေအချာအကဲခတ်ရသေးစေကာမူ ထိုသူမှာ ကျွန်တော်တို့နိုင်ငံသားတစ်ယောက်မဟုတ်ကြောင်းသိရလေပြီ။

မြင်းစီးယောကျ်ားသည် အရပ်အမောင်းမြင့်မားထွားကျိုင်း၍ မဟာဆန်ဆန်ရုပ်ရှည်ရှိ၏။ အဝတ်အစားမှာ အရောင်တောက်ကာ ပျော့ပျောင်းနုညံ့သောကတ္တီပါဖြစ်၍ လည်ပင်း၌ ရွှေကြိုးတစ်ခုကွပ်၍ထား၏။ အသက် ၄၀ ၏ ပတ်ဝန်းကျင်၌ရှိလေသည်။

သို့သော် ကျွန်ုပ်သည် သူ၏မျက်နှာကို အထူးသဖြင့်ဂရုစိုက်၍ကြည့်မိရာ မျက်နှာမှာသေးသွယ်လျက် မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာ ထင်ထင်ရှားရှားရှိ၍ ပြတ်သားလှပေသည်၊ မျက်လုံးများမှာ ကြီး၍ခပ်ရွှဲရွှဲရှိပြီးလျှင် ရွှေကိုနေရောင်တွင်ထားသကဲ့သို့ တောက်ပလျက်ရှိ၏။ ပါးစပ်မှာ သေးငယ်၍ ပုံပန်းကျသော်လည်း အသေအချာကြည့်မိသောအခါ ရက်စက်ကြမ်းကြုတ်၍ ခက်ထန်သောအသွင်ကိုဆောင်လျက်ရှိ၏၊ နှုတ်ခမ်းမှာကျယ်၍ ဖွင့်ကားမြင့်မောက်လျက်ရှိရာ အတွေးအခေါ်အကြံအဆရှိသူဖြစ်ကြောင်းထင်ရှား၏။ နဖူးအလယ်တွင်လည်း အနာရွတ်တစ်ခုသည် ကန့်လန့်ဖြစ်ကာ ထင်ထင်ရှားရှားရှိနေလေသည်။ အသားမှာ တောင်ပိုင်းဆန်၍ ခပ်ညိုညိုရှိပြီးလျှင် ဆံပင်မှာ [illegible]နုပ်ဆံပင်ကဲ့သို့ အခွေအလိပ်ကလေးများဖြစ်နေလျက် အညိုရောင်[illegible] မုတ်ဆိတ်မွေးသည် အောက်သို့ ခပ်ချွန်းချွန်းကျလျက်ရှိနေ[illegible]။

သို့နှင့် ကျွန်ုပ်သည်လမ်းလျှောက်[illegible]အနီးသို့ ရောက်လာရာ ၎င်းအခါမှ သူက ကျွန်ုပ်ကိုမြင်လေသည်။ ထိုခဏ၌ မျက်နှာမှာ ယခင်က

www.burmeseclassic.com



ကဲ့သို့မဟုတ်တော့ဘဲ ဖျက်ခနဲ ပြောင်း၍သွားပြီးလျှင် ယခင်က ခက်ထန်ကြမ်းကြုတ်ပုံရသော ပါးစပ်နှင့် မျက်နှာပေးပေါ်သို့ သာယာချိုအေး၍ ယဉ်ကျေးသောအသွင်အပြင်သည် ဖုံးအုပ်၍သွားလေသည်။

ထိုစဉ်ခဏ၌ သူသည်ဦးထုပ်ကို ယဉ်ကျေးသောအမူအရာဖြင့် မြှောက်ကာ အင်္ဂလိပ်စကားကို မပြီကလာပြီကလာ စ၍ပြောလေရာ "ယားမောက်"ဆိုသော စကားတစ်လုံးသာ ကျွန်ုပ်နားလည်၏။ ထိုနောက် အားမလိုအားမရဖြစ်ကာ အင်္ဂလိပ်ဘာသာစကားကို ကျိန်ဆဲလေသည်။

ထိုအခါ ကျွန်ုပ်က "မိတ်ဆွေကြီးခင်ဗျာ... စပိန်ဘာသာနဲ့ပြောရင်ဖြင့် ကျွန်တော် ကူညီကောင်းကူညီနိုင်မလား ပြောတတ်ပါဘူး"

(ကျွန်ုပ်အားစေ့စေ့ကြည့်လျက်) "ဘာကွယ် သူငယ်က စပိန်ဘာသာ တတ်ပါကလား၊ မင်း စပိန်လူမျိုးတော့မဟုတ်ပါဘူး၊ သို့ပေမယ့် နေဦး မျက်နှာကတော့ ခပ်ဆင်ဆင်ပဲဟေ့"

"ဟုတ်ပါလိမ့်မယ်ခင်ဗျာ...ကျွန်တော် အရင်လိုပါတယ်၊ မေးချင်တာရှိရင်မြန်မြန်မေးပါ"

"မကြာစေရပါဘူးကွယ်၊ နေပါဦး ...ဒါက ဟိုဘက်လမ်းကလာခဲ့လို့ မျက်စိ ခပ်မှားမှားဖြစ်နေပါတယ်၊ ယားမောက်ကို ဘယ်ကသွားရသလဲ ကွယ့်၊ မင်းတို့အင်္ဂလိပ်တိုင်းပြည်က သစ်ပင်တွေက သိပ်ရှုပ်တာပါပဲကွယ်၊ တစ်မိုင်လောက်ဆိုရင် ကောင်းကောင်းမမြင်ရတော့ဘူး"

ကျွန်ုပ်လည်း ခြေရှမ်းဆယ်လှမ်းမျှ မလျှောက်သွားပြီးနောက် လမ်းဆုံးသော နေရာသို့ရောက်သောအခါ ယားမောက် (သဘော်ဆိပ်မြို့) သို့ သွားသည့်လမ်းကိုညွှန်ပြလေသည်။

ဤသို့ပြသနေသည့် အချိန်အတွင်း၌ မြင်းစီးယောကျ်ားသည် ကျွန်ုပ်၏ မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့ရသည့်အပြင် သူ၏





မျက်နှာထားမှာလည်း တစ်စုံတစ်ခုအတွက် ကျွန်ုပ်အား ဝမ်းထဲက ကြောက်ရွံ့နေဟန် လက္ခဏာကိုပြလျက်ရှိလေသည်။ ထိုနောက် ကျွန်ုပ်အား ကျေးဇူးတင်သည့်အထိမ်းအမှတ်ဖြင့် ဦးထုပ်ကိုမြှောက်ပြန်လေ၏။

"ကျေးဇူးတင်ပါတယ် သူငယ်ရယ်၊ ဒါထက် မင်းနာမည်ကို မသိရဘူးလားကွယ်"

(လူကိုစပ်မှန်းမှန်းရှိသည်နှင့်) "ကျွန်တော့်နာမည်ကဘာလုပ်ဖို့လဲဗျ၊ ခင်ဗျားနာမည်ကိုမပြောသေးဘဲနဲ့"

"အို... ငါက အခြားနာမည်တစ်ခုကိုယူပြီး၊ ခရီးသွားနေရလို့ပါကွယ်၊ ကိုယ့်အပေါ်မှာ ကျေးဇူးပြုဖူးတဲ့လူတစ်ယောက်ရဲ့ နာမည်ကို သိချင်လို့ပါ"

ထိုနောက် သူသည် မြင်းစက်ကြိုးကိုလှုပ်လိုက်လေ၏။

ထိုအခါကျွန်ုပ်က "နာမည်ပြောရတာ ရှက်စရာမရှိပါဘူးဗျာ၊ လိမ်ပြောရတာမှမဟုတ်ဘဲ၊ ကျွန်တော်နာမည်အပြည့်အစုံ "သောမတ်(စ) ခင်း(ဂ)ဖီး" တဲ့၊ ကိုင်း...သိပြီလား"

(မျက်နှာမည်း၍သွားလျက်) "ထင်သားပဲ... ဟင်း"

ကျွန်ုပ် တစ်စုံတစ်ရာမပြောနိုင်မီ သူသည် မြင်းပေါ်မှလျင်မြန်စွာ ခုန်ချလိုက်ပြီးလျှင် ကျွန်ုပ်နှင့် သုံးလှမ်းမျှသာကွာသောနေရာသို့ ရောက်လာလေ၏၊ ထိုနောက် သူသည် ငွေရိုးတပ်၍ထားသော ဓားရှည်ကို ဓားအိမ်မှဆွဲထုတ်လိုက်ပြီးလျှင်...

"ဒီကနေ့ ကံကောင်းတယ်ဟေ့၊ ငါ့နာမည်က "ဂျူအင်ဒီဂါဆီယာ" ဆိုတဲ့ နားလည်ပြီလား၊ ဒီဂါဆီယာက မေ့တတ်သောသောမတ်ကို နှုတ်ဆက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျွန်ုပ်မှာ ယမန်နေ့က ကျွန်ုပ်ဖခင်ထံ ယားမောက်မြို့[…] မိတ်ဆွေတစ်ယောက် လာရောက်ပြောကြားသွားသော စပိန်လူမျိုးတ[…] ယောက်အကြောင်းကို သတိရမိတော့၏၊ ကျွန်ုပ်မိဘများပြောနေသော[…] သူမှာ ထိုသူပင်ဖြစ်လေသလော။

များစွာစဉ်းစားရန်အချိန်မရမီ သူ့၏မားဦးသည်ကျွန်ုပ်၏ ရင်ဝ[…] သို့ရောက်လာသည်နှင့် ကျွန်ုပ်မှာ လက်ထဲတွင်ကိုင်ထားသော တုတ်[…] တစ်ပါး ထိထိရောက်ရောက်ခုခံရန် လက်နက်မရှိသဖြင့် ပြေးမည်ဟု စိတ်[…] ကူးမိ၏။ အဘယ်ကြောင့်ဆိုသော် လက်နက်ချင်းမမျှ၍ ပြေးရခြင်းမှာ[…] ရှက်စရာအကြောင်းမရှိချေ။ သို့သော် သူ၏မားဦးသည် ကျွန်ုပ်၏အကျႌ[…] နားကိုဖောက်ကာ အသားထဲသို့ပင် မျက်ခနဲ စူးဝင်လျက်ရှိနေလေပြီ။

စပိန်လူမျိုးကား မားကိုကျင်လည်စွာ လှည့်ပတ်ကိုင်တွယ်လျက်ရှိ[…] မားသိုင်းသမားတစ်ယောက်ဖြစ်ဟန်ရှိ၏။ ထိုအခါက ကျွန်ုပ်မှာအသက်[…] ငယ်ရွယ်သေးသဖြင့် မားအတတ်၌တစ်စုံတစ်ရာ မကျွမ်းကျင်သေးသည်[…] ပြင် မားသိုင်းအတတ်သည်လည်း ကျွန်ုပ်တို့အင်္ဂလန်တွင် ထိုအချိန်က[…] အလေ့အကျင့် လွန်စွာနည်းပါးလျက်ရှိနေသေး၏။

ကျွန်ုပ်၏အသားထဲသို့ ချွန်ထက်သော သူ၏မားဦးသည် အကျႌ[…] ဖောက်ထွင်း၍ဝင်လေရာ ထိုအချိန်မှာ ကျွန်ုပ်၏ နောက်ဆုံးစဉ်းစားချိန်[…] ဖြစ်ရကား၊ ကျွန်ုပ်၏ ဝက်သစ်ချသားတုတ်ကြီးသည် သူ၏ဦးခေါင်းပေ[…] သို့ လျှပ်စစ်ကဲ့သို့ လျင်မြန်စွာကျ၍သွားပြီးလျှင် သူ၏မားသည် မြေပေါ်သို့[…] လွှတ်ကျသွားလေ၏။ ကျွန်ုပ်မှာ အသားကိုထိ၍ စိတ်ကထလာပြီးဖြစ်[…] ကား သူ၏ဦးခေါင်းရော မျက်နှာပါမကျန် တုတ်နှင့်ဆင့်ကာဆင့်ကာ[…] ချလေသည်။





ဤအတွင်းသူသည် စပိန်ဘာသာဖြင့် ပါးစပ်မှ အမျိုးမျိုးဆဲဆို ရေရွတ်ကာ ရှိနေသော်လည်း တစ်စုံတစ်ရာတောင်းပန်ခြင်းကိုမပြုချေ။ ဒဏ်ရာရသောမြွေတစ်ကောင်ကဲ့သို့သာ သံများဖုန်များဖြင့်လိမ်းကျံကာ မြေပေါ်တွင်လူးလွန့်လျက်ရှိနေလေသည်။ ကျွန်ုပ်ရပ်လိုက်သောအခါ၌မူ သူ၏ဦးခေါင်းတွင် ဒဏ်ရာတစ်ခုမှသွေးများယိုစီးပြီးလျှင် ပါးစပ်နံဘေးတွင် ကွဲ၍သွားသောဒဏ်ရာနှင့် နှာခေါင်းတွင်းမှလည်း သွေးများ စီးဆင်းလျက်ရှိသည်ကိုမြင်ရလေသည်။

ဤသို့အားရအောင် ရိုက်နှက်ပြီးသောအခါ ကျွန်ုပ်လည်း သူ၏မားဆို ကောက်လိုက်ပြီးလျှင် မားသွားဖြင့် သူ၏လည်မျိုကို ထောက်ထားပြီးနောက် …

"ဘယ့်နှယ်လည်း…စပိန်မိတ်ဆွေကြီး၊ ခင်ဗျားသင်ခန်းစာတစ်ခုတော့ ကောင်းကောင်းရပြီနော်"

"သတ်လိုက်ပေါ့ ခွေး၊ ငါ့ကိုဒီလိုတော့မထားနဲ့ တစ်ခါတည်း သေအောင်သာသတ်ပစ်လိုက်၊ မင်းက လက်ဦးပေတာကိုကွယ့်…"

"ကျုပ်က လက်နက်မရှိတဲ့လူတစ်ယောက်ကို အခွင့်အရေးယူပြီး မသတ်ချင်ပါဘူး၊ သို့ပေမယ့် ခင်ဗျားကိုတော့ ဒီမှာမထားနိုင်သေးဘူး တရားသူကြီးဆီပို့ရလိမ့်မယ်"

ကျွန်ုပ်တို့ ကိုက်နှစ်ဆယ်ခန့်အကွာတွင် သူ၏မြင်းသည် မြက်စားလျက်ရှိသဖြင့် ကျွန်ုပ်လည်း မြင်းဆီသို့သွားပြီးလျှင် ဇက်ကြိုးများကို ဖြုတ်ယူခဲ့လေ၏။ ထို့နောက် သူ့အားအနီးဆုံးသော သစ်ပင်တစ်ပင်ရှိရာသို့ ဆွဲယူပြီးလျှင် ဇက်ကြိုးများဖြင့် ကျွန်ုပ်တတ်နိုင်သလောက် ချည်နှောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်၍ပြီးသောအခါ ကျွန်ုပ်လည်း အနီးဆုံးသောမိတ်ဆွေတစ်ယောက်၏အိမ်သို့ အပြေးအလွှားသွားရောက်လေ၏။

သို့သော် မိတ်ဆွေနှင့်အတူ ထိုနေရာသို့ ကျွန်ုပ်ပြန်ရောက်လာသောအခါ စပိန်ကြီးကားမရှိတော့ချေ။ သစ်ပင်အနီးတွင် ရွှေဒင်္ဂါးတစ်ပြားကိုမြှောက်၍ကစားနေသော 'ဘီလီ'ဆိုသူ ရွာထဲမှအရူးအပေါတစ်ယောက်ကိုသာတွေ့ရလေသည်။

"ဟေ့...ဘီလီ ဒီသစ်ပင်မှာ ကြိုးနှင့်တုပ်ထားတဲ့လူတစ်ယောက်ကိုမင်းမတွေ့ဘူးလား"

"တွေ့သားပဲ"

"အို...သူအခုဘယ်သွားသလည်း"

"မြင်းစီးပြီးဟိုဘက်သွားလေရဲ့"

"ဘယ်ဘက်ကိုလည်းကွဲ့"

"သင်္ဘောဆိပ်ဘက်ကို"

"သူ့ကိုဘယ်သူများဖြည်လွှတ်လိုက်ပါလိမ့်"

"ကျွန်တော်လေ...ဒါကြောင့် ရွှေဒင်္ဂါးကလေး ရတာပေါ့ဒီမှာကြည့်ပါလား...ကိုကြီးသောမတ်"

"မိုက်လိုက်လေကွယ်...မင်းမို့လုပ်ရက်ပလေ ဘီလီရယ်၊ ဒါနဲ့ မင်းကြိုးဖြည်ပေးတာ ဘယ်လောက်ကြာသွားပြီလဲ"

"နာရီဝက်လား... တစ်နာရီလားနှစ်နာရီလား၊ မသိတော့ပါဘူးကိုကြီးရယ်...ကျွန်တော်နာရီမှမသိဘဲ"

ငင်းနောက် ကျွန်ုပ်လည်း အရူးအပေါနှင့် ဆက်လက်စကားပြောနေသော်လည်း အကျိုးမရှိသဖြင့် မိတ်ဆွေကိုပြန်၍ လွှတ်လိုက်ပြီးလျှင်အိမ်ဘက်သို့ပြန်၍လှည့်လာခဲ့လေ၏။





ကျွန်ုပ်ပြန်လာသောလမ်းမှာ ချောင်းနံဘေးကတစ်ဘက် တောအုပ်ကတစ်ဘက် ရှိနေသဖြင့် ကမ်းစပ်ဘက်မှ မြက်ခင်းပေါ်တွင် ဖြူဖြူအရာတစ်ခုကို အမှတ်မဲ့တွေ့မြင်ရ၏။ သို့သော် ကျွန်ုပ်လည်း ထိုသူလက်ထဲမှကံအားလျော်စွာရလိုက်သော ငွေလက်ကိုင်တပ်ထားသည့် ဓားကြီးကိုသာ စိတ်ထဲတွင်စွဲလမ်း၍နေသဖြင့် မည်သည့်အရာဖြစ်သည်ကိုမျှ သတိမထားမိဘဲ စပိန်လက်ထဲမှရလိုက်သော ဓားဦးဖြင့် ကော်၍ပစ်လိုက်ပြီးလျှင် အိမ်ဆီသို့ရှေ့ရှုလာခဲ့လေသည်။

ကိုက်ပေါင်း ၃၀ ခန့်လာမိ၍ အိမ်နှင့်မလှမ်းမကမ်း နေရာတစ်ခုသို့ရောက်သောအခါ ရှုပ်ထွေးလျက်ရှိသော ခြေရာများကို သဲစပ်မြေပျော့များပေါ်တွင် တွေ့မြင်ရသည့်ပြင် ခြေရာနှစ်စုံအနက် တစ်စုံသောခြေရာမှာ ကျွန်ုပ်မိခင်ကြီး၏ ခြေရာဖြစ်ကြောင်းသိရသဖြင့် အံ့အားသင့်ကာကြည့်နေမိလေသည်။ ခြေရာမှာအလွန်သေးသဖြင့်ရွာတွင်းရှိ အခြားမိန်းမများမှာ ဤမျှလောက် ခြေသေးသောသူမရှိသောကြောင့် မိခင်ကြီး၏ခြေရာများပင်ဖြစ်ရမည်ဟု တစ်ထစ်ချယုံကြည်မိလေသည်။

အခြားခြေရာတစ်စုံမှာ အလွန်ဦးချွန်သောဘွတ်ဖိနပ်ကိုစီးထားသည့်ခြေရာဖြစ်၏။ ကျွန်ုပ်သည်မြင်းစီးသမား စပိန်လူမျိုးကိုရိုက်ခဲ့စဉ်က သူ၏ဖိနပ်ကို ကြည့်လိုက်မိဖူးရာ သတိပြုမိ၏။

သို့နှင့် ကျွန်ုပ်လည်း ခြေရာများကိုခံကာလိုက်သွားလေ၏။ ခြေရာများသည် တစ်ခါတစ်ရံဝေးကွာလိုက် တစ်ခါတစ်ရံနီးကပ်၍ လာလိုက်စသည်ဖြင့်ရှိနေရာ ထိုအခါမှ ကျွန်ုပ်လည်းကမ်းစပ်အနီးတွင် တွေ့ခဲ့ရသော အဝတ်ဖြူကလေးကိုပြန်သတိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကမ်းစပ်သို့ပြန်၍ပြေးခဲ့ပြီးလျှင် အဝတ်ဖြူကလေးကို ကောက်ယူကြည့်ရှုရာ ၎င်းမှာအခြားမဟုတ် ကျွန်ုပ်မိခင်ကြီး နေ့စဉ် ဆောင်းသော ဓာဦးထုပ်ကလေးဖြစ်ကြောင်းတွေ့ရလေသည်။

ကျွန်ုပ်သည် တစ်ဖန်ခြေရာခံသောနေရာသို့ပြန်လာခဲ့ရာ မိန်းမ ခြေရာသည် ရှေ့မှသွားလျက် ယောကျ်ားခြေရာက နောက်မှထပ်ကြပ်မကွာ လိုက်ပါသွားသည်ကိုတွေ့ရ၏။ တစ်ခါတစ်ရံလည်းခြေရာ တစ်ခုပေါ်တွင်တစ်ခုထပ်ကာ ခြေရာများရှုပ်ထွေးလျက် နံဘေးမှမြေများလည်းပွနေသည်ကို ထောက်ခြင်းအားဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ကြဟန် လက္ခဏာရှိလေ၏။

ခြေလမ်းကလေးအတိုင်း သွားမိသောအခါ ခြေရာများသည် ပျောက်သွားပြန်လေ၏။ သို့နှင့် ကျွန်ုပ်လည်း ကမ်းစပ်ဘက်သို့လှည့်၍ ရှာပြန်ရာ ခြေရာများသည် တစ်ဖန်ပေါ်လာပြီးနောက် ကမ်းနဖူးဘက်ဆီသို့သွားလျက်ရှိသည်ကိုတွေ့ရလေ၏။ ထိုအခါ၌ကား ကျွန်ုပ်မှာ ယုန်ကို နောက်ယောင်ခံ၍လိုက်သော အမဲလိုက်ခွေးကဲ့သို့ တဖြည်းဖြည်းလိုက်၍သွားရာ ကိုက် ၅၀ ခန့် သွားမိလေသော် အလွန်ကြီးသော ဝက်သစ်ချပင်ကြီး တစ်ပင်အနီးသို့ရောက်သွားလေ၏။

ထိုနေရာ၌ ခြေရာများမှာ ယောကျ်ားခြေရာသည် မိန်းမ၏ခြေရာအသေးကလေးများကို တဖြည်းဖြည်းမိ၍လာပြီးလျှင် အထူးရှုပ်ထွေးလျက်ရှိတော့၏။

ထိုအခါ၌ကား... ကျွန်ုပ်မှာ တစ်စုံတစ်ရာအသည်းနှလုံးတုန်လှုပ်ဖွယ်ကောင်းသောအခြင်းအရာတစ်ခုခုနှင့် မုချတွေ့ရပေတော့မည်ဟု တစ်ကိုယ်လုံးချွေးများပြန်ကာ တုန်လှုပ်လျက်ရှိလေ၏။ ထိုသစ်ပင်ကြီး





ကျက်၌ကား မြေသည်အတန်ငယ်ပျော့ပျောင်းပြီးလျှင် သစ်ပင်များသည် ည်း အတော်အတန်ရှင်းလျက်ရှိသောကြောင့် ခြေရာများကိုထင်ရှားစွာ င်ပြန်လေသည်။

ထိုနေရာ၌ကား မိန်းမခြေရာများသည် လုံးလုံးပျောက်၍သွားပြီးလျှင် ာကျ်ားခြေရာများသာ ယခင်ကထက် နက်နဲစွာထင်၍နေသဖြင့် ာကျ်ားသည် မိန်းမကိုပွေ့ချီ၍သော်လည်းကောင်း၊ ထမ်း၍သော်လည်း ာင်း သွားရမည်ဟုခန့်မှန်းရ၏။

ကိုက်အနည်းငယ်မျှသွားမိလေသော် ချုံများသည်ထူထပ်လာ၍ ်ကိုင်းခြောက်များ၊ ချုံနွယ်ပိတ်ပေါင်းများ အထူထပ်ဆုံးသောနေရာ ်ခုကိုရောက်လာခဲ့လေသည်။

တစ်နေရာ၌ကား သစ်ရွက်ခြောက်များသည် ခပ်မောက်မောက်ရှိနေ ည်ပြင် အပေါ်ယံ၌လည်း သစ်ကိုင်းခြောက်များရှုပ်ယှက်ခတ်နေသလို ကျွန်ုပ်လည်း မသင်္ကာသောကြောင့် သစ်ပင်ကိုင်းများအကြားမှ ငုံ့၍ ည့်လိုက်မိရာ ဝင်၍သွားသောနေ၏ ကျန်ရစ်ခဲ့သော မှေးမှိန်သည့် င်းရောင်အောက်၌ သွေးမရှိတော့ဘဲ ဖြူ၍နေသော ကျွန်ုပ်မိခင်ကြီး ျက်နှာကို ထင်ရှားစွာမြင်ရလေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကျိန်ဆိုခြင်း

ခဏချင်းသော် မိခင်ကြီး၏ဖြူရော်သောမျက်နှာကိုကြည့်၍ ကြက်သေသေ ထာ ကျောက်ရုပ်ကဲ့သို့ နေရာတွင်ရပ်နေမိလေ၏။ ထိုနောက် ကျွန်ပ်လည်း ခုံ၍ထားသော သစ်ရွက်ခြောက်နှင့် သစ်ကိုင်းများကိုဖယ်ကာ မိခင်ကြီး၏အလောင်းကို ပွေ့ချီယူလေရာ ရင်ဘတ်တွင် ဓားနှင့်ထုတ်ချင်းခတ် ထိုးထားသည့်ဒဏ်ရာကိုတွေ့ရလေသည်။ ထိုးသောဓားမှာ ကျွန်ုပ်ရဲ့လက်တွင် ကိုင်ထားသည့်ဓားပင်ဖြစ်ဟန်ရှိ၏။

ထိုအခါမှ ကျွန်ုပ်လည်း အခြေအနေမှန်ကိုစဉ်းစားမိ၏။ မြင်းစီးသမား ဓမိန်ကောင်သည် ကျွန်ုပ်မိခင်အားဓါးနှင့်ထိုးသတ်ပြီးနောက် အလန့်တကြား ထွက်ပြေးလာရာတွင် ကျွန်ုပ်နှင့်တွေ့ခြင်းဖြစ်ပေသည်။ ယားနေကြက်သို့သွားသည့်လမ်းခွဲကိုမသိဘဲ ရှိနေရာတွင် ကျွန်ုပ်နှင့်တွေ့၍သိရပြီးနောက် ကျွန်ုပ်၏အမျိုးအမည်ကိုသိရပြန်သောအခါ ကျွန်ုပ်မှာအခြားသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် သေသူမိခင်ကြီး၏သားဖြစ်ကြောင်း သိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ကိုပါ တစ်ခါတည်း ကိစ္စတုံးပျောက်ဖျက်ပစ်ရန် တိုက်ခိုက်ခြင်းဖြစ်၏။ အကယ်၍သာ ကျွန်ုပ်ကလက်မဦးခဲ့သော် သား အမိနှစ်ယောက်စလုံးပင် သင်း၏လက်ချက်ဖြင့် အသက်ဆုံးရှုံးရပေတော့မည်။ ထိုနောက် လက်ဆုပ်လက်ကိုင်မိလျက်နှင့် အကုသိုလ်ကံစီမံသည့်အတိုင်း လွတ်ထွက်သွားရခြင်းကို ကျွန်ုပ်လည်းအားမလိုအားမရဖြစ်မိတော့၏။

ထိုအခါ ကျွန်ုပ်လည်း မိခင်ကြီးကိုသနားသဖြင့် ယူကျုံးမရဖြစ်ခြင်းရန်သူသည် လက်တစ်လုံးခြားလွတ်ထွက်၍သွားခြင်း၊ ရှက်ခြင်း၊ စိတ်ဆိုးခြင်း၊ လက်စားချေလိုခြင်း စိတ်တို့ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ မျက်ရည်များကျဆင်းလာပြီးလျှင် အရူးတစ်ယောက်ကဲ့သို့ အိမ်သို့ ဒုန်းစိုင်း၍ပြေးသွားလေသည်။

အိမ်ပေါက်ဝတွင် ကျွန်ုပ်ဖခင်ကြီးနှင့်အစ်ကို "ဂေါ်ဖရီ" တို့သည် မြင်းများစီးနင်းကာ ဈေးမှပြန်လာသည်နှင့် ရင်ဆိုင်တွေ့လေရာ ကျွန်ုပ်၏အလန့်တကြားအမူအရာကိုလည်းကောင်း၊ လက်ကဓားကြီးကိုလည်းကောင်း မြင်ရသောအခါ ကျွန်ုပ်အားပြိုင်တူ…

"ဘာဖြစ်တာလဲ သောမတ်"

ကျွန်ုပ်သည် ရုတ်တရက်စကားမပြောနိုင်သေးချေ။ ဝမ်းထဲတွင် အလုံးဆို့ကာ ဖခင်ကြီး၏မျက်နှာကို သုံးကြိမ်မျှပြန်၍ကြည့်မိ၏။ ကျွန်ုပ်ပြောပြမည့်သတင်းများကို သူသည် အသည်းမကွဲဘဲ ခံနိုင်ပါမည်လော။ သို့သော် ကိစ္စသည်ကား မပြောလျှင်ပြီးမည့်ကိစ္စမဟုတ်ချေ။ နောက်ဆုံး၌ ဖခင်ကြီးကို တိုက်ရိုက်မပြောဝံ့သဖြင့် ဂေါ်ဖရီအား…

"ဟို… သရက်ခြံတောင်ကုန်းကလေးပေါ်မှာ… မေမေတော့ လူသတ်





လို့သေရှာပြီ အစ်ကိုကြီး၊ သတ်တဲ့အကောင်က စပိန်လူမျိုး ရှူအင်ဒီဂါဆီယာတဲ့"

ထိုစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဖခင်ကြီး၏မျက်နှာသည် အသည်းကိုမီးမြိုက်လိုက်သည့်အလား… တစ်ခါတည်း ညှိုးမည်း၍သွားလေ၏။ မေးရိုးမှာ ရုတ်တရက်ကျ၍သွားပြီးလျှင် အပြင်းအထန် ဝေဒနာခံစားရသည့်အလား ပြင်းပြင်း‌တွဲတွဲညည်းညူကာ သက်ပြင်းတစ်ချက်ချလိုက်သော အသံကြီးသည် ကျွန်ုပ်၏အသည်းနှလုံးကို ဆွဲ၍ထုတ်လိုက်ဘိသကဲ့သို့ရှိတော့၏။ ထိုနောက် သူသည် မျက်နှာကိုအားယူ၍မော်ကြည့်ကာ "ဒီစပိန်ကောင် ဘယ်မှာလဲဟေ့ သောမတ်… မင်းသတ်လိုက်ပြီလား"

"မသတ်လိုက်ရဘူးဖေဖေ…သူက ကျွန်တော့်နာမည်ကိုမေးလို့ သိလည်းသွားရော ကျွန်တော့်ကို သူကသတ်မယ်ကြံတာပဲ"

"အေး…ပြီးတော့ကော"

"ကျွန်တော်ကလည်း သူ မေမေ့သတ်ခဲ့တဲ့အကြောင်းမှမသိဘဲကိုးဖေဖေရဲ့၊ နောက်ပြီးတော့ ကျွန်တော်အားလုံးပြောပြပါ့မယ်ဖေဖေ…"

"မင်း သူ့ကိုလွှတ်လိုက်တယ် ဟုတ်စ၊ ဂါဆီယာဆိုတဲ့စပိန်ကောင်ဟာ၊ မင့်ကြောင့်လွတ်ထွက်သွားတယ်ဆိုရင် ဘုရားသခင်ရဲ့ကျိန်စာဟာမင်းပြန်ပြီး သူ့ကိုကလဲ့စားမချေနိုင်သမျှကာလပတ်လုံး မင်းအပေါ်မှာသင့်ပါစေကွယ်"

"ကျွန်တော့်ကိုချည်းအပြစ်တင်မနေပါနဲ့ဦးဖေဖေ၊ ကျွန်တော့်ပေါ့လျော့လို့မဟုတ်ပါဘူး၊ ပြီးတော့ သူထွက်သွားတာ ၂ နာရီ မကြာသေးပါဘူး ဖေဖေရဲ့၊ မြင်းနဲ့သာ အခုချက်ချင်း ယားမောက်ကိုလိုက်ရရင် သူ့သင်္ဘောမထွက်ခင်မှီနိုင်ပါသေးတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမျှပြန်မပြောဘဲ သားအဖနှစ်ယောက်တို့သည် မြင်းများပေါ်သို့ခုန်တက်ပြီးလျှင် မြင်းများသည်လည်း သခင့်အလိုကိုသိသကဲ့သို့ ကဆုန်ပေါက်၍ထွက်သွားလေ၏။

မြင်းများမှာ အလွန်ကောင်းသည့်အပြင် အစီးလည်းမြန်လှသဖြင့် တစ်နာရီခွဲသာသာလောက်နှင့် ယားမောက်မြို့သို့ရောက်သွားကြ၏။ သို့သော် စပိန်ကောင်သည် သူ့အားအသင့်စောင့်နေသော လှေငယ်တစ်စင်းဖြင့် သင်္ဘောဆိုက်ထားရာသို့လှော်ခတ်သွားပြီးလျှင် သင်္ဘောလည်း သူအပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ထွက်သွားပြီဖြစ်ကြောင်း တွေ့ရပြီးနောက် သားအဖနှစ်ယောက်တို့သည် ခြေကုန်လက်ပန်းကျကာ အမောတပန်းပြန်လာခဲ့ကြလေသည်။

ထိုအချိန်မှာ မှောင်ပြီဖြစ်၍ ကျွန်ုပ်တို့လည်း ခြံစောင့်များ၊ အစေခံများကိုပါခေါ်ပြီးလျှင် ကျွန်ုပ်၏မိခင်အလောင်းရှိရာ တောင်ကုန်းပေါ်ရှိ သပျစ်ခြံသို့ မီးအိမ်များဖြင့်သွားရောက်ကြကုန်၏။ အလောင်းရှိသောနေရာအနီးသို့ရောက်လျှင် ကျွန်ုပ်လည်း အလောင်းကိုကျော်၍ ဘေးပတ်လည်ရှိချုံပုတ်များကို လှမ်း၍ကြည့်မိရာ ချုံပုတ်တစ်ခုထဲမှ မီးပွင့်ကလေးနှစ်ပွင့်ကဲ့သို့ တလက်လက်တောက်၍နေသည်ကို မြင်ရသဖြင့် ၎င်းတို့မှာ မြေခွေးသော်လည်းကောင်း၊ ရွာထဲရှိ ခွေးလေခွေးလွင့်တစ်ကောင်၏မျက်လုံးများသော်လည်းကောင်း၊ ဖြစ်လိမ့်မည်ဟုသိရှိသော်လည်း ပထမသော် ဖျတ်ခနဲလန့်၍သွားမိသေး၏။

ထိုနောက် ကျွန်ုပ်တို့သည် ပတ္တာများကိုဖြုတ်၍ယူသွားသော တံခါးရွက်တစ်ချပ်ပေါ်သို့ အလောင်းကို ပွေ့ချီ၍တင်ပြီးလျှင် အိမ်သို့ယူခဲ့ကြကုန်၏။ အိမ်သို့ရောက်သောအခါ၌ကား အမောပြေမည့်အစား





ကျွန်ုပ်တို့၏စိတ်များမှာ ပေါင်မွေ့ပေါင်းများစွာအချိန်စီးသောခဲများဖြင့်ဆွဲထားဘိသကဲ့သို့ရှိလေသည်။

မိန်းမများသည် ထုံးစံရှိသည့်အတိုင်းအလောင်းကိုပြင်ဆင်လျက်ရှိကြကုန်ရာ ကျွန်ုပ်မှာ မိမိစိတ်ကိုထိန်းသိမ်းချုပ်တည်းရရုံမျှမက ညီမလေး 'မေရီ'ကိုပါ အားမငယ်ရအောင် အမျိုးမျိုးချော့မော့ကာ ဖျောင်းဖျပြောဆိုရလေသည်။

ထိုအချိန်၌ ဆွေမျိုးညာတိများ၊ အိမ်နီးပါးချင်းများ၊ မိတ်ဆွေသင်္ဂဟများတို့လည်းရောက်လာကြ၍ လူသတ်မှုအကြောင်းကို အမျိုးမျိုးအဖုံဖုံ ပြောဆိုလျက်ရှိကြကုန်၏။ ခြံနီးချင်းတစ်ယောက်က အချင်းမဖြစ်ပွားမီ ညနေခပ်စောစောတွင် သပျစ်ခြံရှိရာတောင်ကုန်းကလေးပေါ်တွင် အဝတ်အစားသစ်လွင်စွာဝတ်ထားသော သူစိမ်းတစ်ယောက်ကို မြင်ရကြောင်းဖြင့် ပြောပြလေရာ အခြားတစ်ယောက်ကမူ နောက်တစ်နာရီခန့်အကြာတွင် ထိုတောင်ကုန်းဆီမှ မိန်းမတစ်ယောက်၏ ရူးရူးဝါးဝါးအော်သံတစ်ခုကို ကြားရကြောင်းဖြင့်ပြောပြ၏။ သို့သော် လွန်ပြီးအမှုများကား လွန်ခဲ့ချေပြီ။ ရန်သူသည် ကျွန်ုပ်တို့ မျက်တောင်မွေးအောက်က ပင်ပျောက်ကွယ်၍သွားခဲ့လေပြီ။

နောက်တစ်နေ့ညနေ၌ ယားမောက်မြို့မှ သတင်းကြားသိရသည်မှာ စပိန်သင်္ဘောကိုအမီလိုက်သည့် သင်္ဘောများပင် ရာသီဥတုမကောင်းသဖြင့် ဆက်လက်မလိုက်နိုင်တော့ဘဲ ပြန်လည်ဆိုက်ရောက်လာကြောင်း၊ စပိန်သင်္ဘောတစ်စင်းမှာ ရွက်ကုန်ဖွင့်လျက် ပင်လယ်ပြင်သို့ လှိုင်းလေများအကြားမှ တိုးထွက်ကာ အုံ့မှိုင်းရီမှောင်သော လဟာပြင်တွင် တဖြည်းဖြည်းပျောက်ကွယ်၍ သွားသည်ကိုမြင်လိုက်ရကြောင်းဖြင့် နောက်ဆုံး သတင်းကြားသိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်သောနေ့၌ အသုဘကိစ္စပြီးမြောက်ခြင်းသို့ရောက်လေရာ မိခင်ကြီး၏အလောင်းကို ကျွန်ုပ်တို့ 'ဒစ်ချစ်ဂမ်' ရွာကလေးရှိ ဘုရားရှိခိုးကျောင်းဝင်းအတွင်းတွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ရလေ၏။ ကျွန်ုပ်၏ဖခင်မှာ ဝမ်းထဲမှကြိတ်၍ အဆွေးကြီးဆွေးလျက်ရှိပြီးလျှင် မေရီမှာမူကား ဝမ်းထဲတွင်မျိုသိပ်၍မထားနိုင်ဘဲ ချုံးချ၍ငိုကြွေးရှာ၏။ အသုဘလိုက်၍ပို့သူတိုင်း မျက်ရည်မကျသူမရှိသလောက် ဖြစ်လေရာ မိခင်ကြီး၏လတ်တလောသေဆုံးသွားရပုံကို ကြားရသူများ ယူကျုံးမရဖြစ်ကြရလေသည်။ သို့နှင့် အင်္ဂလိပ်လင်ယောကျ်ားအပေါ်တွင် အလွန်သဘောထားကြီးရှာသော စပိန်အမျိုးသမီးတစ်ယောက်မှာ အချိန်မရောက်မီ ဤလူ့ပြည်ကြီးကို စွန့်ခွာ၍သွားရရှာလေပြီ။

အားလုံးကိစ္စပြီးစီးသောအခါ ဖခင်ကြီးသည် အိမ်ရှေ့ခန်းတွင်ထိုင်ကာ စကားတစ်ခွန်းမျှ မပြောသေးဘဲ တွေဝေရီမှိုင်းသောမျက်လုံးများဖြင့် ကျွန်ုပ်အား ကြည့်ရှုလျက်ရှိလေသည်။ သူ၏အနီး၌ကား ကျွန်ုပ်၏အစ်ကို ထိုင်လျက်ရှိ၏။

"ငါ့သား မင့်အမေအတွက်ဆပ်ရမယ့်ကြွေးကဖြင့် မင့်အပေါ်တင်နေပြီ"

"ဒါထက် ပြောပါဦးဖေဖေ ဘာပြုလို့များဒီစပိန်ကောင်ကို ဖေဖေတို့ သည်လောက်ကြောက်နေရတာလဲ ဒီအကောင်ကိုကလဲ့စားချေပြီး မချေနိုင်ရင် ဘုရားသခင်ရဲ့ကျိန်စာသင့်ပါစေလို့တောင် ကျွန်တော့်အပေါ်မှာ မေမေကျိန်ခဲ့တယ်။ သင့်ပါစေဖေဖေ… ကျွန်တော်ခံယူပါတယ်။ ကျွန်တော်ဟာ အသက်ငယ်တယ်၊ ဖျတ်ဖျတ်လတ်လတ်ရှိတယ်၊ သည်တော့ စပိန်နိုင်ငံကိုလိုက်သွား၊ ဒီအကောင်ကိုမတွေ့တွေ့ အောင်ရှာပြီးသတ်





မယ်။ သွားဖို့ခရီးစရိတ်ကိုတော့ ဖေဖေ ပေးရင်လည်းပေး မပေးရင်လည်း ရှိပစေတော့… ကျွန်တော့်အမေကို သတ်သွားတဲ့ဟောသည်ဓားနဲ့ ကျိန်ပါတယ်၊ ဒီအကောင်ကို ကျွန်တော်မတွေ့ တွေ့အောင်ရှာပါ့မယ်၊ တွေ့ရင် အသေသတ်ပါမယ်၊ ကျွန်တော်ဟာစကားပျက်ကွက်ခဲ့လို့ရှိရင် ကျွန်တော့်မိခင်အပေါ်သို့ကျရောက်တဲ့ ကံကြမ္မာထက် ဆိုးဝါးတဲ့ကံကြမ္မာသည် ကျွန်တော့်အပေါ်သို့ ကျရောက်ပါစေသား"

ကျွန်ုပ်လည်း ဘုရားသခင်ရှိရာကောင်းကင်သို့ ကျွန်ုပ်၏လက်နှစ်ဖက်ဖြင့် ဓားကိုမြှောက်ကာ သစ္စာဆိုလိုက်လေ၏။

ဖခင်ကြီးသည် ကျွန်ုပ်၏အပြုအမူကို ဣန္ဒြေကြီးစွာဖြင့်ကြည့်လျက်…

"ဖေဖေကိုယ်တိုင်တောင်သွားချင်တယ်… သားရယ်၊ သို့ပေမယ့် ဖေဖေက အသက်လည်းကြီးပြီ… လူကလည်းကောင်းကောင်းမကျန်းမာဘူး၊ သွေးနဲ့လုပ်တဲ့အလုပ်ဆိုတာ သွေးနဲ့ပြန်ပြီးကလဲ့စားချေရတယ်ကွယ့် မှတ်ထား၊ မင်းတာဝန်မဟုတ်ဘူးထားဦး မင့်လက်အောက်က လက်တစ်လုံးကြား လွတ်သွားတဲ့ရန်သူကို မင်းပဲရှာပြီးကလဲ့[illegible]ချေပေရော့"

"ကျွန်တော်သစ္စာဆိုပြီးပါပြီ… ဖေဖေ"

"နားထောင်… ငါ့သား၊ စပိန်ကောင်နဲ့မင်းမေမေတို့ အဆက်အသွယ်အဖြစ်အပျက်ကိုဖေဖေပြောပြမယ်၊ အရင်ကတော့ဒီအကြောင်းတွေ ဖေဖေတစ်ခါမှဖွင့်မပြောဖူး ဘူး၊ အခုတော့ပြောရတော့မှာပဲ၊ ဒီလိုကွယ်… ဖေဖေငယ်စဉ်တုန်းက တို့ဖခင်ကြီးကလွှတ်လို့ စပိန်ပြည်ကိုရောက်သွားပြီး "ဆယ်ဗွလီ" ဆိုတဲ့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာနေဖူးတယ်၊ နောက် ဒီကျောင်းမှာမနေတော့ဘဲ တစ်နှစ်လောက် ရောက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရာရောက် ပေါက်ချင်ရာပေါက်နေခဲ့တယ်၊ အလုပ်ဆိုတာလည်း ဖေဖေ မလုပ်ဖူးလည်း အလုပ်ရယ်လို့မရှိဘူး စုံနေတာပဲ၊ သို့သော် ဘယ်တော့မှ သူတစ်ပါးပစ္စည်းကို လိမ်လို့ကောက်လို့အသက်မမွေးခဲ့ဘူး၊ ဒါနဲ့ ဖေဖေဟာ ကစားတဲ့နေရာမှာတော့ အတော်ကုသိုလ်ကံလိုက်တယ် သားရယ်၊ ဒီလိုနဲ့ တစ်နေ့တော့ ကစားဝိုင်းမှာ 'ဂျူအင်ဒီဂါဆီယာ'နဲ့တွေ့ကြတယ်၊ သည်တုန်းကသူဟာ လူပျိုပေါက်မရှိ တရှိပဲရှိသေးတယ်၊ သို့ပေမယ့် ဒီအခါတုန်းကပဲ နာမည်ကတော့အတော်ဆိုးတဲ့လူတစ်ယောက်ပဲ၊ သို့သော် နာမည်ဆိုးသလောက် ရုပ်ရည်ကတော့ သနားကမားရှိတယ်၊ ဝတ်ကောင်းစားလှနဲ့ အမြဲတွေ့ရတယ်၊ အမျိုးကလည်း မင်းမျိုးမင်းနွယ်ထဲကဖြစ်တယ်၊ စကားပြောတဲ့နေရာမှာလည်း အင်မတန်ဖော်ရွေပြီး လူတစ်ဘက်သားကို သနားကြင်နာလောက်အောင်ပြောတတ်တယ်၊ ဒါနဲ့ အဲဒီနေ့က ဖေဖေကရှုံးပြီး သူကနိုင်လေတော့ ဖေဖေ့ကို သူ့အရီးတစ်ယောက်အိမ်ခေါ်သွားတယ် အရီးဆိုတာသူ့ ဦးလေးရဲ့ဇနီးပဲ၊ သူ့အရီးက ဆယ်ဗွလီမြို့ပေါ်မှာ အထက်တန်းစားလူကုံထံထဲကဖြစ်ပြီး ပစ္စည်းဉစ္စာနဲ့လည်း အတော်အတင့်ပြည့်စုံတဲ့အပြင် အနေအထိုင်မှာလည်း သားသားနားနားနေထိုင်တယ်၊ သူ့အရီးမှာ ရုပ်ဆင်းအင်္ဂါနဲ့ပြည့်စုံတဲ့ သမီးတစ်ယောက်ရှိတယ်၊ နာမည်အရှည်ကတော့ "လူဆီယာ ဒီ ဂါဆီယာ" တဲ့ကွယ်"

"လူဆီယာဆိုတာ ကျွန်တော့်မေမေပေါ့"

"အေး…ဟုတ်တယ်၊ တခြားသူမဟုတ်ဘူး…မင်းမေမေပဲ"

"မင်းမေမေဟာ…အရွယ်ကောင်း၊ ရုပ်ကောင်း၊ ပညာတတ် အစစအရာရာ ရှူ လိုလေသေးမရှိဘူး၊ အင်မတန်မြင့်မြတ်တဲ့ စပိန်အမျိုးသမီး





မိန်းမချောတစ်ယောက်ပဲ၊ ဒါနဲ့သူဟာ သူ့အစ်ကို တစ်ဝမ်းကွဲတော်တဲ့ "ဂျူအင် ဒီ ဂါဆီယာ"နဲ့ စေ့စပ်ပြီးထားတာကိုကွယ်၊ သူတို့ထုံးစံက ငယ်ငယ်ကလေးထဲက တစ်ဦးနှင့်တစ်ဦး စေ့စပ်ကြောင်းလမ်းထားတဲ့ အလေ့အကျင့်ရှိတယ်၊ ရှစ်နှစ်သမီးအရွယ်ကတည်းကပဲ "ဂါဆီယာ" ကို အချိန်အရွယ်ရောက်ရင် လက်ထပ်ပါ့မယ်ဆိုတဲ့ ဗီလာကြီးပေါ့ကွယ်၊ အရွယ်မရောက်သေးတဲ့ကလေးတစ်ယောက်ရဲ့ လက်မှတ်ထိုး ဝန်ခံချက်ဆိုတာ တည်မြဲတာမှမဟုတ်ဘဲ၊ သို့ပေမယ့် သူတို့နိုင်ငံရဲ့ ဓလေ့ထုံးစံကိုကွယ့်၊ ဒါကြောင့် သူတို့နိုင်ငံမှာဆိုရင် မိန်းမတွေဟာ ကိုယ်ဝမ်းထဲက နှစ်နှစ်ကာကာ မချစ်ခင်မစုံမက်ဘဲနဲ့ ယောကျ်ားတွေကို ပေါင်းသင်းကြရတာများတယ်၊ မင်းမိခင်ကိစ္စကလည်းထို့အတူပဲ …

"ဒါနဲ့… တိုတိုပြောရရင် မင်းမိခင်နဲ့ဖေဖေတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရေးကုသိုလ်ကံအတိုင်း မြင်မြင်ချင်းမေတ္တာရှိကြပြီး ဒီကတည်းကစလို့ မကြာမကြာတွေ့ဆုံစကားပြောကြတယ်၊ တွေ့ဆုံဖို့လည်း လွယ်ကူတယ် ဘာပြုလို့လည်းဆိုတော့ သူ့အမေကိုယ်တိုင်က သူ့တူ "ဂါဆီယာ"ကို နည်းနည်းကလေးမှသဘောမတူဘူး၊ လူကြီးတွေမျက်နှာကြောင့်သာလက်ခံရတာ ကြောက်လည်း ကြောက်တယ် ရွံလည်းရွံတယ် မုန်းလည်းမုန်းတယ်…

"ဒီလိုနဲ့ တို့အချစ်ဟာ တစ်နေ့တခြားရင့်သန်ပြီး နောက်ဆုံးအင်္ဂလန်ကို တိတ်တဆိတ်ထွက်ပြေးကြဖို့စီမံကြတယ်…"

"သို့ပေမယ့် ဒီလိုကိစ္စမျိုးဆိုတာ အချိန်ကြာကြာ လျှို့ဝှက်ပြီးရတဲ့ကိစ္စမျိုးမဟုတ်ဘူးကွယ်၊ ဒီသတင်းကို 'ဂါဆီယာ' သိပါလေရော သိတော့ ပထမ ဖေဖေ့ကို နှစ်ယောက်ချင်း ဓားချင်းခုတ်ဖို့ချိန်းတယ်၊ သို့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ခါနီးမှာ မိတ်ဆွေတစ်ယောက်က အတင်းဝင်ပြီးတားလို့ ဒီကိစ္စ ပျက်ပြားတယ်၊ ဒုတိယအကြိမ် လူဆိုးတစ်စုကိုငှားပြီး ညလမ်းပေါ်မှာ ဖေဖေကို တစ်ခါတည်းသတ်ဖို့ကြံတယ်၊ သို့ပေမယ့် ဒီအခါတုန်းက ဖေဖေက အတွင်းခံ သံကိုယ်ကျပ်အင်္ကျီဝတ်ထားလေတော့ လူဆိုးထိုးလိုက်တဲ့ ဓား မြှောင်ဟာမပေါက်ဘဲ ဖေဖေမသေဘဲနဲ့ လူဆိုးတစ်ယောက်တောင် ဖေဖေ လက်ချက်နဲ့သေသွားရတယ်”

“ကောင်းလိုက်လေ...ဖေဖေရယ်၊ ဆက်ပြောပါဦး”

“သို့ပေမယ့် ‘ဂါဆီယာ’ဟာ အရှုံးမပေးဘူးကွယ်၊ ဒီလိုနည်းတွေနဲ့ မရတော့ ဖေဖေကို ကျိန်းသေနိုင်တဲ့နည်းကိုရှာတယ်၊ တခြားဟုတ်ပါရိုး လားကွယ်၊ အင်္ဂလန်ကို သင်္ဘောနဲ့လိုက်မယ်လို့ပြင်ဆင်ထားတဲ့ညမှာ ဖေ ဖေရယ်၊ မင်းမေမေရယ်၊ သူ့အဒေါ်ရယ် အိမ်မှာဝိုင်းပြီး စကားပြောနေ တုန်း ဗြုန်းဆိုလူခြောက်ယောက် အိမ်ထဲကိုဝင်လာပြီး ဖေဖေ့ကို တစ်ခါ တည်းဖမ်းတာပါဘဲ၊ ဖမ်းပြီးဘယ်နေရာကိုခေါ်သွားတယ်လို့တော့ ဖေဖေ မသိရဘူး၊ အချုပ်ထဲမှာအကျဉ်းချလိုက်တာ တစ်နှစ်လောက်ကြာတယ်၊ ဖေဖေတော့ ဒီလိုအသက်ရှင်ပြီး ပြန်လွတ်လာဖို့ဆိုတာဘယ်တော့မှ မမျှော် လင့်ဘူး၊ တစ်ခါတည်းသတ်ပစ်လိုက်ရင်လည်း ကောင်းသေးတယ်၊ သူတို့ လူစုက ဒီလိုမဟုတ်ဘဲကိုးကွယ် လူတစ်ယောက်ကိုသတ်မှာ အချိန်ဆွဲပြီး အမျိုးမျိုးစိတ်ဒုက္ခရောက်အောင် ညှဥ်းပန်းပြီးမှသတ်မှာကိုး...

“ဒါနဲ့ ဖေဖေကိုမသတ်ခင်တစ်နေ့ အချုပ်ခန်းတံခါးပွင့်လာပြီး လူ ဘစ်ယောက်ဝင်လာတယ်၊ ဖေဖေလည်း ကောက်ရိုးမွေ့ရာပေါ်မှာ ရှေး ဟောင်းနှောင်းဖြစ်တွေစိတ်ကူးနေတုန်း ဒီလို ဗြုန်းခနဲ လူတစ်ယောက် ရောက်လာတယ်ဆိုတော့ အံ့အားသင့်နေတာပေါ့၊ ဒီလူကြီးက ဖေဖေ့ကို





ခင်းဘာမှမကြောက်နဲ့ အထက်ကအမိန့်နဲ့ မင်းရဲ့ငယ်ရွယ်နုပျိုခြင်းကို ထောက်ထားညှာတာပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တယ်ဆိုတော့ ပထမ ဖေဖေဟာ ဝါးခနဲ ရယ်လိုက်မိသေးတယ်၊ သည့်လောက်တောင် တစ်နှစ်လုံးလုံး မသေရုံကျွေးမွေးပြီး အခန်းကျဉ်းကလေးထဲမှာ ချုပ်ထား ခဲ့တာ လွတ်ငြိမ်းခွင့်ပေးလိုက်တယ်ဆိုတော့ ဘယ်နည်းနဲ့မှ ဖေဖေ မယုံ နိုင်ဘူး၊ သို့ပေမယ့် ဒီလူကြီးကမျက်နှာအတည်နဲ့ပြောပြီး ဖေဖေကို ခတ် ထားတဲ့သံခြေချင်းအနှောင့်အဖွဲ့တွေဖြုတ် အဝတ်အစားသစ်တွေလဲပေး ပြီး မလွယ်ပေါက်တစ်ပေါက်ကထုတ်သွားတယ်”

“ကံကောင်းတာပဲ ဖေဖေ”

“ကံမဟုတ်ဘူးကွယ်...ရွှေ...ရွှေ”

“ဘယ်လိုလည်းဖေဖေ”

“ဒါနဲ့ဒီလူကြီးက ရှေ့ကလမ်းပြပြီးခေါ်သွားတော့ လူမရှိတဲ့နေရာ တစ်ခုရောက်သွားတယ်၊ ရောက်သွားလို့ ဖေဖေလည်း ဘာလုပ်ရမှန်းမသိ ဘယ်ပြေးရမှန်းမသိ၊ ဖြစ်နေတုန်း မှောင်မိုက်ထဲက အဝတ်ခေါင်းမြီးခြုံ ထားတဲ့မိန်းမတစ်ယောက်ထွက်လာပြီး တောနက်ထဲကိုခေါ်သွားတာကိုး သူကတခြားသူဟုတ်ပါရိုးလား မင်းမေမေပေါ့၊ ခမျာမှာ ဖေဖေ့အတွက် ကြံစည်လိုက်ရတာ အားလုံး ရှိသမျှပစ္စည်းတွေလည်းကုန်ပြီတဲ့၊ ကြံတာ သုံးခါရှိပြီ အထမမြောက်ဘူး၊ အခုနောက်ဆုံးကျမှရှိသမျှ ရွှေကိုအဆ တန်ပုံပေးတော့မှ အထမြောက်တော့တာကိုးကွယ်၊ အဆုံးမှာတော့ ဖေ ဖေ့ကိုယ်အလေးနဲ့စက်ပြီး ပေးရသလောက် ရွှေအကုန်ခံနိုင်လို့ ဖေဖေ လွတ်လာရတာပေါ့ကွယ်”

“အဲဒီညပဲ ဖေဖေလည်းကမျာကယာလက်ထပ်ပြီး “ကာဒစ်”မြို့ကို ပြေးလာခဲ့ကြတယ်၊ မင်းမေမေဟာ သူ့မိဘဆွေမျိုးတွေရောသူရဖို့ အမွေ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်ရော သူ့ဂုဏ်သိက္ခာရော ဖေဖေကို ထောက်ထားညှာတာပြီး အားလုံးစွန့်ပစ်ခဲ့ရာတယ်၊ မိန်းမများရဲ့ အချစ်မေတ္တာဆိုတာ ယောကျ်ားတစ်ယောက်အပေါ်မှာထားမိရင် ဘယ်လောက်အထိ စွန့်စားတယ်ဆိုတာ ငါ့သားနားလည်ရောပေါ့၊ ဘာဖြစ်လို့ကာဒစ်ကို ပြေးခဲ့ကြသလဲဆိုတော့ ကာဒစ်မြို့မှာ အင်္ဂလန်ကိုပြန်မယ့်သင်္ဘောတစ်စင်းဟာ အသင့်ရှိနေတယ်လို့ကြားရတယ်၊ ဒါနဲ့ ကာဒစ်မြို့သင်္ဘောဆိပ်ကိုရောက်လို့ သင်္ဘောပေါ်မှာနေရာထိုင်ခင်းရပြန်တော့ သင်္ဘောဟာနောက်တစ်နေ့ထွက်ဖို့ဟာ ပင်လယ်ဘက်မှာ မုန်တိုင်းကျနေတာနဲ့ မထွက်ဖြစ်ပြန်ဘူးကွဲ့၊ နှစ်ရက်သုံးရက်လောက်စောင့်နေရပြန်တယ်၊ ဘယ်လောက်များစိတ်ထဲမှာ မချင့်မရဲဖြစ်စရာကောင်းသလဲဆိုတာ မပြောနဲ့တော့”

“ဒီလိုနဲ့ နောက်တစ်နေ့နံနက် သင်္ဘောဟာကမ်းကခွာပြီး လာတော့ စစ်သား ၂၀ ယောက်လောက်ပါတဲ့ လှေတစ်စင်းဟာ ကမ်းကထွက်လာပြီး တို့သင်္ဘောက ကပ္ပတိန်ကိုလှမ်းပြီးသင်္ဘောပေါ်မှာ ထောင်ကထွက်ပြေးသွားတဲ့ လူတစ်ယောက်ကိုရှာချင်လို့ သင်္ဘောကိုရပ်ပေးဖို့ အော်ခေါ်တာကိုးကွယ်၊ ဒီအခါမှာ ဖေဖေက သင်္ဘောကုန်းပတ်ပေါ်မှာရှိနေလို့ သူ့တို့အထဲကအကြီးအမှူးက ဒီလူပဲ... ဒီလူပဲဆိုပြီး ဖေဖေ့ကိုလက်ညှိုးထိုးတော့တာပါပဲ၊ သူတို့အကြီးအမှူးက တခြားလူဟုတ်ပါရိုးလား ‘ဒီဂါဆီယာ’ ပေါ့”

“ဟုတ်လား...ဖေဖေ”

“သူပေါ့ကွယ်...တခြားသူ ဘယ်ဟုတ်နိုင်ပါမလဲ၊ ဖေဖေမသေသမျှ သူနေမယ့်လူမှမဟုတ်ဘဲ၊ ပြီးတော့လည်း မင်းမေမေပါပျောက်သွားတယ်ဆိုတော့ သူ့မှာကမ္ဘာမီးလောင်တော့တာပေါ့၊ သင်္ဘောကပ္ပတိန်





ကလည်း ခပ်ရိုးရိုးလူဆိုတော့ သူ့သင်္ဘောပေါ်မှာစပိန်စစ်သားတွေတက်ပြီး စစ်လားဆေးလား ရှာလာဖွေလားလုပ်တာ သူမခံချင်ဘူး၊ သည်တော့ ဖေဖေတို့လင်မယားနှစ်ယောက်ကို ဒီအကောင်တွေလက်ထဲအပ်မယ်ကြံပါရော၊ သည်တော့ ဖေဖေလည်းကြံရာမရဖြစ်ရပြီး ဖေဖေဝတ်ထားတဲ့အင်္ကျီကို ချွတ်တောင်မနေဘဲ တစ်ခါတည်းဆွဲဆုတ်လိုက်ပြီး “ခင်ဗျားတို့ဟာ အားလုံးအင်္ဂလိပ်လူမျိုးချည်းမဟုတ်လား၊ ကျုပ်ဟာ အင်္ဂလိပ်လူမျိုးအစစ်တစ်ယောက်ဗျ၊ ခင်ဗျားတို့ရဲ့သွေးသား အင်္ဂလိပ်တစ်ယောက်ကို သရဲသဘက်ထက်ကြောက်စရာကောင်းတဲ့ ဒီစပိန်ကောင်တွေလက်ထဲထည့်လိုက်မလို့လား၊ ဒီမှာကြည့်ကြစမ်း၊ ကျုပ်ကိုယ်ပေါ်မှာ ဟောဒါက ဘွတ်ဖိနပ်နဲ့ကန်တဲ့ဒဏ်ရာ ဟောဒါက မြင်းကြာပွတ်နဲ့ရိုက်တဲ့ဒဏ်ရာ ဟောဒါက သံပူနဲ့ကပ်တဲ့ဒဏ်ရာ၊ အပြစ်ကတော့ဘာမှရှိတာမဟုတ်ဘူး၊ သူလိုချင်တဲ့မိန်းမကို ကျုပ်ကယူထားလို့၊ သည်တော့ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ၊ ဒီလူတွေနောက်ကိုထည့်လိုက်ရင် ကျုပ်ကိုသေရွာပို့တာနဲ့ အတူတူပဲ၊ ကျုပ်ကိုမသနားပေမယ့် ဟောဒီကကျုပ်မိန်းမကို သနားကြပါဦးဗျာ၊ ဒါမှမဟုတ်လို့ ခင်ဗျားတို့သည့်လောက်အပ်ချင်ရင် ကျုပ်ကို ဓားတစ်လက်ခဏလောက်ငှားကြပါ၊ ကျုပ်ကိုကျုပ် အဆုံးစီရင်စမ်းပါရစေ၊ သူတို့လက်ထဲရောက်ဖို့ထက် သေတာက ပိုပြီး ကောင်းပါသေးတယ်”

အဲဒီလို ဖေဖေကပြောလိုက်တော့ အားလုံးသူတို့ငိုင်ပြီးခဏလောက် စဉ်းစားနေကြတယ်၊ ဖေဖေပြောလိုက်တဲ့၊ စကားဖေဖေပြတဲ့ ဖေဖေ့ကိုယ်ပေါ်က ဒဏ်ရာတွေဟာ သူတို့စိတ်ကို အတော်ထိခိုက်သွားတယ်၊ ဖေဖေဟာ အင်္ဂလိပ်လူမျိုးအစစ်ဖြစ်တယ်ဆိုတာ ဖေဖေလိုမပြောဘူးဆိုတာ သူတို့ယုံကြည်သွားဟန်လက္ခဏာရှိတယ်၊ သည်လိုနေတုန်းသူတို့



www.burmeseclassic.com

www.burmeseclassic.com



အထဲကလူတစ်ယောက်ကထပြီး "ဟော့... သောမတ်ဝင်း(ဂ)ဖီး... မင်းနဲ့ အတူငါရှိတယ်လို့မှတ်လိုက်ဟော့၊ မင်းနဲ့မင်းမိန်းမကို လာခေါ်ချင်ရင် ငါ့ကို သူတို့သတ်ပြီးမှရမယ်လို့မှတ်လိုက်"ဆိုပြီး လေးတစ်စင်းကိုယူလာပြီး စပိန်ကောင်တွေကိုချိန်ထားတာပါပဲ..."

"ဒီအခါကျတော့ သည့်ပြင်လူတွေလည်း သူ့အယောင်လိုက်ပြီး "ဟော့... စပိန်ကောင်တွေ ဒီလင်မယားကိုမင်းတို့အလိုရှိရင် စကားရှည်ရှည်ဝေးဝေးပြောမနေ့နဲ့ဟော့၊ သင်္ဘောပေါ်တက်ခဲ့ တို့အကြောင်းကိုသိစေ့မယ်၊ အင်္ဂလိပ်သွေးဟာ နီတယ်ဆိုတဲ့အကြောင်း ပြလိုက်ရသေးတာပေါ့ကွယ်"ဆိုပြီး ကြိမ်းတာပါပဲ။

"သည်တော့မှ သင်္ဘောကပ္ပတိန်လည်း အားတက်လာပြီး အားလုံးပြင်ဆင်စရာရှိတာပြင်ဆင်ပြီး ရွက်ကိုဖွင့်ဖို့ ကျန်တဲ့လူတွေကို အမိန့်ပေးတာကိုကွယ်၊ သင်္ဘောသားတစ်ဝက်ဟာ တကယ်လို့စပိန်စစ်သားတွေတက်လာရင်အသင့်ရှိလို့ ကျန်တဲ့တစ်ဝက်က သင်္ဘောကို အမြန်ဆုံး ပင်လယ်ရောက်အောင်လွှင့်နိုင်ဖို့ အမိန့်ပေးတော့တာပါပဲ"

"ဒီလိုတော့လည်းတယ်နေရာကျပါကလားဖေဖေ"

"ကိုယ့်အမျိုးထိတော့ မချိအောင်နာတယ်" ဆိုသလိုပေါ့သားရဲ့ သို့ပေမယ့် ဟော့ စပိန်ကောင်တွေဟာ ရုတ်တရက်အလျှော့မပေးသေးဘူး၊ သင်္ဘောဘေးကိုလှေနဲ့အတင်းကပ် ချိတ်နဲ့ကျောက်ဆူးကြိုးကိုလှမ်းချိတ်ပြီး ကြိုးလှေကားပေါ်ကို တစ်ယောက်တွယ်တက်ပါလေရောကွယ်၊ သည်တော့ဖေဖေလည်း စိတ်ကခပ်ညစ်ညစ်ရှိတာနဲ့ ငါ့ကိုပထမအကူအညီပေးဖို့ သင်္ဘောသားဆီက လေးကိုယူပြီးမြားတံကို အလယ်တည့်တည့်ကြီးချိန်လွှတ်လိုက်တာ မြားဟာ အသည်းတည့်တည့်စူးပြီး ရေထဲတစ်ခါတည်း ဒိုင်ဗင်ထိုးကျသွားတာပေါ့ကွယ်"





"ကောင်းလိုက်လေဖေဖေရယ်... ဝမ်းသာလိုက်လေခင်ဗျာ"

"ဒီအကောင်လည်းကျသွားရော နောက်ထပ်သူတို့မတက်ဝံ့တော့ပါဘူး၊ သို့ပေမယ့် သူတို့ကိုတကယ်ခုခံမှန်းသိတော့ လေးနဲ့ပစ်ကြတယ်၊ သူတို့မှာလည်း လေးတွေအဆင်သင့်ပါလာတာကိုကွယ်၊ သည်တော့မှ တို့လည်း သင်္ဘောနံရံတွေကို အကာအကွယ်ယူကြရတယ်၊ တို့အထဲက တစ်ယောက်တောင် မြားထိသွားသေးတယ်၊ ဒီအခါမှာ"ဂါဆီယာ"ဟာ လှေဦးက မတ်တတ်ရပ်ပြီး တို့နှစ်ယောက်ကိုရေရွှတ်လိုက်တဲ့အမျိုး၊ ကျိန်ဆဲလိုက်တဲ့အမျိုး မပြောပါနဲ့တော့ကွယ်၊ နောက်ဆုံးသူက "ဟော့... အင်္ဂလိပ်ခွေး...မင်းတော့နေနှင့်ဦးပေါ့ကွယ်၊ အင်္ဂလန်မှာ မင်းပုန်းချင်တဲ့နေရာပုန်းနေ ငါမတွေ့တွေ့အောင်ရှာမယ်၊ တွေ့တဲ့နေရာဟာ မင်းသင်္ချိုင်းပဲလို့သာမှတ်ပေတော့" တဲ့၊ ဒီအတွင်းသင်္ဘောဟာရွက်ကုန်ဖွင့်ပြီးလွှင့်တော့ သူတို့လည်းကျန်ရစ်ခဲ့ပါရော၊ "ကိုင်း... ငါ့သားများ အခုပြောတာဟာ မင်းတို့အဖေနဲ့အမေရဲ့ဇာတ်ကြောင်းပဲ၊ နောက်ဆုံး ဂါဆီယာဟာ သူ့ကတိအတိုင်း လိုက်လာပြီး မင်းတို့မိခင်ကြီးကို သတ်ပစ်လိုက်တာပဲမဟုတ်လား"

"ဒီအကြောင်းတွေကို ဖေဖေဟာ အရင်ကတည်းကပြောထားဖို့ကောင်းပါတယ်... ဖေဖေ"

"သို့ပေမယ့် ငါ့သားများကိုအကြောင်းမဲ့ တင်ကြိုပြီး စိတ်အနှောင့်အယှက်မပေးချင်လို့ပေါ့ကွယ်"

"ကိုင်း... ဘာပဲဖြစ်ဖြစ်ဖေဖေ၊ ဒီအကောင်ကို ကျွန်တော့်လက်နဲ့သတ်မယ်၊ ကျွန်တော်သစ္စာလည်းဆိုပြီးပြီ... ကမ္ဘာဆုံးသည်အထိ ကျွန်တော်လိုက်တော့မယ်"

၀



www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ်တွေ့ဆုံခြင်း

မိခင်ကြီး၏ ရှာပနကိစ္စပြီးသည့်နောက် ၁၂ ရက်မြောက်သောနေ့တွင် ကျွန်ုပ်သည် ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီးဖြစ်လေသည်။ ထိုအချိန်၌ကား "အက်(ဒ)ဗင်းချားရက်" ခေါ် တန်ချိန် ၁၀၀ ခန့်ရှိ အင်္ဂလိပ်သင်္ဘောတစ်စင်းသည် စပိန်ပြည်မှဝိုင်အရက်များနှင့် 'ယူး' ခေါ် လေးလုပ်ရန် သစ်သားများကိုဝယ်ယူတင်ဆောင်လာရန် ယားမောက်မြို့မှ ကာဒစ်မြို့သို့ထွက်မည်ဆဲဆဲရှိနေ၏။

ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်အတွက် ထိုသင်္ဘောတွင်လက်မှတ်တစ်စောင်ဝယ်ပေး၍ လမ်းစရိတ်အတွက်လည်း ရွှေဒင်္ဂါးပေါင် ၅၀ ပေးသေး၏။ ယားမောက်မြို့ရှိကုန်သည်များမှာ စပိန်ပြည်ကာဒစ်မြို့၌နေသော ကုန်သည်ကြီးများနှင့်အဆက်အသွယ်ရှိရာ သူတို့၏ကိုယ်စားလှယ်များဖြစ်ကြသော ကာဒစ်မြို့အလုပ်တိုက်သို့ ကျွန်ုပ်အတွက်လိုသည့်ဘက်မှ

www.burmeseclassic.com



ကြည့်ရှုထောက်ပံ့ရန် ထောက်ခံစာတစ်စောင်ကိုလည်း ဖခင်ကြီး၏အ[illegible] ဘန္နအတိုင်းရေး၍ ကျွန်ုပ်လက်တွင်ပေးအပ်လိုက်လေသည်။

သင်္ဘောမှာ ဇွန်လ သုံးရက်နေ့တွင် ထွက်မည်ဖြစ်၍ ကျွန်ုပ်သည်အိမ်သားများနှင့်မိတ်ဆွေသင်္ဂဟများကို နှုတ်ဆက်ပြီးသော် ဇွန်လ တစ်ရက်နေ့၌ ဖခင်ကြီးနှင့်အတူမြင်းကိုယ်စီစီးကာ ယားမောက်မြို့ထွက်ခဲ့ကြလေ၏။

အိမ်မှထွက်ခဲ့၍ ဘန်းဂေးရွာ၏လက်ဝဲဘက်ရှိ ကုန်းမြင့်ကလေးသို့ ရောက်လာကြသောအခါ ကျွန်ုပ်လည်း မြင်းဇက်ကိုဆွဲ၍ ခေတ္တရပ်လိုက်ပြီးလျှင် ကျွန်ုပ်မွေးဖွားရာဇာတိဖြစ်သည့် စိမ်းစိုသာယာသောတောင်ကြားလမ်းကိုလည်းကောင်း၊ ကျွန်ုပ်တစ်သက်တွင်မမေ့နိုင်သော "ဒစ်ချင်ဂမ်" ရွာကလေး၏ရှုမျှော်ခင်းကိုလည်းကောင်း ငေးမောတွေဝေကာ စိုက်၍ကြည့်နေမိ၏။ ငါ၏တစ်သက်တွင် ဤရှုမျှော်ခင်းများကို ပြန်၍မြင်မှ မြင်ရပါဦးမည်လောဟု စိတ်ထဲတွင်ယုံမှားသံသယရှိမိ၏။ ထိုနောက် ဖခင်ကြီးသည် ဆက်လက်၍မြင်းကိုနှင်လေရာ ကျွန်ုပ်လည်းသူ့အနီးမှ ကပ်၍လိုက်ပါသွားရလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် အက်(ဒ)ဗင်းချားရက်သင်္ဘောပေါ်သို့ တက်ရောက်၍ နေရာထိုင်ခင်းများကိုရရှိလေသည်။

ခွဲရခါနီး၌ ဖခင်ကြီး၏စိတ်နှလုံးမှာ ယခင်ကသံမဏိကဲ့သို့ မာကျောသော်လည်း ခွဲခွာခြင်းနှင့်တော့တော့ဆိုင်ဆိုင်ကြုံသောအခါ မျက်ရည်များပင် လည်ကာ ကျွန်ုပ်အားတားဆီးလိုသောဆန္ဒရှိ၏။ သို့သော် ကျွန်ုပ်ကား အိမ်နီးပါးချင်းများ ညီအစ်ကိုမောင်နှမများ၏ ပြောင်လှောင်ကဲ့ရဲ့ခြင်းကို မခံယူလို၊ ကျွန်ုပ်၏ချစ်လှစွာသောမိခင်ကြီးအား သွေးဖြင့်ရန်ပြုခဲ့သော ရန်သူကို သွေးဖြင့်ပြန်၍လက်စားမချေရသမျှ ကျွန်ုပ်မကျေနပ်နိုင်ချေ၊ ကျွန်ုပ်ဆိုခဲ့သောသစ္စာကို ကျွန်ုပ်မဖေါက်ဖျက်နိုင်ချေ။





"ဖေဖေပြောတာသိပ်နောက်ကျတယ် ဖေဖေ"

"အေးကွယ်... ပြောတော့ပြောတော့၊ ဖေဖေလည်း မင့်အမေဒီလိုဖြစ်သွားရတဲ့အတွက် အသည်းကွဲပြီသားရဲ့၊ ဖေဖေလည်းကြာကြာနေရတော့မယ်မထင်ဘူး၊ ဒီအကြွေးကိုငါ့သားသာ ဘုရားသခင်ရှေ့မှာပြေအောင်ဆပ်ပေတော့ ပြီးတော့ငါ့သားအပေါ်မှာ ဖေဖေက နင့်နင့်သီးသီးပြောမိတာတွေစိတ်မဆိုးနဲ့နော်... မင့်မိခင်အတွက် ဖေဖေ ရူးမတတ်ဖြစ်နေတုန်း ပြောမိတဲ့စကားတွေပါသားရယ်၊ ငါ့သားကိုမချစ်လို့မဟုတ်ပါဘူး...ဖေဖေချစ်တာပေါ့"

"ဒါတွေပြောမနေပါနဲ့ဖေဖေ၊ ကျွန်တော်သိပါတယ်၊ ဖေဖေ့အပေါ်မှာ ကျွန်တော်ဘယ်လိုမှစိတ်မရှိပါဘူး"

"မင်း သွားရာလာရာမှာ ဘုရားတရားကိုဘယ်တော့မှမမေ့နဲ့ 'သောမတ်'၊ မင်းအိမ်နဲ့မင်းအဖေကိုလည်း ဘယ်တော့မှမမေ့လေနဲ့ 'သောမတ်'၊ ပြီးတော့ အကြောင်းမဲ့ရန်ဖြစ်ခြင်းကိုလဲရှောင်ကြဉ်ပါ ငါ့သား၊ ပြီးတော့မိန်းကလေးများရဲ့လှပသောမျက်နှာဟာ ယောကျ်ားကလေးများအတွက် ထောင်ချောက်ပဲဆိုတာသတိရပါ၊ နောက်ဆုံး ဖေဖေသတိပေးလိုတာက စိတ်ကိုဘယ်တော့မှ အလိုမလိုက်နဲ့၊ လျှာကိုဘယ်တော့မှ လွတ်လွတ်လပ်လပ်အသုံးမပြုလေနဲ့ငါ့သား၊ ဘုရားသခင် မင့်ကိုအမြဲစောင့်ရှောက်ပါလိမ့်မယ်"

သားအဖနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက်ယုယ[illegible] ဖက်ယမ်းပြီးနောက် ကျွန်ုပ်တို့လည်းနောက်ဆုံးခွဲခွာကြလေသည်။

ထိုအချိန်မှစ၍ကျွန်ုပ်သည် ဖခင်ကြီးအားအသက်ရှင်လျ[illegible] မမြင်တွေ့ရတော့ချေ။ ကျွန်ုပ်ထွက်သွားပြီးနောက် တစ်နှစ်အ[illegible]င်း၌ပင် နှလုံး



www.burmeseclassic.com

www.burmeseclassic.com



ရောဂါဖြင့်အနိစ္စရောက်ကြောင်း၊ သူ၏နေရာကို ကျွန်ုပ်၏အစ်ကို "ဂေါဖရီက" ဆက်ခံကြောင်း နောင် ကျွန်ုပ်သတင်းရရှိလေသည်။

"ကာဒစ်"မြို့သို့ ကျွန်ုပ်တို့သင်္ဘောလွှင့်ခဲ့ပုံကား အထူးချဲ့ထွင်ရေးသားရန်လိုတော့မည်မဟုတ်ချေ။သို့သော်"ဘင်စကေး"ပင်လယ်ကွေ့တွင် လှိုင်းလေများထန်လျက်ရှိသောကြောင့် လစ်စဘုန်းမြို့သို့ရှေးဦးစွာဆိုက်ကပ်ရလေ၏။ ထိုမြို့၌သင်္ဘောကိုပြင်ဆင်ရန်ရှိသ၍ ပြင်ဆင်ပြီးသော် နောက်ဆုံးတွင်ကားဒစ်မြို့သို့ ချောမောစွာဆိုက်ရောက်ခဲ့ရာ ပင်လယ်တွင် ကျွန်ုပ်ခရီးသွားခဲ့သောအချိန်မှာ ရက်ပေါင်းလေးဆယ်ကြာရှိခဲ့လေသည်။

"ဆယ်ဗွလီ"မြို့သို့ရောက်၍ ကျွန်ုပ်လည်း "ဒီဖွန်ဆီးကား"ဆိုသူပစ္စည်းဥစ္စာကုံလုံကြွယ်ဝသော ဆရာဝန်ကြီးတစ်ဦးနှင့်တွေ့ကာ သူသည်ကျွန်ုပ်ကိုမြင်လျှင်မြင်ခြင်း သားရင်းတမျှချစ်ခင်လျက် ကျွန်ုပ်အား မွေးစားလေသည်။ ကျွန်ုပ်၏အကြံအစည်မှာ ဤသို့တစ်နေရာတွင် အခြေတကျနေပြီးလျှင် ငှင်းမှတစ်ဆင့် မိမိအလိုရှိသောရန်သူကို တဖြည်းဖြည်းရှာဖွေရန်ဖြစ်လေသည်။ သို့နှင့်ကျွန်ုပ်သည် ဆရာကြီး၏အလုပ်အကိုင်ကိုကူညီဆောင်ရွက်ပေးခြင်း၊ ဆရာကြီးအား ဝတ်ကြီးဝတ်ငယ်ပြုခြင်းဖြင့် အချိန်ကိုကုန်လွန်စေ၏။

ထိုအတွင်း"ဂါဆီယာ"၏သတင်းကို နားထောင်လျက်ရှိလေသည်။ သို့သော် ကျွန်ုပ်မရောက်ဖူးသောမြို့ကြီးတစ်မြို့အတွင်း၌ ကျွန်ုပ်အလိုရှိသောသူကို ရှာဖွေရန်ကား ခဲယဉ်းလှပေ၏။

တစ်ညသ၌ ဆရာကြီးစေခိုင်းသည့် လျှို့ဝှက်သောအလုပ်တစ်ခုကိုဆောင်ရွက်ရာမှ နေအိမ်ဘက်သို့ပြန်လာလျက်ရှိ၏။ ထိုနေရာမှာ ဆယ်





ဗွလီမြို့ဟောင်း၏ရှေးကျသော အဆောက်အဦးပျက်များရှိရာ လူနေအိမ်ခြေအလွန်နည်းပါးလှသော ရပ်ကွက်ဖြစ်လေသည်။

ထိုနေရာမှာ ဘေးရန်မကင်းသောနေရာဖြစ်သည့်ပြင် အချိန်မှာလည်းလွှသဖြင့် ကျွန်ုပ်သည် ဓားကိုဝတ်ရုံအောက်၌ဖွက်၍ယူလာခဲ့၏။ ထိုအချိန်၌မူကား ကျွန်ုပ်မှာဓားသိုင်းဆရာတစ်ယောက်ထံမှ နေ့စဉ်လေ့ကျင့်ခန်းများကိုလေ့ကျင့်ထားပြီးဖြစ်၍ ဓားကိုကောင်းစွာ ကိုင်တွယ်နိုင်ခဲ့ပေပြီ။

သို့နှင့် ကျွန်ုပ်သည် မြို့ဟောင်းအဆောက်အဦပျက်များ တစ်ဘက်တစ်ချက်တွင်ရှိနေသည့်လမ်းကျဉ်းကလေးတစ်ခုမှ တံခါးမှလျှောက်သာရာ ရေတံခါးတစ်ခုအနီးသို့ရောက်လာခဲ့၏။ ရေတံခါးမှာ "ဂွါဒါးကွီးဘား"မြစ်မှ ရေတံခါးတစ်ခုဖြစ်၍ နေရာမှာလည်း အလွန်သာယာသောနေရာတစ်ခုဖြစ်ပြီးလျှင် ဩဂုတ်လ၏ ကြည်လင်အေးမြသောလမင်း၏အရောင်သည် စိမ်းစိုသောနောက်ခံသစ်ပင်များပေါ်သို့လည်းကောင်း၊ ပျက်စီး၍နေသော လူသူမနေသည့် ရှေးဟောင်းအဆောက်အဦးကြီးများပေါ်သို့လည်းကောင်း၊ ငွေပြားကြီးကိုချ၍ထားဘိသကဲ့သို့ ဖြူဖွေးသော "ဂွါဒါးကွီးဘား"မြစ်ပြင်ပေါ်သို့လည်းကောင်း ကျရောက်လျက်ရှိလေသည်။ ကျွန်ုပ်သည် တိုက်ခတ်သောလေညှင်းကလေးများကိုခံယူကာ ခပ်အေးအေးရှိသည်နှင့် အုတ်နံရံတစ်ခုကိုမှီကာအမောအပမ်းဖြေလျက်ရှိလေ၏။

ထိုခဏ၌ လူတစ်ယောက်သည် လမ်းတစ်ဘက်မှောင်ရိပ်တစ်ခုမှ ထွက်လာပြီးလျှင် ကျွန်ုပ်နံဘေးရှိလှေကားထစ်များကိုတက်ကာ အခြားမှောင်ရိပ်တစ်ခုအနီးသို့ရောက်သွားလေ၏။

ကျွန်ုပ်ကား ထိုသူကိုဂရုမပြုချေ။ သို့သော် မကြာမီ ထိုသူရှိရာမှ တီးတိုးစကားပြောသံများခပ်အုပ်အုပ်ကြားရသဖြင့် လှမ်း၍ကြည့်လိုက်မိ၏။

www.burmeseclassic.com



ထိုသူသည် လမ်း၏တစ်ဖက်ရှိရေတံခါးသို့သွားရာ လမ်းထိပ်မှောင်ရိပ်စတွင် မိန်းမတစ်ယောက်နှင့် တီးတိုးပြောဆိုလျက်ရှိသည်ကိုတွေ့ရလေသည်။ ထိုခဏ၌ ယောကျ်ားသည်ကျွန်ုပ်ရှိရာဘက်သို့ တဖြည်းဖြည်းဆုတ်၍ဆုတ်၍လာလျက်ရှိလေရာ မိန်းမသည် ထိုသူနောက်သို့ဆုတ်တိုင်းဆုတ်တိုင်း ရှေ့သို့တိုး၍ တိုး၍လာလျက်ရှိ၏။ ဤသို့နှင့် သူတို့သည် ကျွန်ုပ်ကြားနိုင်လောက်သောနေရာတစ်ခုသို့ ရောက်လာကြလေသည်။

"ရှင်ကျွန်မကိုဒီလိုပဲပစ်ထားခဲ့တော့မှာလားဟင်၊ တော်တယ်...ရှင်သိပ်တော်တယ်၊ ယောကျ်ားများဟာဒီလိုပဲထင်ပါရဲ့၊ ကျွန်မမှာတော့ ရှင့်အတွက်ဘယ့်လောက်စွန့်ခဲ့ရသလည်းပြီးတော့လည်း သားအန္တရာယ်တွေဝိုင်းနေတယ်ဆိုတာလည်း ရှင်သိရက်သားနဲ့ ဒါတင်မကသေးဘူး..."

မိန်းမသည်တီးတိုးဆက်လက်ပြောလေရာ ကျွန်ုပ်လည်းမကြား[illegible] တော့ပေ။ ထိုနောက် ယောကျ်ားကပြန်၍ပြောလေသည်။

"အချစ်ရယ် ဒီလိုမပြောပါနဲ့ကွယ် ငါဟာမင်းကို ဘယ်လောက်[illegible] ယကြင်နာခဲ့တယ်ဆိုတာ မင်းအသိဆုံးပဲမဟုတ်လား၊ အခုခွဲရမှာလည် [illegible] တစ်သက်လုံးမဟုတ်ပါဘူး၊ ခဏခေတ္တကလေးပါကွဲ့၊ ဒီလိုနှုတ်ကဖွင့်[illegible] ပြောရတာတောင် မောင့်မှာအသည်းကျွမ်းရမလောက် ဖြစ်နေပါပြီကွယ်[illegible] သို့ပေမယ့် မောင်ဟာလေ...'

စကားသံမှာ လေသံမျှပြတ်၍သွားသဖြင့် နောက်ထပ်ပြောသော [illegible] ကားသံများမှာမကွဲတော့ပေ။

သူတို့ပြောသော စကားများသည်လည်းကောင်း၊ သူတို့၏အမူအ[illegible] များသည်လည်းကောင်း၊ ဟန်လုပ်ခြင်းမဟုတ်ဘဲ အရှိုက်သဲလှိုက်ပြော[illegible] လျက်ရှိကြကုန်ရာ အကယ်ပင်စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။ သို့သော[illegible]





သူတို့ပြောသောစကားများကိုအပထား၍ ယောကျ်ား၏အသံမှာ ကျွန်ုပ်အား ပို၍စိတ်ဝင်စားပေစေ၏။

"သည့်လောက်တောင်မရက်စက်ပါနဲ့ မောင်ရယ်... ကျွန်မဟာ မောင့်မိန်းမပါ၊ မောင့်လက်ခုပ်ထဲကရေပါ၊ သည်လောက်သားဒုက္ခတွေ့တဲ့ထဲမှာ ကျွန်မကိုထားပစ်ခဲ့တော့မှာလား... တောင်းပန်ပါတယ်ဂျူအင်၊ ထားတော့မပစ်ခဲ့ပါနဲ့ မောင်နဲ့တစ်ခါတည်းခေါ်ထားပါ"

မိန်းမသည် တောင်းပန်ဟန်လက္ခဏာဖြင့် ယောကျ်ား၏ပခုံးကိုဖက်ယမ်း ကိုင်တွယ်လျက်ရှိလေ၏။

ယောကျ်ားသည် မိန်းမလက်များကို မိမိပခုံးပေါ်မှကြမ်းတမ်းစွာ ပွတ်၍ချလိုက်ရာ ထိုအချိန်၌ ဦးထုပ်သည်မြေပေါ်သို့လွင့်စဉ်ကျသွားပြီးလျှင် ကြည်လင်သောလရောင်သည် သူ၏မျက်နှာပေါ်သို့ တည့်တည့်ကြီးကျရောက်လျက်ရှိလေ၏။

ထိုသူကားအခြားမဟုတ်။ ကျွန်ုပ်၏ ရန်သူတော် "ဂျူအင်ဒီဂါဆီယာ"ပင်ဖြစ်တော့၏။

ငါ အိပ်မက်များပင်မက်၍နေလေသလောဟု ကျွန်ုပ်သည် မျက်လုံးများကိုပွတ်၍ထပ်မံကြည့်ရှုမိ၏။

ကျွန်ုပ်ကားမမှားနိုင်ချေ။ သူ၏ကြမ်းကြုတ်သောမျက်နှာ၊ သူ၏ကျယ်ဝန်းသောနဖူးနှင့် မမှားနိုင်သောအနာရွတ်၊ သေး၍ ရက်စက်ဟန်ရှိသောနှုတ်ခမ်းနှင့် ပါးစပ်၊ ချွန်ထွက်၍နေသောမုတ်ဆိတ်၊ လိမ်ကောက်၍နေသောဆံပင်တို့ကား ကျွန်ုပ်၏မျက်စိကိုမလှည့်ဖြားနိုင်ပေ၊ မိန်းမနှင့်စကားပြောနေသူမှာ စိတ်အားထက်သန်စွာ ကျွန်ုပ်ရှာဖွေနေသည့် "ဂါဆီယာ"ပင်ဖြစ်လေတော့သတည်း ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်မားကို အိမ်မှဆွဲ၍ချွတ်လိုက်ပြီးလျှင် ရှေ့သို့ သုံးလှမ်းမျှ တိုး၍သွားပြီးနောက် သူ၏ရှေ့တည့်တည့်တွင် မားမားမတ်မတ်ရပ်လိုက်လေ၏။

သူသည် ဖျတ်ခနဲလန့်၍သွားပြီးလျှင် နောက်တစ်လှမ်းဆုတ်လိုက်ပြီးနောက်...

"ဟော့...ကြမ်းပိုးကလေးပါလား...မင်းကဘာလည်း ဒုက္ခရောက်နေတဲ့မိန်းကလေးကို ငါ့လက်ထဲကများလုယူချင်ပြန်လို့လား..."

"ဟော့... ဒီဂါဆီယာ မင်း ငါ့မျက်နှာကိုသေသေချာချာကြည့်စမ်း ဘယ်သူလဲလို့၊ ဟိုအင်္ဂလန်ပြည်က ရွာကလေးတစ်ရွာသောမှာရှိတဲ့ ချောင်းကလေးမှာ မင်းသိတဲ့မိန်းမတစ်ယောက်ကို ဘာအပြစ်မှမရှိဘဲနဲ့ မင်းသတ်သွားတာမှတ်မိသေးရဲ့လား... မမှတ်မိရင်လည်း ဟောဒီမှာ မင်းသတ်တဲ့မားကိုကြည့်လိုက်..."

ကျွန်ုပ်သည် မားဦးကိုသူ၏မျက်လုံးအနီးသို့ ရောက်အောင်ထိုးလိုက်လေ၏။

(နောက်သို့တစ်လှမ်းဆုတ်သွားလျက်)

"အလို...ဘုရားရေ...ဒီဟာ အင်္ဂလိပ်ကောင်ကလေးပဲ"

"ဟုတ်တယ် ငါဟာအင်္ဂလိပ်ကောင်ကလေးပေါ့၊ မင့်ကိုရိုက်ပြီးကြိုးနဲ့တုပ်တဲ့ အင်္ဂလိပ်ကောင်ကလေးသောမတ်ဝင်း(ဂ)ဖိုးလေ မသိတော့ဘူးလား၊ ကိုင်း...မင့်မားကိုထုတ်လိုက် ငါသတ်မိလိမ့်မယ်"

ဂါဆီယာ၏မျက်နှာမှာ ချောင်တစ်ချောင်တွင်ပိတ်၍မိနေသော ဝံပုလွေတစ်ကောင်ကဲ့သို့ရှိလေ၏။ သူသည် ကျွန်ုပ်အားသတ်လိုသောဆန္ဒရှိဟန်လက္ခဏာမရှိချေ။ သူသည်သတ္တိမရှိ၍မဟုတ်၊ သို့သော် ကျွန်ုပ်အားတိုက်ခိုက်ရန်ရှောင်ရှားလို၏။





"ထုတ်လေ...မားကို"

"စီးချင်းထိုး မားချင်းယှဉ်ခုတ်တယ်ဆိုတာဥပဒေရှိတယ်၊ ဆရာကလေးရဲ့ အရမ်းခုတ်ရတာမဟုတ်ဘူး၊ မင်းငါ့ကိုပြောစရာရှိရင် ငါကလဲပြောရှင်းဖို့အသင့်ပါပဲ၊ မင်းကြိုက်တဲ့နေရာရွေး မင်းကြိုက်တဲ့အချိန်ပြော"

ဂါဆီယာသည်ဤသို့ပြန်၍ပြောနေသည့်အတွင်း ကျွန်ုပ်ပခုံးပေါ်မှကျော်ကာ လွတ်ရာလွတ်ကြောင်းကိုရှာဖွေနေဟန်ရှိသော မျက်လုံးများဖြင့်ကြည့်ရှု့လျက်ရှိလေ၏။

"အချိန်ကတော့ အခုပဲကြိုက်တယ်၊ နေရာကတော့ ဒီနေရာပေါ့၊ ကိုင်း...စကားရှည်မနေပါနဲ့လေ...မားသာမြန်မြန်ထုတ်စမ်းပါ၊ မထုတ်ရင် ငါစပြီးခုတ်မိလိမ့်မယ်"

ဂါဆီယာသည် မလွှဲမရှောင်သာတော့ပြီဖြစ်၍ မားကိုထုတ်လေ၏။

ထိုနောက် လက်တစ်လှမ်းကွာလောက်တွင်ရပ်ကာ မားများကိုထိုး အတိုင်းကမ်းပြီးနောက် ကျွန်ုပ်တို့သည် စတင်တိုက်ခိုက်ကြလေရာ ချင်းထိသဖြင့် ပွင့်၍သွားသော မီးပွားကလေးများမှာ ပိုးစုန်းကြူး ကောင်များပျံ၍နေသကဲ့သို့ရှိပြီးလျှင် တချွမ်ချွမ်မြည်သောမားသံများ ည်လည်း ဆိတ်ငြိမ်သောည၏ ကန့်လန့်ကာကြီးများကိုဖောက်ထွင်း သွားလေ၏။

ပထမ၌ကျွန်ုပ်မှာ ဂါဆီယာအပေါ်တွင်လက်စားချေလိုခြင်း၊ စိတ်ဆိုး စသည်တို့ဖြင့် ထုပ္ပလျက်ရှိနေရကား၊ အတော်ပင်ခံနေရသော်လည်း နုပ်၏စိတ်များမှာ တဖြည်းဖြည်းအေး၍လာစပြု၏။ မည်သည့်သ မှုမျိုး၌မဆို အထူးအားဖြင့် မားချင်းယှဉ်ပြိုင်ခုတ်ရာတွင် စိတ်ခြင်း၊ ချင်သောစိတ်ရှိခြင်း၊ အမြန်ပြီးစီးလိုခြင်း၊ အစရှိသည်တို့မှာ မားသ



www.burmeseclassic.com

www.burmeseclassic.com



မား၏ခြေလှမ်းကိုမှားစေ၍ အကြောက်အရွံ့မရှိပဲ ကြည်လင်အေးမြသော ဦးနှောက်ဖြင့် တိုက်ခိုက်မှသာလျှင် ရန်သူ၏ဓားချက်ကို ကာကွယ်နိုင်သည့်ပြင် ရန်သူ့ကိုယ်ပေါ်တွင်လည်း လိုရာအမှတ်အသားကို ထိနိုင်လေသည်။

ဂါဆီယာသည် ဓားသိုင်းတွင် ကျွန်ုပ်ထက်ပို၍တော်၏။ သို့သော်မှန်ကန်ခြင်းနှင့်တရားမျှတခြင်းကို စောင့်ရှောက်သောဘုရားသခင်သည် ကျွန်ုပ်ဘက်မှရှိသည်ဟု ကျွန်ုပ်ယုံကြည်လေသည်။

သို့နှင့် ကျွန်ုပ်သည် ဖိ၍ဖိ၍တိုက်လေရာ သူသည် ကျွန်ုပ်ဖိတိုင်းလာပြီဖြစ်၍ အတော်အတန် ခြေလှမ်းမှားလျက်ရှိ၏။ ဤသို့ရှိနေစဉ်အတွင်း သူသည်အုတ်နံရံတစ်ခုကို ကျောဖြင့်ကပ်ခါခံလျက်ရှိစဉ် ကျွန်ုပ်၏ဓားဦးမှာ သူ၏မျက်နှာကိုတစ်ချက် ပခုံးစွန်း၌တစ်ချက် ထိခဲ့လေပြီ။ ထိုအချိန်၌ကား ဂါဆီယာမှာ ထိုးစစ်မဟုတ်တော့ဘဲ ခံစစ်သဘောဖြင့်သာ ကျွန်ုပ်လက်ပန်းကျမည့်အချိန်တိုင်အောင် စောင့်စားနေဟန်ရှိလေသည်။ အနိုင်သည် ကျွန်ုပ်လက်တွင်းသို့နီးကပ်၍လာပေပြီ။ ရန်သူ၏အသည်းရှိရာနေရာသို့ တည့်တည့်ကြီးချိန်၍ ကျွန်ုပ်၏ဓားဦးကို ထိုးနှစ်လိုက်ရပေတော့မည်။

သို့သော်...ထိုခဏ၌ သူ့ရည်းစားရှုံးတော့မည်ကို အတပ်သိသော မိန်းမသည် ကျွန်ုပ်နောက်ဘက်မှ ရုတ်တရက်ရောက်၍လာပြီးလျှင် ကျွန်ုပ်၏လက်ကိုချုပ်ကိုင်ဆွဲယူလိုက်လေ၏။ အချိန်ကားမကြာလှချေ။ ကျွန်ုပ်သည် ဖျတ်ခနဲရုန်းကန်ကာ တွန်းဖယ်၍ပစ်လိုက်လေသည်။

သို့သော်...ထိုစက္ကန့်သုံးဆယ်ခန့်အချိန်ကလေးကို အခွင့်အရေးယူပြီးလျှင် ဂါဆီယာသည် ကျွန်ုပ်၏လက်ယာပခုံးစွန်းကို ဓားနှင့်ဆော်





လိုက်လေသည်။ ကျွန်ုပ်သည် နောက်သို့လှည့်၍ရှောင်ကာ ဓားကိုမြှောက်လိုက်သည်နှင့်တစ်ပြိုင်နက် ဂါဆီယာကား ချာခနဲနောက်သို့လှည့်ကာ ရေတံခါးရှိရာသို့ သုတ်ခြေတင်၍ပြေးလေရာ မိန်းကလေးသည် မှောင်ရိပ်တစ်ခုသို့ဝင်ကာ ပျောက်ကွယ်၍သွားလေ၏။

ထိုအချိန်၌ ပုလိပ်အဝတ်အစားနှင့်လူတစ်ယောက်သည် လမ်းချိုးတစ်ခုမှခရာမှုတ်ကာ ကျွန်ုပ်ရှိရာသို့ပြေး၍လာလေရာ နောက်မှအခြားပုလိပ်သားတစ်ယောက်လည်း မှန်အိမ်တစ်လုံးကိုဆွဲကာလိုက်ပါလာလေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း ဂါဆီယာကိုပင်သတိမေ့လျော့ကာ နောက်သို့လှည့်၍ပြေးရလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာပုလိပ်များနှင့်ရှင်းလင်းပြောဆိုရန်သော်လည်းကောင်း၊ အဖမ်းခံရန်သော်လည်းကောင်း အလိုမရှိချေ။

ပုလိပ်နှစ်ယောက်သည် ကျွန်ုပ်နောက်ကပြေး၍လိုက်လာသေး၏။ သို့သော် ကျွန်ုပ်မှာငယ်ရွယ်သူဖြစ်၍ လျင်မြန်ဖျတ်လတ်သည်တစ်ကြောင်း၊ လရောင်မရှိသောနေရာများကလည်း အကာအကွယ်ပေးသဖြင့်တစ်ကြောင်း မိုင်ဝက်ခန့်လိုက်မိသောအခါ မျက်ခြည်ပြတ်၍ကျန်ရစ်ခဲ့လေ၏။

ပထမသော် ဂါဆီယာအားပြန်၍ရှာဖွေရန် စိတ်ကူးမိသေး၏။ သို့သော် ဤသို့ရှာဖွေခြင်းမှာ ပုလိပ်ဘက်သို့ပြန်၍သွားခြင်းနှင့် အတူတူပင်ဖြစ်ရကား ကျွန်ုပ်လည်းလက်လျှော့လိုက်ရလေသည်။ ထိုအချိန်၌ ကျွန်ုပ်မှာ အတော်ပင်သွေးအေးသွားပြီဖြစ်၍ ပခုံးစွန်းတွင် ဂါဆီယာထိုးလိုက်သောဓားဒဏ်ရာမှာ အတော်ပင်နာကျင်လာပြီဖြစ်ရကား အိမ်သို့အမြန်ဆုံးပြန်ခဲ့ရလေ၏။ သို့သော် စိတ်ထဲ၌ကား ဂါဆီယာလွတ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မှိန်ခဲမရဖြစ်မိ၏။ ဤကဲ့သို့သောအခွင့်အရေးကို ကျွန်ပ်သည် အချိန်မည်မျှကြာအောင် စောင့်ဆိုင်းရပေဦးမည်နည်း။

နောက်တစ်နေ့နံနက် ကျွန်ပ်သည်ဆရာကြီးထံသို့သွားရောက်လေရာ ဆရာကြီးသည်သွေးအားနည်း၍ ရုတ်တရက်အားပြတ်သောရောဂါကြောင့် အိပ်ရာပေါ်တွင် လဲလျောင်းကာ ရှိနေသည်ကိုတွေ့ရလေ၏။ ကျွန်ပ်လက်မောင်းရင်းမှဒဏ်ရာကိုမြင်သောအခါ ဆရာကြီးလည်း အကျိုးအကြောင်းကိုမေးမြန်းလေသည်။

ဦးကြီး... သည်းခံပြီးနားထောင်ရင် ကျွန်တော့်ဇာတ်ကြောင်းကလေး ပြန်ပြီးပြောချင်ပါတယ် ဦးကြီး၊ ပြီးတော့လည်း ဦးကြီးရဲ့အကူအညီကိုလည်းကျွန်တော်လိုချင်ပါတယ်”

“အင်း...မင်းကိစ္စကအနှာဟောင်းကြီးထင်ပါရဲ့ကွယ်၊ အနှာဟောင်းဆိုတာ ဆရာဝန်တောင် ဆေးကုဖို့အခက်သား၊ ကိုင်း...ပြောစမ်းပါဦး မင်းဇာတ်လမ်း”

ကျွန်ပ်လည်း ဆရာကြီး၏အိပ်ရာနံဘေးတွင်ထိုင်ပြီးလျှင် ကျွန်တော်၏အဖြစ်အပျက်များကို တစ်စုံတစ်ရာချန်လှပ်ခြင်းမရှိဘဲ ကျွန်ပ်အမိအဘများ၏ ရာဇဝင်ကိုလည်းကောင်း၊ ကျွန်ပ်၏မိခင်ကြီးအသတ်ခံရပုံကိုလည်းကောင်း၊ ရန်သူအားတွေ့ရာနေရာတွင်သတ်ရန် ကျွန်ပ် ကျမ်းကျိန်ဆိုခဲ့ပုံကိုလည်းကောင်း၊ နောက်ဆုံး ယမန်နေ့ညက ရန်သူအားတွေ့ရပုံနှင့် မည်သို့မည်ပုံလွတ်မြောက်သွားပုံကိုပါ အစမှအဆုံးတိုင် ခရေစေ့တွင်းကျ ပြောပြလေ၏။ ဆရာကြီးသည် ကျွန်ပ်ပြောသောစကားများကို ဒူးပေါ်တွင် မေးတင်ကာ နားထောင်လျက်ရှိသော်လည်း စကားတစ်ခွန်းမျှပြန်၍ မပြောချေ။ ကျွန်ပ်စကားဆုံးသောအခါမှ...





“အင်း... ငါ့တူကသိပ်မိုက်တာပဲ၊ ဦးကြီးဟာဒီလိုအခက်အခဲနဲ့ကြုံရင် ဦးကြီးကိုလူတွေဟာလာပြီးတိုင်ပင်ကြတယ်၊ တိုင်ပင်တဲ့အတိုင်းလည်း ဦးကြီးကအကူအညီပေးတယ်ဆိုတာ ငါ့တူမျက်စိအောက်တွင်ပဲမဟုတ်လား၊ တခြားသူစိမ်းတွေ ဦးကြီးဆီလာပြီးတိုင်ပင်ကြသေးတာ ငါ့တူကမတိုင်ပင်ဘဲကိုးကွယ်”

“ဒါကတော့ကျွန်တော့်အပြစ်ပါပဲဦးကြီး၊ ပြီးတော့ ဒီအကောင်ကို ကျွန်တော်တစ်ယောက်တည်းကြိတ်ရှာမယ် တွေ့ရင်သတ်မယ်၊ ဘယ်သူ့ကိုမှဒုက္ခမပေးတော့ဘူးလို့နေမိတာပဲခင်ဗျာ...”

“လူဆိုတာ နေရာတိုင်းမာနမကြီးရဘူးကွယ်၊ နားထောင် မင်း ရာဇဝင်ကိုသာ လွန်ခဲ့တဲ့တစ်လလောက်က ငါသိရရင် ဂါဆီယာဟာ အခုလောက်ဆိုရင်သေပြီးပြီ၊ သေတယ်ဆိုရင် ငါ့လက်နဲ့သက်မှာမဟုတ်ပါဘူး၊ ဥပဒေကသတ်လို့သေမှာကိုပြောတာပါ၊ ဒီအကောင် ငယ်စဉ်ကတည်းကငါသိတယ်ကွယ့်၊ နှစ်ခါလောက်ကြိုးပေးခံရမယ်အထိဖြစ်ဖူးတယ်၊ ငါ့လက်ထဲကိုနှာမည်လေးမျိုးနဲ့ လေးငါးကြိမ်လောက် ရောက်လာဖူးတယ်၊ တစ်ခါက ငါ့ဆီကိုတောင် သူ အကူအညီလာတောင်းဖူးတယ်၊ သို့ပေမယ့် သူလုပ်ထားတဲ့အပြစ်တွေက ဘယ်နည်းနဲ့မှသူ့ကိုကူညီနိုင်ဖို့ မရှိတာနဲ့ ငါလည်းမကူညီလိုက်ဘူး၊ ဆယ်မှုလီမှာငါသိတဲ့လူထဲကတော့ ဒီအကောင်ဟာ အယုတ်မာဆုံးအဆိုးဆုံး၊ သနားကြင်နာစိတ် အကင်းမဲ့ဆုံးပဲ၊ အလိမ္မာလွန်ပြီးကောက်ကျစ်စဉ်းလဲတဲ့နေရာမှာတော့ မြေခွေးက သူ့ကို ဆရာတင်ရတယ်၊ အသက်မွေးဝမ်းကျောင်းဆိုတာကတော့ သူရဲ့ ရုတ်မာမှု၊ ညစ်ပတ်မှုနဲ့ စားသောက်နေတာပဲ၊ အဲဒါသာကြည့်ပေတော့ သူ့လက်ချက်နဲ့သေရတဲ့လူလည်း အတော်များပြီ၊ ကိုင်း...သောမတ် သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဒီထက်ပိုသိချင်ရင် ဟိုဗီရိုထဲမှာ ထည့်ထားတဲ့ဦးကြီးရဲ့ သံသေတ္တာကလေးကိုလှမ်းလိုက်စမ်း ဦးကြီးပြမယ်"

ကျွန်ုပ်လည်း ဆရာကြီး၏အမိန့်အတိုင်း အိပ်ရာနောက်ရှိဗီရိုတစ်ခုထဲတွင်ထားသော သံသေတ္တာကလေးကုယူခဲ့ပြီးလျှင် ဆရာကြီးအား ပေးလေ၏။

သေတ္တာအတွင်း၌ကား ဆရာကြီး၏မှတ်တမ်းစာအုပ်များမှာ နံပါတ်စဉ်အတိုင်းတပ်၍ထားရာ ပါဝင်သည့်အကြောင်းအရာများကိုပင် မာတိကာအစီအစဉ်အတိုင်း ရေးမှတ်ထားလေသည်။ သို့သော် စာများမှာမူ သူတစ်ယောက်သာဖတ်နိုင်သည့် စကားဝှက်ဖြင့် ရေးသားထားလေသည်။

"ဟောဒီမှာ မာတိကာစာအုပ်၊ အဲ...ဟုတ်ပြီ၊ အုပ်တွဲ(သုံး) စာမျက်နှာနှစ်ရာတစ်ဆယ်တစ်ကို လှန်စမ်းဟေ့"

ကျွန်ုပ်က အုပ်တွဲနံပါတ်(သုံး)ကိုယူပြီးလျှင် ဆရာကြီးအလို ရှိသောစာမျက်နှာနံပါတ်ကိုလှန်၍ သူ့ရှေ့ခွဲချပေးရာ ဆရာကြီးလည်း စာဝှက်များကိုဖတ်လေသည်။

"ဂျူအင်ဒီဂါဆီယာ...အမြင့်၊ အသွင်အပြင်၊ မိစဉ်ဖဆက် နာမည်လိမ်များ၊ နားထောင်ကွယ့်...ဟောဒါကသူ့ရာဇဝင်"

ဂျူအင်ဒီဂါဆီယာအကြောင်းကို အတိုချုပ်ရေးထားသော ရာဇဝင်မှာ အလွန်သေးငယ်သောစာလုံးကလေးများဖြင့် နှစ်မျက်နှာခန့်ရှိ၍ ကျွန်ုပ်ယခင်ဇာမကြားဘူးသေးသော အဖြစ်အပျက်များစွာပါရှိလေသည်။

ထိုအဖြစ်အပျက်များမှာ ဒီဂါဆီယာ၏ယုတ်မာမှု၊ ညစ်ပတ်မှုများကိုပြည့်စုံစွာရေးထား၍ ဖြစ်ပျက်သည့်နေရာ၊ ရက်စွဲ၊ အကိုးအကား၊ အထောက်အခံ လုံလောက်စွာပါရှိ၏။ နောက်ဆုံးကျူးလွန်သောပြစ်မှုနှ





ခုမှာ သူနှင့်ပြိုင်ဘက်ယောကျ်ားတစ်ယောက်အား ဓားနှင့်ထိုးသတ်ခြင်းနှင့် မိန်းမတစ်ယောက်ကို အဆိပ်ခတ်သောအမှုဖြစ်လေသည်။ အခြားအမှုများမှာလည်း လွန်စွာပင်ယုတ်မာညစ်ညမ်းလှ၍ နားထောင်ရန်ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပေ၏။

"အဲဒါက လူသိရှင်ကြားဖြစ်ခဲ့တဲ့ကိစ္စတွေသာ မှတ်ထားတာကွယ့်၊ ဦးကြီးသာသိတဲ့ကိစ္စတွေ အများကြီးရှိသေးတယ်၊ သူ့ကိုဖမ်းမိရင် အဲဒီလူသတ်မှုတွေထဲကတစ်မှုဟာ သက်သေကောင်းကောင်းကြီး နိုင်လုံပြီးအပြစ်ရနိုင်တယ်၊ ပေးစမ်းဦးကြီးကိုမင်အိုးနဲ့ကလောင်တံ၊ မင့်ကိစ္စကလေးကို ဒီစာမျက်နှာမှာနောက်ဆက်တွဲဆက်ပြီး သွင်းလိုက်ရအောင်"

ကျွန်ုပ်က မင်အိုးနှင့်ကလောင်တံကိုယူပေးသောအခါ ဆရာကြီးသည် အောက်ပါအဓိပ္ပာယ်ပါရှိသောစကားပိုဒ်ကို လျှို့ဝှက်သော အထိမ်းအမှတ်ဖြင့်ရေးသွင်းလေသည်။

"၁၅၁၇ ခုနှစ် မေလတွင် အဆိုပါဒီဂါဆီယာသည် အင်္ဂလန်နိုင်ငံသို့ တန်အရောင်းအဝယ်ကိစ္စတစ်ခုနှင့်လိုက်ပါသွား၍ "နောဖော့" နယ်အတွင်းရှိ ဒစ်ချစ်ဂမ်ရွာကလေးတွင် သူ၏နမဝမ်းကွဲတော်စပ်သူ လူအီဆာဝင်း(ဂ)ဖီး ဆိုသူ စပိန်အမျိုးသမီးတစ်ယောက်ကို ဓားနှင့်ထိုး၍ ရက်စက်စွာသတ်သွားသည်။

"ထိုနှစ်ပင် စက်တင်ဘာလ၌ 'ဒို့နာအက်(စ)ဘဲလား'ဆိုသူ ဆွေတော်မျိုးတော်ထဲမှ မိန်းမတစ်ယောက်အား နာမည်လိမ်တစ်ခုဖြင့် လက်ထပ်ပြီးနောက် စွန့်ပစ်သွားသည်"

ဤသို့ရေးမှတ်ပြီးနောက် ဆရာကြီးသည် ကျွန်ုပ်အား ဖြူယကြင်နာစွာကြည့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့နှစ်ရက်လောက်ကသာ ငါ့တူကြီးအကြောင်း ဦးကြီးသိရရင် ဂါဆီယာဆိုတဲ့အကောင်ဟာ အခုလောက်ဆိုရင် အချုပ်ခန်းထဲရောက်နေပြီကွယ့်၊ သို့ပေမယ့် အခုလည်း သိပ်တော့နောက်မကျသေးပါဘူးထင်ပါရဲ့၊ ကိုင်း...ငါ့တူ မင်းအနာသာဂရုစိုက်ပြီး ဆေးထည့်ချေ၊ ပြီးတော့ ငါ့ဆီကို အစေခံတစ်ယောက်လွှတ်လိုက်စမ်း စာနဲ့လွှတ်စရာရှိတယ်ဟေ့"

ထိုည၌ ဆရာကြီးထံမှအခေါ်ရောက်သဖြင့် ကျွန်ုပ်လည်း သူ့အခန်းသို့လိုက်ပါသွားခဲ့လေ၏။ ဆရာကြီး၏ရောဂါမှာ မသက်သာဘဲ အိပ်ရာပေါ်၌ လဲလျောင်းလျက်ပင်တွေ့ရလေသည်။

"ဦးကြီးတော့မြို့တော်ဝန်ကိုရော ပုလိပ်မင်းကြီးကိုရော အကြောင်းကြားပြီးပြီ၊ ပုလိပ်ဘက်ကတော့ ပိုက်စိပ်တိုက်ပြီးလိုက်လေရဲ့၊ သို့ပေမယ့် ဦးကြီးစိတ်ထင်တော့ ဒီအကောင်ဟာဒီမြို့မှာမရှိတော့ဘူး၊ "ကာဒစ်" ကို လိုက်သွားပြီထင်တယ်၊ သည်တော့ဒီကနေ့ညပဲ 'ကာဒစ်'ကိုဦးကြီးစာရေးလိုက်ဦးမယ်လေ...ငါ့တူသာ ဒဏ်ရာမြန်မြန်ပျောက်အောင်ကုပါ..."

"ကျွန်တော့်ဒဏ်ရာကကိစ္စမရှိပါဘူး ဦးကြီးရယ်၊ မကြီးကျယ်လှပါဘူး၊ ဦးကြီးရောဂါကောတော်တော်သက်သာရဲ့လား"

(သက်ပြင်းချလျက်) "ဦးကြီးရောဂါကတော့သက်သာတယ် မရှိလှပါဘူးကွယ်၊ ဒီလိုနဲ့ တဖြည်းဖြည်းကိစ္စချောမှာပဲထင်ပါရဲ့"

"အဲ့ဒါမလျော့ပါနဲ့ဦးကြီးရယ်...မသေနိုင်ပါဘူး"

"ကိုင်း...ငါ့တူ ညဥ့်နက်ပြီပြန်ပေတော့"

○





## ကံကြမ္မာ

ကျွန်ုပ်အားကိုးခဲ့သော ဆရာကြီး 'ဖွန်ဆီကာ'ကား ကွယ်လွန်သွားရှာခဲ့ပြီဖြစ်ရာ သူ့၌သားသမီးဆွေမျိုးညာတိဟူ၍ ဆက်ခံသူမရှိဘဲ သူပိုင်ဆိုင်သမျှ သက်ရှိသက်မဲ့ပစ္စည်းအားလုံးကို ကျွန်ုပ်အားလွှဲအပ်ခဲ့လေ၏။

သို့နှင့် ကျွန်ုပ်သည် မမျှော်လင့်ဘဲ သူ့စိမ်းတစ်ယောက်၏အမွေအနှစ်ကိုရရှိခဲ့လေသည်။ သို့ဖြစ်၍ကျွန်ုပ်လည်း ထိုပစ္စည်းများကို မည်သို့မည်ပုံသိမ်းဆည်းရမည်ကိုသာ တွေးတောကြံဆလျက်ရှိလေ၏။

တစ်နေ့သ၌ ကာဒစ်မြို့သို့ အင်္ဂလိပ်သင်္ဘောတစ်စင်း ဆိုက်ရောက်လာရာ ထိုသင်္ဘောမှာ ကျွန်ုပ် ယားမောက်မြို့၌စပိန်ပြည်သို့ထွက်လာစဥ်က စီးနင်းလိုက်ပါခဲ့သော အင်္ဂလိပ်ဒနင်းချားရက် သင်္ဘောပင်ဖြစ်ကြောင်း သတင်းရရှိလေသည်။

သို့နှင့် ကျွန်ုပ်သည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသော အဖိုးတန်ပစ္စည်းများနှင့် ဆရာကြီးရေးမှတ်ထားခဲ့သော မှတ်တမ်းစာအုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်သို့ပို့ရန် ကောင်းစွာထုပ်ပိုးချည်နှောင်ပြီးသော ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ထိုသင်္ဘောကပ္ပတိန်ထံသို့လည်း အကျိုးအကြောင်း ရေးသားပြောဆိုသောစာတစ်စောင်ကို တင်ကြို၍ပို့လိုက်လေ၏။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်၏အကြံအစည်အထမမြောက်သေးဘဲ အိမ်သို့ မပြန်မီ ကျွန်ုပ်၏ပစ္စည်းများကို ကျွန်ုပ်အိမ်သားများကစောင့်ရှောက်ထားစေရန် သင်္ဘောကပ္ပတိန်လက်သို့အပ်လိုက်ရန်ဖြစ်လေသည်။

အသုံးလိုသောပစ္စည်းများနှင့် ရွှေဒင်္ဂါးအနည်းငယ်ကို လမ်းစရိတ်အတွက်ယူထားလိုက်ပြီးလျှင် ကျွန်ုပ်လည်း ကျွန်ုပ်ပစ္စည်းများပါသည့် အထုပ်ကြီးကို သင်္ဘောကပ္ပတိန်အား ယခင်ကစီစဉ်ထားသည့်အတိုင်း ပေးအပ်ရန်စီစဉ်လျက်ရှိလေ၏။

ဤကိစ္စပြီးစီးပြီးနောက် ကျွန်ုပ်သည် တစ်နှစ်ခန့်မျှနေထိုင်ခဲ့သော "ဆယ်ဗွလီ"မြို့မှ နောက်ဆုံးထွက်ခွာခဲ့လေသည်။

ကျွန်ုပ်မှာ ထိုမြို့သို့ရောက်စဉ်အခါက ဖခင်ကြီးပေးလိုက်သော ရွှေဒင်္ဂါးငါးဆယ်မှတစ်ပါး မည်သည့်ပစ္စည်းဥစ္စာမျှမရှိသော်လည်း ပြန်၍ထွက်သောအခါ၌မူ သူကြွယ်တစ်ယောက်မျှလောက် ချမ်းသာခဲ့လေပြီ။ ကျွန်ုပ်သည်ထိုမြို့၌ ဂါဆီယာကိုဒုတိယအကြိမ်တွေ့ဆုံ၍ ကျွန်ုပ်လက်မှ လွတ်မြောက်သွားသောနေရာဖြစ်သည့်ပြင် ကျွန်ုပ်၏ကျေးဇူးရှင်ဆရာကြီး 'ဖွန်ဆီကာ'နေထိုင်သောမြို့ဖြစ်ရကား ထိုအကြောင်းများကြောင့် ကျွန်ုပ်သည် ထိုဆယ်ဗွလီမြို့ကို ကျွန်ုပ်အသက်သေသည့်တိုင်အောင် မေ့နိုင်တော့မည်မဟုတ်ချေ။

'ကာဒစ်'မြို့သို့ ချောမောစွာဆိုက်ရောက်ပြီးနောက် ကျွန်ုပ်လည်း သင်္ဘောပေါ်သို့တက်၍ ကပ္ပတိန်နှင့်တွေ့ဆုံလေ၏။ ကပ္ပတိန် ဘဲလား





သည် ကျွန်ုပ်အားစိတ်ရောကိုယ်ပါဆီးကြိုနှုတ်ဆက်ပြီးလျှင် စာတစ်စောင်ကိုပေးလေရာ ထိုစာမှာ ကျွန်ုပ်ဖခင်ကြီးမသေမီကရေးသွားသောစာဖြစ်လေသည်။ ကျွန်ုပ်၏ဖခင်ကြီးမှာ ကျွန်ုပ်အိမ်ကထွက်လာပြီးနောက်လ အနည်းငယ်အတွင်း၌ပင် နလုံးရောဂါဖြင့် သေဆုံးသွားကြောင်း အလောင်းကို ဒစ်ချင်ဂမ်ရွာရှိ ဘုရားရှိခိုးကျောင်းထဲတွင် မိခင်ကြီးအလောင်းနှင့်အတူယှဉ်၍ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြောင်းနှင့် ကပ္ပတိန် ဘဲလားကပြောပြသဖြင့်သိရ၏။

စာထဲတွင် ဖခင်ကြီးကကျွန်ုပ်အား တစ်တိုင်းတစ်ပြည်ကို လွှတ်လိုက်သည်မှာ မှားပြီဖြစ်ကြောင်း၊ မိမိမှာအသည်းကျွမ်း၍နေပြီဖြစ်၍ လူ့ပြည်တွင် တာရှည်နေရတော့မည်မဟုတ်သဖြင့် ကျွန်ုပ်မျက်နှာကိုလည်း မည်သည့်အခါမျှတွေ့မြင်ရတော့မည်မဟုတ်ကြောင်း၊ ကျွန်ုပ်အား စိတ်လိုက်မာန်ပါ တစ်နယ်တစ်မြေသို့လွှတ်လိုက်မိသည်ကို တွေးမိတိုင်း ရင်ထုမနာဖြစ်ရကြောင်း၊ သို့သော် မည်သို့ပင်ဖြစ်စေ နောက်ဆုံး ဘုရားသခင်ကိုသာ ကျွန်ုပ်အားစောင့်ရှောက်စေရန် တိုင်တည်ရတော့မည်ဖြစ်ကြောင်းနှင့် ရေးသားပါရှိလေရာ ကျွန်ုပ်လည်းစာကိုဖတ်ရင်း မျက်ရည်များပင် ကျမိ၏။

ထိုအခါကျွန်ုပ်လည်း မိမိ၏မွေးရပ်ဇာတိဖြစ်သော ဒစ်ချင်ဂမ်ရွာကလေးနှင့်တကွ ပေါက်ဖော်သားချင်း ငယ်ပေါင်းကြီးဖော်များကိုပါ လွမ်းဆွတ်အောက်မေ့မိ၏။ အိမ်နှင့်မိုင်ပေါင်းများစွာဝေးကွာလှသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် မိမဲ့၊ ဖမဲ့၊ အိုးမဲ့၊ အိမ်မဲ့နေရသည့်အဖြစ်ကို လိုက်လိုက်လှဲလှဲကြေကွဲဝမ်းနည်းမိ၏။

သို့သော် ကျွန်ုပ်၏ချစ်လှစွာသောမွေးသမိခင်ကြီးကို သတ်သွားသည့်ရန်သူအား သွေးကိုသွေးချင်းတုံ့ပြန်လက်စားချေရန် မိမိအသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နေသမျှကာလပတ်လုံး လိုက်လံသတိပြတ်ပါတော့မည်ဟု ဘုရားသခင်ကို တိုင်တည်ကာ လေးနက်စွာကျိန်ဆိုထားသောကျိန်စာဖြင့်သာ ကျွန်ုပ်၏ စိတ်ကိုကျွန်ုပ်ဖြေရတော့၏။

ထိုနောက်ကျွန်ုပ်သည် ရှေ့နေတစ်ဦးထံသွား၍ စာချုပ်တစ်ခုကို ရေးဆွဲစေပြီးသော် ထိုစာချုပ်အရ ကျွန်ုပ်ပိုလိုက်သောပစ္စည်းဘဏ္ဍာနှင့် ရွှေငွေရတနာများကို ကျွန်ုပ်အစ်ကိုနှင့်နမတို့က ကျွန်ုပ်ပြန်၍မတောင်းမခြင်း ထိန်းသိမ်းအုပ်ချုပ်ထားရန်ဖြစ်လေသည်။ ဤစာချုပ်ကိုအသင့်ရေးသားပြင်ဆင်ပြီးသော် စပိန်ဘာသာမှအင်္ဂလိပ်ဘာသာသို့ပြန်ဆို၍ ကပ္ပတိန်ဘဲလားနှင့် အခြားသင်္ဘောအရာရှိနှစ်ယောက်တို့အား သက်သေအဖြစ်ဖြင့် လက်မှတ်ရေးထိုးစေပြီးသော် အင်္ဂလန်တွင်ရှိနေသော ကျွန်ုပ်တို့ရှေ့နေ "ဒေါက်တာ ဂရင်းစတုန်း" လက်သို့ ပေးအပ်ရန် ညွှန်ကြားလိုက်လေသည်။

ထိုနောက် ပစ္စည်းများကို စာချုပ်နှင့်အတူ ကပ္ပတိန်တန်ဘဲလား လက်သို့ စပိန်ပြည်သို့ရောက်သည်မှထိုအချိန်အထိ ကျွန်ုပ်ဖြစ်ပျက်သမျှ အကျိုးအကြောင်းများကိုလည်း စာတစ်စောင်ရေးသားပြီးလျှင် ဒေါက်တာ ဂရင်းစတုန်း လက်သို့ပေးအပ်ရန်မှာကြားလိုက်၏။

ဝ

သို့နှင့် အက်ဒဗင်းချားရက်သင်္ဘောသည် ကာဒစ်မြို့ဆိပ်ကမ်းမှ တရွေ့ရွေ့ ထွက်ခွာသွားသည်ကိုကြည့်ရှုရင်း သွားလေသူမိခင်နှင့်ဖခင်တို့အား လွမ်းဆွတ် တသ သတိရသဖြင့်တစ်ကြောင်း မိမိမွေးဖွားရာ ဇာတိဖြစ်သော





ဒစ်ချင်ဂမ်ရွာကလေးနှင့်တကွ ညီအစ်ကိုမောင်နှမ ဆွေမျိုးညာတိမိတ်ဆွေ ဟူသော သင်္ဂဟများကိုအောက်မေ့လှသဖြင့်တစ်ကြောင်း ကျွန်ုပ်မှာ လိုက်လိုက်လှဲလှဲ ဝမ်းနည်း၍လာပြီးလျှင် ကမ်းပေါ်မှနေ၍ မျက်ရည်များပင် ကျမိပါ၏။

ထိုအချိန်၌ စပိန်သင်္ဘောတစ်စင်းသည် "ဟစ်စပင်နီယိုလား" မြို့သို့ ကုန်သွယ်ရန် အမိန့်လိုင်စင်ရပြီဖြစ်၍ ထွက်တော့မည်ဆဲဆဲရှိနေရကား ကျွန်ုပ်လည်း ထိုသင်္ဘောနှင့်လိုက်ပါရန် စိတ်ကူးပေါက်ခဲ့သည့်အတိုင်း အနောက်အိန္ဒိယကျွန်းစုတွင် ရောင်းချ၍ကောင်းမည့်ကုန်များကိုဝယ်ယူပြီးလျှင် "ဒီအေလာ" ဟူသော စပိန်အမည်ကိုယူ၍ ထိုသင်္ဘောနှင့်လိုက်ပါရန်ပြင်ဆင်လျက်ရှိလေ၏။ ထိုအချိန်၌ကား ကျွန်ုပ်မှာ စပိန်ဘာသာကို ရေလည်စွာပြောနိုင်ပြီဖြစ်သည့်ပြင် စပိန်ပြည်တွင်အနေကြာသဖြင့် ရုပ်ဟန်အသွင်အပြင်အားဖြင့်လည်း စပိန်လူမျိုးတစ်ယောက်နှင့် ရွေး၍ရချေ။

သင်္ဘောလွှင့်ခရီးစဉ်၏အကြောင်းကို အစဉ်အကျယ်ချဲ့၍ရေးသားရန်မလိုပေ။

ကျွန်ုပ်တို့သင်္ဘောသည် "ကနေရီ" ကျွန်းစုတွင် တစ်လခန့်မျှ ဆိုက်ကပ်နေပြီးနောက် 'ဟစ်စပင်နီယိုလား' မြို့ဘက်သို့လွှင့်ခဲ့ရာ အစဉ်ငြိမ်သက်သာယာသောရာသီဥတုနှင့်တွေ့ရပြီးနောက် သင်္ဘောထွက်၍ 'ဆန်ဒိုမင်နို' မြို့ဘက်သို့ ခုနစ်ရက်ခန့်မျှလွှင့်မိလေသော် ဥတုရာသီသည် တဖြည်းဖြည်းကြမ်း၍လာသည်ကိုတွေ့ရ၏။

မြောက်ဘက်မှ တိုက်ခတ်လာသောလေသည် မုန်တိုင်းဖြစ်သို့ ပြောင်းကာ ကျွန်ုပ်တို့၏သင်္ဘောသည် အလွန်ကြီးမားသောလှိုင်းလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



များအကြားတွင် ကစဥ့်ဆွာလျားလွှင့်စင်မျောပါလျက်ရှိလေ၏။ သို့နှင့် ကပ္ပတိန်နှင့်တကွသင်္ဘောအရာရှိများသည် သင်္ဘောကိုနိုင်နင်းအောင် မအုပ်ချုပ်နိုင်တော့ဘဲရှိရာ မငြိမ်သက်ခဲ့ပါမူ သင်္ဘောမှာမုချပျက်စီးရတော့မည့်အဖြစ်ကိုသိရလေ၏။

ကျွန်ုပ်တို့သင်္ဘောမှာ အဆက်နေရာများမှ ရေများယိုလျက်၊ ရွက်တိုင်တစ်ခုမှာ သင်္ဘောကုန်းပတ်အထက်ပေနှစ်ဆယ်ခန့် ကွာသည့်နေရာမှ ပြတ်၍ကျသွားလေရာ လှိုင်းလုံးတစ်လုံးသည် သင်္ဘောနောက်ပိုင်းကို အရှိန်နှင့်ရိုက်ပုတ်လိုက်ပြီးနောက် တက်မကိုကျိုးထွက်သွားစေ၏။

သို့နှင့် သင်္ဘောသည် ပြင်းထန်သောလှိုင်းလုံးများအကြားတွင် နိုကိုးရာမဲ့ မျောပါလျက်ရှိစဉ် တစ်ကြိမ်၌ လှိုင်းလုံးကြီး တစ်လုံးသည် သင်္ဘောကို တစ်ခါတည်းလွှမ်းသွားပြီးနောက် သင်္ဘောကပ္ပတိန်နှင့် အရာရှိတစ်ယောက်သည် ပင်လယ်ထဲသို့ပါသွားလေ၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့ တဖြည်းဖြည်းနစ်မြုပ်တော့မည်မှတစ်ပါး အံခြားတွေးတောရန် မရှိတော့ချေ။

ထိုနောက် သင်္ဘောသားတို့၏ထူးဆန်းသောအပြုအမူကို တွေ့မြင်ရ၏။ သင်္ဘောသားတို့သည် သေရမည့်ဘေးကိုကြောက်ရွံ့ကြသဖြင့် အရက်စည်များမှအရက်များကိုဖောက်ယူကာ အလွန်အကျွံမူးအောင် သောက်ကြပြီးနောက် အချို့လည်း ထိုမှဤမှပြေးလွှားကုန်လျက်၊ အချို့လည်း ဟစ်အော်ငိုယိုကုန်လျက်၊ အချို့လည်း ဆုမွန်တောင်းလျက်၊ အချို့လည်း ဘုရားသခင်အားကျိန်ဆဲလျက် သင်္ဘောတစ်စင်းလုံးမှာ ပြေးသံ၊ လွှားသံ၊ ဟစ်အော်ငိုယိုသံတို့ဖြင့်ဆူညံကာ ကမ္ဘာပျက်သကဲ့သို့ ရုတ်ရုတ်ရက်ရက်ရှိနေတော့၏။





အရက်မသောက်ဘဲကျန်နေသော သင်္ဘောသားအချို့သည် လှေနှစ်စင်းကိုချ၍ မိန်းမများနှင့်ကလေးများကို ကယ်ဆယ်ရန်ကြိုးစားလျက်ရှိကြရာ ကျွန်ုပ်နှင့်ဘုန်းကြီးတစ်ပါးသည်လည်း ဝင်ရောက်ကူညီလျက်ရှိလသည်။ သို့သော် ဤအလုပ်မှာလွယ်ကူသောအလုပ်မဟုတ်ပေ။ မူး၍နေသောသင်္ဘောသားများသည် မည်သူ၏စကားကိုမျှမနာယူဘဲ လှေထဲသို့ခုန်၍ချလေရာ ပထမလှေမှာမှောက်၍သွားပြီးနောက် လှေပေါ်ရှိလူများမှာ လှေနှင့်အတူမြုပ်၍သွားလေ၏။

ထိုအခါ၌ သင်္ဘောမှာနစ်မြုပ်ရန် တစ်ဘက်သို့စောင်းလာပြီဖြစ်၍ ကျွန်ုပ်တို့နှစ်ယောက်သည် အခြားပြုလုပ်ရန်မမြင်တော့သဖြင့် ရေထဲသို့တစ်ခါတည်းခုန်၍ချလိုက်ပြီးလျှင် ဒုတိယလှေဆီသို့ကူးခတ်ကြလေ၏။ ကျွန်ုပ်မှာ ရေကူးသန်သူတစ်ယောက်ဖြစ်သည့်အတိုင်း လှေသို့ရောက်သွားပြီးလျှင် ဘုန်းကြီးအားရေမနစ်မီ ဆယ်ယူလိုက်ရ၏။

ထိုအချိန်၌ကား သင်္ဘောပဲ့ပိုင်းသည်ရေပြင်ပေါ်သို့ထောင်၍တက်လာပြီးလျှင် တဖြည်းဖြည်းနံဘေးသို့စောင်း၍လာပြီဖြစ်ရာ ကျွန်ုပ်လည်း လဲကျမည့်သင်္ဘောမှလွတ်ရန် လှေကိုကိုက်အနည်းငယ်မျှ ကြိုးစားလှော်ခတ်ကြလေ၏။ ထိုခဏ၌ သင်္ဘောပဲ့ပိုင်းမှထောင်ကာ ရေပေါ်တွင် မိနစ်အနည်းငယ်မျှရှိနေပြီးနောက် တစ်ခါတည်း စောင်း၍လဲကျသွားလေရာ သင်္ဘောနှင့်အတူ နစ်ရာခန့်မျှသင်္ဘောသားတို့သည် ရေအောက်သို့ပါသွားကြလေကုန်၏။

ထိုအခါ သင်္ဘောပေါ်မှသင်္ဘောသားတို့၏ တစ်ပြိုင်နက်ဟစ်အော်လိုက်သောအသံကြီးသည် ကျွန်ုပ်တို့လှေပေါ်မှ မိန်းမများ၊ ကလေးများ အော်သံနှင့်ရောစပ်ကာ နားကွဲလုမတတ် ဆူညံစွာကြားလိုက်ရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်၍သွားလေသည်။ သဘော်နစ်မြုပ်ရာရေပြင်ပေါ်၌ကား အမှိုက်သရိုက်များ၊ သစ်သားအတိုအစ အပိုင်းအပြတ်များဖြင့် ပြည့်လျက်ရှိကုန်၏။ ကျွန်ုပ်တို့သည် ထိုနေရာ၌ တက်တစ်ခုတွင်ငြိတွယ်ကပ်ပါလာသော ကလေးတစ်ယောက်သာ ကယ်ဆယ်နိုင်ပြီးလျှင် အခြားလူသူဟူ၍ အစ၊ အနမျှမတွေ့မမြင်ရချေ။

ထိုအချိန်၌ လှိုင်းလုံးများမှာ တလိမ့်လိမ့်ရှိနေသေးပြင် အချိန်မှာလည်း တဖြည်းဖြည်းမှောင်စပြုလာပြီဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အသက်ဘေးမှချမ်းသာရန် ထိုနေရာမှဝေးအောင် အားစိုက်လှော်ခတ်ကြရကုန်၏။

လှေပေါ်၌ကား လူပေါင်းဆယ်ယောက်ရှိသည့်အနက် ယောကျ်ားဟူ၍ ကျွန်ုပ်နှင့်ဘုန်းကြီးတစ်ပါးသာရှိလေသည်။ သို့နှင့် ကျွန်ုပ်တို့မှာ ဟစ်အော်ငိုယိုလျက်ရှိသော မိန်းမများထံမှအကူအညီဟူ၍ မျှော်လင့်ရန်မရှိဘဲ ကျွန်ုပ်တို့သာလျှင် လှေဦးကိုလှိုင်းများရှိရာအရပ်သို့ ဦးတိုက်ခံကာ ထိုရှည်ကြာလှစွာသော ညဥ့်အချိန်ကို ပင်ပန်းကြီးစွာကုန်လွန်ရစေ၏။ ကျွန်ုပ်မှာ လှေမမှောက်ရန်ကိုသာဂရုစိုက်၍ လှိုင်းလုံးများအလာကို လှေဦးဖြင့် အလိုက်သင့်ခံ၍နေစဉ် မိန်းမများသည်သေခါနီးဆဲဆဲအချိန်၌ မိမိတို့အပြစ်များကို ဝန်ခံလေ့ရှိသည့်အတိုင်း ဘုန်းကြီးသည် မိန်းမတစ်ယောက်စီ၏ ဝန်ခံချက်များကိုယူရသေး၏။

သို့ဖြင့် အလွန်ရှည်လျားလှသောညဥ့်ကြီးသည် တဖြည်းဖြည်းကုန်လွန်၍သွားလေရာ အလင်းရောင်များသည် အရပ်လေးမျက်နှာမှပေါ်လာပြီးနောက် နေမင်းသည် ရေမျက်နှာပြင်မှထွက်ပြူ၍လာသည်ကိုမြင်ရသဖြင့် ကျွန်ုပ်တို့မှာ တညဉ့်လုံး ခိုက်ခိုက်တုန်အောင်အေးလျက်ရှိရကား





နေရောင်ကိုမြင်ရသည်နှင့်တစ်ပြိုင်နက် များစွာဝမ်းမြောက်ကြရကုန်၏။

သို့သော် ကျွန်ုပ်တို့ဝမ်းမြောက်ခြင်းကားများစွာမကြာလှချေ။ နေသည်ခပ်နိမ့်နိမ့်ရှိစဉ်က အတောပင်နွေး၍လာပြီးလျှင် ခံသာရုံမျှသာရှိသော်လည်း တဖြည်းဖြည်းမြင့်တက်လာသောအခါ၌မူ ကျွန်ုပ်တို့မှာ ကုန်းပေါ်သို့တင်၍ နေလှန်းသောငါးများကဲ့သို့ ဖျပ်ဖျပ်လူးမျှပူလောင်လျက်ရှိကြကုန်၏။ ရေငတ်လိုက်သည့်ဖြစ်ခြင်းမှာလည်း ပြောစရာမရှိတော့ချေ။ ကျွန်ုပ်တို့၏လျှာနှင့်နှုတ်ခမ်းများမှာလည်း သစ်ရွက်ခြောက်များကဲ့သို့ ရှိနေလေ၏။

ကျွန်ုပ်တို့တက်များဖြင့် လှော်ခတ်နိုင်သည့်ပြင် အဝတ်တစ်ခုကို တက်တစ်ချောင်းဖြင့်ထောင်ကာ ရွက်တိုင်သဖွယ်ပြုလုပ်ထားသေးသည်ဖြစ်ရကား လေသည်လည်း အတော်ပင်တိုက်ခတ်လျက်ရှိသောကြောင့် ကျွန်ုပ်တို့လှေကလေးမှာ ဦးတည်ရာသို့ အရှိန်ပြင်းစွာဖြင့်ပြေးသွားလျက်ရှိ၏။ သို့သော် မည်သည့်အရပ်သို့ဦးတည့်၍ သွားနေသည်ကိုမူကား မသိရချေ။

နေသည်မြင့်၍လာလေလေ ပူပြင်း၍လာလေလေဖြစ်သဖြင့် နေမွန်းတည့်အချိန်သို့ရောက်လတ်သော် နေမင်းသည် ကျွန်ုပ်တို့ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးကျရောက်ပြီဖြစ်၍ ကျွန်ုပ်တို့မှာ မီးဖိုနံဘေးတွင်ထားအပ်သောငါးအရှင်များကဲ့သို့ တွန့်လိမ်ကောက်ကွေးလျက်ရှိကြကုန်၏။ နေမွန်းတည့်အချိန်မတိုင်မီ ကလေးတစ်ယောက်သည် သေဆုံးသွား၍ ပင်လယ်ထဲသို့ပစ်ချလိုက်ရလေသည်။

သုံးနာရီခန့်ကြာသောအခါ သားသည်အမေတစ်ယောက်သည် ပင်လယ်ရေကို လက်ခုပ်ဖြင့်ခပ်ယူ၍သောက်လေရာ ပထမ၌အနိုက်အတန့်အားဖြင့် ရေငတ်ပြေသကဲ့သို့ရှိသော်လည်း တစ်ခဏမျှကြာလတ်သော်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှထ၍ခုန်လျက်ရှိလေ၏။ မိန်းမကြီးကား ရှူးသွပ်၍သွားခဲ့လေပြီ။ ထိုနောက် ဝိုင်း၍ဆွဲထားသူများလက်တွင်းမှ အတင်းရုန်းကန်ထွက်ကာ ပင်လယ်ထဲသို့ခုန်၍ချလိုက်ပြီးလျှင် နစ်မြုပ်သွားလေ၏။

မွန်းတိမ်းချိန်၌ကား ကျွန်ုပ်နှင့်ဘုန်းကြီးသာလျှင် လှေပေါ်တွင်ထိုင်၍နေနိုင်သောအခြေအနေရှိလျက် ကျန်မိန်းမများမှာမူ လှေဝမ်းထဲတွင် တစ်ယောက်အပေါ်တစ်ယောက်ထပ်၍လဲကျကာ ခပ်တိုးတိုးမျှညည်းညူလျက်ရှိကြကုန်၏။

နောက်ဆုံး၌ နေမင်းသည် တဖြည်းဖြည်းကျဆင်း၍သွားပြီးလျှင် မီးလုံးကြီးကို ရေပြင်ထဲတွင် နှစ်၍ပစ်လိုက်ဘိသကဲ့သို့ တစ်ခါတည်း ပျောက်၍သွားလေ၏။ ရာသီဥတုသည်လည်း နေ့အခါတွင်မူခဲ့သလောက်အေး၍လာပြန်လေသည်။

ညည့်အချိန်တွင် မိုးများရွာလိမ့်နိုးအထင်ဖြင့် မျှော်လင့်စောင့်ဆိုင်းကာရှိနေကြသော်လည်း အထင်နှင့်အမြင်လွဲကာ တစ်ပေါက်တလေမျှ မရွာသွန်းခဲ့ချေ။ သို့နှင့်နောက်တစ်နေ့နံနက်သို့ရောက်လာပြီးလျှင် အကယ်၍ထိုနေ့၌ အကူအညီမရခဲ့ပါမူ ကျွန်ုပ်တို့မှာတစ်ခါတည်းကိစ္စချောရပေတော့မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မှာဘုရားသခင်ကိုသာ နောက်ဆုံးတမ်းတခြင်းဖြင့် တမ်းတလျက်ရှိကြရလေသည်။

နေထွက်ပြီးနောက်တစ်နာရီခန့်အကြာတွင် ကလေးတစ်ယောက်သေဆုံးသွားပြန်၍ ပင်လယ်တွင်းသို့ပစ်ချရပြန်၏။ ထိုအချိန်၌ ကျွန်ုပ်သည်အတော်ဝေးသောအရပ်၌ သင်္ဘောတစ်စင်းကိုမြင်ရလေရာ စိတ်ထင်အားဖြင့် ထိုသင်္ဘောသည် ကျွန်ုပ်တို့လှေနှင့်နှစ်မိုင်ခန့်အကွာမှဖြတ်သန်းသွားမည်ဟုထင်ရလေသည်။





သို့နှင့် ကျွန်ုပ်တို့သည် အားတက်၍လာပြီးလျှင် လှေကို ထိုသင်္ဘောသွားမည်ထင်ရသောလမ်းကြောင်းကိုဖြတ်နိုင်ရန် ကြိုးစားလှော်ခတ်လျက်ရှိကြကုန်၏။ နေသည်မီးလုံးကြီးတမျှ အကာအကွယ်မရှိသော ကျွန်ုပ်တို့အပေါ်သို့ဖြတ်သန်းကာ ၎င်း၏အရှိန်များကို အစွမ်းကုန်လွှတ်လျက်ရှိနေရကား နေ၏အရောင်သည့်ပင်လျှင် မီးလျှံတမျှပူလှပေ၏။ ကျွန်ုပ်တို့၏ပါးစပ်များမှာလည်း ဖူးဖူးယောင်၍ကွဲအက်ပြီးလျှင် သွေးများပင်ထွက်လျက်ရှိနေပေပြီ။

သို့သော် သင်္ဘောရှိရာသို့ ကျွန်ုပ်တို့မှာ တရွေ့ရွေ့နီးကပ်လာခဲ့ပြီဖြစ်၍ သင်္ဘောကြီးမှရွက်တိုင်အရိပ်ပင် ကျွန်ုပ်တို့လှေပေါ်သို့ထိုးလာခဲ့ပြီဖြစ်ရာ ကျွန်ုပ်တို့လည်း သင်္ဘောနံဘေးသို့တတ်နိုင်သမျှ နီးကပ်စွာလှော်ခတ်သွားလေ၏။ ဘုရားသခင်သည်ဒုက္ခသည်များအား ကြည့်၍မနေရှာပေ။ နောက်ဆုံးတွင် ကျွန်ုပ်တို့အသက်ဘေးမှချမ်းသာရန် စောင်မကြည့်ရှုခဲ့ပေပြီ။

သင်္ဘောသားများသည် သင်္ဘောနံဘေးတွင်ရပ်ကာ စပိန်ဘာသာဖြင့် ကျွန်ုပ်တို့အား ကြည့်ရှုပြောဆိုလျက်ရှိကြကုန်ရာ သင်္ဘောသားအချို့လည်း ကြိုးလှေကားတစ်ချောင်းကို သင်္ဘောဘေးသို့ချပေး၍ ကျွန်ုပ်နှင့်ဘုန်းကြီးက ရှေးဦးစွာတက်ရ၏။ မည်သို့မည်ပုံသင်္ဘောပေါ်သို့ ရောက်သွားသည်ကိုပင် ကျွန်ုပ်မှာမမှတ်မိတော့ဘဲ ရွက်တိုင်အရိပ်အောက်၌ တစ်ယောက်တည်းလဲလျောင်းကာ လူတစ်ယောက်သည် ကျွန်ုပ်ပါးစပ်ထဲသို့ အရက်အနည်းငယ်နှင့် ရေများတစ်ခွက်ပြီးတစ်ခွက် လောင်းထည့်နေသည်ကိုသာ ကောင်းစွာသတိရလေသည်။ လှေထဲတွင် အသက်မသေဘဲ ကျန်ရှိနေသည့်မိန်းမများကိုလည်း သင်္ဘောပေါ်သို့တင်ယူကြောင်း နောင်အခါမှကျွန်ုပ်သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာရေကိုအဝသောက်ပြီးနောက် အစာကိုပင်မစားနိုင်ဘဲ ကျွန်ုပ်၏ဦးနှောက်များမှာ ချာချာလည်သကဲ့သို့ဖြစ်၍ သွားပြီးလျှင် အတန်ကြာမျှ မိန်းမော၍သွားသောကြောင့်ပေတည်း။

ကောင်းစွာသတိရလာပြီးနောက် ကျွန်ုပ်သည် လက်လှမ်းမီတွင် တွေ့ရသော လင်ပန်းတစ်ခုနှင့်ထည့်ထားသည့်အစားစာများကို နှစ်ခြိုက်စွာစားပြီးလျှင် 'ရမ်' ခေါ် အရက်တစ်ခွက်ကိုလည်း သောက်လိုက်သေး၏။

အစားအစာများကိုကျွန်ုပ်စားသောက်လျက်ရှိစဉ်က သင်္ဘောသားများသည် တစ်နေရာတွင်စုရုံးလျက်ရှိကြရာ ၎င်းတို့၏ခြေရင်း၌ကားတစ်ကိုယ်လုံးမည်းနက်လျက်ရှိသော လူတစ်ယောက်အလောင်းသည် ကြမ်းပေါ်တွင် စန့်စန့်ကြီးရှိနေသည်ကိုမြင်ရသဖြင့် ကျွန်ုပ်မှာ ဖျတ်ခနဲလန့်၍သွားမိသေး၏။ တစ်ခဏမျှကြာလတ်သော် သင်္ဘောသားအချို့သည် အလောင်းကိုချီမကာ ပင်လယ်ထဲသို့ပစ်ချလိုက်လေသည်။

ထိုကိစ္စပြီးသည့်နောက် သင်္ဘောသားများအနက်မှ အဝတ်အစားအားဖြင့် သင်္ဘောအရာရှိဖြစ်ဟန်တူသော လူသုံးယောက်သည် ကျွန်ုပ်ထံသို့လာလျက်ရှိရာ အနီးသို့ရောက်သောအခါ ကျွန်ုပ်လည်း သူတို့အားတွေ့ဆုံရန်မတ်တတ်ရပ်လိုက်လေ၏။

သူတို့အနက်အရပ်အမြင့်ဆုံးသောသူက ကျွန်ုပ်အား "ဘယ့်နှယ်လည်း ဆီနီယား... (*'ဆီနီယား' သို့မဟုတ် 'ဆီညော' ဟူသောစကားမှာ အင်္ဂလိပ်ဘာသာဖြင့် လူကြီးလူကောင်းများအား ရှေ့က 'မစ္စတာ' တပ်၍ခေါ်သကဲ့သို့လည်းကောင်း၊ မြန်မာဘာသာဖြင့် 'ဦး' တပ်၍အရိုအသေခေါ်ဝေါ်သကဲ့သို့လည်းကောင်း၊ စပိန်ဘာသာဖြင့်ခေါ်ခြင်းဖြစ်သည်။*) "ခင်ဗျားကို အသက်ဘေးကကျွန်ုပ်တို့သင်္ဘောက ကယ်လိုက်ရတဲ့အတွက်





ထိုလူသည် စကားကိုရုတ်တရက်ဖြတ်လိုက်ပြီးလျှင် ကျွန်ုပ်မျက်နှာကို ယခင်ကထက်နီးကပ်စွာကြည့်လျက်...

"အလို ဘုရားရေ...လတ်စသတ်တော့ 'ဆီနီယား သောမတ်(စ်)ဝင်းဂဖီး' ပါကလား၊ ကျွန်ုပ်ဆလံပေးပြီးအရိုအသေပြုပါတယ်ခင်ဗျာ"

ထိုနောက် 'ဒီဂါဆီယာ' သည် သူ့အဖော်များဘက်သို့လှည့်ပြီးနောက်

"ကြည့်ကြစမ်းမိတ်ဆွေတို့ ဒီအကောင်ဟာ ကျုပ်တို့လို စပိန်လူမျိုးမဟုတ်ဘူးဗျ၊ အင်္ဂလိပ်တစ်ယောက်ဗျ၊ အင်္ဂလိပ်ဘုရင်ရဲ့အခကိုစားနေတဲ့အကောင်၊ နောက်ဆုံးဒီအကောင်ကို ဆယ်ဗွလီမြို့လမ်းတစ်လမ်းမှာတွေ့လိုက်ရတယ်ဗျ၊ ကျုပ်ကသူ့အကြောင်းသိတာနဲ့ ဆိုင်ရာပုလိပ်ကိုတိုင်မယ်လုပ်တော့ ကျုပ်ကိုသတ်မယ်ကြံပြီးတစ်ခါတည်းထွက်ပြေးပါလေရောလားဗျာ၊ အမယ်မင်း မောင်မင်းကြီးသား အခုမှတွေ့ရပေတော့တယ်၊ ဘယ်လိုကဘယ်လိုဖြစ်ပျက်လာတယ်ဆိုတာတော့ သူ့ဇာတ်လမ်းသူအသိဆုံးပေါ့"

"အဲဒါခင်ဗျားလိမ်တာ၊ ကျုပ်ဟာ ဘယ်သူ့လခစားမှမဟုတ်ဘူး၊ အခုသင်္ဘောလွှင့်ခဲ့တာလည်း ကျုပ်မှာရည်ရွယ်ချက်တစ်ခုပဲရှိတယ်၊ အဲဒီရည်ရွယ်ချက်ဟာ ခင်ဗျားကိုရှာဖို့ရည်ရွယ်ချက်ပဲ"

"အခုကျုပ်ကိုတွေ့တော့ ခင်ဗျားရည်ရွယ်ချက်အောင်မြင်တယ်ဆိုရမှာပေါ့၊ ဟား...ဟား...ကြည့်ကြသေးတာပေါ့လေ၊ နို့... ခင်ဗျားသာ သောမတ်(စ)ဝင်းဂဖီးဖြစ်တယ်ဆိုတာရယ်၊ အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်တယ်ဆိုတာရယ်ငြင်းနိုင်ရဲ့လား"

"ကျုပ်မငြင်းပါဘူး၊ အဲဒါဘာဖြစ်သလည်း ကျုပ်..."

(စ ကား မ ဆုံး မီ) "တစ်ဆိတ်နားထောင်ပါဦးလေ၊ ခင်ဗျားဟာ 'ဖိုက်ဝန်း' ဆိုတဲ့သင်္ဘောမှာ ခင်ဗျားနာမည်ကို 'ဒီအေလာ' လို့ စပိန်နာမည်

www.burmeseclassic.com



နဲ့လိုက်လာတယ်၊ ကိုင်းလေ... ငြင်းနိုင်သေးရဲ့လား၊ ခင်ဗျားနဲ့အတူပါတဲ့ ဘုန်းကြီးဆီကကျုပ်အားလုံးသိပြီးပြီ၊ ဟုတ်တယ်မဟုတ်လား”

“ကျုပ်ကိစ္စနဲ့ကျုပ်လာတာ ခင်ဗျားအလုပ်မဟုတ်ပါဘူး ဒီဂါဆီယာရဲ့”

“ကျုပ်နာမည် ဒီဂါဆီယာ မဟုတ်ပါဘူး ဆီနိယား...ကျုပ်နာမည်က ‘ဆာဆီဒါ’တဲ့၊ ဟောဒီကမိတ်ဆွေတွေကိုကျုပ်သက်သေပြနိုင်တယ်၊ ခင်ဗျားပြောတဲ့ ဒီဂါဆီယာ ဆိုတဲ့လူတစ်ယောက်ကိုတော့ ကျုပ်သိဖူးပါတယ်၊ သို့ပေမယ့် သူ့အခုမရှိတော့ဘူး သေပြီ”

“ခင်ဗျားလူလိမ်...အခုပြောတာလိမ်တာ...”

စကားမှုမဆုံးမီ ဒီဂါဆီယာ၏အဖော်တစ်ယောက်သည် ကျွန်ုပ်၏ပါးစပ်ကိုပိတ်၍ချုလိုက်လေ၏။

“ဒီလိုမကြမ်းစမ်းပါနဲ့ကိုယ့်လူတို့ရယ်... သည့်လောက်အောက်တန်းကျတဲ့ခွေးကောင်မျိုးကိုရိုက်ရလို့ ခင်ဗျားတို့လက်သနပါတယ်၊ တကယ်လို့ ရိုက်ချင်ရင်တုတ်ကလေးဘာလေးနဲ့ရိုက်ပေါ့၊ ဒီကောင်ဟာ အင်္ဂလိပ်လူမျိုးဖြစ်ရဲ့သားနဲ့ စပိန်လူမျိုးအဝတ်အစားနဲ့ နာမည်ကလည်း စပိန်နာမည်နဲ့ခရီးသွားတာ သူမငြင်းဝံ့ဘူး၊ ဒီတော့... ကျုပ်တို့အဖ စပိန်နိုင်ငံကြီးရဲ့ရန်သူပေါ့၊ ဒီဟာတွင်မကသေးဘူး၊ ကျုပ်ကျိန်ပြီးပြောဝံ့ပါတယ်၊ ဒီအကောင်ဟာ အခစား၊ ကျုပ်အသက်ကိုရန်ရှာတဲ့အကောင်၊ ကျုပ်ကိုသေကြောင်းကြံတဲ့အကောင်ပေါ့၊ ကိုင်းသည်တော့ ဥပဒေအရအားဖြင့် ခင်ဗျားတို့ကျုပ်တို့ဟာ ဒီမှာတရားသူကြီးပဲ၊ သို့ပေမယ့် ကျုပ်ကို ဒီလိုခွေးစုတ်မျိုးက လူလိမ်လို့ခေါ်ထားတဲ့အချက်ကရှိတော့ ကျုပ်ဝင်ပြီးစီရင်ရရင် မတရားရာရောက်မယ်၊ သည်တော့ခင်ဗျားတို့ပဲ ဒီတရားကိုကြည့်ပြီးစီရင်ကြပါတော့”





ကျွန်နုပ်ခုခံပြောမည်ကြံသေး၏။ သို့သော် ကျွန်ုပ်အား လက်ဝါးနှင့်ရိုက်သူ မျက်နှာထားဆိုးဆိုးနှင့်အရာရှိသည် သူ၏ဓားကိုဆွဲထုတ်ကာ ကျွန်ုပ်အား စကားတုံ့ပြန်မပြောရန် ခြိမ်းခြောက်သည်နှင့် ကျွန်ုပ်လည်း တိတ်ဆိတ်နေရလေ၏။

ဒုတိယလူက “ကျုပ်တော် ဒီလိုစိတ်ကူးတယ်ဗျို့... အင်္ဂလိပ်ဆိုတာ ကျုပ်တို့နိုင်ငံရဲ့ရန်သူဗျ၊ ရွက်တိုင်ထိပ်မှာကြိုးချည်ပြီး ဖွဲကြိုးချသတ်ပေါ့ဗျာ”

ထိုသူသည် ကျွန်ုပ်၏မျက်နှာမှ သင်္ဘောရွက်တိုင်ထိပ်ကိုမော့၍ကြည့်သေး၏။ ဒီဂါဆီယာမှုကား ကျွန်ုပ်ကိုဂရုမစိုက်သည့်ဟန်ဖြင့် တခြားအက်သို့လှည့်ပြီးလျှင် ဟန်လုပ်ကာလေချွန်လျက်ရှိလေသည်။

တတိယလူက “ကျုပ်ကတော့အကြံတစ်မျိုးရတယ်ဗျို့၊ ကြိုးပေးတယ်ဆိုတာ အင်မတန်လူမြင်တဲ့ကိစ္စဗျာ၊ တော်တော်ကြာတောင်မေးမြောက်မေးနဲ့ ဖြေရှင်းရတာအလုပ်တစ်ခုပဲ၊ ဒီအကောင်ကြည့်ရတာ အသက်သာငယ်တယ် လူကတော့ အတော်တောင့်တင်းသန်မာတဲ့အကောင်၊ အလုပ်ကြမ်းခိုင်းဖို့တော့ ဒီဗလမျိုးကိုလူအကြိုက်ဆုံးပေါ့၊ သည်တော့ ကျုပ်တို့သင်္ဘောမှာပါတဲ့ အခြားရောင်းဖို့ ‘ကျွန်’တွေနဲ့အတူရောင်းရုံပေါ့၊ ကျုပ်ကိုရောင်းရင်လည်းရောင်းပါဗျာ၊ ကျုပ်ခြံမှာ ဒီကျွန်မျိုးတစ်ယောက်လိုပါတယ်...”

ဒီဂါဆီယာမှာ ကျွန်ုပ်၏အသက်ကိုချမ်းသာပေးရမည့်အတွက် မကျေနပ်ဟန်ရှိသော်လည်း မျက်နှာမပျက်စေရန်ကြိုးစားလျက်...

“ယူပါဗျ... ယူပါ၊ ခင်ဗျားယူရင်အဖိုးပေးမနေပါနဲ့ အလကားယူပါ၊ သို့ပေမယ့် တစ်ခုတော့သတိထားဗျို့၊ သခင်ပေမယ့်လစ်ရင် နောက်ကျောကို ဓားနဲ့ထိုးမယ့်အကောင်၊ ဒါတစ်ခုပဲ ကျုပ်သတိပေးချင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာနားလည်ပါပြီ၊ သူထိုးနိုင်ထိုးပါစေလေ၊ သူကပဲ ထိုးနိုင်မလား ကျုပ်ကပဲထိုးနိုင်မလား ကြည့်ကြသေးတာပေါ့၊ ဒါထက် သူ စံရမဲ့နေရာကလေးကိုပို့လိုက်ပါရစေဦး၊ ဟေ့...သင်္ဘောသားတစ်ယောက် လာစမ်းဟေ့၊ ဟောဒီကအင်္ဂလိပ်ခွေးအတွက် သံခြေကျဉ်းတစ်စုံယူခဲ့ စမ်းကွယ်၊ ပြီးတော့ အောက်ထပ်ကငရဲပြည်ကိုပို့လိုက်စမ်းပါ"

ထိုသူသည် သင်္ဘောသားတစ်ယောက်အား အမိန့်ပေးလိုက်ရာ သင်္ဘောသားသည် သံကွင်းတစ်စုံကိုယူခဲ့လေ၏။ ထို့နောက် အဝတ်အစား များကိုလှန်လှောရှာဖွေပြီးလျှင် တွေ့သမျှသောရွှေဒင်္ဂါးကလေးများကို သိမ်းယူပြီးနောက် ကျွန်ုပ်အားသံခြေချင်းခတ်ခြင်း၊ လည်ပင်းတွင် သံကွင်း တစ်ကွင်းကိုစွပ်၍ပေးခြင်းများကိုပြုလုပ်ပြီးသော် ကျွန်ုပ်အား သင်္ဘော အောက်ထပ်သို့ခေါ်သွားလေ၏။

အောက်ထပ်သို့ရောက်သောအခါမှ ကျွန်ုပ်မှာ အကြောင်းမှန်ကိုသိ ရတော့၏။ အောက်ထပ်၌ကား "ဖာနင်ဒီနာ" (*ကျူးဗားကျွန်းကို စပိန် တို့ကပေးထားသောအမည်ဖြစ်သည်*) မှဝယ်ယူလာသော ကပ္ပလီလူမည်း 'ကျွန်'များကိုတွေ့ရလေရာငင်းတို့အား "ဟစ်စပင်နီးယိုးလား" ကျွန်းတွင် ရောင်းချရန်ဖြစ်လေသည်။ ထို 'ကျွန်' များစာရင်းတွင် ကျွန်ုပ်အား နောက် တပ်တစ်ယောက်အဖြစ်ဖြင့် တိုးလိုက်ခြင်းဖြစ်လေသည်။ သင်္ဘောအောက် ထပ်တွင် ကျွန်ုပ်ခံခဲ့ရသောလောက ငရဲကား ကြောက်ဖွယ်ကောင်းလှ ၏။ ကပ္ပလီလူရိုင်းများမှာ အလွန်နိမ့်၍ အောက်ပိုင်းတွင်ခြေမျက်စိခန့်ရှိ ရေများရှိသော သင်္ဘောရေအတွင်းတွင် ဝက်များ၊ နွားများကိုထားသ သကဲ့သို့ ခြေများကိုသံခြေချဉ်းခတ်ကာ သံကြိုးဖြင့်ချည်နှောင်ထား၏။ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် လူနှစ်ရာခန့်ရှိ၍ ယခင်





က ထိုထက်များပြီးလျှင် လူပေါင်းနှစ်ဆယ်ခန့်မျှသေပြီဖြစ်၍ ပင်လယ် ထဲသို့ပစ်ချရကြောင်းသိရ၏။ လူမည်းများမှာ အလွန်ညစ်ပတ်ပေကျံ၍ ရေစပ်စပ်ရှိသောသင်္ဘောခေါင်းထဲတွင် တိရစ္ဆာန်များပမာ အတုံးအရုံးရှိ နေကြလေသည်။

ထိုနေရာသို့ဝင်မိလျှင်ဝင်မိခြင်း အလွန်စူးရှနံစော်သော အနံ့ကြီး သည် ထောင်းခနဲကျွန်ုပ်၏နှာခေါင်းထဲသို့ဝင်ရောက်လာ၏။ သံကို သံ ချင်းထိသံများနှင့် ဟစ်အော်ညည်းညူသံများမှာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပေ၏။ အနိုးများထွက်နေသောမီးအိမ်များကို ခုနစ်ပေခန့်မျှသာ မြင့်သောအပေါ်မိုး၌ ဆွဲချိတ်ထွန်းညှိထားသည်ဖြစ်ရာ နေရာတစ်ခုလုံးမှာ လေနှင့်အလင်းရောင် လုံးလုံးမဝင်နိုင်သောနေရာဖြစ်လေသည်။

စပိန်အရာရှိနှင့်အစောင့်သည် အချင်းချင်းမျက်နှာကိုကြည့်၍ ရယ် မောကာ ကျွန်ုပ်အားထိုနေရာတွင် ထား၍ပစ်ခဲ့ပြီးနောက် ထွက်သွားရာ ကျွန်ုပ်၏ဦးခေါင်းမှာ မူးဝေသကဲ့သို့လည်းကောင်း၊ အိပ်ချင်သကဲ့သို့ လည်းကောင်း၊ သတိလစ်သကဲ့လည်းကောင်း ဖြစ်၍သွားပြီးလျှင် နောက် ဆုံး လုံးလုံးသတိမေ့၍သွားလေ၏။

အိပ်ရာမှနိုးသကဲ့သို့ လူသံများကိုကြားရသဖြင့် ကျွန်ုပ်လည်း မျက်စိ များကိုဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်ကိုဝယ်သောစပိန်အရာရှိသည် မှန်အိမ် တစ်လုံးနှင့် ကျွန်ုပ်အနီးတွင်ရပ်ကာ ကျွန်ုပ်နှင့်ကျောချင်းထိလုနီးပါးကပ် လျက် ရှိသောမိန်းမတစ်ယောက်၏ သံခြေချဉ်းနှင့် သံကြိုးများကို ဖြုတ်ရန် အစောင့်များအား အမိန့်ပေးလျက်ရှိလေသည်။ ထိုမိန်းမကိုချီမ၍ အပြင် သို့ထုတ်သွားသောအခါမှ ၎င်းမှာသေနေပြီဖြစ်ကြောင်းသိရလေသည်။ ဆေးဂါမှာ အံဖတ်အနက်များအော့အန်သေဆုံးသဖြင့် အလွန်ကြောက်မက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ကောင်း၍ ကူးစက်တတ်သောရောဂါဖြစ်ကြောင်း နောင်အခါမှ သိရှိရလေသည်။

ကျွန်ုပ်မျက်စိအောက်၌ပင် ယောကျ်ား၊ မိန်းမ၊ ကလေးမှစ၍ အလောင်းနှစ်ဆယ်ခန့် ထုတ်ယူသွားသည့်ပြင် လူနှစ်ဆယ်ကျော်သုံးဆယ်ခန့်မျှလည်း အပြင်းအထန် ဝေဒနာခံစားလျက်ရှိနေသည်ကိုတွေ့ရ၏။ ထိုသူများလည်း အနေးနှင့်အမြန် သေရမည့်သူများသာဖြစ်ချေမည်။

စပိန်များကား ထိုရောဂါကို အလွန်ကြောက်ရွံ့ဟန်လက္ခဏာရှိ၍ သင်္ဘောကျင်းတစ်ခုလုံးကို ရေများဖြင့်ဆေးခြင်း၊ အပေါ်ကြမ်းပြင်အချို့ကို လေဝင်ရန် ခွာ၍ပေးခြင်းများကိုပြုလုပ်ကြလေသည်။ အကယ်၍ ၎င်းတို့ကိုမပြုလုပ်ခဲ့ပါမူ ကျွန်ုပ်စိတ်ထင်အားဖြင့်တစ်ယောက်မကျန်သေရမည်မလွဲဖြစ်ပေမည်။ ကံကောင်းထောက်မပုံမှာ အပေါ်ကြမ်းများကို ခွာ၍ လေဝင်ပေါက်များပြုလုပ်ရာ၌ ကျွန်ုပ်၏ဦးခေါင်းနှင့်တည့်တည့်နေရာတွင် အကြီးဆုံးသောအပေါက်ကြီးရှိရာ ချည်၍ထားသောသံကြိုးဆုံးသည်အထိ မတ်တတ်ရပ်လိုက်ပါမူ အပြင်မှလေကိုကောင်းစွာရှူနိုင်၏။ ထိုကြောင့်လည်း ကျွန်ုပ်တို့အားထိုရောဂါမကပ်ငြိခြင်းဖြစ်ဟန်လက္ခဏာရှိလေသည်။

ကျွန်ုပ်တို့အား ရေနှင့်ပေါင်မုန့်များကိုပေးပြီးနောက်စပိန်များသည် အထပ်ထပ်သို့ လျှင်မြန်စွာတက်သွားလေ၏။

ကျွန်ုပ်သည် ရေကိုငမ်းငမ်းတက်သောက်လိုက်သော်လည်း ပေါင်မုန့်မှာ မှိုတက်၍နံစော်နေသဖြင့်မစားနိုင်ချေ။ ပတ်ဝန်းကျင်မှာ ဒုက္ခသည်အပေါင်းနှင့်ပြည့်စုံနေသဖြင့် ကျွန်ုပ်မှာ ငရဲပြည်တွင်ရောက်ရှိနေသည်နှင့်တစ်စုံတစ်ရာမထူးခြားချေ။





ထိုအတွင်း ပူပြင်းလှသောနေရောင်များမှာ လေပေါက်များမှ အတွင်းသို့ထိုးဝင်၍လာပြီးလျှင် လေသည်လည်း လှုပ်ရှားမှုနည်းပါးလှသောကြောင့် ကျွန်ုပ်မှာချွေးဒီးဒီးပြန်ကာ မီးကင်၍ထားသော ငါးကွဲသို့ ရှိနေ၏။ ခြေများထောက်၍မတ်တတ်ရပ်လိုက်သောအခါ၌မူကား သင်္ဘောပေါ်တွင်ဖြတ်သန်းသွားလာနေသောသူများ၏ ခြေများကိုမြင်နိုင်လေသည်။

ကျွန်ုပ်ကြည့်ရှုလျက်ရှိစဉ် ဘုန်းကြီးတစ်ပါး၏အင်္ကျီရှည်ကြီးအဖျားနှင့်ခြေထောက်များကိုမြင်ရသဖြင့် ထိုသူမှာ ကျွန်ုပ်၏အဖော်ဖြစ်ရမည်ဟုသိသည်နှင့် ကျွန်ုပ်သည် အောက်မှအထိမ်းအမှတ်များကိုပြလေသည်။ ဘုန်းကြီးသည် ကျွန်ုပ်၏အထိမ်းအမှတ်များကိုသိသဖြင့် ကြမ်းပေါ်တွင်ခေတ္တထိုင်ဟန်ပြုပြီးလျှင် သင်္ဘောသားများအလစ်၌ ကျွန်ုပ်တို့သည် စကားပြောဆိုခွင့်ရကြလေသည်။ ဘုန်းကြီး၏ပြောပြချက်အရ သင်္ဘောတစ်စင်းလုံးတွင် ထိုကြောက်မက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးကျရောက်လေရာ သုံးပုံတစ်ပုံခန့်မျှသောသင်္ဘောသားတို့မှာ ထိုရောဂါဖြင့်သေကျေပျက်စီးခြင်းသို့ ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ရောဂါသည်ကျွန်လူမည်းများ၌သာမဟုတ် စပိန်သင်္ဘောသားများအပေါ်သို့လည်း ကျရောက်လျက်ရှိရာ ဤသို့ဖြစ်ရခြင်းမှာ သူတို့၏ရက်စက်ကြမ်းကြုတ်မှုအတွက် ဘုရားသခင်က ဒဏ်ခတ်ခြင်းပင်ဖြစ်ဟန်ရှိကြောင်းဖြင့်ပြောလေ၏။

ကျွန်ုပ်က ဒီဂါဆီယာအကြောင်းကို မေးသောအခါ ဘုန်းကြီးက ဒီဂါဆီယာမှာ ထိုနေ့နံနက်ကပင်ရောဂါစွဲကပ်လျက် အိပ်ရာမှမထနိုင်ရှိကြောင်းပြောသောအခါ ကျွန်ုပ်မှာ ရန်သူ၏မကောင်းသတင်းကိုကြားရသဖြင့်ဝမ်းမြောက်မိသေး၏။ ထိုနောက် ဘုန်းကြီးလည်း နေရာမှထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ခေါင်းလောင်းချိုင့်ကြီးအတွင်း၌ကား လူမမာများသည် တညည်းညည်းတညူညူပြင်ရှိနေသေးသဖြင့် ကျွန်ပ်မှာဤလောက ငရဲတွင် တစ်နေ့နှင့်တညဥ့်မျှ နောက်ထပ်၍နေရပြန်သေး၏။

နောက်တစ်နေ့နံနက်လင်းလျှင် သဘော်အရာရှိအချို့နှင့်အစောင့်များသည် အောက်ထပ်သို့ဆင်းလာကြရာ လူမမာများအနက် လေးဆယ်နီးပါးမျှ သေဆုံးနေသည်ကိုတွေ့ရပြန်သဖြင့် အလောင်းများကို ဆွဲထုတ်ပစ်ချရပြန်လေ၏။

လူသေအလောင်းများ ရှင်လင်းသွား၍ အစောင့်များတက်သွားပြီးနောက် ကျွန်ပ်လည်းကြမ်းပေါက်မှစောင့်၍ ဘုန်းကြီးကိုစောင့်မျှော်လျက်ရှိသော်လည်း ဘုန်းကြီးကားထိုအခါမှစ၍မပေါ်လာတော့ချေ။

၀





## သောက်မရောက်

ကျွန်ပ်၏လည်ပင်းမှာ အလွန်ညောင်းညာ၍လာပြီးလျှင် ခြေဖျားများမှာလည်း အချိန်ကြာမြင့်စွာထောက်နေရသည်ဖြစ်၍ တစ်ကိုယ်လုံးတောင့်တင်းလျက်ရှိ၏။ ထိုခဏ မိန်းမတစ်ယောက်၏ဂါဝန်အဖျားနှင့် ခြေထောက်ကိုမြင်လေရာ သဘော်ပျက်စဥ်ကကျွန်ပ်နှင့်အတူ လှေပေါ်တွင်ပါလာသောမိန်းမတစ်ယောက်ဖြစ်ကြောင်းသိရလေသည်။

ကျွန်ပ်သည် လည်ပင်းကိုရှည်နိုင်သမျှ ဆန့်ထုတ်ပြီးနောက်...

"ဒီမှာလေ... အစ်မကြီး ဘုရားသခင်မျက်နှာတော်ကို ထောက်ထားပြီး တစ်ဆိတ်ကျွန်တော်ပြောတာ နားထောင်စမ်းပါခင်ဗျာ..."

"ရှင်... ရှင်ဘယ်သူလဲ"

"ခင်ဗျားတို့နဲ့အတူလှေနဲ့ပါလာတဲ့ ဒီအေလာ ဆိုတာပေါ့... အစ်မကြီးမြင်ရင်သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိန့် မကြီးသည် ဘုန်းကြီးထိုင်သကဲ့သို့ကြမ်းပြင်ပေါ်တွင် ခေတ္တအမောပြေထိုင်ဟန်ပြုပြီးနောက် ကျွန်ုပ်ကိုပြန်၍စကားပြောလေသည်။

“ရှင်…ဘာပြောချင်လို့လဲ”

“ကျွန်တော်ဟာ ကပ္ပလီလူမည်းတွေနဲ့အောက်မှာအချုပ်ခံနေရတယ် ခင်ဗျ”

“ဖြစ်ရလေရှင်…သို့ပေမယ့် ကျွန်မတို့အပေါ်မှာနေရတဲ့လူတွေနဲ့တယ်ပြီးမထူးတော့ပါဘူးရှင်၊ အပေါ်မှာလည်းရောဂါတွေ ဖြစ်နေတယ်ရှင့်၊ သင်္ဘောသားလူဖြူထဲက ခြောက်ယောက်သေဆုံးပြီးပြီ၊ ဖြစ်နေတဲ့လူတွေလည်းအများကြီးရှိသေးတယ်၊ ကျွန်မတို့တော့ ဒယ်အိုးထဲမှာ မှုတယ်ဆိုပြီး လွတ်ရာလွတ်ကြောင်း ခုန်ချတာမီးဖိုထဲတည့်တည့်ကျတဲ့ငါးတွေလိုဖြစ်နေပြီကောရှင်… ကျွန်မအတွက်ဆိုရင် ကျွန်မကလေးကဆုံးပြီ၊ မောင်ကလေးတစ်ယောက်လည်း အသည်းအသန် ဖြစ်နေရှာတယ်”

“ဒါထက် ကျွန်တော်တို့လှေပေါ်မှာပါလာတဲ့ ဘုန်းကြီးကော ခင်ဗျားသိဖူးသလား”

“ဆုံးရှာပြီကောရှင်၊ အစုတင်ကပဲ သူ့အလောင်းကိုရေထဲချလိုက်တယ်၊ သေခါနီး ရှင့်နာမည်တောင်ခေါ်သွားသေးတယ်၊ ပြီးတော့လည်းရှင့်ကိုကြည့်ရှုစောင့်ရှောက်ဖို့ အနားကလူတွေတောင် မှာပစ်ခဲ့ရှာသေးတယ်၊ နောက်တော့ သူပြောတဲ့စကားဟာ ကောင်းကောင်းမကြွပြားတော့ဘူး၊ သို့ပေမယ့် ရှင့်ကိုကျွန်မဘယ်လိုလုပ်ပြီးကယ်ရမှာလဲရှင်”

“ဩော်… မိတ်ဆွေကြီးသေရှာမှကိုး… ကောင်းရာမွန်ရာရောက်ပါစေဗျာ၊ တကယ်ဆို ကျွန်တော့်အတွက်အစာကလေးနည်းနည်း မရအေးအေးကလေးတစ်ခွက်လောက် ရှာမပေးနိုင်ဘူးလားခင်ဗျား”





“ဟုတ်ကဲ့ ကျွန်မကြိုးစားပါမယ်… ရှင်စောင့်သာနေပါ…”

“ဩော်… ဒါထက် ကျုပ်ကိုပထမရန်ရှာတယ့် ဒီဂါဆီယာဆိုတဲ့ စပိန်သင်္ဘောအရာရှိတစ်ယောက်ကောမမြင်မိဘူးလား၊ အရပ်ရှည်ရှည်နဲ့လူလေ… ဒီလူကောသေပြီလား”

“မသေဘူးရှင် ဒီကနေ့မနက်ဘဲအတော်ကျန်းမာလာပုံရတာ ကျွန်မမြင်တယ်၊ ကိုင်း… ကျွန်မ ရှင့်အတွက်အစာရေစာကလေး သွားရှာလိုက်ဦးမယ်”

ခဏမျှကြာလျှင် မိန်းမကြီးသည်ပေါင်မုန့်နှင့်ရေတစ်ခွက်ကို ဂါဝန်နှင့်ဖုံးအုပ်ယူလာပြီးနောက် ကျွန်ုပ်အားကျွေးမွေးရာ ကျွန်ုပ်မှာမြိန်ရေရှက်ရေစားသောက်ရလေ၏။

“ကျေးဇူးတင်လိုက်တာ… အစ်မကြီးရယ်”

“အို… ကျေးဇူးတင်စရာမဟုတ်ပါဘူး၊ အခါအခွင့်သင့်တုန်း ကျွေးမွေးရတာပဲ၊ ကိုင်း… ကျွန်မသွားလိုက်ပါဦးမယ်… ကြာကြာနေလို့ လူမိမှာစိုးရသေးတယ်”

“ကောင်းပါပြီ… အစ်မကြီးသွားပါတော့”

ဤသို့နှင့် ထိုသနားကြင်နာတတ်သောမိန်းမကြီးသည် ကျွန်ုပ်အားနှစ်ရက်တိုင်တိုင် အစာရေစာများကျွေးမွေးလျက် ရှိရှာလေ၏။ ဒုတိယနေ့မိန်းမကြီးလာရောက်၍ သူ့မောင်ကလေးမှာထိုနေ့နံနက်ပင် ဆုံးသွားပြီဖြစ်ကြောင်း၊ သင်္ဘောသားများအနက်လည်း ရောဂါမကပ်ရောက်သောသူများမှာ သင်္ဘောသားများတဆယ့်ငါးယောက်နှင့် အရာရှိတစ်ယောက်သာကျန်ရှိတော့ကြောင်း၊ သူကိုယ်တိုင်လည်း ကောင်းစွာနေထိုင်ကောင်းသဖြင့် ထိုရောဂါဆိုးကူးစက်ကျရောက်လာဟန်ရှိကြောင်းဖြင့် ပြောဆိုပြီးလျှင် လျင်မြန်စွာထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ မိန်းမကြီးမှာပေါ်မလာဘဲရှိရကား၊ သူသည်လည်း ထိုရောဂါနှင့်ပင်သေဆုံးသွားပြီဟုမှတ်ယူရ၏။ တစ်နေ့လုံးလုံး အောက်ထပ်သို့ မည်သူမျှအစာရေစာပေးရန်ပေါ်၍မလာချေ။

အချို့မှာ သေနေပြီဖြစ်၍ အစာပေးရန်မလိုတော့ပဲ အချို့လည်း အသည်းအသန်ဖြစ်နေရကား အစာပေးသော်လည်း စားနိုင်တော့မည်မဟုတ်ချေ၊ ကျွန်ုပ်မှာ အပေါက်ဝနှင့်တည့်နေသဖြင့် မတ်တတ်ရပ်လိုက်က လေကောင်းလေသန့်ရနိုင်ခွင့်ရှိသည့်ပြင် ကိုယ်လက်အင်္ဂါမှာလည်း အထူးတောင့်တင်းသန်စွမ်းသူဖြစ်သဖြင့် ရောဂါကိုကာကွယ်ခုခံနိုင်ခြင်းဖြစ်ဟန်ရှိ၏။ နေ့အချိန်ကုန်လွန်သွားပြီးနောက် ညဉ့်အချိန်သို့ရောက်လာရာ နေပူရှိန်ပင်မရှိသော်လည်း လေမှာအထူးငြိမ်သက်၍နေသဖြင့် မခံမရပ်နိုင်အောင်ပူပြင်းလှ၏။

ကျွန်ုပ်မှာ ပတ်ဝန်းကျင်၌ လူသေကောင်များဖြင့်ပြည့်နှက်နေသည့်ပြင် မသေမရှင်လူနာများ၏ညည်းညူသံများသည်လည်း နားမချမ်းသာလောက်အောင် ဆူညံလျက်ရှိလေရာ ကောင်းစွာအိပ်မပျော်နိုင်ပဲရှိလေ၏။ သို့နှင့် ရှည်လျားလှသောညဉ့်ကြီးသည် တဖြည်းဖြည်းကုန်၍ လာခဲ့လေ၏။

ထိုအချိန်၌ကျွန်ုပ်မှာ မေ့ခနဲအိပ်ပျော်သွားပြီးနောက် သံကိုသံချင်းထိ၍မြည်သောအသံများကြားရသည်နှင့် ဖျတ်ခနဲလန့်၍ နိုးပြီးလျှင် ကြည့်လိုက်ရာ မီးအိမ်ကိုင်ထားသောအစောင့်များနှင့် သင်္ဘောသားအချို့လည်း လူသေရာလူရှင်ပါ သံခြေကျဉ်းနှင့်ခတ်ထားသည့် သံကြိုးများကို တစ်ယောက်စီဖြုတ်လျက် အပေါ်ထပ်သို့ အုန်းဆံကြိုးနှင့် တုပ်နှောင်ယူသွားသည်ကိုမြင်ရ၏။





မကြာမီ ရေထဲသို့ လေးလံသောအရာဝတ္ထုများ ပစ်ချသံကိုကြားရသဖြင့် သေဆုံးပြီးလူကောင်များပစ်ချနေကြောင်းသိရလေသည်။ သို့နှင့် ကျွန်ုပ်နှင့်တကွ မသေဘဲကျန်ရှိနေသူများမှာ သင်္ဘောကုန်းပတ်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ စပိန်များ၏ရည်ရွယ်ချက်မှာ ရေနှင့်လေပေး၍ လူနာများကိုကုသခြင်းအားဖြင့် ကျန်မျက်နှာဖြူသင်္ဘောသားများအား ရောဂါမကူးစက်ရန်ဖြစ်လေသည်။

ဤသို့အားဖြင့် လူသေများကိုရွေး၍ပစ်ချသူများသည် တဖြည်းဖြည်းကျွန်ုပ်အနီးသို့ရောက်လာလေရာ နောက်ဆုံးလူမည်းနှစ်ယောက်သာကြားထဲတွင်ကွာခြားတော့၏။ ထိုလူမည်းနှစ်ယောက်မှာလည်း တစ်ယောက်မှာသေဆုံး၍နေလေပြီ။

ကျွန်ုပ်စောင့်ဆိုင်း ကြည့်ရှုနေသဖြင့် စပိန်သင်္ဘောသားများသည် သေသူများကိုရွေးချယ်၍မနေဘဲ မသေမရှင်များကိုပါရေထဲသို့ပစ်ချနေကြောင်းတွေ့မြင်ရလေသည်။ သို့နှင့်ကျွန်ုပ်၏စိတ်ထဲတွင် ဤလောကငရဲကိုဆက်လက်ခံစား၍နေမည်လော... သို့မဟုတ် မျက်စိမှိတ်၍ရေထဲသို့ပစ်ချခြင်းခံမည်လော... ဟူသောပြဿနာသည်ပေါ်ပေါက်လာ၏။ အကယ်၍ပစ်ချခြင်းမခံလိုပါမူ ကျွန်ုပ်၌ရောဂါကပ်ခြင်းမရှိဘဲ ပကတိကျန်းမာလျက်ရှိကြောင်းပြောကာတောင်းပန်ရပေမည်။ စပိန်လူမျိုးတို့မှာကား ကျွန်အဖြစ်ရောင်းချရန်တင်၍လာသော လူမည်းများထဲမှ ထိုရောဂါဆိုးကြီးသည်စတင်ဖြစ်ပွားလာသည်ဟု ယူဆသည့်ပြင် သောက်ရေအတွက်လည်း လူနာများရှိလျှင်အသုံးရများ၍ ကျန်လမ်းခရီးတွင် သောက်ရေမရမည်ကိုစိုးရိမ်သဖြင့် သေသည်ဖြစ်စေရှင်သည်ဖြစ်စေ အမြန်ဆုံးရှင်းလင်းပစ်ချလိုဟန်လက္ခဏာရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကျွန်ုပ်လည်းဖြစ်လိုရာဖြစ်စေတော့ဟု အောက်မေ့ကာ ဘုရားသခင်ကိုတိုင်တည်ပြီးလျှင် တတ်မှတ်သမျှသောတရားစာများကို စိတ်ထဲတွင်ရွတ်ဆိုလျက်ရှိလေ၏။ မကြာမီ ကျွန်ုပ်နှင့်ကပ်လျက်ရှိသော လှုသေအလောင်းကိုပစ်ချလိုက်ပြီးလျှင် သင်္ဘောသားများသည် ကျွန်ုပ်ထံသို့ရောက်လာကြလေသည်။

သင်္ဘောသားတစ်ယောက်။ ။"ဟေ့.. ဒီအကောင်အမဲမဟုတ်ဘူးကွ အဖြူ"

အခြားတစ်ယောက်။ ။"ငါသိပါတယ်ကွယ်... အင်္ဂလိပ်ကောင်ပါ"

ပထမလူ။ ။"မသေသေးဘူးကွယ်... ပြီးတော့လဲဒီကောင်ကြည့်ရတာရောဂါရှိပုံမပေါ်ဘူး၊ သန်သန်မာမာကြီး"

ဒုတိယလူ။ ။"သေသေမသေသေ... ကိစ္စပြီးအောင်ပစ်သာချလိုက်ပါကွယ်... ရောဂါကိုလည်းသူတို့ယူလာတာကွဲ့"

သင်္ဘောသားတစ်ယောက်သည် ကျွန်ုပ်အားကြမ်းပြင်ပေါ်သို့ပစ်လှဲပြီးလျှင် ကျွန်ုပ်၏ခါးကိုအုန်းဆံကြိုးဖြင့်ချည်နှောင်လေ၏။

မတ်တတ်ရပ်သောသင်္ဘောသားနှစ်ယောက်၏ နောက်၌ကား ဒီဂါဆီယာသည် ဖျားရာမှနာလန်ထစလက္ခဏာဖြင့် ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်လျက်ရှိရာ ၎င်း၏မျက်နှာမှာ သွေးမရှိသကဲ့သို့ဖျော့တော့လျက်ရှိလေသည်။

သူသည် ကျွန်ုပ်အား လင်းအားကြီးလရောင်တွင်ကောင်းစွာမှတ်မိသဖြင့်...

"ဟေ့... ဒီကောင်မသေဘူးလား၊ ငါကမင်းအလောင်းကို ရေထဲပစ်ချပြီးပြီထင်နေတာ၊ ကောင်းပါတယ်ကွယ်၊ အချို့ငါ့မျက်စိအောက်မှာ





မင်းအသားကို ငါးမန်းတွေပင်လယ်မျော့တွေကိုအစာကျွေးရမှာကွယ့်၊ ငါခရီးထွက်လာခဲ့တာ ဒီတစ်ခုဝမ်းအမြောက်ဆုံးပဲဟေ့၊ ကိုင်း...ငါ့လူများတစ်ချဖို့အဆင်သင့်ရှိကြစေကွဲ့နော်... သို့ပေမဲ့ မင်းဝမ်းနည်းစရာမရှိပါဘူးကွယ်၊ မင်းအတန်ကြာခဲ့နေရတဲ့ မင့်အမေကိုနောက်ဘဝမှာ တွေ့တော့မှာပဲ"ဟု ပြောဆိုကာ သူ၏ဦးထုပ်နှင့်မျက်နှာကို ယပ်ခတ်လျက်ရှိလေ၏။

ကျွန်ုပ်မှာ သေအံ့ဆဲဆဲရှိသော်လည်း ဂါဆီယာ၏ စကားများမှာ ကျွန်ုပ်၏အသည်းကို အပ်သွားဖြင့်ထိုးလိုက်ဘိသကဲ့သို့ နာကျင်လှသည်ဖြစ်ရကား တစ်ကိုယ်လုံးဆတ်ဆတ်တုန်လျက်ရှိလေသည်။

"ခင်ဗျားဟာ... ကျုပ်ဒုက္ခဖြစ်လာတုန်း အချောင်ဖမ်းပြီးယူတယ်၊ ခင်ဗျားဟာယောကျ်ားမဟုတ်ဘူး မိန်းမ၊ တကယ်လို့ခင်ဗျားကိုယ်ထဲမှာယောကျ်ားစိတ်ကျန်သေးတယ်ဆိုရင် ကျုပ်ကိုဓားတစ်ချောင်းပေးလေ၊ ကျုပ်ကိုပင်လယ်ထဲပစ်မချခင် ခင်ဗျားနဲ့ကျုပ်နဲ့အရှုပ်အရှင်းကို ပွင့်ပွင့်လင်းလင်း ဓားနဲ့ရှင်းသွားရအောင်"

"ငါကဖျားပြီးစအားမရှိလို့ပေါ့ကွယ်"

ကျုပ်ကကောအားရှိလို့လား အစာမပေးဘဲတိရစ္ဆာန်လှောင်အိမ်ထဲထည့်ထားတာရက်ပေါင်းဘယ်လောက်ကြာသလဲ၊ အတူတူပဲသည်တော့အားချင်းညီမျှပါတယ်၊ လာလေ..ဒီဘဝမှာနောက်ဆုံးအနေနဲ့ တိုက်ကြရအောင်"

"ဟေ့...မင်းကသေရမဲ့လူပါကွယ်၊ မင်းစိတ်ထင်တိုင်းစကားတွေလျှောက်ပြောမနေပါနဲ့၊ ကိုင်း... သေခါနီးဘာများမှာခဲ့ချင်သေးသလဲပြော"

"ကျုပ်ဘာမှမှာစရာမရှိဘူး၊ သို့ပေမယ့် ဂါဆီယာခင်ဗျားဟာအင်မတန်ညစ်ပတ်စုတ်ပဲ့တဲ့လူသတ်ကောင်၊ ခင်ဗျားနဲ့ကျုပ်နဲ့ရှင်းဖို့ အရှုပ်



www.burmeseclassic.com

www.burmeseclassic.com



အရှင်းဟာ ကျုပ်သေရုံနဲ့ရှင်းလိမ့်မယ်မှတ်သလား... ကျုပ်နောက်ဘဝက လာပြီး ခင်ဗျားအပေါ်မှာလက်စားချေဦးမယ်၊ ကျုပ်အပေါ်မှာ ခင်ဗျား ပြုခဲ့တဲ့နှိပ်စက်မှုတွေကို ဘုရားသခင်လက်ကျုပ်အပ်ခဲ့တယ်၊ ခင်ဗျားလည်း ကျုပ်လက်စားချေမှုက ဘယ်နည်းနဲ့မှ လွတ်လိမ့်မယ်မထင်နဲ့၊ ကျုပ်ပြော တဲ့စကား မြဲမြဲသာမှတ်ထားပေတော့၊ ခင်ဗျားဟာကျုပ်အခုသေရမယ့် နည်းမျိုးထက် အဆပေါင်းများစွာဆိုးဝါးတဲ့ သေခြင်းဆိုးနှင့် ခင်ဗျား သေရမယ်နားလည်လား"

"ဒီအကောင်တယ်စကားများပါကလား... ကိုင်း...ကိုယ့်လူတို့"

ဂါဆီယာသည် အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက်အစောင့်နှစ် ယောက်သည် ကျွန်ုပ်အနီးသို့ချဉ်းကပ်လာကြလေ၏။ ထိုအခါ၌ ကျွန်ုပ် လည်းစိတ်ရူးပေါက်ကာ ဂါဆီယာကိုပါ ကျွန်ုပ်နှင့်တစ်ပါတည်း က ကြမ္မာပို့ဆောင်ရာသို့ခေါ်သွားတော့မည်ဟု ခပ်လျော့လျော့ချည်ထား သော ခါးကြိုးမှဖျတ်ခနဲရုန်းထွက်ပြီးလျှင် ဂါဆီယာရှိရာသို့လျင်မြန်စွာ ပြေးသွားလေ၏။ နောက်တစ်ခဏ၌ ကျွန်ုပ်သည်ဂါဆီယာအား ခါးလယ် မှပွေ့ချီပြီးသားဖြစ်ရကာ သင်္ဘောနံဘေးသို့ပြေးသွားတော့မည်အပြု ကြက်သေသေနေသောအစောင့်ကြီးနှစ်ယောက်သည် သတိရ၍လာပြီး လျှင် ကျွန်ုပ်လက်တွင်းမှ ဂါဆီယာကိုအတင်းလုယူလေရာ ဂါဆီယာသည် ကျွန်ုပ်၏လက်တွင်းမှလွတ်သွားလေ၏။

ထိုခဏ၌ အစောင့်တစ်ယောက်သည် ဂါဆီယာအားလွှတ်ခဲ့ပြီးလျှင် ဓားအိမ်မှဓားကို ဆွဲချွတ်ပြီးနောက် ကျွန်ုပ်ထံသို့ပြေးလာပြီဖြစ်ရကာ ကျွန်ုပ်မှာ သင်္ဘောနံဘေးသို့လျင်မြန်စွာပြေးသွားပြီးနောက် ပင်လယ်ထဲ သို့တစ်ခါတည်းခုန်ချလိုက်လေ၏။

○





ရေထဲသို့ အတော်နက်အောင်နစ်မြုပ်သွားပြီးနောက် ပေါ်လာသောအခါ ဤမျှလောက် ဆင်းရဲဒုက္ခဖြင့်ရောပြွမ်းလျက်ရှိသောဘဝကို အဆုံးသတ် ကာ မကူးခတ်ဘဲအသေခံတော့မည်ဟု ပထမအောက်မေ့မိ၏။ သို့သော် လူတို့မည်သည် သေရမည့်ဘေးနှင့်ပက်ပင်းပါတွေ့ကြုံရသောအခါ မိမိ အသက်ကိုတတ်နိုင်သမျှကယ်ဆယ်ခြင်း၊ ခုခံကာကွယ်ခြင်းများကို ပြု လုပ်တတ်သည်ကား ဓမ္မတာပင်ဖြစ်၍ ကျွန်ုပ်လည်းတတ်အားသမျှ ကူးခတ်မိတော့၏။

ထိုအချိန်၌ကား အလင်းရောင်ကလေးများသည် ပြူထွက်စပြုလာပြီ ဖြစ်၍ သင်္ဘောပေါ်မှသင်္ဘောသားများမမြင်စေရန် သင်္ဘောရိပ်ကို တတ် နိုင်သမျှကွယ်ပြီးလျှင် ကူးခတ်ရလေသည်။ သို့မဟုတ်က ဂါဆီယာသည် သူ့တပည့်များအားသေနတ်ဖြင့်ပစ်ခတ်ရန် လမ်းပြကောင်းပြပေမည်။

ဤသို့နှင့် သင်္ဘောနှင့်အတော်ဝေး၍ကျန်ရစ်ခဲ့သောအခါ ကျွန်ုပ်နှင့် မလှမ်းမကမ်း၌ ဒေါင်လိုက်မျောပါလျက်ရှိသောစည်တစ်လုံးကိုတွေ့မြင် ရ၏။ ထိုစည်မှာ ပေါင်မုန့်ခြောက်များထည့်သောစည်ဖြစ်၍ မကောင်း သောပေါင်မုန့်အကြွင်းအကျန်များနှင့်သင်္ဘောမှပစ်ချပြီးလျှင် အထဲ ၌လည်း ပေါင်မုန့်အကြွင်းအကျန်အနည်းငယ်ပါသောကြောင့်သာ ဒေါင် လိုက်မျောနေဟန်လက္ခဏာရှိလေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း အမှီ သဟဲရရန် စည်ပိုင်းရှိရာသို့ကူးသွားလေ၏။ ကျွန်ုပ်၏စိတ်ကူးမှာ ထိုစည် ပြတ်မျိုးသည်အတော်အတန့်ခိုင်ခန့်၍ လူတစ်ယောက်၏ အလေးချိန် ကိုလည်းခံသောကြောင့် အတွင်းသို့ဝင်၍လိုက်သွားနိုင်ခဲ့ပါမူ ငါးကြီးများ နှင့် ပင်လယ်မျောကြီးများဘေးရန်မှ အခိုက်အတန့်အားဖြင့် ကောင်း လွတ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်ပ်လည်းငင်းရှိရာသို့ အားသွန်ကူးခတ်သွားပြီးလျှင်စည်ကို ဖက်တွယ်မိသည်နှင့်တစ်ပြိုင်နက် ၎င်း၏နှုတ်ခမ်းဘေးနှစ်ဖက်ကို ညီညာစွာကိုင်၍ ကိုယ်ကိုမြှောက်ကာ နိုင်သမျှဖော့ထားပြီးလျှင် ဒူးကိုကွေး၍ အတွင်းသို့ခုန်ဆင်းလိုက်လေ၏။ စည်ပြတ်သည် ကျွန်ပ်အလေးချိန်ကြောင့် အတော်စောင်းသွားပြီးလျှင် အတွင်းသို့ရေအနည်းငယ်ဝင်သွားလေ၏။ သို့သော် နစ်မြုပ်ခြင်းမရှိချေ။

အခိုက်အတန့်အားဖြင့် ကျွန်ပ်ကား ရေသတ္တဝါများ၏ ဘေးရန်မှလည်းကောင်း၊ လွတ်မြောက်ခဲ့ပေပြီ။ စည်ပြတ်သည် ရေအနည်းငယ်အတွင်းသို့ဝင်သော်လည်း ကျွန်ပ်အလေးချိန်ကိုခံကာ ပေါ်မြဲပေါ်ကာမျောပါလျက်ရှိ၏။

သို့သော် ကျွန်ပ်၏စည်ပြတ်မှာ အခိုက်အတန့်အားဖြင့်ပေါ်လျက်ရှိသော်လည်း ရေပြင်နှင့်စည်ပိုင်းနှုတ်ခမ်းမှာ တစ်လက်မမျှပင်မဝေးသဖြင့် နောက်ရေအနည်းငယ်မျှထပ်မံဝင်ခဲ့ပါမူ မကြာမီနစ်မြုပ်ရပေတော့မည်။

ထိုခဏ၌ ရှေ့တွင်အစွယ်ထွက်လျက်ရှိသောခြောက်ပေခန့်ရှိ ငါးကြီးတစ်ကောင်သည် စည်ရှိရာသို့ကူးပြေးလာသည်ကိုမြင်ရ၏။ ကျွန်ပ်သည် ဦးခေါင်းကိုငုံ့လျက်ရှိရာ ငါး၏အစွယ်နှင့်စည်ပြတ်ကို ထိုးခိုက်မိသော အသံကြားရပြီးနောက် စည်သည်တုန်လှုပ်၍သွားလေသည်။ သို့သော် ကံကောင်းထောက်မသဖြင့် အစွယ်သည်သစ်သားကိုမထိုးမိဘဲ အနားကွပ်၍ထားသော သံပတ်ချွေပြားကိုထိုးမိဟန်ရှိ၏။

ထိုအခါ၌ ကျွန်ပ်မှာစည်တွင်းမှရေများကို လက်ခုပ်ဖြင့်ခပ်ယူပက်ပစ်လျက်ရှိရာ စည်ပြတ်သည် ရေမျက်နှာပြင်ပေါ်သို့နှစ်လက်မခန့်ပေါ်၍ လာပြန်လေသည်။





ကျွန်ပ်မှာ ငါး၏ဘေးရန်မှလွတ်မြောက်လာသည်နှင့်တစ်ပြိုင်နက် ရေငတ်ခြင်းကို ထိုအခါမှ အမှတ်ရမိတော့၏။ နေသည်တစ်ဖြည်းဖြည်းမြင့်တက်လာပြီးနောက် မွန်းတည့်အချိန်သို့ရောက်လတ်သော် 'ကျွန်' သဘော်ဘေးမှလည်းကောင်း၊ ငါးကြီး၏ဘေးမှလည်းကောင်းလွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း ရေငတ်၍သေရမည့်ဘေးကိုကား ရှောင်လွှဲ၍ရမည်မဟုတ်တော့ချေ။ ကျွန်ပ်၏နှုတ်ခမ်းများ ဖူးရောင်ကွဲအက်ကာ ပါးစပ်ထဲသို့ သစ်သားချောင်းတစ်ခုကိုသွင်း၍ထားသကဲ့သို့ လျှာသည်လည်း သွေ့ခြောက်လျက်ရှိလေ၏။

သို့နှင့် နေသည် တဖြည်းဖြည်းကျသွားပြီးနောက် ညဦးအချိန်သို့ရောက်လေရာ လမင်းသည်ဝင်းဝင်းပပသာ၍လာလေသည်။ အချိန်၌ကား လေညင်းလေအေးကလေးများ တိုက်ခတ်လျက်ရှိသည့်ပြင် ပင်လယ်သည်လည်း အိမ်ကြမ်းပြင်ကဲ့သို့ညီထွတ်လျက်ရှိရကား၊ ကျွန်ပ်မှာ တစ်ခါတစ်ရံ သတိလစ်ခနဲလစ်ခနဲဖြစ်၍သွားပြီးလျှင် တစ်ခါတစ်ရံလည်း မေ့ခနဲအိပ်ပျော်သကဲ့သို့ဖြစ်သွားလျက် တစ်ခါတစ်ခါ၌လည်း အားလုံးသောဒုက္ခအပေါင်းကိုမေ့လျော့ကာ လှေငယ်တစ်စင်းဖြင့်ခရီးသွားနေရာဘိသကဲ့သို့ အောက်မေ့မိခဲ့၏။

ထိုအချိန်၌ ရေပြင်ငြိမ်သက်သလောက် လေသည်လည်းငြိမ်သက်လျက်ရှိရာ လွန်စွာပင်ပူအိုက်လှတော့၏။ လသည်ကောင်းကင်ထက်မှ တဖြည်းဖြည်းကျဆင်း၍သွားသဖြင့် ထောင်ပေါင်းများစွာကုန်သောကြယ်များသည် လွန်စွာတောက်ပ၍လာလေရာ ကောင်းကင်တစ်ခုလုံးမှာကြယ်ရောင်ဖြင့် အတော်ပင်လင်းလျက်ရှိလေသည်။ အတန်ကြာသော် ထိုတောက်ပသောကြယ်များသည် တဖြည်းဖြည်းအရောင်မှိန်၍ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် နောက်ဆုံးကြယ်ရောင်များ လုံးလုံးပျောက် ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အရုဏ်တက်ချိန်သို့ရောက်လာခဲ့လေ၏။

နေသည် အရှေ့ကောင်းကင်မှတရွေ့ရွေ့ပြူထွက်၍လာပြန်ရာ တစ်ခဏမျှကြပြန်သော ငြိမ်သက်သောရေပြင်ပေါ်တွင် ဆီးနှင်းများ ကျရောက်လာပြန်သဖြင့် ကိုက်ငါးဆယ်ခန့်၏ ပတ်ဝန်းကျင်၌သာမြင်ရပြန်၏။ သို့သော် ဆီးနှင်းများကား နေ၏အပူရှိန်ကိုတာရှည်မခံနိုင်ချေ။ တစ်နာရီခန့်ကြာလတ်သော် နှင်းများကွဲသွားပြီးလျှင် ကောင်းကင်တစ်ခုလုံးထိန်လင်းကာ နေရောင်များသည်လည်း အကွယ်အကာမရှိသော ကျွန်ုပ်၏ဦးခေါင်းပေါ်သို့ အစွမ်းကုန်ကျရောက်လျက်ရှိပြန်လေ၏။

နေမြင့်လေလေ ကျွန်ုပ်၏ရေငတ်သည့်ဝေဒနာသည် ပြင်းထန်၍လာလေလေဖြစ်ရကား... တစ်ခါတစ်ရံကျွန်ုပ်၏စိတ်များမှာရူးသွပ်လုမတတ်ဖြစ်၍လာ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာတစ်ခါတစ်ရံ ငိုချင်၍ တစ်ခါတစ်ရံလည်း ရယ်ချင်စိတ်များပေါ်လာသောကြောင့်ပေတည်း။

ဤသို့ ဝေဒနာကိုအချိန်အတော်ကြာမှ အပြင်းအထန်ခံရ၍နေရပြီးနောက် မေ့ခနဲသတိလစ်၍သွားရာမှ ငှက်မြည်သံများကိုနားထဲတွင်ကြားရသည်နှင့် မျက်လုံးများကိုရုတ်တရက်ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်စီးနင်းလိုက်ပါလာသောစည်ကလေးသည် ဒီရေအတက်တွင် ကမ်းခြေတစ်ခုဘက်သို့ အရှိန်နှင့်မျောပါနေသည်ကိုတွေ့ရလေ၏။

ယခင်ကဆီးနှင်းများမကွဲသေးသောနေရာတစ်ခုဟု မှတ်ထင်မိသောနေရာမှာ ကမ်းခြေနှင့်ဆက်စပ်နေသည့် သောင်ခုံတစ်ခုဖြစ်၍နေရကား ကျွန်ုပ်မှာ အတိုင်းမသိဝမ်းမြောက်ကာ ကျွန်ုပ်၏ဝမ်းမြောက်ပုံကို စာဖြင့်ရေးသား၍ပင်မတတ်နိုင်အောင်ရှိချေ၏။





နောက်တစ်ကြိမ် ပင်လယ်ပြင်ဘက်မှတက်လာသော ဒီလှိုင်းတင်ချက်သည် ကျွန်ုပ်၏စည်ပိုင်းပြတ်အား အရှိန်ဖြင့်လျင်မြန်စွာ မျောပါစေပြီးလျှင် ပင်လယ်တွင်းသို့စီးဝင်သည့်မြစ်ကြီးတစ်ခု၏ သောင်ခုံပေါ်တွင် တင်၍နေစေ၏။

ကျွန်ုပ်၏နောက်မှတွန်း၍လှဲလိုက်ဘိသကဲ့သို့ စည်ပိုင်းမှထွက်ကျကာ သဲခုံပေါ်တွင်အလျားမှောက်လျက်ရှိနေရာ တစ်ကိုယ်လုံးမှာ ညောင်းညာလှသဖြင့် မလှုပ်မရှားချင်အောင်ရှိနေသော်လည်း ရှိသမျှအင်အားကိုညှစ်ထုတ်ကာ ရှေ့သို့အတင်းပြေးရ၏။ အဘယ်ကြောင့်ဆိုသော် နောက်လှိုင်းလုံးတစ်ခုသည် မှောက်လျက်လဲနေသော ကျွန်ုပ်၏ကိုယ်ပေါ်သို့ တစ်ပေခန့်မျှ လွှမ်း၍သွားပြီးလျှင် ကျွန်ုပ်၏စည်ပြတ်ကလေးကို ပင်လယ်ဘက်သို့တစ်ဖန်ပြန်၍ပါသွားစေ၏။

ကျွန်ုပ်မှာအားပြတ်ကာ မြစ်ကမ်းစပ်ရှိသောင်ခုံပေါ်တွင် အလျားမှောက်လဲလျက်ရှိ၏။ ထိုခဏ၌ ဖွန်လောက်ရှိသောငှက်တစ်ကောင်သည် ငါးကြီးတစ်ကောင်ကိုခြေဖြင့်ကုတ်လျက် ကျွန်ုပ်အပေါ်သို့ဖြတ်သန်းချီလာရာမှ ကျွန်ုပ်နှင့်သုံး လေး ကိုက်မျှဝေးသောနေရာတွင် ငါးကိုလွှတ်ချလိုက်လေသည်။ ငါးမှာ ဆယ့်ရှစ်လက်မခန့်အရှည်ရှိ သောင်ခုံပေါ်တွင် တဖျပ်ဖျပ်လူးလွန့်လျက်ရှိလေရာ ကျွန်ုပ်လည်း၊ ငါးလူးသည့်နေရာသို့ သွား၍သွားလေသည်။ ထိုနောက် ကျွန်ုပ်မှာဆာလောင်မွတ်သိပ်လှပြီဖြစ်၍ ဘီလူးစိတ်ဝင်၍လာပြီးလျှင် လူသတ္တဝါတို့မပြုလုပ်သော အရာကိုပြုလုပ်မိ၏။ တဖျပ်ဖျပ်လူးလွန့်နေသောငါးကို ကောက်ယူကာ အလယ်ဆီမှတစ်ချက်၊ နှစ်ချက်မျှကိုက်ဖဲ့စားလိုက်မိ၏။ ငါး၏သွေးများကို အားပါးတရမျို၍ချလိုက်မိ၏။ ထိုနောက် ချက်ချင်းလွှင့်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မြစ်၏အထက်ပိုင်းသို့ရောက်နိုင်သမျှရောက်အောင် တွား၍သွားပြီးလျှင် ရေစပ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရေကိုအဝသောက်ရုံမျှမက ဦးခေါင်းကိုပင်တစ်ခဏမျှ ရေထဲတွင်စိမ်၍ထားမိ၏။

တစ်ခဏမျှကြာလတ်သော် ကျွန်ုပ်မှ အစားလည်းဝ ရေလည်းဝခဲ့ပြီဖြစ်၍ အားအင်ပြည့်တင်းလာရကား ဒုက္ခအမျိုးမျိုးပေးခဲ့သည့် ပင်လယ်ပြင်ဘက်သို့ကြည့်ကာ ကျွန်ုပ်အားကယ်ဆယ်လိုက်သော ဘုရားသခင်ကို ရည်မှန်းကာဆုမွန်များတောင်းမိ၏။

ကျွန်ုပ်ကား သေတွင်းမှလွတ်မြောက်ခဲ့ပေပြီ။ ရက်စက်ကြမ်းကြုတ်လှသောပင်လယ်ပင် ဘုရားသခင်၏တန်ခိုးတော်ကြောင့် ကျွန်ုပ်အားလွတ်လပ်ခွင့်ပေးခဲ့လေပြီ။

ကမ်းစပ်နှင့်ခပ်လှမ်းလှမ်းနေရာ၌ကား ချုံပုတ်များရှိနေသည်ကို မြင်ရသဖြင့် ကျွန်ုပ်လည်းထိုနေရာဆီသို့ရောက်အောင်သွားပြီးလျှင် အဖြူပွင့်များပွင့်နေသော ချုံကြီးတစ်ခုအရိပ်အောက်သို့ရောက်လာသောအခါ မောပန်းလှပြီဖြစ်ရကား မြေပေါ်သို့ကိုယ်ကိုပစ်လှဲလိုက်ပြီးနောက် တစ်ခါတည်းအိပ်ပျော်၍သွားလေ၏။

○





## ယစ်မူဝေရာ ကျောက်တုံးကြီး

နံနက်လင်းသောအခါ ကျွန်ုပ်သည်အိပ်ရာမှဖျတ်ခနဲလန့်၍ နိုးလေရာ... တစ်ညဉ့်လုံးတောခြင်များကိုက်ခဲ့သည့်ဒဏ်ချက်ဖြင့် ကျွန်ုပ်၏ မျက်နှာတစ်ခုလုံးမှာ ကျောက်ဖရုံသီးကဲ့သို့ဖူးရောင်လျက် ကျွန်ုပ်၏ကိုယ်မှာလည်း အဝတ်အစားဝတ်ထားသောနေရာမှတစ်ပါး တစ်ကိုယ်လုံးအဖုအပိမ့်တို့ဖြင့် သီးလျက်ရှိကုန်၏။

ကျွန်ုပ်၏ရှေ့၌ကား... ရွံ့ညွန်များသည် မျက်စိတဆုံးတည်ရှိရာလူသူအစအနပင်ဟူ၍ကားမမြင်ရချေ။ သို့နှင့်ကျွန်ုပ်သည် မည်သည့်နေရာဟူ၍ ရည်ရွယ်ချက်မရှိဘဲ ရှေ့သို့မြော်ရမ်းမှန်းဆကာ တရွေ့ရွေ့သွားနေရာ ကျွန်ုပ်ကိုမြင်သဖြင့် ကမ်းစပ်ဆီသို့ကူးလာသော မိကျောင်းကြီးများဆိုလည်းကောင်း၊ ညွန်အိုင်များထဲမှ လျှောခနဲပြတ်ကာ ရေစပ်ဆီသို့ တွားသွားနေသော မြွေများကိုလည်းကောင်းတွေ့မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာစ၍ တစ်ကိုယ်လုံးယားလိုက်ယံလိုက်သည်မှာလည်းပြောဖွယ်ရာမရှိချေ။ ခြေကိုမြှောက်လိုက်၊လက်ကိုကွေးလိုက်ဖြင့် ကခုန်နေ ဘိသကဲ့သို့ရှိလေ၏။

သို့နှင့် ကျွန်ုပ်သည်ကမ်းစပ်မှလျှောက်၍ တစ်နာရီခန့်မျှသွားမိသောအခါ ချုံပုတ်များနှင့်ကိုင်းပင်များ တဖြည်းဖြည်းပါးလာပြီးလျှင် မြေပြန့်တစ်ခုသို့ရောက်လာလေ၏။ ပင်လယ်မှစွန့်ပစ်လိုက်၍ မသေဘဲကျန်ရှိနေသော်လည်း အစားအစာနှင့်ကင်းဝေးလာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ ကျွန်ုပ်မှာရှေ့သို့ဆက်လက်၍မသွားနိုင်အောင် အားပြတ်လျက်ရှိနေချေပြီ။ သေရမည့်ဘေးကမဝေးလှတော့ပြီ။

သို့နှင့် ကျွန်ုပ်သည်ရုတ်တရက်အားပြတ်သွားပြီးနောက် မတ်တတ်ရပ်ခြင်းငှာမစွမ်းနိုင်တော့ဘဲ မြေပေါ်သို့ဒူးထောက်၍ကျလုမတတ်ရှိစဉ်အတော်ခပ်ဝေးဝေးအရပ်၌ အသားအညိုရောင်ရှိသောလူတစ်စုကို ရုတ်တရက်မြင်လိုက်ရလေ၏။

သူတို့သည် အဝတ်ဖြူများကိုဝတ်ဆင်ထားပြီးလျှင် အချို့မြစ်ကမ်းစပ်၌ ငါးများကြကုန်လျက် အချို့လည်းကမ်းစပ်တွင် အစားအသောက်များကိုစားသောက်လျက်ရှိကြကုန်ရာ သူတို့နှင့်မနီးမဝေး၌ကား လောင်းလှေကြီးများသည်ဆိုက်ကပ်လျက်ရှိလေသည်။

ကျွန်ုပ်ကဲ့သို့ပင် ထိုသူများသည် ကျွန်ုပ်တို့ကိုမြင်ကြကုန်ပြီဖြစ်၍ လူရိုင်းဘာသာဖြင့် ဗူးဗူးဝါးဝါးရေရွတ်ပြီးနောက် လက်ထဲတွင် လှံတံများ၊ တင်းပုတ်များနှင့် လေးမြားများကိုကိုင်ကာ ကျွန်ုပ်ထံသို့ ပြေးလာကြလေ၏။ အနီးသို့ရောက်လတ်သော် ကျွန်ုပ်လည်း လက်နှစ်ဘက်ကိုမြှောက်ကာ တတ်နိုင်သမျှတောင်းပန်လျက်ရှိလေသည်။





သူတို့သည် ကျွန်ုပ်၏အခြေအနေကိုလည်းကောင်း၊ ကျွန်ုပ်၏လက်တွင် လက်နက်တစ်စုံတစ်ရာမရှိသည်ကိုလည်းကောင်း၊ မြင်ကြရသောအခါ တစ်ယောက်သောသူသည် ကျွန်ုပ်အားစကားစ၍ပြောလေသည်။ သို့သော် ကျွန်ုပ်မှာ လူမည်းများပြောသောစကားကိုနားမလည်ချေ။ ကျွန်ုပ်တ သင်္ဘောပျက်လာကြောင်းသိရှိစေရန် ပင်လယ်ဘက်သို့ လက်ညှိုးညွှန်ပြီးနောက်အပိမ့်အဖုထနေသော ကျွန်ုပ်၏မျက်နှာနှင့် ခြေလက်များကိုပြပြန်၏။

သူတို့သည် ကျွန်ုပ်ပြောသောစကားကိုပင် နားမလည်သော်လည်း ကျွန်ုပ်ပြသောအမှုအရာများကို နားလည်ဟန်ဖြင့် လူမည်းတစ်ယောက်သည် လောင်းလှေများရှိရာသို့ပြန်သွား၍လျှင် သစ်ရွက်တစ်ခုပေါ်တွင် မွေးကြိုင်၍ ကော်နှင့်တူသောအရာများကိုယူလာပြီးနောက် ကျွန်ုပ်၏အဝတ်အစားများကို ခြေဟန်လက်ဟန်ပြ၍ချွတ်စေပြီးသော် ကျွန်ုပ်တစ်ကိုယ်လုံးကိုလိမ်းကျံ၍ပေးလေသည်။

ထိုအနံ့သင်းကြိုင်သော ဆေးကိုလိမ်းကျံပြီးသည့်နောက် တစ်ပြိုင်နက် ပူစပ်ယားယံသောဝေဒနာမှာ ရုတ်တရက်ယူပစ်လိုက်ဘိသကဲ့သို့ပျောက်သွားပြီးလျှင် တစ်ကိုယ်လုံးစိမ့်၍အေးသွား၏။ ထိုဆေးမှာ ပူစပ်ယားယံခြင်းပျောက်ကင်းရုံမျှမက ခြင်ကောင်များလည်းအနားသို့မကပ်ကြတော့ချေ။

ထိုနောက် ကျွန်ုပ်အား အစားအစာများကို ခွက်တစ်ခုဖြင့်ထည့်ထားသည့် ကျိုက်ကျိုက်ဆူလျက်ရှိသောအရည်ကိုပေးလေ၏။ အစားအစာများမှာ ငါးကင်နှင့်ဂျုံကိုဖုတ်ထားသော မုန့်တစ်မျိုးဖြစ်လျှင် သောက်ရန်အရည်မှာ သောက်သောအခါမှ ချော့ကလက်အရည်ဖြစ်ကြောင်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးလတ်သော် လူမည်းများသည် လောင်းလှေများပေါ်သို့ တက်ကြ၍ ကျွန်ုပ်အားလည်း ရှေ့ဆုံးမှအကြီးဆုံးသောလှေပေါ်သို့တက် စေပြီးလျှင် လှော်ခတ်မည့်သူနှစ်ယောက်နှင့် အတန်ငယ်အသက်ကြီး၍ သူတို့အထဲတွင်အကြီးအမှူးနှင့်တူလျက် ရင့်ကျက်သောဣန္ဒြေရှိသည့် လူကြီးသည် လှေပေါ်သို့တက်ကြ၏။

နှစ်ယောက်သောသူသည် လောင်းလှေကိုလှော်ခတ်လျက်ရှိလေရာ ထိုလူကြီးသည် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်ထိုင်လေသည်။ ကျွန်ုပ်တို့ လောင်းလှေကြီးသည် ရှေ့ဆုံးမှသွားလျက် နောက်မှလှေလောင်း သုံးစင်း တွင် လူမည်းများလိုက်ပါလာကြ၏။ သို့နှင့် ကျွန်ုပ်တစ်ကိုယ်လုံး ပူစပ် ယားယံသောဒုက္ခမှ လုံးဝကင်းလွတ်ခဲ့သည်ဖြစ်သည့်ပြင် အူမလည်း အတော်တောင့်တင်းလာပြီဖြစ်သောကြောင့် ခရီးတစ်မိုင်မျှမရောက်မီ အနီး၌ ခင်းထားသောကျားသစ်ရေတစ်ချပ်ပေါ်တွင် မြိန်မြိန်ရှက်ရှက် အိပ်ပျော်၍သွားလေ၏။

ကျွန်ုပ်အိပ်ရာမှနိုးသောအခါ အစာကလည်း ဝခဲ့ပြီဖြစ်၍ ယခင်က နှင့်မတူတော့ဘဲ လတ်ဆတ်ရွှင်လန်းလျက်ရှိလေ၏။ ထိုအခါ၌ကား နေ မှာဝင်ခါနီးဖြစ်သဖြင့် ကျွန်ုပ်မှာ နာရီပေါင်းများစွာအိပ်ပျော်သွားသည့် အကြောင်းကိုသိရလေသည်။

ကျွန်ုပ်အိပ်ပျော်သွားပြီးနောက် အိပ်ရာမှနိုးစဉ် အကြီးအမှူးလုပ် သူသည် ကျွန်ုပ်မျက်နှာပေါ်သို့သစ်ခက်တစ်ခုဖြင့် ခြင်များခြောက်ယပ်ပေး သည်ကိုတစ်ကြိမ်တွေ့လိုက်ရသဖြင့် လူမည်းများမှာ ကျွန်ုပ်အပေါ်တွင် ကောင်းစွာပြုစုသောကြောင့် တစ်စုံတစ်ရာကြောက်လန့်ဖွယ်မရှိကြောင်း တွေးမိ၏။ ကျွန်ုပ်ကား မည်သည့်အရပ်ဒေသသို့ရောက်လာ၍ မည်ကဲ့





သို့သောလူများနှင့်တွေ့ကြုံလေဘိသနည်း စဉ်းစား၍မရချေ။ သို့နှင့် ကျွန်ုပ်သည် မြစ်၏တစ်ဖက်တစ်ချက် ပတ်ဝန်းကျင်ကိုကြည့်မိ၏။

ကျွန်ုပ်တို့လောင်းလှေများကား ယခင်ကမြင်ကျယ်ကြီးထဲတွင် မ ဟုတ်တော့ဘဲ ချောင်းကြီးတစ်ခုကိုဆန်တက်လျက်ရှိလေသည်။ မြစ် ကျယ်ကြီးကိုဆန်တက်ခဲ့စဉ်က နံဘေးတစ်ဖက်တစ်ချက်တွင် ရွှံမျော်၍ ဆိုးသောရွှံ့ညွှန်များရှိရာ ယခုမှာမူ ကမ်းဘေးတစ်ဖက်တစ်ချက်တွင် ညွှန်ပွက်များမရှိတော့ဘဲ၊ အလွန်လှပမြင့်မားသော သစ်ပင်ကြီးများကိုတွေ့ မြင်ရလေ၏။

ထိုသစ်ပင်ကြီးများအကိုင်းပေါ်မှ နွယ်ကြီးများသည်ဒန်းဆင်၍ထား သော ကြိုးများသဖွယ် တွဲရရွဲကျလျက်ရှိလေရာ အချို့နေရာများတွင် အမွေးအတောင်အရောင်မျိုးစုံဖြင့်ငှက်များသည် တွန်မြည်ကြကုန်လျက် အချို့နေရာ၌လည်း မျောက်များသည် ကျွန်ုပ်တို့လောင်းလှေများကို မြင်သောအခါ တစ်ခွီးခွီးတချွားချွားအော်မြည်ကြကုန်လျက် နွယ်တစ်ခုမှ တစ်ခုသို့ ခုန်၍ကူးကာ ဘာဘာဘာဝကစားမြူးတူးလျက်ရှိကြကုန်၏။ ဝင်လုဆဲသောနေရောင်တွင် ပျံသန်းမြူးပျော်ကာရှိနေသော ငှက်မျိုးစုံတို့၏ အရောင်များသည် ရှုမြင်ခင်းကိုအသက်သွင်းပေးသကဲ့သို့ရှိလေသည်။

ထိုနောက် တဖြည်းဖြည်းနေလုံးပျောက်၍လာခဲ့ရာ ကြည်နူးဖွယ် ကောင်းသောရှုမြင်ခင်းများသည်လည်း နေရောင်နှင့်အတူပျောက်ကွယ်၍ သွားကြလေ၏။ အတန်ကြာလတ်သော် ကျွန်ုပ်တို့သည် လှေဆိုက်ရန် သစ်သားဖြင့်ဆောက်လုပ်ထားသော တံတားတစ်ခုကိုရောက်ကြ၍ လောင်းလှေများသည် ထိုဆိပ်ခံတံတားသို့ကပ်ကြပြီးလျှင် ကျွန်ုပ်အား ကမ်းပေါ်သို့ခေါ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သွားရသောလမ်းကလေးမှာ အတော်အတန် ကောင်းမွန်သပ်ရပ်သောလမ်းကလေးဖြစ်၍ မကြာမီရွာတံခါး တစ်ခုသို့ဆိုက်ရောက်ပြီးနောက် အတွင်းဘက်မှခွေးဟောင်သံများ၊ လူသံများ၊ ကလေးငိုသံများကိုကြားရသဖြင့် ကျွန်ုပ်သည် ရွာကြီးတစ်ရွာအတွင်းသို့ဝင်၍လာကြောင်းခန့်မှန်းရ၏။

ဤသို့ နံဘေးတစ်ဖက်တစ်ချက်တွင် သစ်ရွက်များမိုးထားသည့်အိမ်ကလေးများစီတန်းလျက်ရှိသော လမ်းမကြီးအတိုင်းလာခဲ့ကြရာ တစ်ခဏကြာမျှသွားမိလတ်သော် စီတန်းလျက်ရှိသောအိမ်ကလေးများအနက် အတော်အတန်ကြီးသော အိမ်ကြီးတစ်အိမ်ရှေ့သို့ရောက်သောအခါ အကြီးအမှူးလုပ်သူသည် ကျွန်ုပ်၏လက်ကိုဆွဲပြီးလျှင် အိမ်တွင်းသို့ ခေါ်သွားလေ၏။ အိမ်ကြီးအတွင်း၌ကား နောက်ဘက်သို့သွားသည့် ရှည်လျားသောအဆောင်တစ်ခုရှိရာ မြေအိုးများဖြင့်ထွန်းညှိထားသောမီးခွက်များမှအလင်းရောင်တွင် အသားမည်းသောမိန်းမများကိုတွေ့ရလေသည်။

သူတို့သည် ကျွန်ုပ်အားခေါ်လာသူ အကြီးအမှူးအား အချို့က အရေတာဝင်ဆီးကြို နှုတ်ဆက်လျက် အချို့ကလည်းကိုယ်ကိုညွှတ်၍ လက်တစ်ဖက်ကိုကြမ်းပြင်ပေါ်သို့ထောက်ကာ အရိုအသေပေးကြလေရာ အရိုအသေပြုသူများမှာ အစေခံများဖြစ်ဟန်လက္ခဏာရှိလေသည်။ ထိုနောက်အားလုံးသောသူတို့၏ မျက်လုံးအစုံများသည် ကျွန်ုပ်အပေါ်သို့ကျရောက်ကာ ၎င်းတို့အချင်းချင်းပြောဆိုခြင်း၊ အကြီးအမှူးအားမေးခွန်းထုတ်ခြင်းများကိုပြုလုပ်ကြကုန်၏။

ဤကိစ္စများပြီးလတ်သော် ညစာကို မိန်းမများယူဆောင်လာကြ၍ယောကျ်ားများသည် မြေပေါ်တွင်ခင်းထားအပ်သော သစ်နွယ်တစ်မျိုးကို





ရက်လုပ်ထားဟန်ရှိသည့်ဖျာများပေါ်တွင်ထိုင်ကာ စားသောက်ကြလေရာ ကျွန်ုပ်လည်း သူတို့နှင့်အတူရောနှောစားသောက်ကြရလေသည်။ အစာမှာ ထူးဆန်းသောအသားများကို ချက်ပြုတ်ထားသည့်ဟင်းလျာများဖြစ်ရာ အတော်ပင်ခံတွင်းတွေ့မိ၏။

ဟင်းကျွေး၊ ဟင်းလျာများယူဆောင်လာသော မိန်းမများအနက် မျက်လုံးကောင်းကောင်းနှင့်မိန်းမတစ်ယောက်ကို ကျွန်ုပ်သည်သတိထား၍ ကြည့်မိ၏။ မိန်းကလေးများမှာ အသားညိုသော်လည်း အရုပ်မြင့်၍ ပြောင့်စင်းသောကိုယ်ရှိ၏။ ချိုသောမျက်နှာနှင့် ရယ်လျက်ရှိသောမျက်လုံးများမှာ မိန်းမပျို၏အလှကိုပို၍ထင်ရှားစေ၏။

သူ၏အမည်မှာ သူတို့ဘာသာအရရှည်လျားလွန်းသဖြင့် ကျွန်ုပ်က 'မာရီနာ' ဟု အမည်ပေးထားရာ သူကလည်း ထိုအမည်ကိုကောင်းစွာနှစ်သက်လျက်ရှိ၏။ မာရီနာသည် ကျွန်ုပ်၏သင်္ဘောပျက်ခဲ့ပုံ၊ အစားအစာငတ်ခဲ့ပုံများကို အကြီးအမှူးထံမှ ကြားသိရသောအချိန်မှစ၍ ကျွန်ုပ်အပေါ်တွင်ဒုက္ခသည်တစ်ယောက်အနေဖြင့် ကောင်းစွာကြည့်ရှုပြုစုခဲ့လေသည်။

'မာရီနာ' သည် ကျွန်ုပ်အား ရေမိုးချိုးရန်ရေများခပ်ပေး၍ ခါးဝတ်အဖြူတစ်ထည်ကိုလည်းကောင်း၊ ကိုယ်ရုံအတွက် ငှက်မွေးဖြင့် ချုပ်ထားသောအင်္ကျီတစ်ထည်ကိုလည်းကောင်း ဝတ်ရ၏။ သို့နှင့် မာရီနာသည် ကျွန်ုပ်အပေါ်တွင် အစားဘက်၌လည်းကောင်း၊ အဝတ်ဘက်၌လည်းကောင်း လိုလေသေးသည်မရှိရအောင် ဝတ်ကြီးဝတ်ငယ်များကို ပြုစုရှာလေ၏။

ညစာစားသောက်ကြပြီးနောက် ကျွန်ုပ်အား သီးခြားထားသော သစ်



www.burmeseclassic.com

www.burmeseclassic.com



ရွက်ခြောက်များကာရံထားသည့် အခန်းတစ်ခုတွင် မြက်ဖျာတစ်ခုခင်း၍ အိပ်ရန်နေရာပေးလေရာ ကျွန်ုပ်တွေ့ရသောလူမည်းများမှာ အသားမည်းနက်၍ ကျွန်ုပ်တို့ဘာသာစကားကိုမတတ်ကျွမ်းစေကာမူ ကျွန်ုပ်အပေါ်တွင်မြှုစုံကိုထောက်ထားခြင်းအားဖြင့် လုံးဝရိုင်းစိုင်းသောလူရိုင်းများ မဟုတ်ကြောင်းသိရ၏။

သို့သော် ကျွန်ုပ်မှာ ယုယစွာပြုစုခြင်းခံရသော်လည်း လွတ်လပ်သောသူတစ်ယောက်မဟုတ်ဘဲ လူမည်းများလက်တွင် အကျဉ်းခံနေရသည့်အဖြစ်ကို အတန်ကြာသောအခါမှသိရှိရတော့၏။ အဘယ်ကြောင့်ဆိုသော် လူမည်းများအိပ်ပျော်သဖြင့် ပတ်ဝန်းကျင်သည်လွန်စွာ တိတ်ဆိတ်လျက်ရှိစဉ် လူမည်းတစ်ယောက်သည်အရောင်တောက်သော အသွားရှိသည့် လှံကြီးကိုထမ်းကာ ကျွန်ုပ်အခန်းဝ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍နေသည်ကိုတွေ့မြင်ရသောကြောင့်ပေတည်း။

အချိန်အတော်ညဉ့်နက်သည့်တိုင်အောင် အိပ်မပျော်နိုင်သေးသဖြင့် ကျွန်ုပ်လည်း အခန်းပြတင်းပေါက်ရှိ သစ်သားတိုင်များအကြားမှ အပြင်သို့မျှော်ကြည့်မိ၏။

ထိုအချိန်၌ လ ထွက်လာပြီဖြစ်၍ အတော်ဝေးဝေးသို့ပင်မြင်နိုင်သည်ဖြစ်ရာ အိမ်များမှာ အလွန်ကျယ်ဝန်းသောကွင်းပြင်ကြီးအစွန်အဖျားတစ်လျှောက်၌ စီတန်းဆောက်လုပ်ထားလျက် ကွင်းပြင်၏အလယ်၌မူ ပေတစ်ရာကျော် နှစ်ရာခန့်မြင့်သည့် 'ပစ်ရမစ်'ခေါ် ကျောက်တောင်တစ်ခုသည် မားမားစွင့်စွင့်တည်ရှိ၏။ ထိုကျောက်တောင်ထိပ်၌ ဘုရားရှိခိုးကျောင်းကဲ့သို့ အဆောက်အဦတစ်ခုကိုမြင်ရပြီးလျှင် ၎င်းရှေ့မှမီးတစ်ခုသည် ထိန်လင်းစွာတောက်လျက်ရှိလေသည်။ ကျောက်တောင်ထိပ်ရှိ အဆောက်အဦမှာ မည်သည့်အဆောက်အဦဖြစ်လေသနည်း။ ၎င်းရှေ့မှ





…င်ရသောမီးမှာ အဘယ်ကဲ့သို့သောမီးပေနည်း။

ဤသို့တွေးတောရင်း ကျွန်ုပ်မှာအိပ်ပျော်သွားရာ ထိုအကြောင်းများ…ို နောက်တစ်နေ့၌ပင်သိရှိရတော့၏။

…န်ုပ်ရောက်ရှိလာသောနေရာမှာ "တူသက်စကို"မြို့ဖြစ်၍ မက္ကဆီကို…ိုင်းပြည်၏ ဗဟိုအချက်အချာမြို့တော်ဖြစ်သော "မက္ကဆီကို"မြို့နှင့်…င်ပေါင်းများစွာကွာဝေး၏။ လူမည်းများကားကျွန်ုပ်မရောက်မီ ရှေးမ…ကပင် စပိန်လူမျိုးများအကြောင်းသိနှင့်ပြီးဖြစ်ရာ စပိန်တို့အား နယ်ချဲ့…စားများရန်သူအဖြစ် သဘောထားကြ၏။ သူတို့အား "ကျူလီ"ဟူ၍…မည်းတို့ဘာသာဖြင့်ခေါ်ဝေါ်ကြ၏။ ထိုအကြောင်းများကို နောင်အခါမှ…န်ုပ်သိရှိရလေသည်။

နံနက်လင်း၍အိပ်ရာမှနိုးသောအခါ ကျွန်ုပ်မှာ အစားလည်းဝ အိပ်…လည်း ဝခဲ့ပြီဖြစ်ရာ မိမွေးတိုင်းဖမွေးတိုင် ကျန်းမာသန်စွမ်းလျက် ရှိနေ…၏။

အစောင့်သည် ကျွန်ုပ်အားရေမိုးချိုးရန်နှင့် ကိုယ်လက်သုတ်သင်ရန်…ပြခေါ်ဆောင်သွားပြီးနောက် ဤအမှုကိစ္စများပြီးသောအခါ ယမန်…ညစာစားခဲ့သောအခန်းဆောင်သို့ လာခဲ့ရပြီးလျှင်နို့ကင်များ၊ အသား…က်များ၊ ကိုကိုးရေများကိုစားသောက်ရ၏။ သို့သော် စားသောက်၍မှ…ီးသေးမီ ကျွန်ုပ်အားယူဆောင်လာခဲ့သော အကြီးအမှူးလုပ်သူသည်…ါးတစ်ခုမှဝင်ရောက်လာပြီးလျှင် သူ့နောက်မှ ထွားကြိုင်း၍ ကြော…ာ်ဖွယ်ကောင်းသော လူကြီးနှစ်ယောက်လည်းပါလာလေသည်။

ထိုလူမည်းကြီးနှစ်ယောက်မှာ ထူးဆန်းသောအနီရောင်…မှတ်သား



www.burmeseclassic.com

www.burmeseclassic.com



များဖော်ထားသည့်ဝတ်လုံအနက်ကြီးများကို ဝတ်ဆင်ထားရှိရာ ၎င်းတို့ ဆံပင်များမှာလည်း အစေးတစ်မျိုးဖြင့်ဦးခေါင်းပေါ်တွင် ထူးဆန်းစွာ ရစ်ပတ်ခွေလိမ်၍ထားလေ၏။

အခန်းတွင်းရှိလူများနှင့်တကွ အကြီးအကဲကပါ ထိုလူမည်းကြီးနှ ယောက်အား အရိုအသေပေးသည်ကိုမြင်ရလေသည်။

ကျွန်ုပ်ကမတ်တတ်ရပ်လိုက်သဖြင့် ထိုလူကြီးနှစ်ယောက်သည် ကျွန်ုပ်အား စူးစူးဝါးဝါးကြည့်ရှုလျက်ရှိလေရာ ၎င်းတို့၏မျက်လုံးမှာ ကျွန်ုပ်၏အသည်းနှလုံးကိုဖောက်ထွင်း၍ သွားဘိသကဲ့သို့ ထင်မှတ်ရ လျှင် ကျောထဲတွင်စိမ့်၍သွားလေ၏။ ၎င်းတို့အနက် တစ်ယောက်သည် ကျွန်ုပ်ထံသို့ချဉ်းကပ်လာပြီးလျှင် ကျွန်ုပ်၏အင်္ကျီရင်ပတ်ကိုဖွင့်ကာ ရ အုပ်ကို မ်းသပ်ပြီးနောက် ရေတွက်လေ၏။ *(ဤသို့ပြုလုပ်ခြင်းက အချိန်မည်မျှအတွင်း မည်မျှလောက်အကြိမ်များစွာ ရင်ခုန်သည်ကို သပ်ခြင်းဖြင့် ထိုသူသည်အဘယ်မျှလောက်ကျန်းမာသန်စွမ်းသည် သိရှိရန်ဖြစ်ကြောင်းနောင်အခါမှသိရ၏။)*

ကျွန်ုပ်မှာ အဓိပ္ပာယ်ကိုရုတ်တရက်နားမလည်သေးသည်နှင့် ပတ်ဝ ကျင်ရှိလူများ၏မျက်နှာကိုကြည့်လျက်ရှိရာ မာရီနာ၏ စိုးရိမ်ကြော ရှုံ့သောမျက်နှာကိုမြင်ရသောအခါမှ ဤသို့ပြုလုပ်ခြင်းမှာ တစ်စုံတစ် သောဘေးအန္တရာယ်ကျရောက်မည့် ရှေ့ပြေးပေလောဟု သံသယဖြ မိ၏။

ထိုလူကြီးနှစ်ယောက်သည် သူတို့အချင်းချင်းပြောဆိုတိုင်ပင်ပြီးလျှ ကျွန်ုပ်၏လက်ကိုတစ်ဘက်စီဆွဲကိုင်ပြီးနောက် အိမ်ပြင်သို့ ထုတ်သွားလေ ရာ အကြီးအကဲဖြစ်သူနှင့်မာရီနာမှတစ်ပါး အိမ်သားအားလုံးပင် ကျွ





နောက်မှလိုက်ပါလာကြ၏။ ထိုနောက် ကျွန်ုပ်အားကွင်းပြင်ကြီးမှဖြတ် ၍ ကျောက်တောင်ရှိရာသို့ခေါ်ဆောင်သွားရာ ကွင်းပြင်ပတ်လည်ရှိ အိမ် များမှ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များသည် တဖြည်းဖြည်းထွက် လာပြီးလျှင် ကျွန်ုပ်နောက်မှစုရုံးလိုက်ပါလာကြကုန်၏။

ကျောက်တောင်ကြီးမှာ ပေနှစ်ရာနီးပါးမျှမြင့်၍ သုံးထောင့်ပုံတုံး တစ်တုံးကိုထောင်၍ထားဘိသကဲ့သို့တည်ရှိရာ တောင်ထိပ်၌ဘုရားရှိခိုး ကျောင်းကဲ့သို့ ချွန်ထွက်လျက်ရှိသော အဆောက်အဦကလေး တစ်ခုရှိရာ ၎င်းရှေ့တွင် မီးပုံတစ်ခုမှမီးများသည် ဟုန်းဟုန်းတောက်လျက်ရှိကုန်၏။

လူကြီးနှစ်ယောက်သည် ကျွန်ုပ်အား ထိုကျောက်တောင်ရှိရာသို့ခေါ် ဆောင်သွား၍ တောင်ခြေရင်းသို့ရောက်သောအခါ အိမ်ငယ်တစ်ခုအ တွင်းသို့သွင်းလေ၏။ ထိုအိမ်ငယ်မှာလည်း ဇရပ်တစ်ဆောင်ကဲ့သို့လည်း ကောင်း ကျောင်းတစ်ခုကဲ့သို့ ဆောက်လုပ်ထားပြီး လျှင်အတွင်း၌ ခါးပိုင်း ၌သာအဝတ်ဖြူပတ်ကာ တစ်ကိုယ်လုံးအဝတ်အစားကင်းမဲ့သော လူမည်း နှစ်ယောက်တို့သည် ကြမ်းပြင်ပေါ်ထိုင်လဲလျက်ရှိနေကြ၏။

ထိုအိမ်အတွင်း၌လည်း ကျွန်ုပ်အားဖမ်းဆီးလာသောလူမည်း နှစ် ယောက်ကဲ့သို့ ဝတ်လုံအနက်ကြီးများဝတ်ထားသော လူမည်းများကို ဆပ်မံတွေ့ရသဖြင့် ၎င်းတို့အားလုံးမှာဘုန်းကြီးဖြစ်ကြောင်း နောင်အခါ သိရှိရလေသည်။

ဘုန်းကြီးများသည် ကျွန်ုပ်အဝတ်များကို အတင်းဆွဲယူဆုတ်ဖြဲပစ် ပြီးလျှင် ခါးပိုင်းတွင်အဝတ်ဖြူတစ်ခုကိုပတ်၍ပေး၏။ ထိုနောက် ထိုင်၍နေသော လူမည်းနှစ်ယောက်၏ကြိုးများကို ဖြေကြပြီးသော် ကျွန်ုပ်နှင့် အတူ ဘုန်းကြီးများခြံရံကာ တောင်ပေါ်သို့တက်သည့်လှေကားထစ်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုတက်စေ၏။ ထိုအခါ၌ ကျွန်ုပ်၏နောက်မှ လူမည်းတို့ဘာသာအလိုက် လူအများဝိုင်း၍ သီချင်းဆိုသံများ ဖုံတီးသံများထွက်ပေါ်လာလေရာ ကျွန်ုပ်က ရှေ့ကသွားလျက် ကျွန်ုပ်နောက်မှ ကျွန်ုပ်ကဲ့သို့ဖမ်းဆီးခြင်း ခံရသော လူမည်းနှစ်ယောက်သည်လည်းကောင်း ထိုနောက်မှဘုန်းကြီးများသည်လည်းကောင်းလိုက်ပါလာကြကုန်၏။

တောင်ပေါ်သို့တက်ရသောလမ်းမှာ တောင်ခါးပန်းကိုပတ်ကာ ကွေ့ကောက်သွားသဖြင့်အတန်ကြာတက်မိလတ်သော် တောင်ထိပ်သို့ရောက်ကြလေ၏။ တောင်ထိပ်ရှိမျက်နှာပြင်မှာ အတော်ကျယ်ပြန့်လျက် ဆေငါးဆယ်ခန့်မြင့်သည့် ဘုရားရှိခိုးကျောင်းနှစ်ဆောင်ကို ယှဉ်၍ဆောက်လုပ်ထားရာ ကျောင်းဆောင်တစ်ခုတွင် ရုပ်တုတစ်ခုစီရှိ၍ ရုပ်တုများမှာလည်း သာမန်လူအရုပ်ထက်နှစ်ဆခန့်မြင့်ပြီးလျှင် မျက်လုံးပြူးကြီးများဖြင့် ဘီးလူးသရဲကဲ့သို့ ခက်ထန်ကြမ်းကြုတ်လှသောမျက်နှာလည်း ရှိပေ၏။ အရုပ်ကြီးများမှာ ကျောက်ကိုထုလုပ်ထားသည်ဖြစ်၍ ရှေ့မုခ်ပေါက်များမှ ၎င်းတို့ကိုမြင်လိုက်မိတိုင်း ကျွန်ုပ်မှာကြက်သီးမွေးညင်းထ၍သွားမိ၏။

ဘုရားရှိခိုးကျောင်းတစ်ခုမှာ စစ်ပွဲတွင် အောင်မြင်ခြင်းကိုပေးနိုင်သည့် 'ဟုဧယ်'နတ်ကြီးအတွက်ဖြစ်၍ အခြားကျောင်းတစ်ဆောင်မှာ လေကိုစောင့်သည့် 'ကွီဧယ်'နတ်ကြီးအတွက်ဖြစ်လေသည်။ ကျောင်းဆောင်ကြီးများရှေ့၌ကား ပလ္လင်တစ်ခုစီရှိ၍ ထိုပလ္လင်များပေါ်တွင် ရွှေခွက်ကြီးများကိုတင်ထား၏။ ရွှေခွက်များအတွင်းတွင် ယမန့်နေ့ကယစ်ပူဇော်ခဲ့သော လူများ၏အသည်းနှလုံးများသည် ရဲရဲနီသောသွေးများဖြင့် လိမ်းကျံလျက်ရှိလေသည်။ ပလ္လင်နှစ်ခုကြားတွင် အစဉ်မပြတ်တောက်လျက်ရှိသော မီးမှို





ကြီးတစ်ခုရှိလေရာ ၎င်း၏ရှေ့တည့်တည့်၌မူ အချင်းထိပ်ဝ ဆယ်ပေခန့်ရှိလှည်းဘီးသဏ္ဍာန်ကဲ့သို့ဝိုင်းစက်သော ကျောက်နက်တုံးကြီးတစ်ခုရှိလေသည်။ ထိုကျောက်တုံးကြီးအလည်တည့်တည့်တွင် ကြေးနီကွင်းတစ်ခုတပ်ဆင်ထား၏။

တောင်ထိပ်သို့ရောက်၍မကြာသေးမီ ဘုန်းကြီးများသည် ကျွန်ုပ်အားတစ်ခါတည်းဝိုင်း၍ချုပ်နှောင်ကြပြီးလျှင် ကျောက်တုံးကြီးရှိရာသို့ဆွဲခေါ်သွားကြပြီးနောက် သားရေပတ်တစ်ခုဖြင့် ကျွန်ုပ်၏ခါးကို ချည်ပြီးသော် ကျောက်တုံးအစွန်းသို့ရောက်သည်အထိပြေးနိုင်အောင် သားရေပတ် အများကို ကြေးနီကွင်းကြီး၌ ခပ်လျော့လျော့ချည်နှောင်လေသည်။

ထိုနောက် ကျွန်ုပ်အား လှံတစ်ချောင်းပေးပြီးလျှင် ကျွန်ုပ်နှင့်အတူယစ်ပူဇော်ခြင်းကိုခံရမည့် လူမည်းနှစ်ယောက်ကိုလည်း ကျွန်ုပ်ကဲ့သို့ပင်လှံတစ်ချောင်းစီပေးလေ၏။

ဤသို့ပေးပြီးသော် ခေါင်းဆောင်ဘုန်းကြီးသည်ကျွန်ုပ်အား ကျောက်တုံးပေါ်သို့တက်၍ ကျွန်ုပ်ကိုတိုက်ခိုက်မည့် လူမည်းနှစ်ယောက်အား ကျွန်ုပ်ကခုခံရန်နှင့် လူမည်းနှစ်ယောက်ကလည်း ကျွန်ုပ်ကိုတိုက်ခိုက်ရန်ခေါ်ပြ၊ လေပြဖြင့် ကျွန်ုပ်အားရှင်းလင်းစွာနားလည်စေ၏။

ထိုသို့တပြီးကား ရန်သူနှစ်ယောက်မှာ ကျွန်ုပ်အား လွတ်လပ်စွာတိုက်ခိုက်နိုင်သော်လည်း ကျွန်ုပ်ကမူခါးတွင်ချည်ထားနှောင်ထားသည့် သားရေကြိုးရှိနေသဖြင့် ကျောက်တုံးမျက်နှာပြင်ပေါ်ရှိအဝန်းအဝိုင်း၌သာ တိုက်ခိုက်နိုင်မည်ဖြစ်လေသည်။ သို့သော် မည်သို့ပင်ဖြစ်စေ ရတ်တရက်အသေခံလိုက်ရခြင်းထက် မသေမီမျှော်လင့်ရန်ရှိသောအခွင့်အရေးတစ်ခုကို ပေးခြင်းကတော်သေး၏။ ကျွန်ုပ်ကနိုင်အောင်တိုက်ခဲ့ပါမူ ကျွန်ုပ်အား လွတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွှတ်ပေမည်။ သို့ဖြစ်၍ ကျွန်ုပ်ကလည်းလှံကိုဆုပ်ကိုင်ကာ ကျောက်တုံးပေါ်သို့တက်လာမည့်ရန်သူများကို တိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းလျက်ရှိလေ၏။

ဘုန်းကြီးက အချက်ပေးလိုက်ရာ ဗုံသံများထွက်ပေါ်လာလေ၏။ သို့သော် ရန်သူနှစ်ယောက်သည် ကျွန်ုပ်အားတိုက်ခိုက်မည့်အစား ကြောက်ရွံ့သောမျက်လုံးများဖြင့်ကြည့်ကာ မလှုပ်မရှက်ရှိနေကြလေသည်။ ထိုအခြင်းအရာများကိုမြင်လေသောဘုန်းကြီးများသည် လူမည်းများအား သားရေပတ်များဖြင့် နောက်မှနေ၍ တရှမ်းရှမ်းရိုက်နှိက်ကြလေသည်။

ထိုအခါ၌ကား လူမည်းနှစ်ယောက်သည်နာကျင်သည်ဖြစ်၍ ကျောက်တုံးပေါ်သို့ခုန်တက်ကာ ကျွန်ုပ်အားတိုက်ခိုက်လေတော့၏။ သို့သော် ကျွန်ုပ်မှာ သတိကောင်းစွာနှင့်စောဆိုင်းနေသူဖြစ်ရကား သူတို့အလျှင်တစ်မဟုတ်ခန့်မျှ ကျောက်တုံးအစွန်းဆီသို့ရောက်သွားပြီးလျှင် ကျောက်တုံးပေါ်သို့ပထမခြေနင်းသောသူအား နံဘေးမှစောင်း၍ထိုးလိုက်ရာ လက်မောင်းကိုထိုးမိသဖြင့်လန်ကျသွားလေ၏။ ကျန်လူမည်းများကား ကျောက်တုံးပေါ်သို့ပင်မတက်တော့ချေ။

သို့နှင့် ဘုန်းကြီးများသည် လူမည်းနှစ်ယောက်အား ကျွန်ုပ်ကိုတိုက်ခိုက်ရန် စေခိုင်း၍မရကြောင်းသိရှိကြသောအခါ လက်မောင်းတွင်ဒဏ်ရာရသူအား ရှေးဦးစွာချုပ်နှောင်ဖမ်းဆီးကာ ကျွန်ုပ်ကိုခေတ္တဖယ်ရှားပြီးနောက် ကျောက်တုံးပေါ်သို့တင်လေ၏။

ဤကျောက်နက်တုံးကြီးကား နတ်ကြီးနှစ်ပါးကို ယဇ်ပူဇော်ပသသည့်ကျောက်တုံးကြီးပေတည်း။

ဘုန်းကြီးငါးဦးသည် ဒဏ်ရာရသောလူမည်းအား ကျောက်တုံးပေါ်





သို့တွန်းလှဲလိုက်ပြီးနောက် လေးဦးတို့သည်ခြေလက်များကို တစ်ဖက်စီချုပ်ကိုင်လျက် ကျန်ဘုန်းကြီးတစ်ဦးသည် ဦးခေါင်းကိုနှိမ်၍ပေး၏။

ထိုနောက် ကျွန်ုပ်ကိုရှာမှမခေါ်ခဲ့မီ ကျွန်ုပ်ရင်ဘတ်ကိုစမ်းသပ်ကြည့်သည့်ခေါင်းဆောင်ဘုန်းကြီးသည် လဲ၍နေသောလူမည်း၏ရင်ဘတ်ပေါ်သို့ နီသောအဝတ်တစ်ခုကိုလွှမ်းလိုက်ပြီးလျှင် ဓားကောက်ကြီးကို အပေါ်သို့တအားမြှောက်လိုက်ပြီးနောက် တစ်ချက်တည်းနှင့်ရင်ကိုခွဲ၍ချလိုက်လေ၏။

သွေးများသည် ရင်ဘတ်မှရေပန်းကဲ့သို့ပန်းထွက်လာရာ ထိုအချိန်၌ကား သီချင်းဆိုသံများနှင့်ဗုံသံများမှာ ယခင်ကထက် နက်ကျယ်၍ လာလေ၏။ ထိုနောက် ဘုန်းကြီးများသည် သေသူ၏အသည်းနှလုံးများကို ကော်ထုတ်ကြပြီးလျှင် ကွီဇယ်နတ်ကြီး၏ရှေ့ပလ္လင်ပေါ်၌ရှိသော ရွှေခွက်ထဲသို့သွား၍ထည့်ကြလေသည်။

ဤသို့ပြုလုပ်လျက်ရှိစဉ် ဘုန်းကြီးများနှင့်တကွ တောင်ပေါ်၌ရှိသောလူအားလုံးတို့သည် နတ်ရုပ်ကြီးများဘက်သို့ဒူးထောက်ကာ ပါးစပ်မှတီးတိုးရွတ်လျက်ရှိကြကုန်၏။

ထိုနောက် ဘုန်းကြီးများသည် ရင်ခွဲပြီးသောလူမည်း၏အလောင်းကို တောင်ထိပ်ရင်ပြင်အစွန်းသို့ဆွဲယူသွားပြီးလျှင် မတ်စောက်သောကျောက်ကမ္ဘားမှ အောက်သို့ပစ်ချလိုက်ကြလေ၏။

ပထမကိစ္စပြီးသောအခါ ကျန်လူမည်းတစ်ယောက်ကိုလည်း အထက်ပါနည်းအတိုင်းစီရင်ကြလေတော့၏။

နောက် ကျွန်ုပ်အလှည့်ရောက်တော့၏။ လက်တစ်ဖက်လျှင် နှစ်ယောက်စီ ကျွန်ုပ်အားချုပ်နှောင်ပြီးနောက် ကျောက်တုံးပေါ်တွင်လဲစေပြီးသော် ယခင်ကနည်းအတိုင်း ဘုန်းကြီးများသည် ကျွန်ုပ်၏ခြေ၊ လက်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းစသည်တို့ကိုနှိမ်၍ထား၏။ ထိုအခါ၌ကား ကျွန်ုပ်မှာသေအံ့ဆဲဆဲဖြစ်သဖြင့် မျက်လုံးများပြာ၍သွားပြီးလျှင် ကမ္ဘာကြီးကိုခပ်ရီရီ ခပ်မှိုင်းမှိုင်းမျှမြင်ရတော့၏။ နဖူးမှချွေးစီးများကျ၍လာပြီးလျှင် ကျွန်ုပ်မွေးရာဇာတိနှင့်မိဘ၊ ဆွေမျိုးများကိုလည်းကောင်း၊ ကမ္ဘာကြေသည့်တိုင်အောင်အခဲမကျေနိုင်သော ကျွန်ုပ်၏ရန်သူ 'ဂါဆီယာ'ကိုလည်းကောင်း၊ ရုတ်တရက်တွေးလိုက်မိသေး၏။

ဘုန်းကြီးများသည် ကျွန်ုပ်၏ရင်ကိုခွဲရန် ရင်ဘတ်ကို တစ်ဖက်တစ်ချက်စီ ခပ်တင်းတင်းဆွဲထားလေရာ အရေပြားများမှာ ဗုံတစ်လုံးပေါ်တွင်တင်းကျပ်စွာကျက်၍ထားသော သားရေချပ်ကဲ့သို့ရှိနေတော့၏။ ကျွန်ုပ်ကိုယ်ပေါ်၌ကား ဝတ်လုံနီကြီးကိုဝတ်၍ထားသော ခေါင်းဆောင်ဘုန်းကြီးသည် ဓားကောက်ကြီးကိုကိုင်မြှောက်လျက်ရှိလေ၏။

မှိုင်းမှုန်ပြာရီသောမျက်လုံးများဖြင့် သူ၏ရက်စက်သောမျက်နှာကိုလည်းကောင်း၊ သွေးတော်လျက်ရှိသော သူ၏မျက်လုံးအစုံကိုလည်းကောင်း မြင်ရလေရာ ထိုအခြင်းအရာများသည် ကျွန်ုပ်အသက်သေသည့်တိုင်အောင် ပျောက်ပျက်တော့မည်မဟုတ်ချေ။

အချိန်အနည်းငယ်မျှကြာမည်ဖြစ်သော်လည်း ကျွန်ုပ်စိတ်တွင် နှစ်ပေါင်းများစွာကြာမြင့်သည်ဟု ထင်မှတ်မိ၏။

သို့သော် ဘုန်းကြီး၏ဓားချက်သည် ရုတ်တရက် ကျွန်ုပ်ရင်ဘတ်ပေါ်သို့မကျသေးချေ။ နောက်ဆုံးသူသည် ဓားကိုမြှောက်လိုက်သဖြင့် ဓားသွား၏အရောင်သည် နေရောင်တွင်ဝင်းလက်၍သွားလေရာ "သည်တစ်ခါကိစ္စချောချေပြီ"ဟု ကျွန်ုပ်လည်းဝေဒနာကိုခံယူရန် မျက်လုံးများကိုမှိတ်လိုက်လေ၏။





သို့သော် ဓားသွားသည် ကျွန်ုပ်ရင်ဝပေါ်သို့မကျသေးချေ။ ထိုခဏ၌လက်တစ်ဖက်သည် ဓားကိုင်သောဘုန်းကြီးလက်ကို လှမ်း၍ဆွဲလိုက်ပြီးလျှင် လူတစ်ယောက်၏တီးတိုးစကားပြောသံများကို ကြားရလေ၏။

မည်သည့်အကြောင်းပြောသည် မည်သူဖြစ်သည်ကိုကား ကျွန်ုပ်မသိလိုက်ချေ။ သို့သော် ဘုန်းကြီးသည် စိတ်မကျေနပ်သည့်အမူအရာဖြင့် နှုတ်မှရေရွတ်ကာ ကျွန်ုပ်ကိုယ်ပေါ်မှခုန်ဆင်းပြီးနောက် "ကွီဇယ်" ကျောင်းဆောင်အတွင်းသို့ဝင်သွားပြီးလျှင် အခြားဘုန်းကြီးများနှင့်တီးတိုးပြောဆိုလျက်ရှိကြကုန်၏။

ထိုအခါမှ ကျွန်ုပ်သည် ပို၍ကြောက်ရွံ့မိတော့၏။ အဘယ်ကြောင့်ဆိုသော် ရုတ်တရက်မသတ်ခြင်းမှာ လူတစ်ယောက်အား ရုတ်တရက်မသေစေဘဲ ဖိမ်ဖွဲ့သေစေသောနည်းများ လူရိုင်းတို့တွင်ရှိကြောင်း ကျွန်ုပ်ကြားဖူး၏။ သို့ဖြစ်၍ ထိုလူမည်းဘုန်းကြီးများသည် ထိုနည်းများကိုအသုံးပြုကောင်းပြုလေမည်လောဟု ကျွန်ုပ်တွေးမိ၏။

သို့သော် ကျွန်ုပ်ထင်သည့်အတိုင်းလည်း မဟုတ်သေးချေ။ ဘုန်းကြီးများသည် ကျွန်ုပ်၏ကိုယ်ကိုချီမ၍ တောင်ထိပ်အစွန်းရှိရာသို့ ယူခဲ့ကြပြီးလျှင် တောင်အောက်မှလူများကို တစ်စုံတစ်ရာလှမ်း၍ပြောရာ ထိုစကားကို ကြားရသည်နှင့်တစ်ပြိုင်နက် တောင်အောက်ကလူများသည် ဆောင်းဦးပေါက်တွင် သစ်ရွက်များကိုလေသိမ်း၍ တိုက်လိုက်ဘိသကဲ့သို့ အုတ်အုတ်သဲသဲဖြစ်၍သွားပြီးနောက် တစ်ဖန်ငြိမ်သက်၍သွားပြန်၏။ ခေါင်းဆောင်ဘုန်းကြီးသည် သွေးများပေကျံလျက်ရှိသော သူ၏လက်ကြီးနှစ်ဖက်ဖြင့် ကျွန်ုပ်၏ဦးခေါင်းကို ဖြည်းညင်းစွာကိုင်ပြီးလျှင် လူ့ပုံအလယ်တွင် ကျွန်ုပ်၏နဖူးပြင်ကို ယုစွာတစ်ချက်နမ်းရှုပ်လိုက်လေသည်။ သူတို့၏အပြုအမူကား လွန်စွာပင်ထူးဆန်းလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျွန်ုပ်အား ပင်လယ်ကမ်းခြေမှခေါ်ဆောင်လာသော ရွာသားများ၏ခေါင်းဆောင်အကြီးအကဲသည် ကျွန်ုပ်အနီးတွင်ရပ်နေသည်ကိုတွေ့ရလေသည်။

အကြီးအကဲသည် ယခင်ကကဲ့သို့မဟုတ်တော့ဘဲ ကျွန်ုပ်၏လက်များကိုကိုင်ကာ ယုယုယယနှင့်ရှိနေတော့၏။

ကျွန်ုပ်မှာ သေခြင်းကို စက္ကန့်ပိုင်းအထိ နီးကပ်စွာချဉ်းကပ်ခဲ့ပြီးနောက်မှ ဤကဲ့သို့မမျှော်လင့်ဘဲ လွတ်မြောက်လာသည်ကိုရုတ်တရက်မယုံကြည်သေးဘဲ အိပ်မက်မက်သကဲ့သို့ပင်ရှိနေသေး၏။

သို့နှင့် ကျွန်ုပ်၏အဝတ်အစားများကို ဖယ်ရှားစေပြီးလျှင် အမွှေးရည်များဖြင့်ပက်ဖျန်းသုံးသပ်ပြီးနောက် "ကွီဖယ်" ရုပ်တုကြီးရှိရာ တန်ဆောင်းအတွင်းသို့ခေါ်ဆောင်သွားလေ၏။ ထိုနောက် ကျွန်ုပ်အား နတ်ရုပ်ကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်စေပြီးသော် ဘုန်းကြီးများသည် ရုပ်တုကြီးရှေ့တွင်အရှိအသေပြုကာ အတန်ကြာ ပါးစပ်မှရေရွတ်လျက်ရှိကြကုန်၏။

ထိုနောက် ကျွန်ုပ်အား ဘုန်းကြီးနှစ်ပါးကတွဲပြီးလျှင် ယခင်တက်ခဲ့သည့်လမ်းအတိုင်း တောင်အောက်သို့ပြန်၍ခေါ်သွားရာ ကျွန်ုပ်မှာ အိပ်မက်ထဲတွင်လမ်းလျှောက်ရဘိသကဲ့သို့ လိုက်ပါသွားလေ၏။

တောင်အောက်သို့ရောက်သောအခါ ရွာသူရွာသားယောကျ်ားမိန်းမကလေးမကျန် ကျွန်ုပ်အနီးသို့ချဉ်းကပ်လာကြပြီးလျှင် မြေပေါ်သို့ လက်တစ်ဖက်ထောက်ကာအရိုအသေပြုကြရာ ဘုန်းကြီးများနှင့်တကွ အလွန်မျက်နှာထားကြီးသော ကျွန်ုပ်၏အိမ်ရှင်အကြီးအကဲပင်လျှင် ကျွန်ုပ်အပေါ်၌ ယခင်ကကဲ့သို့မျက်နှာမတင်းကြတော့ဘဲ ပြုံးကာရယ်ကာဖြင့် ကြည့်





ရှုကြပြီးလျှင် ကျွန်ုပ်ပြုလုပ်သမျှကိုရိုသေလေးစားကြဟန် လက္ခဏာရှိကုန်၏။

ထိုနောက် ကျွန်ုပ်၏အိမ်ရှင်အကြီးအကဲသည် ကျွန်ုပ်အား ဘုန်းကြီးများလက်တွင်းမှတစ်ဖန် အိမ်သို့ပြန်၍ခေါ်သွားပြီးလျှင် အိမ်သို့ရောက်သောအခါ အမဲဟင်းလျာများ၊ သပျစ်သီးခြောက်များ၊ ပျားရည်အနည်းငယ်နှင့် နို့ကင်များကိုပေးလေရာ ကျွန်ုပ်လည်း အစားအစာများကိုဝအောင်စားသောက်ပြီးနောက် ငါကား တစ္ဆေသရဲများ၏တိုင်းပြည်သို့ပင် ရောက်လေပြီလောဟု စိတ်ကူးရင်းအိပ်ပျော်သွားလေ၏။

အသက်ဘေးမှ မည်ကဲ့သို့ လွတ်မြောက်လာရသည့် အကြောင်းကိုနောင်အခါကျွန်ုပ်သိရှိရပုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

မာရီနာသည် ကျွန်ုပ်အကြောင်းကိုကြားသိရသည့်အချိန်မှစ၍ ကျွန်ုပ်အပေါ်တွင်ကရုဏာထားလျက်ရှိရာ ကျွန်ုပ်အားယဇ်ပူဇော်မည့်အကြောင်းကိုသိရသောအခါ လျင်မြန်ဖျတ်လတ်သောဉာဏ်ရှိသည့် မိန်းကလေးတစ်ယောက်ဖြစ်သည့်အတိုင်း သူ၏အရှင်သခင် အကြီးအကဲအား ကျွန်ုပ်သည် "ကျူလီ"တစ်ယောက် ဖြစ်သဖြင့် ဤနေရာတွင် ယဇ်နတ်ပူဇော်မည့်အစား "အနာပဟူအက်" နယ်၏ကေရာဗ်တစ်ဆူဖြစ်သော "မွန်တီဇူမာ" ဘုရင်ကြီးထံသို့ ရှေ့ဦးစွာပို့ရန်သင့်ကြောင်း၊ ဘုရင်ကြီးမှာ အနောက်ဘက်သို့ နယ်ချဲ့၍လာသော "ကျူလီ"များ (စပိန်လူမျိုးများ) အကြောင်းကိုကြားရုံမျှသာကြားဖူးသော်လည်း တစ်ယောက်တလေကိုမျှမမြင်ဖူးသေးသဖြင့် အကယ်၍ယဇ်နတ်ပူဇော်မည်ဆိုက သူသာလျှင် ဦးဦးဖျားဖျားပူဇော်လိုမည်ဖြစ်ကြောင်း၊ ထို့အပြင် အခြားအရေးကြီးသော အကြောင်းအချက်တစ်ခုလည်းရှိသေးကြောင်း၊ ၎င်းသည်ကားအခြားမဟုတ် "ကီဖယ်"



www.burmeseclassic.com

www.burmeseclassic.com



နတ်ကြီးမှာ ဖြူသောအသားအရေရှိ၍ ကျွန်ုပ်မှာ နတ်ကြီး၏ အဆက်အနွယ်သားသမီးတစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မည်ဟုယူဆရကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်၏ အသည်းနှလုံးဖြင့် "ကွီဧယ်" နတ်ကြီးအားယစ်ပူဇော်ခဲ့သော်နတ်ကြီးသည် အမှန်စိတ်ဆိုးမည်ဖြစ်ကြောင်း၊ နတ်ကြီးကစိတ်မဆိုးစေကာမူ "မွန်တီဇူမာ" ဘုရင်ကြီးက မုချစိတ်ဆိုးမည်ဖြစ်ကြောင်းနှင့် အကြံပေး၏။

ထိုကြောင့်လည်း ရှာခေါင်းဖြစ်သူ ကျွန်ုပ်၏ အိမ်ရှင်အကြီးအကဲသည် ကျွန်ုပ်အား ယစ်ပူဇော်ခြင်းအမှုကိုပြုမည့်ဘုန်းကြီးများအား သူသည် မည်သည့်နည်းနှင့်မျှ မွန်တီဇူမာဘုရင်ကြီး၏ စိတ်ဆိုးခြင်းကို မခံဝံ့ကြောင်း အကျိုးအကြောင်းကိုပြောပြီးလျှင် ကျွန်ုပ်၏ အသက်ကိုငင်းတို့လက်တွင်းမှ ကယ်ဆယ်လိုက်ခြင်းဖြစ်လေသည်။

○





## "ဂေါ်တီမော့"မင်းသား

ထိုလူမျိုးမည်းများအကြောင်းကို စဉ်းစားလေလေ သူတို့အကြောင်းကို နားမလည်နိုင်လေလေရှိလေ၏။ ကျွန်ုပ်တို့သိရှိရသော လူဖြူလူယဉ်မျိုးများပင် သုခုမအနုပညာ၌လည်းကောင်း၊ အဆောက်အဦးဆောက်လုပ်ရေး၌လည်းကောင်း ထိုလူမည်းတို့ကိုသာလွန်နိုင်မည်မဟုတ်ချေ။ ၎င်းပြင် ထိုအမေရိကတိုက်သားလူမည်းတို့မှာ တိုက်ရေးခိုက်ရေးတွင် အလွန်ရဲရင့်သူများဖြစ်၍ အမောအပန်းလည်း ခံနိုင်သူများဖြစ်လေသည်။ သို့သော်... နတ်ကိုကိုးကွယ်ခြင်း၊ သရဲသဘက်ကဲ့သို့ကြောက်မက်ဖွယ်သော ရုပ်အဆင်းရှိသည့်ရုပ်တုများအား လူ၏အသည်းနှလုံးဖြင့်ယစ်ပူဇော်ခြင်း အစရှိသည်တို့မှာ အလွန်သည်း၍ ဆိုးရွားသောအယူဝါဒဖြစ်လေသည်။

'တူဘာတ်စကို'မြို့တွင် တစ်လခန့်မျှနေထိုင်မိလာသောအခါ "မာရီနင်"၏ အမြဲတစေသင်ပြမှုကြောင့် ကျွန်ုပ်မှာ သူနှင့်ထမင်းစားရသောက်ရ၌ သူတို့ဘာသာစကားကိုပြောနိုင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအခါ ကျွန်ုပ်မှာ 'မာရီနာ' နှင့်အတော်အကျွမ်းဝင်ပြီဖြစ်၍ သူတို့၏ဓလေ့ထုံးစံများကို တဖြည်းဖြည်းနားလည်လာရာ စကားသွက်လက်စွာ ပြောနိုင်သည့်အချိန်၌မူ 'မာရီနာ' သည်ကျွန်ုပ်အား မည့်သည့်အရာကို ပြုလုပ်ရမည်၊ မည့်သည့်အရာကိုရှောင်ရမည်၊ စသည်ဖြင့်အကြံဉာဏ် များကိုပေး၏။ ထိုအတွက် ကျွန်ုပ်ကလည်းသူ့ကျေးဇူးတုံ့ပြန်သည့်အနေ ဖြင့် ကျွန်ုပ်၏ဘာသာစကားရပ်များကိုလည်းကောင်း၊ ယဉ်ကျေးသော ထုံးစံဓလေ့များကိုလည်းကောင်း၊ သင်ကြား၍ပေးရာ 'မာရီနာ' သည် လူ တို့၏အကြောင်းကို အတော်အတန်သိရှိ၍လာစပြုလေသည်။

အချိန်သည် တဖြည်းဖြည်းကုန်လွန်၍ လေးလခန့်မျှကြာရှိသောအ ခါ ကျွန်ုပ်သည် လူမည်းများနှင့်လည်ပတ်စွာစကားပြောနိုင်ခဲ့လေ၏။

ထိုအချိန်၌ကား ရွာပိုင်အကြီးအကဲထံမှ 'မွန်တီဇူမာ' ဘုရင်ကြီးထံ စေလွှတ်လိုက်သောသံတမန်များသည် လမ်းခရီးတွင် မြစ်များ၊ ချောင်း များတွင်ရေလျှံ၍နေသည်ကို စောင့်ဆိုင်း၍နေရသဖြင့်တစ်ကြောင်း၊ လမ်း ခရီးတွင်မမျှော်လင့်ပဲတွေ့ရသော ဒုက္ခတို့ကြောင့်လည်းကောင်း၊ ယခု သို့ လေးလမျှအချိန်ကြန့်ကြာပြီး နောက်မှဆိုက်ရောက်လာလေသည်။

မွန်တီဇူမာဘုရင်ကြီးကလည်း ကျွန်ုပ်အား များစွာကြည့်ရှုလိုသဖြင့် ကျွန်ုပ်အား သူ့ထံရောက် ဆက်သရန်အမိန့်နှင့် သူ၏တူတော်စပ်သော 'ဂေါ်တီမော့' မင်းသားအား နောက်ပါအခြွေအရံ စစ်သားများနှင့်တကွ ထည့်လိုက်ရာ သူတို့လူစုလည်း သံတမန်များနှင့်အတူပါလာခဲ့လေ၏။

အကြီးအကဲသည် အခြွေအရံများနှင့်တကွ ဂေါ်တီမော့ မင်းသားကြီး အားကြိုဆိုလေသည်။





ထိုအခါက ကျွန်ုပ်မှာအကြီးအကဲ၏ နောက်လိုက်မှုဆိုးတစ်ယောက် အဖြစ်ဖြင့် သူအမဲလိုက်သောအခါများတွင် အမှုထမ်း၍နေခဲ့ရသဖြင့် ကိုယ် တွင်လေးမြားများကို လွယ်၍ထားရသည့်အခါဖြစ်လေသည်။ ကျွန်ုပ်သည် အခြွေအရံများအလယ်၌ မင်းသားကိုမြင်သောအခါ အမေရိကတိုင်းရင်း သား လူမည်းများ၏ထုံးစံအတိုင်း ကိုယ်ကိုရှေ့သို့ညွှတ်၍လက်ယာဘက် လက်ကို မြေပေါ်သို့ထောက်ပြီးနောက် တစ်ဖန်ပြန်၍ ဦးခေါင်းထက်သို့ မြှောက်ကာဆီးကြိုနှုတ်ဆက်လိုက်၏။

မင်းသား ဂေါ်တီမော့သည် ကျွန်ုပ်၏ဖြူသောအသားကျွန်ုပ်၏အ ဝတ်အစားနှင့် အမူအရာကိုမြင်သောအခါပြုံးရယ်လျက်...

"ကျူလီ... သင်ကား အသားဖြူသည်မှအပ ကျွန်ုပ်နှင့်လုံးတူရုပ်တူ ဖြစ်၏။ အသက်ချင်းလည်း တူညီကောင်း တူညီပေမည်။ သို့သော်... သင်သည် ကျွန်ုပ်အား ကျွန်တစ်ယောက်သည် သခင်ကိုနှုတ်ဆက်ဘိသကဲ့ သို့နှုတ်ဆက်တော့၏။

ထိုနောက်သူသည် ကျွန်ုပ်အား သူ၏လက်ကိုကမ်းလေရာ ကျွန်ုပ် က ယုယစွာကိုင်လိုက်လေသည်။

ထိုအချိန်၌ မာရီနာသည် မင်းသား ဂေါ်တီမော့အား အလွန်စိတ် အားထက်သန်သောမျက်လုံးများဖြင့် ကြည့်ရှုကာရှိနေပြီးလျှင် ကျွန်ုပ်၏ စကားများကိုလည်း မှားသည့်နေရာတွင် ကူညီ၍ထောက်ပေး၏။

"အရှင်မင်းသား သင်ပြောသောစကားသည်ကားမှန်ပါ၏။ သို့သော် ကျွန်ုပ်သည်ကျွန်ုပ်နိုင်ငံ၌ရှိခဲ့ပါမူ ပစ္စည်းဉစ္စာနှင့်ပြည့်စုံသော လူကုံထံ တစ်ယောက်ပင်ဖြစ်ပါ၏။ ယခုကျွန်ုပ်သည် ဤသူများလက်ထဲတွင် ယခု နတ်ပူဇော်မည့်ဘေးမှ ကယ်ဆယ်ခြင်းခံရသည့် ကျေးကျွန်တစ်ယောက် မျှသာဖြစ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



"ဤအကြောင်းများကိုကျွန်ုပ်သိ၏။ နောက်ဆုံး သင်၏အသက်မထွက်မီ အချိန်တဲတဲလေး၌ သင့်အားကယ်ယူလိုက်ကြသည့်အကြောင်းကို ကျွန်ုပ်သိပြီးဖြစ်ပေသည်။ သို့မဟုတ်က ကျွန်ုပ်တို့ဦးရီးတော် 'မွန်တီစူမာ' ဘုရင်ကြီးသည်အမျက်ပြင်းစွာထွက်လျက် သူ၏အမျက်ဒေါသသည် ဤနိုင်ငံအပေါ်သို့ မုချမလွဲကျရောက်တော့မည်။

ထိုနောက်ဆုံးစကားကိုကြားလိုက်ရသောခဏ၌ အကြီးအကဲဖြစ်သူသည် မျက်နှာများပျက်သွားပြီးလျှင် တဆတ်ဆတ်တုန်လျက်ရှိလေ၏။ ထိုအခါများက လူမည်းတို့ဘုရင် 'မွန်တီစူမာ'၏တန်ခိုးကား ဤမျှလောက်ကြီးမားခဲ့ပေ၏။ ထိုနောက် မင်းသားသည် ကျွန်ုပ်မျက်နှာကိုကြည့်ပြီးနောက်...

"သင်သည် ကျူးလီတစ်ယောက်ပင်မဟုတ်ပါလော"

"မဟုတ်ပါ၊ ကျွန်ုပ်သည် ကျူးလီကဲ့သို့ပင် လူဖြူတစ်မျိုးဖြစ်ပါသည်၊ သို့သော်... ကျွန်ုပ်၌ ကျူးလီသွေးထက်ဝက်ပါပါသည် အရှင်မင်းသား"

ဂေါ်တီမော့သည် ကျူးလီများမှတစ်ပါး ကမ္ဘာပေါ်တွင်အခြားလူဖြူမျိုးများရှိသေးသည်ကိုမသိဘဲရှိနေရကား။ ကျွန်ုပ်လည်း ကျွန်ုပ်၏ဇာတ်ကြောင်းကို အကုန်အစင်ပင် မဟုတ်စေကာမူ သဲသော်ပျက်သလောက် အဓွန့်ပွတ်တွတ်များကိုပြန်၍ပြောလေ၏။ ကျွန်ုပ်ကပြောပြီးသောအခါ မင်းသားက...

"အသင်၏စကားကို ကျွန်ုပ်ကြားရပေပြီ၊ သင်သည် ကျူးလီတစ်ယောက်ပင်မဟုတ်စေကာမူ ကျူးလီသွေးပါရှိကြောင်းသင်ဝန်ခံ၏။ ထိုနောက် သင်သည် ကျူးလီသင်္ဘောတစ်စင်းတွင်လိုက်ပါခဲ့၏။ သင်၏ဇာတ်လမ်းကား ထူးဆန်းလှပေ၏။ သို့သော် မည်သို့ပင်ဖြစ်စေ သင်၏အမှုကို





ကျွန်ုပ်မဆုံးဖြတ်နိုင်၊ 'မွန်တီစူမာ' ဘုရင်ကြီးကိုယ်တိုင်ဆုံးဖြတ်ပေလိမ့်မည်။ သို့ဖြစ်၍ ဤစကားကိုဤနေရာတွင်လက်စသတ်ကြစို့"

"ကောင်းပါပြီ... အရှင်မင်းသား"

"ထိုသို့ တပြီးကား ကျွန်ုပ်ထံသို့လာပြီးလျှင် သင်ကိုင်သောလေးကို မည်ကဲ့သို့ ကိုင်တွယ်ပစ်ခတ်သည်ကိုပြလော့၊ ဤလေးသည် သင်နှင့်အတူပါလာသလော၊ သို့မဟုတ် ဤသို့ရောက်မှ သင်ကိုယ်တိုင်လုပ်၍ယူခြင်းလော့"

"ဤဒွာနသို့ရောက်မှ ကျွန်ုပ်ကိုယ်တိုင် လုပ်ယူသောလေးဖြစ်ပါသည် အရှင်မင်းသား"

"ဤရွာတွင် သင်ကဲ့သို့ပစ်စွမ်းနိုင်သော လေးသမားမရှိကြောင်းနှင့် သူတို့ပြောကြ၏၊ သင်၏အတတ်ကိုပြလော့"

ထိုအခါ၌ အကြီးအကဲသည် ရွာထဲတွင် လေးအတတ်၌အတော်ဆုံး လေးသမားနှစ်ယောက်ကိုခေါ်ပြီးလျှင် အဝေးဆုံးပစ်စေရာ ကျွန်ုပ်လွှတ်လိုက်သောမြားမှာ ထိုသူနှစ်ယောက်တွင် အဝေးဆုံးရောက်သူထက် ခြေလှမ်းငါးဆယ်မျှဝေးသောနေရာတွင် စိုက်လျက်ရှိလေ၏။

ထိုနောက် ဂေါ်တီမော့သည် ကျွန်ုပ်၏အစွမ်းကိုကောင်းစွာ ချီးကျူးပြီးလျှင် ကျွန်ုပ်နှင့်မင်းသားမှာ ထိုအချိန်မှစ၍ အတော်ပင်ရင်းရင်းနှီးနှီးဖြစ်ခဲ့လေသည်။

ဂေါ်တီမော့သည် "အနာဟူအက်"မြို့တွင်တစ်ပတ်ခန့်နေထိုင်ပြီးနောက် ခုနစ်ရက်မြောက်နေ့၌ ကျွန်ုပ်မှာမင်းသားနှင့်အတူလိုက်ပါသွားရတော့မည်ဖြစ်၍ အကြီးအကဲနှင့် မာရီနာတို့ကို နောက်ဆုံးနှုတ်ဆက်လေ၏။ အကြီးအကဲဖြစ်သူမှာ ကျွန်ုပ်အတွက်ဝမ်းနည်းကားပြောကြား



www.burmeseclassic.com

www.burmeseclassic.com



လေရာ "မာရီနာ"မှာမူ နှုတ်ကဖွင့်ဟမပြောသော်လည်း မျက်ရည်များကြလျက်ရှိရှာလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် အကြီးအကဲကိုမမြင်ရတော့ချေ။ သို့သော် မာရီနာကိုမူကား တစ်ကြိမ်ထပ်မံတွေ့ရသေး၏။

သို့နှင့် ကျွန်ုပ်တို့သည် နောက်တစ်နေ့၌ခရီးထွက်ခဲ့ကြရာ 'ဂေါ်တီမော့'မင်းသားနှင့်ကျွန်ုပ်တို့မှာ ရင်းနှီးသည်ထက်ပို၍ရင်းနှီးစေရန် အောက်ပါအကြောင်းအရာများသည် လမ်းခရီး၌ ဖြစ်ပေါ်ဖန်တီး၍လာလေသည်။

ကျွန်ုပ်တို့သွားရသော လမ်းခရီးသည်ကား လွန်စွာပင်ဝေးလံလှသည့် ပြင်တောအထပ်ထပ်၊ တောင်အထပ်ထပ် ကာဆီးလျက်ရှိနေသည်ဖြစ်၍ ဖင်နှံ့ကြန့်ကြာလှပေ၏။ တစ်နေ့သ၌ ကျွန်ုပ်တို့သည် ချောင်းတစ်ခုတွင် ရေလျှံလျက်ရှိသည်ဖြစ်၍ ချောင်းနံဘေးတွင်စခန်းချလျက်ရှိရာ ကျွန်ုပ်နှင့် မင်းသားခေါင်းဆောင်ကာ လူငါးယောက်တို့သည် အမဲလိုက်ရန် စခန်းမှ ထွက်ခဲ့ကြလေသည်။

မိုင်ဝက်ခန့်သွားမိလေသော် တောင်ကမူကလေးတစ်ခုပေါ်တွင် နားရွက်များကိုစွင့်လျက် ကျွန်ုပ်တို့ဘက်သို့ ဘေးတိုက်ပြုကာ ရပ်နေသော သမင်တစ်ကောင်ကိုမြင်ရသည်နှင့် မင်းသားကပြုံးရယ်လျက်...

"ကျူးလီ... ဤသမင်ကို သင်မှန်အောင်ပစ်နိုင်ပါမည်လော၊ ရပ်နေသောနေရာကား... ကျွန်ုပ်တို့ အက်(ဇ)တက်လူမျိုး လေးသည်ကျော်တို့ အဝေးဆုံးပစ်နိုင်သည့်နေရာထက် နှစ်ဆခန့်ပို၍ဝေး၏၊ ကျွန်ုပ်တို့ကြည့်ရှုရန် သင်၏လေးအတတ်နှင့် စွမ်းရည်သတ္တိကိုစမ်းပါလော့"

ကျွန်ုပ်တို့ရပ်နေသော နေရာအနီးအနား၌သာ သစ်ပင်များရှိ၍ ကျွန်ုပ်တို့နှင့်သမင်စပ်ကြားတွင် မြက်လွင်ပြင်ကြီးရှိရာ... သမင်အနီးသို့ မည်





သည့် နည်းနှင့်မျှ ထိုထက်ပို၍နီးနီးကပ်ကပ်ချဉ်းကပ်ခြင်း မပြုနိုင်ချေ။

"ကျွန်ုပ်ကြိုးစားပါမည် အရှင်မင်းသား"

"ကျူးလီ... ပစ်လော့"

မင်းသားနှင့်ကျွန်ုပ်သည် သစ်ကိုင်းများနိမ့်၍ သစ်ရွက်ထူထပ်သည့် သစ်ပင်တစ်ပင်အောက်သို့ သွားရောက်ကာ သစ်ရွက်အုပ်ကိုအကာအကွယ်ယူလေ၏။ ထိုနောက်ကျွန်ုပ်လည်း သမင်၏ရင်အုပ်ရှိရာသို့ တည့်တည့်ချိန်ပြီးလျှင် လက်ကိုငြိမ်သက်စွာထား၍ မြားကိုလွှတ်လိုက်လေ၏။ မြားတံသည် ချိန်သည့်အတိုင်း ဖြောင့်တန်းစွာသွားပြီးလျှင် သမင်ကို ထိမှန်လေရာ... ၎င်းသည် တောင်ကမူကလေးပေါ်မှ ကျွမ်းပြန်၍သွားသဖြင့် မင်းသား၏နှုတ်ဖျားမှာ "ဟာ"ခနဲ ခပ်တိုးတိုးအော်သံကိုကြားလိုက်ရ၏။ သို့သော် ကံကြမ္မာကား... အောက်ပါအတိုင်း ဖန်တီး၍လာပြန်လေသည်။

ကျွန်ုပ်တို့သည် လဲကျသွားသော သားကောင်ကိုကောက်ယူရန် ပြေးသွားတော့မည်ပြုသည်နှင့်တစ်ပြိုင်နက် သစ်ကိုင်းပေါ်ရှိသစ်ရွက်အုပ်တစ်ခုအောက်တွင်ပုန်းအောင်းနေခဲ့သော "ပူးမား"ခေါ် အမေရိကတိုက်ရှိကျားကြီးတစ်ကောင်သည် "ဂေါ်တီမော့"မင်းသား၏ပခုံးပေါ်သို့ ဖြုန်းခနဲခုန်၍ ချလိုက်ရာ... မင်းသားသည် မြေပေါ်သို့မှောက်လျက်သားလဲကျသွားလေ၏။ ကျွန်ုပ်တို့အနီးတွင်ရှိနေသော မင်းသား၏အမတ်ကြီး သုံးယောက်သည် ကြောက်လန့်ကာ ထွက်ပြေးကြကုန်၏။

ကျွန်ုပ်မှာမူမပြေးဘဲ တိုင်းရင်းသားလက်နက်တစ်ခုဖြစ်သော အဖျားတွင်ငါးမန်း၏အစွယ်ကဲ့သို့ ကျောက်တက်များတပ်ထားသည့် တင်းပုတ်ကြီးတစ်ခုသည် လက်လှမ်းမီတွင်ရှိနေသဖြင့် ထိုတင်းပုတ်ကြီးကိုဆွဲယူလိုက်ပြီးလျှင် ကျား၏ဦးခေါင်းကို တစ်ချက်ရိုက်လိုက်ရာ ကျားသည်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကိုယ်ပေါ်မှကျသွားလေ၏။

မရိုက်နိုင်မီအချိန်ကလေးပင် ကျားသည် မင်းသား၏ကျောပြင်ကို လက်သည်းများဖြင့် ကုတ်ခြစ်ခြင်း၊ ကိုက်ဖဲ့ခြင်းများကိုပြုလုပ်လေရာ ရင်ဘတ်နေရာတွင် ရွှေဖြင့်ပြုလုပ်ထားသော အတွင်းခံကိုယ်ကျပ်အင်္ကျီ ကြောင့်သော သက်သာရာရတော့၏။

မင်းသား၏နံဘေးသို့ကျ၍သွားသော်လည်း ကျားသည့်လက်မလျှော့ သေးသည့်ပြင် ဒဏ်ရာကြောင့် ယခင်ကထက် ဒါသထွက်ပြီးလျှင် ကြီး မားသောလက်နှစ်ဖက်ကိုမြှောက်ကာ ကျွန်ုပ်ကိုခုန်၍အုပ်လေ၏။

သို့သော် လက်ကြီးများကျွန်ုပ်ကိုယ်ပေါ်သို့မရောက်မီ ကျွန်ုပ်သည် တင်းပုတ်ကို တအားမြှောက်လိုက်ပြီးလျှင် မျက်လုံးနှစ်လုံးကြားသို့ တည့် တည့်ကြီးမှန်း၍ တအားထုနက်လိုက်ရာ တင်ပုတ်ဖျားသည်နှာရောင် တည့်တည့်ပေါ်သို့ကျသွားလေသည်။

ထိုနောက် ကျွန်ုပ်ကိုယ်ပေါ်သို့ အလေးကြီးတစ်ခုဖြင့် ဖိလိုက်ဘိ သကဲ့သို့ဖြစ်၍သွားပြီးလျှင် ကျွန်ုပ်လည်းသတိလစ်၍သွားလေ၏။

သို့သော် ကျွန်ုပ်သတိရသည်နှင့် တစ်ပြိုင်နက် ပထမကြားရသော အသံမှာ ဂေါ်တီမေ့ာမင်းသား၏အသံဖြစ်၍ "ကျူလီ... သင့်ကား ကျွန် ၏အသက်ကို မကြောက်မရွံ့ရဲဝံ့စွာကယ်ပေ၏၊ ယနေ့မှစ၍ သင်သည် ကျွန်ုပ်၏မိတ်ဆွေချစ်တစ်ယောက်အဖြစ်သို့ ရောက်ခဲ့သောကြောင့် ကျွန် ကလည်း ကျေးဇူးတုံ့ပြန်သည်အနေဖြင့် အကြောင်းကြုံကြိုက်က ကျွန် အသက်ကိုပင်စွန့်၍ သင့်အားကယ်ပါအံ့"ဟု ပြောဆိုသံကိုကြားရသေ သတည်း။

○





## မွန်တီဂူမာ ဘုရင်ကြီး၏ နန်းတော်

တစ်လခန့်ကြာသောအခါ ကျွန်ုပ်တို့သည် မက္ကဆီကိုမြို့ကြီးသို့ဆိုက် ရောက်ကြလေ၏။ မြို့တော်ကြီးမှာ ကျွန်ုပ်တွေ့ကြုံခဲ့သမျှမြို့များထဲတွင် အကြီးဆုံးဖြစ်၍ အစွန်အဖျားရှိအိမ်များမှာ ရွှံ့စေးဖြင့်ဆောက်လုပ်ထား သော်လည်း ချမ်းသာကြွယ်ဝသူများနှင့် မင်းပိုင်း၊ စိုးပိုင်းမှဖြစ်ဟန်ရှိသော သူတို့အိမ်များမှု နီသောအရောင်ရှိသောကျောက်တစ်မျိုးဖြင့် ဆောက်လုပ် ထားလေသည်။

တစ်အိမ်နှင့်တစ်အိမ်မှာ ကျုံးမြောင်းများခြားလျက်ကျုံး၏တစ်ဘက် တစ်ချက်တွင် လူသွားလမ်းကလေးများရှိရာ ထိုလမ်းကလေးများမှာ အိမ် ကို ဝိုင်းရံလျက်ရှိသောဥယျာဉ်ကို ပတ်လျက်ရှိလေသည်။

ထို့ပြင်လည်း မြေလွတ်ကွက်လပ်ကြီးများ... ထိုကွက်လပ်ကြီးများ အလည်တွင် နန်းတော်အဆောက်အဦးများ "ပစ်ရမစ်"ခေါ် ကျောက် ဆောင်များ၊ ဘုရားရှိခိုးကျောင်းများပြည့်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အထက်ပါအဆောက်အဦးကြီးများကို ကြည့်ကာ
အံ့ဩလျက်ရှိ၏။ သို့သော် ထိုအံ့ဩခြင်းများနှင့် နောက်ကျွန်ုပ်တွေ့ရသည့်
တန်ဆောင်းဗိမာန်ကြီးနှင့် နှိုင်းစာသော် အလျဉ်းအံ့ဩဖွယ်မရှိသေးပေ။
ထိုဗိမာန်ကြီးမှာ ကျောက်ကိုဆောက်လုပ်ထား၍ အရှေ့နှင့်အနောက်
တိုးလျှိုပေါက်ရှိနေသော အဝင်ဝများသည်လည်းကောင်း၊ တောင်နှင့်
မြောက် အဝင်ဝများသည်လည်းကောင်း လေးဘက်ရှိမုခ်ပေါက်ကြီးများမှာ
ကျောက်သားပကတိကို ထွင်းဖေါက်ပြုလုပ်ထား၍ ခင်း၍ထားသော
ကျောက်ပြားချပ်များမှာ အရောင်တဖိတ်ဖိတ်တောက်လျက်ရှိ၏။
အကာဖြစ်သောနံရံများပေါ်တွင် မြေရုပ်များကိုထုလုပ်ထားရာ ၎င်း
၏ စုလစ်မွမ်းချွန်ပေါ်၌မူ ရာထောင်မကသော လူ၏ဦးခေါင်းခွံတို့ကို
ဆွဲချိတ်ထား၏။ ကျောက်ဗိမာန်ကြီးရှေ့၌လည်း ကျယ်ဝန်းသော ကွင်း
ပြင်ကြီးတစ်ခုရှိလေသည်။
ကျွန်ုပ်တို့သည် မြို့မှထွက်ခဲ့ကြ၍ထင်းရှူးပင်များ ဖုံးအုပ်လျက်ရှိ
သည့် နက်ရှိုင်းသော တောင်ကြားလမ်းတစ်လျှောက်မှ လာခဲ့ကြလေ၏။
ကျယ်ဝန်းသော တံတိုင်းကြီးတစ်ခုသို့ရောက်သောအခါ ရပ်တန့်
ကြ၍ ဂေါ်တီမော့မင်းသားသည် ကျွန်ုပ်အား အခန်းခန်းအဆောင်ဆောင်
တို့ဖြင့်ပြည့်သော အိမ်ကြီးတစ်ဆောင်တွင်းသို့သွင်းခဲ့လေ၏။ အိမ်ကြီးမှာ
ဧည့်ခန်းများ၊ ခန်းမဆောင်ကြီးများအပြင် ဝရန်တာများဖြင့် တန်ဆာဆင်
ကာ အမိုးအကာများမှာ အရောင်တင်၍ထားသော ဝက်သစ်ချသားများ
ဖြင့်ပြုလုပ်ထား၏။ အိမ်နံရံများ၌ ဦးချိုအမျိုးမျိုး ချိတ်ဆွဲထားပြီးလျှင်
ထိုဦးချိုများပေါ်တွင် တောက်ပသော အဝတ်အစားများကို ဆွဲချိတ်ထား
လေသည်။ အလှအပထားသောပစ္စည်းများမှာ ရွှေသားပကတိဖြင့်ပြီး၏။





ထိုနောက် ထင်းရှူးသားဖြင့်ပြုလုပ်ထားသော လုံတံကြီးများကို ကိုင်
ထားသည့်အစေခံများသည် အဆောင်များကိုဖြတ်ကာ ကျွန်ုပ်တို့အား
ခေါ်သွားရာ ကျယ်ဝန်းသောဧည့်ခန်းမကြီးတစ်ခုသို့ ရောက်ကြသောအ
ခါ ထိုနေရာ၌စောင့်၍နေသော အခြားအစေခံများသည် ကျွန်ုပ်တို့အား
နံ့သာရေများဖြင့်လောင်းလျက် ရေချိုးပေးပြီးသော် ရွှေချည်များထိုးထား
သည့် အဝတ်များကိုဝတ်ဆင်ပေးကြကုန်၏။
ထိုနောက် ကျွန်ုပ်တို့အား တံခါးကြီးတစ်ခုရှိရာသို့ ခေါ်သွားပြီး
နောက် ကျွန်ုပ်တို့၏ဖိနပ်များကို ချွတ်စေပြီးလျှင် ညိုညစ်သောအရောင်
ရှိသည့် အပေါ်ဝတ်လုံများကို ထပ်၍ဝတ်စားပေးပြန်လေသည်။
ထိုအခါမှ ကျွန်ုပ်တို့သည် တံခါးမကြီးမှ အတွင်းသို့ဝင်ရလေ၏။
အတွင်း၌ကား အလွန်ကျယ်ပြန့်၍ ရှည်လျားသော ခန်းမဆောင်ကြီးတွင်
ဆင်းရဲသားလူတန်းစားနှင့်မတူဘဲ ခန့်ညား၍သိက္ခာရှိလှသော ယောကျ်ား၊
မိန်းမများသည် ကျွန်ုပ်တို့ကဲ့သို့ပင် ညိုညစ်သည့်အရောင်ရှိသော ဝတ်ရုံ
ကြီးများကိုဝတ်ကာ မတ်တတ်ရပ်လျက်ရှိကြလေသည်။ ခန်းမဆောင်ကြီး
၏ အဝေးဆုံးနေရာ၌ကား ရွှေကန့်လန့်ကာတစ်ခုရှိ၍ ထိုကန့်လန့်ကာ
နောက်မှချိုအေးငြိမ့်ညောင်းသော တူရိယာသံများကိုကြားရလေ၏။
ခန်းမဆောင် တစ်ခုလုံးတွင် မွှေးကြိုင်သောရနံ့ထွက်သည့် မီးတုတ်
ကြီးများကို ထွန်းညှိထားသည်ဖြစ်ရာ အခန်းကြီးတစ်ခုလုံးမှာ မွှေးကြိုင်
သင်းပျံ့လျက်ရှိလေသည်။
ယောကျ်ားနှင့် မိန်းမအချို့သည် ဂေါ်တီမော့မင်းသားအား ဆေ
ကွတ်ပျူငှာ လာရောက်နှုတ်ဆက်ကြပြီးလျှင် ကျွန်ုပ်ကိုလည်း စိမ်းစိမ်း
ကြည့်လျက်ရှိကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှ ရုပ်ရည်အလွန်လှပ၍ မြင့်မြတ်သောကျေးသိက္ခာနှင့် ပြည့်စုံသည့်မိန်းမတစ်ယောက်သည် ရှေ့သို့ထွက်လာ၍ ဂေါ်တီမော့အား ပြုံးရွှင်စွာ နှုတ်ဆက်လေသည်။

မိန်းမပျိုမှာ ကျွန်ုပ်အသက်လောက်ပင်ရှိဦးမည်ဖြစ်၍ အညိုရောင်ဝတ်ရုံကြီးအောက်၌ အလွန်တောက်ပသည့် အပြာရောင်ပိုးအင်္ကျီပေါ်တွင် မီးရောင်၌တဖိတ်ဖိတ်တောက်နေသော ကျောက်သံပတ္တမြားလက်ဆွဲတန်ဆာများကိုမြင်ရ၏။ မျက်နှာမှာ လူမည်းမျိုးပင်ဖြစ်သော်လည်း အခြားမိန်းမများထက် အတန်ငယ်လတ်ပြီးလျှင် နှာတံ၊ မျက်လုံး မျက်ခုံး၊ ပါးစပ်မှစ၍ သူ့နေရာနှင့်သူ ကျစ်လျစ်ပြေပြစ်၍ အဆင်ပြေလှပေရာ ဤမျှလောက် ညိုချော ချောသောမိန်းမတစ်ယောက်ကို ကျွန်ုပ်တစ်သက်တွင် မတွေ့မမြင်ဖူးခဲ့ချေ။ ကိုယ်လုံးကိုယ်ပေါက်မှာ မျက်နှာပြေပြစ်သလောက် အချိုးအစားကျလျက် အမူအရာမှာလည်း ထီးနန်းဆန်လှပေ၏။

(ဂေါ်တီမော့အား ပြုံးရွှင်စွာ ကြည့်လျက်) "ကျန်းမာပါ၏လော ခဲအိုတော် ခမည်းတော်ဘုရင်ကြီး သင့်အား နေ့စဉ်မျှော်လင့်နေလျက် ကျွန်ုပ်၏အစ်မတော် သင့်ဇနီးသည်လည်း သင်အချိန်နှောင်းမှုအတွက် အမြဲစိုးရိမ်လျက်ရှိနေပါသည်"

ဤသို့ပြောနေစဉ် မိန်းမပျိုသည် ဂေါ်တီမော့မင်းသားကိုကျော်၍ ကျွန်ုပ်၏မျက်နှာကို ဖျတ်ခနဲဖျတ်ခနဲကြည့်ကာ အကဲခတ်လျက်ရှိနေ၏။

"နှုတ်ဆက်ပါသည် ခယ်မတော်အော်တိုမီမင်းသမီး၊ ကျွန်ုပ်ကြန့်ကြာရခြင်းမှာ အခြားမဟုတ်ပါ၊ 'တူဘတ်စကို'နယ်မှာ အလွန်ဝေး၍ လမ်းခရီးတွင်လည်း မမျှော်လင့်သော ရုတ်တရက် ကိစ္စတစ်ခုနှင့် တွေ့





ကြုံ၍ ဤမျှလောက်အချိန်ကြာမြင့်၍သွားပါသည်၊ ထိုကိစ္စ၌ ဤကျူလီသာမကယ်လျှင် အသင်သည် ကျွန်ုပ်အား အသက်ရှင်လျက်တွေ့ရတော့မည်မဟုတ်ပါ"

မင်းသားသည် ကျွန်ုပ်အား သူ၏မေးစေ့ဖြင့် ညွှန်ပြလေ၏။

"အဘယ်ကဲ့သို့ ကိစ္စဖြစ်ပါသနည်း ခဲအိုတော်..."

"ကိစ္စကားအဆန်းအပြားမဟုတ်လှပါ၊ တောနက်တစ်ခုတွင် ကျားတစ်ကောင်သည် ကျွန်ုပ်ကိုယ်ပေါ်သို့ ခုန်၍အုပ်ရာ ကျွန်ုပ်၏အခြွေအရံအားလုံးထွက်ပြေးကြ၍ သူတစ်ယောက်သာအသက်ကိုစွန့်လျက် ကျွန်ုပ်ကို ကယ်ဆယ်ပါသည်၊ ကျွန်ုပ်မှာ ဒဏ်ရာအနည်းငယ်ရ၍ ရုတ်တရက် ခရီးမဆက်နိုင်ဘဲ ထိုနေရာ၌ပင် ရက်ပေါင်းအတော်ကြာသွားပါသည်"

မင်းသားသည် တောထဲ၌ ကျွန်ုပ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို အော်တိုမီမင်းသမီးအား အကျဉ်းချုပ်မျှပြောပြလေ၏။

အော်တိုမီမင်းသမီးသည် ဂေါ်တီမော့ပြောသော ဇာတ်လမ်းကို အံ့ဩသောမျက်လုံးများဖြင့် နားထောင်လျက်ရှိရာမှ ဇာတ်လမ်းပြီးသောအခါ ကျွန်ုပ်၏မျက်နှာကို ပြုံးရွှင်စွာကြည့်လျက်...

"အသင့်အားလည်း ခရီးဦးကြိုဆိုခြင်းအမှုကို ကျွန်ုပ်ပြုပါ၏ ကျူလီ၊ သင်သည် ကျွန်ုပ်တို့အမျိုးသားတစ်ယောက်အား ဤကဲ့သို့စွန့်စားကူညီသည်ကို ကျွန်ုပ်ချီးကျူးပါ၏"

ဤသို့ပြုံးရွှင်စွာပြောဆိုပြီးနောက် မင်းသမီးသည် ကျွန်ုပ်တို့ထံမှ ထွက်သွားလေ၏။ မင်းသမီးထွက်သွားသောအခါ ကျွန်ုပ်က ဂေါ်တီမော့အား ...

"ဤသူကားမည်သူဖြစ်ပါသနည်း အရှင်မင်းသား"



www.burmeseclassic.com

www.burmeseclassic.com



"သူသည် ကျွန်ုပ်၏ခယ်မတော် အော်တိုမီမင်းသမီးဖြစ်၍ အော်တိုမီနယ်ကို စားရသောမင်းသမီးဖြစ်၏၊ ကျွန်ုပ်၏ ဦးရီးတော် မွန်တီဇူမာဘုရင်ကြီး၏ သမီးချစ်တစ်ပါးလည်းဖြစ်ပေသည်... ကျူလီ... သင့်အား မင်းသမီးသည်နှစ်သက်ပုံရသည်ဟု ကျွန်ုပ်ထင်၏"

ထိုနောက် မင်းသားလည်း ကျွန်ုပ်အားတိတ်ဆိတ်စွာနေရန် အထိမ်းအမှတ်ပြလိုက်ပြီးလျှင် သူကိုယ်တိုင်လည်း ဆက်လက်၍မပြောတော့ဘဲ ဤနေရာတွင် စကားလက်စသတ်လိုက်လေ၏။

ထိုခဏ၌ ခန်းမဆောင်ကြီး၏ အခြားဘက်၌ ရှိသော ရွှေချည်များဖြင့် ထူထဲစွာပြုလုပ်ထားသည့် ကန့်လန့်ကာသည် နံဘေးသို့လိပ်၍သွားလေရာ ၎င်း၏နောက်၌ကား ဖုံတစ်ခုပေါ်တွင် ရွှေကွပ်၍ထားသည့်ဆေးတံရှည်ကိုသောက်၍နေသော လူတစ်ယောက်ကိုမြင်ရလေ၏။ သူသည်ကား အခြားသူမဟုတ် မက္ကဆီကိုနယ်ကြီးတစ်ခုလုံး၏ သက်ဦးဆံပိုင်ဖြစ်သော "မွန်တီဇူမာ"ဘုရင်ကြီးပေတည်း။ အရပ်အမောင်းမြင့်မား၍ မျက်နှာမှာ နွမ်းလျဖျော့တော့သောအသွင်ရှိလေသည်။ သူသည် နှင်းပွင့်တမျှ ဆွတ်ဖြူသည့်ဝါဂွမ်းထည်ကို ဝတ်ဆင်လျက် ခါးတွင် ရွှေခါးပတ်ကိုပတ်၍ထားပြီး ခြေတွင် ပုလဲများစီ၍ထားသော ကျောက်စီခြေနင်းကို စီးနင်းလျက်ရှိ၏။ ဦးခေါင်းထက်၌မူ လွင်၍နေသော အစိမ်းရောင်ငှက်တောင်များဖြင့် ပြုလုပ်ထားသည့်သရဖူကို ဆင်မြန်းထားလေသည်။

သူ၏နောက်တွင် မြွေနှင့်တူသော ကိရိယာများနှင့် အခြားတူရိယာများကိုတီးမှုတ်လျက်ရှိသော မိန်းမများသည်လည်းကောင်း၊ သူ၏နံဘေးတစ်ဖက်တစ်ချက်စီ၌ ညိုသောဝတ်ရုံရှည်ကြီးများကို ဝတ်၍ထားသော သူ၏ အတိုင်ပင်ခံ အမတ်ကြီးလေးယောက်တို့သည်လည်းကောင်း ခစားလျက်ရှိကြကုန်၏။ အားလုံးသောသူများ၌ ဖိနပ်များမပါချေ။





ကန့်လန့်ကာပွင့်သွားသည်နှင့်တစ်ပြိုင်နက် အခန်းတွင်းရှိ လူအားလုံးတို့သည် ကြမ်းပေါ်၌ဒူးထောက်ကာ ဦးခေါင်းကိုငုံ့၍ အရိုအသေပြုကြလေရာ ကျွန်ုပ်လည်း အလားတူလိုက်၍ အရိုအသေပြုရ၏။ ထိုနောက် ဘုရင်ကြီးက အထိမ်းအမှတ်ကို ပြလိုက်သောအခါမှ ပရိသတ်များသည် ခတ်တတ်ရပ်၍ လက်ပိုက်ပြီးလျှင် ကြမ်းပေါ်သို့ မျက်လွှာများကိုချကာ ငြိမ်သက်လျက် ရှိကြကုန်၏။

ဘုရင်ကြီးသည် အမတ်ကြီးတစ်ယောက်သည် တစ်စုံတစ်ရာတီးတိုးပြောလိုက်ရာ အမတ်ကြီးသည် နေရာမှထ၍ ပရိသတ်များရှိရာသို့ တဖြည်းဖြည်းလျှောက်လာခဲ့ပြီးလျှင် ကျွန်ုပ်တို့အနီးသို့ရောက်သောအခါ ရပ်တန့်လေ၏။ ထိုနောက် သူသည် ဂေါ်တီမော့၏ ရှေ့တွင်ရပ်ကာ အရိုအသေပြုပြီးနောက်...

"ခရီးဦးကြိုပြုပါ၏ အရှင့်သား... ဘုန်းတော်ကြီးလှသောသက်ဦးဆံပိုင်ဘုရင်... ကျွန်ုပ်တို့၏အရှင်သခင် မွန်တီဇူမာသည် သင် မင်းသားနှင့်တကွ သင်မင်းသားခေါ်ဆောင်လာသည့် လူဖြူ ကျူလီကိုပါ တွေ့ဆုံနှုတ်ခွန်းဆက်စကားပြောကြားလိုပါသည်"

"ကောင်းပြီ သွားလေ့"

အမတ်ကြီး အခြားဘက်သို့ လှည့်သွားသောအခါ၌ မင်းသားသည် ကျွန်ုပ်အနီးသို့ကပ်၍ "ကျွန်ုပ်ပြုလုပ်သည့်အတိုင်း အရိပ်အကဲကိုသာကြည့်ပေတော့ မိတ်ဆွေကျူလီ"ဟုပြောကာ အမတ်ကြီးနောက်သို့လိုက်သွားလေရာ ကျွန်ုပ်လည်း မင်းသားနောက်မှလိုက်ပါသွားလေ၏။

ကျွန်ုပ်တို့သည် ကန့်လန့်ကာရှေ့ နှစ်ကိုက်ခန့်ဝေးသော နေရာကိုရောက်လွန်မိသောအခါ နောက်မှတံခါးတစ်ချပ်သည် ပိတ်သွား၍ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဘုရင့်ရှေ့တော်သို့ရောက်လာခဲ့ပြီးလျှင် အခန်းတွင်းမှလူများသည် ကျွန်ုပ်တို့ကို မမြင်နိုင်တော့ချေ။

ထိုနေရာတွင် ကျွန်ုပ်နှင့်မင်းသားသည် လက်များကိုပိုက်ပြီးနောက် မျက်လွှာကိုအောက်ချလျက် ဘုရင့်အမိန့်ကို စောင့်ဆိုင်းကာရှိနေကြကုန်၏။ ထိုအခါ ဘုရင်ကြီးသည် ဂေါ်တီမော့အား အမိန့်ပေးသံဖြင့်...

"တူတော်မောင်... ရှေ့သို့အနည်းငယ်တိုး၍ ခစားလော့ ထိုနောက် ဖြစ်ပျက်သမျှအလုံးစုံကို ကျွန်ုပ်အားလျှောက်တင်လော့"

"မြင့်မြတ်သော အရှင်မွန်ထိဋ္ဌမှာ ဘုရင်မင်းမြတ်... တူတော်မောင်သည် အလွန်ဝေးလံသည့် တူဘတ်စကိုမြို့ကို သွားရောက်၍ အရှင့်ရှေ့တော်သို့ ယခုရောက်ရှိနေသော ကျူလီအား ခေါ်ဆောင်၍လာကာ အရှင့်လက်တော်ရောက် ဆက်သပါသည်"

"တူတော်မောင်တင်လျှောက်သဖြင့် ကျွန်ုပ်ကြားရပေပြီ... သို့သော် လမ်းခရီးတွင် အဘယ်ကြောင့် ဤမျှလောက် အချိန်ကြန့်ကြာ၍နေရပါသနည်း... တူတော်မောင်"

"လမ်းခရီးတွင် မမျှော်လင့်သောအကြောင်းများ ဖြစ်ပေါ်ခဲ့သဖြင့် အတန်ကြာမျှ အချိန်လင့်သွားခဲ့ပါသည်အရှင်"

"လျှောက်တင်လော့"

"ကျွန်ုပ်၏အသက်ကို စွန့်စားကယ်ဆယ်ရာတွင် ကျွန်ုပ်၏အကျဉ်းသားသည် ကျားကိုက်ခြင်းကိုခံရသဖြင့် ထိုနေရာ၌ပင် သူ့အား အတန်ကြာမျှ ဆေးဝါးကုသနေရပါသည်၊ တူတော်မောင်အား ကိုက်သည့်ကျားသည်လည်း သူ၏လက်ချက်ဖြင့် သေဆုံးသွားရာ ၎င်း၏အရေကို ဦးရိုးတော် အရှင်မင်းမြတ်အား ပဏ္ဏာတော်အဖြစ်ဖြင့် ဆက်သရန် အသင့်ယူဆောင်လာခဲ့ပါသည်"





ဘုရင်ကြီးသည် ကျွန်ုပ်၏ဘက်ကိုကြည့်လျက်

"လျှောက်ထားလော့ ကျူလီ၊ သင့်၏နိုင်ငံသားများသည် အဘယ်ကြောင့် ကျွန်ုပ်မြေပေါ်သို့ ချဉ်းနင်းဝင်ရောက်ကာ ကျွန်ုပ်၏ တိုင်းသူပြည်သားများကို သတ်ဖြတ်ရသနည်း"

"အို... ဘုန်းတော်ကြီးသောအရှင်မင်းမြတ် ဤအကြောင်းကို ကျွန်ုပ် တစ်စုံတစ်ရာမသိပါ၊ ထိုသူများသည်လည်း ကျွန်ုပ်၏ နိုင်ငံသားများ မဟုတ်ပါ"

ကျွန်ုပ်စကား အနည်းငယ်ထစ်ငေါ့လျက်ရှိသည်ကို ဂေါ်တီမော့က ထောက်၍ပေးလေသည်။

"ကျွန်ုပ်ထံ ရောက်လာသော အစီရင်ခံစာများအရ သင်၌ ကျူလီသွားပါကြောင်း၊ သင်သည် ကျွန်ုပ်နယ်ပယ် ကမ်းခြေအနီးသို့ ကျူလီသင်္ဘောတစ်စင်းဖြင့် ရောက်ရှိလာကြောင်းပါရှိ၏၊ အသို့ဆိုမည်နည်း"

"ဤအတိုင်းအမှန်ဖြစ်ပါသည်၊ သို့သော် ကျူလီများကား ကျွန်ုပ်၏နိုင်ငံသားများမဟုတ်ပါ၊ ကျွန်ုပ်သည် သင်္ဘောပေါ်မှလွတ်မြောက်ခဲ့ပြီးနောက် စည်ပြတ်တစ်လုံးကိုတွေ့ရှိကာ ထိုစည်ပြတ်ကိုလှိုင်းပုတ်သဖြင့် နောက်ဆုံး အရှင့်မြေပေါ်သို့ ကံအားလျော်စွာ ရောက်ရှိလာခြင်းဖြစ်ပါသည်၊ ဘုန်းတော်ကြီးလှသောအရှင်မင်းမြတ်"

(ခက်ထန်စွာ) "သင်ကားမုသားပြောဘိ၏၊ ငါးကြီးများ၊ ဝေလငါးများ၊ ငါးမန်းနှင့် ပင်လယ်မျော့ကြီးများသည် အသင့်အား အဘယ်ကြောင့် ချမ်းသာပေးအံ့နည်း၊ လူလိမ် ပြောလော့ သင်ကား ကျွန်ုပ်တို့ကိုးကွယ်သည့် ကွီဇယ်နတ်ကြီး၏ သားသမီးအဆက်အနွယ်တစ်ယောက် မဟုတ်ပါလော့"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါအရှင် ကျွန်ုပ်မှာ အမှန်အားဖြင့် လူဖြူတစ်မျိုးဖြစ်၍ ကျွန်ုပ်တို့အဆက်အနွယ်မှာ "အာဒမ်"မှ ဆင်းသက်လာပါသည်။

"အာဒမ်ကား ကျွန်ုပ်တို့ကိုးကွယ်သော ကိုဇယ်နှင့်တူသူ ဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ၏အဆက်အနွယ် ကျွန်ုပ်တို့တိုင်းပြည်သို့ တစ်နေ့နေ့ရောက်လာမည့်အကြောင်း ရှေးဟောင်းတဘောင်ရှိခဲ့၏။ ယခုကား ဤစကားမှန်ပေတော့သည်။ သွားလော့... မနက်ဖြန်၌ သင်သည် ကျွန်ုပ်အား ကျူလီတို့အကြောင်းကို သင်သိသလောက် ဖြေဆိုရလိမ့်မည်။ ထိုအခါ ဘုန်းကြီးများက သင်၏အမှုကို ဆုံးဖြတ်လိမ့်မည်"

ကျွန်ုပ်သည် 'ဘုန်းကြီး'ဆိုသောစကားကို ကြားလိုက်ရုံမျှနှင့် ကျွန်ုပ်၏ကျောရိုးတစ်လျှောက်မှာ စိမ့်၍အေးသွားပြီး လက်နှစ်ဘက်ကို ယှက်ကာ ဘုရားသခင်ကိုတမ်းတမိ၏။ ထိုအခါမှ စပိန်သွေးပါသည်ဟု ရှေးဦးစွာ လွတ်ခနဲပြောခဲ့ဖူးသည်ကို နောင်တရမိ၏။ သို့သော် အချိန်ကားနောက်ကျခဲ့ချေပြီ...။

"အရှင်မင်းမြတ် သတ်လျှင်လည်း ခံရပါတော့မည်။ ကျွန်ုပ်၏အမှုကိစ္စကို ဘုန်းကြီးများလက်သို့မအပ်ပါလင့်"

"အသို့ဆိုသနည်း ကျူလီ၊ ကျွန်ုပ်တို့အားလုံးသည် ဘုန်းတော်ကြီးများ လက်အောက်၌ရှိ၏။ သူတို့နှုတ်မှ ထွက်သောစကားသည် ကျွန်ုပ်တို့ကိုးကွယ်သော နတ်ဘုရားများ၏စကားမည်၏။ ထို့ပြင် အဃင်သည်လည်း ကျွန်ုပ်ကို အမှန်မပြောဘဲ လိမ်လည် လှည့်စားနေသည်ဟု ကျွန်ုပ်ယူဆ၏။ သွားလော့"

ထိုနောက် ကျွန်ုပ်တို့လည်း ဆရင့်ရှေ့တော်မှ ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်မှာ ရှေ့တွင် မည်သည့်ဘေးဒဏ်မျိုး ကျရောက်အံ့သည်ကို တွေး





တောလျက်ရှိရာ ဂေါ်တ်မော့မင်းသားမှာလည်း ကျွန်ုပ်အတွက် စိုးရိမ်သည့် အမူအရာဖြင့် မျက်နှာကို အောက်သို့ချကာ ရှိနေလေ၏။

○



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ် ဘုရားတမာန်တော် ဖြစ်လာပုံ

နောက်တစ်နေ့၌ ကျွန်ုပ်သည် ဂေါတမီမော် မင်းသား၏ နေအိမ်တွင် သူ၏ အိမ်သူအိမ်သားနှင့်အတူ နံနက်စာစားသောက်ပြီးနောက် တောနက်ထဲတွင် ဖြစ်ပျက်ခဲ့ပုံများကို ပြန်လှန်ပြောဆိုကာ စမြုံပြန်လျက်ရှိစဉ် မင်းလုလင်အကြီးအကဲတစ်ယောက်နှင့် စစ်သားများရောက်လာပြီးလျှင် ကျွန်ုပ်အား ဘုရင့်ရှေ့တော်သို့ ခေါ်ဆောင်သွားပြန်၏။

ကျွန်ုပ်အား ခေါ်ဆောင်သွားသည့်နေရာမှာ ယမန်နေ့က နေရာမဟုတ်ဘဲ အခြားအဆောင်တစ်ခု ဖြစ်လေရာ မွန်တီဇူမာဘုရင်သည် ရွှေသားပလ္လင် တစ်ခုပေါ်တွင်ထိုင်ကာ သူ၏အနီး၌ကား အမတ်ကြီးများနှင့် အတိုင်ပင်ခံလူကြီးများသည် ဘုရင်အား ခစားလျက်ရှိနေကြလေသည်။

ဘုရင်ကြီး ထိုင်နေရာ ရွှေပလ္လင်ရှေ့တည့်တည့်၌ကား သူ၏ ဦးခွံတစ်ခုကို ပန်းဖော်၍ ထားသော စားပွဲငယ်တစ်ခုပေါ်တွင် အမြတ်တနိုး

www.burmeseclassic.com



တင်၍ထား၏။ ထိုဦးခွံတွင် "မြ"များကို သဏ္ဌာန်မပျက်စေဘဲ အကွက်ချ စီခြယ်၍ထားသည်ဖြစ်ရာ တဝင်းဝင်းတောက်ပလျက်ရှိသော မြစိမ်းရောင်ကဲ့သို့ တစ်ခန်းလုံး ပျံ့နှံ့လျက်ရှိသည်ဟု မှတ်ထင်ရလေသည်။ ဘုရင်ကြီးနောက်၌မူ သက်တော်စောင့် နှစ်ယောက်တို့သည် ဓားကြီးများကိုထမ်းလျက် အသက်နှစ်ဆယ်အရွယ် မိန်းမပျိုနှစ်ယောက်ကမူ သားမြီးယပ်ဖြင့်ခတ်ကာ ရှိနေကြကုန်၏။ လူမည်းဘုရင် တစ်ဆူပင် ဖြစ်လင့်ကစား ရွှေငွေကျောက်သံပတ္တမြားတို့ ပေါများလျက် လောက၏စည်းစိမ်ကို မြိန်မြိန်ကြီးခံစားနိုင်ပါပေ၏။

ထိုခဏ၌ ကျွန်ုပ်ရပ်၍နေသော နေရာရှေ့မှ ဆံပင်ကို ဖယောင်းဆီဖြင့်ပုံအမျိုးမျိုး ကျစ်၍ထားသော ဘုန်းကြီးများသည် ဣန္ဒြေကြီးစွာဖြင့် တစ်ယောက်စီ တန်းဝင်လာပြီးလျှင် လက်ဝဲဘက် ခုံတန်းလျားများပေါ်တွင် ထိုင်ကြလေသည်။ သူတို့၏မျက်နှာကား ရက်စက်ကြမ်းကြုတ်ခြင်း၏ အရိပ်အယောင်သည် စာဖြင့်ရေး၍ ထားသည့်အလားထင်ရှားပေါ်လွင်လှပေ၏။ သူတို့သည်လည်း ဘုရင်ကြီးအား ဝတ်ကျေဝတ်ကုံမျှ အရိုအသေပြုလေသည်။

သူတို့ ဝင်လာပြီးနောက် တစ်ခဏခြင်း၌ပင် ဘုရင်ကြီး၏ အတိုင်ပင်ခံလူကြီးများ သက်တော်စောင့်များ၊ မှူးမတ်များ၊ သားမြီးယပ် ခတ်သော မိန်းမပျိုများတို့သည် အတွင်းဆောင်သို့ ဝင်သွားကြကုန်သဖြင့် အခန်းအတွင်းတွင် ဘုရင်နှင့် ဘုန်းကြီးများသာ ကျန်ရှိရစ်တော့၏။

ထိုအခါ ဘုန်းကြီးတစ်ပါးသည် ကျွန်ုပ်အား အဝတ်များကို ချွတ်ပစ်ရန်အမိန့်ပေးရာ ကျွန်ုပ်မှာ အမိန့်ပေးသည့်အတိုင်း ချွတ်ပစ်လိုက်ရလေသည်။ ရှက်ခြင်းဟူသော သဘောတရားမှာ ကြောက်ရွံ့စိတ်က





ဖုံးလွှမ်းသည့်အခါများ၌မူ သာမန်လုပ်ရိုးလုပ်စဉ် ပြုလုပ်သော စိတ်နှင့်များစွာမကွာခြားလှတော့ချေ။ ကျွန်ုပ်သည် ဘုန်းကြီးများနှင့် လူမည်းဘုရင်ရှေ့တွင် ဗလာသက်သက် မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်တုံးလုံးဖြင့်တုန်လှုပ်စွာ ရပ်လျက်ရှိနေလေ၏။

ထိုခဏ၌ ဘုန်းကြီးများသည် ရှေ့သို့တိုးလာကာ ကျွန်ုပ်၏ကိုယ်ပေါ်တွင် အမှတ်အသားများကို ရှာဖွေကြည့်ရှုကြလေသည်။

ကျွန်ုပ်၏ လက်မောင်းရင်း၌ကား ဂါဆီထိုးလိုက်သော ဓားဒဏ်ရာမှ အနာရွတ်သည်လည်းကောင်း၊ ရင်ပတ်တွင် ကျားလက်သည်းများဖြင့် ကုတ်ခြစ်မိသော ဒဏ်ရာသည်လည်းကောင်း ရှိနေသဖြင့် ဘုန်းကြီးများသည် ကျွန်ုပ်တစ်ကိုယ်လုံးကို လိုက်လံရှာဖွေပြီးနောက် ထိုဒဏ်ရာများကို အထပ်ထပ်စစ်ဆေးကြည့်ရှုကြပြီးလျှင် ကျွန်ုပ်အား အကျိုးအကြောင်း မေးမြန်းရာ ကျွန်ုပ်က ဟုတ်မှန်သည့်အတိုင်း ပြောဆိုလေသည်။

ဤသို့ ဘုန်းကြီးများသည် ကျွန်ုပ်မကြားနိုင်သော အခန်းထောင့်တစ်ထောင့်သို့ သွား၍ တိုင်ပင်ကြရာ အချင်းချင်း အတော်ပင်အငြင်းအခုံဖြစ်ကာ ဆူညံစွာရှိနေကြသဖြင့် နောက်ဆုံး ဘုရင်ကြီးထံ အဆုံးအဖြတ်ခံရန် သွားကြလေသည်။

ဘုရင်ကြီးသည် တစ်ခဏမျှစဉ်းစားပြီးနောက် အောက်ပါအတိုင်း ခပ်တိုးတိုးရေရွတ်လေသည်။

"ကိုယ်တော်တို့ ဤအမှတ်အသားများကား ဝမ်းတွင်းပါမဟုတ်ပေ၊ သူပြောသည့်အတိုင်း လက်မောင်းအမှတ်မှာ လူ၏လက်ချက်ဖြစ်ဟန်ရှိ၍ ရင်ပတ်အမှတ်မှာ တိရစ္ဆာန်လက်ချက် ဖြစ်ဟန်တူပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးများသည် ငြိမ်သက်စွာ နားထောင်လျက်ရှိရာမှ ခေါင်းဆောင်ဘုန်းကြီးသည် ဘုရင့်နား နားသို့ကပ်၍ တစ်စုံတစ်ရာပြောလိုက်လေသည်။

ထိုအခါ ဘုရင်ကြီးသည် ဦးခေါင်းကို ခပ်ဖြည်းဖြည်းညိတ်ပြီးနောက် ကျွန်ုပ်ရှိရာသို့လာပြီးလျှင် သူ၏လည်တွင်ဆွဲ၍ထားသော မြ,ကျောက်ကြိုးကို အဆက်မှဖြုတ်ယူကာ ကျွန်ုပ်၏လည်ပင်းတွင် စွပ်ပေးပြီးသော် သူဝတ်ဆင်သော ရွှေချည်ထိုးဝတ်လုံကြီးကို ပခုံးချိတ်မှ ဖြုတ်ယူပြီးလျှင် ကျွန်ုပ်ကိုယ်ပေါ်တွင် ခြုံပေးလေသည်။ ထိုနောက် ကျွန်ုပ်ရှေ့တည့်တည့်တွင် ဒူးထောက်ကာ...

"ကွီဇယ် အရှင်မြတ်၏သားတော်၊ အို...အရှင်ဘုရား၊ အရှင်သည် 'တက်(ဇ)ကက်'ဝိညာဉ်တော်ဖြစ်၍ ကမ္ဘာကြီးကိုဖန်ဆင်းသူ၊ ကမ္ဘာကြီး၏ အသက်ပင်ဖြစ်ပါ၏။ အို... အရှင်၊ အရှင့်အား ကျွန်ုပ်သည် ရှိသေမြတ်နိုးရှိခိုးပါ၏။ အရှင်ကား... ယခုပြန်ရောက်လာပေပြီ၊ ရှုစားတော်မူပါလော့...အရှင့်၊ အရှင်သည် ကျွန်ုပ်တို့နှင့်ရှိနေစဉ်က ကျွန်ုပ်တို့မှာ အရှင့် ကျေးကျွန်များသာ ဖြစ်ကြပါ၏။ အရှင်ဘုရားသာ အမိန့်ရှိတော်မူပါလော့။ အရှင်ဘုရား၏အမိန့်ကို ကျွန်ုပ်တို့သည် နာယူရန်အသင့်ရှိပါ၏။ အရှင်၏အလိုတော်သည်သာ ကျွန်ုပ်တို့၏အလိုဖြစ်ရပါစေမည်။ အို...တက်(ဇ)ကက် အရှင်ဘုရား... ကျွန်ုပ် မွန်တီဇူမာဘုရင်သည် အရှင့်အား ရှိသေစွာရှိခိုးပါ၏။ ကျွန်ုပ်ရှိခိုး ကိုးကွယ်သကဲ့သို့ ကျွန်ုပ်၏ နိုင်ငံသူ၊ နိုင်ငံသားများသည်လည်း အရှင်အားရှိခိုးကြပေအံ့..." ဟု ရေရွတ်လျှက် မွန်တီဇူမာ ဘုရင်ကြီးသည် ဒူးထောက်နေရာမှ ဦးခေါင်းကို ရှိသေစွာ ညွှတ်လေ၏။





ထိုအခါ ဘုန်းကြီးများလည်း သူတို့နေရာမှ အသီးသီးဒူးထောက်ကာ

"ကျွန်ုပ်တို့လည်း အရှင့်အား ရှိခိုးပူဇော်ပါ၏။ အို...တက်(ဇ)ကက် အရှင်ဘုရား"ဟု ရေရွတ်ကြလေသည်။

ထိုအချိန်၌ ကျွန်ုပ်မှာ "ငါသည် ရူး၍ပင်နေလေသလော၊ သို့မဟုတ် အိပ်မက်ပင် မက်၍နေလေသလော"ဟု အောက်မေ့မိ၏။ လူမည်းတို့ ဖမ်းဆီးထားခြင်းခံရသော အကျဉ်းသားဘဝ သူတို့ ကိုးကွယ်ခဲ့ဖူးသည့် ဘုရားအဆက်အနွယ် ထိုဘုရားဝင်စားသူအဖြစ် ကျွန်ုပ်အားတင်မြှောက်ခဲ့ကြသည်မှာ ကမ္ဘာပေါ်တွင် မဖြစ်စဖူး ထူးကဲသော အခြင်းအရာများပါပေတည်း။

ဘုရင်ကြီးသည် လက်ခုပ်ကို ခပ်ဖြည်းဖြည်းတီး၍ အချက်ပေးလိုက်ရာ အရွယ်ကောင်းသော မိန်းမတစ်စုသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ၎င်းတို့နှင့်အတူ အလွန်လှပကောင်းမွန်သော အဝတ်များ ပန်းများကို ပြုလုပ်ထားသည့် သရဖူတစ်ခုကို ယူခဲ့ကြလေ၏။ အဝတ်များကို ကျွန်ုပ်အား ဝတ်၍ ပေးပြီးသော် ပန်းသရဖူကိုလည်း ကျွန်ုပ်၏ ဦးခေါင်းပေါ်တွင် ဆောင်းပေးလေသည်။ ထိုနောက် ထိုသူတို့သည် ဘုရင်ကြီးကဲ့သို့ ကြမ်းပြင်ပေါ်တွင် ဒူးထောက်၍ ကျွန်ုပ်အား အရိုအသေပြုကာ...

အို... အရှင်တက်(ဇ)ကက်... အရှင်သည် နောက်ဆုံး၌ ကျွန်ုပ်တို့ ဘိုင်းပြည်သို့ တက်(ဇ)ကက်ဘုရား၏ဝိညာဉ် ကျူလီတစ်ယောက်၏ ကိုယ်ထဲသို့ ဝင်ရောက်ကူးပြောင်းကာ ရောက်လာခဲ့ပေပြီ"

ဟူ၍ တီးတိုးရေရွတ်ကြကုန်၏။ ကျွန်ုပ်ကား ဘုရားဖြစ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့လေပြီ။

ထိုခဏ၌ အလွန်ဣန္ဒြေကြီးရင့်သော လူများသည် စီတန်းဝင်လာရာ ဘုရင်ကြီးက ထိုသူများကို ညွှန်ပြကာ...

"ဤသူများကား အရှင်အား ညွှန်ကြားသွန်သင်ပေးမည့် ဆရာများတည်း"

ဟု ပြောလေ၏။ ထိုနောက် ခန့်ညားစွာ ဝတ်ထားသော လူငယ်ကလေးများ ဝင်လာကြပြန်ရာ...

"ဤလူငယ်များကား အရှင်၏ လက်ပါးစေများတည်း"

ဟု ပြောပြန်လေသည်။

ထို့နောက် သူတို့လူစုသည် ကျွန်ုပ်အား အခန်းတွင်းမှ ခေါ်ဆောင်သွားသဖြင့် လိုက်ပါသွားရလေရာ ယောကျ်ားရော မိန်းမပါ 'တက်(၈)ကက်' ဘုရားသခင်သည် လူဝင်စားအဖြစ်ဖြင့် ပြန်ရောက်လာသဖြင့် ဆူညံစွာ ဟစ်အော်လျက် ရှိကြကုန်၏။ အတီးအမှုတ်သမားများကလည်း ပလွေနှင့်သံစုံများကို တီးမှုတ်ကာ နောက်မှလိုက်ပါလာကြလေသည်။ ထိုအခါ လမ်းတွင်တွေ့သမျှ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ် မကျန် ကျွန်ုပ်ကိုမြင်လျှင် ဒူးထောက်၍ နဖူးကိုမြေကြီးနှင့်ထိကာ ရှိခိုးကြကုန်၏။

ကျွန်ုပ်မှာ ကျွန်ုပ်၏အဖြစ်အပျက်ကို အံ့သြခြင်းမကဘဲ အံ့သြကာ ဤသို့ဆက်လက်၍ နေရမည်ဆိုက ငါသည် တစ်နေ့နေ့တွင် ရူးသွပ်၍ သွားချေတော့မည်ဟု အောက်မေ့မိ၏။

အတန်ကြာ လှည့်လည်ပြီးနောက် ခန်းမဆောင်သို့ ပြန်၍ရောက်သောအခါ မှူးမတ်များနှင့် ကျွန်ုပ်အတွက် ပေးအပ်သော အစေအပါး





များသည် အဝတ်သစ် အစုံများကို ယူခဲ့ကြပြီးလျှင် ယခင်က ကျွန်ုပ်ဝတ်ပြီးအဝတ်နှင့် လဲလှယ်ကြပြန်လေသည်။ မိန်းကလေးများက ပန်းများကို ယူဆောင်လာကာ ကျွန်ုပ်သရဖူကို ပန်းသစ်များဖြင့် ဆင်ပေးခြင်း၊ ကျွန်ုပ်ကိုယ်ပေါ်သို့ ကြိုဖြန့်ခြင်းများပြုလုပ်ကြပြန်၏။ ထိုနောက် ကျွန်ုပ်အား ဂေါတီမော့မင်းသား အိမ်တော်သို့ခေါ်၍လာကြရာ ထိုအခါ၌မှ မိန်းကလေးများက ရှေ့မှ တီးမှုတ်သွားကြလေသည်။

ဂေါတီမော့သည် ကျွန်ုပ်အား အိမ်ဝင် ပေါက်မှ ဆီးကြိုလျက်သူ၏မျက်လုံးများ၌လည်း နှစ်သိမ့်ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းတို့သည် အတူယှဉ်တွဲကာ ရှိနေသည်ကိုမြင်ရ၏။

သို့နှင့် ကျွန်ုပ်လည်း ရှေ့သို့ ကိုယ်ကိုအတန်ငယ်ညွှတ်ကာ လေသံဖြင့်...

"အရှင်မင်းသား... ဤအရာအားလုံးသည် အဓိပ္ပာယ်မည်သို့ရှိပါသနည်း၊ ကျွန်ုပ်သည် အကယ်ပင် ဘုရားစင်စစ်မှန်ပါသလော"

(အလွန်နိမ့်သောလေသံဖြင့်) "အသင်ကျူးလီ တီးတိုးပြောလော့ သင်၏အဖြစ်အပျက်ကား ထူးဆန်းလှသည်မှန်၏။ ၎င်း၏အဓိပ္ပာယ်မှာ အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိ၏။ နောက်တွေ့သောအခါ အလုံးစုံ ကျွန်ုပ်ပြောပြအံ့"

ထိုနောက် ဂေါတီမော့သည် သူတစ်ပါးကြားလောက်အောင် သူ၏အသံကို မြှင့်ပြီးလျှင် ...

"အို... အရှင်... အရှင်သည် ကျွန်ုပ်တို့နှင့်အတူ အစားအစာကို သုံးဆောင်ပါမည်လော .. သို့မဟုတ် တစ်ကိုယ်ကည်း စားသုံးပါမည်လော"

www.burmeseclassic.com



"ဘုရားတို့မည်သည် ကောင်းသောအပေါင်းအဖော်ကို အလိုရှိ၏။ သင်တို့နှင့်အတူ ကျွန်ုပ်စားသောက်အံ့"

အင်္ဂလန်ပြည်ရှိ ညစာစားပွဲများကဲ့သို့ စားဖွယ်သောက်ရန်တို့ကို အသင့်ပြင်ထား၏။

လှပတောက်ပြောင်သော အဝတ်များကို ဝတ်ထားသည့်ယောကျ်ား များ မိန်းများအနက် ရွှေချည်ပန်းပွင့်များထိုးထားသည့် ဝတ်ရုံကိုဝတ် ဆင်ထားသော အော်တိုမင်းသမီးကိုလည်း တွေ့ရှိရလေသည်။ မင်းသမီး သည် နေရာတစ်ခုကို ရွေးချယ်၍ထိုင်လေရာ ကျွန်ုပ်လည်း မင်းသမီးနှင့် နံဘေးချင်းယှဉ်၍ထိုင်လေ၏။ ထိုအခါ မင်းသမီးက စားပွဲထိပ် လက်ညှိုးညွှန်လျက်...

"အို... တက်(ဓ)ကက် အရှင်... အရှင်၏နေရာသည် ဟိုမှာရှိပါ သည်"

"မြင့်မြတ်သော အော်တိုမီမင်းသမီး... တက်(ဓ)ကက်ဘုရားသည် သူနှစ်သက်သောနေရာကို သူကိုယ်တိုင် ရွေးချယ်နိုင်သည် မဟုတ်ပါ လော"

ထိုနောက် ကျွန်ုပ်လည်း အသံကိုနှိမ့်ပြီးလျှင် လေသံဖြင့် "အော် တိုမီ... ကမ္ဘာပေါ်တွင် ချစ်ဖွယ်အကောင်းဆုံးသော နတ်သမီး နံဘေးရှိ နေရာထက်ပို၍ ကောင်းသောနေရာသည် ရှိနိုင်မည်လော"

(လေသံဖြင့်ပြန်၍) "ကျွန်ုပ်သည် နတ်သမီးမဟုတ်ပါ၊ သာမန် လူသားတစ်ယောက်မျှသာဖြစ်ပါသည်။ နားထောင်တော်မူပါအရှင်၊ ပွဲများ၌ ကျွန်ုပ်အား အမြဲသဖြင့် အရှင်၏အဖော်ဖြစ်စေလိုပါလျှင် အရှင်သာ အမိန့်သာပေးတော်မူပါ... အရှင်၏အမိန့်ကို အားလုံးနာခံ





ကြရပါလိမ့်မည်။ ကျွန်ုပ်၏ဖခင် မွန်တီဇူမာဘုရင်ပင် ငြင်းပယ် ဝံ့မည် မဟုတ်ပါ"

သို့နှင့် ကျွန်ုပ်သည် နေရာမှထပြီးလျှင် မှူးမတ်ကြီးများအား ပျော်ရွှင်စားသောက်ပွဲတိုင်း ကျွန်ုပ်အတွက်နေရာကို အော်တိုမီမင်းသမီး နှင့် ယှဉ်ပြိုင်ထားရန် အမိန့်ပေးလေ၏။ ထိုစကားကို ကြားသောအခါ ပရိသတ်များသည် အုတ်အုတ်သဲသဲ ဖြစ်၍သွားပြီးလျှင် ဂေါ်တီမော့ မင်းသားသည် ရုတ်တရက် မျက်နှာပျက်သွားပြီးနောက်မှ ကျွန်ုပ်ကို ပြုံး၍ကြည့်လေသည်။

မှူးမတ်များအနက် အကြီးအမှူးလုပ်သူသည် ကျွန်ုပ်အား ဦးညွှတ် ပြီးလျှင်...

"တက်(ဓ)ကက် အရှင်၏အမိန့်တော်ကို နာခံကြရမည်၊ ပျော် ရွှင်စားသောက်ပွဲများတွင် ဘုရင့်သမီးတော် အော်တိုမီမင်းသမီး၏ နေရာ ကို မည်သည့်အခါမဆို တက်(ဓ)ကက်အရှင်ဘုရားနှင့် နံဘေးချင်း ယှဉ်၍ ထားရမည်"ဟု ဟစ်အော်အမိန့်ပေးလေ၏။

ထိုအခါမှစ၍ ကျွန်ုပ်သည် ညစာစားပွဲများတွင် မွန်တီဇူမာ ဘုရင် ကြီးနှင့် စားသောက်သည်မှတစ်ပါး မည်သည့်အခါမဆို အော်တိုမီ မင်းသမီးနှင့် ယှဉ်ပြိုင်စားသောက်ရလေသည်။

သို့နှင့် အော်တိုမင်းသမီးကို တက်(ဓ)ကက်အရှင်သည် များစွာ အရေးပေးကြောင်း နိုင်ငံအတွင်းတွင် သတင်းပျံ့နှံ့လျက်ရှိလေ၏။ ပျံ့နှံ့ သည့်အတိုင်းလည်း ကျွန်ုပ်တို့မှာ အချင်းချင်း မြင်ရတွေ့ရဖန်များလတ် သော် မေတ္တာစာတ်တို့မည်သည် ဖြူသည်မည်းသည်ကို ပဓာနမထားဘဲ ကျွန်ုပ်က ကျွန်ုပ်၏မေတ္တာကို ဖွင့်လှစ်ပြောဆိုရာ မင်းသမီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မေတ္တာကို လက်ခံ၍ ကျွန်ုပ်၏အချစ်ကို တုံ့ပြန်တော့၏။

အော်တိုမီမှာ လူမည်းမျိုးပင် ဖြစ်လင့်ကစား အခြားလူမည်းမများကဲ့သို့ နက်နက်ကြုတ်ကြုတ်မဟုတ်မူ၍ ခပ်ဝါဝါ၊ ခပ်ရွှေရွှေ အဆင်းရှိလေရာ၊ ဖြူသောအဆင်းရှိသော မိန်းမများထက်အသားတွင် ပို၍နူးညံ့ချောမွတ်၏။ မျက်နှာပေါက်မှာမူ အင်္ဂလန်သူ၊ စပိန်သူ၊ ပြင်သစ်သူတို့ကဲ့သို့ ပြေပြေပြစ်ပြစ်ရှိရကား၊ ကျွန်ုပ်၏မျက်စိထဲတွင် မျက်နှာဖြူမများထက်ပင် ပို၍လှသည်ဟုထင်မှတ်မိ၏။

အမူအရာအားဖြင့်ကား... လူဖြူများ၏ မျက်စိတွင် အတန်ငယ်ရိုင်းစိုင်းသည်ဟု ဆိုရပြားသော်လည်း ဖြူစင်သော စိတ်ထားရှိခြင်း၊ ပွင့်ပွင့်လင်းလင်း ရှိခြင်း၊ ဖျတ်လတ်သွက်လက်ခြင်း၊ ရဲ့ရင့်ခြင်းတို့သည် ထိုအတန်ငယ်ရိုင်းသော အမူအရာကလေးများကို ဖုံးအုပ်သွားနိုင်သဖြင့် အကယ်ပင် ချစ်ချင့်စဖွယ်ကောင်းသော မိန်းမတစ်ယောက်ပါပေတည်း။

အော်တိုမီသည် လူအများရှေ့၌သာ ကျွန်ုပ်အား ဣန္ဒြေသိက္ခာဖြင့် ထိန်းနန်းဆန်ဆန်ပြောဆိုသော်လည်း နှစ်ကိုယ်ချင်း တွေ့ဆုံသောအခါများ၌မူ အရပ်သူတို့အမူအရာ အပြောအဆိုအတိုင်း လွတ်လပ်စွာပြောလေ့ရှိ၏။ ထိုအခါ၌ ကျွန်ုပ်မှာလည်း လူမည်းတို့စကားကို လည်ပတ်စွာ ပြောဆိုနိုင်ခဲ့ပြီးဖြစ်လေသည်။

တစ်နေ့သ၌ ညစာစားပွဲတစ်ခု၏အပြီးတွင် ကျွန်ုပ်သည် အော်တိုမီမင်းသမီးကိုခေါ်၍ ပန်းဥယျာဉ်ထဲကိုထွက်ခဲ့လေ၏။

ထိုအချိန်မှာ လမင်းထွက်ပြူစအချိန်ဖြစ်၍ ထုံသင်းသော ပန်းများ၏အမွှေးနံ့သည် တဖြူးဖြူးတိုက်ခတ်လျက်ရှိသည့် လေပြည်တွင်ပါဝင်ကာ ကျွန်ုပ်တို့ကိုယ်ပေါ်သို့ ပက်ဖျန်းလေ၏။ အော်တိုမီ၏ ညိုညက်





သောအသားမှာ ရွှေချည်ထိုးအဝတ်အစားများဖြင့် လရောင်တွင်ပဏာရကာ လွန်စွာတင့်တယ်လှ၏။ ကျွန်ုပ်သည် အော်တိုမီ၏လက်ကို ယုယစွာဆွဲယူပြီးနောက်...

"ဘယ့်နှယ်လည်း... နှမရယ်၊ မောင် ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာပြောစမ်းပါဦးကွယ်၊ မောင်ဖြင့် ဒီဟာတွေကိုဘာမှမသိဘူး၊ သူတို့က ဘုရားဆိုပြီး ကိုးကွယ်လို့သာ အသာနေရတာ အဓိပ္ပာယ်ကိုနားမလည်ဘူး"

ထိုစကားကိုကြားလျှင် အော်တိုမီသည် မျက်နှာပျက်၍သွား၏။

"ကျွန်မလည်း နားတော့မလည်ပါဘူး ကိုလူဖြူရယ်... ပြောလည်းမပြောဝံ့ပါဘူး၊ သို့ပေမယ့် ကျွန်မတို့လူမျိုးထုံးစံတစ်ခုရှိတယ် ကိုလူဖြူရဲ၊ နှစ်စဉ်နှစ်တိုင်း ရုပ်ရည်ချောတဲ့လူတစ်ယောက်ကိုဖမ်း သူဟာ တက်(ဓ)ကက်ဘုရား ဝင်စားတယ်၊ တက်(ဓ)ကက်ဘုရားရဲ့ တမန်တော်ဆိုပြီး ကိုးကွယ်လေ့ရှိကြတယ်။ ဒီလူဟာ ရုပ်ဆင်းရူပကာနဲ့ပြည့်စုံရမယ်၊ အမာရွတ်အမှတ်အသားကင်းစင်ပြီး စင်းလုံးချောချောတဲ့ လူတစ်ယောက် ဖြစ်ရမယ်"

"ပြောပါဦး နှမရယ်"

"သည်တော့ အခုလည်း ကိုလူဖြူဟာ... ဘုရားအဖြစ်နဲ့ ဒီ"တီနော့ဘီတလန်"မြို့ကို တစ်နှစ်လုံးလုံးအုပ်စိုးနေရမယ်၊ ဘာမဆို ကိုလူဖြူအလိုဆန္ဒအတိုင်းပြည့်စုံစေရမယ်၊ ဘယ်သူကမှ ကိုလူဖြူကို အနှောင့်အယှက်မရှိစေရဘူး တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့ မွန်တီဇူးဘုရင်ဆောင် ကိုလူဖြူကိုအနှောင့်အယှက်မပေးရဘူး၊ ကိုလူဖြူ့လိုအင်ဆန္ဒကလေးတစ်ခုဟာ ဘာပဲဖြစ်ဖြစ် တိုင်းပြည်မှာဥပဒေဖြစ်ရမယ်၊ ရှင်ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကတောင် ကိုလူဖြူကိုအရိုအသေပြုပြီး လေးစားကြည်ညိုရမယ်၊ သိ
လား ကိုလူဖြူ”

“ဒီလိုဖြင့် အကောင်းသားပဲ အော်တိုမီရဲ့”

“သို့သော် အချိန်က ဆယ့်နှစ်လသာ ရှိတယ်၊ ကိုလူဖြူ ဒီလ
စပြီး ဆယ့်နှစ်လပြည့်တဲ့အခါ အဲဒီလကုန်တဲ့နေ့မှာ ကိုလူဖြူရော
လူဖြူရွေးကောက်ထားတဲ့ မိန်းမတွေရော အင်မတန်ခမ်းနားတဲ့ ဖော
ကြီးနဲ့ ရေကန်ကြီးဖြတ်ပြီး သတ္တုများအရည်ပျော်တဲ့ ဌာနဆိုတဲ့နေရာ
ခေါ်ဆောင်သွားလိမ့်မယ်၊ အဲဒီရေကန်ကြီး တစ်ဖက်ကမ်းမှာရှိတဲ့ လ
နက်တိုက်လို့ခေါ်တဲ့ ကျောက်တောင်ရောက်တဲ့အခါကျတော့မှ ကိုလူဖြူ
မယားတွေက ကိုလူဖြူကို နောက်ဆုံးနှုတ်ဆက်ပြီး ထားပစ်ခဲ့ရမ
ဒီတော့မှ ကိုလူဖြူဝင်စားခဲ့တဲ့ တက်(ခ)ကက် ဘုရားရုပ်တုတော်ကြ
ရှေ့မှာ ကိုလူဖြူရဲ့အသည်းနှလုံးကို ရွှေခွက်နဲ့ထည့်ပြီး ယဇ်ပူဇော်ရမ
ကိုလူဖြူရဲ့ ခေါင်းခွံကိုလည်း ထိုမြို့ရိုးက စုလစ်မွမ်းမွမ်းချွန်ပေါ်
စိုက်ထူထားလိမ့်မယ်၊ ဒီဟာတွေမပြောရက်တာနဲ့ ကျွန်မလည်း အချိ
ဆွဲပြီး မပြောဘဲနေခဲ့တာပဲ ကိုလူဖြူရေ”

“အလိုလေး... ဘုရား... ဘုရား... ကြည့်စမ်း ငါ့ကိုယဇ်နတ်ပူဇော်
ငါ့ဦးခွံကို ဟိုမြို့ရိုးက လှံချွန်တွေပေါ် စိုက်ထားမယ် ဟုတ်စ”

“သည့်အတိုင်းပါပဲ ကိုလူဖြူရယ်”

(စိတ်ထွက်သည်ထက်ထွက်လျက်) “ဘာလည်း နင်တို့ရုပ်တုဘုရား
တွေလည်း၊ နင်တို့လူမျိုးဟာ အင်မတန်အယူသီးပြီး ဘုရားစစ်၊ ဘုရား
မှန်ကို မသိတဲ့အရိုင်းအစိုင်းတွေ...”

အော်တိုမီသည် ကျွန်ုပ်၏ပါးစပ်ကို လက်ဖြင့်ပိတ်ပြီးနောက် “
တို့တစ်တွေ ကြားကုန်ပါ့မယ် ကိုလူဖြူရယ်”





“အို... ကြားချင်ကြား မကြားချင်နေ”

“ဆက်မပြောပါနဲ့ ကိုလူဖြူ ဒီစကားတွေကို သူတို့ကြားမှဖြင့် ကိုလူဖြူကိုယ်ထဲမှာ အစိမ်းသရဲဝင်လာပြီးဆိုပြီး ချက်ချင်းအသေဆိုးနဲ့ သေရလိမ့်မည် ကိုလူဖြူရယ်”

“အို... ခုချက်ချင်းသေလည်း ငါမကြောက်ဘူး၊ တစ်နှစ်မပြည့်မချင်း ယဇ်ပူဇော်ခံရဖို့ တအုံ့နွေးနွေး စောင့်နေရတာထက် အခုချက်ချင်း သေသွားရတာက ကောင်းသေးတယ်”

“သည်းခံပါ ကိုလူဖြူ”

“မခံနိုင်ဘူးဟေ့... အော်တိုမီ၊ ငါ့ကိုများယဇ်ပူဇော်ရင်တော့ နင်တို့ဘုန်းကြီးတွေ တစ်ပြုံလုံးသတ်ပြီးမှ ငါအသေခံမယ်”

○



www.burmeseclassic.com

www.burmeseclassic.com



## ဇနီးလောင်းများ ရွေးချယ်ခြင်း

ထိုအချိန်ကား "ကျူးဗား"ကျွန်းကို ခြေကုပ်ပြုကာ စခန်းချလျက်ရှိနေသော စစ်သေနာပတိကြီး "ကော့တက်"ကြီးမှူးသည့် စပိန်တပ်ကြီးသည် မက္ကဆီကိုနယ်စပ်သို့ ဆိုက်ရောက်လာကာ မက္ကဆီကိုနယ်ထဲသို့ပင် ဝင်စပြု၍နေလေပြီ။

မက္ကဆီကိုပြည့်ရှင် မွန်တီဇူမာ ဘုရင်ကြီးသည် ပြင်းစွာတုန်လှုပ်ချောက်ချားလျက် သူတို့အား မက္ကဆီကိုနယ်အတွင်းမှ အမြန်ထွက်ခွာသွားရန် တောင်းပန်ကာ... ရွှေနှင့်ကျောက်မျက်ရွဲအစရှိသောအဖိုးတန်ပစ္စည်းများကို လက်ဆောင်ပဏ္ဏာအဖြစ်ဖြင့် တမန်တော်များအား စေလွှတ်ပို့စေ၏။

ဤသို့ပြုလုပ်ခြင်းပင်လျှင် မိုက်မဲသောအမှုကိုပြုရာ ရောက်တော့မည်။ အဘယ်ကြောင့်ဆိုသော် ဝံပုလွေကို လေးမြားဖြင့်ခြောက်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အစား သားကောင်ကိုပြသည်နှင့် တူသောကြောင့်ဖြစ်လေသည်။ သို့သော် အကင်းပါး၍ ပရိယာယ်များလှသော စစ်ဗိုလ်ချုပ်ကြီး "ကော့တက်" နှင့် စပိန်ဗိုလ်များသည် ဘုရင်ကြီး၏ ရွှေငွေကျောက်သံပတ္တမြားလက်ဆောင်များကို ချိုသာသောစကားဖြင့် လက်ခံကာ အဖိုးအနည်းငယ်မျှ ထိုက်တန်သော မှန်ဗိုင်းကလေးများ၊ ဘီးကလေးများ၊ သန္တာပုတီးများ၊ ကစားစရာအရုပ်ကလေးများ စသည်တို့ဖြင့် လက်ဆောင်တုံ့ပြန်ခြင်းကို ပြုလေသည်။

ဂေါတီမော့မင်းသားကမူ ဘုရင်ကြီး အပြုအမူကိုသဘောမတူနိုင်ဘဲ မက္ကဆီကိုနိုင်ငံ၌ရှိသော စစ်သည်ဗိုလ်ပါမြောက်မြားစွာတို့ဖြင့် အံတုယှဉ်ပြိုင်ကာ အနိုင်တိုက်ခိုက်လို၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတွင် မရေမတွက်နိုင်လောက်အောင် များပြားသော စစ်သားများရှိရုံမျှမက မတ်စောက်သော ရှိမြောင်တောင်ကြားလမ်းတို့မှာလည်း စစ်တိုက်ရန်အတွက် အခွင့်အရေးကောင်းများ သဖွယ်ရှိနေလေသည်။

တစ်နေ့သ၌ ညီလာခံတွင် ဂေါတီမော့မင်းသားက ဘုရင်ကြီးအား အထက်ပါအကြောင်းများကိုလျှောက်ထားရာ ဘုရင်ကြီးသည် ကြောက်စိတ်မပြေပဲ ညှိုးငယ်သောမျက်နှာဖြင့်...

"ဖြစ်နိုင်မယ်မထင်ပါဘူး တူတော်မောင်... ကျွန်ုပ်တို့ကိုးကွယ်တဲ့ နတ်တွေ ဘုရားတွေကိုယ်တိုင်က သူတို့ဘက်ပါနေတယ်၊ သည်တော့ သူတို့ကို ဘယ်နည်းနဲ့မှ နိုင်နိုင်ဖို့မရှိဘူး"

"ဒီလိုဆိုရင် တိုင်းပြည်တစ်ပြည်လုံးအများကြီး စိုးရိမ်စရာရှိပါတယ် ဦးရီးတော်၊ သည်ဟာတွင်မကဘူး၊ ဦးရီးတော်အသက်ကိုပင် စိုးရိမ်ရန် ရှိနေပါတယ်"





ကျွန်ုပ်အသက်အတွက်တော့ ကျွန်ုပ်မစိုးရိမ်ပါ တူတော်မောင်... သို့သော် ကျွန်ုပ်တိုင်းပြည်အတွင်းရှိ မိန်းမများ၊ ကလေးသူငယ်များ၊ သူမမာများနှင့် အဘိုးအိုအမယ်အို ဒုက္ခိတများအတွက် ကျွန်ုပ်သနားလှပါသည်"

ဘုရင်ကြီးသည် ဤအကြောင်းများကိုပြောဆိုရင်း ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်များကျရှာ၏။ ဘုရင်ကြီးကား အကြောက်လွန်ကာ ဟုတ်တိုင်းမှန်ရာ ချိန်ဆစဉ်းစားခြင်းမပြုနိုင်ဘဲ အရူးကဲ့သို့ဖြစ်နေရှာ၏။

ဘုရင်ကြီးသာမဟုတ် ကျွန်ုပ်ကိုယ်တိုင်ပင် အရူးတစ်ပိုင်းဖြစ်နေပြီ [illegible]တ်ပါလော။ ကျွန်ုပ်အား ပြောင်လက်တောက်ပ၍ အရောင်အမျိုးမျိုး [illegible]က်သော ပိုးထည်များကို ဝတ်ဆင်ပေးကာ ရပ်ကွက်ထဲတွင် လှည့်လည်အပူဇော်ခံစေသဖြင့် ဤသို့အပူဇော်ခံရခြင်းပင်လျှင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှပေ၏။ ရွာသူရွာသား ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်မကျန် ကျွန်ုပ်ထံသို့လာရောက်ကာ ကျွန်ုပ်၏ ခြေကိုကိုင်ကြ၏။ ကျွန်ုပ်၏အဝတ်များကို နမ်းရှုပ်ကြ၏။ ပန်းခွေများဖြင့် ကျွန်ုပ်၏ ခေါင်းကိုစွပ်ကြ၏။ ပန်းပွင့်များဖြင့် ကျွန်ုပ်၏ကိုယ်ပေါ်ဖြန့်ကြဲချကြ၏။ ဦးခေါင်းကို မြေကြီးနှင့်ထိလုမတတ် အရိုအသေပြုကြ၏။

တစ်ခါတစ်ရံ ကျွန်ုပ်အား ဘုရားဝိညာဉ် ဝင်စားသည်ဟုယူဆကာ ဤသို့အမြတ်တနိုး ပူဇော်သက္ကာရပြုကြသည်ကို ဝမ်းမြောက်မိသည်ဟု ဆိုရသော်လည်း တစ်နေ့နေ့၌ ကျွန်ုပ်အားရင်ကိုခွဲကာ နေနတ်သားကျောင်းဆောင်ရှေ့ ကျောက်တုံးပေါ်၌ ဘုန်းကြီးတစ်ပါးပါး၏ ဓား[illegible]က်ကြီးဖြင့် ရင်ကိုခွဲ၍ အသည်းနှလုံးများကို ယဇ်ပူဇော်မည်



www.burmeseclassic.com

www.burmeseclassic.com



မလွဲတည်း ထိုအကြောင်းများသည် ကျွန်ုပ်စိတ်ထဲတွင် မပေါ်ပေါက်ဘဲ မနေနိုင်ချေ၊ မစဉ်းစားဘဲ မနေနိုင်ချေ။

ထိုအဖြစ်အပျက်များကို စဉ်းစားမိသောအခါ ကျွန်ုပ်သည် အလွန်ဝေးလံသော အင်္ဂလန်မှ နေရင်းဌာနချက်မြုပ်ရာဒေသကို လွမ်းဆွတ်တသမိ၏။ ကျွန်ုပ်၏ထူးဆန်းသောဘဝကို စဉ်းစားကာ ယူကျုံးမရဖြစ်မိတော့၏။

အကယ်၍ ရွှေဝါရောင် အဆင်နှင့်တူသည့် အော်တိုမီ မင်းသမီးသာ ကျွန်ုပ်အား အမျိုးမျိုးအဖုံဖုံ တိုးတိုးတိတ်တိတ်အားပေးခြင်း မပြုခဲ့သော် ထိုအချိန်ကပင် ကျွန်ုပ်သည် မိမိကိုယ်ကိုမိမိသတ်၍သော်လည်း သေလိမ့်မည်၊ သို့မဟုတ် တစ်ခါတည်း ရူးသွပ်၍လည်း သွားပေလိမ့်မည်။

ကျွန်ုပ်သည် အခါအခွင့်ရတိုင်း အော်တိုမီအား အင်္ဂလိပ်ဘာသာစကားကို သင်ပေးရုံမျှမက ခရစ်ယန်ဘာသာအယူဝါဒကိုပင် တစ်စတစ်စ သွင်းပေး၏။ ထိုအခါများ၌ အော်တိုမီသည် ကျွန်ုပ်အား နူးညံ့သိမ်မွေ့သော မျက်လုံးများဖြင့် တစိမ့်စိမ့်ကြည့်ရှုကာ ကျွန်ုပ်စကားများကို နားထောင်ရှာ၏။

စပိန်လူမျိုးများသည် မက္ကဆီကိုမြို့နှင့် တဖြည်းဖြည်းနီးကပ်လာပြီဟူသော သတင်းများကို တစ်နေ့ထက်တစ်နေ့ပို၍ ကြားရလေရာ ဘုရင်ကြီးသည် သူ၏သားမယား၊ သားသမီးများကိုပါ ဘုရားရှိခိုးကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ နန်းတော်အတွင်းသို့ ရွှေ့ပြောင်းကာ ထိုနန်းတော်တွင် ရာထောင်မကသော လူများသည် ခိုလှုံကြကုန်၏။

ကျွန်ုပ်နေသောနေရာမှ ဘုရင်ကြီးနေ့စဉ်ကျင်းပသော ညီလာခံကို မြင်ရ၍ မင်းသားများ ညီလာခံဝင်ပြီးသည့်နောက် ဘုန်းကြီးများသည်





ရောက်လာကြပြီးလျှင် ၎င်းနောက်မှ မိန်းမကြီးများခြံရံကာ အရွယ်သင့်မိန်းမပျိုများသည် ဘုရင်ကြီးထံ ဝင်ရောက်ခစားသည်ကို တွေ့မြင်ရလေ၏။

တစ်နေ့သောနံနက်ခင်း၌ ဂေါ်တီမော့မင်းသားသည် ညီလာခံအပြီး၌ ကျွန်ုပ်ထံသို့ ပြုံးပြုံးရွှင်ရွှင်နှင့်ရောက်လာလေရာ ကျွန်ုပ်လည်း အံ့အားသင့်လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဂေါ်တီမော့မှာ အကြောင်းမရှိဘဲ လွန်စွာပြုံးခဲလှသောသူတစ်ယောက် ဖြစ်သောကြောင့်ပေတည်း။

"ဂေါ်တီမော့"သည် ကျွန်ုပ်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်လျက် "အချင်း… ကျူလီ"သင့်အကြောင်းကိုသင်သိပါသလော"

"ကျွန်ုပ်မသိ သိလျှင်လည်း ကျွန်ုပ်ဂရုမစိုက်ပါ၊ မှန်တီဇူမာ ဘုရင်ကြီးသည် သူ၏မိတ်ဆွေစပိန်များထံ လက်ဆောင်ပေးရန် ပစ္စည်းဘဏ္ဍာများ စုဆောင်း၍နေခြင်းဖြစ်ပါသလော…"

"သင်ပြောသောစကားကို သတိထား၍ပြောလော့၊ သင့်စကား မှန်ကောင်းမှန်ပေမည်၊ သို့သော် ကျွန်ုပ် သင့်ကိုသာမချစ်ခင်ခဲ့ပါမူ သင်သည် တက်(ဇ)ကက်ဘုရား၏ တမန်တော်ဖြစ်စေကာမူ သင်ပြောမိသောစကားများအတွက် သင် မုချဝမ်းနည်းရပေတော့မည်"

ထိုနောက် ဂေါ်တီမော့သည် ခက်ထန်ကြမ်းကြုတ်သောမျက်နှာဖြင့် မြေကြီးကို ခြေတစ်ဖက်ဖြင့်ဆောင့်ကာ "အို…ဖြစ်ရလေခြင်း…ဖြစ်ရလေခြင်း…အချင်းကျူလီ၊ ကျွန်ုပ်၏ဦးရီးတော် စိတ်မနံ့မှု၊ ကြောက်ရွံ့မှု၊ ယောကျ်ားမပီသမှုတို့ကြောင့်သာ ဤစကားများကို အသင်ပြောရက်၏။ အကယ်၍ကျွန်ုပ်သာ ကျွန်ုပ်၏ဦးရီးတော်ကဲ့သို့ "အနာဟူအက်"ပြည့်ရှင် ဘုရင်ဖြစ်ခဲ့ပါမူ တစ်ပတ်အတွင်း၌ ကျွန်ုပ်တို့မြေပေါ်၌ ကျူလီမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



တို့၏ဦးခေါင်းများကိုဖြတ်ကာ ဤမှမြင်ရသော ဘုရားရှိခိုးကျောင်းကြီး၏ နံရံများပေါ်၌ဆွဲချိတ်ထားအံ့”

ကျွန်ုပ်က ပြန်၍ပြက်ရယ်ပြုကာ “သင်ပြောသောစကားကို သတိထား၍ပြောလော့၊ သင်ပြောမိသော စကားများအတွက် သင်ဝမ်းနည်းအောင်လုပ်နိုင်မည့်သူများ ရှိကောင်းရှိအံ့၊ သင်သည် တစ်နေ့နေ့တွင် သင့်ဦးရိုးတော်၏ ရိုက်ရာကိုဆက်ခံကာ ဘုရင်ဖြစ်အံ့၊ ထိုအခါ၌ သင်သည် ကျူလီများအပေါ်တွင် မည်သို့မည်ပုံပြုမည်ကို စောင့်၍ကြည့်ရအံ့၊ ကျွန်ုပ်ကိုယ်တိုင်ပင် မြင်နိုင်ခွင့်မရှိစေကာမူ တခြားသူများသည် စောင့်၍ကြည့်ကြကုန်အံ့၊ ဘုရင်ကြီးသည် မိန်းမအသစ်များကိုပင် ရွေးချယ်၍နေလေသလော”

“မှန်ပေ၏ အသင်ကျူလီ…သူသည် မိန်းမအသစ်များရွေးချယ်လျက်ရှိ၏။ သို့သော် သူ၏အတွက်မဟုတ် သင်နေရမည့် အသက်တာကား တိုတောင်းလှ၏၊ သို့ဖြစ်၍ ဘုရင်ကြီးနှင့် ဘုန်းတော်ကြီးများသည် သင့်အား ထိမ်းမြားလက်ထပ်ပေးရန် မိန်းမများရွေးချယ်နေခြင်း ဖြစ်ပေသည်။

“အို…အံ့ဩဖွယ်ကောင်းလေစွ…၊ ကျွန်ုပ်အားလက်ထပ်ထိမ်းမြားပေးမည်ဆိုသော စကားသည်ပင် အံ့ဖွယ်ကောင်းလေစွ…၊ကျွန်ုပ်၏ ချစ်ဇနီးသည် သေခြင်းပင်မဟုတ်ပါလော၊ လအနည်းငယ်အတွင်း သို့မဟုတ် ရက်ပေါင်းများစွာမကြာမီ ကျွန်ုပ်သည် ဘုရားကျောင်းဆောင်ရှေ့ရှိ ကျောက်နက်တုံးပေါ်၌လည်းလျောင်းကာ ယဇ်ပူဇော်ခြင်းခံရမည်မဟုတ်ပါလော၊ အို…အရှင်မင်းသား ဂေါတီမော့၊ သင်သည် ယခင်ကသစ္စာပြုခဲ့သည့် ကတိကဝတ်အတိုင်း ကျွန်ုပ်၏အသက်ကို ကယ်ဆယ်ပါလော့”





“မိတ်ဆွေ .. အသင်ကျူလီ အသင့်အားအသက်ပေး၍ ကျွန်ုပ်ကူညီမည်ဟု ကျွန်ုပ်ကတိရှိသည်ကားမှန်၏၊ ကျွန်ုပ်၏တန်ခိုးအာဏာအတွင်း၌ရှိခဲ့ပါမူ ကျွန်ုပ်သည်မည်သည့်အခါမျှကျွန်ုပ်၏ကတိသစ္စာကို ဖျက်မည်မဟုတ်၊ သို့သော် သင်၏ကိစ္စကား သင်၏ကိုယ်ကို ရှေးဘုရားတို့အားဆေးအပ်ရမည်ဖြစ်၍ ကျွန်ုပ်၏အသက်အပြန်တစ်ရာဖြင့် ကူညီသော်လည်း ရမည်မဟုတ်ပေ၊ ဘုရားသခင်တစ်ဦးတည်းသာ အလိုတော်ရှိပါက ကူညီနိုင်မည်ဖြစ်၏၊ သို့ဖြစ်၍ အသင်၏ တိုတောင်းသောဘဝ၌ အသက်ရှင်နေသမျှ အချိန်ကလေးတွင် ပျော်ပျော်ပါးပါးသာ နေပါလော့၊ သေရမည့်အချိန်၌လည်း သေရမည့်အတူတူ ရဲရင့်စွာသေပါလော့၊ မည်သူမဆိုသေရမည်ချည်းသာဖြစ်၍ မထူးဆန်းလှပါ၊ သင့်အား ကျွန်ုပ်နှုတ်ဆက်ခဲ့ပါသည်”

ဂေါတီမော့ ထွက်သွားသောအခါ ကျွန်ုပ်လည်း ကျွန်ုပ်အား အဖူးအမြော်လာရောက်သူများ၏ ပူဇော်ခြင်းကိုခံယူရန် ဉယျာဉ်ထဲမှကျွန်ုပ်၏အဆောင်သို့လာခဲ့ရလေ။ ထိုအဆောင်မှာ ကျွန်ုပ်အား လူအများကြည်ညိုခြင်းကိုခံယူရသော သီးသန့်ထားသည့်အခန်းဆောင်ဖြစ်၍ အခန်းအလယ်၌ ရွှေမှုဟင်တစ်လုံးရှိရာ ကျွန်ုပ်သည် ထိုခုတင်ပေါ်၌နေကာ ပူဇော်ခြင်းခံရလေသည်။

ထိုအဆောင်မှာ ကျွန်ုပ်အတွက် သီးသန့်ထားသောအဆောင်ဖြစ်ရာ ကျွန်ုပ်၏ အခွင့်အမိန့်မရဘဲ မည်သူမျှဝင်ခွင့်မရှိချေ။

ထိုအချိန်၌ ကျွန်ုပ်၏ အစေခံများထံမှ အကြီးအမှူးလုပ်သူသည် ကျွန်ုပ်ထံဝင်ရောက်ကာ လူတစ်ယောက်သည် ကျွန်ုပ်နှင့်စကားပြောလို၍ အခွင့်ပြုပါမည့်အကြောင်း ပြောဆိုရာ ကျွန်ုပ်လည်း ဝင်ခွင့်ပြုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစေခံထွက်သွားသည်နှင့်တစ်ပြိုင်နက် ခေါင်းမြီးခြုံ၍ ထားသော မိန်းမတစ်ယောက်သည် ကျွန်ုပ်ခုတင်ရှိရာသို့ ရောက်လာလေ၏။ ကျွန်ုပ်က ခေါင်းမြီးခြုံကို ဖယ်ရှားရန်ပြောသည်တွင် ထိုမိန်းမသည် ခေါင်းမြီးခြုံကိုဖွင့်ချလိုက်ရာ ထိုသူမှာ အခြားမဟုတ် 'အော်တိုမီ' မင်းသမီးပင် ဖြစ်လေသည်။

ကျွန်ုပ်သည် နေရာမှ ထလိုက်ပြီးလျှင် အဆောင်အယောင်မပါဘဲ ဤကဲ့သို့ လျှို့ဝှက်စွာလာရောက်ခြင်းကို အံ့အားသင့်လျက်ရှိလေ၏။ သူ့ရှေ့၌ ကျွန်ုပ်မတ်တတ်ရပ်နေခြင်းမှာ သူတို့၏ဓလေ့ထုံးစံ မဟုတ်သဖြင့်...

"ခုတင်ပေါ်၌သာ စံနေမြဲနေပါလော့ အသင်ကျူလီ၊ ကျွန်ုပ်ရှေ့၌ မတ်တတ်ရပ်နေခြင်းသည် မလျှောက်ပတ်ပါ"

"အဘယ်ကြောင့်နည်း အော်တိုမီ၊ ကျွန်ုပ်သည် သင့်အား ဂုဏ်အဆင့်အတန်းကို အကယ်၍ မရှိသေစေကာမူ... သင်၏လှပသော ရုပ်အဆင်းကား ရှိသေလောက်ပါပေသည်"

အော်တိုမီလည်း ရှေ့သို့စကားမဆက်ရန် သူ၏လက်ဝါးကလေးကို ကာ၍ပြလိုက်ပြီးနောက်...

"အို... တက်(ခ)ကက်အရှင်... ကျွန်ုပ်ဤသို့လာရောက်ခဲ့သည်မှာ ကျွန်ုပ်တို့၏ ရှေးထုံးတမ်းစဉ်လာအရ လာရောက်ဖြစ်၏၊ သင့်အတွက် သတင်းတစ်ခုပါလာခဲ့ရာ ထိုသတင်းမှာ သင့်အတွက် မိန်းမရွေးချယ်ပြီးပြီ ဟူသောသတင်းပင်ဖြစ်ပါသည်"

အော်တိုမီသည် မိန်းမပျိုသုံးယောက်တို့၏ အမည်များကိုထုတ်ဖော်ပြောရာ ၎င်းတို့မှာ နိုင်ငံတွင် အချောအလှဆုံးထားသော မိန်းကလေး





များပင်ဖြစ်လေသည်။ ထိုအခါ ကျွန်ုပ်ကပြုံးကာ...

"လေးယောက်မဟုတ်ပါလော အော်တိုမီ၊ ဤသို့ဆိုလျှင် ကျွန်ုပ်မှာ တစ်ယောက်ကိုပင် အဆုံးခံရမည်လော..."

အော်တိုမီသည် ရှေ့သို့ဆက်လက်၍မပြောဘဲ ငြိမ်သက်စွာရှိနေလေ၏။

"သူ၏ နာမည်ကိုပြောပါလော့... ယဇ်ပူဇော်ခြင်းခံရမည့် သတ္တဝါတစ်ဦးအတွက် ရွေးချယ်ထားသော စတုတ္ထမိန်းမကား မည်သူပေနည်း"

"ထိုသူကားအခြားမဟုတ် မွန်တီဇူမာဘုရင်ကြီး၏ ရင်သွေးသမီးတော် အော်တိုမီနယ်စား 'အော်တိုမီ'မင်းသမီး ကျွန်ုပ်ပင်ဖြစ်ပေတော့သည်၊ သူကား စတုတ္ထမြောက်ရွေးချယ်သည့် ပထမမိန်းမပါပေတည်း"

"အို... အသင်ဖြစ်သလော... အသင့်အား ရွေးချယ်ကြသလော"

"မှန်ပေသည် နားထောင်လော့ အသင်ကျူလီ၊ ဘုန်းကြီးများသည် ကျွန်ုပ်အား နိုင်ငံတွင် အချောအလှဆုံးဟူ၍ ရွေးချယ်ကြရာ ကျွန်ုပ်၏ ဖခင်ကြီးမှာ တိုင်းပြည်ဓလေ့ထုံးစံ မည်သို့ပင်ရှိစေကာမူ ယဇ်ပူဇော်ခြင်းခံရမည့် လူတစ်ယောက်လက်သို့ မယားအဖြစ်ပေးအပ်ရန် သဘောမတူနိုင်ခဲ့ပေ၊ သို့သော် ကျွန်ုပ်သည် ဘုရင့်သမီးတော်တစ်ပါးဖြစ်ကာမတ္တနှင့် တက်(ခ)ကက် တမန်တော်လက်သို့ မယားအဖြစ်ပေးအပ်ခြင်းမှ လွတ်ကင်းနိုင်မည်မဟုတ်ကြောင်း ပြောကြသဖြင့် ဖခင်ဘုရင်ကြီးသည် သူတို့၏ဩဇာကိုမလွန်ဆန်နိုင်ဘဲ ကျွန်ုပ်၏သဘောအတိုင်းသာ ဖြစ်စေရန် ပြောဆိုရ၏၊ ထိုအခါကျွန်ုပ်က ကျွန်ုပ်တို့နိုင်ငံနှင့်တကွ တိုင်းသူပြည်သားတို့ ကျရောက်မည့်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ပေးအပ်ခြင်းဖြစ်သော် မည်သည့်ယောက်ျားမဆို သူတို့ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် တတ်(ဓ)ကက်ဘုရား၏ တမန်တော်ဟုသမုတ်သော် လူဖြူ ကျွန်တစ်ယောက်ကိုလည်း ကျွန်ုပ်ယူနိုင်ကြောင်း ပြောဆိုလိုက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် သင်၏မယားအဖြစ်သို့ရောက်ရန် သဘောတူချက် ပေးခဲ့လေပြီ၊ အို... တက်(ဓ)ကက် ပေါင်းသင်းရမည့်အချိန်မှာ တစ်နေ့တစ်နာရီပင်ဖြစ်စေ ကျွန်ုပ်သည် မေတ္တာအစစ်အမှန်ကို ခံယူရန် မျှော်လင့်မိပါ၏...

"ကျွန်ုပ်သည်ယူဆောင်ခဲ့သော သတင်းကိုကား ပြောကြား၍ ပြီးပါပြီ၊ ကျွန်ုပ်အားသွားခွင့်ပြုပါလော့၊ လက်ထပ်မည့်အခမ်းအနား အစီအစဉ်မှာ ယခုနေ့မှ (၁၂) ရက်မြောက်သောနေ့တွင် ကျင်းပလိမ့်မည်၊ အို... တက်(ဓ)ကက်အရှင်"

ကျွန်ုပ်သည် မင်းသမီး၏ လက်ကိုညင်သာစွာဆွဲယူကာ...

"သင်၏ စိတ်သဘောထား မြင့်မြတ်မှုအတွက် ကျေးဇူးတင်လှပါသည်၊ အသင်အော်တိုမီ... ကျွန်ုပ်၏အသက်ကား သင်နှင့် သင့်၏အစ်ကိုတော် ဂေါတီမော့ နှစ်ယောက်တို့ကြောင့်သာ ရှင်၍နေရပေတော့သည်၊ သို့နှင့် သင်သည် ကျွန်ုပ်အပေါ်တွင် ယခင်ကကျေးဇူးများအပြင် ကျွန်ုပ်အသက် ဆုံးရှုံးသည့်အချိန်ထိ ကျွန်ုပ်အား ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ပေးမည်မဟုတ်ပါလော၊ သင်သည် ကျွန်ုပ်နှင့်အတူသေရန်အထိ ကြံရွယ်သည်မဟုတ်ပါလော၊ ကျွန်ုပ်အပေါ်၌ ထားအပ်သော သင်၏မေတ္တာအဓိပ္ပာယ်ကို ကျွန်ုပ်နားလည်နိုင်ရန် မည်သို့ရှာဖွေရအံ့နည်း၊ ဤနေရာမှမြင်ရသော တောင်ထိပ်ပေါ်ရှိ နောက်ဆုံး ကျွန်ုပ်အိပ်စက်ရမည့်ကျောက်တုံးနက်ပေါ်၌ သင်သည် ကျွန်ုပ်နှင့်အတူအုံးစက်ရာပေါ် ယှဉ်တွဲအိပ်ရန် ရွေးချယ်ပါသလော၊ သင်သည် ဘုရင့်သမီးတော်





တစ်ပါးဖြစ်လျက် ဤမျှလောက်ယုတ်နိမ့်သော မေတ္တာကို အဘယ်ကြောင့် သင်ရွေးချယ်အပ်သနည်း၊ သင်၏ကိုယ်ကာယသည်ကား... အခြားဘုရင်တကာတို့ အမြတ်တနိုးထား၍ ကောင်းခံမရနိုင်သောအရာဖြစ်၏၊ အို... အော်တိုမီ သင်ပြောသောစကားများကို ကျွန်ုပ်သည် မည်သို့မှတ်သားရပါမည်နည်း..."

အော်ပိုမီ၏လက်များသည် ကျွန်ုပ်၏လက်ထဲတွင် တုန်တုန်ရီရီရှိနေလေ၏။ အော်တိုမီသည် ကျွန်ုပ်၏နားနားသို့ကပ်ပြီးနောက် လေသံဖြင့် "သင်၏အသည်းနှလုံးဖြစ်သာ မှတ်သားပါလော့"ဟု တီးတိုးပြောရာ၏။

ထို့နောက် မတ်တတ်ရပ်ကာ ခေါင်းမြီးခြုံကို ပြန်၍ဖုန်းလိုက်ပြီးလျှင် အော်တိုမီသည် ကျွန်ုပ်၏အခန်းမှ ထွက်သွားလေ၏။

○



www.burmeseclassic.com

www.burmeseclassic.com



# မြို့တော်သို့ စပိန်တို့ဝင်လာခြင်း

ဤသို့နှင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသောအချိန်များသည် တရွေ့ရွေ့ကုန်လွန်၍လာခဲ့ရာ စစ်ဗိုလ်ချုပ် "ကော့တက်"နှင့် သူ၏စစ်ဗိုလ်များ၊ စစ်သားများသည် မက္ကဆီကိုမြို့ထဲသို့ ဝင်ရောက်လာတော့၏။

ဘုရင်ကြီးသည် စပိန်စစ်ဗိုလ်ကြီး "ကော့တက်"နှင့် တွေ့ဆုံသည်ကို အတိအကျ ကျွန်ုပ်မမြင်သော်လည်း နံနက်ခင်းတွင် ကျောက်မျက်ရွဲတို့ဖြင့်စီခြယ်အပ်သော ဘယက်တန်းဆာတို့ကို ဝတ်ဆင်ကာ ဧကရာဇ်ဘုရင်ကဲ့သို့ သူ၏စစ်ဗိုလ်များ၊ မှူးမတ်များခြံရံလျက်ထွက်သွားသည်ကို မြင်ရပြီးလျှင် ညနေခင်း၌ ရွှေကုလားထိုင်တင်ထားသည့် ဝေါပေါ်မှ စီးနင်းကာ ပြန်လာသည်ကိုမြင်ရ၏။

ထိုနောက်ဘုရင်ကြီးသည် သူ၏ခမည်းတော် အက္ကဇာဘုရင် တည်ဆောက်ထားခဲ့သည့် နန်းတော်သို့ရွေ့ရှုသွားလေရာ မကြာမီ မြင်းခွာသံ



www.burmeseclassic.com

www.burmeseclassic.com



များနှင့် တသဲသဲမြည်သော လူအုပ်ကြီး၏အသံကို ကြားရပြီးနောက် လမ်းမကြီးများပေါ်မှ နန်းတော်လမ်းသို့ ချဉ်းနင်းဝင်ရောက်လာသော စပိန်စစ်သားများကို ကျွန်ုပ်နေသောအခန်းမှမြင်ရတော့၏။ စပိန်စစ်သား များမှာ အချို့ ဓားလှံတို့ကိုလည်းကောင်း၊ အချို့လည်း သေနတ်များကို လည်းကောင်း ကိုင်စွဲကာခြေလျင်တပ်နှင့် မြင်းတပ်တို့မှာ ရောပြွမ်းလျက် ရှိလေသည်။

စပိန်စစ်တပ်၏ ရှေ့ဆုံးမှ ပြောင်လက်တောက်ပသော သံကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ကာ စစ်ဗိုလ်ချုပ်ကြီး ကော့တက်သည် မြင်းတစ်စီးကို ဣန္ဒြေရစွာစီး၍လာလေရာ လူပုံသဏ္ဌာန်မှာ မနိမ့်မမြင့်အရွယ်လောက်ပင်ရှိသော်လည်း ခန့်ညားတည်ကြည်၍ ရဲစိတ်ရဲမာန်ထက်သန်လှသော အသွင်အပြင် ပေါ်လွင်လျက်ရှိလေသည်။

အများအားဖြင့် စစ်ဗိုလ်နှင့် တပ်ကြပ်များသာ မြင်းများကိုစီနင်းကြကုန်လျက် ခြေလျင်လိုက်သောစစ်သားများက များပြားလေရာ စပိန်စစ်သားများသည် မက္ကဆီကိုမြို့တော်တွင်းရှိ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများ၊ နန်းတော်များနှင့် ဝိုင်းဝန်းကြည့်နေကြသည့် မက္ကဆီကိုမြို့သူမြို့သား "အက်(ဇ)တက်" လူမျိုးများကို တအံ့တသြ ကြည့်ကာ ရယ်မောရင်း ဟာစ်အော်ရင်း ခေါင်းဆောင်များနောက်မှ လိုက်ပါလာကြလေသည်။

စစ်ဗိုလ်ချုပ်ကြီး၏နံဘေး၌ကား... အသားမည်းသော တိုင်းရင်းသူမိန်းမတစ်ယောက်သည်ဝတ်ရုံဖြူကြီးကိုခြုံကာ ဦးခေါင်းပေါ်တွင် ပန်းရွှေစွပ်နှင့် မြင်းနင်းကွင်းကို ကိုင်လျက်လိုက်ပါလာ၏။ နန်းတော်ကိုဖြတ်၍သွားသောအခါ၌ ထိုမိန်းမသည် ကျွန်ုပ်ကြည့်နေသည့်ဘက်သို့ မျက်နှာ





ကိုလှည့်လိုက်ရာ ထိုအခါမှ ကျွန်ုပ်အားဤတိုင်းပြည်ကိုရောက်စတွင် များစွာအကူအညီပေးခဲ့ဖူးသော"မာရီနာ" ဖြစ်ကြောင်းသိရတော့၏။ 'မာရီနာ' မှာ မိမိတိုင်းပြည်မှ တိုင်းသူပြည်သားများ၏ ဒုက္ခကိုမေ့လျော့ကာ စပိန်မျက်နှာဖြူ စစ်ဗိုလ်ချုပ်၏ ဇနီးဖြစ်ရသည်ကို အသားယူလိုသည့်ဟန်မျိုးဖြင့် ရှိနေလေသည်။

ကျွန်ုပ်သည် စစ်ဗိုလ်များလိုလည်းကောင်း၊ စစ်သားများကိုလည်းကောင်း၊ သူတို့အထဲတွင် ကျွန်ုပ်နှင့်ကမ္ဘာ့ရန်ဖြစ်ခဲ့ဘူးသည့် 'ဂါဆီယာ' ပါလေမည်လောဟု ရန်သူကိုချက်ချင်းသတိရကာ မျက်နှာများကို တစ်ယောက်စီကြည့်မိသေး၏။ သို့သော် တူသောသူကိုမျှပင် မတွေ့မမြင်ရချေ။

ထိုည၌ 'ဂေါ်တီမော့' ရောက်လာသဖြင့် ကျွန်ုပ်ကအကျိုးအကြောင်းမေးမြန်းရာ ဂေါ်တီမော့က မကြာမီဒုက္ခရောက်ကြတော့မည်ထင်ကြောင်းနှင့် ညည်းညူပြောဆိုလျက် ပြောသည့်အတိုင်းလည်းမှန်တော့၏။

တနင်္ဂနွေတစ်ပါတ်မျှ မကြာသေးမီ မိတ်ဆွေဟန်ဆောင်ကာ ဝင်ရောက်လာခဲ့သောစပိန်တို့သည် မွန်တီဇူမာဘုရင်ကြီးအား ဖမ်းဆီးအကျဉ်းချထားသော လက်နက်ကိုင်အစောင့်များဖြင့် နေ့ရောညဉ့်ပါ စောင့်ကြပ်လျက်ရှိတော့၏။ ထိုအချိန်၌ ပင်လယ်ဆိပ်ကမ်းအနီးရှိ နယ်များတွင် တိုင်းရင်းသားစစ်ဗိုလ်အချို့က စပိန်တို့၏ရက်စက်မှုကို မခံနိုင်သဖြင့် စပိန်အချို့အားသတ်ဖြတ်ရာ ထိုတိုင်းရင်းသား စစ်ဗိုလ်များကို ကော့တက်၏အမိန့်ဖြင့် မက္ကဆီကိုသို့ ဖမ်းဆီးယူဆောင်ခဲ့စေ၏။ ထိုနောက် ကော့တက်သည် ထိုတိုင်းရင်းသားစစ်ဗိုလ်များအား ခြေလက်များကို တုပ်နှောင်စေပြီးသော် နန်းတော်ရှေ့ကွင်းပြင်၌ အရှင်လတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့၍သတ်လေရာ ထိုလူသတ်ပွဲကိုလည်း မွန်တီဇူမာဘုရင်ကြီးအား လက်ထိတ်ခတ်ကာ ရှုစားစေ၏။

ထိုနောက် မွန်တီဇူမာအား သာမန်ဆင်းရဲသား အကျဉ်းသမားတစ်ယောက်ကဲ့သို့ သံခြေချင်းများခတ်ပြီးသော် စပိန်ပြည့်ရှင်ဘုရင်အား ကျေးဇူးသစ္စာတော်ခံကြောင်း ကျမ်းကျိန်စေလေသည်။

ဤသို့စော်ကားရုံမျှမကသေး 'တက်ဇူကို'နယ်စားကိုလည်း ဘုရင်ကြီးကိုတစ်ဖက်လှည့် လှည့်ဖြား၍ဖမ်းစေ၏။ ထို့နောက် စပိန်တို့သည် ဘုရင်ကြီးအား အမျိုးမျိုးညှဉ်းပန်းကာ ရှိသမျှပစ္စည်းဘဏ္ဍာနှင့် ရွှေငွေတို့ကိုပေးအပ်စေ၏။ သို့သော် ဤကိစ္စများကို တိုင်းသူပြည်သားများသည် ဟုတ်မှန်သည့်အတိုင်း တိတိကျကျသိရှိကြဟန် လက္ခဏာမရှိချေ။ ဘုရင်ကြီးအား ကြည်ညိုလေးစားတုန်းပင် ရှိသေး၏။ သို့သော် စပိန်တို့အား တန်ဆောင်းကြီးထဲတွင် အက်(ဇ)တက်ဘုရားရုပ်တုများကို ကြည့်ရှုစေသောအခါ ထောင်သောင်းမကသော "အက်(ဇ)တက်" တိုင်းရင်းသားလူအုပ်ကြီးသည် တစီစီမြည်သောပျားအုပ်ကြီးကဲ့သို့ ဘုရင်ကြီးအပေါ်တွင် မကျေမနပ်သောဟန်နှင့် အသံထွက်လာရကား... မကြာမီသွေးထွက်သံယိုမှုများ မြင်ရတော့မည်ဟု ကျွန်ုပ်စိတ်တွင်ထင်မှတ်မိ၏။

ထိုနေ့ကား ဤကျွန်ုပ်၏ လက်ထပ်ပွဲပြီးသည့် နောက်တစ်နေ့ဖြစ်၍ တိုင်းရင်းသားများသည် "ဟူဇယ်"ဘုရားအား ပူဇော်သက္ကာရပြုမည့်နေ့ကြီးဖြစ်၏။ တိုင်းရင်းသားတို့မှာ မိမိတို့ စပိန်လူမျိုးတို့လက်ထဲတွင် ချုပ်နှောင်ခြင်းခံနေရသော်လည်း ဘာသာရေးနှင့်ပတ်သက်သည့် ပူဇော်ပွဲများကိုမူ မလျော့ဘဲ အချိန်မှန်အတိုင်း ထုံးစံအတိုင်းပြုလုပ်လျက်ရှိလေသည်။





သို့နှင့် တောင်ပေါ်ဘုရားတန်ဆောင်းတွင် လူတစ်ယောက်ကို ယဇ်ပူဇော်ကာ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ဆူညံစွာကျင်းပလျက်ရှိလေသည်။

သို့နှင့် ထိုနေ့နံနက်၌ ဂေါ်တီမော့... ထိုယဇ်ပူဇော်ပွဲသို့ မသွားမီ ကျွန်ုပ်ထံသို့ ရောက်လာလေသည်။ ဂေါ်တီမော့သည် စစ်ဝတ်တန်ဆာများ ပြည့်စုံစွာဝတ်ဆင်ထားသည်ကို မြင်ရသဖြင့် ကျွန်ုပ်က "အသို့နည်း ဂေါ်တီမော့ သင်မသွားသလော..."

"ကျွန်ုပ်သွားမည်ကြံပါသည်... သို့သော် ဤမေးခွန်းကို သင်ဘယ်အတွက်မေးသနည်း"

"ကျွန်ုပ်သာ သင့်နေရာ၌ရှိခဲ့မူ ကျွန်ုပ်သွားမည်မဟုတ် ပြောပါဦးလော့ အသင်မင်းသား... ကခုန်မည့်သူများ၌ လက်နက်များကိုင်ဆောင်ပါသလော"

"မကိုင်ဆောင်ပါ... လက်နက်ကိုင်ရန် ထုံးစံလည်းမရှိပါ..."

"သို့သော် သူတို့အားကြည့်ရှုမည့် စပိန်လူမျိုးများသည် လက်နက်များဖြင့် အသင့်ရှိနေကြ၏၊ က,မည့်သူများမှာ နန်းတွင်းသားမှူးမတ်များဖြစ်၍ တိုင်းပြည်၏ လက်ရွေးစင်လူကောင်းများ မဟုတ်ပါလော၊ အကယ်၍ စပိန်တို့သည် ထိုလက်နက်မဲ့သူတို့အား စော်ကား ရန်စပြု၍ ချင်းများခဲ့သော် မည်သို့တတ်နိုင်ပါအံ့နည်း"

"သင်အဘယ်ကြောင့် ဤသို့ပြောသည်ကို ကျွန်ုပ်နားမလည်ပါ၊ ဤလူဖြူများကား သူရဲဘောကြောင်၍ ပုန်းလျှိုးကွယ်လျှိုးပြုလုပ်မည့်သူများ ဟုတ်မည်မထင်ပါ... သို့သော် သင်ပြောသည့်အတွက် ကျွန်ုပ်သည် သတိနှင့်နေပြီးလျှင် ယဇ်ပူဇော်ပွဲလည်း မသွားတော့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သင်အမြော်အမြင် ရှိသည်ကို ကျွန်ုပ်ဝမ်းမြောက်ပါ၏ အသင်မင်းသား"

ထိုနောက် ကျွန်ုပ်သည် အော်တိုမီ ဂေါတီမော့တို့နှင့်အတူ နန်းတော်တွင်းရှိ ပွဲကြည့်ဆောင်မုခ်ဦးစကြံသို့ သွားရောက်ကြလေရာ...ထိုနေရာမှမူ နန်းတော်ရှေ့ကွက်လပ်တွင် နန်းတွင်းသားမှူးမတ်များ က, ခုန်မည့်နေရာကို အပေါ်မှစီး၍ ကောင်းစွာမြင်ရလေသည်။

"ပစ်ရမစ်"တောင်ထိပ်ပေါ်တွင် လူကိုယဇ်ပူဇော်ပြီးသည့်နောက် နန်းတော်ရှေ့ဥပစာ ကွင်းပြင်တွင် ကခုန်ပွဲစလေရာ ခြောက်ရာခန့်မျှသော နန်းတွင်းသားမှူးမတ်များသည် ကခုန်ကြလေကုန်၏။ ထိုအခါ အတီးအမှုတ် သမားများကလည်း ဆူညံစွာ တီးမှုတ်ကြလေကုန်၏။ တိုင်းရင်းသားလူမည်း နန်းတွင်းသားမှူးမတ်များသည် ငှက်မွေးတောင်တို့ဖြင့် ဆက်စပ်ချုပ်လုပ်ထားသည့် အဝတ်များကို ဝတ်ဆင်ကာ ခုန်၍ ခုန်၍ ဝိုင်း၍ က ကြလေရာ၊ ကြည်လင်ထွန်းပသော နေရောင်အောက်တွင် ရောင်စုံခြယ်သည့် အလံများကို ထိုမှဤမှ ဇေ့ယမ်းလှုပ်ရှားနေဘိသကဲ့သို့ မှတ်ထင်ရလေ၏။ သို့သော်... ထိုပွဲကြီးမှာ မည်သို့မည်ပုံ အပြီးသတ်မည်ကို တစ်စုံတစ်ယောက်သောသူမျှ မသိရချေ။

က,သောလူအုပ်များနှင့် ရောနှောလျက် သံကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ကာ ဓားများ၊ သေနတ်များ ကိုင်ဆောင်လျက်ရှိသော စပိန်လူမျိုးရှိကြရာ၊ သူတို့သည် ကပွဲသို့ကြည့်ရှုရင်း မြွေရုပ်များဖြင့် တပ်ဆင်ထားသော နံရံကြီးများ၏အရိပ်ဘက်ဆီသို့ တဖြည်းဖြည်း စု၍စု၍ သွားကြသည်ကို ကျွန်ုပ်သတိပြုမိ၏။

ကျွန်ုပ်သည် ဤအကြောင်းကို ကျွန်ုပ်အနီးမှ ကပ်၍ကြည့်နေသော ဂေါတီမော့အား ပြောလျက်ရှိစဉ် နံရံကြီးအနီးတွင် ရပ်နေသော စပိန်





စ်ယောက်သည် လက်ကိုင်ပဝါဖြူတစ်ထည်ကို လေထဲတွင် လှုပ်ရမ်းပြလေ၏။ ထိုခဏ၌ အရပ်လေးမျက်နှာရှိ စပိန်လူမျိုးတို့ စုရုံးနေရာရပ်များဆီမှ မီးခိုးလုံးများထွက်၍လာပြီးလျှင် တဒိုင်းဒိုင်း... မြည်သော သေနတ်သံများ တရစပ်ထွက်ကာ ကခုန်၍နေသူများသည် အစုလိုက်အပြုံလိုက် မြေပေါ်သို့အတုံးအရုံး လဲကျကြကုန်၏။ သေနတ်မထိမှန်းသောသူများလည်း သိုးအုပ်ကို မောင်းလိုက်သောအခါ လန့်ဖျပ်၍ခြဦးတည့်ရာထွက်ပြေးသော သိုးများကဲ့သို့ မျက်နှာမူရာအရပ်သို့ ပြေးကြကုန်ရာ ထိုသူများအနက်မှလည်း အချို့မှာပြေးရင်းလွှားရင်းပင်နံ့တုံးခနဲ လဲကျသေဆုံးရပြန်လေသည်။ ထိုအခါ၌ ကွင်းတစ်ခုလုံးမှာသူ၊ ဒဏ်ရာရသူ၊ ပြေးလွှားသူတို့ဖြင့် ဟစ်အော်ဆူညံကာ ကစဉ့်ကရဲဖြစ၍ စပိန်တို့သည် သေနတ်ပစ်ကိုရပ်စဲပြီးလျှင် ဓားများကိုဓားအိမ်မှကာ ဒဏ်ရာမရသေးဘဲ အံ့အားသင့်လျက်ရှိနေသော ကျန်လူများအား ထိုး၍ခုတ်ကြပြန်ကုန်၏။

သို့နှင့် လက်ကိုင်ပဝါဖြူ လှုပ်ယမ်းပြသည်ကို မြင်ရသည့် အချိန်ဆယ့်မိနစ်ခန့်အတွင်းပင် ယခင်က အစိမ်း၊ အနီ၊ အပြာ၊ အဝါ စသောင်စုံ ငှက်မွေးအင်္ကျီများကိုဝတ်ကာ ပျော်ပျော်ပါးပါး ဘာသာဘာဝန်လျက်ရှိကြကုန်သော နန်းတွင်းလူပေါင်း ခြောက်ရာခန့်တို့မှာတတ်ရပ်နေနိုင်သူဟူ၍ တစ်ယောက်တလေမျှ မကျန်ရစ်တော့ဘဲပေါ်တွင် အတုံးအရုံးလဲကာ ရှိနေကြလေကုန်၏။

ထိုအခါ စပိန်တို့သည် စစ်ကြွေးကြော်သံများကို အော်ဟစ်ကာသူများ၊ မသေမရှင်ရှိနေသူများ၊ ဒဏ်ရာရသူများ၏ကိုယ်မှ အဖိုးတန်များ ကျောက်မျက်ရွဲများ၊ လှပသော အထည်အဝတ်များကို အတင်းယ်ပဲ့ လုယူလျက်ရှိကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဂေါ်တီမော့အားကခုန်ပွဲသို့ မသွားဖြစ်သည်မှာ ကံကောင်းကြောင်းဖြင့် ပြောလျက်ရှိရာ ဂေါ်တီမော့သည် စကားပြန်၍မပြောဘဲ မတုန်မလှုပ်ကျောက်ရုပ်ကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် ရှိနေလေသည်။ 'အော်တိုမီ'ကသာ ကျွန်ုပ်အား ပြန်၍ပြောလေသည်။

"ဤလူသတ်ယောကျ်ား... လူယဥ်ကျေးများ လုပ်ပုံကိုကြည့်လော့၊ ကျွန်ုပ်တို့ပေးသော လက်ဆောင်ပဏ္ဏာများအတွက် သူတို့သည် ဤကဲ့သို့ ကျေးဇူးဆပ်ကြခြင်းပေလော့၊ ကျွန်ုပ်ဖခင်ကြီး မွန်တီမာမှာ သူ၏အကြည်တော်များ ဤသို့ပြုမှုသည်ကို နှစ်ထောင်းအားရရှိပေလိမ့်မည်၊ ကျွန်ုပ်သာ သူဖြစ်ခဲ့ပါမူ စပိန်လူဖြူများကို တစ်ယောက်မကျန် ယဇ်ပူဇော်သည့် ကျောက်တုံးထက်သို့ ရောက်စေအံ့"

ထိုအခါမှ ဂေါ်တီမော့လည်း... ကျွန်ုပ်ဘက်သို့လှည့်၍ စကားပြောလေ၏။

"အို... မိတ်ဆွေ'ကျူလီ'... ကျွန်ုပ်တို့ပြုလုပ်ရန် တစ်ခုသာ ကျန်တော့၏၊ ၎င်းမှာ ကျွန်ုပ်တို့၏ရာဇဝင်ကြွေးကို သွေးဖြင့်ပြန်၍ ပေးဆပ်ရန်ဖြစ်၏၊ ဦးရီးတော် မွန်တီဇူမာကား အကြောက်လွန်ကာ ရူးသွပ်လျက် မိန်းမဖြစ်သွားချေပြီ၊ သို့သော် ကြွေးဆပ်နိုင်မည့်သူ နှစ်ယောက်သာ ကျန်သေး၏၊ ထိုသူများမှာ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဦးလေးတော် "ကျူတီလာဟူအာ"ပင်ဖြစ်၏၊ ယခုပင်သွား၍ ကျွန်ုပ်တို့ စစ်သည်တော်သားများကို စုဆောင်းအံ့"

ဤသို့ပြောပြောဆိုဆိုနှင့်ပင်ဂေါ်တီမော့မင်းသားသည် ကျွန်ုပ်တို့ထံမှ ထွက်သွားလေ၏။

ထိုညတစ်ညလုံး မက္ကဆီကိုမြို့ကြီးမှာ တဒီဒီမြည်၍နေသော နဂါးကောင်များရှိရာ နကျယ်အုံအသိုက်ကြီးကဲ့သို့ တအုတ်အုတ်ရှိနေပြီးနောက်





နံနက်လင်းသည်နှင့်တစ်ပြိုင်နက် လမ်းများ၊ ကွက်လပ်များ၊ လှင်ပြင်များပေါ်တွင် ပုရွက်ဆိတ်အုံမှထွက်လာသော ပုရွက်ဆိတ်ကဲ့သို့ ထောင်သောင်းမကသော အက်(ဇ)တက်တိုင်းရင်းသား စစ်သည်တော်များကို မြင်ရ၏။

သူတို့သည် "အက္ကဇာ" နန်းဝ်တော်ဆီသို့ အလုံးအရင်းနှင့် တစ်ဟုန်ထိုးချီ၍ တိုက်ခိုက်လေရာ နန်းတော်တွင်းရှိ စပိန်များမှာ အရေအတွက်အားဖြင့် နည်းပါးသော်လည်း သေနတ်များနှင့် ခရီးဆောင်အမြောက်ကလေးများပင် ရှိရကား ကျောက်တံတိုင်းကြီးများအနီးသို့ ချဉ်းကပ်၍လာတိုင်း နောက်သို့ပြန်၍ ဆုတ်ရသည်သာဖြစ်ချေ၏။ သို့နှင့် တိုင်းရင်းသားများသည် သုံးကြိမ်တိုင်တိုင် ချဉ်းကပ်၍ လာလိုက်၊ နောက်သို့ပြန်၍ ဆုတ်လိုက်နှင့် ရှိနေရာ ပင်လယ်ပြင်မှ ကမ်းခြေသို့တက်လာသော ဒီလှိုင်းများသဖွယ် ရှေ့သို့တိုးချည်တစ်ခါ နောက်သို့ဆုတ်ချည်တစ်လှည့်နှင့် ရှိနေလေ၏။

စပိန်တို့မှာ သေနတ်ကို အသုံးပြုသည်မှန်သော်လည်း ဤမျှလောက်များပြားသော လူများကို တစ်ခါတည်း ရှင်းလင်းပစ်နိုင်ရန် သေနတ်များလည်း လုံလောက်စွာမရှိချေ။ သို့နှင့် စပိန်စစ်သား အချို့လည်း တိုင်းရင်းသားများ၏ လက်သို့ကျရောက်လေရာ အက်(ဇ)တက်စစ်သားများသည် ဖမ်းဆီးမိသမျှ စပိန်စစ်သားတို့အား ဘုရားရှိခိုးကျောင်းရှိရာ တောင်ပေါ်သို့ တက်သွားပြီးလျှင် ချက်ချင်း ယဇ်နတ်ပူဇော်၍ ပစ်ကြကုန်၏။

ထိုနေ့ညနေ၌ စစ်ဗိုလ်ချုပ် "ကော့တက်"သည် ကမ်းခြေမှ နောက်ထပ်စစ်သားအကူအညီ အတော်များများဖြင့် ပြန်ရောက်လာ၍ လူမည်းများကို ထိုးဖောက်ဝင်ရောက်၍ နန်းတော်အတွင်းသို့ ဝင်နိုင်သော်လည်း စပိန်များဘက်မှ အကျအဆုံးလည်း မနည်းလှချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ မွန်တီဂူမာ၏ညီတော် "ကျူတီလာဟူအာ"အား တိုင်းရင်းသားများ ငြိမ်သက်အောင် ပြုလုပ်ပေးစေရန် ရည်ရွယ်ချက်ဖြင့် လွှတ်လိုက်ရာ အပြင်သို့လွှတ်မြောက်လာ၏။

သို့သော်... စပိန်တို့၏ရည်ရွယ်ချက်ကား အထမမြောက်ဘဲ ပို၍ပင်ဆိုးရွားလာတော့၏။ အဘယ်ကြောင့်ဆိုသော် 'ကျူတီလာဟူအာ'သည် သတ္တိကြောင်သောသူမဟုတ်ချေ။ လွှတ်မြောက်၍ အပြင်သို့ရောက်လာသည်နှင့်တစ်ပြိုင်နက် ဂေါတီမော့နှင့် ပူးပေါင်းကာ မသေဘဲကျန်သေးသည့် နန်းတွင်းသားစစ်ဗိုလ်များနှင့် တိုင်ပင်ပြီးလျှင် သူ၏စစ်သားများအပေါ်တွင် ဦးစီးခေါင်းဆောင် ပြုလုပ်တော့၏။

သို့နှင့် စစ်ပွဲမှာ နေဝင်မှသာ ရပ်ဆိုင်းလျက် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ပြန်၍စပြန်၏။

○





# ကျောက်တောင်တိုက်ပွဲ

မက္ကဆီကိုသို့ စစ်ဗိုလ်ချုပ် "ကော့တက်"ပြန်ရောက်ပြီးနောက် တစ်နေ့နံနက် မိုးမသောက်မီအချိန်တွင် ထောင်သောင်းမကသော စစ်သားများ၏ ဆူညံဟစ်အော်သံများ၊ ဗုံတီးသံများကြောင့် ကျွန်ုပ်လည်း အိပ်ရာမှနိုးရလေ၏။

အလင်းရောင်လာသည်နှင့် တစ်ပြိုင်နက် ဘုန်းကြီးတစ်ပါးသည် ဦးချိုတစ်ခုကို ရှည်လျားစွာမှုတ်လေရာ၊ နန်းတော်တွင်းရှိ စပိန်စစ်သားများကလည်း ပြန်၍ ခရာတုတ်လေသည်။

သို့နှင့် ကျွန်ုပ်လည်း အော်တိုမိနှင့်အတူ ဗိုလ်ရှုခံမုခ်ပေါက်ပေါ်သို့တက်၍ကြည့်ရာ လမ်းများ၊ ကွင်းပြင်များပေါ်၌ ပုရွက်ဆိတ်များတမျှ များပြားလှသော အက်(ဇ)တက်စစ်သားများသည် လေးနှင့်မြားများ၊ ကျောက်တုံး၊ ကျောက်ခဲများ၊ ကျောက်ပုဆိန်များ၊ လုံကွင်းနှင့်ဓားကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို ကိုယ်စီစွဲကိုင်ကာ စပိန်စစ်တပ်ခိုအောင်းနေရာ နန်းတော်တံတိုင်းဆီသို့ စုရုံးချီတက်လျက်ရှိသည်ကို မြင်ရလေ၏။

နီးသည်နှင့် တစ်ပြိုင်နက် ထောင်သောင်းမကသော အက်(ဇ)တက် တိုင်းရင်းသားလူမည်းများသည် 'အက္ကဇာ' နန်းတော်၏ ကျောက်တံတိုင်းဆီသို့ တစ်ဟုန်တိုးဝင်ကြရာ၊ ထိုခဏ၌ လူမည်းများဘက်မှ ပစ်လိုက်သည့်မြားများ၊ ကျောက်ခဲများသည် အလင်းရောင်ကိုကွယ်ကာ ကောင်းကင်တစ်ခုလုံးကို မှောင်၍သွားစေ၏။ ၎င်းနှင့်အတူ နန်းတော်တွင်းမှ မိုးချုန်းသံနှင့်တူသော အသံကြီးများကို ကြားရပြီးနောက် လူမည်းများလည်း အစုလိုက်အပြုံလိုက် မြေပေါ်သို့ လဲကျလေရာ၊ နွေအခါ ကြွေကျသော သစ်ရွက်များကဲ့သို့ ရှိတော့၏။

ထိုအခါ လူမည်းများသည် တစ်ခဏမျှ တန့်၍သွားကြသေး၏။ ဒဏ်ရာရရှိသဖြင့် ဟစ်အော်လိုက်သော အသံတို့မှာလည်း အပေါ်သို့ 'အုံး' ခနဲ တက်၍သွားသကဲ့သို့ ကောင်းကင်တစ်ခုလုံး ပဲ့တင်ထပ်၍သွားလေ၏။

သို့သော် သူတို့၏ရပ်တန့်ခြင်းမှာ တစ်ခဏမျှသာဖြစ်၍ "ဂေါ်တီမော့"သည် အလံတစ်ခုကိုကိုင်ကာ ရှေ့မှခေါင်းဆောင်လျက်ပြေးလေရာ၊ လူမည်းများလည်း ၎င်းနောက်မှ လိုက်ပါချီတက်လာကြကုန်၏။

ထိုအခါ၌ကား သူတို့သည် တံတိုင်းကြီးများအနီးသို့ ရောက်၍လာပြီဖြစ်ရကား အက်(ဇ)တက်တို့မှာ ရဲရဲဝံ့ဝံ့ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြလေသည်။

အချို့မှာ နန်းတော်တွင်းသို့ လေးမြားတို့ဖြင့် ပစ်သွင်းတိုက်ခိုက်လျက်ရှိစဉ်... အချို့လည်း အလောင်းများကို စုပုံ၍ထပ်ကာ လှေကား





သဖွယ် ပြုလုပ်ပြီးလျှင် နန်းတော်တံတိုင်းကို ကျော်ရန် အားထုတ်ကြလေ၏။ သို့သော် အပေါ်သို့ရောက်သည့်အခါတိုင်း နောက်သို့လန်၍သာ ကျကြကုန်၏။

ဤနည်းနှင့်မရသောအခါများ၌ အက်(ဇ)တက်များသည် အလွန်လေးလံသော တုံးကြီးများကို ပုရွက်ဆိတ်များသည် ယင်ကောင်ကို ဝိုင်းအုံး သယ်ဆောင်လာဘိသကဲ့သို့ သယ်ဆောင်၍ လာကြပြီးလျှင် နန်းတော်တံတိုင်းကြီးကို အားနှင့်ဆောင့်၍ ထိုးဖောက်ကြပြန်ရာ၊ အချို့နေရာများတွင် အပေါက်များဖြစ်၍သွား၏။ သို့သော် ထိုအပေါက်များမှာ ဝင်နိုင်ရန်ဝေးစွ အတွင်းမှ ပစ်လွှတ်လိုက်သော အမြောက်ဆန်များသည် "ဂျိန်း" ခနဲ မြည်လိုက်တိုင်း ကောက်ပင်များကို ရိတ်သိမ်း၍ ချလိုက်ဘိသကဲ့သို့ အပေါက်နှင့် တည့်တည့် ရှိနေသူများမှာ အတန်းလိုက်၊ အစဉ်လိုက် လဲကျသေဆုံးကြပြန်လေသည်။

ထိုနောက် လူမည်းများသည် မီးပါသော မြားများဖြင့် ပစ်သွင်းကြပြန်၏။ သို့သော်လည်း မီးမှာ အပြင်သစ်သားထည် အချို့ကိုသာ လောင်ကျွမ်းပြီးလျှင် ကျောက်သားပကတိဖြင့် ဆောက်လုပ်ထားသော နန်းဆောင်ကို မထိခိုက်ချေ။

ဤသို့အားဖြင့် နံနက်နေထွက်ချိန်မှစ၍ နေဝင်ချိန်ထိ ၁၂ နာရီလုံးလုံး တိုက်ခိုက်ကြရာ နေလုံးပျောက်ကာ မှောင်၍သွားသောအခါမှ ရပ်စဲသွားလေ၏။ ထိုနောက် အမှောင်ထဲတွင် မီးတုတ်များကို ကိုင်ကာ အလောင်းများကို ကောက်၍နေသူများကို မြင်ရပြီးလျှင် တစ်ညဉ့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လုံး မိန်းမများငိုသံ၊ ကလေးများငိုသံနှင့် ဒဏ်ရာရသူ၊ မသေမရှင်ရှိနေသူတို့၏ ညည်းညူသံများကို ကြား၍နေရ၏။

ယင်းသို့နှင့် စစ်ပွဲသည် ရက်ပေါင်းအတော်ကြာခဲ့ရာ အက်(ဇ)တက်ဘက်များ ထောင်ပေါင်းများစွာကျဆုံးခဲ့ပြီးလျှင် စပိန်များဘက်မှလည်း အတော်အတန် ကျဆုံးလျက် နန်းတော်တွင်းတွင် အစားအစာ ရေမီးမှစ၍ ရှားပါး၍လာတော့၏။ လှံမည်းများမှာ ပုရွက်ဆိတ်များကဲ့သို့ များပြားလှ၍ လူးလဲ၍ တိုက်နိုင်သော်လည်း စပိန်တို့ဘက်မှ အနားမရသည့်ပြင် လူကုန်တိုက်ရသဖြင့် ခြေကုန်လက်ပန်းကျ၍ လာကြဟန်ရှိ၏။ ဤသို့သော် စစ်ပွဲကားမပြီးသေးချေ။ ဆက်လက်တိုက်ခိုက်လျက်ပင်ရှိသေး၏။

တစ်နေ့သော နံနက်ခင်း စစ်တိုက်နေစဉ်အချိန်တွင် နန်းတော်တံတိုင်းအလယ် မုခ်ပေါက်ပေါ်ရှိ ဗိုလ်ရှုခံရင်ပြင်၌ “မွန်တီဇူမာ”ဘုရင်ကြီးကိုယ်တိုင် မားမားမတ်မတ်ထွက်ပေါ်လာလေ၏။ ထိုအချိန်မှာ နှစ်ဦးနှစ်ဘက်အကြိတ်အနယ် တိုက်ခိုက်နေချိန်ဖြစ်သော်လည်း အက်(ဇ)တက်များသည် သူတို့၏ဘုရင်ကြီးမျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ပစ်ခတ်ထိုးခုတ်ခြင်းတို့ ခေတ္တရပ်ဆိုင်းသွားလေ၏။

ထိုအချိန်၌ ဘုရင်ကြီးမှာ ကျောက်မျက်ရွဲများဖြင့် စီခြယ်အပ်သော ဝတ်လုံကြီးကိုလည်း ရွှေသားပကတိဖြင့် ကျောက်အမျိုးမျိုးဖြင့် မြုပ်ထားသော သရဖူကိုလည်းကောင်း၊ ခန့်ညားစွာ ဝတ်ဆင်လျက်ရှိ၏။ သူ့အနီးသူနှင့်အတူ ဖမ်းဆီးခြင်းခံနေရသည့် မှူးမတ်များသည်လည်း ရွှေလုံတော်များကို ကိုင်လျက်ရှိလေရာ ၎င်းတို့အား ဝိုင်းရံလျက် လက်နက်ကိုင်စပိန်စစ်သားများရှိလေသည်။





ဘုရင်ကြီးသည် လက်နှစ်ဘက်ကို မြှောက်၍ ဆန့်တန်းလိုက်သည်နှင့်တစ်ပြိုင်နက် စစ်ပွဲသည် ချက်ချင်း ရပ်သွားပြီးလျှင် ဒဏ်ရာရသောသူတို့၏ ဟစ်အော် ညည်းညူသံများပင် တိတ်ဆိတ်၍ သွားလေသည်။ ထိုနောက် ဘုရင်ကြီးသည် မိမိ၏အမျိုးသား အက်(ဇ)တက် စစ်သားများအား တစ်စုံတစ်ရာဟစ်၍အော်ပြောဆိုရာ ကျွန်ုပ်နှင့် အလွန်ဝေးသဖြင့် မကြားရသော်လည်း ထိုစကားများမှာ စပိန်တို့သည် မိမိ၏အကြည်တော်မိတ်ဆွေများဖြစ်ကြောင်း၊ အက်(ဇ)တက်တို့က တိုက်ခိုက်သဖြင့်သာ မိမိတို့ကိုယ်ကို ခုခံကာကွယ်သည့် အနေဖြင့် ခုခံကြရကြောင်း၊ သူတို့သည် မကြာမီ တိုင်းပြည်မှ ထွက်သွားကြလိမ့်မည်ဖြစ်ကြောင်း စသည်တို့ဖြစ်၏။

(ထိုအကြောင်းများကို နောက်မှ ကျွန်ုပ်သိရှိရလေသည်)

ဘုရင်ကြီးသည် အထက်ပါစကားများကို နှစ်ကြိမ်မျှ ဟစ်အော်ပြောဆိုရာ “အက်(ဇ)တက်”စစ်သားများသည် ပထမငိုင်လျက် နားထောင်နေရာမှ မကျေနပ်ဟန်ဖြင့် ရုတ်ရုတ်သဲသဲ စည်စည်ညံညံ အသံများ ပေါ်ထွက်လာ၏။ ထိုနောက် သူတို့အထဲမှ ကျယ်လောင်သော အသံများဖြင့်...

“မိန်းမ...၊ သစ္စာဖောက်...”ဟု ဘုရင်ကြီးအား လက်ညှိုးထိုးကာ ဟစ်အော် ရေရွတ်ကြကုန်၏။

စစ်ပွဲလည်း ဆက်လက်၍ တိုက်ခိုက်မြဲ တိုက်ခိုက်လျက်ရှိ၏။ ထိုခဏ၌ မြားတစ်စင်းသည် ဘုရင်ကြီးရပ်နေရာသို့ ဝှတ်ခနဲ ဖြတ်ဝင်၍လာပြီးလျှင် ဘုရင်ကြီးကို ထိမှန်လေရာ၊ ထိုမြားနောက်မှလည်း ကျောက်တုံးကျောက်ခဲများသည် မိုးသီးမိုးပေါက်ကဲ့သို့ မုခ်ပေါက်ရှိ ဗိုလ်ရှုခံမျှော်စင်ကို ထိမှန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးသည် နေရာမှ တစ်ခါတည်း ထိုး၍ လဲကျသွားလေရာ စစ်သားများထဲမှ "ဘုရင်ကြီး နတ်ရွာစံပြီ... မွန်တီဇူမာ နတ်ရွာစံပြီ" ဟု ယခင်ကထက် ကျယ်လောင်စွာဟစ်အော်ကြလေ၏။ ဤသို့ဟစ်အော်ပြီးသည်နှင့် တစ်ပြိုင်နက် ယခင်က ထိုးခုတ်ပစ်ခတ်ကာ တိုက်ခိုက်နေကြသော စစ်သားများသည် တိုက်ခိုက်ခြင်းကို တစ်ခါတည်း ရပ်စဲလိုက်ပြီးလျှင် ထိုမှ ဤမှ ပြေးလွှားသွားကြသဖြင့် မိနစ်အနည်းငယ်က ပျားအုံတွင်ပျားများအုံသကဲ့သို့ နန်းတော်ပတ်ဝန်းကျင်ကို အုံ၍နေသော စစ်သားများသည် တစ်ခါတည်း ကွယ်ပျောက်၍သွားပြီးနောက် လူသေများနှင့် ဒဏ်ရာရသူများသာ စစ်မြေပြင်တွင် ကျန်ရစ်ခဲ့တော့၏။

အော်တိုမီသည် ဖခင်ကြီး အဖြစ်အပျက်ကို မြင်ရသောအခါ တစ်ခါတည်း ချုံးချ၍ငိုရှာ၏။ ကျွန်ုပ်သည် အော်တိုမီအား ယုယချော့မော့ နှစ်သိမ့်စေပြီးလျှင် နန်းတော်သို့ခေါ်သွားလေရာ ကျွန်ုပ်တို့လည်း ဂေါ်တီမော့ မင်းသားနှင့် အဆင်သင့်တွေ့ရလေ၏။ ဂေါ်တီမော့က ကြောက်မက်ဖွယ်ကောင်းသော မျက်နှာဖြင့် စစ်ဝတ်စစ်စားကို မချွတ်ရသေးဘဲ မြားကျည်တောက်ကို ခါးပတ်၌တပ်ဆွဲကာ... လေးတစ်စင်းကို ကိုင်ဆွဲလျက်ရှိလေ၏။ ထိုအခါ ကျွန်ုပ်ကစတင်၍ ...

"အသို့နည်း... ဂေါ်တီမော့... ဘုရင်ကြီး နတ်ရွာစံပြီလော..."

(ကြောက်မက်ဖွယ်ပြုံးလျက်) "နတ်ရွာစံသည် မစံသည်ကို ကျွန်ုပ်မသိ... ဂရုလည်းမစိုက်၊ အို... အော်တိုမီ သင်သည် ကျွန်ုပ်နှမဖြစ်သည့်အတွက် သင့်အား ဖွင့်ဟ၍ပြောအံ့၊ အပြစ်တင်ရန်ရှိက ကျွန်ုပ်ကိုသာ အပြစ်တင်ပါလော့၊ မွန်တီဇူမာကို ပစ်လိုက်သောမြားကား... ကျွန်ုပ်၏မြားပင်ဖြစ်၏၊ သူသည် စပိန်တို့အား အကြောက်လွန်ကာ ရူးသွပ်၍သွားချေပြီ၊ ယောကျ်ားစင်စစ် ဘဝမှ မိန်းမဘဝသို့ ကူးပြောင်းခဲ့လေပြီ၊





သူကား သူ၏ဘဝကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်းကောင်း၊ သစ္စာဖောက်သူသာဖြစ်တော့၏။

အော်တိုမီသည် မျက်ရည်များကို သုတ်ပြီးနောက် "အစ်ကိုတော် ဂေါ်တီမော့ သင့်အား ကျွန်ုပ်အပြစ်မတင်နိုင်ပါ၊ သင်၏လေးဖြင့် ခွင်းလိုက်၍ သင့်မြားချက်ကြောင့် အသက်ထွက်ရသော ကျွန်ုပ်၏ဖခင်ကြီးမှာ ဘုရားသခင်များ ဒဏ်ခတ်ချက်ကြောင့် ရူးသွပ်၍သွားခဲ့၏၊ သူ၏သေခြင်းသည် သူ့အတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း ကောင်းပေ၏၊ အကျိုးရှိပေ၏၊ သို့သော်... အစ်ကိုတော်ဂေါ်တီမော့... သင့်အပေါ်၌ တင်ရှိသည့်အပြစ်ကိုကား သင်သည် ရှောင်လွှဲကိမ်းဖယ်၍ ရတော့မည်မဟုတ်တော့ချေ၊ ဘုရားပေးအပ်သည့် ဘုရင်တစ်ဆူအား ရက်စက်စွာ သင်၏ပြုမှုချက်ကြောင့် အသင်သည်လည်း တစ်နေ့နေ့တွင် အသေဆိုးသေရအံ့"

"သေရသော်လည်း အကြောင်းမထူးပါ၊ သို့သော် ကျွန်ုပ်သည် နိုင်ငံကို ရောင်းစားမည့်သူမဟုတ်ပါ"

ထိုနောက် ဂေါ်တီမော့သည် ခြေကို ခပ်ပြင်းပြင်းနင်းကာ ကျွန်ုပ်တို့ရှေ့မှ ထွက်သွားလေ၏။

•

နောက်တစ်နေ့သည်ကား ကျွန်ုပ်အား ယဇ်ပူဇော်မည့်နေ့ဖြစ်၍ ကျွန်ုပ်၏အသည်းနှလုံးများကို ရွှေခွက်ဖြင့်ခံယူကာ တောင်ပေါ်ရှိ ကွီဇယ်နတ်ကြီးအား ပူဇော်ပသကြကုန်အံ့။

လူမည်းများသည် တိုင်းပြည်အတွင်း လှုပ်လှုပ်ရှားရှား သေသူတို့၏ သားမယားများ၏ ငိုကြွေးသံများကိုလည်းကောင်း၊ စစ်မက်ရေးရာကို

www.burmeseclassic.com



လည်းကောင်း ပဓာနမထားဘဲ သူတို့၏ထုံးတမ်းစဉ်လာအရသာ ဆောင်ရွက်လျက်ရှိကြကုန်၏။

သို့နှင့် သူတို့သည် အော်တိုမီနှင့် ကျွန်ုပ်တို့နေထိုင်ရာ နန်းတော်အတွင်း၌ ကျွန်ုပ်တို့အတွက် ပွဲလမ်းသဘင်တစ်ခု ကျင်းပကြ၏။ ထိုပွဲသဘင်၌ ကျွန်ုပ်အား မင်းညီမင်းသားများ မွှန်တီဇူမာ မရှိသည့်နောက် ဘုရင်ဖြစ်မည့် "ကျူတီလာဟူအာ"မှစ၍ အခြားနန်းတွင်းသူ နန်းတွင်းသားများပါ ခြံရံလျက်ရှိ၏။

ထိုနောက် ကျွန်ုပ်အား အလယ်၌ထား၍ ပန်းကုံးများဖြင့် ဆင်မြန်းပေးပြီးသော် အစားအသောက်များကို ပျော်ရွှင်စွာ စားသောက်ကြကုန်၏။ သို့သော် အခမ်းအနားမှာ ပြုလုပ်သူများအတွက် ပျော်ရွှင်ကောင်း ပျော်ရွှင်ကြမည် ဖြစ်သော်လည်း ရင်ခွဲ၍ အသည်းနှလုံးကို ထုတ်ယူခြင်းမှ ခံရမည့်သူတစ်ယောက်အတွက် မည်ကဲ့သို့ ခံစားနိုင်ပါအံ့နည်း။ ဤပွဲမှာ လူမည်းများ၏မင်္ဂလာပွဲ၊ ပူဇော်ပွဲကြီးဖြစ်သော်လည်း ကျွန်ုပ်အတွက်မှာမူ ကျွန်ုပ်၏အသုဘကို ကြိုတင်ကျင်းပသည့် အမင်္ဂလာပွဲကြီးတစ်ရပ်သာ ဖြစ်တော့၏။

သားအန္တရာယ်ကို တွေး၍ပူနေရသည့်ဘဝမှ လက်ငင်းကြုံတွေ့ရမည့်ဘဝကို နောက်ဆုံးရောက်လာတော့၏။ သို့နှင့် ကျွန်ုပ်လည်း ကျွန်ုပ်အတွက် ပေးထားသော ငှက်မွေးဖုံပေါ်တွင် ကိုယ်ကိုပစ်လှဲကာ မိမိကံကြမ္မာကိုသာ တွေးတောအပြစ်တင်မိ၏။ သေခြင်းတရားနှင့် ဤမျှလောက်နီးကပ်သော အချိန်၌ပင် ကျွန်ုပ်သည် "ဂါဆီယာ"ကို အမှတ်ရကာ သူ၏အသည်းနှလုံးကို တတ်နိုင်က ဖောက်ထုတ်ယူမည်ဟု စိတ်ကူးမိသမျှမှာ အချည်းနှီးဖြစ်ကာ သူ၏အသည်းကိုထုတ်ရမည့်အစား လူ





မည်းများသည် ကျွန်ုပ်၏အသည်းကိုထုတ်ကာ ယဇ်နတ်ပူဇော်ကြပေတော့မည်။

ကျွန်ုပ်လည်း မိခင်ကြီးအတွက် လက်စားချေရန် လိုက်လာခဲ့ရာမှ လက်စားမချေရတော့သည့်ပြင် လူမည်းများလက်တွင် မရှုမလှ သေရတော့အံ့ဟု ယူကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်များပင် ကျမိပါ၏။ သွေးပူပူတွင် တိုက်ရင်း ခိုက်ရင်းသေရမည်ဆိုက မည်သည့်အခါမျှ ဦးမလေးခဲ့သော ကျွန်ုပ်မှာ လူမည်းများလက်တွင် ဓားကောက်ဖြင့် ရင့်ကိုခွဲ၍ အသတ်ခံရမည့်သေခြင်းကိုကား... တွေး၍ မကြည့်ဝံ့လောက်အောင်ကြောက်ရွံ့မိတော့၏။

နံနက်မိုးသောက်သည်နှင့်တစ်ပြိုင်နက် ဗုံတီးသံ၊ ပလွေသံ၊ ကြေးဖလားခတ်သံများကို ကြားရပြီးနောက်... ကျွန်ုပ်အတွက် ခိုင်းစေရန်ထားသည့် အစေခံများသည် အခန်းထဲသို့ဝင်ပြီးလျှင် ကျွန်ုပ်ဆင်မြန်းရန် အလှပဆုံးသော အဝတ်စုံကိုလည်း ယူခဲ့ကြလေသည်။

ထိုသူတို့သည် ကျွန်ုပ်အား အဝတ်ဟောင်းများကို ချွတ်၍ပေးပြီးနောက် ပန်းချီစုတ်ရေးဆရာတစ်ဇု ဝင်လာပြီး ကျွန်ုပ်၏ကိုယ်ပေါ်တွင် အဖြူ၊ အနီ၊ အပြာ ဆေးသုံးမျိုးဖြင့် ရေးခြယ်ပြန်လေရာ ကျွန်ုပ်ကို အဝေးမှကြည့်လျှင် အလံတစ်ခုနှင့်ပင် တူကောင်းတူ၍နေပေသည်။ ၎င်းတို့အနက် ဆရာလုပ်သူသည် ကျွန်ုပ်၏နှလုံးသားတည်ရှိရာနေရာကို အသေအချာ စမ်းသပ်ချိန်တွယ်ပြီးသော် ထိုနေရာနှင့်တည့်တည့် ရင်ပေါ်ပေါ်တွင် ဆေးနီဖြင့် စက်ဝိုင်းတစ်ခု ရေးခြယ်လေ၏။ ထိုနောက် တစ်ယောက်သောသူသည် ကျွန်ုပ်၏ဆံပင်ကို ထိပ်လယ်၌ ချစ်ကျစ်ပါအောင် ဖယောင်းနှင့်တူသောအဆီတစ်မျိုးဖြင့် လိမ်းကျံ၍တိသပ်ပြီးသော်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ခွေ၍ပေးပြီးလျှင် အလယ်၌ ကြက်တောင်တစ်ချောင်းကို စိုက်ထူပေးလေသည်။

ဤသို့ ကိုယ်တိုင် လိမ်းကျံခြယ်ပြီးသောအခါ အဝတ်စုံကို ကျွန်ုပ်ကိုယ်ပေါ်တွင် ဝတ်ဆင်ပေးပြီးနောက် နားတွင် နားကွင်းကြီးများ တပ်ဆင်ပေး၏။ လက်တွင် ရွှေလက်ပတ်များကိုလည်းကောင်း၊ ခြေတွင် ရွှေခြေချင်းများကိုလည်းကောင်း၊ လည်တွင် အဖိုးတန်ကျောက်မျက်ရွဲများ စီခြယ်ထားသည့် လည်ဆွဲတန်ဆာကိုလည်းကောင်း၊ ဝတ်ဆင်၍ ပေးကြပြန်လေ၏။

ထိုအချိန်၌ ဗုံသံ၊ ပလွေသံများကို တစ်ဖန်ကြားရလေရာ... သူတို့သည် ကျွန်ုပ်၏ကိုယ်ကို ကြိုးများဖြင့် သိုင်းဝိုင်းချည်နှောင်ပြီးသော် ကျွန်ုပ်လက်တစ်ဘက်တွင် ပလွေတစ်ခုကိုလည်းကောင်း ကိုင်ရန်ပေး၍ ကျွန်ုပ်အား နန်းတော်အလယ် ခန်းမဆောင်ကြီးသို့ ခေါ်ခဲ့ကြလေသည်။

ထိုခန်းမကြီးကား... အဝတ်ကောင်း၊ အစားကောင်းများကို ရာထူး၊ ဂုဏ်ထူး၊ အဆင့်အတန်းအလိုက် ဝတ်ဆင်ထားသော နန်းတွင်းသားများနှင့် အမတ်တချို့သည် ကျွန်ုပ်အား စောင့်ဆိုင်းလျက် ရှိနေကြကုန်၏။ အတီးအမှုတ်များသည် ငြိမ်သက်၍ သွားပြန်ရာ ထိုခဏ၌ ငါးဆယ်ခန့်မျှသော ဘုန်းကြီးများသည် ယဇ်ပူဇော်ရာတွင် ဝတ်ဆင်သောအနီရောင် အင်္ကျီရှည်ကြီးများကို ဝတ်ကာ တစ်ဘက်မှ ဝင်လာကြကုန်၏။ ရဲရဲနီလျက်ရှိသော ဘုန်းကြီးတန်းကြီးသည်ကား... ကျွန်ုပ်၏စိတ်တွင် သွေးတုံး၊ သွေးခဲကြီးများ ရွေ့လျား၍လာသည့်သကဲ့သို့ မှတ်ထင်မိ၏။

ကျွန်ုပ်၏ အနီးသို့ရောက်သောအခါ ရပ်တန့်ကြလျက် ခေါင်း





ဆောင်ဘုန်းကြီးသည် ကျွန်ုပ်ဘက်သို့ တည့်တည့်လှည့်ကာ ခက်ထန်သောမျက်နှာဖြင့်...

"အသင်လူသားတို့... ဘုရားတမန်တော်အား ဖူးမြော်ကြကုန်လော့" ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်ရာ လူထုကြီးကလည်း "ကျွန်ုပ်တို့သည် တမန်တော်ကိုဖူးမြော်ပါ၏" ဟု ပြန်၍ ဟစ်အော်လေသည်။

သို့နှင့် ခေါင်းဆောင်ဘုန်းကြီးက သုံးကြိမ်မေးရာ လူထုကြီးကလည်း ဤနည်းအတိုင်း မျက်နှာကို ကြမ်းပြင်နှင့် ထိလုမတတ် ခေါင်းငုံ့ကာ ပြန်၍ ဖြေဆိုလေ၏။

ထိုနောက် ဘုန်းကြီးများ ဝိုင်းရံကာ ခေါင်းဆောင်ဘုန်းကြီးသည် ကျွန်ုပ်နှင့် ယှဉ်တွဲ၍ ကျွန်ုပ်အား ခန်းမကြီးတစ်လျှောက်မှ နန်းတော်တံခါးရှိရာသို့ ခေါ်ဆောင်သွားလေရာ ကျွန်ုပ်တို့ရောက်သည့်နှင့် တစ်ပြိုင်နက် တံခါးကြီးသည်ပွင့်သွားလေ၏။

နန်းတော်အပြင်သို့ ထွက်မိကြသောအခါ ကျွန်ုပ်လည်း တိုက်ပွဲကို ဆက်လက်၍ မြင်ရပြန်လေသည်။ လူမည်းတို့သည် သေရေး၊ ရှင်ရေး တမျှကြီးကျယ်သော တိုက်ပွဲကိုတစ်ဘက်ကတိုက်၍ နေကြသော်လည်း တစ်ဘက်တွင် ဘာသာရေးနှင့်ပတ်သက်သော ကျွန်ုပ်အား ယဇ်ပူဇော်မည့် ပူဇော်ပွဲကို ပြုလုပ်နေကြသည်မှာ အံ့ဖွယ်ကောင်းလှပေ၏။

ကျွန်ုပ်တို့ သွားမည့်လမ်းမကြီးနှင့် အတော်ဝေးသည့်နေရာ၌ကား စပိန်လူမျိုးတို့ ခိုအောင်းလျက်ရှိနေသော အက္ကဆာနန်းတော်ကို အက်(ဇ)တက်လူမျိုး လူမည်းများသည် သဲသဲမဲမဲ တိုက်ခိုက်လျက်ရှိကြ[illegible]၏။

အက်(ဇ)တက် စစ်သားများသည် အအုပ်လိုက် အအုပ်လိုက် နန်းတော်တံတိုင်းများကို ကျော်လွှားရန် ကြိုးစားလျက်ကြကုန်သ၊ စပိန်တို့၏



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ဒဏ်ချက်ဖြင့်လည်း ထိုကျော်တက်သော စစ်သားများသည် အစုလိုက်အပြုံလိုက် လန်၍လန်၍ ကြကုန်၏။ ထိုအချိန်တွင် အနီးရှိ အိမ်ခေါင်မိုးများနှင့် ကျွန်ုပ်အားယစ်ပူဇော်မည့် "ပစ်ရမစ်"ခေါ် ကျောက်တောင်ရင်ပြင်မှ ကျောက်တုံးများဖြင့် ပစ်ခတ်ကြ၏။ လှံများကိုလည်း လွှတ်ကြ၏။ မြားတံများသည် အအုပ်လိုက် ပျံ၍တက်လာသော ငှက်များသဖွယ် အဏ္ဏဆာနန်းတော်တွင်းသို့လည်းကောင်း၊ အပြင်မျှော်စင် တန်းလျားများပေါ်သို့လည်းကောင်း ကျရောက်ကြကုန်၏။

ထိုတိုက်ပွဲနှင့် ကိုက် ၅၀၀ ခန့်ဝေးသည့် ကျွန်ုပ်အနီးပတ်ဝန်းကျင်၌မူ မိန်းမများနှင့်ကလေးသူငယ်များပါသည့် လူအုပ်ကြီးသည် လက်တွင်ပန်းများကိုကိုင်ကာ ကျွန်ုပ်အား ပူဇော်သက္ကာရပြုရန် စောင့်ဆိုင်းလျက်ရှိကြရာ ကျွန်ုပ်ဖြတ်သွားသောခဏ၌ သူတို့၏ဟစ်အော်သံများသည် ဗုံတီးသံ၊ ပလွေမှုတ်သံစသော ကျယ်လောင်စူးရှသည့်အသံများနှင့် ရောစပ်ကာ စပိန်တို့၏ သေနတ်သံ အမြောက်သံများကိုပင် ဖုံးလွှမ်း၍ သွားကုန်၏။

သူတို့သည် ကျွန်ုပ်၏ကိုယ်ပေါ်သို့ ပန်းများကို ကြဲချခြင်း၊ ကျွန်ုပ်သွားရာလမ်းပေါ်တွင် ပန်းများကို ခင်းပေးခြင်းများကို ပြုလုပ်ကြ၏။ ဤသို့ရှိစဉ် တစ်ခါတစ်ရံ အမြောက်ဆံတစ်လုံးတစ်လေသည် အချိန်လွဲ၍ စစ်မြေပြင်ဘက်မှ ကျွန်ုပ်အားဝိုင်းရံလျက်ရှိသော လူအုပ်တွင်းသို့ ကျရောက်လာပြီးလျှင် ထိခိုက်မိသောလူအချို့မှာ တုံးခနဲပက်ခနဲ လဲကျသေဆုံးသွားသော်လည်း လူထုသည် ဂရုမစိုက်ဘိသကဲ့သို့ ကျွန်ုပ်ကိုသာ အာရုံပြုကာ "အို... အက်(ဇ)တက်အရှင် ကျွန်ုပ်တို့သည် အရှင်မြတ်အား နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ပါ၏။ ပူဇော်ပါ၏။





အရှင်အား ကောင်းကြီးမင်္ဂလာသည် ဖြစ်ပါစေသတည်း" စသည်ဖြင့် ဟစ်အော်မြ ဟစ်အော်ကြကုန်၏။

သို့နှင့် ကျွန်ုပ်သည် ပန်းပွင့်များခင်းထားသည့် လမ်းတလျှောက်တွင် ဟစ်အော်ဆူညံလျက်ရှိသော လူအုပ်ကြီးခြံရံကာ ကျောက်တောင်ဆီသို့ ရှု ရှုသွားရလေ၏။

နောက်တံခါးဝတစ်ခုရှေ့၌ ကျွန်ုပ်တို့သည် ခေတ္တရပ်ဆိုင်းလျက် ...ဉ် စစ်ဝတ်စစ်စားဝတ်ထား၍ စစ်ဗိုလ်နှင့်တူသည့် ကြက်တောင်စိုက် ...တစ်ယောက်သည် လေးမြားကိုနောက်ကျောတွင်သိုင်းလွယ်ကာ လူ ...ုပ်ထဲသို့ အတင်းတိုးဝင်လာလေ၏။ ကျွန်ုပ်ရှေ့သို့ ရောက်သောအခါ ထိုသူမှာ အခြားသူမဟုတ် ဂေါ်တီမော့ပင်ဖြစ်ကြောင်း သိရလေသည်။

ဂေါ်တီမော့သည် ချွေးဒီးဒီးကျလျက်ရှိသောမျက်နှာဖြင့် ကျွန်ုပ်အား ...ည့်ကာ ဦးခေါင်းကို ငုံ့လိုက်ပြီးနောက် လေသံဖြင့် "ကျူလီ ကျွန်ုပ် ...ည် နောက်ဆုံးနှုတ်ဆက်လိုသောကြောင့် စစ်တိုက်နေစဉ် စစ်သားများ ...ိုခေတ္တထားခဲ့၍ သင့်ထံလာခဲ့ခြင်းဖြစ်၏။ သူတို့သည် စပိန်တို့ ပုန်း ...အောင်းရာ ထိုအခြားဘက်ရှိ အဏ္ဏဆာနန်းတော်အား သဲသဲမဲမဲတိုက်ခိုက် ...ပုံကို သင်ဤနေရာမှနေ၍ ရှုစားပါလော့၊ သင့်အားနောက်ဆုံး နှုတ် ...ဆက်ပါ၏။ ကျွန်ုပ်တို့သည် မကြာမီတွေ့ကြပါဦးမည်၊ ကျွန်ုပ်သည် ...သင့်အား ကယ်ဆယ်လိုလှသော်လည်း မကယ်နိုင်သည်ကို သင် ကောင်း ...ယုံကြည်ပါလော့၊ ကျွန်ုပ်သည် သင့်နှင့်ပင် နေရာချင်းလဲ၍ဖြစ်က ...လဲလိုက်ချင်ပါဘိ၏၊ သင်သည် ကျွန်ုပ်၏အသက်ကို နှစ်ကြိမ်ကယ်ဆယ် ...ခဲ့သည်ကို ကျွန်ုပ်မမေ့ပါ၊ သင့်အား နောက်ဆုံးကျွန်ုပ်နှုတ်ဆက်ပါ၏။ ...ကောင်းကြီးချမ်းသာမင်္ဂလာသည် သင်၌ တည်ပါစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com



"သင့်ကိုလည်း ကျွန်ုပ်ပြန်၍ နောက်ဆုံးနှုတ်ဆက်ပါသည်၊ သင်သည် မိတ်ဆွေစစ် မိတ်ဆွေမှန် တစ်ယောက်ဖြစ်သည့်အတိုင်း ဘုရားသခင်သည် သင့်အား စောင့်ရှောက်ပါစေသော်ဝ်..."

ဂေါ်တီမော့ ထွက်သွားသောအခါ ကျွန်ုပ်တို့လူအုပ်ကြီးသည် ရှေ့သို့ ဆက်လက် သွားကြပြန်လေ၏။

သို့နှင့် ကျွန်ုပ်တို့သည် အတီးအမှုတ်များဖြင့် တရွေ့ရွေ့လာခဲ့ကြရာ တစ်နာရီခန့်ကြာသောအခါမှ ကျောက်တိုင်ထိပ်ရှိ ရင်ပြင်မှာ ကျွန်ုပ်တို့ "ခစ်ချင်ဂမ်" ရွာကလေးမှ ဘုရားရှိခိုးကျောင်းဝင်းခြံလောက် ကျယ်ဝန်း၍ အေးပတ်လည်တွင် အကာအရံဟူ၍မရှိချေ။

ထိုရင်ပြင်၌ကား "ဟူဇယ်"နှင့် အက်(ဇ)ဘက် နတ်ကြီးများ၏ ကျောင်းဆောင်နှစ်ဆောင်မှာ သစ်သားနှင့်ကျောက်တို့ကို ရော၍ဆောက်လုပ်ထား၏။ ကျောင်းဆောင်၏နံရံများတွင် အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ဘီးလူးရုပ်၊ သရဲရုပ်နှင့် မြွေနဂါးရုပ်များကို ဆန်းပြားစွာ ထုလုပ်ထားလေသည်။ ရုပ်တုများရှေ့တွင် ယဇ်ပူဇော်ပွဲများ ထားရာ ကျောက်ပလ္လင်များရှိ၍ ၎င်းအပေါ်၌ ထင်းများကို အစဉ်မပြတ်တောက်လောင်နေရန် မီးများဖို၍ ထားလေသည်။

ကျောက်ဆောင်များ၏ရှေ့၌ကား ကျောက်နက်တုံးကြီးနှစ်တုံးရှိရာ ၎င်းတို့မှာ ယဇ်ပူဇော်ခြင်းခံရမည့်သူအား ရင်ခွဲသည့် နေရာများဖြစ်၏။ ၎င်းတို့နံဘေးတွင် မြွေရေဖြင့် ကျက်ထားသည့် စည်ကြီးရှိလေသည်။ ထိုအဆောက်အအုံမှလွဲ၍ ရင်ပြင်တစ်ခုလုံးတွင် အခြားအဆောက်အဦးဟူ၍ မရှိချေ။ သစ်ပင်များလည်း မရှိဘဲ ရှင်းလင်းလျက်ရှိလေသည်။

တန်ဆောင်းများကို ကျော်ခိုင်းနေသည့်ဘက်၌ကား စစ်သားနှစ်ရာခန့်တို့သည် အဝေးပစ်လုံတိုများ၊ လေးနှင့်မြားများ၊ ကျောက်ခဲများကို





စွဲကိုင်ကာ စပိန်တို့ခိုအောင်းလျက်ရှိသော အဏ္ဏဆာနန်းတော်ဆီသို့ မရပ်မနား ပစ်ခတ်လျက်ရှိကြကုန်၏။

ကျောက်တောင်၏ခြေရင်း မြေပြင်ကွက်လပ်ပေါ်တွင် ရာထောင်မကသော လူများသည် ပစ်ခတ်တိုက်ခိုက်ကြကုန်လျက် အချို့လည်း ကျွန်ုပ်အားယဇ်ပူဇော်မည်ကို ကြည့်ရှုဟန်စောင့်ဆိုင်းလျက် ရှိကြလေသည်။ အက်(ဇ)တက်များမှာ စစ်တိုက်နေသည့်အတွင်းပင် ယဇ်ပူဇော်ခြင်းကိုမဖျက်ဘဲ ရောနှောပြုလုပ်ခြင်းဖြစ်လေသည်။

ဘုန်းကြီးသည် ပထမကျွန်ုပ်အား အက်(ဇ)တက်ရုပ်တု တည်ထားရာတန်ဆောင်းထဲသို့ ယူဆောင်သွားကြ၏။ ရုပ်တုကြီးမှာ အလွန်ကြောက်မက်ဖွယ်ကောင်း၍ ပြောင်လက်ချောမွေ့သည့် ကျောက်နက်တစ်မျိုးဖြင့် ထုလုပ်ထားပြီးလျှင် ဆင်ပြင်ထားသည့်တန်ဆာပလာတို့မှာလည်း ရွှေသားပကတိဖြစ်လေသည်။ ရုပ်တုကြီးမှာ လက်တစ်ဖက်တွင် ရွှေအစစ်ဖြင့်ပြုလုပ်ထားသည့် ဒိုင်းကြီးကိုကိုင်စေလျက် ကိုယ်ပေါ်၌လည်း အဖိုးတန်ကျောက်သံပတ္တမြားကို မြှုပ်နှံ၍ထား၏။

ရုပ်တုရှေ့တွင် ရွှေဖြင့်ပြုလုပ်ထားသောလင်ပန်းရှိရာ ခေါင်းဆောင်ဘုန်းကြီးသည် ထိုလင်ပန်းကို မိမိ၏ဆံခွေများဖြင့် စင်ကြယ်အောင်ပွတ်တိုက်လေသည်။ ထိုနောက် ဘုန်းကြီးသည် ထိုရွှေလင်ပန်းကိုယူကာ ကျွန်ုပ်၏ နှာခေါင်းအနီးကပ်၍နမ်းစေရာ ကျွန်ုပ်မှာ ပျို့အန်၍လာလုမတတ်ရှိလေ၏။

ဤသို့ရှိစဉ် နတ်စင်များ၊ တန်ဆောင်းများတည်ရှိရာ "ပစ်ရမစ်" ကျောက်တောင်၏တောင်ခြေရင်းမှ နက်ကျယ်ဆူလောင်သောအသံများကိုကြားရသဖြင့် ဘုန်းကြီးများသည် ကျွန်ုပ်အားဆွဲခေါ်ကာ ရင်ပြင်အစွန်းသို့ လာရောက်ကြည့်ရှုကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေရင်း၌ကား...စပိန်တို့သည် တောင်ပေါ်မှ ပစ်ခတ်သော ဒဏ်ကို မခံနိုင်သဖြင့် တောင်ခြေဆီသို့ ရှေ့ရှုတိုက်ခိုက်လျက်ရှိကုန်ရာ၊ အက်(ဇ)တက်တို့သည် တောင်ခြေဆီသို့ ဆုတ်လျက်ရှိကုန်၏။ စပိန်တို့သည် စစ်ဗိုလ်ချုပ်ကြီး ကော့တက်ကိုယ်တိုင်ခေါင်းဆောင်ကာ တိုက်ခိုက်လျက်ရှိသည်ဖြစ်ရာ စပိန်စစ်သားများထဲတွင် "တလာစကလန်" ခေါ် လူရိုင်းများလည်း ပါဝင်တိုက်ခိုက်လျက်ရှိကုန်၏။

ထောင်ပေါင်းများစွာသော အက်(ဇ)တက်တို့သည် တောင်ခြေသို့ ဆုတ်ရရုံမျှမက အပေါ်မှစီး၍ ခုခံတိုက်ခိုက်ရန် "ပစ်ရမစ်"ကျောက်တောင်၏ ပထမအထက်ထပ်သို့ပင် ရောက်၍လာခဲ့ချေပြီ။

ငါးမိနစ်ကြာလတ်သော် တိုက်ခိုက်ပုံမှာ ယခင်ကထက် လျင်မြန်သွက်လက်၍လာ၏။ မြင်းများကိုစီးကာ အက်(ဇ)တက်တို့အား အတင်းဖိ၍ တိုက်ခိုက်လျက်ရှိကုန်သော စပိန်တို့၏မြင်းများသည် ကျောက်ပြားများပေါ်တွင် ခြေချော်လဲကျကုန်သဖြင့် စပိန်စစ်သားသည် မြင်းပေါ်မှ ခုန်ဆင်းကာ တိုက်ခိုက်ကြလေသည်။ သို့နှင့် တစ်ခဏမျှကြာလတ်သော် စပိန်တို့သည် ကျောက်တောင်၏ပထမရင်ပြင်တွင် အတော်အတန် ခြေကုပ်ရကြလေပြီ။

ထိုအခါ၌ ရာပေါင်းများစွာသော အက်(ဇ)တက်တို့သည် နောက်သို့ဆုတ်ရင်း တောင်ပေါ်သို့ ကွေ့၍တက်သော လမ်းကောက်ကြီးကို တတ်နိုင်သမျှ ပိတ်ဆို့ကာ ရှိနေကြပြန်၏။ လမ်းမှာ ကျဉ်းမြောင်းသည့်ပြင် အကောက်အကွေ့လည်း များလှသဖြင့် စပိန်တို့အတွက် အပေါ်သို့ရောက်ရန် ခဲယဉ်းလှတော့၏။

သို့သော် စဉ်းစားရန်တစ်ချက်မှာ အကယ်၍ စပိန်တို့သည် ကျောက်





တောင်ကို လုံးလုံးစီးမိက ယဇ်ပူဇော်ခြင်း ပြုလုပ်နိုင်မည်မဟုတ်ချေ။ အော်တိုမီ ပြောဖူးသည့်အတိုင်း မွန်းတည့်အချိန်၌သာ ပူဇော်ရမြဲဖြစ်ရကား အကယ်၍ စပိန်တို့သည် နှစ်နာရီအတွင်း နိုင်အောင်တိုက်နိုင်က ကျွန်ုပ်တို့အတွက် မျှော်လင့်ရန်ရှိသေး၏။

ထိုအချိန်တစ်ချိန်လုံး ကျွန်ုပ်သည် အော်တိုမင်းသမီးကို ကျွန်ုပ်နံဘေးမှထားပြီးလျှင် ယဇ်ပူဇော်သည့် ကျောက်တုံးအနီးတွင် ရပ်လျက်ရှိ၏။ ကျွန်ုပ်တို့ အနီးအနားတွင်ကား ဘုန်းကြီးများသည် ကျောက်တုံးကြီးများကို ဝိုင်းရံလျက်ရှိကြလေသည်။

ကျောက်တုံးပေါ်၌ကား လေးထောင့်ပုံ အဝတ်နက်တစ်ခုကို တိုင်လေးတိုင်၌ လေးဘက်ချည်ကာ ကားကျက်၍ထား၏။ ထိုအဝတ်နက်၏အလယ်တွင် ခြောက်လက်မခန့် အချင်းရှိသော အပေါက်တစ်ပေါက်ကို ရွေနားသတ်၍ဖောက်ထားလေသည်။ သို့နှင့်နေရောင်သည် ထိုအပေါက်ငယ်မှဝင်လျက် ကျောက်တုံးတင်ထားသော သမံတလင်း ပေါ်သို့ သစ်တော်သီးအရွယ်ခန့် အလင်းရောင်ထင်ကာ ကျရောက်လျက်ရှိလေ၏။ နေသည် ကောင်းကင်သို့ မြင့်တက်၍လာလေလေ ထိုအပေါက်မှ ကျရောက်သည့်အလင်းရောင် စက်ဝိုင်းသည် ကျောက်တုံးကြီးနှင့် နီးကပ်လာလေလေဖြစ်ရကား၊ ကျွန်ုပ်ကြည့်မိသောအခါ အလင်းရောင်ကွက်သည် ကျောက်တုံး၏အစွန်းသို့ပင် ရောက်၍လာခဲ့ချေပြီ"

ထိုခဏ၌ ခေါင်းဆောင်ဘုန်းကြီးက အချက်ပေးလိုက်သည်တွင် ဘုန်းကြီးများသည် ကျွန်ုပ်အား ကျောက်တုံးပေါ်သို့ ဆွဲ၍တင်ကြပြီးလျှင် ကျွန်ုပ်၏အဝတ်များကို တစ်ခါတည်းဆုတ်ဖြဲ၍ပစ်ကြပြီး ကျွန်ုပ်ကိုယ်ပေါ်တွင် အရက်အကြောက် လုံရုံမျှဖုံးအုပ်ထားသော နံငယ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာ ကျန်ရှိလျက် ဆေးခြယ်၍ထားသောကိုယ်မှာ ဗလာထီးထီး သာရှိတော့၏။ ကျွန်ုပ်၏အချိန်ကား စေ့ရောက်ပေပြီ။

မကြာမီ အော်တိုမီကိုလည်း ကျွန်ုပ်ကဲ့သို့ပင် ဆွဲခေါ်လာကြပြီးနောက် အဝတ်များကို အတင်းဆွဲဆုတ်ပစ်ကြပြန်ကုန်၏။ ထိုအခါ၌ အော်တိုမီ၏ကိုယ်ပေါ်တွင် ခါးမှပေါင်လည်မရှိတရှိ အဝတ်ပိုင်းတစ်ခုသာကျန်ရှိတော့သည်ဖြစ်၍ ပကတိကိုယ်လုံးဖြင့်သာ ရွှေဝါရောင်အဆင်းကိုယ်ကလေးသည် ဆိုးဝါးလှသော ကံကြမ္မာအတွင်း၌ပင် ရှုစချင့်ဖွယ်တင့်တယ်စွာတည်ရှိပေ၏။ ၎င်း၏ ရှည်သောဆံပင်များသည် ရွှေရောင်တောက်သော ကိုယ်ပေါ်တွင် ရစ်ပတ်ကာ အချို့လည်း လေထဲတွင် ပျံ့ဝဲလျက် ရှိလေသည်။

"ဒီဟာတွေ အံ့ဩစရာမဟုတ်ပါဘူး ကိုလူဖြူရယ်…"ဟု စကားစလိုက်သဖြင့် ယခင်က ထီးနန်းဆန်ဆန်ပြောလေ့ရှိသော အော်တိုမီသည် ကျွန်ုပ်အား အရပ်သူအရပ်သားအချင်းချင်း ပြောဘိသကဲ့သို့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်ကို ကျွန်ုပ်မှာအံ့အားသင့်မိ၏။

(ဆက်လက်၍) "အခုမှတော့ မထူးပါဘူး မောင်ရယ်၊ သေခါနီးမှာထီးသုံး၊ နန်းသုံးတွေ လုပ်မနေနိုင်ပါဘူး၊ ကိုယ့်လင်ကို ကိုယ်ပြောချင်သလို လွတ်လွတ်လပ်လပ် အားရပါးရ ပြောပါတော့မယ်၊ မဟုတ်ဘူးလားမောင်…"

"ပြောချင်သလိုသာပြောပါ အော်တိုမီ… မောင်ဘယ်လိုမှစိတ်မရှိပါဘူး၊ သို့ပေမယ့် မောင်နဲ့ အခုလို လွတ်လွတ်လပ်လပ် ချစ်ချစ်ခင်ခင် ပြောဆိုပြီး တာရှည်မပေါင်းလိုက်ရတာ သိပ်အသည်းနာစရာကောင်းတာပဲနော်"





"ဒီဟာကတော့ နတ်ကြီးများရဲ့ အလိုတော်အတိုင်းကို မောင့်ရဲ့၊ ကျွန်မတို့ကို လက်ထပ်ပေးတဲ့ အိပ်ရာ၊ ကျွန်မတို့ကို သွေးချင်းရောပေးမယ့်အိပ်ရာဟာ ဒီကျောက်တုံးကြီးပေါ့၊ ကျွန်မတို့ ပထမဆုံး အိပ်ရာလည်းဟုတ်ကဲ့… နောက်ဆုံးအိပ်ရာဆိုလည်းဟုတ်ကဲ့…"

"မှန်တာပေါ့ အော်တိုမီ"

"မောင်က ကျွန်မကိုမချစ်ပေမယ့် ကျွန်မကဖြင့် မောင်နဲ့အတူ သေရမှာ သိပ်ပြီးဝမ်းသာတာပဲ မောင့်အသက်ကို မကယ်နိုင်ပေမယ့် မောင်နဲ့အတူလိုက်ပြီးတော့ သေနိုင်သေးတာပေါ့မောင်ရယ်…"

ကျွန်ုပ်စကားပြန်၍မျှ မပြောနိုင်မီ ဘုန်းကြီးများသည် ကျွန်ုပ်၏ကိုယ်ကို တွန်းလှဲကာ ကျောက်တုံးအလယ်တွင် တည်ရှိစေ၏။ ထိုခဏ၌ အောက်ဆီမှ ယခင်ကထက် ဆူညံသော အသံများကိုကြားရပြီးလျှင် အပေါ်ဆုံးရင်ပြင်၌လည်း အုတ်အုတ်သဲသဲ ဖြစ်၍သွားလေရာ စပိန်များသည် နောက်ဆုံးလှေကားထစ်သို့ ရောက်ရှိလာကြောင်း ခန့်မှန်းရ၏။

ကျွန်ုပ်ကိုယ်ကို ကျောက်တုံးအလယ်တွင် တုပ်နှောင်ထားပြီးနောက် အော်တိုမီကိုလည်း ကျွန်ုပ်ကဲ့သို့ပင် တုပ်နှောင်ကာ နေရာကျဉ်းသဖြင့် လူချင်းထိ၍ နေသည်အထိ ယှဉ်ကပ်၍ထားကြကုန်၏။ နှစ်ယောက်စလုံး၏ကိုယ်တွင်တုပ်ထားသော ကြိုးစများကိုလည်း ကျောက်တုံးအစွန်းတွင်တပ်ထားသည့် သံကွင်းကြီးတွင် ခိုင်ခန့်စွာချည်နှောင်ထားလေသည်။

မိနစ်အနည်းငယ်မျှ ကျွန်ုပ်တို့ မလှုပ်မယှက်နိုင်အောင်ရှိ၍ အော်တိုမီ၏ ရဲရင့်စွန့်စားပုံကိုလည်းကောင်း၊ ကျွန်ုပ်တို့အပေါ်တွင် သက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည် သူ၏မေတ္တာစေတနာကိုလည်းကောင်း၊ ကျွန်ုပ်ကို မေတ္တာသက်ဝင်မိက ထိုအကြွေးကို သွေးဖြင့်ပေးဆပ်ရမည်သိလျက် ကျွန်ုပ်အား ချစ်ခင်နေသည်ကိုလည်းကောင်း၊ ကျွန်ုပ်နှင့်အတူမသေဘဲ ကျွန်ုပ်သေပြီးနောက် ဘုရင်မတစ်ပါးကဲ့သို့ ခမ်းနားကြီးကျယ်စွာ နေနိုင်ပါလျက် ဤကျောက်တုံးထက်ဝယ် ကျွန်ုပ်နှင့်အတူ အသက်ကိုအသေခံမည့် အဖြစ်ကိုလည်းကောင်း၊ ဤအကြောင်းများကို စဉ်းစားလိုက်သောအခါ ကျွန်ုပ်၏စိတ်ထဲမှာ အံ့သြခြင်း ကျေးဇူးတင်ခြင်းတို့ဖြင့် မဆုံးနိုင်အောင်ရှိလေ၏။

အော်တိုမီကား ထီးနန်းကိုစွန့်ပစ်၍ ကျွန်ုပ်အားချစ်သည်မှာ ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော မိန်းမများ၏အပြုအမူပေတည်း။ ဤမိန်းမထက် သစ္စာရှိသောမိန်းမ၊ ဤမိန်းမထက် စိတ်နေစိတ်ထားမြင့်မြတ်သော မိန်းမကိုကား ကျွန်ုပ်တစ်သက်တွင်မတွေ့ဘူးပေ။ နောင်ကိုလည်း တွေ့နိုင်တော့မည်မဟုတ်ပေ။

လူချင်းပူးကပ်၍ ချည်နှောင်ထားသည်မှာ ကျွန်ုပ်နှင့်အော်တိုမီမှာ ခြေနှင့်ခြေချင်း၊ ပေါင်နှင့်ပေါင်းချင်း၊ ကိုယ်နှင့်ကိုယ်ချင်း ပူးကပ်လျက်ရှိနေသည့်ပြင် မျက်နှာချင်းပူးကပ်ကာ နှုတ်ခမ်းချင်းပင် တစ်လက်မထက်ပို၍မဝေးပေ။ အသက်ရှူသော လေချင်းပင် ရောစပ်ကာ တစ်ယောက်၏လေသည် အခြားတစ်ယောက်၏နှုတ်ခမ်းပေါ်သို့ ဖြည်းညင်းစွာ တိုက်ခတ်ကျရောက်လျက်ရှိလေ၏။

"အော်တိုမီ…"

"မောင်…"

"အော်တိုမီ မောင်တကယ့် မေတ္တာစစ်နဲ့ လှိုက်လှိုက်လှဲလှဲ ချစ်ပါတယ်"





"အို… အဟုတ်လား… ဒီလိုဆို အော်တိုမီ သိပ်ဝမ်းသာတာပေါ့…"

ထိုခဏ၌ အော်တိုမီ၏ ပြည့်ဖောင်းသောရင်ကလေးမှာ အပေါ်သို့ တက်ကြွသွားသည်ကို သတိပြုလိုက်မိ၏။

"ဟုတ်တယ်… အော်တိုမီ မောင့်စိတ်ထဲက တကယ်နက်နက်နဲနဲ ချစ်ပါတယ်ဆိုတာ မောင် ထပ်ပြီးဝန်ခံပါတယ်"

"ဒီလိုဆိုရင် ကျွန်မသေပျော်ပါပြီမောင်…"

○



www.burmeseclassic.com

www.burmeseclassic.com



# သေမင်းလက်မှ အချစ်စခန်းသို့

"ဒါဖြင့် သူတို့က မောင်တို့ကို ဘယ်အချိန်သတ်မှာလဲ..."

"မောင့်ရင်ဘတ်ပေါ်မှာ နှလုံးသားရှိတဲ့နေရာကို ဆေးနဲ့ကွင်းရေးထားတယ် မဟုတ်လား..."

"ဟုတ်တယ်လေ..."

"အပေါ်မျက်နှာကြက်က ဝင်လာတဲ့ နေရောင်စက်ဝိုင်းဟာ အဲဒီနှလုံးသားပေါ် တည့်တည့်ရောက်တဲ့အခါ သတ်မှာပေါ့..."

သို့နှင့် ကျွန်ုပ်သည် အော်တိုမီဘက်မှ အခြားဘက်သို့မျက်နှာလွှဲလိုက်လေ၏။ ထိုအချိန်၌ မျက်နှာကြက်ပေါ်မှဝင်လာသော နေရောင်အကွက်ကလေးသည် ကျောက်တုံးအစွန်ရှိရာမှ ကျွန်ုပ်တို့ထံသို့ တဖြည်းဖြည်းရွေ့လာခဲ့သည်ဖြစ်၍ ကျွန်ုပ်နံဘေးမှ ခြောက်လက်မခန့်သာ ဝေးသောနေရာသို့ ရောက်ရှိနေလေပြီ။ ကျွန်ုပ်စိတ်ထင်အားဖြင့် နောက်

www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်အကြာတွင် ကျွန်ုပ်နှလုံးသားတည့်တည့်ပေါ်သို့ ရောက်ရှိချေတော့မည်။

ဤသို့ရှိစဉ် တိုက်ပွဲမှ ဟစ်အော်သံများ၊ ကြွေးကြော်သံများသည် ယခင်ကထက် နီးကပ်လာပြီးလျှင် ယခင်ကထက်လည်း ကျယ်လောင်စွာ ကြားရကုန်၏။

ထိုအခါ၌ ကျွန်ုပ်သည် ချည်နှောင်ထားသောကြိုးများကို လှုပ်ရှားနိုင်သလောက် လှုပ်ရှားကာ ဦးခေါင်းကို ထောင်၍ကြည့်မိ၏။ စပိန်တို့သည် ကွေ့ကောက်သောလမ်းကျဉ်းကလေးကို ကျော်လွန်ခဲ့ပြီးနောက် ကျောက်တောင်၏ ရင်ပြင်သို့ပင်ရောက်၏နေချေပြီ။

ကျွန်ုပ်မှာ ပြင်းထန်သောတိုက်ပွဲများကို ကိုယ်တိုင်မြင်ခဲ့ဖူးသော်လည်း အက်(ဇ)တက် စစ်သားများ တိုက်ခိုက်ပုံကို မြင်ရသောအခါ ထိုထက် ကြောက်မက်ဖွယ်ကောင်းသော တိုက်ပွဲမရှိတော့ပြီဟု အောက်မေ့မိ၏။ အက်(ဇ)တက်တို့သည် ချောင်တွင်ပိတ်၍မိနေသော ခွေးရူးပမာ စပိန်စစ်သားတစ်ယောက်အား သတ်ဖြတ်ရန်အတွက် မိမိတို့ဘက်မှ အသက်ပေါင်းမည်မျှ ကျဆုံးမည်၊ မည်မျှလောက် ဒဏ်ရာရမည်ကို ပမာနမထားဘဲ ကမူးရှူးတိုး တဇွတ်ထိုး တိုက်ခိုက်ကြကုန်၏။ သို့သော် သူတို့၏လက်နက်တုံး၊ လက်နက်ကြမ်းကြီးများသည် စပိန်တို့၏သံကိုယ်ကျပ်ကို ဖောက်ထွင်းခြင်းငှာ မတတ်နိုင်ချေ။ သူတို့၌ နည်းလမ်းတစ်ခုသာရှိတော့၏။ ထိုနည်းလမ်းမှာ စပိန်တို့အကြားသို့ စုအုံကာအသေခံ၍ဝင်ပြီးလျှင် လူကိုအမိဖမ်းပြီးနောက် ပေ ၂၀၀ ကျော်မြင့်သော ကျောက်တောင်ကမ္ဘားမှ အောက်သို့ပစ်ချရန်ဖြစ်လေသည်။

သို့နှင့် တိုက်ပွဲသည် ကျွန်ုပ်တို့အား ယဇ်ပူဇော်မည့် ကျောက်တုံးဆီသို့ တဖြည်းဖြည်းနီးကပ်လာခဲ့ရာ ဘုန်းကြီးများအပြင် လူပေါင်း၂၅၀





ခန့် လောက်တို့သည် ကျောက်တုံးကို စက်ဝိုင်းသဏ္ဌာန်ကဲ့သို့ ဝိုင်းရံကာ ခုခံလျက် ရှိနေတော့၏။

ထိုအခါ၌ နေရောင်ကွက်ကလေးသည် တဖြည်းဖြည်း ကျွန်ုပ်ကိုယ်ကိုထိ၍လာလေရာ၊ နေကွက်ထိသောနေရာတွင် သံပူပြားကပ်ထားသကဲ့သို့ ပူလောင်လှလေသည်။ ထိုအချိန်တွင် ဘုန်းကြီးငါးယောက်အနက် လေးယောက်တို့သည် ကျွန်ုပ်၏ခြေလက်များနှင့် ဦးခေါင်းကို အသီးသီးကိုင်ထားကြပြီးသော်... ခေါင်းဆောင်ဘုန်းကြီးသည် သူ၏ကျောက်ဓားကြီးကို ဆွဲယူလေ၏။

ထိုအချိန်၌ ကျွန်ုပ်စိတ်များမှာ သတိလစ်၍သွားလုမတတ် ဂယောင်ချောက်ချားဖြစ်လျက်ရှိရကား မျက်လုံးများကိုပင် မှိတ်ထားလိုက်မိ၏။ ဤသို့ရှိစဉ် စူးရှသောအသံတစ်သံကို ကြားရသေးသည်။

"ဘုန်းတော်ကြီးရဲ့ အချိန်မကျသေးဘူးဘုရား... အခုနေ ရင်ကိုခွဲလိုက်ရင် အက်(ဇ)တက်ဘုရားကျိန်ဆဲပြီး နိုင်ငံကလူတွေ ကပ်သင့်ကုန်ပါဦးမယ်"

ကျွန်ုပ် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဓားကိုင်သောဘုန်းကြီးသည် ကျွန်ုပ်ရင်ပတ်ပေါ်ရှိ အကွက်သို့ နေရောင်ကွက် မရောက်သေးသည်ကို အားမလိုအားမရ ဖြစ်နေသည့်ဟန်ဖြင့် အံကြိတ်လျက်ရှိနေလေ၏။ ထို့နောက် သူသည် ကျောက်တုံးကိုဝိုင်းရံလျက်ရှိသော လူအုပ်ကြီးအား အပြင်မှနေ၍ တိုက်ခိုက်နေသည်ကို လှမ်း၍ကြည့်လေ၏။ ထိုအချိန်၌ စပိန်တို့သည် အက်(ဇ)တက်စစ်သားနှင့် ဘုန်းကြီးများရောနှောနေသည့် လူအုပ်ကြီးကို အပြင်းအထန် တိုက်ခိုက်လျက်ရှိလေရာ လူအုပ်ကြီးမှာ တဖြည်းဖြည်း ပါး၍ပါး၍လာခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ နေရောင်ကွက်သည် ကျွန်ုပ်၏နံစောင်းမှ ကိုယ်ပေါ်သို့ တရွေ့ရွေ့တက်လာပြီဖြစ်ရာ နောက်ဆုံး ဆေးနီကွင်း၍ထားသော အကွက်နံဘေးအစွန်းသို့ ထိလျက်ရှိတော့၏။

ဘုန်းကြီးသည် ဓားကိုမြှောက်လိုက်သဖြင့် ကျွန်ုပ်လည်း တစ်ခါဖြင့် ကိစ္စချောပြီဟု အောက်မေ့ကာ မျက်လုံးများကို မှိတ်လိုက်ပြန်လေ၏။ သို့သော် ကျွန်ုပ်ရင်ပေါ်သို့ ဓားချက်မကျမီ ယခင်ကအသံကိုပင် ကြားရပြန်လေသည်။

"နေပါဦး... ဘုန်းတော်ကြီးရဲ့ နည်းနည်းလိုပါသေးတယ်၊ တည့်တည့်ရောက်မှ ခုတ်ချစမ်းပါ"

ထိုအသံနှင့် မရှေးမနှောင်းဝင် အော်တိုမီ၏ စူးရှသော ဟစ်အော်သံကို ကြားရလေ၏။

"ကျူလီတို့... ကျူလီတို့၊ ကျွန်မတို့ကို ကယ်ကြပါဦးရှင့်... မတရား သက်သက် ဟောဒီမှာ ကျွန်မတို့ကိုသတ်တော့မယ်လို့ ကယ်ကြပါရှင်... ကယ်တော်မူကြပါ"

အော်တိုမီ၏ ဟစ်အော်ခြင်းကား အချည်းအနှီးမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် စပိန်စစ်သားများထဲမှ စပိန်ဘာသာဖြင့်

"ဟုတ်တယ်ဟေ့ ဒီခွေးနက်ကောင်တွေဟာ နတ်စင်ရှေ့မှာ လူသတ်ပွဲလုပ်မယ်လို့၊ ရှေ့ကိုတိုးကြဟေ့ တိုးကြ... တိုးကြ..."

ထိုခဏ၌ ခစ်လျက်ရှိသော အက်(၈)တက် စစ်သားများသည်လည်းကောင်း၊ ဘုန်းကြီးများသည်လည်းကောင်း၊ နွေအခါတွင် ကြွေကျအပ်သော သစ်ရွက်ခြောက်ပမာ နောက်သို့ လန်လန်၍လဲကျကာ လူအုပ်ကြီးသည် ကျွန်ုပ်တို့ရှိရာသို့ တဖြည်းဖြည်းပိ၍ပိ၍ ကျလာလေရာ ဓား





ကိုင်လျက်ရှိသော ခေါင်းဆောင်ဘုန်းကြီးပင် ကိုယ်ကိုမဟန်နိုင်ဘဲ ကျွန်ုပ်ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ်ကာလဲကျသွားလေ၏။

ထိုအချိန်၌ ကျောက်တုံးကိုဝိုင်းရံကာ အတန်းလိုက်စီနေသော အက်(၈)တက် စစ်သားတန်းများသည် တစ်ခါတည်းကျိုးပေါက်ခဲ့ပြီဖြစ်၍ ကျွန်ုပ်မျက်စိပတ်ဝန်းကျင်တွင် ဝှချွမ်ချွမ်ထိုးခုတ်လျက်ရှိသော နေရောင်အောက်တွင် တပြောင်ပြောင်တလက်လက် တောက်ပလျက် ရှိကုန်၏။ ခုတ်သံ၊ ထစ်သံ၊ ညည်းညူသံ၊ လဲပြိုသံတို့မှာလည်း ယခင်ကထက် ဆူညံ၍လာလေသည်။ ထိုအချိန်တွင် နေရောင်ကွက်သည် ကျွန်ုပ်၏နှလုံးသားစက်ဝိုင်းပုံအတွင်းသို့ တည့်တည့်ကြီးကျရောက်၍နေချေပြီ။

ထိုအခါ ယခင်ကဟစ်အော်ခဲ့ဖူးသော စူးရှသောအသံဖြင့်...

"ဘုန်းတော်ကြီးဘုရား... ကျူလီ၏ရင်ကို အမြန်ဖွင့်ပါလော့ အချိန်စေ့ရောက်နေပါပြီ"ဟု ကြားရလေ၏။

သို့နှင့် လူအုပ်ထဲတွင် ဒယီးဒယိုင်ရှိနေသော ခေါင်းဆောင်ဘုန်းကြီးသည် ကျွန်ုပ်ရှိရာသို့ပြေးလာပြီးလျှင် သူ၏ဓားကြီးကို မြှောက်လိုက်ရာ ကျွန်ုပ်မှာ၍အကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်၍ တစ်ခါတည်း ကိစ္စချောချေပြီဟု ဘုရားသခင်ကို နောက်ဆုံးအာရုံပြုလိုက်မိ၏။

သူ၏ဓားကြီးသည် ကျွန်ုပ်၏နှလုံးသားရှိရာ ရင်အုပ်ပေါ်သို့ တည့်တည့်ကြီးကျလာသော်လည်း ထိုခဏ၌ လျှပ်ပြက်သကဲ့သို့ လက်ခနဲထွက်လာသည့် အခြားဓားသွားရောင်တစ်ခုကို ကန့်လန့်ဖြတ်၍ မြင်လိုက်ရပြီးလျှင် ထိုဓားသွားသည် ဘုန်းကြီး၏ရင်ဝသို့ လျှောကနဲ စူးဝင်၍သွားသည်ကို နောက်ဆုံးမြင်လိုက်ရ၏။

ဘုန်းကြီးခုတ်လိုက်သော ဓားချက်သည် ကျွန်ုပ်၏နှလုံးသားပေါ်သို့ တည့်တည့်ကြီးမကျတော့ဘဲ ချိန်သားလွဲကာ ကျွန်ုပ်နှင့် အော်တိုမီတို့



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းနှစ်ခု ထိကပ်၍နေသည့်စပ်ကြားသို့ ကျသွားလေရာ၊ လက်မောင်းဆီမှ ပွခနဲဖြစ်၍သွားလေ၏။ အော်တိုမီမှာလည်း ကျွန်ုပ်ကဲ့သို့ပင် အလားတူ ခံစားလိုက်ရဟန်လက္ခဏာရှိလေသည်။ ဤသို့အားဖြင့် ကျွန်ုပ်၏သွေးနှင့် မွန်တီဇူမာဘုရင်၏ သမီးတော် "အော်တိုမီ" တို့၏သွေးမှာ ထိုယဇ်ပူဇော်ရာ ကျောက်တုံးပေါ်တွင် မင်္ဂလာအထိမ်းအမှတ်အဖြစ်ဖြင့် သွေးချင်းရောစပ်၍ သွားလေ၏။

ထိုခဏ၌ ရင်ဝတွင် ဓားတန်းလန်းဖြင့် သွေးများပန်းထွက်လျက်ရှိသော ခေါင်းဆောင်ဘုန်းကြီး၏ အလောင်းကြီးသည် ကျွန်ုပ်တို့ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ်လဲကျလာလေတော့၏။

ကျွန်ုပ်မှာ ကြက်သေသေကာ မိန်းမော၍ သတိမေ့လုမတတ်ရှိစဉ်

"ခေါင်းဆောင်ဘုန်းကြီးလည်း သေပြီ သူကိုးကွယ်တဲ့ ဘုရားတွေလည်းကျကုန်ပြီ၊ အက်(ဇ)တက်တွေရှုံးလို့ ခရစ်ယာန်တွေကနိုင်ကုန်ပြီ" စသည်ဖြင့် မသေဘဲကျန်ရစ်သော အက်(ဇ)တက်တို့၏ ဟစ်အော်သံကို ကြားရလေ၏။

၎င်းနှင့် မရှေးမနှောင်းပင် သန်မာသောလက်နှစ်ဖက်သည် ကျွန်ုပ်တို့ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျနေသော ဘုန်းကြီးအလောင်းကို တအားဆွဲဖယ်၍ပစ်လိုက်ရာ အလောင်းသည် ကျောက်တုံးပေါ်မှတလိမ့်ခေါက်ကွေး မီးပုံထဲသို့ကျသွားလေ၏။ စပိန်လူမျိုး တစ်ယောက်သည် ကျွန်ုပ်တို့အား ချည်နှောင်ထားသောကြိုးများကို ဓားနှင့်ဖြတ်ပေးလေသည်။

ကျွန်ုပ်သည် ကျောက်တုံးပေါ်၌ ထိုင်ကာ တွေဝေသောမျက်လုံးများဖြင့် ပတ်ဝန်းကျင်ကိုကြည့်ရှုလျက်ရှိရာ ကျွန်ုပ်နောက်နားဆီမှ စပိန်





စစ်သားနှစ်ယောက်တို့ စကားပြောနေသံကို အောက်ပါအတိုင်းကြားရ၏။

"ဒီယောက်ျားနှင့် မိန်းမပေါ့ကွဲ့ ရင်ခွဲပြီးယဇ်ပူဇော်မယ်လုပ်နေကြတာ၊ သနားစရာကွယ် ပြီးတော့ ဟိုသတ်မယ့် အကောင်ကြီးကို ငါ့ဓားချက်ဦးပေလို့သာပေါ့ကွယ်... တစ်စက္ကန့်လောက်များ နောက်ကျသွားရင် သူတို့နှစ်ယောက် ကိစ္စချောပြီပဲ... ဟာကောင်မလေးကလဲ ဆေးတွေဘာတွေလိမ်းထားလို့ဟော့... ရုပ်ကလေးက အဖြောင့်သား၊ နေရာကျပြီ သူငယ်ချင်း... တို့စစ်ဗိုလ်ချုပ်ကြီး 'ကော့တက်' ဆီမှာ ဒီကောင်မကလေးကို ဆုအဖြစ်နဲ့ ငါတောင်းယူမယ်"

ထိုအသံကို ကျွန်ုပ်ကောင်းစွာ မှတ်မိ၏။ စကားပြောသူကား အခြားသူ[illegible] ရေမြေပင်ခြား၍ နေသော်လည်း စိတ်မပျက်၊ လက်မပျက်၊ တစ်ယောက်ယောက်သေမှအေးမည်ဟု ကျွန်ုပ်လိုက်လံရှာဖွေနေသော ကျွန်ုပ်၏ကမ္ဘာရန် 'ဂါဆီယာ' ပင်ဖြစ်လေသည်။

ကျွန်ုပ်နှင့်အော်တိုမီကို သတ်မည့်ဘုန်းကြီးအား လက်မတင်အချိန်ကလေး၌ ဓားနှင့်ထိုးသတ်ကာ ကျွန်ုပ်တို့အသက်ကို ကယ်ဆယ်လိုက်သူကား အခြားသူမဟုတ် ကျွန်ုပ်၏ရန်သူတော် ဂါဆီယာပင်ဖြစ်ပေတော့၏။

ကျွန်ုပ်သည် ကျောက်တုံးထက်မှ ဆင်း၍ ၎င်း၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရှုလျက်ရှိရာ ဂါဆီယာမှာ သံကိုယ်ကျပ်အင်္ကျီနှင့်တကွ စစ်ဝတ်စစ်စားအဆောင်အယောင်တို့ဖြင့် ခန့်ညားစွာရပ်နေသည်ကို မြင်ရလေသည်။

ထိုအခါ ကျွန်ုပ်မှာ မအောင့်မအည်းနိုင်တော့ဘဲ "ဂါဆီယာ" ဟု ရုတ်တရက် နှုတ်မှထွက်သွားလေ၏။

မော်ကွန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



ဂါဆီယာသည် ကျွန်ုပ်ခေါ်လိုက်သံကြားသည်နှင့် နောက်သို့ ခြေတစ်လှမ်းဆုတ်၍သွားပြီးလျှင် သေနတ်ထိမှန်လိုက်ဘိသကဲ့သို့ ဖျတ်ခနဲဖြစ်၍သွား၏။ ထိုနောက် သူသည် မိမိမျက်စေ့များကိုပင် မယုံကြည်သကဲ့သို့ မျက်လုံးများကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကြည့်ပြန်၏။ နောက်ဆုံးတွင် ကိုယ်ပေါ်၌ ဆေးခြယ်၍ထားသော်လည်း ကျွန်ုပ်၏ မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက်နှင့်အသံကို မှတ်မိဟန်ဖြင့်...

"အလိုလေး... ဘုရားရေ... 'သောမတ်(စ)ဝင်ဂဖီး'ပါကလား လတ်စသတ်တော့ ကိုယ့်ရန်သူ ကိုယ်ပြန်ပြီး ကယ်မိရက်သား ဖြစ်နေပါပြီကော... ဘုရား... ဘုရား... ကြုံမှကြုံတတ်ပလေကွယ်"

ထိုအခါမှ ကျွန်ုပ်၏အမှားကို နောင်တရမိ၏။ ကျွန်ုပ်၏ကိုယ်ပေါ်တွင် ဆေးနီဆေးဖြူများဖြင့် လိမ်းကျံကာရုပ်ဖျက်ထားသဖြင့် မသိသော ရန်သူအား ကျွန်ုပ်သည် ဆိတ်ဆိတ်နေသင့်ပါလျက် မနေဘဲ စတင် နှုတ်ဆက်လိုက်ခြင်းမှာ ကျွန်ုပ်၏မဟာအမှားတော်ကြီးပင် မဟုတ်ပါ လော။

ကျွန်ုပ်မှာ ထိုအချိန်၌ လက်ထဲတွင် လက်နက်မရှိသည့်ပြင် ကြိုးများ ဖြင့်အချိန်ကြာမြင့်စွာ တုပ်နှောင်ထားခြင်းကိုခံရခြင်း၊ အစာရေစာမစား ရခြင်းတို့ကြောင့် အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်လျက်ရှိရကား အခြား နည်းလမ်းမရှိတော့ဘဲ ကျောက်နက်တုံးကြီးများကို လှည့်၍ ထွက်ပြေး လေရာ ဂါဆီယာမှာ လျင်မြန်ဖျတ်လတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း သူ၏ဓားကြီးကိုမြှောက်ကာ ကျွန်ုပ်နောက်မှ တအားကုန်ခုတ်လိုက်လေ ၏။

သို့သော် ထိုခဏ၌ပင် အဝတ်အစားဖြင့်လည်းကောင်း၊ ခန့်ညား ထယ်ဝါလှသော အသွင်အပြင်ဖြင့်လည်းကောင်း လူတစ်ဖက်သားအပေါ် တွင် လွှမ်းမိုးစိုးအုပ်နိုင်သည့် မျက်နှာထားဖြင့်လည်းကောင်း၊ စစ်ဗိုလ် ချုပ်ကြီး'ကော့တက်'ဟူ၍ လူတိုင်းသိနိုင်လောက်သော လူတစ်ယောက် သည် လူအုပ်ထဲမှ ရုတ်တရက်ထိုးထွက်လာပြီးနောက် ဂါဆီယာ၏ ဓားကို သူ၏ဓားလွတ်ဖြင့် ပြင်းထန်စွာရိုက်ချလိုက်သောကြောင့် ကျွန်ုပ် မှာ လွတ်မြောက်သွားလေသည်။ ထိုနောက် စစ်ဗိုလ်ချုပ်ကြီးသည် ဂါဆီယာအား စိန်းစိန်းကြည့်လျက်...

"ဟေ့... ဆာစီဒါ... မင့်မလည်း စစ်ပွဲပြီးတောင် လူသတ်ချင်တုန်း လားကွယ့်... အခုထက်ထိ အရှိန်မပြေသေးဘူးလား၊ ဒီလူမည်းကောင် လွတ်ပါစေကွယ်၊ ရန်မရှာချင်ပါနဲ့တော့..."

"မဟုတ်ဘူး... ဗိုလ်ကြီး ဒီအကောင်ဟာ အင်္ဂလိပ်လူမျိုး အင်္ဂလိပ် သူလျှို"

(ကျွန်ုပ်ကိုကြည့်လျက်) "ဟေ့... လူမည်း တို့အကောင်က ရူးနေ တယ်ထင်ပါရဲ့ကွယ် မင်းကိုအင်္ဂလိပ်လူမျိုးတဲ့ ကိုင်း... သွားကြသွားကြ"

ဂါဆီယာကား ထိုမျှနှင့်မပြီးသေးချေ။ ကျွန်ုပ်အပေါ်တွင် အကြိတ် အခဲ မကြေနိုင်သေးဘဲ ဓားနှင့် တစ်ဖန်လိုက်ပြန်၏။

"ဟေ့... ဆာစီဒါ မင်းငါပြောတာ နားမထောင်ဘူးလား၊ ငါတို့ဟာ ခရစ်ယာန်တွေကွယ့်... ဒီကိုလာတာ ကယ်ဆယ်ဖို့လာကြတာ၊ လူသတ် ဖို့ လာတာမဟုတ်ဘူး... နားလည်လား၊ ဟေ့ စစ်သားတွေ ဆာစီဒါကို ချုပ်ထားလိုက်"

စစ်ဗိုလ်ချုပ်ကြီးသည် မိမိအမိန့်ကို လွန်ဆန်သော ဂါဆီယာအား ချုပ်နှောင်ရန် အမိန့်ပေးလိုက်သည်တွင် စစ်သား သုံး လေးယောက် တို့သည် ဂါဆီယာ၏ လက်များကို တစ်ဖက်စီချုပ်နှောင်ထားလိုက် လေ၏။





www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂါဆီယာသည် ကြိုးဖြင့်တုပ်နှောင်ခြင်းခံရသော ခွေးကဲ့သို့ ကျွန်ုပ်အား အမျိုးမျိုးကြိမ်မောင်း ရေရွတ်ကာ စစ်သားများ လက်တွင်ပါသွားလေ၏။

ထိုခဏ၌ ကျွန်ုပ်အနားမှကပ်၍ "ပြေးကြစို့လားမောင်ရယ် ကျွန်မတို့ လွတ်ရာကိုပြေးကြပါမယ်"ဟု ပြောလိုက်သော အော်တိုမီ၏အသံကို ကြားရလေ၏။

"ဘယ်ကိုပြေးရမှာလည်း နှမရယ်၊ ကျုပ်ဖြင့် စပိန်တွေလက်အောက်သာ ဝင်လိုက်ချင်ပါပြီ"

"ခုတင်က မောင့်ကိုဓားနဲ့လိုက်ခုတ်တဲ့ စပိန်လူမျိုးလက်အောက်ကိုလား၊ တော်စမ်းပါ ကိုလူဖြူရယ် လာပါ ကျွန်မနောက်ကို လိုက်ခဲ့ပါ"

အော်တိုမီသည် ကျွန်ုပ်၏လက်ကိုဆွဲကာ ဆူညံလျက်ရှိသော စပိန်စစ်သားများ၏ကြားမှ ဖြတ်၍ခေါ်သွားလေရာ စစ်သားများလည်း ကျွန်ုပ်တို့အား ယဇ်ပူဇော်ကာနီးဆဲဆဲတွင်မှ လွတ်မြောက်လာသူများဖြစ်ကြောင်း သိရှိကြသည့်အတိုင်း သနားကြင်နာသော မျက်လုံးများဖြင့် ကြည့်ရှုကျန်ရစ်ခဲ့ကြလေ၏။

သို့နှင့် ကျွန်ုပ်နှင့်အော်တိုမီသည် တစ်ယောက်နှင့်တစ်ယောက် လက်တွဲကာ ကောက်ကွေ့လျက်ရှိသော စောင်းတန်းတစ်လျှောက်သို့ ဆင်းပြေးခဲ့ကြလေသည်။

တစ်ခဏမျှဆင်းမိလတ်သော်... ကျွန်ုပ်လည်း နောက်သို့လှည့်ကြည့်မိရာ ဓားလွတ်ကိုမြှောက်ကာ အောက်သို့ပြေးဆင်းလာသော ဂါဆီယာကို မြင်ရသဖြင့် ကျွန်ုပ်တို့လည်း အက်(ဇ)တက် လူမည်းလောင်းများကို





တစ်ခါတစ်ရံ ဖြတ်ကျော်၍လည်းကောင်း၊ တစ်ခါတစ်ရံ ကွေ့ရှောင်၍လည်းကောင်း ဒလဟောဆင်းလျက်ရှိကြကုန်၏။ ထိုအတွင်း ကျောက်တောင်ပေါ်မှ စပိန်စစ်သားတို့သည် ဘုန်းကြီးအလောင်းများကို မတ်စောက်သော စောင်းတန်တစ်လျှောက်သို့ ပစ်ချလျက်ရှိသည်ဖြစ်ရာ ကျွန်ုပ်တို့မှာ ဒလဟောကျဆင်းလာသော အလောင်းများကိုလည်း ကြည့်၍ရှောင်ရသေး၏။

သို့သော်... နောက်တစ်ဖန် လှည့်၍ကြည့်လိုက်သောအခါ 'ဂါဆီယာ'ကို မမြင်ရတော့သဖြင့် ကျွန်ုပ်မှာ အတော်ပင် စိတ်သက် သာရာရ၍သွားမိ၏။ ကျွန်ုပ်စိတ်ထင်အားဖြင့် ဂါဆီယာမှာ မောပန်းသောကြောင့်လည်းကောင်း၊ တောင်ခြေရင်းတွင် အစုလိုက်အပြုံလိုက် စောင့်ဆိုင်းလျက်ရှိနေသေးသော အက်(ဇ)တက် လူမည်းစစ်သားများ လက်တွင်းသို့ ကျရောက်မည်စိုး၍သော်လည်းကောင်း ဆက်လက်၍မလိုက်ဘဲ နေရစ်ဟန် လက္ခဏာရှိလေသည်။

တောင်ခြေသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် အက်(ဇ)တက် စစ်သားများ၊ အရပ်သားများနှင့် မထင်မရှားရောနှော၍ နေလိုက်ကြလေ၏။

အက်(စ)တက် အရပ်သားများလည်း ထိုအချိန်တွင် တောင်ခြေ စုရုံးကာ တောင်ခြေတစ်ခုလုံးမှာ ပုရွက်ဆိတ်အုံကြီး တစ်ခုကဲ့သို့ရှိနေတော့၏။

ဤသို့ရှိစဉ် တောင်ပေါ်မှ မိုးကြိုးထစ်ချုန်းလိုက်ဘိသကဲ့သို့ တဝုန်းဝုန်း တဂျုံးဂျုံး မြည်ဟည်း၍လာသော အသံကြီးကိုကြားရသဖြင့် ကျွန်ုပ်တို့ အားလုံးသည် အသံကြားရာသို့ မော်၍ကြည့်လိုက်ရာ ရင်ပြင်နံ့ဘေး



www.burmeseclassic.com

www.burmeseclassic.com



ရှိ ခြောက်ကမ်းပါးတစ်လျှောက်သို့ အလွန်ကြီးမားသော အစိုင်အခဲကြီး တစ်ခုသည် တောင်ခြေသို့ ဒလဟောကျဆင်းလာသည်ကို မြင်ရလေ၏။

တောင်ခြေ၌ ရှိနေသော လူထုကြီးသည် အလန့်တကြားဟစ်အော်ကာ ထိုအစိုင်အခဲကြီးကျမည့်နေရာမှ လွတ်အောင် အတင်းတိုးဝှေ့ပြေးလွှားကြလေရာ၊ ခါချဉ်အုံကို တုတ်နှင့်ထိုးဆွလိုက်သည်နှင့် တူတော့၏။ ကျွန်ုပ်သည်အော်တိုမိအား လက်မလွှတ်ဘဲ အဝေးဆုံးနေရာသို့ အရောက်ပြေးလွှားရလေရာ၊ ဤသို့ ဖရိုဖရဲဖြစ်ရာတွင် လဲသူ၊ ကွဲသူ၊ ဒဏ်ရာရသူများလည်း မနည်းလှပေ။

ကျဆင်းလာသော ကြီးမားကြောက်မက်ဖွယ်ကောင်းသည့် အစိုင်အခဲကြီးသည်ကား အခြားမဟုတ်ချေ။ ကျောက်တောင်ထိပ်ရှိ တန်ဆောင်းအတွင်းမှ အက်(ဇ)တက်ကို အမြတ်တနိုး တည်ထားကိုးကွယ်သည့် 'အက်(ဇ)တက်' ဘုရားရုပ်တုကြီးပင်ဖြစ်လေသည်။ စပိန်တို့သည် ကြီးမားလှသောကျောက်ရုပ်တုကြီးကို ကြိုးများဖြင့်မရအရဆွဲယူကာ ကျောက်တောင်ပေါ်မှ တွန်းချလိုက်ခြင်းပင်ဖြစ်လေသည်။

တစ်ဝုန်းဝုန်းအသံကြီးမှာ ကျယ်လောင်သည်ထက် ကျယ်လောင်၍လာပြီးလျှင်၊ အောက်မှအလန့်တကြား ပြေးလွှားဟစ်အော်ကြသောလူသံများဖြင့်ရောနှောကာ တောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်အောင် မြည်ဟီးသွားပြီးနောက် တောင်ခြေရင်းတွင် အစိတ်စိတ်အမွှာမွှာ ရစရာမရှိအောင် ကွဲသွားလေတော့သတည်း။

ကျွန်ုပ်တို့နေထိုင်ရာ နန်းတော်အတွင်းရှိ အခန်းသို့ ပြန်၍ရောက်ကြသောအခါ အော်တိုမိသည် ကျွန်ုပ်အား ရေမိုးချိုး၍ပေးပြီးလျှင် သူကိုယ်





တိုင် ရေချိုး၍အဝတ်လဲပြီးနောက် ကျွန်ုပ်အတွက် ဖြူစင်သောအဝတ်အစားတစ်စုံကိုလည်း ယူခဲ့လေ၏။

ထိုနောက် သူ့အနောက်မှ ဂရုမစိုက်နိုင်ဘဲ သွေးများတသွင်သွင်ထွက်နေသော ကျွန်ုပ်၏ဒဏ်ရာကို ဆေးကြောသုတ်သင်ကာ ဆေးမြစ်၊ ဝါးမြစ် အမျိုးမျိုးဖြင့် ဖော်စပ်ထားသော တိုင်းရင်းဖြစ်ဆေးများ ဖယောင်းချက်များ ထည့်ပေးပြီးသော် ကျင်လည်စွာ ကျပ်စီး၍ပေးရှာလေ၏။

ကျွန်ုပ်သည် အော်တိုမိယူခဲ့သောအစားအသောက်များကို မြိန်ရှက်စွာ စားသောက်ပြီးနောက်...

"ကိုင်း... အော်တိုမိရှေ့ကို ဘယ်လို စခန်းသွားကြမှာလဲ၊ မကြာခင် ဘုန်းကြီးတွေ လိုက်လာပြီး ယဇ်ပူဇော်ဖို့ မောင့်ကို ဖမ်းကြလိမ့်ဦးမယ် ထင်တယ်၊ ဒီတော့ စပိန်တွေဘက်သွားမှာပဲ ထင်တယ်"

"မောင့်ကို ဓားနဲ့လိုက်တဲ့ကျူလီဆီကိုလား ဒါထက် ဒီလူကဘယ်သူလည်း ကိုလူဖြူရဲ့ ပြောစမ်းပါဦး"

"မောင်လိုက်ရှာနေတဲ့ မောင်ရန်သူ... မောင်နဲ့ ကမ္ဘာ့ရန်ဆိုတာသူပေါ့ အော်တိုမိရဲ့... မောင်တစ်ခါပြောဖူးတယ်မဟုတ်လား..."

"ဒီလိုဆိုရင်... ရှင်သာပြီး မှားတော့မှာပေါ့ ကိုလူဖြူရယ်၊ အော်တိုမိပြောမယ် နားထောင်စမ်းပါ၊ ဒီဘုန်းကြီးတွေ လက်ထဲက ဘယ်သူမှ အသက်နဲ့ကိုယ်နဲ့မြဲပြီး မလွှတ်ဖူးဘူး၊ သူတို့လက်ထဲက တစ်ခါလွတ်ရင် ဒီလူဟာ လူသာမန် လူတစ်ယောက် မဟုတ်တော့ဘူး၊ သြော်... ဒါထက် ကိုလူဖြူတို့ ကိုးကွယ်တဲ့ဘုရားက အော်တိုမိတို့ဘုရားထက် ဘုန်းတန်ခိုးကြီးထင်တယ်၊ မောင်နဲ့အော်တိုမိဟာ ဘယ်တော့မှ လွတ်နိုင်ဖို့မရှိတဲ့ ကျောက်တုံးပေါ်က လွတ်မြောက်လာတာ မောင်တို့ဘုရားရဲ့ တန်ခိုးပေါ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



အော်တိုမီ၏သနားစဖွယ်၊ ချစ်စဖွယ်ကောင်းလှသော စကားကလေးများသည် ကျွန်ုပ်နားထဲသို့ ပျားသကာကဲ့သို့ ဝင်သွားလေ၏၊

"ဩော်... ဒါထက် မောင်တို့အသက်ကိုကယ်တာ ဘယ်သူထင်သလဲ... ပြောစမ်းပါ အော်တိုမီ"

"ဘုရားသခင် မဟုတ်လား"

"ဟုတ်ပါတယ်၊ သို့ပေမယ့် ဟောဒီကမောင့်အချစ်တော် အော်တိုမီရဲ့ ဉာဏ်လည်းကူပေလို့ပါ အော်တိုမီရဲ့၊ ဒါလည်းထည့်ပြီး စဉ်းစားဦးမှပေါ့"

အော်တိုမီသည် ရှက်ကြောက်သော အမူအရာဖြင့် မျက်လွှာကို အောက်သို့ ချလျက်ရှိလေ၏။

"ဒါကြောင့် ဒီကနေ့ဒီအချိန်ကစပြီး အသည်းစွဲအောင် မှတ်ထားပေးတော့ အော်တိုမီမောင်ဟာ တခြားသူအတွက်မဟုတ်ဘူး... အော်တိုမီအတွက်ပဲ၊ ကမ္ဘာမြေပေါ်မှာလေ ဟောဒီ အော်တိုမီထက် သစ္စာရှိတဲ့ မိန်းမ၊ အော်တိုမီထက် ရဲရင့်တည်ကြည်တဲ့ မိန်းမ၊ မရှိတော့ပါဘူးဗျာ၊ အော်တိုမီဟာ ကျုပ်မိန်းမပဲ မောင်ကဖြင့် အော်တိုမီအပေါ်မှာ အသည်းစွဲ ချစ်နေမိပါပြီ"

အော်တိုမီသည် ယခင်ကတက် ဦးခေါင်းကို ငုံ့လျက်ရှိပြန်ရာလေသည်။

"ပြီးတော့ ကျောက်တုံးပေါ်မှာလေ မောင့်သွေးနဲ့ အော်တိုမီသွေးဟာ မင်္ဂလာလက်ထပ်ပွဲ အထိမ်းအမှတ်အဖြစ်နဲ့ သွေးချင်းရောယှက်မိကြပြီမဟုတ်လား၊ မောင်သေသည့်တိုင်အောင် မောင့်ကို အော်တိုမီပိုင်ပါပြီ၊ မဟုတ်လား ကျုပ်မိန်းမရယ်၊ စကားကလေးများ ပြန်ပြောစမ်းပါဦးကွယ်"





အော်တိုမီသည် လှပသွယ်ပျောင်းသော လည်တိုင်ကလေးဖြင့် ဦးခေါင်းကို ညင်သာစွာညိတ်လိုက်လေ၏။

၀



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကျိန်ဆိုခြင်း

အော်တိုမီထွက်သွားပြီးနောက် အခန်းတွင်းသို့ ဝင်သွားလေရာ၊ ရွှေချည်ဖြင့်ရက်လုပ်ထားသော ခန်းဆီးသည် ၎င်းနောက် ပိတ်သွားလေ၏။ ကျွန်ုပ်မှာ မိုင်ပေါင်းများစွာဝေးသည်မှ ပြန်လာသကဲ့သို့လည်းကောင်း၊ အိပ်မက်ထဲတွင် ဖြစ်ပျက်နေသကဲ့သို့လည်းကောင်း ခြေကုန်လက်ပန်းကျကာ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်နှင့်တစ်ပြိုင်နက် တစ်ခါတည်း အိပ်ပျော်သွားလေ၏။

ကျွန်ုပ်မှာ နာရီပေါင်းများစွာအိပ်ပျော်သွားဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် အိပ်ရာမှဖျတ်ခနဲလန့်နိုး၍ ကြည့်လိုက်ရာ အတော်ပင်ညဉ့်နက်နေပြီဖြစ်ကြောင်း သိရလေ၏။ ထိုအချိန်၌ မြို့တွင်းမှ ဆူညံဟစ်အော်သံများ ကြားရသည့်ပြင် ပြတင်းပေါက်ဆီမှ ဝင်လာသည့် မေးမှိန်သော အလင်းရောင်တစ်ခုကိုလည်း မြင်ရသဖြင့် လက်မောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျပ်စီး၍ ထားရသော ဒဏ်ရာကို အခြားလက်တစ်ဖက်ဖြင့် ဖေးမကာ ခုတင်ပေါ်မှ မတ်တတ်ရပ်၍ အပြင်သို့ကြည့်မိ၏။

စပိန်တို့သည် ကျောက်တောင်ကို သိမ်းပိုက်ရုံမျှနှင့် အားမရသေးဘဲ ညဉ့်အချိန်တွင် မြို့တွင်းကိုတိုက်ခိုက်ကာ အိမ်များကိုမီးရှို့၍ နေဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ရာပေါင်းများစွာသော အိမ်တို့ကို တောက်လောင်လျက်ရှိသည် မီးရောင်၌ လူဖြူအချို့သည် ရှေ့မှပြေးလျက် ၎င်းတို့နောက်မှ အက်(စ)တက် လူမည်းအုပ်ကြီးသည် လေးမြားများ၊ ကျောက်ခဲများဖြင့် လိုက်လံပစ်ခတ်လျက် ရှိကြကုန်၏။

ကျွန်ုပ်သည် ခုတင်ပေါ်သို့ ကိုယ်ကို ပြန်၍ပစ်လှဲလိုက်ပြီးလျှင် အော်တိုမီနှင့် ပေါင်းသင်းကာ ဤလူမည်းတို့ လက်၌ပင် အသက်ထက်ဆုံးနေရမည်လော။ သို့မဟုတ် ကျွန်ုပ်၏ ရန်သူပါဝင်သည့် စပိန်တို့ဘက်သို့ ဝင်ရောက်ကာ လွတ်ရာလွတ်ကြောင်းကိုရှာကြံရမည်လော ဟု ဝေခွဲမရနိုင်အောင်ရှိမိ၏။

ထိုခဏ၌ ဆောင်ခန်းတစ်ခုမှ တံခါးပွင့်သွားပြီးနောက် မီးတုတ်ကိုင်ထားသော လူတစ်ယောက်သည် ငွေချည်ကန့်လန့်ကာကို ဖယ်ရှားကာ ကျွန်ုပ်အခန်းသို့ ဝင်လာလေရာ ထိုလူမှာအခြားသူမဟုတ် 'ဂေါ်တီမော့' မင်းသားပင်ဖြစ်ပေသည်။

ဂေါ်တီမော့မင်းသားမှာ မျက်နှာတွင် အချို့နေရာများ၌ ပွန်းပဲ့လျက်လည်းကောင်း၊ သံခေါင်းစွပ်တွင်တပ်ထားသည့် ငှက်မွေးတို့မှာ ပြတ်လျက်လည်းကောင်း၊ ရွှေဖြင့် ပြုလုပ်ထားသော သံကိုယ်ကျပ်မှာလည်း အချို့နေရာများတွင် ဓားခုတ်ရာ လှံစူးရာများဖြင့် ပြည့်နက်လျက်ရှိလေ၏။ သူ၏လည်ပင်း ဒဏ်ရာတစ်ခုမှလည်း သွေးများယိုစီး လျက်ရှိလေသည်။





"ချစ်ဆွေကျူလီ... ကျန်းမာပါ၏လော၊ သင်သည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း၊ ယခုအချိန်ထိ အသက်ရှင်၍နေရသည်မှာ အံ့ဩဖွယ်ကောင်းလှပေ၏။ ဤလောကကြီးကား ထူးဆန်းသော လောကကြီးဖြစ်၍ သင်၏အဖြစ်အပျက်မျိုးကို ကျွန်ုပ်တို့ မက္ကဆီကိုနယ်တွင် အခုတစ်ကြိမ်သာတွေ့ဖူး၏။ သို့သော်... ကျွန်ုပ်၌ စကားပြောရန် အချိန်များစွာမရပါ။ ကျွန်ုပ်လာခြင်းမှာ သင့်အား ယခုပင်ညီလာခံကို ခေါ်ဆောင်သွားရန် လာခဲ့ခြင်းဖြစ်၏။"

"အသို့နည်း... နောင်တော်၊ ကျွန်ုပ်အား ကျောက်တုံးပေါ်သို့ ဆွဲခေါ်သတ်ဖြတ်ရန် ကျွန်ုပ်၏ကံကြမ္မာသည် ဖန်တီး၍လာပြန်ပြီလော"

"မဟုတ်ပါ အဆွေတော်... ဤအတွက် မစိုးရိမ်ပါလင့်၊ သို့သော်ရှေ့အဖို့၌ကား မည်သို့ဖြစ်ဦးမည်ကို ကျွန်ုပ်မပြောနိုင်သေးပါ၊ ယခုတစ်နာရီအတွင်း သင်သည် သေသော်လည်း သေရမည်။ မသေလျှင် အတွတ်အထိပ်သို့ ရောက်ရပါမည်။ သို့သော် အော်တိုမီသည် မင်းသားများနှင့် မှူးမတ်တို့အား သင့်အတွက်ဆောင်ရွက်ရန် ပြောကြားပြီးဖြစ်၍ စိုးရိမ်ရန် မရှိလှပါ။ သင်၌ကြင်နာတတ်သော နှလုံးသားရှိခဲ့ပါမူ သင်သည် အော်တိုမီအားများစွာ ကျေးဇူးတင်ရန်ရှိပါသည်"

ထိုနောက် ဂေါ်တီမော့မင်းသားသည်သွေးများ ပေကျံကာ အချို့နေရာများတွင် ကျိုးပဲ့လျက်ရှိသော ရွှေဖြင့်ပြုလုပ်ထားသည့် ကိုယ်ကျပ်အင်္ကျီကိုငုံ့ကြည့်ကာ ဆက်လက်၍...

"ကျွန်ုပ်၏ ကိုယ်ကျပ်အင်္ကျီကိုသာကြည့်ပါလော့၊ ကျွန်ုပ်မှာ စစ်ပွဲတွင် တိုက်ခိုက်နေရသဖြင့် အနားနေရသည်ဟူ၍မရှိပါ။ သို့သော် အရေးကြုံက မည်သည့်နည်းနှင့်မဆို သင့်အတွက် ဆောင်ရွက်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုသော် အဆွေသည် ကျွန်ုပ်နှင့်အတူ ညီလာခံသို့လိုက်ခဲ့ပါလော့... အချိန်များစွာမရှိပါ။ ဤမီးတုတ်သည် မကြာမီငြိမ်းပါတော့မည်"

သို့နှင့် ကျွန်ုပ်သည် နံနက်ခင်းကပင် ကျွန်ုပ်အား လူမည်းတို့အ ဘုရားအဖြစ်ဖြင့် ကိုးကွယ်ရာခန်းမဆောင်ကြီးသို့ ဂေါတီမော့နှင့် အတူ လိုက်သွားရလေ၏။ သို့သော် ယခုကား ကျွန်ုပ်မှာ ဘုရား၏တခေ တော်မဟုတ်တော့ချေ။ အသက်သေရန် သို့မဟုတ် ချမ်းသာရန် စီရင်ခြင်း ခံနေရသည့် အကျဉ်းသားတစ်ယောက်မျှသာ ဖြစ်တော့၏။

နံနက်ခင်းက ကျွန်ုပ်ကို တင်ထားသည့် စင်မြင့်ပေါ်၌ကား စစ်ဦ တွင် မသေဘဲကျန်ရှိသည့်မင်းသားများ၊ မှူးမတ်ကြီးများသည် ဂေါတီ မော့ကဲ့သို့ပင် သွေးများစွန်းကာ နေရာအနှံ့အပြား ပွဲ့ရှဲ့လျက်ရှိသော စစ်ကိုယ်ကျပ်အင်္ကျီကိုယ်စီဖြင့် ရှိနေကြကုန်၏။ တစ်ယောက်မှာ ဘုန်းကြီးကဲ့သို့ အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထား၏။

သူတို့အားလုံးသည် မပြုံးမရယ် တင်းမာခက်ထန်လှသော မျက် နှာထားများဖြစ် ရှိကြကုန်ရာ၊ ကျွန်ုပ်အား သတ်ပစ်ရမည်၊ မသတ်ပစ် ရမည်ဟူသော ပြဿနာထက်အဆပေါင်းများစွာ အရေးကြီးသော 'စပိန် တို့အား မည်သို့မည်ပုံတိုက်ထုတ်ရမည်' ဟူသော ပြဿနာကို ဆွေးနွေး နေဟန် လက္ခဏာရှိလေသည်။

ကျွန်ုပ်အား အခန်းထဲသို့ သွင်းသွားသည့်ခဏ၌ ၎င်းတို့အထဲတွင် အလယ်မှ ထိုင်နေသော မွန်တီဇူမာ မရှိသည့်နောက် ဘုရင်အဖြစ်သို့ ရောက်မည့် အိမ်ရှေ့မင်းသား 'ကျူတီလာဟူအာ'သည် ဂေါတီမော ဘက်သို့လှည့်၍...

"သင်ယူဆောင်ခဲ့သော ဤသူကားမည်သူနည်း၊ အို...ကျွန်ုပ် မှတ် မိပြီ... နံနက်ခင်းက ယဇ်ပူဇော်ခြင်းမှလွတ်လာသည့် အက်(ဇ)တက်





အမန်တော်မဟုတ်လော... နားထောင်ကြလော့ အသင်မှူးကြီးမတ်ကြီး များ ဤသူကိုမည်သို့လုပ်ကြအံ့နည်း။ ထပ်၍ယဇ်ပူဇော်ရန် တရားနည်း လမ်းသင့်ပါသလော့..."

ထိုအခါ ဘုန်းကြီးသည် နေရာမှမတ်တတ်ရပ်ကာ အိမ်ရှေ့မင်း သားကြီးအား ကိုင်းညွတ်အရိုအသေပြုပြီးနောက်...

"မသင့်ပါ အရှင်မင်းသား... ဤသူသည် ယဇ်ပူဇော်ရာကျောက်တုံး ပေါ်သို့ ရောက်ပြီးနောက် ခေါင်းဆောင်ဆရာတော်ကြီး၏ ဓားဖြင့်ပင် သူ့အသားကို လှီးဖြတ်လိုက်ပြီးဖြစ်ပါသည်။ သို့သော် ထိုအချိန်၌ ဘုရားရှင်သည် လက်မခံဘဲ ငြင်းပယ်လိုက်သဖြင့် နောက်ထပ် ကျောက် တုံးပေါ်သို့ မတင်ထိုက်တော့ပါ။ အရှင် အလိုတော်ရှိပါက သူ့ကိုသတ် တော်မူပါ... သို့သော် ကျောက်တုံးပေါ်မှာ မဖြစ်ပါစေနှင့်"

"ဤသို့ဆိုလျှင် သူ့အား မည်သို့ပြုရပါအံ့နည်း"

"သူသည် ကျူးလီသွေးဖြစ်၍ ကျွန်ုပ်တို့၏ရန်သူဖြစ်ပါသည်။ သူ့ အားစပိန်တို့ဘက်သို့ လွတ်မြောက်သွားစေရန်လည်းမသင့်ပါ။ အကယ်၍ သူရောက်သွားခဲ့ပါမူ ကျွန်ုပ်တို့အခြေအနေကို မုချပြောပြမည်သူဖြစ် ပါသည်။ သို့ဖြစ်၍ သူ့ကို ယခုချက်ချင်းသတ်လိုက်လျှင် မသင့်လျော် ပါသလော"

ထိုအခါ မှူးကြီးမတ်ကြီးများထဲတွင် ရတ်ရတ်သဲသဲဖြစ်၍သွားပြီး လျှင် အချို့က သဘောတူဟန်ဖြင့် ဦးခေါင်းကို ညိတ်ကြ၍ အချို့လည်း တုန်မလှုပ် ဆိတ်ဆိတ်သာလျှင် နေကုန်၏။

ထိုအခါ အိမ်ရှေ့မင်းသားကြီးသည် သည်းမခံနိုင်သည့်ဟန်ဖြင့်

"ပြောကြလော့... ကျွန်ုပ်တို့သည် ထောင်ပေါင်းများစွာကုန်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အမျိုးသားများအရေးကို ဆွေးနွေးတိုင်ပင်နေသည့်အတွင်း၌ ဤလူဖြူကောင် တစ်ယောက်အတွက် အချိန်အကုန်မခံနိုင်၊ သတ်ထိုက်သည် သတ်ထိုက်သည်ကို အမြန်ပြောကြလော့...”

ထိုအခါ ဂေါတမီမော့သည် မတ်တတ်ရပ်ကာ အရိုအသေပေးပြီး နောက်...

“ဦးရီးတော် အရှင်... ကျွန်ုပ်အားခွင့်လွှတ်လော့၊ ဤအကျဉ်းသား လူဖြူကို သတ်ပစ်မည့်အစား... ၎င်းအားအသုံးချလျှင် ပို၍မသင့်လျော် ပါလော... ကျွန်ုပ်ကိုယ်တိုင် သူ့ကိုကောင်းစွာသိ၍ သူသည်သတ္တိကောင်း ရုံမျှမက သစ္စာရှိသော သူတစ်ယောက်လည်းဖြစ်ပါသည်။ သူ့အား ကျူးလီဟုပင် ခေါ်ရသော်လည်း သူသည် ကျူးလီအစစ်မဟုတ်ပါ။ စပိန် တို့ကိုမုန်းတီးသည့် အခြားလူဖြူတစ်မျိုးဖြင့် စပ်၍ပေါက်ဖွားလာ သူ ဖြစ်ပါသည်။ သူ့သည် ကျွန်ုပ်တို့မသိသော စပိန်လူဖြူတို့၏တိုက်နည်း ခိုက်နည်း စစ်ပရိယာယ်ကိုလည်း ကျွမ်းကျင်ပါသည်။ သို့နှင့် အကယ်၍ ကျွန်ုပ်တို့ကိုယ်တိုင် အခက်အခဲကြုံခဲ့သော် သူသည် ကျွန်ုပ်တို့အား အကြံကောင်း ဉာဏ်ကောင်းများ ပေးနိုင်လိမ့်မည်ဟု ထင်ပါသည်”

“မည်ကဲ့သို့သော အကြံကောင်းပေနည်း ဂေါတမီမော့၊ ဝံပုလွေ သမင်ကိုပေးသော အကြံမျိုးပေလော၊ စပိန်တို့ လက်အောက်သို့ ကျွန်ုပ် တို့ ဒူးထောက်၍ ရောက်ရမည့် အကြံမျိုးပေလော၊ သူသည် ကျွန်ုပ်တို့ အားလုံးနှင့်တကွ ကျွန်ုပ်တို့နိုင်ငံကိုပါ ရောင်းမစားဟု မည်သူ အာမ ခံသနည်း”

“ကျွန်ုပ်အသက်ဖြင့် အာမခံပေးပါမည် အရှင်”

“တူတော်မောင် သင်၏အသက်ကား ကျွန်ုပ်တို့ နိုင်ငံအတွက် အဖိုးတန်လှပေ၏။ လူဖြူများကား အများအားဖြင့် လူလိမ်များဖြစ်၍





သူ၏အကြံဉာဏ်ကို ကျွန်ုပ်တို့ယုံကြည်နိုင်မည်လော သို့ဖြစ်၍ သံသယ ကင်းရှင်းသွားအောင် တစ်ခါတည်းသတ်လိုက်လျှင် မကောင်းပါလော”

“အရှင်... စဉ်းစားတော်မူပါဦးလော၊ ဤလူဖြူသည် အသင်၏ တူတော်ဖြစ်သော မွန်တီဇူမာဘုရင်ကြီး၏သမီးတော် အော်တိုမီမင်းသမီး နှင့် လက်ထပ်ထိမ်းမြားပြီးဖြစ်ရာ၊ အော်တိုမီသည် ဤလူဖြူကို ချစ်ခင် သည့်အတွက် ကျောက်နက်တုံးပေါ်၌ အသက်ကို အသေခံပြုလုပ်ခဲ့ ဖူး၏။ အော်တိုမီကို ခေါ်လိုက်ရမည်လော”

“သင့်သဘောအတိုင်း ခေါ်လိုကခေါ်ပေတော့ တူတော်မောင် သို့သော် ချစ်၍နေသောမိန်းမသည်ကား... ကန်း၍နေသော မိန်းမနှင့်တူ လှချေ၏။ သူသည် ကျွန်ုပ်တို့ဘာသာအယူဝါဒအားဖြင့်သာ အော်တိုမီ ၏ ခင်ပွန်းလင်ဖြစ်ခဲ့၏။ အော်တိုမီကိုခေါ်ရန် မှူးကြီးမတ်ကြီးများက သဘောတူပါသလော”

ဤနေရာတွင် အော်တိုမီကို ခေါ်သင့်သည်ဆိုသောဘက်မှ လူများ နေသဖြင့် အော်တိုမီအား ဆင့်ခေါ်စေရာ၊ အော်တိုမီမင်းသမီးသည် ကြာမီ ညီလာခံသို့ဆိုက်ရောက်လာလေ၏။ အော်တိုမီသည် ရွှေချည် ငွေချည်များထိုးထားသည့် အလွန်ပြောင်လက်သောပိုးထည်ကိုယ်ရုံကို ဝတ် ဆင်ကာရှိလေရာ၊ ဥရောပတိုက်သားတို့မျက်စိဖြင့် လူမည်းလူရိုင်းပင် ခေါ်စေကာမူ အက်(ဇ)တက်လူမျိုးတို့ အနေအထားသဘာဝအားဖြင့် ဘုရင့်သမီးတော်တစ်ပါးပီပီ ခန့်ညားတည်ကြည်လှပေ၏။ အိမ်ရှေ့သို့ ရောက်သောအခါ ဦးခေါင်းကို အတန်ငယ်ညွှတ်၍ အရိုအသေပြုပြီး နောက် ရာဇမာန်တက်လှသော မျက်နှာဖြင့် ရပ်လျက်ရှိလေသည်။

“တူမတော်... ကျွန်ုပ်တို့သည် ဤကျူးလီအား သတ်ရမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့အထဲသို့သွတ်သွင်းကာ သစ္စာခံစေရမည်လျှင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မည်လော"ဟူသော ပြဿနာပေါ်ပေါက်ခဲ့၏။ ဂေါတမီမော့ကမူ ကျူလီ အတွက် တာဝန်ခံပြီးဖြစ်၍ သင်လည်း တာဝန်ယူလိမ့်မည်ဟု အပြောရှိ၍ သင့်အား ခေါ်ခြင်းဖြစ်၏။ သင်ကား မိန်းမဖြစ်သည့်အတိုင်း တာဝန်ယူ ရန် နည်းလမ်းတစ်ခုသာရှိ၏။ သင်သည် ဤတစ်ပြည်သားအား လက် ထပ်သည်ဆိုခြင်းမှာ ကျွန်ုပ်တို့ ဘာသာအယူဝါဒအားဖြင့်သာ လက်ထပ် ပြီးခြင်းဖြစ်၏။ သို့ဖြစ်၍ သင်သည် ဤကျူလီအား ကျွန်ုပ်တို့အမျိုး အနွယ် အက်(ဇ)တက်လူမျိုးတို့ ထုံးတမ်းစဉ်လာအရ လက်ထပ်ပြီးလျှင် သူ့အတွက် သင်၏အသက်ဖြင့် တာဝန်ယူနိုင်ပါမည်လော"

"သူက လက်ထပ်လိုပါလျှင် တူမတော်က တာဝန်ယူရန် အသင့် ရှိပါသည် ဦးရီးတော်"

"အမှန်အားဖြင့်သော်... သင်၏သွေးကား ဤခွေးဖြူထက် မြင့်မြတ် လှပေ၏။ သင်ကား ကျွန်ုပ်တို့ကျေးဇူးရှင် မွန်တီဇူမာဘုရင်ကြီး၏ ရင် နှစ်သမီးတော်အစစ်ဖြစ်သည်ကို သင်သတိပြုပါလော့။ ထို့ပြင် သင်သည် အော်တိုမီနယ်စား မင်းသမီးတစ်ပါးဖြစ်သည့်အတိုင်း သင်ပိုင်သောနယ်မှ တောင်ပေါ်သားများကို ခေါ်ရဦးမည်။ ထိုတစ်ပြည်သားသည် ကျွန်ုပ်တို့ ၏သစ္စာကို ခံပါစေမည်ဟု တာဝန်ယူရန် ခဲယဉ်းသည် မဟုတ်ပါလော။ အကယ်၍ သူသည် သစ္စာဖောက်ငြားအံ့ ဘုရင့်သွေးဖြစ်စေကာမူ သင်၏ အသက်ကို ချမ်းသာပေးလိမ့်မည် မဟုတ်ကြောင်း သင်သိပါသလော"

"ကျွန်ုပ်အားလုံးသိပါသည် ဦးရီးတော်၊ တစ်ပြည်သားဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကျွန်ုပ်သည် ဤသူ့ကိုမေတ္တာရှိခဲ့ပါသည်။ အကယ်၍ ထိုသူသည် သစ္စာဖောက်ခဲ့သော် ထိုသူ၏အပြစ်ကို ကျွန်ုပ် သွေးဖြင့်ဆေးကြောပါမည်။ ထိုမှတစ်ပါး အော်တိုမီနယ်မှ တောင်ပေ





သားများကိုလည်း သွေးဆောင်ရန် ဤသူသည် ကျွန်ုပ်အား ကူညီနိုင် လိမ့်မည် ထင်ပါသည်။ သို့သော် ကျွန်ုပ်အားလက်ထပ်၍ ယူနိုင်မည် မယူနိုင်မည်ကို သူကိုယ်တိုင် ပြောပါစေဦးလော့"

ထိုအခါ အိမ်ရှေ့မင်းသားကြီးသည် မချို၍ ပြုံးရသောအပြုံးမျိုးဖြင့်

"သေခြင်းကတစ်ဘက် မယားကတစ်ဘက် ရွေးချယ်ရမည့်ကိစ္စ၌ အသင့်အား ရွေးချယ်မည်မဟုတ်ပါလော တူမတော်၊ သူမပြောမီကပင် သူ့အဖြေကို ခန့်မှန်းနိုင်ပါသည်။

ထိုအခါ၌ ကျွန်ုပ်က

"ကျွန်ုပ်အများအပြား ပြောရန်မလိုပါအရှင် အော်တိုမီ သဘောတူ လျှင် ကျွန်ုပ်တူပါသည်"

ထိုအခါ အော်တိုမီသည် ကျွန်ုပ်ကြားနိုင်ရုံမျှသော လေသံဖြင့်...

"အရင်က ကျွန်မတို့ပြောတဲ့စကားတွေ မှတ်ထားနော် မောင်...၊ လက်ထပ်လိုက်တယ်ဆိုရင် အရင်ကဟာတွေ အားလုံးမေ့ပြီး နောက် အသစ်ပေါင်းသင်းကြစို့ပေါ့"ဟု တီးတိုးပြောလိုက်သေး၏။

အိမ်ရှေ့မင်းသားကြီးသည် ကျွန်ုပ်၏ အဖြေကိုကြားရသဖြင့်...

"ကျူလီ... သင်၏ စကားများကို ကျွန်ုပ်ကြားရပေပြီ၊ သင် လူဖြူ သည် ကမ္ဘာကိုလှည့်လည်ကာ ကျွန်ုပ်တို့ဌာနသို့ ရောက်ရှိလာပြီးနောက် ဤမင်းသမီးအား လက်ထပ်ခြင်းဖြင့် ကျွန်ုပ်တို့မင်းညီမင်းသား မှူးမတ် သေနာပတိများထဲတွင် သင်သည် အကြီးအကဲဖြစ်၍လာခဲ့ပေပြီ။ သို့ သော် ပြောလော့အသင်ကျူလီ သင့်အား ကျွန်ုပ်တို့မည်သို့ ယုံကြည်ရ အံ့နည်း။ အကယ်၍ သင်က သစ္စာဖောက်ခဲ့သော်... သင်၏မယားသည် သေရအံ့။ သို့ပင်ဖြစ်ငြားသော်လည်း သင့်အား မည်သို့ ထိခိုက်ပါအံ့ နည်း..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သည် အရှင်တို့၏သစ္စာကို ကောင်းစွာခံယူကြောင်း ...
[illegible]ဆိုပါ၏။ ကျွန်ုပ်သည် စပိန်တို့အား သင်တို့ မုန်းတီးသကဲ့သို့
[illegible]။ ထိုမှသာမကသေး သူတို့အထဲတွင် ကျွန်ုပ်နှင့်ကမ္ဘာရန်သူ
မုန်းတီးလှစွာသော စပိန်တစ်ယောက်ပင်ရှိနေရာ ထိုသူသည် ဤ
နံနက်ပင် ကျွန်ုပ်အား သတ်ဖြတ်ရန် ကြိုးစားသေး၏။ ယခုထက်
ကျွန်ုပ် မပြောနိုင်တော့ပါ။ အကယ်၍ ကျွန်ုပ်ကျိန်ဆိုသည့် စကားများ
မယုံကြည်ခဲ့ပါမူ ကျွန်ုပ်အား ယခုပင်သတ်ပါလော့၊ အရှင့်လူများနှိပ်
၍ထားသဖြင့် ကျွန်ုပ်မှာ သေလုမြောပါး ရှိနေပြီဖြစ်သောကြောင့်
သည် ဖြစ်စေ… ရှင်သည်ဖြစ်စေ အကြောင်းမထူးတော့ပါ…"

"ရဲရင့်ပေစွ… ရဲရင့်ပေစွ… အသင်ကျူလီ"

ထိုနောက် အိမ်ရှေ့မင်းသားကြီးသည် သူ၏ မှူးမတ်များ ဘက်
လှည့်ပြီးလျှင်…

"အသို့နည်း ပညာရှိအမတ်ကြီးများ၊ ကျွန်ုပ်တို့သည် ဤသူအ
အော်တိုမီကို ပေးအပ်၍ ကျွန်ုပ်တို့ဘက်သို့ပင် ပါဝင်လေမည်လော
သို့မဟုတ် တစ်ခါတည်းကိစ္စတုံးစေရလျှင် ကောင်းမည်လော၊ ဂေ
မော့ နှင့် အော်တိုမီတို့ ဝန်ခံသည့်အတိုင်း သူသည် ကျွန်ုပ်တို့ဘက်
သစ္စာရှိစွာနှင့် ပါဝင်မည်ဆိုက သူသည် စပိန်တို့၏ တိုက်ပုံ၊ ခိုက်ပုံ၊ ထုံး
ဓလေ့များ၊ လက်နက်များနှင့် ဘာသာစကားကိုလည်း ကောင်းစွာသိ
တတ်ကျွမ်းသည့်အတိုင်း စစ်တပ်တစ်တပ်လောက်ပင် အားကိုးရပေမည်
သို့သော် အကယ်၍ သူသစ္စာဖောက်ခဲ့သော် သူသည် ထိုခွေးဖြူများ
သွား၍ ကျွန်ုပ်တို့၏ အနေအထိုင် ကျွန်ုပ်တို့၏ တိုက်ပုံတကွ၊ ကျွန်ုပ်
ချို့ယွင်းချက်များကိုပါ ခွေးဖြူများအား ဖွင့်၍ပြောအံ့၊ ထိုကြောင့်
ဖြတ်ကြပါလော့ သုခမိန်အမတ်တို့…"





ထိုအခါ၌ မှူးမတ်များသည် အချို့ကလည်းသတ်သင့်သည်၊ အချို့ကလည်း ထားသည့်သည် ဇသည်ဖြင့် တစ်ယောက်တစ်ခွန်း ဆူညံစွာ ပြောဆိုလျက် ရှိကြကုန်၏။

"ဤသို့ ငြင်းခုံနေ၍ကိစ္စမပြီးပေ၊ လက်များကိုထောင်၍ အသင်တို့၏ဆန္ဒကို ပြကြပါလော့… ရှေးဦးစွာ ကျူလီကို သတ်လိုသူများက လက်ကို ထောင်ပါလော့"

မှူးမတ်များအားလုံး ၂၆ ယောက်ရှိသည့်အနက် လူ ၁၃ ယောက်တို့သည် ကျွန်ုပ်အား သတ်ရန်သဘောတူကြောင်းနှင့် လက်များကို ထောင်ကြကုန်၏။ သို့ဖြစ်ရကား ကျွန်ုပ်အားသေစေလိုသူ ၁၃ ယောက်ရှိလေရာ မဲချင်းမှာ တစ်ဘက်နှင့်တစ်ဘက် ညီမျှလျက်ရှိလေသည်။

ထိုအခါ အိမ်ရှေ့မင်းသားကြီးသည် ကျွန်ုပ်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးနောက် မှူးမတ်များဘက်သို့လှည့်လျက်…

"မဲဆန္ဒခြင်းကား တူညီလျက်ရှိ၏။ ဤသို့ဆိုလျှင် တစ်ဘက်က ကျွန်ုပ်၏ မဲဆန္ဒကိုပေးရပေမည်"

ဤသို့ဆိုလိုက်သည့်ခဏ၌ ကျွန်ုပ်၏သွေးများမှာ ရုတ်တရက်ခဲ၍ သွားသကဲ့သို့ မှတ်ထင်လိုက်ရပေ၏။ ထိုအချိန်၌ အော်တိုမီသည် ထိုင်ရာမှထကာ အရိုအသေပေးပြီးနောက် ကြည်လင်ပြတ်သားသော အသံဖြင့်…

"ဦးရီးတော် မပြောမီ တူမတော်အား စကားတစ်ခွန်းမျှ ပြောခွင့်ပြုစေလိုပါသည် ဦးရီးတော်"

"ပြောလော့… တူမတော်"

"ဦးရီးတော်သည် ယခုစစ်မက်ရေးရာအတွက် အော်တိုမီနယ်မှ ဆောင်ပေါ်သားများကိုခေါ်ရန် တူမတော်၏အကူအညီကို လိုသည်မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါလော့၊ ဤ**ကျူလီအား** သေဒဏ်ပေးခဲ့သော် ထိုကိစ္စကို တူမတော် ဆောင်ရွက်ခြင်း **မပြုနိုင်တော့ပြီ**ဖြစ်၍ အခြားသံတမန်တော် တစ်စုံတစ် ဦးကိုသာ **ရွေးချယ်တော်မူပါလော့**”

**ထိုအခါ၌** အိမ်ရှေ့မင်းသားကြီး ‘ကျူတီလာဟူအာ’သည် နက်နဲ စွာစဉ်းစားနေသည့်ဟန်ဖြင့် မည်းမှောင်လျက်ရှိသော မျက်နှာကို ဆော ကြည့်ကာ သူ၏မုတ်ဆိတ်ကို မကြာခဏဆွဲသပ်လျက် ရှိနေလေ၏။

သူကား မည်သည့်ဘက်သို့ သူ၏ဆန္ဒကို ပေးချိမ့်မည်နည်း။ အလွန် ကျယ်ဝန်းသော အခန်းကြီးအတွင်းမှ ထိုအချိန်၌ လူသူမရှိသော ကန္တာ ကဲ့သို့ အပ်တစ်ချောင်းကျသံကိုပင် ကြားရမလောက် အလွန်အမင် တိတ်ဆိတ်လျက်ရှိလေ၏။ ကျွန်ုပ်၏ရင်မှာ တဆတ်ဆတ်တုန်လျ ရင်ခုန်သံကိုပင် အပြင်မှကြားရလုမတတ်ရှိ၏။ ကျွန်ုပ်၏ကံကြမ္မာကား သူ၏နှုတ်ဖျားတွင် တည်ရှိပေတော့၏။

ထိုနောက် အိမ်ရှေ့မင်းသားကြီးသည် မာကျောသောအသံဖြင့်—

“ကောင်းပြီ ရှိစေလော့... ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တူမတော် အော်တိုမီ၏ အကူအညီကိုအလိုရှိအပ်၏။ မိန်းမတစ်ယောက်၏အချစ်ကို ကျွန်ုပ်တို့သည် ဆန့်ကျင်ဘက်ပြုရန်မလိုချေ။ ကျူလီ ကျွန်ုပ်တို့သည် သင့်အားအသက်ကို ချမ်းသာပေးလိုက်ပေပြီ။ ထိုမျှမက ၎င်းတို့နှင့်အရာ စည်းစိမ်ဥစ္စာတို့လည်းကောင်း၊ ကျွန်ုပ်တို့နိုင်ငံမှ အဆင့်အတန်းအမြင့် ဆုံးသော မိန်းမပျိုကိုလည်းကောင်း၊ ကျွန်ုပ်တို့အထဲတွင် ရာထူးဌာနန္တရ ကိုလည်းကောင်း၊ သင့်အားပေးအပ်ပြီဖြစ်၏။ သို့ဖြစ်၍ သင်သည် ဤ မိန်းမပျိုနှင့်တကွ ဆုလာဘ်များကိုယူပါလော့။ သို့သော် သင်တို့နှစ်ဦး စလုံးအား သတိပေးလိုက်ပါပေ၏။ သင်တို့သည် ကျွန်ုပ်တို့အား ရောင်





းပါသည်ဟု သာမန်ကြားရုံမျှနှင့် အသည်းနှလုံးကြွေကျခမန်း ကြောက် ကော်ဖွယ်ကောင်းလှသော အချိန်ဆွဲ၍သတ်သည့် သေနည်းမျိုးဖြင့် သင် သေရအံ့။ မှူးမတ်များ သူ့အားကျိန်စာကိုပေးလော့။ ကျိန်စာကိုဆိုစေ လော့”

ကျွန်ုပ်၏ မျက်လုံးများအတွင်း၌ အမှောင်ထုကြီး ကျ၍သွားသကဲ့သို့ ထင်လိုက်ရ၏။ ကျွန်ုပ်ကား ဤတစ်ကြိမ် သေမင်း၏ခံတွင်းမှ လွတ် မြောက်ရပြန်ချေပြီ။

ကျွန်ုပ်သည် ရုတ်တရက် သတိလစ်သကဲ့သို့ ဖြစ်သွားပြီးနောက် ကောင်းစွာသတိပြန်၍ရလာလေ၏။ ထိုအခါ၌ ကျွန်ုပ်သည် အော်တို မီ၏မျက်နှာကို လှမ်း၍ကြည့်လိုက်မိရာ အော်တိုမီသည် ကျွန်ုပ်အား စိတ် နှလုံးမသာယာလှသော ပြုံးချင်းမျိုးဖြင့် ခပ်ပြုံးပြုံးကြည့်နေသည်ကို မြင်ရ၏။

ထိုအခါ ဘုန်းကြီးသည်လက်တစ်ဖက်တွင် အရုပ်များဖြင့် ထူးဆန်း စွာ ထုလုပ်ထားသော ခွက်တစ်ခုကိုလည်းကောင်း၊ အခြားတစ်ဖက်တွင် ကျောက်ဓားကိုလည်းကောင်း၊ ကိုင်ဆောင်ကာ ညီလာခံမျက်နှာစာသို့ ထွက်လာပြီးနောက် ကျွန်ုပ်၏ လက်မောင်းသားတစ်နေရာကို ကျောက် ဓားဖြင့် ထိုးဖောက်ပြီးလျှင်... သွေးကို ခွက်ဖြင့်ခံလေသည်။

သွေးစက်များ ခွက်ထဲသို့ ကျလာသောအခါ သွေးစက်အနည်းငယ် ကို မြေပေါ်သို့သွန်ချပြီးလျှင်ရှေးဦးစွာ မြေစောင့်နတ်များကို တိုင်တည် လေသည်။ ထိုနောက် အမိန့်တစ်စုံတစ်ရာကို နာခံလိုသည့်လက္ခဏာဖြင့် အိမ်ရှေ့မင်းသားကြီး၏မျက်နှာကို လှမ်းကြည့်လေသည်။

**အိမ်ရှေ့မင်းသား။** “အရှင်ဘုန်းတော်ကြီး ဤသူအား... တူမတော်



www.burmeseclassic.com

www.burmeseclassic.com



အော်တိုမီ၏သွေးဖြင့် နှစ်ခြင်းမင်္ဂလာကိုပြုပါလော့။ တူမတော်သည် သူ့အားအသက်ပေး၍ ကျိန်ဆိုထားသူဖြစ်ပါသည်…”

**ဂေါ်တီမော့**။ “မလိုပါ. ဦးရီးတော်။ မင်းသမီး၏သွေးသည် ဤလူဖြူ၏သွေးဖြင့် ယစ်ပူဇော်သည့် ကျောက်တုံးပေါ်တွင် ကံအားလျော်စွာ ရောစပ်သွားခဲ့ပါပြီ။ ထို့ပြင်လည်း သူတို့သည် ဇနီးခင်ပွန်းဖြစ်ကြပါသည်။ ကျွန်ုပ်မှာ ဤသူအား အသက်ဖြင့်အာမခံသူဖြစ်သောကြောင့် ကျွန်ုပ်၏ သွေးကိုပေးပါ၏။ ဖောက်ပါလော့…”

**ရှေ့**။ “ဤကျူလီအား ကူညီမည့်မိတ်ဆွေများပါပေသည်။ ဂေါ်တီမော့ သင့်ကားလူဖြူကို ကြည်ညိုလွန်းလှ၏။ သို့သော် ရှိစေလော့”

ထိုအခါ၌ ဂေါ်တီမော့သည် ကျွန်ုပ်တို့ရပ်နေသည့်နေရာသို့ ထွက်လာရာ ဘုန်းကြီးလည်း သွေးကိုဖောက်ယူမည်ပြုလေ၏။ ထိုအခါ ဂေါ်တီမော့သည် ပြုံးလျက်…

“မလိုပါအရှင်… ကျွန်ုပ်သွေးထွက်သော နေရာရှိပါသည်”

ဤသို့ ပြောဆိုပြီးနောက် ဂေါ်တီမော့သည် လည်ပင်းစည်းအဝတ်ကို ဖြည်လိုက်ပြီးလျှင် သေနတ်ဒဏ်ရာကိုပြလေ၏။

ထိုအခါ ဘုန်းကြီးသည် စည်းနှောင်ထားသော အဝတ်ကိုဆွဲယူ၍ ဂေါ်တီမော့၏ဒဏ်ရာမှသွေးကို အခြားခွက်တစ်လုံးထဲသို့ ကျစေပြန်၏။ ထိုနောက် ဘုန်းကြီးများသည် သွေးခွက်ထဲသို့ သူ၏ လက်ညှိုးကို နှစ်ကာ ကျွန်ုပ်ရှိရာသို့လာ၍ ကျွန်ုပ်၏နဖူးပေါ်တွင် လက်ညှိုးဖြင့် အက္ခရာတစ်ခုကို ရေးလေသည်။ ထိုနောက် ကျယ်လောင်စူးရှသောအသံဖြင့်–

“ကောင်းကင်၌လည်းကောင်း၊ မြေ၌သော်လည်းကောင်း၊ ရေ၌သော်လည်းကောင်း၊ လေ၌သော်လည်းကောင်း၊ မည်သည့်နေရာမဆိုရှိ၍





ကျွန်ုပ်တို့အား သိနိုင်၊ မြင်နိုင်၊ ကြားနိုင်သည့် ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်… အရှင်၏မျက်မှောက်၌ အရှင့်ကို သက်သေထားကာ ဤသွေးကို ထိုသွေးဖြင့်ပြုလုပ်ပါ၏။ လွှဲပြောင်းပါ၏။ အရှင်ဘုရား၏မျက်မှောက်၌ အရှင်ဘုရားအားတိုင်တည်ကာဤသွေးကို ထိုသွေးဖြင့်ရောစပ်ပါ၏”ဟု ဆိုပြီးလျှင် သွေးခွက်တစ်ခုမှသွေးကို အခြားသွေးခွက်တစ်ခုထဲသို့ အပြန်အလှန်ရောစပ်ပေးလေ၏။

ထိုနောက် “ဤသွေးဖြင့် သင်၏လျှာကို ပွတ်သပ်ပါ၏”ဟုဆိုကာ သွေးပေသောလက်ညှိုးဖြင့် ကျွန်ုပ်၏လျှာဖျားကို လိမ်းကျံပေး၏။

ပြီးစီးလတ်သော် ဘုန်းကြီးသည် ရှေ့မှ နက်နဲပြတ်သားသောအသံဖြင့် အောက်ပါ“ကျိန်စာ”ကို အသံတိုင်၍ပေးရာ၊ ကျွန်ုပ်က လိုက်၍ဆိုရ၏။

“လူသတ္တဝါတို့ ကိုယ်ပေါ်သို့ ကျရောက်တတ်သည့် ကမ္ဘာပေါ်တွင် ရှိရှိသမျှ ဘေးအန္တရာယ်ဟူသမျှ၊ ရန်အမျိုးမျိုးမှန်သမျှ၊ ကျွန်ုပ်သစ္စာဖောက်ခဲ့သော်… ကျွန်ုပ်ကိုယ်ပေါ်သို့ ကျရောက်ပါစေသား၊ ကတိမတည် သစ္စာဖောက်ခဲ့လျှင် အသက်ရှင်စဉ် ဘေးဒဏ်၊ ရန်မာန် အန္တရာယ်တို့နှင့် အစဉ်အမြဲတွေ့ကြုံလျက် သေရသောအခါ အလွန်ဆိုးဝါးကြောက်မက်ဖွယ်ကောင်းသော သေခြင်းမျိုးဖြင့်သေပြီးလျှင် ကျွန်ုပ်၏ဝိညာဉ်သည် နေဗိမာန်နှင့် အဝေးဆုံးသောနေရာ၊ ကြယ်တာရာများ၏နောက် အလွန်မည်းမှောင်၍နေသည့် မှောင်ထုအတွင်း၌ ဆောက်တည်ရာမရ လည်ပတ်၍နေပါစေသား… ကျွန်ုပ်ကျူလီသည် ‘အနာဟူအက်’ နယ်ရှိ လူများနှင့် တကွ ၎င်း၏ တရားသောအစိုးရကို မည်သည့်အခါမှ သစ္စာမဖောက် ကတိတည်ကြည် ကျေးကျွန်ပြီပြီ နေထိုင်ပါမည်။ နိုင်ငံ၏ ရှိသူများအား



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်သို့ လွင့်စင်သွားသည့်အထိ တိုက်ခိုက်ပါမည်။ ကျွန်ုပ်၏အရှင်သခင် ဘုန်းတော်ကြီးမြတ်တော်မူသော မွန်တီဇူမာဘုရင်ကြီး၏ ရင်နှစ်သမီးတော်အစစ်ဖြစ်သူ "အော်တိုမီ"နယ်စား အော်တိုမီ မင်းသမီးအား သူသေသည်အထိ ရိုးမြေကျ ပေါင်းသင်းပါမည်။ ဤနယ်မြေနိမိတ်မှ ထွက်မသွားရန် ကျွန်ုပ်ကျိန်ဆိုပါသည်။ ကျွန်ုပ်၏နှုတ်မှ ယခုထွက်ဆိုသောကျိန်စာသည် "ပိုပို"မီးတောင်ကြီးသည် မီးနှင့်မီးခိုးမထွက်သည်အထိ၊ မက္ကဆီကိုပြည်သည် ဘုရင်မင်းဆက်ပြတ်သည်အထိ ဘုန်းတော်ကြီးများသည် ဘုရားတန်ဆောင်းများကို ဝတ်မပြုနိုင်သည်အထိ "အနာဟူအက်" နယ်မှ လူမျိုးသည် တစ်ယောက်မကျန် ပျောက်ကွယ်သည်အထိ ကျွန်ုပ်အားစူးရှပါစေသား"

"သင်သည် ဤကျိန်စာဒွိပါသော စကားများကို တစ်လုံးမကျန် ကျိန်ဆိုပါသလော..."

"တစ်လုံးမကျန် ကျွန်ုပ်ကျိန်ဆိုပါသည် အရှင်..."

ကျမ်းသစ္စာပြုသည့် အခမ်းအနားမှာ ဤတွင်ပြီးစီးလေရာ ဂေါ်တီမော့မင်းသားသည် ကျွန်ုပ်၏လည်ကို ယုယစွာဖက်ပြီးနောက်...

"ညီတော်... သင်ကား ကျွန်ုပ်တို့ သွေးသားဖြင့်ပေးပြီး၊ သင်၏ အကူအညီ သင်၏အကြံဉာဏ်ကား များစွာလိုအပ်လှ၍ ဤနေရာသို့ လာပြီးလျှင် ကျွန်ုပ်နှင့်အတူထိုင်ပါလော့"

ကျွန်ုပ်သည် အိမ်ရှေ့မင်းသားကြီးမျက်နှာကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်မိသေး၏။ သို့သော်မင်းသားကြီးသည် ပြုံးရယ်လျက်...

"ကျူလီ သင်၏တရားကို စီရင်၍ပြီးပေပြီ။ သင်သည် အော်တိုမီမင်းသမီး၏ ခင်ပွန်းဖြစ်သည့်အတိုင်း မှူးမတ်များထဲတွင် အကြီးအကဲပင်





ဖြစ်၏။ ဂုဏ်ကြီးသူ၊ သိက္ခာရှိသူ၊ ပစ္စည်းဥစ္စာနှင့်ပြည့်စုံသူဖြစ်၏။ ဤနေရာသို့လာ၍ သင့်နောင်တော် ဂေါ်တီမော့နှင့် အတူထိုင်လော့"

ထိုအခါ စစ်နှင့်ပတ်သက်သည့် ညီလာခံလည်း စ,လေရာ ကျွန်ုပ်တို့သည် စပိန်တို့အား မည်သို့မည်ပုံ တိုက်ထုတ်ရန် ဆွေးနွေးတိုင်ပင်လျက် ရှိကြကုန်၏။

○



www.burmeseclassic.com

www.burmeseclassic.com



## သန်းခေါင်ယံတိုက်ပွဲ

ကျွန်ုပ်မှာ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် မှူးမတ်အဖြစ်သို့ ရောက်ရှိခဲ့ရုံမက အော်တိုမီမင်းသမီး၏ ခင်ပွန်းဖြစ်သည့်အတိုင်း မဟာနွယ်မဟာသွေးတို့ အစဉ်အလာအရအားဖြင့် မှူးမတ် များထဲတွင် အကြီးအကဲပင်ဖြစ်ခဲ့လေသည်။

စပိန်တို့အား တိုက်ခိုက်အောင်မြင်ရေးနှင့် ပတ်သက်၍ မြို့ပြင်မှ ရေတံခါးများကိုဖွင့်၍ မြို့ပတ်လည်ရှိ လမ်းများကို ရေလျှံစေခြင်း၊ တံတားများကို ချိုး၍ပစ်ခြင်းများကို ပြုလုပ်ရန် ကျွန်ုပ်ကအကြံပေးထား၏။

ကျွန်ုပ်အိပ်ရာမှမနိုးမီပင် အက်(ဇ)တက်တို့သည် အထက်ပါကိစ္စများကို ပြုလုပ်ပြီးစီးနှင့်ကြလေပြီ။

နံနက်လင်းပြီးနောက် ထိုနေ့ညနေတွင် ကျွန်ုပ်သည် အက်(ဇ)တက်တို့၏ စစ်ဝတ်စစ်စားများကို ဝတ်ဆင်လျက် ဂေါတီမော့မင်းသားနှင့်



www.burmeseclassic.com

www.burmeseclassic.com



အခြားစစ်ဗိုလ်များပါ စပိန်စစ်ဗိုလ်ချုပ် ကော့တက်နှင့် အတိအလင်း စကားပြောဆိုရန် ထွက်ခဲ့ကြလေ၏။

ကော့တက်အုပ်ချုပ်သော စပိန်စစ်တပ်မှာ မွန်တီဇူးမာဘုရင်ကြီး လဲကျရာ မျှော်စင်ရှိသည့် နန်းတော်အတွင်း၌ရှိနေလေရာ၊ ကျွန်ုပ်တို့ လည်း ထိုမျှော်စင်ရှိရာသို့ ရှေ့ရှုသွားရောက်ကြစေလေ၏။

မျှော်စင်တွင် စစ်ဗိုလ်ချုပ် ကော့တက်ကိုယ်တိုင် ရှိနေသဖြင့် ဂေါ် တီမော့သည် အောက်ပါအဓိပ္ပာယ်ပါသည့်စကားများကို ပြောကြား လေသည်။

"စစ်ဗိုလ်ကြီး ကော့တက် ကျွန်ုပ်တို့ဘက်မှ လူအမြောက်အမြား ကျဆုံးရလေပြီထိုနည်းတူ သင်ကျူးလီတို့လည်း ကျဆုံးရမည်ကို မလွဲ ဧကန်မှတ်ယူပါလော့၊ သင်တို့သည် ကျွန်ုပ်တို့စားနှင့်မသေခဲ့သော အစာ ငတ်မွတ်ခြင်း၊ ရေငတ်မွတ်ခြင်းတို့နှင့်သေရအံ့။ သင်တို့အား ကျွန်ုပ်တို့ သည် ကျောက်တောင်ရှိရာသို့ ယူဆောင်၍ ယဇ်ပူဇော်ခြင်းအမှုကို ပြု ကြကုန်အံ့။ တံတားများကို ကျွန်ုပ်တို့သည် ချိုးဖျက်လိုက်ပြီဖြစ်၍ အသင်တို့အတွက် လွတ်မြောက်ရန်လမ်းကားမရှိချေ"

ထိုအခါ ကျွန်ုပ်တို့စစ်ဘက်မှ စစ်သားများကလည်း 'အသင် ကျူးလီ တို့တံတားများကို ကျွန်ုပ်တို့ဖျက်ဆီးပစ်လိုက်ပြီ၊ သင်တို့ လွတ်ပေါက် ကား... မရှိတော့ပြီ... မရှိတော့ပြီ" ဟု ဝိုင်း၍ အော်ကြကုန်၏။

ထိုအခါ၌ မြားများကို ပလူပျံသကဲ့သို့ တစ်ဘက်နှင့်တစ်ဘက် သွတ်လေရာ တိုက်ပွဲသည် နေဝင်ချိန်အထိ ပြင်းထန်လျက်ရှိလေ၏။

ကျွန်ုပ်လည်း နန်းတော်သို့ ပြန်ခဲ့၍ အော်တိုမီမင်းသမီးအား ၎င်း၏ ခမည်းတော် [illegible]ခင်မွန်တီဇူးမာဘုရင်ကြီးသည် မသေသေးဘဲ ဒဏ်ရာဖြင့်မြောမေ့လျက်





ရှိသည်ဟု စပိန်တို့ဘက်မှ ကြားရကြောင်းများဖြင့် ပြောကြားရာ အော်တို မီသည် ဖခင်ကြီးအတွက် တစ်စုံတစ်ရာ မျှော်လင့်ရန်မရှိကြောင်းဖြင့် ပြန်ပြောပြီးလျှင် အတွင်းဆွေး ဆွေးလျက်သာရှိလေ၏။

နှစ်ရက်မျှ ကြာလတ်သော် မွန်တီဇူးမာဘုရင်ကြီး ဆုံးကြောင်းကြား သိရပြီးလျှင် မကြာမီပင် စပိန်တို့သည် အက်(ဇ)တက်တို့အားအလောင်း ကို ပြန်၍ပေးကြကုန်၏။ ထိုအခါ အက်(ဇ)တက်တို့သည် တိုင်းသူပြည် သားများမသိစေဘဲ အလောင်းကို နန်းတော်၌ တစ်ညဥ့်မျှတာထားပြီး သော် မင်းဆွေမင်းမျိုး မှူးမတ်များသာပါသော သင့်လျော်ရုံမျှ အခမ်း အနားကလေးဖြင့် 'ချာပေါလီပက်'ခေါ်အရပ်၌ လျှို့ဝှက်၍ ထားလိုက် ကြလေသည်။ တိုင်းပြည်အားအသိမပေးဝံ့ခြင်းမှာ အခြားမဟုတ်၊ အကယ် ၍ တိုင်းသူပြည်သားများပါသိခဲ့ပါမူ လူဖြူတို့ကို အနူးအညွတ်လက်ခံ သဖြင့် တိုင်းရင်းသားတို့ သေကြေပျက်စီးရခြင်းကို အခဲမကြေနိုင်သော လူထုကြီးသည် ဘုရင့်အလောင်းကိုပင်အတင်းလုကာ ခြေတစ်ခြား၊ လက် တစ်ခြား အရုက်တကွဲဖြစ်အောင် ပြုလုပ်ကြမည် မလွဲဖြစ်သောကြောင့် ပေတည်း။

နောက် နှစ်ရက်အတွင်း၌ကား စပိန်တို့သည် လမ်းများကိုပြုပြင်ရန် အပြင်သို့ထွက်လာကြရာ တိုက်ပွဲများ ဖြစ်ကြသေး၏။ ပထမနေ့တိုက်ပွဲ ပြီးသည့်နောက် ကျွန်ုပ်အား လူ ၃၀၀၀ ကိုအုပ်ချုပ်ရသော စစ်ဗိုလ်ချုပ် အဖြစ်ခန့်ထား၏။ သို့သော် ကျွန်ုပ်ဝမ်းမြောက်သော အချက်တစ်ချက် မှာ စပိန်ကပ္ပတိန်တစ်ဦး ကျဆုံးရာတွင် သံကိုယ်ကျပ်အင်္ကျီတစ်ထည်ကို ရလိုက်ခြင်းဖြစ်လေသည်။ အင်္ကျီမှာ အလွန်ကောင်းမွန်၍ ကျွန်ုပ်နှင့် တိုင်း၍ ချုပ်ထားဘိသကဲ့သို့ ရှိပြီးလျှင် အထူးပြုလုပ်ထားသော သံမဏိ ဖြစ်သည့်အတိုင်း ကျည်ဆံများပင် ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်ုပ်သည် ၃၀၀မျှသော အက်(ဇ)တက်လေးသမားစစ်တပ်ကိုအုပ်ချုပ်၍ နှစ်ရက်မျှကြာသော အချိန်၌ပင်အောက်တွင် ရေးသားပေါ်ပြမည့် 'သန်းခေါင်ယံတိုက်ပွဲ'သည် အမှတ်မထင်ဖြစ်ပွားခဲ့လေသည်။ ထိုတိုက်ပွဲမှာ စပိန်ရာဇဝင်၌ပင် 'ကြောက်မက်ဖွယ်ကောင်းသောညဉ့်' (Night of Fear)ဟူ၍ မှတ်တမ်းတင်ခဲ့ရလေသည်။

ထိုညဉ့်၌ ဂေါ်တီမော့နှင့် ကျွန်ုပ်သည် ညဉ့်သန်းခေါင်လောက်တွင် လမ်းမကြီးကိုစောင့်ကြပ်နေသည့် ညဉ့်စောင့်စစ်တပ်ကလေးကို ကြည့်ရှုစစ်ဆေးရန် စစ်သားအနည်းငယ်မျှနှင့်ထွက်ခဲ့၏။

ထိုညဉ့်မှာ အလွန်မှောင်မိုက်သော ညဉ့်တစ်ညဉ့်ဖြစ်၍ မိုးတဖြောက်ဖြောက်ကျနေရာ ပင်လယ်ဘက်ဆီမှလေပြင်းသည်လည်း ပြင်းထန်စွာတိုက်ခိုက်လျက်ရှိနေသဖြင့် မှောင်မိုက်သော ညဉ့်ကိုပို၍ ကြောက်မက်ဖွယ်ကောင်းအောင် ဖန်တီးလျက် ရှိလေ၏။ တဝုန်းဝုန်း၊ တဖြုန်းဖြုန်း၊ တဂျုန်းဂျုန်း၊ တဒိုင်းဒိုင်းမြည်သော လေသံများသည် သစ်ရွက်အုပ်များအား တိုက်ခတ်ကာ တရှီရှီမြည်သောအသံကို ဆက်လက်ဖြစ်စေလျက် မှောင်မိုက်ထဲတွင် မကောင်းဆိုးရွားများ လိုက်တမ်းပြေးတမ်းကစားသကဲ့သို့ရှိနေ၏။

ထိုနောက် လေသံများ အတော်အတန်ငြိမ်သက်သွားလေရာ အမှောင်ထုသည် ယခင်ကထက်ပို၍ ထူထပ်လာပြီးလျှင် လူတစ်ယောက်သည် မိမိရှေ့ တစ်ကိုက်ကွာကိုပင်မြင်ရန် ခဲယဉ်းလျက်ရှိ၏။

သို့နှင့် ကျွန်ုပ်တို့သည် လမ်းစောင့်တပ်ခွဲကလေးမှ တပ်စိတ်မိုလ်ကိုတွေ့ရ၍၎င်းက အားလုံးပင် ငြိမ်သက်လျက်ရှိကြောင်း ကျွန်ုပ်တို့အားပြောကြားသဖြင့် ကျွန်ုပ်တို့သည် နန်တော်ရှေ့ကွက်လပ်သို့ သွားသည့်





လမ်းအတိုင်း လှည့်၍ပြန်ခဲ့ကြလေ၏။ သို့သော် ပြန်၍လှည့်ကြည့်မိသောအခါ အတော်များပြားသော လူအုပ်ကြီးတစ်ခု လမ်းလျှောက်နေသကဲ့သို့ မသဲမကွဲခြေသံများကို ကြားရလေ၏။

"နားထောင်စမ်း ဂေါ်တီမော့... ကြားရတယ်မဟုတ်လား"

"ကြားတယ်... ခြေသံတွေပဲ...ကျူလီတွေထွက်ကုန်ပြီထင်တယ်"

ထိုအချိန်၌ ကျွန်ုပ်တို့သည် ကွက်လပ်မှ လမ်းမကြီးသို့သွားသည့်လမ်းအတိုင်း ပြေးသွားကြရာ မှောင်ထဲမိုးရေထဲ၌ပင် စပိန်စစ်သားများ၏ ပြောင်လက်သော သံကိုကျပ်အင်္ကျီမှ အရောင်များကို တစ်ခါတစ်ခါ မြင်လိုက်ရ၏။ ထိုအခါ ကျွန်ုပ်လည်း အက်(ဇ)တက်ဘာသာဖြင့်...

"လက်နက်ကိုင်ကြ... လက်နက်ကိုင်ကြ... ကျူလီတွေ "တလာကိုပန်" လမ်းကထွက်ကုန်ကြပြီ"ဟု အော်လိုက်ရာ ကျွန်ုပ်အမိန့်သံသည် 'ကင်း'တစ်ခုမှတစ်ခုသို့ ဟစ်အော်ကူးစက်သွားပြီးလျှင်တစ်မြို့လုံးလန့်၍သွားလေ၏။ ထိုအသံကို လိုက်၍ လမ်းများမှလည်းကောင်း၊ ကျုံးမြောင်းများမှလည်းကောင်း၊ အိမ်ခေါင်းမိုးများပေါ်မှလည်းကောင်း၊ သူရဲခိုနှင့် ပြအိုးတန်ဆောင်းများပေါ်မှလည်းကောင်း ဆူညံစွာ ဟစ်အော်ကြကုန်၏။

ထိုအချိန်၌ ရေကို ထောင်ပေါင်းများစွာသော လှော်တက်တို့ဖြင့် ရိုက်ခတ်သံကိုကြားရ၏။ နီးသောအရပ်၊ ဝေးသောအရပ်၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာကိုမှ ကောင်းကင်မှ ကြွေ၍ကျသော ကြယ်များကဲ့သို့ ဝေ့ယမ်း၍နေသော မီးတုတ်များကိုမြင်ရ၏။ ဦးချိုမှုတ်သံ၊ ခရုသင်းမှုတ်သံများကို ကြားရလေရာ၊ ၎င်းအသံများအပေါ်တွင် လျှောက်တောင်ထက်မှ မြွေရေကိုပြုလုပ်ထားသည့် လူမည်းတို့ ဗုံခေါင်းသံသည် အားလုံးကို ဖုံးအုပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အားလုံးသောအသံများသည် စုပေါင်း၍ တစ်ခဲနက်သော အသံကြီးဖြစ်၍သွားပြီးလျှင် ရာပေါင်း၊ ထောင်ပေါင်းများစွာသော လက်နက်ကိုင်လူမည်းစစ်သားများသည် 'တလာကိုပန်'လမ်းဆီသို့ အအုပ်လိုက်အအုပ်လိုက် ချီတက်လျက်ရှိလေရာ လျှပ်ပြက်လိုက်သောအခါများ၌ ၎င်းတို့၏ ဓား၊ လှံ၊ လေး၊ မြားများသည် ပြိုးခနဲ၊ ပြက်ခနဲ အရောင်ထွက်ကာရှိကုန်၏။ ထိုအချိန်တွင် ၁၅၀၀ ခန့်ရှိသောစပိန်တို့နှင့် ၈၀၀၀ ခန့်မျှသော 'တလက်စကလန်' လူရိုင်းများသည် လမ်းမကြီးပေါ်တွင် စီတန်းသွားနေသည့် အကြောင်းလေးများကိုမြင်ရ၏။

ကျွန်ုပ်နှင့် "ဂေါ်တီမော့"တို့သည် နောက်မှ ရနိုင်သမျှလူများကို စုဆောင်းကာ ပထမကျုံးရှိရာသို့ ပြေးသွားကြရာ ထိုအချိန်၌ကား စပိန်တို့၏တပ်ဦးသည် ကျုံးထိပ်သို့ရောက်ပြီဖြစ်၍ စစ်သားများသည် လှေပေါင်း ၂၀ခန့်ဖြင့် ကျုံး၏အခြားဘက်သို့ ကူးစပြုနေကြလေပြီ။ ထိုနေရာတွင် တိုက်ပွဲစတော့၏။

သို့သော် စစ်သားများမှာ မှောင်ကလည်း မိုက်ပြန် ဖရိုဖရဲကလည်း ဖြစ်နေပြန် ရှိနေရကား၊ စစ်ဗိုလ်၏ အမိန့်သံများကို မကြားနိုင်ကြချေ။ အက်(ဇ)တက်တို့၌ ရည်ရွယ်ချက်တစ်ခုတည်းသာရှိ၏။ ထိုရည်ရွယ်ချက်မှာ စပိန်တို့အား တတ်နိုင်သလောက် သတ်ပစ်ရန်ဖြစ်လေသည်။ ထိုအချိန်၌ မိုးချုန်းသံကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အသံတစ်ခုကို ကြားရပြီးနောက် စပိန်တို့ဘက်တွင် မီးပွင့်သွားလေရာ ကျွန်ုပ်တို့ဘက်သို့ ကျည်ဆန်များသည် မိုးသီးများကဲ့သို့ ဖြာထွက်သွားပြီးနောက် ကျွန်ုပ်တို့စစ်သားအချို့ကို အတုံးအရုံးလဲကျစေ၏။

အမြောက်မှ မီးပွင့်၍သွားစဉ် စပိန်တို့သည် ကျုံးကိုကူးရန် သစ်သားတံတားကြီးတစ်ခုကို ယူဆောင်လာကြောင်း သိရလေသည်။ ထိုတံတား





မှာ ကျုံးကိုဖြတ်ချ၍ ထားပြီးဖြစ်ရာ ၎င်းမှ စစ်သားအချို့လည်း ကူးလျက်ရှိကြ၏။

ဂေါ်တီမော့သည် ကျွန်ုပ်အနီးမှတိုက်ခိုက်လျက်ရှိသည်ဖြစ်ရာ ကျွန်ုပ်လည်း ရှေ့တွင်မည်းခနဲပေါ်လာတိုင်း တစ်ခါတစ်ရံ ထိုးလိုက်ခြင်းအားဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံခုတ်လိုက်ခြင်းအားဖြင့် လည်းကောင်း စပိန်တို့အား အားသွန်တိုက်ခိုက်လျက်ရှိလေ၏။ သို့သော် ရန်သူများသည် လေသုတ်၍ လွင့်လာသော သစ်ရွက်ခြောက်များကဲ့သို့ ကျွန်ုပ်တို့အပေါ်တွင် ဖိ၍ဖိ၍သာ လာသဖြင့် ကျွန်ုပ်တို့သည် တိုက်ရင်း တံတားပေါ်သို့ ရောက်သွားလေ၏။

ထိုနောက် ကျွန်ုပ်လည်း ဂေါ်တီမော့နှင့် ကွဲကွာသွားရာ ထိုည၌အဖို့ နောက်ထပ် မတွေ့ရတော့ချေ။ ကျွန်ုပ်နောက်မှကား စပိန်တို့သည် နောက်မှ 'တလာစကလန်'လူရိုင်းတို့နှင့်အတူ တံတားကို ကူးလာကြလေပြီ။ သို့သော် အက်(ဇ)တက်တို့သည် ၎င်းတို့အား ယင်ကောင်ကို ဝိုင်း၍တွယ်သော ပုရွက်ဆိတ်များပမာ အတင်း တွယ်ကပ်ခုတ်ထစ်လျက်ရှိ၏။

နောက်ဆုံးအသုတ်ကူးမိသောအခါ၌ သစ်သားတံတားသည် ခါးလယ်မှ တစ်ခါတည်းကျိုး၍ကျလေရာ တံတားပေါ်မှလူအားလုံး ပါသွားပြီးလျှင် ရေထဲညွန်ထဲတွင် နစ်မြုပ်၍သေကြေရလေ၏။

ကျွန်ုပ်သည် နှစ်နာရီခန့်မျှ အသေအကြေ တိုက်ခိုက်လျက် ရှိနေတော့၏။

ဒုတိယကျုံးမှာ ပထမကျုံးထက် နက်လည်းနက် ကျယ်လည်းကျယ်၏။ သို့သော် စပိန်တို့ကား လူကောင်များကိုနင်းကာ တိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခံရင်း ကူးကျော်၍သွားကြကုန်၏။ ဤသို့ကူးရာ၌ လဲသောသူများသည် မသက်သာလှချေ။ ကမ်းနံဘေးသို့ လဲကျသူများမှာ အက်(ဓ)တက်တို့ ခြေဖျားတွင် အသက်ပါရ၍ အရှင်မိသူများကိုလည်း ယမ်ပူဓော်ရန် အလောင်းလှေများဖြင့် ခေါ်ဆောင်သွားကြ၏။ အချို့လည်း ရေနစ်၍ လည်းကောင်း၊ အချို့လည်း ညွန်ထဲတွင်လဲခိုက်၌ အပေါ်မှဖိ၍ နင်းခြင်း ခံရသဖြင့်လည်းကောင်း သေကြရကုန်၏။

ရာပေါင်းများစွာသော အက်(ဓ)တက်တို့လည်း လဲကျသေဆုံးရကုန် ရာ၊ များစွာတို့မှာ အချင်းချင်းလူမှားသတ်သဖြင့် သေကြရလေသည်။

ကံကောင်းထောက်မသဖြင့် ကျွန်ုပ်မှာ အက်(ဓ)တက်လူအုပ်ကလေး တစ်ခုနှင့်မကွဲဘဲ ကျွန်ုပ်၏ ခေါင်းဆောင်တိုက်ခိုက်ရလေရာ၊ အပြေး သမားမှာ အလိုက်သမားနှင့်စာလျှင် တစ်ပန်းရှုံးပြီးဖြစ်သည့် အတိုင်း ကျွန်ုပ်တို့ဘက်မှသာ အနိုင်ရခဲ့၏။

ဤသို့နှင့် အရှေ့အရပ်မှ လင်းရောင်ကလေး ပြေးလာပြီးလျှင် အရုဏ်တက်၍လာလေရာ စပိန်တို့သည် ဒုတိယကျုံးကို ဖရိုဖရဲကူး လျက်ပင် ရှိနေသေး၏။ ထိုအခါ ကျွန်ုပ်လည်း ရသမျှလူမည်းများကို စုဆောင်းကာ ဒုတိယကျုံးကို ကူး၍နေသော စပိန်တပ်ကို တိုက်ခိုက် လေ၏။

ကျွန်ုပ်သည် နောက်ပါအက်(ဓ)တက်စစ်သားများနှင့်အတူ လူ အများဆုံးနေရာသို့ တိုးဝင်တိုက်ခိုက်လေရာ၊ လူတစ်ယောက်ရိုက်ချ လိုက်ပြီးနောက် ၎င်း၏နောက်တွင် ကျွန်ုပ်၏ရန်သူ 'ဂါဆီယာ'နှင့် မျက် နှာချင်းဆိုင်၍နေလေ၏။ ထိုအခါ ကျွန်ုပ်သည် အသံကုန်ဟစ်အော်ပြီး လျှင် တင်းပုတ်ကိုမြှောက်လိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်လက်တွင်





ဆးမရှိတော့ချေ။ ဓားမှာကျိုးသွားခဲ့ပြီဖြစ်၍ သေနေသော အက်(ဓ)တက် စစ်သားတစ်ယောက်ထံမှ တင်းပုတ်ကို ယူခဲ့ခြင်းဖြစ်လေသည်။

ဂါဆီယာသည် ကျွန်ုပ်အသံကိုကျက်မိသည်ဟန်ဖြင့် ပါးစပ်မှ ကျိန် ဆဲရေရွတ်ကာ ကျွန်ုပ်၏ အလယ်ဦးခေါင်းတည့်တည့်ပေါ်သို့ ဓားနှင့် ခုတ်ချလေ၏။ သို့ရာတွင် ကျွန်ုပ်က ချိုစောင်းကိုအနည်းငယ်ထိသွား ပြီးလျှင် သစ်သားဖြင့်ပြုလုပ်ဆေးခြယ်ထားသော သစ်သားခေါင်းစွပ် တစ်ခြမ်းကို ပဲ့၍ကျစေရုံမျှမက အရှိန်ပြင်းလွန်းသဖြင့် ကျွန်ုပ်အား မူး နောက် မြေပေါ်သို့လဲကျစေ၏။

သို့သော် မြေပေါ်သို့ကျွန်ုပ်မကျမီ ကျွန်ုပ်၏တင်းပုတ်သည် သူ၏ ခေါင်းဘတ်ပေါ်သို့ တစ်ချက်မိ၍သွားသေးသဖြင့် သူလည်း ဖင်ထိုင်ကျ သွားလေသည်။

ထိုအချိန်၌ တစ်ဖက်နှင့်တစ်ဖက်သည် ထွေးလုံးရစ်ပတ် ဖြစ်သွား သဖြင့် ကျွန်ုပ်လည်း အမူးပြေသည်နှင့်တစ်ပြိုင်နက် လူနှစ်ယောက်သုံး ယောက်မျှကျော်၍ သူ့အား လည်ပင်းဆီသို့ လှမ်းဆွဲလိုက်ရာ၊ ကျွန်ုပ်တို့ နှစ်ယောက်စလုံးပင် ကမ်းမြင့်ပေါ်မှ ခြေချော်ကာ ရေအိုင်စပ်ရှိညွန်ထဲ တွင် တလိမ့်ခေါက်ကွေးကျသွားကြလေ၏။

အောက်ညွန်ထဲသို့ ရောက်သောအခါ ကံအားလျော်စွာ ကျွန်ုပ်က အပေါ်မှ စီးပြီးဖြစ်နေသဖြင့် ကျွန်ုပ်လည်း ဒဏ်ရာမှ တစီမ့်စီမ့်ကျ ဆင်းနေသော သွေးနှင့် ရွှံ့များပေကျံနေသည့် မျက်လုံးများကို ပွတ်သပ် ကာ ကျွန်ုပ်၏ ရန်သူကို စေ့စေ့ကြည့်လေ၏။ သူ၏ကိုယ်မှာ ရေထဲ တွင်မြုပ်နေ၍ ဦးခေါင်းမှာမူ ဆင်ခြေလျှောရှိနေသော ကမ်းစပ်တွင် ဆင်လျက်ရှိနေလေသည်။ ထိုအခါ ကျွန်ုပ်၏တင်းပုတ်မှာ ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်၍ လက်ချည်းသက်သက်ရှိနေရကား၊ ကျွန်ုပ်သူ၏ ဦးခေါင်းကို ရေထဲတွင် ခပ်ကြာကြာခုနှိပ်၍ထားပြီးလျှင် ရေမွန်း၍သေစေရန်ဖြစ်လေသည်။ ထိုအခါကျွန်ုပ်က စပိန်ဘာသာဖြင့်...

"အား... ဂါဆီယာ... မင်းဘယ်တော့ ငါ့ကိုလွတ်အောင် ပြေးနိုင်မလည်းကွယ်၊ အခုတော့မိပြီမဟုတ်လား"

(အသံကြမ်းကြီးဖြင့်) "ဟာ... ငါ ဂါဆီယာမဟုတ်ပါဘူး၊ မဟုတ်ပါဘူး... ချမ်းသာပေးပါ"

မျက်နှာကို အသေအချာ ကြည့်ရာတွင် ဂါဆီယာမဟုတ်ကြောင်း ထိုအခါမှသိရတော့၏။ မည်ကဲ့သို့ ဖြစ်လေသနည်း။ လမ်းပေါ်တွင် ကျွန်ုပ်သည် ဂါဆီယာကို ဖမ်း၍အုပ်လိုက်သည်မှန်၏။ သို့သော် လူများသည် ထိုနေရာ၌ တစ်ယောက်အပေါ်တွင် တစ်ယောက်ထပ်ကာ လဲလျှ လျက်ရှိသည်ဖြစ်ရာ အကျွန်ုပ်မှာ အခြားစပိန်စစ်သားတစ်ယောက်နှင့် လိမ့်ကျလာဟန် ရှိလေသည်။

"မင်း... ဘယ်သူလည်း ပြောစမ်းမြန်မြန်... ဂါဆီယာ ဘယ်မှာလည်း မင်းတို့စပိန်တွေက 'ဆာစီဒါ'လို့ ခေါ်နေတဲ့အကောင်လေ..."

"ဘယ်ရောက်သွားတယ် ကျုပ်မသိဘူး၊ 'ဆာစီဒါ'ဟာ ကျုပ်အနားမှာ ကန့်လန့်ဖြတ်ပြီးလဲနေတာတော့အမှန်ပဲ၊ ကျုပ် ဆာစီဒါ မဟုတ်ဘူးဗျာ... ချမ်းသာပေးပါ၊ ပြီးတော့ အခုလိုစစ်ပွဲကြီးမှာ အရင်က ခင်ဗျားတို့ ရန်စကိုရှင်းနေဖို့ အချိန်လည်းမဟုတ်ပါဘူးဗျာ"

"ဘယ်သူလည်း... မင်းနာမည်"

"ကာနယ်ဒေးတဲ့...ခင်ဗျားကော ဘယ်သူလည်း၊ အက်(၈)တပ်က ဖြစ်ပြီး စပိန်စကားလည်း မှတ်လို့ပါကလား"





"ငါ... အက်(၈)တက်မဟုတ်ဘူး၊ အင်္ဂလိပ်လူမျိုးတစ်ယောက်ပါ၊ မင်းတို့အထဲက ဆာစီဒါဆိုတဲ့အကောင်ကို သတ်ဖို့အခွင့်ကြုံအောင် ဒီလူမည်းတွေနဲ့အတူတိုက်နေတာ၊ သို့ပေမယ့် မင်းနဲ့တော့ ရန်စမှမရှိဘဲ၊ ကိုင်း... ကိုယ်လွတ်ရုံးပြီး လွတ်အောင်သာပြေးပေတော့"

"အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ စပိန်ပဲဖြစ်ဖြစ်၊ လူမည်းပဲဖြစ်ဖြစ် ကျုပ်အပေါ်မှာ ခင်ဗျားသိပ်ကောင်းတာပဲ၊ ဒီစစ်ပွဲမှာကျုပ်အသက်မသေရင် ခင်ဗျားကျေးဇူး ကျုပ်မမေ့ပါဘူး"

"ရှော့လေ... မင်းအား"

"အထိမ်းအမှတ်အဖြစ်နဲ့ ခင်ဗျားဆီမှာကျုပ်ထားခဲ့မယ်ဗျာ၊ ကိုင်း... မိတ်ဆွေ... ကျုပ်သွားပြီ"

ထိုနောက် သူသည် လမ်းပေါ်သို့သွား၍တက်ကာ တရကြမ်းပြေးသွားလျက်ရှိသော စပိန်စစ်သားများထဲတွင် ရောနှောကာ ပျောက်ကွယ်၍သွားလေ၏။

ကျွန်ုပ်၏ရန်သူ 'ဂါဆီယာ'ကား ကျွန်ုပ်၏လက်ခုပ်အတွင်းမှ လက်မ တင်ကလေးမျှ လွတ်မြောက်၍သွားလေပြီ။

ထိုအခါ၌ ကျွန်ုပ်မှာ တစ်ညဉ့်လုံး တိုက်ခိုက်ခဲ့ရသဖြင့် လက်ကို မြောက်ချင်အောင်ရှိနေလေရာ၊ ချိုစောင်းတွင်ထိခိုက်မိသော ဓားဒဏ်ရာမှလည်း သွေးများသည် စီးကျလျက်ရှိနေသဖြင့် ဦးခေါင်းထဲမှ တစ်ခါတစ်ရံ မိုက်ခနဲ၊ မိုက်ခနဲ ဖြစ်သွား၏။

သို့နှင့် ဆက်လက်တိုက်ခိုက်ရန် မသင့်လျော်သည့်အတိုင်း အက်(၈)တက်တို့၏ လူနာများ၊ သံ့ပန်းများ တင်ပို့နေသည့် လောင်းလှေများရှိရာသို့ ဒယိမ်းဒယိုင်လျှောက်ခဲ့ရလေရာ ထိုအချိန်၌ကား မိုးစင်စင်လင်းခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## မွန်တီဇူမာ၏ ပစ္စည်းဘဏ္ဍာများ

မွန်တီဇူမာဘုရင်ကြီး နတ်ရွာစံသောအခါ အိမ်ရှေ့မင်းသား "ကျူတီလာဟူအာ"သည် အက်(ဇ)တက်တို့အပေါ်တွင် ဘုရင်ဖြစ်လာလေသည်။ အက်(ဇ)တက်တို့ကား စပိန်တို့ထွက်ခွာသွားသည့်အတွက် အလွန်အကျူး စိတ်ပျော်မြူးလျက်ရှိကြ၏။ လူမည်းများမှာ ရှေ့အဖို့တွင် မည်သို့မည်ပုံဖြစ်ဦးမည်ဟူသော အနာဂတ်အရေးကို မျှော်တွေးခြင်းမရှိ၊ ထောင်ပေါင်းများစွာသော မိမိတို့အမျိုးသားများ သေကြေပျက်စီးရသည်ကိုလည်း မေ့လျော့ကာ ပျော်ရွှင်မှုနှင့်သာ အချိန်ကုန်လျက်ရှိကြလေသည်။

အိမ်တိုင်းလိုလိုပင် တစ်အိမ်လျှင် တစ်ယောက်၊ နှစ်ယောက် စသည်တို့ဖြင့် တိုက်ပွဲတွင်ကျဆုံးခဲ့ရသော်လည်း လူမည်းတို့သည် ထိုအချင်းများကို ဂရုမစိုက်သကဲ့သို့ လမ်းများပေါ်တွင် လူပျိုလူရွယ်များနှင့် မိန်းမပျို၊ မိန်းမငယ်များသည် တောပန်းအမျိုးမျိုးကို သီကုံးပန်ဆင်ကာ "ကျူ



www.burmeseclassic.com

www.burmeseclassic.com



လီတွေပြေးလို့ တို့ပျော်တယ်၊ လူဖြူတွေနဲ့ဝေးလို့ တို့ပျော်တယ်” စသည်ဖြင့် သံချပ်များထိုးကာ ကခုန်ပျော်ရွှင်ကြကုန်၏။ ဘုရားရုပ်တုများကို နေရာ၌ပြန်၍ထားကာ ပျက်စီးသော တန်ဆောင်းများကိုလည်း ပြန်၍ တည်ဆောက်ကြလေသည်။

ထိုအကြောင်းများသိသဖြင့် တစ်နေ့တွင် ကျွန်ုပ်က ဂေါ်တီမော့အား...

“အသို့နည်း နောင်တော်... ကျွန်ုပ်တို့နိုင်ငံအား မကောင်းကျိုးပေးခြင်းသည် ဤရုပ်တုများကြောင့်မဟုတ်ပါလော၊ ဥက္ကာသွေးစွန်းသောရုပ်တုများနှင့် ဘုန်းကြီးများသည် ကျွန်ုပ်တို့အား မည်သို့ကောင်းကျိုးပေးနိုင်အံ့နည်း”

(မျက်နှာပျက်လျက်) “ညီတော်... အသို့ဆိုလိုက်ဘိသနည်း၊ မဆင်မခြင် လွှတ်ခနဲပြောလိုက်သော စကားများသည် မှားတတ်ပါသည်။ အခြားသူ တစ်စုံတစ်ယောက်သာ ဤစကားကို ကြားခဲ့ပါမူ ထိုသူသည် ညီတော်အား ကျောက်နက်တုံးပေါ်သို့ရောက်အောင် ကြိုးစားမည်မလွဲတည်း။ ကျွန်ုပ်သည် ညီတော်အား အသက်ပေး၍ချစ်ခဲ့ပါသည်။ ကျွန်ုပ်ကို ချစ်ခဲ့လျှင် ဤစကားကိုနောက်ထပ်မဆိုပါနှင့်၊ ဤကိစ္စကို အပထား၍ ကျူလီတို့ ဤနေရာသို့ ပြန်လာဦးမည်ဟု ညီတော်ထင်ပါသလော”

“နောင်တော်၊ မနက်ဖြန်နံနက် နေထွက်မည်မဟုတ်ပါလော”

“ထွက်မည် အမှန်ဖြစ်သည်”

“ထို့အတူပင် စပိန်တို့သည် တစ်နှစ်အချိန်တွင် ဤမက္ကဆီကိုမြို့တံခါးဝသို့ ရောက်လာကြကုန်လတ္တံ့”

“ညီတော်နှင့် ကျွန်ုပ်ယခုည စကားပြောမသင့်မြတ်ပါ၊ သို့သော် ညီတော်၏ စကားများ မှန်ကန်မည်ကို စိုးရိမ်မိပါသည်။ ယခုတစ်ကြိမ်





ဆိုက်ခဲ့သော ကျွန်ုပ်တို့ အနိုင်တိုက်ခိုက်ကြကုန်အံ့။ မွန်တီဇူမာကား မြွေကို အကျီထဲသို့ အပေါက်ခံရသည်အထိ ထည့်သွင်းထားခဲ့သူဖြစ်၏။ သခင်မှုကား သုံ့မရှိတော့ပြီ မဟုတ်ပါလော”

ထိုနောက် ဂေါ်တီမော့သည် ဆက်လက်၍ တစ်စုံတစ်ရာမပြောဘဲ သက်ပြင်းတစ်ချက်ချပြီးနောက် နေရာမှထသွားလေ၏။

နောက်တစ်နေ့၌ ဂေါ်တီမော့သည် ကျွန်ုပ်အဆောင်သို့ရောက်လာ၍ ကျွန်ုပ်အား “ကျူတီလာဟူအာ” ဘုရင်အမိန့်ဖြင့် သူနှင့်အတူ အလွန်လျှို့ဝှက်သည့်ကိစ္စကြီးတစ်ခု၌ ဆောင်ရွက်ရမည့်အကြောင်းနှင့် ပြောကြားလေ၏။ ထိုကိစ္စမှာ ဘုရင်ကိုယ်တိုင်အထူး ယုံကြည်စိတ်ချရမည့်သူကိုရှာဖွေရာတွင် ဂေါ်တီမော့အပြင် ကျွန်ုပ်ကိုရွေးလိုက်ခြင်းမှာ ဘုရင်နှင့်တကွ ဘုရင့်သွေးသား မှူးမတ်များကပင် ကျွန်ုပ်အပေါ်၌ အထူး အားကိုး စိတ်ချကြောင်း ထင်ရှားလှပေ၏။ ထိုကိစ္စကားအခြားမဟုတ်။ သန်းခေါင်တိုက်ပွဲဖြစ်သည့် ညဉ့်တွင် စပိန်တို့ လက်လွှတ်ထွက်ပြေးကြရာ၌ ချန်ရစ်ခဲ့သည့် ရွှေ၊ ငွေ ပစ္စည်းများနှင့် မွန်တီဇူမာဘုရင်ကြီး၏ ဘဏ္ဍာတိုက်မှ မြောက်မြားလှစွာသော အဖိုးတန်ပစ္စည်းဥစ္စာများကို လျှို့ဝှက်သော နေရာတစ်ခုတွင် သွားရောက်ဖွက်ထားရန် ဖြစ်လေသည်။

သို့နှင့် နောက်တစ်နေ့ည, ညစာစားပြီးအချိန်၌ ဂေါ်တီမော့မင်းသားနှင့်ကျွန်ုပ်တို့သည် နန်းတော်တွင် အကြီးအကဲဖြစ်သူ မှူးမတ်များနှင့်အတူ ရေအိုင်သို့သွားသည့်လမ်းအတိုင်း ထွက်ခဲ့ကြလေ၏။ ရေစပ်သို့ရောက်လတ်သော် လောင်းလှေကြီး ၁၀ စင်း ဆိုက်ကပ်ထားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိလေရာ ၎င်းတို့အပေါ်တွင် ချည်ထည်များဖြင့် ဖုံးအုပ်ထား သည် မာကျောသော အရာများကို တွေ့မြင်ရလေသည်။

ကျွန်ုပ်တို့လူစုမှာ လူပေါင်း ၃၀ ခန့်ရှိ၍ ကျွန်ုပ်တို့သည် လှေတ စင်းလျှင် သုံး ယောက်စီ ယခင်ကတင်ကြို၍ ဂေါ်တီမော့ စီစဉ်ထားသ အတိုင်း သူ့အတွဲနှင့်သူ လှေများထဲသို့ဝင်ကြရ၏။ ထိုနောက် လှေတ စင်းသည် ရှေ့မှခေါင်းဆောင်၍ လှော်ခတ်သွားသည့်အတိုင်း ကျွန်ုပ်တို့ သည် တက်တစ်ချောင်းစီဖြင့် ကိုယ်တိုင်လှော်ခတ်ကာ ထိုလှေနောက် လိုက်ကြရလေသည်။

ရေအိုင်ကြီးမှာ အလွန်ကျယ်ဝန်းလေရာ ကျွန်ုပ်တို့သည် မည်သ အရပ်သို့ သွားရသည်မသိဘဲ နှစ်နာရီတိုင်တိုင် လှော်ခတ်သွားပြီးနော ကမ်းခြေသို့ ဆိုက်ရောက်လေ၏။ ထိုအခါမှ ဂေါ်တီမော့၏ အမိန့် အပေါ်ဖုံးအဝတ်များကို ဖွင့်လှစ်ဆွဲယူလိုက်သောအခါ အတွင်းမှ ခြေ များဖြင့်လည်းကောင်း၊ ရွက်ဖျင်အိတ်များဖြင့်လည်းကောင်း၊ ထည် ထားသော ငွေတုံးများ၊ ရွှေချောင်းများ၊ ကျောက်သံပတ္တမြားများကို မြင်ရလေသည်။ ၎င်းတို့အထဲတွင် ကျွန်ုပ်မှတ်မိလိုက်သောအရာတ များ ရွှေသားအစစ်ဖြင့်ထုလုပ်ကာ နဖူးတွင် အလွန်ကောင်းသည့်ကျေ မျက်ရွဲများ စီခြယ်ထားသော မွန်တီဇူမာဘုရင်ကြီး၏ ဦးခေါင်းပုံတ ဖြစ်လေသည်။ မျက်လုံးနှစ်လုံးနေရာ၌မူ အလွန်အရည်ကောင်းသေ မြကြီးနှစ်လုံးကို တပ်ဆင်ထား၏။ ၎င်းမှာ မည်မျှလောက် အချိုး သနည်း ဆိုပါမူ ကျွန်ုပ်နှင့် ဂေါ်တီမော့ နှစ်ယောက်ဝိုင်း၍ အနိုင် ချီမရလေသည်။

သို့နှင့် ကျွန်ုပ်သည် မှုန်ရီမှုန်မွား သာလျက်ရှိသော လရောင်အော တွင် မြောက်မြားလှစွာသော ပစ္စည်းဥစ္စာများကို လှေပေါ်မှ တဖြ





ဖြည်း သယ်ယူခဲ့ကြလေ၏။ ကျွန်ုပ်တို့ သွားရသောလမ်းမှာ သစ်ပင်ကြီး များအကြားမှ ဖြတ်၍သွားရလေရာ ရေအိုင်စပ်ကမ်းစပ်နှင့် ကိုက်ပေါင်း ၆၀၀ ခန့်ဝေးသောနေရာသို့ရောက်လေလျှင် အတော်အတန်မြင့်သော တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်ရလေရာ မကြာမီ တွင်းတစ်ခု၏ အဝသို့ ရောက်လာလေ၏။

ပစ္စည်းများအားလုံးစုံလင်သောခါ ဂေါ်တီမော့သည် ကျွန်ုပ်၏ပခုံး ကို ညင်သာစွာပုတ်လျက်...

"ညီတော်...ပစ္စည်းများ မြှုပ်နှံရန် တွင်းအောက်သို့ ကျွန်ုပ်နှင့်အတူ ဆင်း၍ ကူညီမည်လော"

"ဝမ်းမြောက်စွာ ကူညီပါမည် နောင်တော်"

ထိုနောက် ဂေါ်တီမော့သည် မီးတုတ်များကို ယူပြီးလျှင် တပ်ဆင်၍ ထားသောကြိုးမှ တွင်းအောက်သို့ဆင်းသွားလေရာ ကျွန်ုပ်အလှည့်သို့ ရောက်လတ်သော် ကျွန်ုပ်လည်း တန်းလန်းကျ၍နေသော ကြိုးမှ အမျှင် ထုတ်၍နေသော ပင့်ကူကဲ့သို့ တဖြည်းဖြည်းလျှောကျသွားလေ၏။

တွင်းမှာ အလွန်နက်၍ မြေပေါ်သို့ ခြေထောက်မိသည်နှင့် တ ပြိုင်နက် မီးတုတ်ကို ကိုင်၍နေသော ဂေါ်တီမော့သည် ကျွန်ုပ်နံဘေး၌ ရပ်လျက်ရှိလေ၏။ တွင်း၏အောက်ဆုံး၌ကား အလျား ၁၀ ကိုက်ခန့် ရှည်၍ လူတစ်ယောက် ကောင်းစွာမတ်တတ်ရပ်ပြီး သွားနိုင်သော ဥမင် လိုဏ်ခေါင်းတစ်ခုကို တွေ့ရပြီးလျှင် ဥမင်၏အဆုံး၌ လေးထောင့် ပုံသဏ္ဌာန်တူး၍ထားသော အခန်းကျယ်တစ်ခုကို တွေ့ရလေရာ အခန်း တွင် အုတ်နှင့်သရွတ် အင်္ဂတေများသည် အသင့်စုပုံလျက်ရှိ၏။

**ကျွန်ုပ်။** "ဤမျှလောက် နက်ကျယ်သော ဥမင်ခေါင်းကို မည်သူ တူးပါသနည်း နောင်တော်"



www.burmeseclassic.com

www.burmeseclassic.com



**မော့။** "မည်သည့်အတွက် မိမိတို့တူးသည်ကို မိသိရှာသော လူတစ်စုတို့တူးကြသည် ညီတော်။ သူတို့၏အရိုးများသည် တောင်ကုန်းကလေး အထက်နားရှိ တွင်းတစ်တွင်းထဲတွင် စုပုံလျက်ရှိကြလေသည်"

ဂေါ်တီမော့က အောက်မှအချက်ပြလိုက်သည်တွင် အပေါ်မှ ရွှေအိုးများနှင့် သေတ္တာများကို တဖြည်းဖြည်း တစ်လုံးစီချ၍ပေးရာ ကျွန်ုပ်နှင့် ဂေါ်တီမော့တို့သည် အင်္ဂလန်တွင် အရက်စည်များကိုလှိမ့်သကဲ့သို့ အခန်းတွင်းသို့ရောက်အောင် တစ်လုံးစီလှိမ့်၍ယူရလေသည်။

ဤသို့နှင့် ကျွန်ုပ်တို့သည် နှစ်နာရီခန့်မျှ အလုပ်လုပ်ကြရပြီးနောက် ဂေါ်တီမော့သည် ပုရပိုက်တစ်ခုတွင် ရေးထားသော အက္ခရာများနှင့် အောက်သို့ရောက်ရှိသော ရွှေအိုးအရေအတွက်ကို ကိုက်၍ကြည့်လေသည်။ နောက်ဆုံး၌ သေတ္တာတစ်လုံးကို ချိတ်ဖြင့်ဆွဲ၍ အောက်သို့ တဖြည်းဖြည်းချလေ၏။ ဤသို့ချစဉ်သေတ္တာတွင်ကပ်ထားသည့် ကြိုးဆိုင်းထားသောကွင်းသည် မြေပေါ်သို့ရောက်ခါနီးမှ တစ်ခါတည်းပြုတ်၍ ကျသွားသဖြင့် သေတ္တာသည် ပွင့်ထွက်သွားလေရာ ပိုးစုန်းကြူးကောင်ရေများစွာကို တစ်နေရာတည်းမှ ပြုံ၍ လွှတ်လိုက်ဘိသကဲ့သို့ သေတ္တာတွင်းမှ ကျောက်သံပတ္တမြားများသည် ကျွန်ုပ်အနီးသို့ ခုန်၍ထွက်လာလေ၏။ ထိုအချိန်တွင် မြဆွဲကြိုးတစ်ကုံးသည် ကျွန်ုပ်ပခုံးပေါ်သို့ အလိုက်သင့်လာ၍ တင်နေသဖြင့် ဂေါ်တီမော့သည် ရယ်မောလျက် "ညီတော်... ယခုညဉ့် အထိမ်းအမှတ်အတွက် ညီတော်ယူထားပါလော့" ဟု ပြောသဖြင့် ကျွန်ုပ်လည်း အတွင်းအင်္ကျီအောက်တွင် ထည့်၍ထားလိုက်လေ၏။

ကျွန်ုပ်တို့သည် သေတ္တာတိုင်းသို့ ထွက်ကျသော ကျောက်မျက်ရွဲများကို သေတ္တာအတွင်းသို့ ပြန်ထည့်ပြီးနောက် အခန်းကိုပိတ်ရန်





ဥမင်လမ်းသို့ ထွက်ကြလေ၏။ အခန်းကို ပိတ်မည်ဟု နောက်ဆုံးကြည့်လိုက်မိရာ မွန်တီဇူးမာ၏ ဦးခေါင်းပုံကြီးသည် ကျွန်ုပ်တို့ရပ်နေသော လိုဏ်ခေါင်းဝကို တည့်တည့်မျက်နှာမူလျက်ရှိသဖြင့် ၎င်း၏မျက်လုံးနေရာတွင်တပ်ထားသည့် အရည်ကောင်းလှသော မြနှစ်လုံးသည် မီးတုတ်မှအလင်းရောင်တွင် ပြိုးပြိုးပြက်အရောင်ထွက်ကာ ကျွန်ုပ်အား စိုက်၍ ပြုံးနေဘိသကဲ့သို့ ထင်ရလေ၏။ သူ၏ဝိညာဉ်ကား ဤခေါင်းပုံကြီးကိုအမှီပြုကာ နက်နဲလှစွာသော ဤမြေအောက်လိုဏ်ခေါင်းအတွင်း၌ သူ၏ရွှေးဟောင်းဥစ္စာများကို စောင့်၍နေဘိသကဲ့သို့ရှိလေ၏။

ထိုနောက် ကျွန်ုပ်တို့သည် လိုဏ်ခေါင်း တစ်လျှောက်သို့ ပြန်၍ ထွက်ခဲ့ပြီးလျှင် တွင်းဝအောက် တည့်တည့်သို့ရောက်သောအခါ မီးတုတ်များကို ငြိမ်းသတ်လိုက်ကြ၏။ ထိုအခါ ကျွန်ုပ်လည်း တွင်းဝသို့ မော်၍ကြည့်မိရာ ပြာလဲ့သောကောင်းကင်ကို နောက်ခံထားကာ တလက်လက်တောက်ပနေသည့် ကြယ်များကိုမြင်ရလေ၏။ ထို့နောက် ဂေါ်တီမော့သည် ကြိုးကိုလှုပ်၍ အချက်ပေးသည်တွင် အပေါ်မှလူများသည် ကျွန်ုပ်တို့အား ဆွဲတင်ကြလေသည်။

ကျွန်ုပ်တို့ အပေါ်သို့ရောက်ကြသောအခါ တွင်းနှုတ်ခမ်းတွင်စောင့်နေသူများသည် အနီးတွင် အသင့်ပုံ၍ထားသည့် မြေများဖြင့် တွင်းကို ဖို့စပြုလေ၏။ သို့နှင့် နက်လှစွာသောတွင်းကြီးသည် တဖြည်းဖြည်းပြည့်၍လာလေရာ တွင်းဝသည် မြေပြင်နှင့်ညီသောအခါ၌ကား နေအရုဏ် တက်ခဲ့လေပြီ။

ထိုအခါ လူနှစ်ယောက်သည် အသင့်ပါ၍လာသော အိတ်တစ်ခုထဲမှ သစ်စေ့များကို ထို"ဖို့မြေ"ပေါ်တွင်ကြဲချ၏။ အခြားသူတစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကလေးတစ်ပင်ကို တွင်း၀၏အလယ်တွင်စိုက်ပျိုး၏။ ထို့နောက် ကျွန်ုပ်တို့လည်း မြေတူးဖို့သည့် ကိရိယာများနှင့်ကြိုးများကို ယူခဲ့ကြပြီးလျှင် လောင်းလှေများရှိရာသို့ လာခဲ့ကြလေသည်။

မြို့သို့ပြန်၍ရောက်သောအခါ၌ကား မိုးစင်စင်လင်းခဲ့ပြီဖြစ်၍ ကျွန်ုပ်တို့လည်း လောင်းလှေများကို သစ်ပင်အုပ်တစ်ခုအောက်၌ ဝှက်၍ထားခဲ့ကြပြီးလျှင် ကမ်းပေါ်သို့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တက်ကာ အမှတ်မဲ့ လူစုခွဲလိုက်ကြလေ၏။

○





## မြို့တော်ကြီး ကျဆုံးခြင်း

န်ုပ်သည် ကျွန်ုပ်၏ချစ်မငြိုးဇနီးသည် အော်တိုမီနှင့် အက်(ဇ)တက်မည်းတို့ဘာဝအလေ့အတိုင်း ပျော်ရွှင်စွာနေထိုင်ခဲ့ကြရာ လပေါင်းတော်ကြာမြင့်ခဲ့လေပြီ။ သို့နှင့် နှစ်ကုန်ခါနီး ဒီဇင်ဘာလသို့ ရောက်တော် စပိန်လူမျိုးများသာမဟုတ်၊ ထောင်ပေါင်းများစွာသော တိုင်းးသားလူမည်းတို့ကိုပါ သွေးဆောင်ခေါ်ငင်ကာ အဆမတန်ကြီးမားသော စစ်တပ်ကြီးနှင့် မက္ကဆီကိုသို့ တဖြည်းဖြည်း ချဉ်းကပ်လာပြီးင် မက္ကဆီကို တောင်ကြားလမ်း၌ တပ်စခန်းချကာ တဖြည်းဖြည်းကို ဝိုင်းရံတော့၏။

ထိုအခါ ကျွန်ုပ်တို့ဘက်မှာ စားရေရိက္ခာများ ပြတ်လတ်၍လာပြီး င် မြို့တွင်းရှိ ဝက်များကို မိန်းမများနှင့်ကလေးများအတွက် ထားရှိ၍ ကျြားများမှာ ရေအိုင်ကြီးမှစီးဆင်းလာသည့် ချောင်းငယ်၊ မြောင်း

www.burmeseclassic.com



ငယ်များတွင် တွေ့ရသမျှသော မြက်များ၊ သစ်ခေါက်များ၊ ခရုနှင့် မှိုကောင်မွှားကောင်များ စသည်တို့ဖြင့်သာ ရောင့်ရဲတင်းတိမ်ကြရကုန်၏။ ထို့ပြင် အက်(စ)တက်တို့၏ အခြားအစားအသောက်တစ်မျိုးမှာ ယဇ်ပူဇော်ရာမှရသည့် လူဖြူသားများကို တစ်ခါတစ်ရံ စားသောက်ရခြင်း ဖြစ်၏။

သို့နှင့် လူများသည် အစာပြတ်လပ်ကာ နေရာတကာတွင် အနံ့အပြား လဲကျလေရာ၊ လဲသည့်နေရာတွင် ထူမမည့်သူလည်းမရှိ။ ကြည့်ရှုမသည့်သူလည်းမရှိဘဲ ထိုနေရာ၌ပင် သေဆုံးကြလေ၏။ သေပြီးနောက်လည်း အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်ခြင်းမပြုနိုင်ဘဲရှိလေရာ၊ ထိုနေရာ၌ပင် ဆွေးမြည့်ပုပ်သိုးကြရကုန်၏။

ဤသို့တစ်မြို့လုံး အနှံ့အပြား လူသေအလောင်းများဖြင့် ပြည့်နှက်လျက်ရှိရာ မကောင်းသောအနံ့အသက်များကြောင့်လည်းကောင်း၊ အစားအစာမမှန်မှု၊ ရှားပါးမှုတို့ကြောင့်လည်းကောင်း ပုလိပ်ဖျားရောဂါသည် ဖြုန်းခနဲ ဝင်ရောက်လာပြန်ရာ ထိုအခါမှ ပို၍ဆိုးရွားလာတော့၏။

ထိုမက္ကဆီကိုစစ်ပွဲကြီးမှာ အက်(စ)တက်တို့အား မျိုးဖြုတ်သော စစ်ပွဲဖြစ်လေရာ၊ စစ်ပြီးနောက် စာရင်းအရ စပိန်တို့လက်ချက်ဖြင့် ဒဏ်ရာရ၍သော်လည်းကောင်း၊ မီးလောင်၍သော်လည်းကောင်း သေကြေပျက်စီးသူများမှာ ၇၀,၀၀၀ ထက်မနည်းချေ။ မြို့တော်ကျဆုံးသည့်နေ့၌ပင် ၄၀,၀၀၀ ခန့် သေဆုံးလေသည်။ ထိုအတွင်း ပုလိပ်ရောဂါဖြင့် နာမကျန်းပိုင်းအတွင်း၌ပင် လူများသည် အစုလိုက်အအုပ်လိုက် နွေအခါကြွေကျသော သစ်ရွက်ခြောက်များကဲ့သို့ ဗုန်းခနဲဗိုင်းခနဲ လဲကျသေဆုံးကြကုန်၏။





တစ်ညသ၌ ကျွန်ုပ်တို့သည် အော်တိုမိနေထိုင်ရာ တဲစခန်းသို့ ပြန်ခဲ့လေ၏။ ထိုအခါ၌ နန်းတော်အားလုံးတို့မှာ ပြာကျပြီးဖြစ်၍ ကျွန်ုပ်တို့မှာ အရိပ်အာဝါသကောင်းသည့် နေရာကလေးများကို ရွေးချယ်ကာ ဖြစ်သလိုနေထိုင်ကြရလေသည်။

ထိုအချိန်၌ ကျွန်ုပ်ကိုယ်တိုင်မှာ အစားအစာပြတ်လျက် အစာနှင့်မတွေ့ရသည်မှာ နာရီပေါင်း လေးဆယ်မျှ ကြာမြင့်ခဲ့လေပြီ။ အော်တိုမိသည် ဂျုံဖြင့်လုပ်သော မုန့်ကလေးသုံးခုနှင့် သစ်ခေါက်အနည်းငယ်ကို ရွှေပန်းကန်ကလေးတစ်ချပ်ဖြင့် ထည့်၍ယူလာပြီးလျှင် ကျွန်ုပ်ရှေ့၌ ချထားလေသည်။ ကျွန်ုပ်တို့သည် မုန့်တစ်ခုကိုစားပြီးနောက် အော်တိုမိအား စားရန်ပြောရာ၊ အော်တိုမိသည် ဤမျှလောက်ကြမ်းတမ်းသော အစာများကို မနည်းမျို၍ချရရှာသည်။

အော်တိုမိသည် သလွန်ပေါ်၌အဝတ်ဖုံးထားသော အရာဝတ္ထုတစ်ခုကိုကြည့်ကာ မျက်ရည်များလည်လာသဖြင့် ကျွန်ုပ်က…

“ဘာလည်း အော်တိုမိ၊ ဘာဖြစ်လို့ ငိုရတာလဲကွယ်”

ထိုအခါမှ အော်တိုမိသည် ရှိုက်ကြီးငင်ကြီး ငိုကြွေးရှာလေ၏။ ထိုနောက် ဖုံး၍ထားသောအဝတ်ကို ဖွင့်လိုက်ပြီးလျှင်…

“ဒီမှာ… ကျွန်မတို့သားကလေး သေရှာပြီမောင်… အော်တိုမိမှာ နို့မထွက်တာ နှစ်ရက်ရှိပြီ၊ သည်တော့ ဘယ်ခံနိုင်မလဲမောင်ရယ် သေရှာရရှာပေါ့”

“တိတ်ပါ အော်တိုမိရယ်၊ မငိုပါနှင့်တော့၊ သည့်လောက် ဒုက္ခတွေကြားထဲမှာ ကလေးဟာအသက်တိုတာပဲ၊ တစ်နည်းတော့ကောင်းတာပဲ အော်တိုမိရဲ့၊ ဘုရားသခင်အလိုတော်အတိုင်း ဖြစ်ကြတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သို့ပေမယ့် ဘယ်လိုလုပ်ပြီး စိတ်ကိုဖြေရမှာလည်း မောင်ရယ်— ပထမရင်သွေးကလေးဟာ ဒီလို နို့ခန်းလို့ဆုံးရတယ်ဆိုတာ အော်တိုမီ တော့ အသည်းနာလို့ မဆုံးနိုင်ဘူးမောင်ရယ်"

"သေတယ်ဆိုတာ လူတိုင်းလူတိုင်းရဲ့အတွက်ပဲ အော်တိုမီ၊ မောင် လည်းသေရမယ်၊ အော်တိုမီလည်းသေရမယ်၊ တစ်နေ့မှာမသေရင် တစ် နေ့မှာသေရမယ်၊ ဒီတစ်နည်းနဲ့မသေရင် အခြားတစ်နည်းနဲ့ သေရမယ်"

ထိုနောက် ကျွန်ုပ်လည်း ကလေးအလောင်းကို အိမ်နံဘေး၌ဖင် တွင်းတစ်ခုတူး၍ မြှုပ်နှံသင်္ဂြိုဟ်လိုက်ရပြီးလျှင် ကျွန်ုပ်တို့သည် အချိန်မ တိုင်မီ သေဆုံးရရှာသောသားငယ်အတွက် တစ်ယောက်ကိုတစ်ယောက် ဖက်ကာ ယူကျုံးမရငိုကြွေးကြရလေ၏။

နောက်တစ်နေ့တွင် စစ်ပွဲသည် ယခင်နေ့ကထက် ပြင်းထန်လျက် ရှိလေရာ ရက်များကြာလေလေ ကျွန်ုပ်တို့ဘက်မှ အကျအဆုံးများသေ ရှိခဲ့၏။ ထိုအချိန်အထိ ကျွန်ုပ်တို့အား ဂေါတမီမော့သည် ရှားပါးစွာ စုဆောင်းထားသော အစားအစာများကို ကျွေး၍လာသဖြင့် ကျွန်ုပ်တို့နှီး မောင်နှံတို့မှာ အသက်နှင့်ကိုယ်မြဲလျက် တည်ရှိပေ၏။

တစ်နေ့တွင် စပိန်စစ်ဗိုလ်ချုပ်ကြီး ကော့တက်ထံမှ ကျွန်ုပ်တို့ လက် နက်ချအပ်ရန် တောင်းဆိုသော သံတမန်များရောက်၍လာ၏။ ထိုအချိန်၌ ကျွန်ုပ်တို့မှာ လေးပုံးသုံးပုံမျှပြာကျပြီးဖြစ်၍ မြို့သူမြို့သားနှင့် စစ်သားများ မှာလည်း လေးပုံသုံးပုံမျှ ကျဆုံးပြီးဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်တို့လည်း အရေးပေါ်ညီလာခံအစည်းအဝေးတစ်ရပ်ကို အမြန်ခေါ်ယူကာ ဂေါတမီမော့နှင့် မသေဘဲကျန်ရှိသောစစ်ဗိုလ်များ၊ မှူး မတ်များ တက်ရောက်ကြလေသည်။ သူတို့၏မျက်နှာထားများကား ဇော်





မှုတ်ခြင်းနှင့် ခက်ထန်ကြမ်းကြုတ်ခြင်းကို ရောစပ်ပြသကဲ့သို့ ကြောက်ဖို့ လည်း ကောင်း၊ သနားဖို့လည်း ကောင်းသကဲ့သို့ရှိနေ၏။

**စစ်ဗိုလ်တစ်ဦး။** "အသို့နည်း ဂေါတမီမော့... ဆုံးဖြတ်ပါလော့"

(ခက်ထန်စွာဖြင့်) "ဤသို့မေးဖို့ရန် ကျွန်ုပ်သည် မွန်တီဇူးမာမဟုတ်၊ ဂေါတမီမော့သာဖြစ်၍ ဂေါတမီမော့သည် သူ၏မြို့တော်ကို ကျူးလီတို့လက် သို့ ပေးအပ်မည့်အစား သေသည်အထိ ခုခံကာကွယ်လိမ့်မည်"

**အခြားစစ်ဗိုလ်တစ်ဦး။** "ကျွန်ုပ်တို့လည်း သဘောတူပါသည်"

သို့နှင့် စစ်ပွဲသည်မပြီးပြတ်ဘဲ ဆက်လက်ပြန်လေ၏။ စပိန်တို့သည် မြို့တစ်ပိုင်းကို ရလျက်ရှိပြီးဖြစ်ရကား ကျန်အပိုင်း၌ အက်(ဇ)တက်သို့ ကျဉ်းမြောင်းသော ခြံအတွင်းတွင် သိုလှောင်ထားသော သိုးများပမာ တလှုပ်လှုပ်တရွရွ ပြွတ်သိပ်တိုးဝှေ့လျက်ရှိကြကုန်၏။ ထိုအတွင်း စပိန် တို့၏ တစ်ရံတစ်ရောင့်ကွက်ခြင်းမရှိဘဲ ပစ်ခတ်လိုက်သော အမြောက်ဆံတို့ မှာလည်း ပစ်လိုက်သည့်အခါတိုင်း ရာပေါင်းများစွာသောလူများအား ကောက်ပင်များကို တံစဉ်ဖြင့် သိမ်းဖြတ်လိုက်သကဲ့သို့ရှိလေ၏။ ထိုနေ့မှာ မြို့ကိုလုံးဝမသိမ်းပိုက်မီ တစ်နေ့ဖြစ်၍ အက်(ဇ)တက်တို့သည် အစွမ်း ကုန်ခုခံကြသော်လည်း စားရေရိက္ခာကြောင့် အားပြတ်လျက်ရှိသော အချို့ စစ်သားများမှာ လက်နက်နှင့်ပစ်ခတ်ရန် အားမရှိတော့ဘဲ မိမိတို့ လက် နက်ကိုပင် အနိုင်နိုင်မြှောက်ချီကြရကုန်၏။

နောက်တစ်နေ့၌ ကော့တက်ထံမှ သံတမန်အသစ်များ ရောက်လာ ပြန်ရာ ဂေါတမီမော့သည် ထိုအခြေအထိ စိတ်ကိုမလျှော့သေးဘဲ "ကော့ တက်ကိုပြောလိုက်ပါ အသင်သံတမန်တို့ ကျွန်ုပ်ကား ဤနေရာ၌ပင် အသေခံမည်။ တိုင်းပြည်ကို မည်သည့်အခါမျှမပေးအပ်ပါ၊ ကျွန်ုပ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ခိုးကိုးရာမဲ့ဖြစ်နေပြီဖြစ်၍ ကျွန်ုပ်တို့အပေါ်တွင် သူစိတ်တိုင်းကျ ပြုလုပ်ပါစေ”ဟု သံတမန်တို့အား မှာကြားလိုက်လေ၏။

တိုက်ပွဲသည် ကျွန်ုပ်တို့နေရာနှင့် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ ကျွန်ုပ်တို့လူစုသည် မီးလောင်၍ကျန်သော အုတ်နံရံပျက်တစ်ခုကို ကျော ပေးကာ မိန်းမများ၊ ကလေးများပါ စုရုံးလျက်ရှိကြကုန်၏။

ထိုအချိန်၌ စပိန်တစ်စုသည် ကျွန်ုပ်တို့လူ့အုပ်ရှိရာသို့ လှည့်၍တိုက်လေရာ ကျွန်ုပ်တို့လည်း အစွမ်းကုန်ပြန်လည်ပစ်ခတ်ကာ ကျွန်ုပ်ကိုယ်တိုင် ထိုနေ့၌ စပိန်လေးယောက်အား လေးဖြင့်ပစ်ချလိုက်သေး၏။ သို့သော် ကျွန်ုပ်တို့မှာ အင်အားမမျှရှိသာမက လက်နက်ကိုပင် ချိမနိုင်ရန် ခွန်အားမရှိတော့ပြီဖြစ်ရကား ဒဏ်ရာမရသောလူတစ်စုသည် ထိုနေရာကို ပစ်ခွာပြီးလျှင် ရေအိုင်ဆီသို့ အတင်းပြေးဆင်းခဲ့ကြလေ၏။ ကျွန်ုပ်တို့လောက်မျှ ပြေးအားမရှိသူများကား ကျွန်ုပ်တို့နောက်တွင် စပိန်တို့လက်ချက်ဖြင့် အတုံးအရုံး လဲကျကျန်ရစ်ခဲ့ကြကုန်၏။

ရေဆိပ်တွင် ကျွန်ုပ်တို့ဝှက်ထားသော လောင်းလှေများရှိ၍ ကျွန်ုပ်တို့သည် ထိုလောင်းလှေများပေါ်သို့တက်ကာ အမြန်လှော်ခတ်ကြလေ၏။ ထိုအချိန်၌ကား စပိန်တို့သည် တစ်မြို့လုံး၌စီးမိပြီဖြစ်၍ မပြေးနိုင်ဘဲ ကျန်ရစ်သောသူများမှာ စပိန်တို့လက်တွင် အသက်ပျောက်ကြရကုန်၏။

တစ်ခဏမျှ လှော်ခတ်သွားမိလေသော် စပိန်သင်္ဘော သုံးစင်းသည် ရွက်ကိုဖွင့်ကာ ကျွန်ုပ်တို့လှေများကို လိုက်လျက်ရှိပြီးလျှင် တစ်စင်းသည် မကြာမီ ကျွန်ုပ်တို့လှေဆီသို့ နီးသည်ထက်နီးလာလေ၏။ *(ရေအိုင်ကြီးမှာ ရေအိုင်ဟု အမည်ပေးထားသော်လည်း ပင်လယ်နှင့် ဆက်လျက်ရှိသဖြင့် သင်္ဘောများ ဝင်နိုင်၏။)*





ကျွန်ုပ်တို့၏လှေပေါ်တွင် ဂေါ်တီမော့ကိုယ်တိုင်ပါသဖြင့် ဂေါ်တီမော့သည် စိတ်အားမလျှော့သေးဘဲ မိမိလူများအား လှေဦးကို မြစ်ဝဆီသို့ ဦးတည့်လျက် အမြန်ဆုံးလှော်ခတ်ရန်သာ အမိန့်ပေးလျက်ရှိလေ၏။

ရှေ့ဆုံးမှသင်္ဘောတစ်စင်းမှာ အခြားသင်္ဘောများထက် မြန်သဖြင့် ကျွန်ုပ်တို့စီးနင်းသောလှေကြီးနှင့် အတော်နီးကပ်လာပြီးဖြစ်ရာ စပိန်တို့သည် သေနတ်များဖြင့် ကျွန်ုပ်တို့လှေကို ပစ်ခတ်ကြလေ၏။ ကျွန်ုပ်တို့ဘက်မှ အချို့ကျဆုံးသွားပြီးနောက် လွတ်မြောက်ရန်နည်းလမ်း မရှိတော့ကြောင်း သိသောအခါ ဂေါ်တီမော့သည် တင်းမာခက်ထန်သောမျက်နှာဖြင့် လှေဦးတွင် ခန့်ညားစွာ အေးမြသောအသံဖြင့်…

“ကျွန်ုပ်သည် ဂေါ်တီမော့ဖြစ်၍ ကျွန်ုပ်အား သင်တို့ စစ်ဗိုလ်ချုပ်ကော့တက်ရှိရာသို့ ယူဆောင်သွားလော့၊ အသက်မသေဘဲ ကျန်သည့် ကျွန်ုပ်၏လူများကိုမူ အသက်ချမ်းသာခွင့်ပေးလော့။

ထိုအခါ ကျွန်ုပ်နှင့်အော်တိုမီတို့သည် လှေနောက်ပိုင်းတွင် တစ်ယောက်လက်ကို တစ်ယောက်ကိုင်ကာ အော်တိုမီသည် ကျွန်ုပ်၏လည်ပင်းကို တွယ်ဖက်ထား၏။

“အော်တိုမီ…မောင်တော့အချိန်စေ့ပြီထင်တယ်၊ စပိန်တွေဟာ မောင့်ကို ဘယ်နည်းနဲ့မှ ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒီတော့ သူတို့လက်ထဲမှာ ခွေးသေ ဝက်သေတော့ အသေမခံနိုင်ဘူး၊ မောင့်ကိုယ်မောင် သတ်သေလိုက်မှာပဲ”

“ဟင့်အင်း၊ ဒီလိုမဟုတ်သေးဘူး မောင်၊ လူဆိုတာဟာ အသက်ရှင်နေသမျှ မျှော်လင့်ချက်ရှိတာချည်းပဲ၊ ကံဆိုတာ မောင့်အတွက်ကောင်းချင် ကောင်းလာဦးမှာပေါ့၊ ဒီလိုမှမဟုတ်ဘူးဆိုရင် အော်တိုမီလည်း သေဖို့အသင့်ဘဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မောင့်မိန်းမတော့ မသေရဘူး"

"ဒါဖြင့် မောင်သွားရာ အော်တိုမီကိုခေါ်နော်၊ လိုက်ပြီးသားပဲ"

(လေသံလေးဖြင့်) "နားထောင် အော်တိုမီ၊ အော်တိုမီဟာ မောင့်မယားဖြစ်တဲ့အကြောင်း ဘယ်သူမှမသိစေနဲ့၊ မိဖုရားရဲ့ ညီမတွေ ဆွေမျိုးတွေထဲမှာနေရပြီး အော်တိုမီနဲ့နေလိုက်တာပေါ့။ တကယ်လို့ မောင်တို့ ကွဲသွားရင် မောင်ဟာ နမပိုင်တဲ့ထင်းရှူးတောနယ် (City of Pines) ကို မောင်ပြေးပြီး နမပိုင်တဲ့နယ်က လူတွေထဲရောက်ရင် မောင်တို့အသက် အမှန်ချမ်းသာပြီးသားပဲ"

"ဒါပေမယ့် တစ်ခုတော့ရှိတယ် မောင်ရဲ့၊ သူတို့နယ်က သတ္တိအကောင်းဆုံးစစ်သား ၂၀,၀၀၀ ဟာ အခုစစ်ပွဲကြီးမှာ မျိုးပြတ်သွားရှာပြီမောင်၊ ဒီတော့ အော်တိုမီ... နယ်သူနယ်သားတွေက ဘယ်လိုသဘောထားကြဦးမယ်ဆိုတာ မသိသေးဘူး"

ထိုအချိန်၌ စပိန်စစ်သားများသည် ကျွန်ုပ်တို့အား သင်္ဘောပေါ်သို့ တင်ဆောင်ပြီးလျှင် ကမ်းခြေတစ်ခုသို့ ခေါ်သွားကြသည်ဖြစ်၍ ဆက်လက်စကားပြောခွင့် မရကြတော့ချေ။

ကမ်းခြေသို့ ဆိုက်ကပ်ပြီးသည့်နောက် ကျွန်ုပ်တို့အား အိမ်တစ်ဆောင်သို့ခေါ်သွားကြရာ ထိုအခါမှ ကျွန်ုပ်လည်း စပိန်စစ်ဗိုလ်ချုပ်ကြီးအား နီးကပ်စွာတွေ့မြင်ရတော့၏။ ကော့တက်သည် သူ၏ကိုယ်ရံတော်သက်တော်စောင့် ဗိုလ်မှူးများခြံရံကာ ဦးထုပ်ကို လက်တစ်ဖက်တွင်ကိုင်လျက် ဂေါ်တီမော့အားတွေ့ဆုံလေ၏။ သူ၏အနီး၌ကား မာရီနာသည် ချစ်စဖွယ်ကောင်းလှသော မျက်နှာဖြင့် ရပ်လျက်ရှိလေရာ ၎င်း၏မျက်နှာမှာ တူဘာတ်စကိုမြို့တွင် ကျွန်ုပ်တွေ့စဉ်ကထက် ပို၍လှပလာသေးသည်ဟု မှတ်ထင်မိ၏။





ကျွန်ုပ်နှင့် မျက်စိချင်းဆုံမိရာ မာရီနာသည် ဖျတ်ခနဲ မျက်နှာလွှဲလိုက်လေ၏။ မာရီနာသည် ကျွန်ုပ်အားမှတ်မိနိုင်ပါမည့်လော၊ တစ်ကိုယ်လုံး သွေးနှင့်ဖုန်များပေကျံကာ အစာမစားရသဖြင့် ပိန်ချုံးချည့်နဲ့၍ အနိုင်နိုင်မတ်တတ်ရပ်နေရသော ကျွန်ုပ်အား မာရီနာသည် မှတ်မိနိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့အားလုံးနှင့်တကွ စပိန်တို့သည် ကော့တက်နှင့် ဂေါ်တီမော့တို့ တွေ့ဆုံခြင်းကိုသာ အာရုံပြုလျက်ရှိကြကုန်၏။

ဂေါ်တီမော့မှာ ကျွန်ုပ်ကဲ့သို့ပင် အစာပြတ်၍ အားအင်ချည့်နဲ့နေသော်လည်း မျက်နှာကိုတင်းတင်းထား၍ စစ်ဗိုလ်ချုပ်ကြီး ကော့တက်ရှိရာသို့ လျှောက်သွားပြီးလျှင် ပြောဆိုရန်ရှိသောစကားများကို ပြောဆိုလေရာ မာရီနာက စကားပြန်လုပ်ရလေသည်။

"ကျွန်ုပ်သည် ဘုရင်ဂေါ်တီမော့ဖြစ်၍ လူတစ်ယောက်သည် သူ၏နိုင်ငံကို အတတ်နိုင်ဆုံး ဆောင်ရွက်နိုင်သလောက် ကျွန်ုပ်သည် ကျွန်ုပ်၏နိုင်ငံကို ကာကွယ်ခဲ့ပါသည်။ ရာ၊ ထောင်၊ သိန်း၊ သောင်းမက စုပုံလျက် လင်းတနှင့် တောခွေးများပင် စားသောက်၍ မကုန်နိုင်လောက်အောင် များပြားသော ကျွန်ုပ်တို့အမျိုးသား အက်(ဇ)တက် အလောင်းကောင်များကိုသာ ရှုစားပါလော့။ (ဤနေရာ၌ မြို့ဘက်သို့ လက်ညှိုးညွှန်ပြသည်) နောက်ဆုံး၌ ဘုရားနှင့်နတ်များပင် ကျွန်ုပ်တို့နှင့် တစ်ဖက်တစ်လမ်းရှိနေ၍ ဤအခြေသို့ ကျွန်ုပ်ရောက်ခဲ့ပေပြီ။ ကျွန်ုပ်အား သင်ထင်သလိုပြုပါလော့၊ အကောင်းဆုံးမှာ ယခုပင် ကျွန်ုပ်အား သတ်ပစ်ပါလော့"

ဤနေရာသို့ ရောက်သောအခါ ဂေါ်တီမော့သည် ရှေ့သို့ အနည်းငယ် တိုးသွားပြီးလျှင် ကော့တက်၏ ခါးတွင်ထိုးထားသော ဓားမြှောင်ရိုးကို လက်ဖြင့်ထိ၍ပြပြီးနောက်။



www.burmeseclassic.com

www.burmeseclassic.com



"ဤနည်းအားဖြင့် ကျွန်ုပ်ဒုက္ခများကို အဆုံးသတ်၍ပေးပါလော့"

ထိုအခါ ကော့တက်က "မကြောက်လင့် အသင်ဂေါ်တီမော့၊ သင်သည် သူရဲကောင်းပြီပြီ တိုက်ခိုက်ခဲ့သူဖြစ်ရာ ကျွန်ုပ်သည် ဤသူမျိုးကို ချီးကျူးပါ၏။ ဂုဏ်ပြုပါ၏။ စားပွဲပေါ်တွင် ဖြန့်ခင်းထားသော သင်တို့ အတန်ကြာ မမြင်ခဲ့ရသည့် အစားအသောက်များကို ကြည့်ပါလော့"

ကော့တက်သည် ထောင့်တစ်ထောင့်တွင် ပြင်ဆင်၍ထားသော စားဖွယ်သောက်ဖွယ်များ တင်ထားသည့်စားပွဲကို လက်ညှိုးဖြင့် ညွှန်ပြပြီးနောက် ဆက်လက်၍...

"သင်နှင့်တကွ သင်၏အပေါင်းအဖော်များပါ သုံးဆောင်စားသောက်ပါလော့၊ နောက်မှ ကျွန်ုပ်တို့စကားပြောပါကုန်အံ့"

သို့နှင့် ကျွန်ုပ်တို့သည် စစ်ဗိုလ်ကြီး၏ ဖိတ်ခေါ်ချက်အတိုင်း စားသောက်ကြလေရာ မည်မျှလောက် ခံတွင်းတွေ့သည့် အဖြစ်ကိုကား ထုတ်ဖော်၍ မပြောနိုင်အောက်ပင်ရှိ၏။ ပထမ၌ ကျွန်ုပ်တို့မှာ လည်ချောင်းများ ကျဉ်းမြောင်းနေဘိသကဲ့သို့ ရုတ်တရက် မျို၍မရနိုင်အောင်ပင် ရှိလေ၏။

စပိန်တို့သည် ကျွန်ုပ်တို့ စားသောက်နေသည်ကို စောင့်၍ကြည့်နေကြစဉ် စပိန်တစ်ယောက်သည် ကျွန်ုပ်၏မျက်နှာကို ပထမလှမ်း၍ကြည့်ပြီးနောက် ကော့တက်၏နားနားသို့ကပ်၍ တစ်စုံတစ်ရာကိုပြောလိုက်ရာ ကော့တက်၏မျက်နှာမှာ မည်းခနဲဖြစ်၍သွားသည်ကို မြင်လိုက်ရ၏။

ထိုနောက် စစ်ဗိုလ်ချုပ်ကြီးသည် ကျွန်ုပ်၏မျက်နှာကို ကြည့်ပြီးနောက် စပိန်ဘာသာဖြင့်...

"အက်(ဇ)တက်တို့အား ကျွန်ုပ်တို့ကို တိုက်ခိုက်ရန် ကူညီနေသော သစ္စာဖောက်ကောင်မှာ အသင်ပေလော့"





ကျွန်ုပ်မှာ အစားအသောက်များနှင့်အရက်များ ဝမ်းထဲရောက်ပြီဖြစ်၍ အတော်ပင် အားအင်ပြည့်တင်း၍လာပြီးလျှင် ကောင်းစွာပြန်၍ ဖြေဆိုနိုင်၏။

"ဗိုလ်ချုပ်ကြီး... ကျွန်ုပ်သည် သစ္စာဖောက်ကောင်မဟုတ်ပါ၊ ကျွန်ုပ်သည် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်၍ အက်(ဇ)တက်တို့နှင့်အတူ စပိန်တို့အားတိုက်ခိုက်ခြင်းမှာ ကျွန်ုပ်၌လုံလောက်သောအကြောင်းရှိပါသည်"

(ခက်ထန်စွာဖြင့်) "သည့်ထက် လုံလောက်တဲ့ အကြောင်းတွေ့စေမယ်ပေါ့ကွယ်၊ ဟေ့... စစ်သားတစ်ယောက်လာစမ်းဟေ့၊ ဒီအကောင်ကို ခေါ်သွားပြီး သင်္ဘောတစ်စင်းကရွက်တိုင်မှာ ကြိုးဆွဲချပြီးသတ်လိုက်"

ကျွန်ုပ်ကား စကားမှား၍ သွားခဲ့ချေပြီ။ သို့သော် မှား၍သွားသော စကားများကို တစ်ဖန်ပြန်၍ နုတ်ယူခြင်းခြင်းမပြုနိုင်တော့ပေ။ ကျွန်ုပ်အဖြစ်ကို ကျွန်ုပ်သာခံရပေတော့မည်။ နောက်ကျခဲ့ပေပြီတကား။

ထိုခဏ၌ မာရီနာသည် ကော့တက်၏နား၊နားသို့ကပ်၍ အတန်ကြာ တီးတိုးပြောဆိုလျက်ရှိရာ ၎င်း၏စကားများမှာ ကောင်းစွာမသဲကွဲသော်လည်း "ဝှက်ထားတဲ့ ရွှေတွေ" ဟူသော စကားတစ်လုံးကိုကား ကျွန်ုပ် ကြားလိုက်ရ၏။

ထိုအခါ ကော့တက်သည် မျက်နှာတစ်မျိုးပြောင်းသွားပြီးနောက် ကျယ်လောင်သောအသံဖြင့်...

"ဒီအကောင်ကို ဒီကနေ့ မသတ်ကြနဲ့ဦးဟေ့၊ ချုပ်ပြီး အစောင့်ကောင်းကောင်း ချထားလိုက်၊ မနက်ဖြန် သူ့အမှုစစ်မယ်" ဟု အမိန့်ပေးလိုက်လေ၏။

○

www.burmeseclassic.com



# အမှုစစ်ဆေးပုံ

ကော့တက်၏ အမိန့်သံကို ကြားရသည်နှင့်တစ်ပြိုင်နက် သန်မာထွားကျိုင်းသော စပိန်စစ်သားနှစ်ယောက်တို့သည် ရှေ့သို့ထွက်လာကြပြီးနောက် ကျွန်ုပ်၏လက်များကို ချုပ်ကိုင်ကြပြီးလျှင် လှေကားရှိရာသို့ ခေါ်သွားကြလေ၏။ အော်တိုမီသည် ကော့တက်ပြောသောစကားကို နားမလည်သော်လည်း ကျွန်ုပ်အား ရာဇဝတ်သင့်သဖြင့် အပြစ်ပေးရန် ခေါ်သွားကြောင်း ရိပ်မိဟန်ရှိလေသည်။

သို့နှင့် ကျွန်ုပ်အား မိန်းမများရှေ့မှဖြတ်ခေါ်သွားရာ အော်တိုမီသည် ကျွန်ုပ်၏ရင်ခွင်ထဲသို့ သူ့ကိုယ်ကို ပစ်လှဲလိုက်မည်ကဲ့သို့ ပြုသေး၏။ သို့သော် ကျွန်ုပ်ကမူ သတိပေးသည့်အနေမျိုးဖြင့် မျက်မှာထားကို တင်းတင်းထား၍ကြည့်လိုက်လေသည်။ ထိုအခိုက် သူ့ရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ကိုယ်တိုင်ပင် ဦးခေါင်းထဲမှ မူးဝေလာ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ဖြစ်လာပြီးလျှင် သူ့ခြေရင်းတွင်ပုံ၍လဲကျသွားရာ ကျွန်ုပ်နောက်မှ စစ်သားတစ်ယောက်သည် ကျွန်ုပ်၏တင်ပါးကို ဖိနပ်ဖြင့် တစ်ချက်ဆောင့်၍ကန်လိုက်လေသည်။

အော်တိုမီသည် ကျွန်ုပ်အား ဖြည်းညင်းစွာ ထူမ,ပေးလေရာ ကျွန်ုပ်တို့မှာ အချင်းချင်း စကားပြောခွင့် အနည်းငယ်မျှရကြလေသည်။

"ဘာပဲဖြစ်ဖြစ် အော်တိုမီ၊ စကားတော့ မပြောပါနဲ့ကွယ်"

"သွားတော့နော် မောင်၊ မောင်သေရမယ်ဆိုရင် သေမင်းတိုင်းပြည်တံခါးဝက အော်တိုမီကိုစောင့်နေနော်၊ အော်တိုမီလိုက်ခဲ့မယ်"

"မဟုတ်ပါဘူးကွယ်၊မင်းမသေပါနဲ့၊ အချိန်ကြာတော့ တဖြည်းဖြည်း မောင့်အကြောင်းမေ့ပါလိမ့်မယ်"

"မောင်ဟာ အော်တိုမီရဲ့အသက်ပဲ၊ မောင့်ဘဝဆုံးရင် အော်တိုမီရဲ့ဘဝလည်း ဆုံးတာပေါ့မောင်ရယ်"

စစ်သားများသည်လည်းကောင်း၊ အခြားသူများသည်လည်းကောင်း စစ်ဗိုလ်ကြီးကော့တက်က ဆူညံစွာဟစ်အော်နေသည်ကို နားစိုက်နေကြသဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံတို့၏ တီးတိုးပြောသံများကို ကြားဟန်မရှိချေ။ စစ်ဗိုလ်ကြီးသည် ကျွန်ုပ်ကို ခြေဖြင့်ကန်သော စစ်သားအား

"ဟေ့ ခွေးမိုက်၊ ဒီလူသားစား လူရိုင်းကောင်တွေရှေ့မှာ မင်းဒီလိုပဲ လုပ်ရသလား၊ သို့သော် ဒီတစ်ခါတော့ မင့်ကိုချမ်းသာပေးလိုက်ဦးမယ်၊ နောက်တစ်ခါ ဒီဟာမျိုးတွေ့ရင် မင့်အသက်နဲ့ ဒီအကြွေးကိုပြန်ဆပ်ရမယ်ဆိုတာ မှတ်ထားလိုက်၊ ဒီမိန်းမဟာ သူကိုယ်တိုင်အစာငတ်နေရက်သားနဲ့ သူစားမဲ့အစာကိုမစားဘဲ မင့်လက်ထဲက အကျဉ်းသမားရှေ့မှာ သွားချထားတာဟာ ယဉ်ကျေးတဲ့ အမူအရာတစ်ခုအဖြစ်နဲ့ မင်း





သင်ခန်းစာယူလိုက်၊ ပြီးတော့ ဒီကောင်ဟာ ငါ့ကိုအများကြီး သတင်းပေးနိုင်လိမ့်မယ်၊ ကိုင်းခေါ်သွားတော့၊ သူ့ကို ဘယ်နဲ့မှမလုပ်ကြနဲ့"

ထိုနောက် စစ်သားနှစ်ယောက်သည် ကျွန်ုပ်အားဆွဲခေါ်သွားလေရာ အော်တိုမီသည် အသည်းကွဲမတတ် ပူဆွေးဒုက္ခရောက်သည့် မျက်လုံးများဖြင့်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

လှေကားဦးသို့ရောက်သောအခါ မတ်တတ်ရပ်လျက်ရှိသော ဇေါ်တီမော့သည် ကျွန်ုပ်လက်ကို အားပါးတရဆွဲကာ လှုပ်ယမ်းလျက်...

"တော်ပါပေတယ် ညီရယ်၊ ငါ့ညီသတ္တိကို အစ်ကိုကြီးချီးကျူးပါတယ်၊ ငါ့တို့အကြံတွေတော့ ပျက်ကုန်ပြီကွဲ့၊ သို့ပေမယ့် ငါ့ညီကူညီတာတွေ့ အစ်ကိုကြီး ဘယ်တော့မှမမေ့ဘူး"

"သွားပြီ အစ်ကိုကြီးရေ့၊ အစ်ကိုကြီးတို့နိုင်ငံကျဆုံးရပေမယ့် ကျဆုံးတဲ့အခါမှာ အစ်ကိုကြီး ဘယ်လိုတိုက်ခဲ့တယ်ဆိုတာတော့ ရာဇဝင်တွင်ရစ်မှာပဲ"

"ဟေ့... သွား... မြန်မြန်သွား"ဟု နောက်မှ စစ်သားများက တွန်းပေးသဖြင့် ကျွန်ုပ်လည်း နောက်ထပ်စကားပြောခွင့်မရတော့ဘဲ လှေကားမှ ဆင်းသွားရလေ၏။

စစ်သားနှစ်ယောက်တို့သည် ကျွန်ုပ်အား ရေဆိပ်သို့ခေါ်ဆောင်ခဲ့၍ ဖောင်းလှေတစ်ခုပေါ်သို့ တင်ပြီးလျှင် 'တလစကလန်' လူမျိုးတို့သည် ကျွန်ုပ်အား ဆိပ်ကမ်းတစ်ခုသို့ ခေါ်သွားလေ၏။ ထိုနောက် ကျွန်ုပ်အား စပိန်လူမျိုးတို့စစ်စခန်းရှိရာ တဲတစ်ခုသို့ ယူဆောင်သွားလေသည်။

ထိုနေရာ၌ကား လူမည်းနှင့်လူဖြူများသည် ရောနှောလျက်ရှိကြရာ စပိန်တို့မှာ မက္ကဆီကိုမြို့ကြီးကျဆုံးသဖြင့် ဝမ်းမြောက်သည့်အထိမ်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အဖြစ်ဖြင့် ကခုန်ဟစ်အော်လျက် ရှိကြကုန်ရာ လူမည်းများမှာမူ ကျွန်ုပ်အားစားတော့ဝါးတော့မည်ကဲ့သို့ ခက်ထန်သောမျက်နှာများဖြင့် ကြည့်ရှုလျက်ရှိကြလေသည်။

ကော့တက်၏ နောက်လိုက်စစ်သားများကား တိုင်းပြည်ကိုချစ်ခင်၍ တိုက်ခိုက်ခြင်းထက် 'ရွှေ'ကို မျှော်လင့်၍ လိုက်ပါလာသူများက ပို၍ များပြားလေရာ မက္ကဆီကိုမြို့ကြီးကျဆုံးကြောင်း သိရသည်နှင့်တစ်ပြိုင်နက် 'ငါတို့သည် ရွှေပန်းကန်ပြားနှင့် နံနက်စာစားရတော့မည်' ဟူသော စိတ်ကူးမျိုးပေါက်ကာ တစ်နည်းအားဖြင့် ရူးသွပ်နေကြဟန် လက္ခဏာ ရှိ၏။

ကျွန်ုပ်အား ထည့်သွင်းထားသော နေရာမှာ ကျောက်ဖြင့်ပြုလုပ်ထားသော တိုက်ခန်းကလေးဖြစ်၍ သံတိုင်များကာရံထားသည့် အပေါက်တစ်ပေါက်ရှိရာ ထိုအပေါက်မှ စပိန်စစ်သားများ ပျော်ရွှင်စွာကခုန်နေကြသည်ကို မြင်နိုင်လေသည်။ သူတို့သည် အလုပ်ဝတ္တရားကျသည့် အချိန်များမှလွဲ၍ မူးယစ်သောက်စားကာ ကခုန်သီဆိုလျက်ရှိကြကုန်ရာ သူတို့၏သီချင်းသွားထဲတွင် "ရွှေ... ရွှေ... ရွှေ..." ဟူသော စကားများကိုလည်း ပီသစွာကြားရသဖြင့် စစ်ဗိုလ်ချုပ်ကော့တက်သာမဟုတ်၊ သူ၏ နောက်လိုက်ငယ်သားများပင် ရွှေအတွက် လူမည်းတို့အား တိုက်ခိုက်ကြောင်း ထင်ရှားလှပေ၏။

သို့နှင့် ကျွန်ုပ်သည် ရက်ပေါင်းအတန်ကြာမျှ ညှိကျဉ်းမြောင်းသော အချုပ်ခန်းကလေးတွင် အချုပ်ခံလျက်ရှိရလေရာ မည်သူမျှလာရောက်တွေ့ဆုံခြင်းလည်းမရှိ။ နှိပ်စက်ကလူပြုခြင်းလည်းမရှိချေ။ အက်(ဇ)တက်လူမျိုးမိန်းမကြီးတစ်ယောက်သာ အချိန်တန်လျှင် အစားအစာနှင့်ရေများ





လာရောက်ပို့သလေသည်။ အချုပ်ခန်းတွင် ကျွန်ုပ်မှာ အိပ်လိုက်စားလိုက်နှင့် အချိန်များကိုကုန်လွန်စေပြီးလျှင် တစ်နေ့ဝင်ပြီးနောက် တစ်နေ့ထွက်ခဲ့၍သာလာခဲ့၏။ ဤသို့အားဖြင့် တစ်ပတ်ကျော်ကျော်ခန့်မျှ ကြာလတ်သော် ကျွန်ုပ်မှာ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၍ နေရသောကြောင့် ယခင်ကထက် ကိုယ်အလေးချိန်များတိုးကာ ခွန်အားဗလများလည်း ကိုယ်အလေးချိန်တိုးသလောက် တိုး၍လာခဲ့လေ၏။

ကျွန်ုပ်မှာ အားလပ်တိုင်း အော်တိုမီကိုသော်လည်းကောင်း၊ ဂေါ်တီမောကိုသော်လည်းကောင်း တွေ့မြင်လိမ့်မည်အထင်နှင့် သံတိုင်ပြတင်းပေါက်မှ အပြင်သို့ငေးမောရှုမျှော်ကာ အချိန်ကိုကုန်လွန်စေ၏။ သို့သော် သူတို့၏အရိပ်အယောင်ကိုမျှ မမြင်ရချေ။

တစ်နေ့သောညနေ၌ အချုပ်ခန်းဆောင်မှ လူတစ်ယောက် လျှောက်လာပြီးလျှင် ကျွန်ုပ်အခန်းတွင်းသို့ စူးစိုက်ကြည့်နေလေရာ ၎င်းမှာအခြားသူမဟုတ်၊ ကျွန်ုပ်၏ရန်သူ 'ဂါဆီယာ'ဖြစ်လေသည်။ ထိုအခါ ကျွန်ုပ်မှာ အခန်းထောင့်တစ်ထောင့် မှောင်သောနေရာတစ်ခုတွင်ရှိနေ၍ ကျွန်ုပ်ကို မမြင်ရသော်လည်း ကျွန်ုပ်ကမူ သူ့အားကောင်းစွာမြင်ရလေသည်။ ဂါဆီယာသည် ကျွန်ုပ်ရှိသော လှောင်ချိုင့်အတွင်းသို့ စူးစိုက်ကြည့်နေသော ခဏ၌ပင် သူ၏မျက်နှာမှာ မိပြီးသောကြွက်ကို လှောင်ချိုင့်အပြင်မှ ကြည့်နေသော ကြောင်ကဲ့သို့ စားတော့ဝါးတော့မတတ် မချင့်မရဲသောအမူအရာလည်းရှိပေ၏။

သူထွက်သွားပြီးနောက် အတန်ကြာသော် ကျွန်ုပ်နေသော အချုပ်ခန်းရှေ့ရှိကွင်းပြင်ကြီးတွင် စစ်သားအချို့နှင့်စစ်ဗိုလ်များ စုရုံးပြီးလျှင် စည်းဝေး တိုင်ပင်နေကြရာ ကော့တက် ကိုယ်တိုင် ခန့်ညားလှပသော



www.burmeseclassic.com

www.burmeseclassic.com



စစ်ဝတ်စစ်စားများကို ဝတ်ဆင်လျက် မြင်းဖြူကြီးတစ်စီးကို စီးနင်းကာ လမ်းသလားနေသည်ကို တွေ့မြင်ရ၏။ ထိုနေရာမှာ အချုပ်ခန်းနှင့် အတော်ဝေးသဖြင့် ၎င်းတို့ပြောဆိုသံကို ကောင်းစွာမကြားရသော်လည်း စစ်ဗိုလ်များသည် အလွန်စိတ်ဆိုးနေသည့်အမူအရာများဖြင့် ကောတက်အား ပြန်လှန်ပြောဆိုလျက်ရှိကြကုန်ရာ ဤသို့ ပြောဆိုသည့်အခါတိုင်း စစ်သားများက ဝိုင်း၍သြဘာပေးကြ၏။

နောက်တစ်နေ့နံနက်စာ စားပြီးချိန်၌ ကျွန်ုပ်အခန်းသို့ စစ်သားလေးယောက် ရောက်လာပြီးလျှင် ကျွန်ုပ်အား ကပ္ပတိန်ထံသို့ လိုက်ခဲ့ရမည့် အကြောင်းပြောဆို ခေါ်ငင်ပြီးလျှင် အချုပ်ခန်းမှ ထုတ်သွားလေ၏။

နောက် ငါးမိနစ်ခန့်မျှကြာသောအခါ ကျွန်ုပ်သည် စစ်ဗိုလ်ချုပ်ကြီး ကောတက်နေသော အိမ်အလုံခန်းတွင် မတ်တတ်ရပ်လျက်ရှိလေ၏။ စစ်ဗိုလ်ချုပ်ကြီး၏နံဘေး၌ မာရီနာသည်လည်းကောင်း၊ အခြားဘက်၌ သူ၏ကိုယ်ရံတော် ဗိုလ်မှူးသည်လည်းကောင်း ရှိနေကြလေသည်။

ကောတက်သည် မလှုပ်မယှက်နေသော ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် တည်ငြိမ်လေးနက်သောအသံဖြင့်

"အသင်၏အမည်သည် "သောမတ်(စ)ဝင်းဂဖီး" ဖြစ်၍ စပိန်နှင့် အင်္ဂလိပ် ထက်ဝက်စပ်ကပြားဖြစ်သည့် အသင်အား တူဘတ်စကိုမြစ်ထဲတွင် သင်္ဘောတစ်စင်းမှပစ်ချခဲ့ရာ နောက်ဆုံး အက်(ဇ)တက်တို့က မက္ကဆီကိုမြို့သို့ယူခဲ့ကြသည်။ ထိုနောက် အက်(ဇ)တက်ဘုရား တမန်တော်ဟူ၍ ကိုးကွယ်ပြီးလျှင် ယဇ်ပူဇော်မည်ပြုရာ ကျောက်တောင်ကို ကျွန်ုပ်တို့တိုက်ခိုက်သိမ်းပိုက်စဉ် ကျွန်ုပ်တို့က ကယ်ဆယ်လိုက်ရသည်။ ထိုနောက်သင်သည် အက်(ဇ)တက်လူမည်းများနှင့် ပူးပေါင်းကာ ညဉ့်





သန်းခေါင်တိုက်ပွဲဖြစ်သည့်အခါ ကျွန်ုပ်တို့အမျိုးသားပေါင်းများစွာတို့အား သင်သတ်ခဲ့သည်။ ထိုနောက် သင်ပင်လျှင် ဂေါ်တီမော့အား ကူညီ၍ သူ၏ အတိုင်ပင်ခံဗိုလ်မှူးအဖြစ်ဖြင့် မက္ကဆီကိုမြို့ကို ခုခံကာကွယ်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ အားလုံးမဟုတ်ပါလော အသင်အကျဉ်းသား"

"အားလုံးမှန်ပါသည် ဗိုလ်ချုပ်ကြီး"

"ကောင်းပြီ၊ ကောင်းပြီ၊ သင်ကား သင်၏အမျိုးကိုလည်းကောင်း၊ သင် သွေးသားကိုလည်းကောင်း သစ္စာဖောက်ခဲ့၏။ သင်သည် စပိန်များနှင့်တကွ သူတို့၏မဟာမိတ် "တလစကလန်" လူရိုင်းတို့အား သတ်ဖြတ်ခဲ့၏။ ဝင်းဂဖီး...သင်၌ အသက်နှစ်ချောင်းပင်ရှိစေကာမူ သင်သည် ထိုအသက်များကို ဆုံးရှုံးစေရမည်။ သင်သည် တိုင်းပြည်ကိုသစ္စာဖောက်၊ အမျိုးကိုသစ္စာဖောက်သည့်အတွက် လူသတ်သမားသူပုန်များ သေသကဲ့သို့ ကြိုးစင်တွင် သင့်အား ကြိုးပေး၍ သေစေရမည်"

ထိုအခါ ကျွန်ုပ်မှာ စပိန်တို့ကြိုးစင်တွင် သေရမည့်ဆားကိုတွေးတော ကြောက်ရွံ့ကာ သွေးများရုတ်တရက်ခဲသွားသကဲ့သို့ ကျောရိုးတစ်လျှောက် စိမ့်၍အေးသွား၏။

"ဤသို့ဆိုလျှင် ကျွန်ုပ်တစ်စုံတစ်ရာ ပြောရန်ရှိပါသလော ဗိုလ်ချုပ်ကြီး"

"အနည်းငယ်မျှတော့ရှိပါသည်၊ သင်သည် ဤမျှလောက် များပြားသောပြစ်မှုများကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့စေကာမူ သင့်အသက်ကို ချမ်းသာပေးနိုင်ရန် ခြွင်းချက်တစ်ခုကျန်ရှိပါသေးသည်။ ထိုမှမက သင့်အား ဥရောပတိုက်သို့ ပထမဆုံးထွက်မည့်သင်္ဘော၌ စရိတ်ကြေးငွေ အပြည့်အစုံနှင့် ထည့်လိုက်ပါဦးမည်။ ခြွင်းချက်ကား ဤသို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ကောင်းသော သန်းခေါင်ယံတိုက်ပွဲ ဖြစ်သည့်ညဥ့်က ကျွန်ုပ်တို့ထံမှ မတရားသဖြင့်ပြန်၍ခိုးယူသွားသော မွန်တီဇူမာဘုရင်ကြီး၏ ဘဏ္ဍာတော်များဖြစ်သည့် မြောက်မြားစွာသော ရွှေတို့သိုဝှက်ထားရာ နေရာကို သင်သိသည်ဟု ယူဆနိုင်ရန် ကျွန်ုပ်တို့၌ လုံလောက်သော အကြောင်းအချက်များရှိပါသည်။ ထို့ပြင် ရွှေများတင်ဆောင်သည့် လောင်းလှေများပေါ်တွင် သင့်အားမြင်ရသည်ဟု ခိုင်လုံစွာအဆိုရှိပါသည်။ သို့ဖြစ်၍ အသင်သည် ကြိုးစင်ကိုပင်ရွေးချယ်မည်လော၊ သို့မဟုတ် ပစ္စည်းများဝှက်ထားရာ လျှို့ဝှက်ထားရာ လျှို့ဝှက်သော ဘဏ္ဍာတိုက်ကိုပင် ကျွန်ုပ်အားပြသမည်လော၊ ယခုရွေးချယ်ပါလော့”

“ထိုပစ္စည်း ဘဏ္ဍာရွှေငွေများနှင့် ပတ်သက်၍ ကျွန်ုပ်တစ်စုံတစ်ရာ မသိပါ၊ ကျွန်ုပ်အား ကြိုးစင်သို့သာပို့ပါလော့”

“ထိုပစ္စည်းများနှင့် ပတ်သက်၍ သင်တစ်စုံတစ်ရာ မပြောလိုဟု သင်ဆိုပါသလား။ စဉ်းစားပါ သောမတ်(စ)ဝင်းဂဖီး၊ သင့်၌ အကယ်၍ ကျမ်းသစ္စာများကို ကျိန်ဆို၍ထားက အက်(ဇ)တက်ဘုရားများ ယခုမရှိတော့ပြီဖြစ်၍ ကျိန်စာသင့်နိုင်တော့မည်မဟုတ်ပါ။ အက်(ဇ)တက်များသည် ဘုရားလည်းပြုန်း၊ လူမျိုးလည်းတုံး၍နေပြီဖြစ်၍ သူတို့ဘုရင်ပင်သျှင် ကျွန်ုပ်၏လက်ခုပ်တွင်းသို့ ရောက်နေသည့်အကြောင်း သင့်သိပြီးမဟုတ်ပါလော။ သူတို့သည် မြို့တော်ကြီးတစ်ခုလုံး ပြာကျနေသည့်အဖြစ်ကို သင်မမြင်ပါသလော။ သူတို့၏ဘုရင်၊ သူတို့၏အသက်၊ သူတို့၏စည်းစိမ်ဥစ္စာ၊ သူတို့၏ ရတနာရွှေငွေများကို ကျွန်ုပ်သာပိုင်ရမည်မဟုတ်ပါလော။ ထိုရွှေများကို ကျွန်ုပ်နှင့်အတူ စွန့်စားလိုက်ပါလာသူရဲဘော်ရဲဘက်တို့အား ခွဲခြမ်းဝေငှ၍ပေးရဦးအံ့။ သို့ဖြစ်၍စဉ်းစားပါ





လော့... သောမတ်(စ)ဝင်းဂဖီး”

“မသိပါ ဗိုလ်ချုပ်ကြီး၊ ကျွန်ုပ်တစ်စုံတစ်ရာ မသိရပါ”

“အသင် သစ္စာဖောက်၊ မှတ်မိသောသတိဉာဏ်ဆိုသည်မှာ တစ်ခါတစ်ရံ နှိုးဆွ၍ပေးရ၏။ သင်မမှတ်မိ၍ လုံးလုံးသတိမရခဲ့သော် သင်ကားချေသေမည် မလွဲတည်း။ သို့သော် သေခြင်းဆိုသည်မှာ မမြန်လှဘဲ တစ်ခါတစ်ရံ နှေးနှေးကွေးကွေး ရှိတတ်လှ၏။ သင်လည်း စပိန်ပြည်တွင် နေခဲ့ဖူး၍ ဤအကြောင်းများကို ကြားဖူးကောင်း ကြားဖူးပေလိမ့်မည်။ သူတစ်ယောက်ကို ချက်ချင်းမသတ်ဘဲ ရက်ပေါင်းများစွာ ခိမ်ဆွဲ၍ သတ်နိုင်သောနည်းလမ်းများရှိ၏။ ဤသို့ပြုလုပ်ရန် ကျွန်ုပ်မှာ များစွာဝမ်းနည်းလှသော်လည်း သင်၏မှတ်ဉာဏ်သည် အိပ်ပျော်နေပါက နှိုးရန် ဤနည်းအပြင် အခြားနည်းလမ်းမမြင်ပါ”

“ကျွန်ုပ်ကား သင်၏တန်ခိုးအာဏာအောက်တွင် ရှိပါသည်။ ကျွန်ုပ်သည် လိမ်လည်၍မပြောပါ။ ဟုတ်တိုင်းမှန်ရာကိုသာ ပြောပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် စပိန်ပြည်သားမဟုတ်၊ အင်္ဂလန်နယ်သား အင်္ဂလိပ်ဘုရင်၏ ကျေးတော်မျိုးကျွန်တော်မျိုး တစ်ယောက်မျှသာဖြစ်၍ ကျွန်ုပ်သည် သင်တို့စစ်တပ်ထဲမှ “ဆာစီဒါ”ခေါ် “ဂါဆီယာ” ဆိုသူ လူဆိုးတစ်ယောက်အပေါ်တွင် မသတ်ရမချင်း မကျေနိုင်သောရန်ငြိုးကြောင့် အက်(ဇ)တက်တို့နှင့်ပူးပေါင်း၍ တိုက်ခိုက်ခြင်းဖြစ်ပါသည်။ ယခုအခါ သူတို့ကားစစ်ရှုံး၍ ကျွန်ုပ်သည် သင်တို့၏အကျဉ်းသားဖြစ်၍ နေပါပြီ။ သင်သည် သူရသတ္တိနှင့်ပြည့်စုံသော စစ်ဗိုလ်ကြီးတစ်ဦးပြီပြီ အညှဲခံရသည့် ရန်သူတစ်ဦးကို ဆက်ဆံသည့်အနေဖြင့် ကျွန်ုပ်ကို ဆက်ဆံပါလော့။ ကျွန်ုပ်သည် ပစ္စည်းဘဏ္ဍာများအကြောင်း မသိရိုးအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်က ကျွန်ုပ်ကိုသာ သတ်ပါလော့”

“ဝင်းဂဖီး ကျွန်ုပ်သည် လူတစ်ဦးတစ်ယောက်အနေဖြင့် သင်ဆို သည့်အတိုင်း ပြုလုပ်လိုပါ၏။ သို့သော် သင်သည် သင့်မျက်မှောက်၌ ပင် သင်နှင့်ဘဝတူ ခရစ်ယာန်တို့အား ယဇ်နတ်ပူဇော်ခြင်း၊ ၎င်းတို့၏ အသားကို သင့်ရဲဘော် လူရိုင်းများကစားသောက်ခြင်း စသည်တို့ကို သင် ရှုစိမ့်နိုင်ဘိ၏။ ထိုပြစ်မှုတစ်ခုပင်လျှင် သင့်အားမသေမီ ညှဉ်းပန်းရန် ရှိတော့၏။ သင်ပြောသည့် “ဒွန် ဆာစီဒါ”အား ကျွန်ုပ်သည် ကျွန်ုပ်၏ သစ္စာရှိရဲဘော်တစ်ဦး အနေဖြင့်သိပါ၏။ သို့သော် သင်ကဲ့သို့ ခြေသလုံး အိမ်ပါ ကမ္ဘာကိုလှည့်နေသော ကြမ်းပိုးတလေတစ်ယောက်၊ ကိုယ့်နိုင်ငံ ကိုယ်ရောင်းစားသူတစ်ယောက်က သူ့အားစွပ်စွဲချက်ကို ကျွန်ုပ် မယုံ ကြည်ပါ။ ယခုအခါ သင့်အား သူ့လက်သို့အပ်တော့မည်ဖြစ်၍ သင့် အတွက် ကံဆိုးကောင်းဆိုးမည်လော မပြောတတ်ပါ။ ထို့ကြောင့် သင် သည် ဆားအန္တရာယ်မရှိတဲ့ အင်္ဂလန်နိုင်ငံသို့ အေးချမ်းသာယာစွာ ပြန်လို သလော၊ သို့မဟုတ် “ဒွန် ဆာစီဒါ”၏လက်တွင် စကားမပြောသူကို ပြောအောင်ထွင်ထားသည့်နည်းများဖြင့် သူ့စမ်းသပ်ခြင်းကိုခံမည်လော။ ကျွန်ုပ်နောက်ဆုံးအကြိမ်မေးပါသည်၊ သင်ကြိုက်ရာကို ရွေးချယ်ပါလော့”

ထိုခဏ၌ ကျွန်ုပ်သည် အားပြတ်၍သွားသကဲ့သို့ ဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်သွား၏။ ကော့တက်၏အမိန့်မှာ ကျွန်ုပ်အား ကြိုးပေး၍ သတ်ရန်လည်းမဟုတ်၊ မသေမီအချိန်ကို ဆွဲနိုင်သမျှဆွဲ၍ ညှဉ်းထားရန် ဖြစ်ရာ ညှဉ်းမည့်သူမှာလည်းအခြားသူမဟုတ်၊ ကျွန်ုပ်၏ရန်သူ ဂါဆီယာ ပင်ဖြစ်၏။ ကြွက်သည်ကြောင်ကို တောင်းပန်၍ရမည်မဟုတ်ချေ။ သို့သော် ကျွန်ုပ်၏ဂုဏ်တက်ခြင်း၊ ကျွန်ုပ်၏သစ္စာရှိခြင်း၊ ကျွန်ုပ်၏မာန





များသည် ကြောက်ရွံ့ခြင်းထက်ပင် ပိုလွန်ကဲမောက်မာလှပေ၏။

“ဗိုလ်ချုပ်ကြီး ကျွန်ုပ်မသိကြောင်းကို ဗိုလ်ချုပ်ကြီးအား အကြိမ် ကြိမ် ပြောပြီးပါပြီ။ အသင့်သဘောအတိုင်းသာ ပြုလုပ်ပါလော့၊ ဘုရား သခင်ကား သင်၏ရက်စက်ခြင်းကို ကြည့်ရှုနေလိမ့်မည်မဟုတ်ပါ”

ထိုအခါ ကော့တက်သည် ဘုရားသခင်ကြည့်ရှုနေမည်မဟုတ် ဟူ သောစကားကို ကြားသည်နှင့်တစ်ပြိုင်နက် တွန့်ခနဲဖြစ်၍သွားလျက်...

“အောင်မယ်၊ ဒီအကောင်က ဘုရားများတဲ့နေသေးသလားဟေ့၊ ဘုရားကိုပစ်ပယ်ပြီး ရုပ်တုကိုးကွယ်တဲ့အကောင်၊ ဟော့... လူသားစား၊ ကိုင်း... ကွယ်ရို့၊ ဆာစီဒါကို သွားခေါ်လိုက်ကြစမ်း”

ထိုခဏ၌ မင်းလုလင်တစ်ယောက် အပြင်သို့ထွက်သွားလေ၏။ ကျွန်ုပ်လည်း မာရီနာ၏မျက်နှာကို တစ်ချက်မျှလှမ်း၍ကြည့်မိရာ မာရီနာ သည် ညှိုးငယ်နေသောမျက်နှာဖြင့် မျက်ရည်များပင် လည်လုမတတ်ရှိ နေသည်ကိုမြင်ရ၏။ သို့သော် မာရီနာကား ကျွန်ုပ်ကိုကယ်နိုင်မည် မဟုတ်ပေ။ စစ်သားများနှင့်တကွ စစ်ဗိုလ်များကပါ ရွှေအတွက် ဆူပူ လျက်ရှိကြကုန်ရာ ကော့တက်ကား ရွှေမတွေ့လျှင်အခက်ကြုံချေတော့ မည်။

ထိုခဏ၌ မာရီနာသည် တောင်းပန်သောမျက်နှာဖြင့် ကော့တက် အား နား,နားသို့ကပ်၍ စိတ်အားထက်သန်စွာ တီးတိုးပြောဆိုလျက်ရှိ ၏။ သို့သော် ကော့တက်ကား မာရီနာ၏စကားကို ဂရုတစိုက်နားထောင် ပြီးနောက် နားမဝင်သကဲ့သို့ ကြမ်းတမ်းစွာ တွန်းဖယ်ပစ်လိုက်ပြီးလျှင်

“အေးအေးနေစမ်းပါ မာရီရယ်၊ ဒီ... အင်္ဂလိပ်ခွေးကို ငါ့ဘယ်လို လုပ်ပြီး ချမ်းသာပေးနိုင်မှာလည်းကွယ့်။ ရွှေက အရေးကြီးတယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေ... ရွှေ ဒီအကောင် ရွှေတွေဝှက်ထားတဲ့နေရာသိတယ်လို့ မင်းပဲပြောတယ်မဟုတ်လား၊ ဒီလူအတွက် မင်းဘာများ ဝင်ပြောချင်သေးသလဲ။ တော်စမ်းပါ မာရီနာရယ်၊ ငါ့ကို သည့်လောက်အနှောင့်အယှက်ပေးရတာ မတော်သေးဘူးလား"

ထိုနောက်ကော့တက်သည် အကြံရခက်သည့်ဟန်ဖြင့် ဆံပင်များကိုဖွကာ ဦးခေါင်းကို ကုတ်လျက်ရှိလေ၏။

ထိုအခါ 'မာရီနာ'သည် တောင်းပန်သော်လည်း မရကြောင်း ကျွန်ုပ်အားပြောလိုသည့်အမူအရာဖြင့် ကျွန်ုပ်အားကြည့်လျက်ရှိရာ ကျွန်ုပ်လည်း ကျေးဇူးတင်သည့် အမူအရာကို မျက်လုံးဖြင့်သာပြန်၍ ပြရလေ၏။

ထိုခဏ၌ အခန်းတွင်းသို့ဝင်လာသော ခြေသံများကို ကြားရပြီးလျှင် ဂါဆီယာသည် စစ်ဗိုလ်ချုပ်ကြီးရှေ့တွင် ရပ်လျက်ရှိလေသည်။ စစ်ရှုံးကြောင့်လည်းကောင်း၊ ပြင်းထန်သော ရာသီဥတုကြောင့်လည်းကောင်း သူ၏ ဆံစနှင့်မုတ်ဆိတ်တွင် ငွေရောင်ကလေးများအနည်းငယ်ပေါ်၍လာသော်လည်း သူ၏မျက်နှာမှာမူ ယခင်ကကဲ့သို့ပင်ခန့်ညားလှပလျက်ရှိ၏။ သူသည် ကော့တက်အား ပထမဦးစွာ ဦးညွှတ်၍အရိုအသေပြုရာ၊ သူ၏ အရောင်တောက်သော သံကျပ်အင်္ကျီနှင့် ရွှေကြိုးများသည် သူ့အား ပို၍ ခန့်ညားစေလျက် သူ၏ပြောင်လက်သောဝတ်ရုံကြီးသည်လည်း ဝတ်ဆင်သူကို ပို၍တင့်တယ်စေ၏။ စစ်ဝတ်စစ်စားဖြင့် ပြင်ဆင်ထားသည့် စပိန်ဗိုလ်များထဲတွင် သူ့ထက်ပို၍ ခန့်ညားတင့်တယ်သူကို ကျွန်ုပ်မတွေ့မမြင်ဘူးချေ။ သို့သော် နှင်းဆီပန်းများဖြင့် လှပစွာအုပ်၍ထားသော မြွေဟောက်ကဲ့သို့ သူ၏ အတွင်းစိတ်သည်ကား အပေါ်ယံလှပတင့်တယ်သလောက် အတွင်းသဘောတွင် ကောက်ကျစ်စဉ်းလဲ၍ ကြောက်မက်ဖွယ်





ကောင်းလှပေတော့၏။

သူ့ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း အသားများဆတ်ဆတ်တုန်ပြီး၍ အံသွားကိုကိုက်မိ၏။ ဂါဆီယာသည် ကျွန်ုပ်ကိုလှောင်ပြုံးပြုံး၍ကြည့်ပြီးနောက်...

"အသင့် အလိုတော်အတိုင်းပါ ဗိုလ်ချုပ်မင်း"

"ရဲဘော်ကြီး ဆာဒီရဲ့၊ ဒီအကောင်ကို သိရဲ့လား"

"ဟာ... မသိဘဲနေပါ့မလား ဗိုလ်ချုပ်ကြီး ဒီအကောင် ကျွန်တော့်အသက်ကို ကြံဖူးတာ သုံးခါတောင်ရှိပြီ"

"သည်လောက် ကြံရက်သားနဲ့ လွတ်လာတာ ကံကောင်းတာပေါ့ ရဲဘော်ကြီးရဲ့၊ ကောင်းပြီလေ၊ အခုတော့ ရဲဘော်ကြီးရဲ့ အလှည့်ကြုံပါပြီ၊ ဒါထက်သူရဲဘော်ကြီးနဲ့ ရန်စရှိဖူးတယ်ပြောနေပါတယ်၊ ဘယ်လိုရန်စများလည်း ရဲဘော်ကြီးရဲ့၊ ပြောစမ်းပါဦး"

ထိုအခါ၌ ဂါဆီယာသည် တစ်ခဏမျှ စကားပြော ရပ်တန့်သွားပြီးနောက် သူ၏မုတ်ဆိတ်ကို ပွတ်သပ်လျက်ရှိရာ တုန်တုန်ရီရီအသံဖြင့်...

"ပြောတော့မပြောချင်ပါဘူး ဗိုလ်မှူးကြီး၊ သို့သော်မယ့် ဗိုလ်မှူးကြီးကိုယ်တိုင်က ကျွန်တော့်အပေါ်မှာ အထင်များလွဲကောင်းလွဲနေမလားလို့ ဖွင့်ပြောရတော့မှာပဲ၊ ပြောရမှာတော့ဝမ်းတော့နည်းပါတယ်၊ ဟိုနှစ်ပေါင်းများစွာက ကျွန်တော်ဟာ အင်္ဂလန်နိုင်ငံမှာရှိနေစဉ်အခါမှာ သူ့အမေကို ပထမ ကျွန်တော်တွေ့ပါတယ်၊ ဟိုအခါတုန်းကတော့ ကျွန်တော်ကလည်း ပျိုပျိုရွယ်ရွယ် မိန်းကလေးကလည်း နုနုနယ်နယ်ဆိုတော့ ကျွန်တော်တို့လည်း ကလေးချင်းဘာဝချစ်ကြိုက်ခဲ့မိပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော့်ကိုလျှောက်ပြောရရင် အများကြီးပါပဲခင်ဗျာ၊ ဒီကတွင်ပဲ ရပ်ပါရစေတော့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ သူမုန်းတဲ့အကြောင်းကတော့ ဒီဟာပါပဲခင်ဗျား"

ကျွန်ုပ်သည် တစ်ကိုယ်လုံးဆတ်ဆတ်တုန်ကာ အံကြိတ်ခြင်း၊ လက်သီးဆုပ်ခြင်းများကို ပြုလုပ်မိ၏။ ကျွန်ုပ်၏တစ်ကိုယ်လုံးမှာ ဒေါသထွက်ခြင်းဖြင့် တောင့်တင်းကာ ကျွန်ုပ်၏စိတ်များမှာလည်း အစာကိုပြ၍ ခြိမ်းခြောက်ခြင်းခံရသော ကျားကဲ့သို့ရှိနေတော့၏။ ဂါဆီယာသည် ကျွန်ုပ်၏အကြောင်းကိုသာမဟုတ်၊ ကွယ်လွန်သူမိခင်ကြီး၏ ဂုဏ်ကျက်သရေကိုပါ ပုတ်ခတ်လျက်ပြောဆိုနေလေပြီ။

(နောင်ကြိုးများကို ဖြေရန်ကြိုးစားရင်း) "ဟေ့…မုသားကောင်၊ လူသတ်သမား၊ ငါ့ကိုလွတ်များပေးရင် မင်းကိုငါလက်သီးနဲ့ပဲ အသေသတ်ပြမယ်"

"ဗိုလ်မှူးကြီး၊ ဒီအကောင်စော်ကားတာကို ကာကွယ်ပေးပါခင်ဗျာ"

ထိုအခါ ကော့တက်သည် ကျွန်ုပ်ဘက်သို့လှည့်၍

"ဟေ့…အကျဉ်းသမား၊ လူကြီးလူကောင်းတစ်ယောက်ကို မင်းသည့်လောက် စော်စော်ကားကား ပြောရသလား၊ နောက်တစ်ခါ ဒီစကားမျိုးထွက်ရင် မင်းပါးစပ်ကိုဖွင့်ပြီး မင်းလျှာကို သံဇာဂနာနဲ့ ထုတ်ယူရမယ်၊ ကြားလား၊ ကိုင်း…ရဲဘော်ကြီး၊ ဒီအကောင်ခင်ဗျား လက်အပ်လိုက်မယ်၊ ရဲဘော်ကြီးကိုယ်တိုင် အထူးစောင့်ကြည့်ပေတော့၊ စကားမပြောဘဲနေတဲ့လူကို ပြောအောင်လုပ်တဲ့နည်းတွေတော့ ရဲဘော်ကြီးထက် ပိုသိတဲ့လူ ရှိမယ်မထင်ပါဘူး၊ သူ့စကားပြောတဲ့အခါသာ ကျုပ်ကို အကြောင်းကြားပေရော့"

"ခွင့်လွှတ်ပါဗိုလ်ချုပ်ကြီး၊ ဒီအလုပ်တွေဟာ စပိန်လူကြီးလူကောင်းတွေရဲ့ အလုပ်ဟုတ်မယ်မထင်ပါဘူးခင်ဗျား"





ဂါဆီယာမှာ ဟန်ဆောင်၍ပင် ပြောရသော်လည်း ကြောင်လက်သွင်းသို့ ကြွက်ကို ပေးလိုက်ဘိသကဲ့သို့ ကျွန်ုပ်အပေါ်တွင် ညည်းပန်းလိုအားကြီးလွန်းသည့်မျက်နှာထားကို ကျွန်ုပ်အကဲခတ်မိ၏။

"ဟုတ်တော့ ဟုတ်ပါတယ် ရဲဘော်ကြီး၊ ကျုပ်လည်း ဒီအလုပ်ကိုသဘောမကျလှပါဘူး၊ သို့ပေမယ့် ဒီ့ပြင် တခြားနည်းလမ်းမရှိတော့ဘူး ရဲဘော်ကြီးရဲ့၊ ညှာမနေနဲ့နော်၊ စကားပြောအောင်သာလုပ်၊ ကြားလား"

"ကြားပါတယ်ခင်ဗျား၊ ကျွန်တော်ဖြင့် ဗိုလ်မှူးကြီးရဲ့ အမိန့်မို့သာ မျက်စိမှိတ်ပြီးဆောင်ရွက်ရမယ်၊ လုပ်ရမယ့်အလုပ်ကိုတော့ စက်ဆုပ်သားပဲ၊ သို့သော် ဗိုလ်မှူးကြီးရဲ့အမိန့်ကို စာနှင့်ရေးပြီး ထုတ်ပေးပါခင်ဗျား"

"စိတ်သာချ၊ ချက်ချင်းထုတ်ပေးလိုက်မယ် ရဲဘော်ကြီး၊ ကိုင်း…အကျဉ်းသားသာ အခုခေါ်သွားပေရော့"

"ဘယ်ကိုခေါ်သွားရမှာလဲ ဗိုလ်မှူးကြီးခင်ဗျာ"

"သူ့ကို ခေါ်လာတဲ့ ကျောက်တိုက်ထဲကိုပေါ့၊ ဟိုမှာ သူ့အဖော်တွေ အသင့်တွေ့ပါလိမ့်မယ်"

ထိုခဏ၌ လက်နက်ကိုင် စစ်သားတစ်ယောက် ဝင်လာပြီးလျှင် ကျွန်ုပ်အား ယခင်နေရာဟောင်း ကျောက်တိုက်ရှိရာသို့ ဆွဲခေါ်သွားလေ၏။

○



www.burmeseclassic.com

www.burmeseclassic.com



## ဂါဃီယာ

ပထမ၌ ကျွန်ုပ်အား ကျွန်ုပ်နေထိုင်သည့် အခန်းသို့ ခေါ်မသွားသေးဘဲ ကျောက်တိုက်၏ အစွန်းအစောင့်အိပ်နေသောနေရာနှင့် ကပ်လျက်ရှိသည့် အခန်းကလေးတစ်ခုထဲသို့ ခေါ်သွားလေ၏။ ထိုအခန်း၌ ကျွန်ုပ်အား ခြေရောလက်ပါ တုပ်နှောင်၍ထားကာ စစ်သားနှစ်ယောက်တို့သည် ဓားလွတ်များနှင့် စောင့်ကြပ်လျက်ရှိလေသည်။

ဤသို့စောင့်ဆိုင်းလျက်ရှိစဉ် အတွင်းဘက်စီမှ ကျောက်နံရံကိုတူဖြင့် ရိုက်ခတ်သံကဲ့သို့ ကြားရပြီးနောက် ဝေဒနာခံစားရသဖြင့် မချိမဆံ့ ဟစ်အော်လိုက်သောအသံများကို ကြားရလေ၏။

ကျွန်ုပ် စောင့်ဆိုင်းနေရသည်မှာ မကြာတော့ချေ။ တံခါးသည် အသံမြည်၍ပွင့်လာပြီးနောက် ကြောက်မက်ဖွယ်ကောင်းသော "တလေကလန်" လူရိုင်းနှစ်ယောက် ဝင်လာပြီးလျှင် ကျွန်ုပ်အား ဆံပင်နှင့်နားရွက်ကိုဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကျွန်ုပ်အခန်းရှိရာသို့ တလကြမ်းခေါ်သွားလေ၏။ စပိန်စစ်သားတစ်ယောက်သည် ကျွန်ုပ်အား သနားဟန်ဖြင့် ကြည့်ပြီးလျှင် "သနားစရာကွယ်၊ အမှုမှန်မှန်၊ မမှန်မှန် ငါဖြင့် ဒီအလုပ်တွေလုပ်ရမှာ ရွံလွန်းလို့"ဟု အခြားအဖော်စစ်သားဘက်သို့လှည့်၍ ညည်းညူလိုက်သေး၏။

အစောင့်များသည် တံခါးကိုပိတ်လိုက်ရာ သံတိုင်ပြတင်းပေါက်ကိုလည်း အဝတ်များဖြင့်ကာရံထားသဖြင့် အခန်းတစ်ခုလုံးမှာ မှောင်လျက်ရှိလေသည်။ သို့သော် ကြေးအိုးကြီးများတွင် ရဲရဲတောက်အောင် ဖို၍ထားသောမီးမှ အရောင်များသည် ထိုအမှောင်ထုကိုခွင်းကာ အတော်အတန် လင်းလျက်ရှိ၏။

အခန်းအလယ်ရှိ ကြမ်းပင်ပေါ်တွင် သစ်သားကုလားထိုင်ကြီး သုံးလုံးကိုချထား၍ တစ်လုံးမှာလပ်လျက်ရှိ၏။ အခြားနှစ်လုံး၌ကား တစ်လုံးပေါ်တွင် ဂေါ်တီမော့နှင့် ကျွန်ုပ်တို့မိတ်ဆွေ "တာကျူတန်" စစ်ဗိုလ်ကြီးရှိလေသည်။ သူတို့နှစ်ယောက်အား ကုလားထိုင်နှင့်ကပ်၍ ချည်တုပ်ထားလေရာ ၎င်းတို့ခြေရင်း၌ အရှိန်ပြင်းစွာတောက်၍နေသော ကျောက်မီးသွေးဖိုထားသည့် မီးဖိုကြီးများရှိ၏။ သူတို့နှစ်ယောက်ကို တုပ်နှောင်ထားသည့် ကုလားထိုင်များနောက်တွင် စပိန်လူမျိုးတစ်ယောက်သည် စက္ကူ၊ မင်အိုးနှင့် ကလောင်တံကို ကိုင်လျက်ရှိ၏။

လူမည်းများသည် နံဘေးမှ အကူအညီအတွက် ဝိုင်း၍ရပ်နေကြရာ ကုလားထိုင်လွတ်အနီး၌ရှိ ဂါဆီယာသည် ရပ်လျက်ရှိ၏။

ကျွန်ုပ်ကြည့်နေသည့်ခဏ၌ လူမည်းတစ်ယောက်သည် မီးထည့်ထားသော အိုးကို ချိမ,၍ ယူလာပြီးလျှင် "တာကျူတန်" မင်းသားကြီး၏ ဖိနပ်မပါသောခြေတစ်ဖက်ကို ရဲရဲနီသော ကျောက်မီးသွေးထဲသို့





ထိုးထည့်လေ၏။ ပထမဆိတ်ငြိမ်လျက်ရှိရာမှ "တာကျူတန်" မင်းသားသည် ငယ်သံပါအောင် အော်ဟစ်လိုက်ရာ တစ်ခန်းလုံးမှာ ပဲ့တင်ထပ်၍သွားလေသည်။

ထိုအခါ ဂေါ်တီမော့သည် "တာကျူတန်"ဘက်သို့ လှည့်၍ အသံခပ်အေးအေးဖြင့် "ဘာဖြစ်လို့သည့်လောက်အော်လိုက်ရတာလဲ 'တာကျူတန်'၊ ကျုပ်လည်း အိပ်ရာပေါ်မှာ စည်းစိမ်ခံနေတာမှမဟုတ်ဘဲ၊ ကျုပ်နောက်ကို အစဉ်လိုက်ခဲ့သလို အခုလည်း ဝေဒနာကို ပမာ မထားဘဲ ကျုပ်ကို အတုယူစမ်းပါ"ဟု ပြောလေ၏။ ဤသို့ပြောနေစဉ် ဂေါ်တီမော့၏ခြေများမှာလည်း ရဲရဲနီသော ကျောက်မီးသွေးမီးကျီးပေါ်၌ ရှိနေ၏။

ထိုအခါ နောက်၌ရပ်နေသောစာရေးများသည် ဂေါ်တီမော့ ပြောသောစကားများကို ရေးမှတ်လေသည်။ ဂေါ်တီမော့သည် မျက်နှာကို ကျွန်ုပ်တို့ဘက်သို့ လှည့်လွန်းသဖြင့် ကျွန်ုပ်ကိုမြင်၏။ သူ၏မျက်နှာမူ နာကျင်လွန်းသဖြင့် ညိုမည်းရှုံ့တွ၍ နေသော်လည်း စကားပြောလိုက်သည့်အသံမှာ နန်းတော်တွင်းရှိညီလာခံတွင် ပြောနေဘိသကဲ့သို့ အေးအေးဆေးဆေး နိုင်လှပေ၏။ ဂေါ်တီမော့သည် ကျွန်ုပ်ဘက်သို့လှည့်ပြီးနောက်...

"အလို ချစ်ဆွေကျူလီ ရောက်လာမှကိုး၊ ခင်ဗျားကို သူတို့ ချမ်းသာပေးလိုက်ပြီးလို့ ကျုပ်ကထင်နေတာ၊ လက်စသတ်တော့ ဒီရောက်လာတာကိုး ဗျ၊ စပိန်တွေဟာ ဘယ်လောက်ကတိတည်သလဲဗျာ၊ ဒေါ့တက်အိပြောက ကျုပ်ကိုအင်မတန်ကောင်းကောင်းမွန်မွန် ဂုဏ်ရှိအောင် ထားမယ်ဆိုပြီး အခုတော့ ခြေထောက်ကို ကျောက်မီးသွေးဖုတ်တာ ဂုဏ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင်ထားတာလားဗျာ၊ သူတို့က ကျုပ်တို့မြှုပ်ထားတဲ့ ရွှေတွေရှိနေတယ်လို့ထင်တယ်ဗျာ၊ ဒါကြောင့် ကျုပ်တို့ကို မပြော,ပြောအောင် လုပ်နေတယ်မဟုတ်လား၊ ဒီဟာမဟုတ်ဘူးဆိုတာ ခင်ဗျားအသိမဟုတ်လား၊ ကျုပ်တို့မှာရှိရိုးမှန်ရင် သူတို့မပေးဘဲနေပါ့မလားဗျာ၊ သူတို့ဟာ ကျုပ်တို့ ကိုးကွယ်တဲ့ "ကွီဇယ်" ဘုရားသခင်ရဲ့ တမန်တော်တွေလည်း ဖြစ်တယ်မဟုတ်လားဗျာ၊ ကျုပ်တို့မှာ ရွှေတော့မရှိဘူး၊ ပြာကျနေတဲ့ မြို့တော်ကြီးရယ်၊ ကျုပ်တို့အမျိုးတွေရဲ့ အရိုးတွေရယ်၊ ဒါပဲရှိတယ်မဟုတ်လားဗျ၊ ခင်ဗျားအသိသားနဲ့"

ထိုခဏ၌ သူ့ကိုစောင့်နေသောအစောင့်သည် ပါးစပ်ကိုပိတ်၍ရိုက်လိုက်သဖြင့် ဂေါ်တီမော့သည်စကားပြောရပ်သွားရလေ၏။

ဂေါ်တီမော့အား ဤမျှလောက်သတ္တိကောင်းလှ၍ သူ၏အမျိုးသားကို ဤမျှလောက်စောင့်ရှောက်ခဲ့ပေးရာ သူ၏လျှို့ဝှက်ချက်ကို ကျွန်ုပ်သူ့ရဲ့ဘောကြောင်ခြင်းဖြင့် ထုတ်ဖော်ပြောရမည်လော။ ကျွန်ုပ်သည် ဂေါ်တီမော့အား စံနမူနာယူပြီးလျှင် နှုတ်လုံပါရန် စိတ်ထဲကသစ္စာဆိုလိုက်လေ၏။ သို့သော် ကျွန်ုပ်သစ္စာရှိ,မရှိကို မကြာမီ စစ်ဆေးကြပေတော့မည်။

ဂါဆီယာက အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် လူမည်းနှစ်ယောက်တို့သည် ကျွန်ုပ်အား ကုလားထိုင်လွတ်ပေါ်သို့ဆွဲကာ ကြိုးများဖြင့် တုပ်နှောင်ကြလေ၏။

ထိုနောက် ဂါဆီယာသည် ကျွန်ုပ်၏နား,နားသို့ကပ်ပြီးနောက် စပိန်ဘာသာဖြင့်...

"ငါ့ညီ... ဝင်းဂဖီး၊ ဘုရားသခင်ဖန်ဆင်းတာများ သိပ်ဆန်းကြယ်တာပဲနော်၊ မင်းဟာ ကမ္ဘာမြေကြီးကျယ်ဝန်းသလောက် ငါ့ကို လိုက်ရှာ





ခဲ့တယ်၊ ရှာတဲ့အတိုင်းလည်း အကြိမ်ကြိမ်တွေ့တယ်၊ တွေ့ပြန်တော့လည်း၊ ဘယ်အခါမဆို မင်း ဝမ်းနည်းကျန်ရစ်ခဲ့တာချည်းပဲ၊ ကျွန်သသော်ဘာ ဆါက မင်းလွတ်လိုက်တုန်းက မင်းဟာ ငါးစာဖြစ်ပြီး နောက်ဆုံးပဲလို့ ငါတွေးလိုက်မိတယ်၊ သို့ပေမယ့် တစ်နည်းနည်းနဲ့ ကြံဖန်ပြီးတော့ မင်းလွတ်သွားသေးတာပဲ၊ အင်း... ဒီတစ်ခါတော့ မင်းမလွတ်နိုင်တော့ဘူး ငါ့ညီရေ၊ တုပ်ပြီးနှောင်ပြီးသား ဆိုသလိုပေါ့ကွယ်၊ ဒါကြောင့် မင်းမသေခင် ရက်ကလေးကို ခပ်ရှည်ရှည်ဆွဲထားရမှာပဲ၊ ဘယ့်နှယ်သဘောရသလဲ"

ကျွန်ုပ်သည် စကားလည်းမပြော၊ အော်လည်းမအော်ဘဲ နေမည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်သည့်အတိုင်း ဂါဆီယာအား တစ်စုံတစ်ရာပြန်မပြောဘဲ ဆိတ်ဆိတ်သာလျှင် နေခဲ့လေ၏။

သို့နှင့် လူမည်းများသည် ကျွန်ုပ်၏ခြေများကို အရှိန်ပြင်းလှစွာသော ကျောက်မီးသွေးမီးပေါ်တွင် မြှိုက်စပြုလေရာ ကျွန်ုပ်သည် တစ်စုံတစ်ရာဟစ်အော်ခြင်းမပြုဘဲ ခွဲနပဲကြိုးစွာဖြင့် အံကြိတ်ကာ ကြိတ်မှိတ်လျက်ခံရတော့၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် ဝေဒနာခံစားလွန်းသဖြင့် သတိမေ့၍သွား၏။ ဤသို့ သတိမေ့လျက်ရှိနေသည့်အခါများ၌ ကျွန်ုပ်၏မျက်နှာကို ရေအေးဖြင့် ဖျန်းပက်ပေးခြင်း၊ ပါးစပ်ထဲသို့ အရက်များ ထည့်လောင်းပေးခြင်းဖြင့် သတိတစ်ဖန်ပြန်၍ရစေ၏။

ဤမျှသာမကသေး၊ ဂါဆီယာသည် ကျွန်ုပ် ဝေဒနာခံနေစဉ်အတွင်း ဆဲရေးခြင်း၊ မခံမချိသာပြောဆိုခြင်း၊ နာကြည်းလောက်အောင် ငယ်ကျိုးငယ်နာ ထုတ်ဖော်ပြောဆိုခြင်း စသော နည်းမျိုးစုံတို့ဖြင့် နှိပ်စက်သေး၏။ သို့သော် ကျွန်ုပ်သည် တစ်စုံတစ်ရာပြန်လှန်ပြောဆိုခြင်းမပြုဘဲ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လှောက်သာရှိနေလေသည်။ ထိုနောက် ကျွန်ုပ်အား နှိပ်စက်ရသည့်တွင် အတော်အတန် မောပန်းလာဟန်ဖြင့်...

"ကိုင်း... ရပ်လိုက်ကြဦးဟေ့၊ ဒီ စကားမပြောတဲ့ဝက်ကို မသေ နဲ့ဦး၊ နေ့တွေအများကြီးကျန်သေးတယ်၊ ပြီးတော့..."

ထိုခဏ၌ ကော့တက်ကိုယ်တိုင် အခန်းတွင်းသို့ဝင်လာရာ ၎င်းနှင့် အတူ မာရီနာလည်း ပါလာလေသည်။

ကော့တက်သည် ကျွန်ုပ်၏ ဆိုးရွားသောအဖြစ်ကို မြင်ရသဖြင့် စိတ်မချမ်းသာဟန်ရှိသော်လည်း သူ့လူများဘက်သို့လှည့်၍...

**တက်။** "ဘယ်နယ့်လဲ ငါ့လူတို့၊ ဘာများ မေးမြန်းရကြသလဲ"

**စာရေး။** "တာကျူတန် မင်းသားကြီးဆိုတဲ့လူကတော့ ရွှေတွေ သူ့ဥယျာဉ်ထဲမှာ မြှုပ်ထားပါတယ်လို့ ဖွင့်ပြောနေပါပြီ၊ ဟိုနှစ်ယောက် ကတော့ ဘာတစ်ခုမှ မေးလို့မရပါဘူး ဗိုလ်ချုပ်ကြီး"

**တက်။** "အင်း၊ အတော် သတ္တိကောင်းတဲ့ လူတွေပဲကွယ်၊ ကိုင်း မနက်ဖြန် တာကျူတန်မင်းသားကြီးကို သူပြောတဲ့ဥယျာဉ်ထဲခေါ်သွား ပြီး အပြခိုင်းပေတော့၊ ဟို ခေါင်းမာတဲ့ အကောင်နှစ်ယောက်ကိုတော့ မနက်ဖြန်အထိ စဉ်းစားဖို့ အချိန်ပေးလိုက်ကြပါဦးကွယ်၊ စိတ်ပြောင်းချင် ပြောင်းလာပါလိမ့်မယ်"

ထိုနောက် ကော့တက်သည် ဂါဆီယာနှင့် အခြားစစ်ဗိုလ်များရှိရာ အခန်းထောင့်သို့သွား၍ နီးနှောတိုင်ပင်လျက်ရှိရာ မာရီနာသည် ကျွန်ုပ် နှင့် မျက်နှာချင်းဆိုင်ကျန်ရစ်ခဲ့ရာမှ ကျွန်ုပ်မျက်နှာကိုကြည့်ကာ မျက် ရည်များလည်လာလေ၏။

"သိပ်သနားတာပဲ ကိုလူဖြူရယ်၊ ရှင့်ကံဟာ သိပ်ဆိုးတာပဲနော်





(အက်(ဇ)တက်ဘာသာဖြင့် အသံကိုနှိမ့်လျက်)

"မငိုပါနဲ့ မာရီနာ၊ ကျုပ်ဟာ မာရီနာ မျက်ရည်ကျလောက်အောင် အဖိုးထိုက်တန်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး၊ သို့ပေမယ့် အခွင့်ကြုံ ရင် ကူညီစမ်းပါနော်"

"စိတ်ချ ကိုလူဖြူ၊ တတ်နိုင်သမျှ ကူညီပါ့မယ်"

မာရီနာသည် အခန်းပြင်သို့ လျှင်မြန်စွာထွက်သွားလေရာ ကော့ တက်လည်း ၎င်းနောက်မှလိုက်ပါသွားလေ၏။

ထိုခဏ၌ စပိန်တို့သည် ဂေါ်တီမော့နှင့် တာကျူတန်တို့အား ပွေ့ ချီ၍သွားကြလေ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ လမ်းမလျှောက် နိုင်တော့ချေ။ ကျွန်ုပ်ရှေ့နားသို့ရောက်သောအခါ ဂေါ်တီမော့သည် ကျွန်ုပ်ဘက်သို့လှည့်၍...

"နောက်ဆုံး နှုတ်ဆက်ခဲ့ပါသည် အဆွေတော်ကျူလီ၊ အဆွေကား ကွီဇယ်ဘုရား၏ အနွယ်တော် သားတော်အစစ်မှန်ပါပေသည်၊ ထို့ပြင် သင်သည် ရဲရင့်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်သည့်အတိုင်း ရှေ့လာမည့်တစ်နေ့တွင် ဘုရားများသည် သင့်အား ကောင်းကျိုးချမ်း သာပေးလိမ့်မည်"

ထိုနောက် နှစ်ယောက်စလုံးကိုပင် အခန်းပြင်သို့ပွေ့ထုတ်သွားကြ ရာ ဂေါ်တီမော့၏စကားများကား နောက်ဆုံးစကားများပင် ဖြစ်လေ သည်။

အခန်းတွင်း၌ ဂါဆီယာနှင့် တလစကလန်လူရိုင်းများသာ ကျန် ရစ်တော့၏။ ဂါဆီယာသည် ပြက်ရယ်ပြောင်လှောင်လိုသော မျက်နှာ ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"အင်း... နည်းနည်းမောသွားမှတ်တယ်၊ အလုပ်က နည်းနည်းက လေးတော့ကြမ်းတာပဲ၊ သို့ပေမယ့် တစ်ညလောက်နားလိုက်ရင် မနက်ဖြန် ဖျတ်ဖျတ်လတ်လတ် ရှိသွားရောပေါ့၊ အစဆိုတော့ နည်းနည်း အခံရခက်တာပဲ၊ နောက်လာပါလိမ့်ဦးမယ်၊ ဩော်... ဒါထက် အက်(၈)တက် မင်းနှယ်မင်းမျိုးထဲက အော်တိုမီဆိုတဲ့ မိန်းမချောကလေးတစ်ယောက် မင်းမသိဘူးလား"

အလို... အော်တိုမီ ဘာဖြစ်သလဲ၊ ပြောစမ်း... ပြောစမ်း"

"ဘာမှမဖြစ်ဘူး ဝင်းဂဖီးရယ်၊ ဒီကလေးမဟာ သေသွားတဲ့ မွန်တီရူမာဘုရင်ကြီးရဲ့ သမီး၊ ဆံပင်ကလေးကလည်း ကောက်ကျစ်ကျစ်၊ အသားကလည်း ရွှေရောင်နဲ့ အတော်ချစ်စရာကောင်းတဲ့သူငယ်မ၊ ဒီမိန်းကလေးကို လူရိုင်းတို့ထုံးစံအတိုင်း မင်းလက်ထပ်ခဲ့တယ်၊ မင်း မိန်းမ၊ မင်းတို့ရဲ့ဇာတ်ကြောင်း ငါအားလုံးသိပြီးပြီ၊ အဲဒီကောင်မလေးဟာ အခု ငါ့လက်ထဲမှာကွယ့်၊ နားလည်လား"

ရန်သူအား မည်သည့်အခါမျှ မတောင်းပန်ဘူးသော ကျွန်ုပ်သည် ပထမဦးစွာ ဂါဆီယာအား တောင်းပန်မိတော့၏။

"သူ့ကိုတော့ ချမ်းသာပေးပါ ဂါဆီယာ၊ ကျုပ်ကို ခင်ဗျားသဘောရှိ လုပ်နိုင်ပါတယ်၊ လူသတ္တဝါတို့ရဲ့ အသည်းနှလုံးရှိတဲ့ လူမှန်ရင် အားနွဲ့တဲ့ မိန်းကလေးကို ချမ်းသာပေးထိုက်ပါတယ်၊ ကော့တက်ကလည်း ဘယ်နည်းနဲ့မှ ကြည့်နေမှာမဟုတ်ပါဘူး"

"ကော့တက် သိတာမှမဟုတ်ဘဲကွယ့်"

ထို့နောက် ကျွန်ုပ်သည် နှာကျင်ပူလောင်လှသည်ဖြစ်၍ ဦးခေါင်းထဲမှ မိုက်ခနဲမိုက်ခနဲ ဖြစ်၍လာကာ သတိလစ်၍သွားလေ၏။





မည်မျှကြာအောင် သတိမေ့သွားသည်ကိုကား မသိရချေ။ သတိရသည်နှင့် မျက်လုံးများကိုဖွင့်ကြည့်လိုက်ရာ အချိန်မှာ ညဥ့်သို့ရောက်နေပြီဖြစ်၍ ကျွန်ုပ်မှာ သစ်သားကုပ်ပျစ်တစ်ခုပေါ်၌ လျောင်းလျက်ရှိလေ၏။ အခန်းမှာ မီးရောင်တစ်ခုဖြင့် လင်းလျက်ရှိလေရာ မိန်းမတစ်ယောက်သည် ကျွန်ုပ်မျက်နှာပေါ်သို့ ကုန်း၍ကြည့်နေသည်ကို တွေ့ရ၏။ မိန်းမမှာ အခြားသူမဟုတ်၊ ကျွန်ုပ်၏ချစ်ဇနီး အော်တိုမီပင် ဖြစ်လေသည်။

အလင်းရောင်ဖြင့် အော်တိုမီ၏မျက်နှာကို မြင်ရလေရာ အော်တိုမီမှာ ယခင်က အဝတ်အစားများ စုတ်ပြတ်ကာ အစားအစာငတ်မွတ်သည့်အတွက် ပိန်ကြုံချည့်နဲ့နေသော အော်တိုမီမဟုတ်၊ လှပဝဖြိုးလျက်ရှိနေသော အော်တိုမီဖြစ်လေသည်။

"အော်တိုမီ... အော်တိုမီ၊ မင်းရောက်နေပလား၊ ဝမ်းသာလိုက်တာ အော်တိုမီရယ်"

"သူတို့က လူဆိုးတွေတော့လူဆိုးတွေပဲ မောင်ရယ်၊ သို့ပေမယ့် မောင့်ကိုပြုစုဖို့ အော်တိုမီကို သူတို့ကအခွင့်ပေးလိုက်တယ်၊ ဘာကြောင့်လည်းတော့မသိဘူး၊ အော်... ဒါနဲ့ မောင့်မြင်ရတာ စိတ်မချမ်းသာလိုက်တာမောင်ရယ်"

အော်တိုမီသည် ကျွန်ုပ်၏ဒဏ်ရာများကို ကြည့်ကာ တရှုပ်ရှုပ်ငိုကြွေးလျက်ရှိလေ၏။

"ရှူး...တိတ်...အော်တိုမီ တိတ်စမ်းပါ၊ ငါတို့စားဖို့ ဘာများရှိသလဲ၊ ဆာလိုက်တာကွယ်"

"အများကြီးရှိတယ် မောင်၊ မာရီနာက အပို့ခိုင်းလိုက်လို့ မိန်းမတစ်ယောက် စားရေရိက္ခာတွေ အများကြီးလာပို့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် အော်တိုမီသည် ကျွန်ုပ်အား စားသောက်ဖွယ်ရာများကို ကျွေးမွေးပြီးနောက် ကျွန်ုပ်၏အနာများကို ယုယစွာပြုစုလေရာ အဖျား တက်နေခြင်းမှာ သက်သာရသော်လည်း မီးမြှိုက်၍ အရေပြားလောင် ကျွမ်းကာ ရဲရဲနီလျက်ရှိသောနေရာများမှာမူ မခံမရပ်နိုင်အောင် နာကျင် လျက်ရှိကုန်၏။

"ဒီမှာ... အော်တိုမီ၊ မောင်ပြောတာနားထောင်စမ်း၊ ဂါဆီယာကို မင်းတွေ့သလား"

"မတွေ့ရပါဘူးမောင်၊ ညီမလေးရော တခြားမိန်းကလေးတွေပါ ခွဲပြီး အော်တိုမီကို သပ်သပ်ထားတာ နှစ်ရက်ရှိပြီ၊ သို့ပေမယ့် သူတို့ ကောင်းကောင်းထားပါတယ်၊ ဘာမှမလုပ်ပါဘူး၊ စပိန်ဆိုလို့လည်း ဒီတို လိုက်ပို့တဲ့ စစ်သားနှစ်ယောက်ကလွဲလို့ တစ်ယောက်မှ မမြင်ရဘူး မောင်ဖျားနေတယ်၊ သွားပြုစုချေဆိုပြီး လွှတ်လိုက်လို့ အော်တိုမီ ရောက် လာတာပဲ"

"သို့ပေမယ့် အော်တိုမီဟာ မောင့်မယားဆိုတာသိနေတယ်ကွယ်"

"ဒါကတော့ သိချင်သိမှာပဲလေ၊ အော်တိုမီတို့ တိုင်းပြည်စစ်တပ် တွေထဲမှာ ဒီအကြောင်း ဟိုးလေးတကျော်သိနေတာပဲ၊ ဖုံးလို့ ရနိုင်ပါ့ မလား၊ မောင့်ကို သူတို့ဘာဖြစ်လို့ သည့်လောက်နှိပ်စက်ချင်ရတာလဲ"

"အခန်းထဲမှာ ဘယ်သူမှမရှိဘူးလား"

"မရှိဘူး၊ အစောင့် တံခါးအပြင်ဘက်မှာထိုင်နေတယ်"

"မောင်တော့ မထနိုင်ဘူး အော်တိုမီရယ်၊ မင့်နားကို မောင့်ပါးစပ် နားကပ်စမ်းပါ၊ အဲ... ဟုတ်ပြီ၊ ဟုတ်ပြီ"

အော်တိုမီသည် ကျွန်ုပ်နှင့် ပါးချင်းအပ်၍ပေးရာ ကျွန်ုပ်သည် အကျိုး အကြောင်းစုံလင်စွာ ပြန်ပြောလိုက်လေ၏။ ထိုအခါ အော်တိုမီသည်





မျက်လုံးများ အရောင်တဝင်းဝင်းတောက်လျက် သူ၏ မို့မောက်သော ရင်ကလေးကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ထားပြီးနောက်...

"အော်တိုမီဟာလေ၊ မောင့်ကို အသက်ပေးပြီး အရင်ကချစ်ခဲ့တာ နည်းသေးတာပေါ့မောင်ရယ်၊ အခုကစပြီး မောင့်ကို အရင်ကထက် ဆ ဘက်ထမ်းပိုး ဟိုးပြီးချစ်တော့မယ်၊ သည့်လောက်အနှိပ်စက်ခံပြီး မောင့် သစ္စာလုံခြုံတာ သေသွားတဲ့လူတွေအပေါ်မှာ သစ္စာမဖောက်တာအော်တိုမီ တော့ အံ့သြလို့မဆုံးနိုင်ဘူး၊ စိတ်ထားမြင့်မြတ်ပါပေ့ မောင်ရယ်၊ ယောကျ်ားထဲမှာ တကယ်ရှာမှရှားတဲ့ ယောကျ်ားပါပေပဲ"

ငင်းနောက် ကျွန်ုပ်လည်း အော်တိုမီအား ဂါဆီယာ၏ ဘေးအန္တ ရာယ်ကို စိုးရိမ်ရကြောင်းနှင့် ဂါဆီယာပြောသမျှ စကားများကို ဖွင့်၍ ပြောကြားလေရာ အော်တိုမီသည် နှုတ်ခမ်းကလေးများ ပြာ၍လာသည့် တိုင်အောင် ကျွန်ုပ်၏စကားများကို နားစိုက်လျက်ရှိလေ၏။

"ဒါလည်း ဟုတ်မှာပဲမောင်၊ ဒီကျူလီတွေဟာ အော်တိုမီတို့ ဘုန်း ကြီးတွေထက်တောင် ရက်စက်သေးတယ်နော်၊ ကိုင်း... ဒါဖြင့် အကြံပေး စမ်းပါ၊ အော်တိုမီတို့ ဘယ့်နှယ်ကြံကြမလဲ"

"မောင်တော့ မကြံတတ်တော့ဘူး အော်တိုမီရယ်၊ ဦးနှောက်တွေ လည်း ဆူပွက်ကုန်ပြီ"

(သနားစဖွယ် ရယ်မောလျက်) "မောင်ဟာလေ အချစ်ကိုရှက်လို့ ဖွင့်မပြောချင်တဲ့ မိန်းမပိုက်ကလေးနဲ့တူတယ်၊ မောင်မပြောရင် အော်တိုမီ ပြောလိုက်မယ်နော်၊ မောင်နဲ့အော်တိုမီနဲ့ ဒီကနေ့ညအတူသေဖို့ မောင့် စိတ်ထဲမှာ ရှိတယ်မဟုတ်လား"

"မှန်လိုက်လေ အော်တိုမီရယ်၊ မနက်ဖြန်ခါ မောင်ဝဋ်ကြွေခံရရင် သေတာထက်ဆိုးမယ်၊ အော်တိုမီလည်း အရှက်တကွဲအကျိုးနည်း ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ဒါကြောင့် သေခြင်းကလွဲလို့ တခြားဘာကိုမှ ရွေးချယ်စရာ မလိုတော့ဘူး”

စကားအနည်းငယ်မျှ တစ်ယောက်နှင့်တစ်ယောက် ယုယကြင်နာစွာ ပြောဆိုနေကြပြီးနောက် အော်တိုမိသည် ကျေနပ်ရသောအသံဖြင့်...

“ကိုင်း... မောင်၊ မောင်လည်း ဒုက္ခဝဋ်ဆင်းရဲကလွတ်ရော၊ အော်တိုမိလည်း ဂုဏ်ရှိရှိသေရရော၊ ဒါပဲလိုတာမဟုတ်လား မောင်ရဲ့၊ နှစ်ယောက်စလုံး ချစ်ချစ်ခင်ခင်နေရမယ့်အချိန်မှာ အခုလိုဖြစ်ရတာ ကံတော့ဆိုးတာပေါ့မောင်ရယ်၊ သို့ပေမယ့် သေခြင်းတရားဟာ အားလုံးအပူတွေကိုအေးစေနိုင်ပါတယ်၊ နောက်ဆုံး အော်တိုမိပြောချင်တာက မောင်ဟာ အော်တိုမိအပေါ်မှာ ယုယကြင်နာတဲ့အတွက် ကျေးဇူးတင်တယ်၊ ပြီးတော့ မောင်ဟာ အော်တိုမိတို့မျိုးရိုးရဲ့ ဂုဏ်သရေကို အသက်နဲ့လဲပြီး ဆယ်တယ်၊ အော်တိုမိကိုရော သေသွားတဲ့ ဖခင်ကြီးကိုရော အက်(ဓ)တင်တစ်မျိုးလုံးအပေါ်မှာ သစ္စာစောင့်ခဲ့တယ်ဆိုတာ နောက်ဘဝတောင် မမေ့နိုင်ပါဘူး မောင်ရယ်”

“ကိုင်း... ဒါဖြင့် သေကြစို့လေ၊ အသင့်ရှိပြီမဟုတ်လား”

စကားမဆုံးမီ တံခါးသည် ရုတ်တရက်ပွင့်လာပြီးနောက် ခေါင်းမြီးခြုံထားသော မိန်းမတစ်ယောက်သည် လက်တစ်ဖက်တွင် မီးတုတ်တစ်ခုကိုလည်းကောင်း၊ အခြားတစ်ဖက်တွင် အထုပ်တစ်ခုကိုလည်းကောင်း ကိုင်ပြီးလျှင် အခန်းတွင်းသို့ သုတ်သီးသုတ်ပျာ ဝင်လာလေသည်။

မ။ “အို... ရှင်တို့ ဘာလုပ်ကြမလို့တုန်း၊ သေစကားတွေဘာတွေပြောလို့၊ ဟင်... ကျုပ်လီ”





မီ။ “မောင်... ဒီမိန်းမက မောင်နဲ့ အရောတဝင်သိလို့ပါလား၊ သေမှာတောင် အေးအေးချမ်းချမ်းမသေရဘူးနော်၊ အနှောင့်အယှက်တွေကများလိုက်တာ၊ သူကဘယ်သူလဲ မောင်ရယ်”

မ။ ။ (တည်ငြိမ်လေးနက်သောအသံဖြင့်) “ကျွန်မ နာမည်က မာရီနာတဲ့၊ ရှင်တို့ကို တတ်နိုင်ရင် ကယ်မလို့လာခဲ့တာ”

○



www.burmeseclassic.com

www.burmeseclassic.com



# လွှတ်မြောက်ခြင်း

အော်တိုမီသည် မာရီနာ၏ရှေ့တွင် မားမားရပ်လိုက်လေ၏။ ထိုနောက် ာန်မာနကြီးမြင့်လှသောမျက်နှာထားဖြင့်...

"မာရီနာဆိုတာ ရှင်လား၊ ကျွန်မတို့ကို ကယ်ရအောင်လာတယ်ဆို ေါတော့၊ ထောင်သောင်းမကတဲ့ ကျွန်မတို့အမျိုးသားတွေကို ညှဉ်းပန်း ိဝ်စက်ခံရအောင်၊ အရှက်တကွဲအကျိုးနည်းဖြစ်အောင်၊ သေကြေပျက် ီးအောင်လုပ်တာ ရှင်ပဲ၊ အခု ကျွန်မတို့ဘာသာ လွတ်အောင်ကြံနိုင်ရင် ှင့်ရဲ့ အကူအညီကိုမလိုပါဘူး"

"စကားကိုသတိထားလည်းပြောပါ အော်တိုမီ၊ ကျွန်မဟာ ကော့ ာက်အပေါ်မှာ ချစ်တဲ့အတွက် သူ့ကိုကူညီမိပါတယ်၊ ရှင်ကိုယ်တိုင်ပဲ ကိုယ်ချင်းစာကြည့်ပါ၊ မိန်းမချင်းဆိုတာ အချစ်နဲ့ပတ်သက်တဲ့ ကိစ္စပါ ာ ကိုယ်ချင်းစာတတ်ရပါတယ်"

မော်ကွန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



"သို့ပေမယ့် ကျွန်မတို့လင်မယားနှစ်ယောက်မှာ ခံနေရတဲ့ဒုက္ခဝေဒနာတွေကို ရှင်မျက်မြင်ပဲ၊ ကျွန်မယောကျ်ားဟာ သူ့မျက်စိအောက်မှာ ကျွန်မကို အနှိပ်စက်ခံနေရတာမမြင်ချင်လို့ သေဖို့ကြံတယ်၊ ဒီတော့ ကျွန်မလည်း သူနဲ့အတူလိုက်သေဖို့ရှိတာပဲ၊ မွန်တီဇူမာရဲ့သွေး၊ သူ့ရဲ့ သမီးတော် အော်တိုမီမင်းသမီးလည်း အရှက်နဲ့ရှင်နေခြင်းထက် သေခြင်းက မြတ်တယ်လို့ယူဆတယ်၊ သေခြင်းဆိုတာကတော့ တံခါးတစ်ပေါက်တည်းသာရှိပါတယ်၊ ဒါကြောင့် တံခါးတစ်ပေါက်တည်းရှိတဲ့လမ်း ကျွန်မတို့လိုက်ပါရစေ မာရီနာ"

"ရပ်ပါတော့ အော်တိုမီ၊ ဒါဖြင့် အော်တိုမီကိုလဲညှဉ်းပန်းရအောင် သူတို့ခေါ်လာတာပေါ့"

"အက်(ဇ)တက် လူမျိုးတို့ရဲ့ ဘုရင်တောင် မလွတ်နိုင်တဲ့ ဝဋ်ကြွေးကို အော်တိုမီမင်းသမီးကော လွတ်နိုင်ပါ့မလား မာရီနာရဲ့"

"ဒီအကြောင်းတွေကို ကော့တက် လုံးလုံး မသိရပါဘူးရှင်"

သူဘယ်တုန်းကမှ မမြင်ရတဲ့ရွှေတွေကို သူယူထားပါတယ်လို့ သူ့စစ်သားတွေစွပ်စွဲချက်ကြောင့် ဒီကိစ္စတွေဖြစ်ရတာပါ အော်တိုမီရယ်"

"သူကိုယ်တိုင်မသိရင် သူ့လူယုံ ဆာစီဒါကိုမေးပါရစေလား"

"တကယ်လို့ ဒီအကြံဟာ ဆာစီဒါလက်ချက်ဖြစ်ရင် သူ့ကိုအပြစ်ပေးပါစေမယ်ရှင်၊ ဒီဟာကို ကျွန်မကတိပေးပါတယ်၊ သို့ပေမယ့် စကားပြောကြဖို့ အချိန်မရှိဘူးမှတ်တယ်၊ ကျွန်မ ဒီကိုလာခဲ့တာ တခြားကိစ္စမဟုတ်ဖူးရှင့်၊ ရှင့်ယောကျ်ား ကျူလီဆီက မွန်တီဇူမာရဲ့ ပစ္စည်းဘဏ္ဍာတွေဟာ ဘယ်မှာဝှက်ထားသလဲဆိုတာ ရအောင်မေးဖို့ ကော့တက်က ကျွန်မကို လွှတ်လိုက်တာရှင့်၊ အဲဒါ ကျွန်မက သစ္စာဖောက်ပြီး ကျွန်





မိတ်ဆွေ ကျူလီကိုရော၊ ရှင့်ကိုရော ကယ်မလို့ပါရှင်၊ ကိုင်း... ကျွန်မအကြံကို ရှင်တို့ငြင်းကြဦးမှာလား"

အော်တိုမီသည် စကားပြန်မပြောဘဲဆိတ်ဆိတ်သာလျှင်နေခဲ့ရာ ကျွန်ုပ်က

" သူခိုးဓားပြလိုခံနေရတဲ့ အနှိပ်စက်အညှဉ်းပန်းမျိုးတော့ ဘယ်သူခံနေချင်မှာလည်းမာရီနာရယ်၊ လွတ်မြောက်ချင်တာပေါ့၊ သို့ပေမယ့် ဘယ်လိုကြံပြီး လွတ်နိုင်ကြမှာလဲ"

"ဒီလိုလေ၊ နည်းလမ်းကတော့ခပ်ကျယ်ကျယ်ပဲ၊ သို့ပေမယ့် ဒီကျောက်တိုက်က ပထမထွက်၊ ရှေ့ဆက်ပြီး အဝတ်အစားတစ်မျိုးပြောင်း၊ ပြေးနိုင်ရင်တော့ လွတ်ကောင်းစရာရှိပါတယ်၊ ဒါကြောင့် ဒီဟာတွေ ကျွန်မယူခဲ့...

မာရီနာသည် သူယူလာခဲ့သော အထုပ်ကို ဖြည်၍ပြရာ အတွင်း၌ကား အဝတ်အစားအချို့နှင့် ဓားတစ်လက်ကို တွေ့မြင်ရလေသည်။ ဓားကြီးမှာ သန်းခေါင်ယံတိုက်ပွဲဖြစ်သည့်ညက "ကာနယ်ဒေး"ဆိုသူထံမှ ကျွန်ုပ်လက်တွင် ထားခဲ့သည့် ဓားပင်ဖြစ်လေသည်။

"ဒီလိုရှင့်၊ ဒီကျောက်တိုက်ရဲ့ဟိုဘက် ပြတင်းပေါက်မှာ ကာထားတာ သံတိုင်တေ မဟုတ်ဖူး၊ သစ်သားတိုင်တွေ ၊ သည်တော့ ဒီဓားနဲ့ ကောင်းကောင်းဖြတ်နိုင်ရမယ်၊ တကယ်လို့ လူမြင်သွားခဲ့လို့ရှိရင် အရက်မူးနေတဲ့စစ်သားတစ်ယောက် သူ့တဲကို ပြန်တဲ့ပုံလုပ်ကြရမယ်၊ ရှေ့လျှောက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ကျွန်မမသိတော့ဘူး၊ အခု ကျွန်မကြံတဲ့အကြံများ မတော်မဆပေါက်ကြားသွားရင် ကော့တက်ဟာ ကျွန်မကို ဘယ်လိုစီရင်မယ်ဆိုတာ ရှင်တို့ပဲတွေးကြည့်ပေရော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မာရီနာ၊ ကျုပ်တော့ ညာဖက်ခြေထောက် ထောက်နိုင်ပါသေးတယ်လေ၊ နောက်ဘယ်လို ဖြစ်ကြမယ်ဆိုတာ ဘုရားသခင်ကို အားကိုးရတော့မှာပဲ"

"ဒါပါပဲ... ဒါပါပဲ၊ သွားမယ်နော်၊ ချမ်းချမ်းသာသာနဲ့ လွတ်မြောက်ကြပါစေရှင်၊ ကျွန်မလည်း သည့်ထက်ပိုပြီး ကြာကြာမနေဝံ့ဘူး"

"သွားပေးတော့မာရီနာ သွားပေရော့"

ထိုခဏ၌ပင် မာရီနာသည် တံခါးကိုဖွင့်ပြီးလျှင် အပြင်သို့ထွက်သွားလေ၏။

မာရီနာထွက်သွားပြီးနောက် အပြင်ဖက်မှ စကားပြောသံများ ကြားရသဖြင့် မာရီနာသည် သူ့စီးနင်းလာခဲ့သော 'ဝေါ'ပေါ်သို့တက်သွားကြောင်းသိရပြီးလျှင် တစ်ခဏမျှကြာလတ်သော် ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်သွားလေ၏။

**အော်တိုမီ**သည် ပြတင်းပေါက်မှ အပြင်သို့ နားထောင်လျက်ရှိရာ **အစောင့်**များမရှိတော့ဘဲ ခပ်လှမ်းလှမ်းရှိစစ်စခန်းဆီမှ တစ်ခါတစ်ရံ ဟစ်အော်ပြောဆိုသံများကိုသာ ကြားရလေသည်။

"ကိုင်း... အော်တိုမီ၊ အလုပ်စကြစို့လား"

"မောင့်သဘောပေါ့ မောင်ရယ်၊ သို့ပေမယ့် အော်တိုမီ ဒီမိန်းမကို သိပ်မယုံကြည်ဘူး"

"ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဒီအခြေအနေထက်တော့ မဆိုးနိုင်တော့ပါဘူး အော်တိုမီရယ်၊ သေတယ်ဆိုတာ အချိန်ဆွဲပြီး ညှဉ်းနေတာထက်တော့ မဆိုးပါဘူး"

ကျွန်ုပ်မှာ ခြေတစ်ဖက်တွင် အပြင်းအထန်ဒဏ်ရာရလျက်ရှိသော်လည်း လက်နှစ်ဖက်မှာ ကောင်းစွာသန်စွမ်းသေးသည်ဖြစ်၍ ခွေးခြေ





ကလေးပေါ်တွင်ထိုင်ကာ ပြတင်းပေါက်မှသစ်သားတန်းများကို ဓားရှည်နှင့် ဖြတ်စပြုလေ၏။

ဓားမှာ အလွန်ကောင်း၍ ထက်မြက်ရကား သစ်သားတန်းများမှာ တစ်ခုပြီးလျှင်တစ်ခု ပြတ်၍ပြတ်၍ သွားလေရာ တစ်ခဏမျှကြာလတ်သော် လူတစ်ယောက်ဝင်ထွက်နိုင်သော အပေါက်တစ်ခုဖြစ်၍လာလေ၏။ ထိုအချိန်၌ ကျွန်ုပ်မှာ အဝတ်ကိုမျှ မလဲနိုင်သဖြင့် အော်တိုမီသည် မာရီနာထားခဲ့သော စပိန်စစ်သားအဝတ်များကို ကျွန်ုပ်အား ဝတ်ပေးလေသည်။

အော်တိုမီသည် အပေါက်မှလျှင်မြန်စွာခုန်ထွက်လေရာ ကျွန်ုပ်လည်း ခွေးခြေပေါ်သို့တက်ကာ ခြေတစ်ဖက်ကိုထောက်ပြီးလျှင် အော်တိုမီနောက်မှ ခုန်၍ချလိုက်လေ၏။ ထိုအချိန်ကား စစ်တဲစခန်း ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိနေလေသည်။

"ကိုင်း... ဘယ်သွားကြမလဲ၊ အော်တိုမီ"

(လေသံဖြင့်) "တောင်ဘက်မြို့တံခါးသွားကြမယ် မောင်၊ စစ်ကလည်းပြီးပြီဆိုတော့ ဟိုဘက်မှာအစောင့်မရှိဘူး"

သို့နှင့် ကျွန်ုပ်တို့သည် တောင်ဘက်မြို့တံခါးဆီသို့ ထွက်လာကြရာ ကျွန်ုပ်၏လက်ဝဲဖက်ခြေထောက်မှာ လုံးဝမထောက်နိုင်သဖြင့် အော်တိုမီ၏ပခုံးကို မှီပြီးလျှင် လက်ယာဖက်ခြေဖြင့်သာ တစ်လှမ်းချင်းခုန်၍ လိုက်ရလေ၏။ ဒဏ်ရာမှ နာလိုက်သည့်အဖြစ်ကား ပြောစရာမရှိချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် မည်သည့် အနှောင့်အယှက်ကိုမျှ မတွေ့ဘဲ ကိုက် ၃၀၀ ခန့်မျှခရီးပေါက်ခဲ့လေ၏။ သို့သော် ကျွန်ုပ်တို့၏ကုသိုလ်ကံများမှာ ဤမျှသာ အကျိုးပေးလေသလား မသိရချေ။ အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် လမ်းချိုးတစ်ခုကို တွေ့မိသည်နှင့်တစ်ပြိုင်နက် ညဥ့်ပျော်ပွဲများမှ ပြန်လာသော စပိန်စစ်သားသုံးယောက်တို့နှင့် ရင်ဆိုင်တွေ့ရသောကြောင့် ပေတည်း။ ၎င်းတို့နောက်မှလည်း အက်(ဇ)တက် အစေခံအချို့လည်း ပါလာလေသည်။

**စစ်သားတစ်ယောက်။** "ဘယ်သူတွေနဲ့ လာတွေ့နေပါလိမ့်ကွယ်၊ ဟော့... မင်းနာမည် ဘယ်သူလည်းဟေ့ရဲဘော်"

**ကျွန်ပ်။** (မူး၍ မောပန်းသောအသံဖြင့်) "ဥဒ်နိုက် ဘရားသား၊ ဥဒ်နိုက်"

**တစ်ယောက်။** "ဥဒ်မောနင်း ပြောပါကွယ်၊ တော်တော်ကြာ မိုးလင်းတော့မှာပဲ၊ မင်းနာမည် ပြောစမ်းပါကွယ်၊ မျက်နှာလည်း မြင်ရတာ မဟုတ်ဘူး၊ မင်း စစ်ထဲမှာ ပါခဲ့တာပဲနော်၊ ဟဲ... ဟဲ..."

**ကျွန်ပ်။** (မူးဟန်ဆောင်ကာ ကိုယ်ကိုယီမ်းလျက်) "ရဲဘော်အချင်းချင်း နာမည်မေးရသေးသလားကွယ်၊ တော်တော်ကြာ ကပွတိန်သိသွားပါဦးမယ်၊ ဟော့ကောင်မ မင်းလက်ပေးစမ်းပါဦးကွယ်၊ ကောင်းကောင်းတွဲပါကွယ်၊ သို့မှ တို့မြန်မြန်ရောက် မြန်မြန်အိပ်ရမယ်၊ မိုးလင်းတော့မယ်ဆိုပါလား"

ထိုအခါ သုံးဦးလုံးဝိုင်း၍ ရယ်မောကြပြီးလျှင် ၎င်းတို့အနက် တစ်ယောက်က အော်တိုမီအား...

"ဟဲ့... ကောင်မလေး၊ ဒီအမူးသမား ထားခဲ့ပြီး တို့ဆီလာပါလားကွယ်၊ နော်... အလှကလေး၊ လာမယ်မဟုတ်လား"

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် ၎င်းစစ်သားသည် အော်တိုမီ၏ လက်မောင်းကို လှမ်းဆွဲလိုက်လေ၏။ သို့သော် အော်တိုမီသည် မျက်နှာ





ကို တည်တည်ကြီးထား၍ ကြည့်လိုက်သည်တွင် ထိုသူသည် အံ့အားသင့်စွာ လက်ကိုလွှတ်ပေးလိုက်ရာ ကျွန်ုပ်တို့လည်း ရှေ့သို့ ဆက်လက်၍ လျှောက်သွားကြလေ၏။

အိမ်တစ်ဆောင်ကွယ်၍ သွားသည့်တိုင်အောင် ကျွန်ုပ်မှာ အတော်အောင့်အည်း၍ လျှောက်သွားရပြီးနောက် မြေပေါ်သို့ ပုံ၍ကျသွားလေ၏။ အဘယ်ကြောင့်ဆိုသော် စစ်သားများကြည့်နေစဉ်၌ ကျွန်ုပ်မှာ ၎င်းတို့ရိပ်မိမည်စိုးသဖြင့် မထောက်နိုင်သောခြေကိုပင် ထောက်ချင်ဟန်ပြု၍ လျှောက်ရသောကြောင့်ပေတည်း။

သို့သော် အော်တိုမီသည် ကျွန်ုပ်အား လျှင်မြန်စွာ တွဲယူချီမလိုက်ပြီးလျှင် "နားလို့မဖြစ်သေးဘူး မောင်ရယ်၊ စစ်သားတွေလည်း သိပ်မဝေးသေးဘူး၊ ပြီးတော့ မြို့တံခါးလည်း နီးပါပြီ မောင်ရဲ့"ဟု လေသံဖြင့် အားပေးရှာလေ၏။

မကြာမီ ကျွန်ုပ်တို့လည်း မြို့တံခါးသို့ ရောက်လာခဲ့ရာ တံခါးတွင် အစောင့်များမရှိဘဲ စပိန်စစ်သားသည် ကင်းတဲ၌အိပ်ပျော်လျက်ရှိသည်ကိုတွေ့ရလေ၏။ သို့သော် "တလစကလန်"စစ်သားသုံးယောက်တို့မှာမူ မီးဖိုတစ်ခုအနီး၌ စောင်များဖြင့် ဦးခေါင်းတွင်ရစ်ပတ်ကာ မီးလှုံလျက်ရှိနေကြသည်။ နံနက်လင်းချိန် နီးသဖြင့်လည်း လွန်စွာပင်ချမ်းလှပေ၏။

**ကျွန်ုပ်။** (ခက်ထန်စွာ စပိန်ဘာသာဖြင့်) "ဟဲ့... ခွေးတွေ၊ တံခါးဖွင့်စမ်း"

သုံးယောက် အနက်တစ်ယောက်သည် မီးလှုံရာမှ ထလာလျှင်

**စစ်သား။** "ဘာ...၊ ဘယ်သူ အမိန့်နဲ့လဲ"

**ကျွန်ုပ်။** "အောင်မယ် ဘယ်သူအမိန့် ဟုတ်လား၊ ငါ့အမိန့်ကွယ့်၊ ငါက ဒီနေ့အတွက် အလှည့်ကျ စစ်ဗိုလ်ကွယ့်၊ ငါ့စကားနားမထောင်



www.burmeseclassic.com

www.burmeseclassic.com



ရင် မနက်ဖြန် မင်းကို ကြာပွတ်နဲ့ကောင်းကောင်းရိုက်မယ်ဆိုတာ သိရဲ့မဟုတ်လား"

**စစ်သား။** "ဟေ့... ရဲဘော်တို့၊ ကင်းတဲပေါ်အိပ်နေတဲ့ ကျူလီကို နှိုးပြောရင် မကောင်းဘူးလား"

**အဖော်စစ်သား။** "သွားပြီးမနှိုးလေနဲ့ရဲဘော်၊ ဆာစီဒါသခင်ဟာ အင်မတန်ပင်ပန်းပြီး အိပ်နေရှာတယ်၊ သူအိပ်နေတုန်း ဘယ်သူမှ လာနှိုးဖို့ အမိန့်ပေးထားတယ်၊ မင်းဟာမင်း ဖွင့်ပေးချင်ပေးလိုက်၊ မပေးချင်လည်းနေ၊ သို့ပေမယ့် သွားပြီးတော့မနှိုးလေနဲ့ရဲဘော်"

ကျွန်ုပ်သည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ သွားလေ၏။ ဂါဒီယာသည် ကင်းတဲ၌ အိပ်ပျော်နေသည်ဖြစ်ရာ အကယ်၍ နိုးလာခဲ့သော် ကျွန်ုပ်၏ကံကြမ္မာကား အသို့ဖြစ်မည်နည်း။ ပထမပြောလိုက်သော လူမည်းစစ်သားအသံကိုလည်း ကျွန်ုပ်ကြားဖူးသကဲ့သို့ အောက်မေ့မိရာ ၎င်းမှာ အခြားသူမဟုတ်၊ ကျွန်ုပ်အား ခြေကိုမီးနှင့်မြှိုက်စဉ်က ကူညီပေးသော "တလစကလန်"စစ်သားတစ်ယောက်ဖြစ်ကြောင်း သိရတော့၏။ ကျွန်ုပ်၏မျက်နှာကိုမြင်လျှင် သူသည် ကျွန်ုပ်အား မမှတ်မိဘဲ နေမည်လော။

*

ကျွန်ုပ်သည် အံ့အားသင့်ကာ ဆက်လက်၍ စကားမပြောနိုင်တော့ဘဲ ဆွံ့အသော လူတစ်ယောက်ကဲ့သို့ ဖြစ်၍သွား၏။ အော်တိုမီ၏ လျှင်မြန်ဖျတ်လတ်သောဉာဏ်ကြောင့်သာ ကျွန်ုပ်တို့အောင်မြင်ခဲ့၏။

အော်တိုမီသည် ကျွန်ုပ်၏မျက်နှာကို မီးရောင်မှကွယ်စေရန် ကျွန်ုပ်ထက် ရှေ့ကျကျမှရပ်လျက် စစ်သားအား...

"ဒါဖြင့်လည်း မနှိုးပါနဲ့တော့ အစ်ကိုကြီးရယ်၊ စိတ်ဆိုးနေပါ့မယ်၊





ကျွန်ုပ်မတို့ သွားပါရစေတော့"

"သိပ်ဒုက္ခပေးတဲ့ အမူးလင်မယားပဲ၊ သွားကြ... သွားကြ"

ကျွန်ုပ်တို့အား တံခါးဖွင့်ပေးသဖြင့် ကျွန်ုပ်တို့လည်း အပြင်သို့ ထွက်သွားကြလေ၏။ သို့သော် ခြေလေးငါးလှမ်းမျှမရောက်မီ ကျွန်ုပ်ခြေမှာ အင်မတန်နာကျင်လျက် ဦးခေါင်းထဲမှ မိုက်ခနဲဖြစ်သွားပြီးလျှင် ကျွန်ုပ်လည်း မြေပေါ်သို့ တလိမ့်ခေါက်ကွေး လဲကျသွားလေ၏။

(ကျွန်ုပ်အားပွေ့ထူချီမလျက် လေသံဖြင့်) "ထပါမောင်၊ ဒီနေရာမှာ ကြာနေလို့ အေးမကောင်းသေးဘူး၊ ချုံပုတ်တစ်ခုရောက်အောင် သွားကြဦးမှဖြစ်မယ်"

ထိုခဏ၌ တံခါးစောင့်သည် တံခါးကို ပိတ်မည်ပြုပြီးမှ ကျွန်ုပ်လဲသွားသည်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် ဟက်ဟက်ပက်ပက် ရယ်မောကာ အော်တိုမီအားကူညီရန် အပြင်သို့ထွက်လာလေ၏။ ထိုသူသည် ကျွန်ုပ်ကို ပွေ့ထူရာ၌ အော်တိုမီအားအကူအညီပေးလျက်ရှိရာ ကျွန်ုပ်မတော်တဆရပ်လိုက်စဉ် ကျွန်ုပ်ခေါင်းတွင် ဆောင်း၍ထားသော ဦးထုပ်သည် အနည်းငယ်ကျယ်၍နေသဖြင့် ကျွတ်ကျသွားလေ၏။

ထိုအခါ ကျွန်ုပ်သည် စစ်သားနှင့် မျက်လုံးချင်းဆိုင်မိရာ ကျွန်ုပ်၏ မျက်နှာမှာ မှောင်ထဲ၌ရှိနေသော်လည်း ကျွန်ုပ်တို့ထွက်သွားသောခဏ၌ သူသည် သူ၏မျက်လုံးများကိုပင် မယုံကြည်နိုင်သကဲ့သို့ ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်၍နေသည်ကို မြင်လိုက်ရ၏။

"အော်တိုမီ၊ ဒီအကောင် မောင့်ကို မှတ်မိတယ်ထင်တယ်၊ မောင့်ကို မှတ်မိရင် သူတို့ ချက်ချင်းလိုက်လာပြီးသားပဲ"

"သွားပါမောင်ရယ်၊ ကြိုးစားသာသွားပါ၊ ရှေ့ကလမ်းကွေ့ကလေး



www.burmeseclassic.com

www.burmeseclassic.com



လွန်ရင် ချုံတွေပေါပါတယ်၊ တချုံချုံထဲ ဝင်ပုန်းနေတာပေါ့"

ဒဏ်ရာရသောခြေမှာ ထိုအခါ၌ လုံးလုံးမထောက်နိုင်တော့ဘဲ ခုန်၍ လိုက်ရသော ညာခြေထောက်မှာလည်း ညောင်းညာလှပြီဖြစ်ရကား ကျွန်ုပ်လည်း တစ်ခါတည်း စိတ်အားလျှော့လိုက်လေ၏။

"အော်တိုမီ၊ မောင်တော့ မလိုက်နိုင်တော့ဘူးအော်တိုမီရယ်၊ သေချင်လည်းသေပေစေတော့"

ထိုအခါ အော်တိုမီသည် သားငယ်ကိုပွေ့ယူသောမိခင်အလား ကျွန်ုပ်ကို တစ်ခါတည်းပွေ့ယူ၍ ခဲယဉ်းစွာသွားရှာလေရာ ဤသို့ဖြင့် ကျွန်ုပ်တို့လည်း ကိုက် ၅၀ ကျော်ကျော်မျှ ခရီးပေါက်ခဲ့သေး၏။ သို့နှင့်နောက်ဆုံး ချုံတစ်ချုံရှေ့ရောက်သောအခါ အော်တိုမီသည် ချိုင့်တစ်ခုကို နင်းမိသဖြင့် ကိုယ်ကိုမဟန်နိုင်ဘဲ ကျွန်ုပ်ကိုပွေ့ချီရင်း တစ်ခါတည်းလဲကျသွားလေ၏။

ထိုအချိန်၌ ကျွန်ုပ်လည်း နောက်သို့ပြန်၍လှည့်ကြည့်မိရာ တင်းပုတ်တစ်ခုကိုကိုင်၍ပြေးလာသော လူတစ်ယောက်ကို မြင်ရသဖြင့် ၎င်းမှာ အခြားသူမဟုတ်၊ "တလစကလန်"စစ်သားပင်ဖြစ်လေသည်။

"တစ်ခါဖြင့် ကိစ္စချောပြီ အော်တိုမီ၊ ဟိုအကောင်လိုက်လာပြီ"

အော်တိုမီသည် ကျွန်ုပ်၏ဓားကိုဆွဲထုတ်လိုက်ပြီးလျှင် မြက်တောထဲတွင် ဝှက်ထားလိုက်ပြီးနောက်...

"မြက်တောထဲလှဲနေပြီး အိပ်ပျော်ချင်ယောင်ဆောင်နေလိုက်၊ ဒီတစ်ခါ ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ"

သို့နှင့် ကျွန်ုပ်သည် လမ်းဘေးရှိ မြက်ခင်းပေါ်၌ ပက်လက်လှန်လိုက်ပြီးလျှင် လက်တစ်ဖက်ကို မျက်နှာပေါ်သို့ တင်ထားလိုက်လေ၏။





ထိုခဏ၌ ချုံပုတ်အခြောက်များကိုနင်းသော ခြေသံများကို ကြားလိုက်ရပြီးနောက် လူတစ်ယောက်သည် ကျွန်ုပ်နံဘေးတွင် မတ်တတ်ရပ်လျက်ရှိလေ၏။

**မီ**။ "ရှင်က ဘာလုပ်ဦးမလို့လဲ၊ အိပ်နေတာပါရှင်၊ သူ့ဘာသာအိပ်တာ အိပ်ပါစေရှင်"

**စစ်သား**။ "မဟုတ်ဘူး ကောင်မလေးရဲ့၊ သူ့မျက်နှာငါ ကြည့်ချင်သေးတယ်"

စစ်သားသည် ပြောပြောဆိုဆိုနှင့် ကျွန်ုပ်၏လက်ကို မျက်နှာပေါ်မှ ဆွဲ၍ဖယ်လိုက်လေ၏။

"အလို... ဘုရား... ငါအထင်သားပဲ၊ မနေ့က ငါတို့လုပ်ခဲ့တဲ့ ကျူလီဲ၊ သူလွတ်လာတာကိုး"

(ရယ်မောလျက်) "ရှင်... အရူးလုပ်တာလား၊ ဘယ်ကလွတ်ပြေးရမှာလည်း၊ ညစာစားပွဲမှာ မူးပြီးရန်ဖြစ်လို့ ကျွန်မဒီခေါ်လာရတာ"

"ဟဲ့ကောင်မ၊ နင်လိမ်ပြောတာ၊ ဒါမှမဟုတ်ရင်လည်း အကျိုးအကြောင်း နင်ဘာမှမသိလို့ပြောတာ၊ ဒီအကောင်ဟာ မွန်တီဇူမာရဲ့ ရွှေတွေဝှက်ထားတဲ့နေရာကို သိတဲ့အကောင်၊ ဒီအကောင်ရဲ့ အသက်ဟာ ဘာကယ်အဖိုးတန်တာပဲ၊ နားလည်လား"

သို့နှင့် စစ်သားသည် သူ၏ တင်းပုတ်ကို ဦးခေါင်းထက်မြှောက်လိုက်လေ၏။

"နေပါဦး၊ ရှင်က သူ့ကိုသတ်ချင်လို့လား၊ ကျွန်မဘာမှမသိရပါဘူးရှင်၊ ဒီအကောင်သက်သက်အရက်မူးလာတာပါ၊ သူလာတဲ့နေရာကို ပြန်ပို့လိုက်ပါ အစ်ကိုကြီးရယ်၊ ကျွန်မလည်း သူ့တွဲခေါ်လာရတာ စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



လှပါပြီ”

“အင်း... နင်ပြောတာမှန်တယ်ဟဲ့ ကောင်မလေးရဲ၊ သူ့သတ်လို့ အလကားနေမှာပဲ၊ နေဦး... ငါညာဏ်ရပြီ၊ ဒီအကောင်ကို ငါ့သခင် ဆာစီဒါ ဆီကိုခေါ်သွားရင် ဆုတွေလာဘ်တွေအများကြီး ငါရဖို့ရှိတယ်၊ လာစမ်းဟယ်ကောင်မလေး၊ ငါ့ကိုကူစမ်းပါ”

“ကြံကြံဖန်ဖန်ရှင်၊ ရှင့်ဘာသာရှင် ချီပါလား၊ သို့ပေမယ့် သူ့အိတ်ထဲများစမ်းကြည့်စမ်းပါဦး၊ ရွှေတွေငွေတွေပါရင် ကျွန်မတို့ ခွဲယူရတာပေါ့ရှင်”

“နင်... တော်တော်ညာဏ်သွားတဲ့ ကောင်မလေး၊ မှန်းစမ်း၊ ငါစမ်းကြည့်ဦးမယ်”

သို့နှင့် စစ်သားသည် ဒူးထောက်လျက် ကျွန်ုပ်၏အင်္ကျီအိတ်များကို နှိုက်ကာ ပိုက်ဆံများကို စမ်းသပ်ရှာဖွေလျက်ရှိလေ၏။

အော်တိုမီသည် စစ်သားနောက်မှ မတ်တတ်ရပ်လျက်ရှိနေသဖြင့် ၎င်း၏ မျက်နှာ၌ ကြောက်မက်ဖွယ်ကောင်းသော အလင်းရောင်တစ်ခု ဝင်လာသကဲ့သို့ မျက်နှာထားပြောင်းသွားသည်ကို ကျွန်ုပ်သတိပြုလိုက်မိ၏။ ထိုအခါက အော်တိုမီ၏မျက်နှာမှာ ယဇ်နတ်ပူဇော်နေသည့် ဘုန်းကြီးမျက်နှာထားနှင့် ခပ်ဆင်ဆင်တူသည်။

ထိုခဏ၌ အော်တိုမီသည် လျှပ်စစ်၏လျင်မြန်ခြင်းဖြင့် မြက်တောထဲတွင်ဝှက်ထားသောဓားကို လျင်မြန်စွာဆွဲယူလိုက်ပြီးနောက် ကျွန်ုပ်ကိုယ်ပေါ်သို့ ငုံ့၍ရှာသော စစ်သား၏လည်ပင်းကို တအားကုန်ခုတ်ပိုင်းလိုက်လေ၏။

စစ်သား၏ကိုယ်ကြီးသည် ကျွန်ုပ်အပေါ်သို့လဲကျလေရာ၊ အော်တိုမီ





သည်လည်း အားလွန်၍ ၎င်းကိုယ်ပေါ်မှထပ်ကာ လဲကျလာပြန်၏။ သို့သော် အော်တိုမီသည် ကပျာကယာထလိုက်ပြီးလျှင် လက်ထဲတွင် သွေးချင်းချင်းနီလျက်ရှိသော ဓားလွတ်ကို ကိုင်ထားလေသည်။

“ထ, မောင်၊ မြန်မြန်ထ၊ သည်ပြင်လူတွေမီလာမယ်၊ ဒီမှာနေလို့ မဖြစ်သေးဘူး”

သို့နှင့် ကျွန်ုပ်တို့သည် တွဲချည်တစ်ခါ ချီချည်တစ်လှည့်ဖြင့် ဆက်လက်၍သွားကြပြန်ရာ ဤသို့သွားရင်း အော်တိုမီ၏ပရိယာယ်ကောင်းပုံ၊ သတ္တိကောင်းပုံ၊ ထက်မြက်ပုံတို့ကို ချီးကျူး၍မကုန်နိုင်အောင် ရှိလေ၏။

တစ်ခဏမျှကြာလတ်သော် ချုံပုတ်များထူထပ်သည့်နေရာသို့ ရောက်လာလေရာ၊ ကျွန်ုပ်မှာ သံပူပြားခင်း၍ထားသောကြမ်းပြင်၌ အိပ်မပျော်ဘဲ အိပ်မက်ထဲတွင် လမ်းလျှောက်နေရဘိသကဲ့သို့ ရှိလေ၏။

ထိုခဏ၌ အဝေးမှလူသံများကြားရပြီးလျှင် လှံကိုင်စစ်သား အချို့သည် ကျွန်ုပ်တို့ရှိရာသို့ ပြေးလာနေသည်ကို နောက်ဆုံးတွေ့မြင်လိုက်ရပြီးနောက် ကျွန်ုပ်သည် သတိလစ်ကာ အော်တိုမီ၏ ရင်ခွင်ထဲသို့ လဲကျသွားလေသတည်း။

○



www.burmeseclassic.com

www.burmeseclassic.com



## ထင်းရှူးတောမြို့၌ ဖြစ်ပျက်ပုံ

မေ့ခနဲဖြစ်သွားရာမှ လန့်နိုးသဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်မှာ ဂူတစ်ခုအတွင်းသို့ ရောက်နေလျက် အော်တိုမီသည် ကျွန်ုပ်၏ကိုယ်ကို တစ်စောင်းမှီနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့ မနီးမဝေး၌ကား လူ တစ်ယောက်သည် စားသောက်ဖွယ်ရာ အိုးတစ်လုံးကို မီးတစ်ခုပေါ်၌ တည်ကာ သစ်ရွက်ခြောက်များနှင့် မီးမွှေးလျက်ရှိလေသည်။

"အော်တိုမီ၊ အခုမောင်တို့ ဘယ်ရောက်နေကြတာဟင်၊ ဘယ်လို ဖြစ်တာလဲ"

"ကျွန်မတို့စိတ်ချရပါပြီ၊ သို့သော် အခိုက်အတန့်ပဲဆိုပါတော့မောင်၊ အင်မတန်ဆာနေလို့ အခုချက်ပြုတ်နေတာ မောင်၊ စားသောက်ပြီးတော့ အော်တိုမီ ပြောပါ့မယ်"

အော်တိုမီသည် မုယောစပါးဖြင့်လုပ်သော မုန့်အချို့နည်းငယ်နှင့် အသားပြုတ်စသော စားဖွယ်သောက်ဖွယ်များကို ယူလေရာ ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ာရီပေါင်း၊ ချားစွာ အစားနှင့်ဆေးခဲ့သဖြင့် မြိန်မြိန်ရှက်ရှက် စားသောက်လေ၏။

ဤသို့ စားသောက်ပြီးနောက် အော်တိုမီသည် အောက်ပါအတိုင်း ာတ်ကြောင်းပြန်၍ပြောလေ၏။

"စစ်သားလိုက်လာတာ နောက်ဆုံး မောင်မှတ်မိမှာပေါ့"

"မှတ်မိတယ်လေ၊ ဒီစစ်သားကို အော်တိုမီတစ်ခါတည်း အသေခုတ် တ်လိုက်တယ်မဟုတ်လား၊ အော်တိုမီ 'ဒီလောက်ခွန်အားဗလရှိလိမ့် ္ယ် မောင်မထင်မိဘူး"

"အားခွန်ဗလကို ပေးတာက အချစ်နဲ့အကြောက်ကပေးတာ မောင်ရဲ့၊ မောင့်ကိုချစ်ရတဲ့ အချစ်ရယ်၊ စစ်သားကို ကြောက်ရတဲ့ အကြောက်ရယ်၊ ဒီဟာနှစ်ခုပဲ၊ ဒီအကြောင်း ထပ်မပြောကြပါစို့ မောင်ရယ်၊ အော်တိုမီတို့ဖြင့် ဒီတစ်သက်မှာ ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ သို့ပေမယ့် စိတ်သက်သာရာရတာတစ်ခုက ဒီစစ်သား သေဟန်မရှိဘူးမောင်ရဲ့၊ အော်တိုမီလက်ထဲမှာ မေ့ဟာလိပ်သွားတယ်၊ ဒါနဲ့ ကျွန်မတို့ပြေးကြတယ်၊ နောက် သူတို့ပေါက်လာကြပြီး သူတို့ရဲဘော် လဲနေတာတွေ့တော့ ကျွန်မတို့နောက် တရကြမ်းလိုက်လာတာပေါ့၊ မောင်ကတော့ သတိရတစ်ချက် မရတစ်ချက်ပါဘဲ၊ ဒီတော့ တွဲချည်တစ်ခါ ချီချည်တစ်လှည့်နဲ့ လာခဲ့တာ နောက်ဆုံး သူတို့ဟာ ကိုက် ၅၀ အတွင်း ရောက်လာပါရော၊ ဘယ်နည်းနဲ့မှ လွတ်နိုင်ဖို့ မရှိတော့ဘူး၊ မောင်ကလည်း ဒီအခါလုံးလုံး သတိမရဲတော့ဘူး၊ အော်တိုမီလည်း မောင့်ကို မချီနိုင်တော့ဘူး၊ အားတွေကုန်ခန်းနေပြီ၊ အဲဒီအခါ ဗြုန်းဆို ချုံတွေထဲက လက်နက်ကိုင်စစ်သားတွေ ထွက်လာတာ မြင်ရတယ်၊ သူတို့အားလုံး ရှစ်ယောက်ရှိတယ်၊ သူတို့ဟာ





မောင်စစ်ဗိုလ်ကြီးအဖြစ်နဲ့ တိုက်စဉ်က မောင့်လက်အောက်မှာ အမှုထမ်းခဲ့တဲ့ အော်တိုမီနယ်သား စစ်သားတွေပေါ့၊ သူတို့ထွက်လာတာက စပိန်တစ်ယောက်တည်း လာတာမြင်လို့ သတ်ရအောင်လာတာပဲ၊ မောင့်ကို ပထမသတ်ဖို့ ကြံကြတာပေါ့၊ အော်တိုမီလည်း မောလွန်းလို့ သူတို့ကို ပထမစကား မပြောနိုင်ဘူး၊ နောက်မှ အော်တိုမီက 'ကျွန်မတခြားလူ မဟုတ်ဘူး၊ မွန်တီဇူမာရဲ့ သမီးတော် အော်တိုမီမင်းသမီးပဲ'လို့ မောင်နဲ့ ဖြစ်ပျက်တဲ့အကြောင်းတွေရော အားလုံးဖွင့်ပြောတော့မှ အရေးလည်သွားတယ်၊ ဒီအချိန်မှာ 'တလစကလန်' စစ်သားနှစ်ယောက်ဟာ မီလာပြီ၊ ဒီတော့ အော်တိုမီက သူတို့ကို ကူညီဖို့တောင်းပန်ရတာကိုး မောင်ရဲ့၊ ဒီတော့မှ သူတို့လည်း သဘောပေါက်လာပြီး ကျွန်မဘက်က တိုက်ခိုက်ကြတာပဲ၊ တလစကလန်စစ်သား နှစ်ယောက်ကျပြီး တစ်ယောက်ကိုတော့ အရှင်ဖမ်းမိလိုက်တယ်"

**ကျွန်ုပ်**။ (သက်ပြင်းချလျက်)"အင်း... ဒီအထိတော့ သိပ်ပြီးကံသိုလ်ကောင်းကြတာပဲနော်"

"ဒါနဲ့ သူတို့လည်း မောင့်ကိုတင်ဖို့ ထမ်းစင်တစ်ခုလုပ်ပြီး တောင်ပေါ်ရောက်အောင် ထမ်းယူခဲ့ကြတာ၊ မိုင် ၅၀ လောက် ခရီးပေါက်ခဲ့တယ်၊ နောက်ဆုံးဒီဂူကို ရောက်လာပြီး မောင်လည်း သတိရလိုက် အိပ်ပျော်သွားလိုက်နဲ့ သုံးရက်သုံးညကြာခဲ့ပြီ၊ ကျူလီတွေတော့ လိုက်ရှာနေလိုက်တာ မပြောနဲ့တော့၊ မနေ့ကဘဲ ကျူလီ စစ်ဗိုလ်တစ ယောက်နဲ့ တလစကလန်စစ်သား ၁၀ ယောက်ဟာ ဒီဂူနဲ့ ပေ ၁၀၀ လောက်အဝေးမှာ လျှောက်သွားတာမြင်လိုက်ရတယ်၊ အခုတော့ သူတို့လည်း ဝေးသွားပါပြီ၊ ကြောက်စရာမရှိပါဘူး၊ မကြာခင် မောင့်ရောဂါလည်း သက်သာ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ၊ အဲဒီတော့မှ ဆက်ပြီး လွှတ်ရာလွှတ်ကြောင်း ပြေးကြ
ပေါ့ မောင်ရဲ့"

"ပြေးတယ်ဆိုတာကတော့ဟုတ်ပါရဲ့ အော်တိုမီရယ်၊ ဘယ်ကို
ကြမှာလဲ၊ ကျုပ်တို့ဟာ အသိုက်မရှိတဲ့ ငှက်တွေနဲ့တူနေပြီ အော်တိုမီ

"အခိုက်အတန့်တော့ ထင်းရှူးတောမြို့ထဲမှာ ခိုနေမှာပဲ၊ ဒါမှမဟု
ရင်လည်း ပင်လယ်ကိုဖြတ်ပြေးမှပဲ၊ သည့်ပြင် နည်းလမ်းတော့
တော့ဘူး မောင်..."

"ပင်လယ်ကို ဖြတ်ပြေးဖို့တော့ စိတ်ကူးထဲမထည့်နော် အော်တို
အားလုံး သင်္ဘောတွေဟာ စပိန်သင်္ဘောချည်းပဲ၊ ပြီးတော့ထင်းရှူး
မြို့မှာ ခိုဖို့ကလည်း သူတို့စစ်သားတွေ ဆုံးရှုံးရတဲ့အတွက် ကျုပ်
အပေါ်မှာ ဘယ်လိုသဘောထားကြဦးမယ်ဆိုတာ မသိဘူး"

"ဒီဒုက္ခတွေတော့ ရင်ဆိုင်ရမှာပေါ့ မောင်ရယ်၊ သို့ပေမယ့် "အ
ဟူအက်"နယ်မှာ အော်တိုမီကို ကြည်ညိုတဲ့လူတွေ၊ တကယ့်အ
ကြုံရင် အော်တိုမီတို့ဘက်က ခုခံတဲ့လူတွေ အများကြီး ရှိပါသေးတ
ဒီတော့ အခုအချိန်အထိ ဂါဆီယာတို့ရဲ့ အန္တရာယ်က လွတ်လာတာ
အများကြီးကျေးဇူးတင်ဦးမယ်၊ ကိုင်း... မောင့်အနာကို ဆေးထည့်
ရစေဦး"

ဤသို့ဖြင့် သုံးရက်မျှကြာလတ်သော် အော်တိုမီ၏ယုယစွာပြုစုမှု၊
ဝါးကုသမှုတို့ကြောင့် ခြေထောက်ကိုမြေပေါ်သို့ ကောင်းစွာမထောက်
စေကာမူ အတော်ပင် သက်သာရာရသောအခြေသို့ ရောက်ရှိလာ

သို့နှင့် လေးရက်မြောက်သောနေ့၌ ကျွန်ုပ်တို့သည် ခရီးဆက်





ပြင်ဆင်ကြပြီးနောက် ထိုည၌ ကျွန်ုပ်အား အော်တိုမီနယ်သားစစ်သားများသည် တစ်ယောက်တစ်လဲစီ ပခုံးထမ်းကာ ထွက်ခဲ့ကြလေ၏။

ကြမ်းတမ်းသောခရီးများကို ဖြတ်သန်းပြီးနောက် ကျွန်ုပ်တို့သည် ထင်းရှူးတောမြို့ကို သွားရာ တောင်ကြားလမ်းအဝင်သို့ ရောက်ခဲ့ကြရာ စန္တရီစစ်သားများသည် ကျွန်ုပ်တို့အားစစ်ဆေးကြ၏။ ထိုအခါ အော်တိုမီသည် မိမိပိုင်နယ်သားဖြစ်သော စစ်သားစန္တရီများအား အကျိုးအကြောင်း ပြန်ပြောင်းပြောဆိုပြီးလျှင် အချို့ကို မြို့သို့ တင်ကြိုပြောကြားရန်နှင့် ရှေ့တော်ပြေးအဖြစ်ဖြင့် စေလွှတ်လိုက်လေသည်။

ကျွန်ုပ်ကို ထမ်းဆောင်ခဲ့သူများမှာ မောပန်းကြလှပြီ ဖြစ်ရကား ကျွန်ုပ်တို့မှာ သံတမန်များနောက်မှ တဖြည်းဖြည်းလိုက်ကြရကုန်၏။ သို့နှင့် ညနေစောင်း နေဝင်ချိန်၌ မြို့တံခါးဝသို့ ရောက်လာခဲ့ကြပြီဖြစ်ရာ မြို့တော်ကြီး၏ နောက်ခံဘက်ရှိအလွန်မြင့်သော တောင်ထိပ်မှ အဖြူရောင်ထိပ်ဆောင်းမှာ ဝင်လုဆဲသောနေရောင်တွင် သံခဲတွေပမာ ရဲရဲနီလျက်ရှိလေ၏။

မြို့တံခါးမှ ဝင်ခဲ့ကြ၍ လမ်းများပေါ်သို့ လျှောက်သွားသောအခါများ၌ ကျွန်ုပ်တို့ ရောက်လာမည့် သတင်းများသည် တင်ကြို၍ မြို့သို့ ရောက်နှင့်ဟန်လက္ခဏာဖြင့် လူများသည် အချို့နေရာများတွင် အစုလိုက်အအုံလိုက် စုရုံးကာ ကျွန်ုပ်တို့အား ကြည့်ရှုလျက်ရှိနေကြ၏။ ၎င်းတို့အနက် အချို့မှာ ကျွန်ုပ်တို့အား သနားကြင်နာဟန် မျက်နှာထားများရှိ၍ အချို့ကလည်း ကျွန်ုပ်တို့ကို မုန်းတီးသည့် မျက်နှာထားမျိုးဖြင့် တံတွေးများပင် ထွေးကြ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် "ပစ်ရမစ်"ခေါ် သုံးထောင့်ပုံ တောင်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်အောက်၌ရှိသော ကွက်လပ်ကို ဖြတ်၍သွားရလေရာ နန်းတော်သို့ ဆိုက်ရောက်သော အချိန်၌ကား နေရောင်သည် လုံးလုံးပျောက်ကွယ် ခဲ့ချေပြီ။

နန်းတော်မှ ကျွန်ပ်တို့အား သင့်လျော်ရုံမျှသာ ကြိုဆိုကြ၏။

ထိုည၌ ဂျုံမှုန့်နှင့်ဖုတ်သော မုန့်အနည်းငယ်နှင့် ရေအေးတစ်ခွက် ပါသောညစာကို ကျွန်ုပ်တို့သည် မီးတုတ်တစ်ခု၏ အလင်းရောင်အောက် ၌ မြိန်ရှက်စွာစားကြရပြီးလျှင် အိပ်ရာသို့ ခပ်စောစောဝင်ကြရ၏။

ကျွန်ုပ်မှာ အနာ့နာသဖြင့် ရုတ်တရက် အိပ်မပျော်နိုင်သေးဘဲရှိစဉ် အော်တိုမီသည် ကျွန်ုပ်၏နံဘေးမှ တရှုပ်ရှုပ်ငိုကြွေးလျက်ရှိသည်ကိုကြား ရလေသည်။ အော်တိုမီမှာ ပထမ ကလေးဆုံးစဉ်က တစ်ကြိမ်သာ ယခု အချိန်အထိငိုကြွေးဖူးရာ ကျွန်ုပ်က...

"အော်တိုမီ၊ ဘာမျှားဝမ်းနည်းပြီး ငိုနေသလဲကွယ်၊ မောင့်ကိုပြော စမ်းပါဦး"

(ရှိုက်လျက်) "သြော်...၊ မောင် နိုးနေသလား၊ တခြားဟုတ်ပါရိုးလား၊ မောင်ရယ်၊ အော်တိုမီရဲ့ နယ်သူ့နယ်သားတွေဟာ အကျိုးမဲ့ သေကြေ ပျက်စီးရတဲ့အကြောင်း စဉ်းစားမိလို့၊ ပြီးတော့ သည့်ထက်ဆိုးတာက မောင့်လို ဘုန်းသမ္ဘာနဲ့ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဟာ ပစ္စည်းမဲ့၊ စည်းစိမ်မဲ့ဖြစ်ပြီး ကလေကချေ ဘဝမျိုးရောက်လာရတာ ယူကျုံးမရ ဖြစ်မိလွန်းလို့ပါ မောင်ရယ်"

"အော်တိုမီ ပြောတာတွေ အားလုံးမှန်တာချည်းပဲ၊ ဒါထက်အရေး ကြီးတာ တစ်ခုက ဒီအော်တိုမီ နယ်သူ့နယ်သားတွေဟာ မောင်တို့ကို ဘယ်လိုလုပ်ကြမယ်ထင်သလဲ၊ သတ်ပဲ ပစ်မလား၊ ဒါမှမဟုတ်လည်း





ကျူလီတွေရဲ့လက်ကိုပဲ အပ်မလား"

"ဒါတော့ မသိသေးဘူး မောင်ရဲ့၊ မနက်ဖြန်တော့ ကွဲကွဲပြားပြား သိမှာပါပဲ၊ သို့ပေမယ့် အော်တိုမီအဖို့ဆိုရင် ဘယ်နည်းနဲ့မှ သူတို့ အော် တိုမီကို အရှင်မအပ်စေရဘူး"

"မောင့်အဖို့လည်း ဒီအတိုင်းပေါ့၊ ကော့တကက်နဲ့ သူ့အတွင်းဝန် ဂါဆီယာတို့လက်ထဲ အအပ်ခံတာထက် သေခြင်းကပိုပြီးကောင်းတယ် မဟုတ်လား၊ သြော်... ဒါနဲ့... မျှော်လင့်ချက်ကလေးများကော မြင်သေး လား"

"တစ်ခုတော့ ရှိတယ်မောင်၊ အော်တိုမီနယ်သူ့နယ်သားတွေဟာ မက္ကဆီကိုမြို့ကို ကာကွယ်ရာမှာ လူ့အမြောက်အမြား ကျဆုံးရတယ် ဆိုတာ သိပြီးသားပဲ၊ သူတို့ရဲ့ သတ္တိအကောင်းဆုံးလူတွေ ဆုံးရှုံးရတဲ့ အတွက် သူတို့ဟာ အားလျော့သွားကြတယ်၊ သူတို့ရဲ့ အခြေအနေလည်း အများကြီး နိမ့်ကျသွားတယ်၊ အဲဒီဟာတွေကို သူတို့မမေ့ကြဘူး၊ အမုန် တရကြီး ဖြစ်နေကြတယ်၊ သို့ပေမယ့် အခုကျန်တဲ့လူတွေထဲမှာ သတ္တိ လည်းကောင်း၊ စိတ်နေစိတ်ထားလည်းကောင်း၊ ဉာဏ်အမြော်အမြင်နဲ့ လည်း ပြည့်စုံတဲ့လူတွေ အများကြီးရှိသေးတယ်၊ အဲဒီလူတွေကို အော်တိုမီ ဘက်ပါအောင် တဖြည်းဖြည်း ဆွဲယူနိုင်ခဲ့လို့ရှိရင် နေရာကျနိုင်စရာ အကြောင်းရှိတယ် မောင်ရယ်၊ အော်တိုမီပြောတာ မဟုတ်လားမောင်"

"ဟုတ်ပါတယ်ဗျာ၊ သိပ်မှန်တာပဲ"

"သည်တော့ ဒီလူတွေကို နားဝင်အောင် ဘယ်လိုပြောရမယ် ဆိုတာ စဉ်းစားပါဦး မောင်ရယ်၊ အခုတော့ ခရီးပန်းလို့ ဉာဏ်မထွက်သေးဘူး၊ မောင်လည်း စိတ်ချလက်ချသာ အိပ်ပါမောင်၊ တတ်နိုင်သမျှ အော်တိုမီ



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ပါမယ်”

သို့နှင့် ကျွန်ုပ်လည်း နှစ်ခြိုက်စွာအိပ်ပျော်သွားလေရာ နောက်တစ်နေ့ နံနက်အိပ်ရာမှ နိုးသောအခါ ယမန်နေ့ကထက် စိတ်ရောကိုယ်ပါ လတ်ဆတ် ရွှင်လန်းလျက်ရှိလေ၏။

အိပ်ရာမှနိုး၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် အော်တိုမီသည် ကျွန်ုပ်အရင်အိပ်ရာမှထပြီးလျှင် စားသောက်ဖွယ် အစားအစာများသာမက လက်ရှိစုတ်ပြတ်လျက်ရှိသော အဝတ်များထက် အတော်အတန်ကောင်းမွန်သည့် ကျွန်ုပ်တို့အဆင့်အတန်းနှင့် သင့်လျော်ရာအဝတ်အစားများ အသင့်ရှာဖွေထားရှိနှင့်ပြီး ဖြစ်သည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အံ့အားသင့်မိပေသည်။

အော်တိုမီသည် မိမိဘက်သို့ပါမည့် သစ္စာရှိ မှူးမတ်များနှင့် အကျွမ်းဝင်သော နန်းတွင်းသားများကို ခေါ်ယူပြီးလျှင် ထိုနေ့ နေ့လယ် မွန်းတည့်ချိန်တွင် နန်းတော်ထိပ်လှေကားထစ်မှနေ၍ တိုင်းသူပြည်သားများအား စကားပြောမည့်အကြောင်း သတင်းဖြန့်စေ၏။ အဘယ်ကြောင့်ဆိုသော် အေးစက်စက်နိုင်လှသော မှူးမတ်များကို အတွင်းစကားပြောခြင်းထက် တိုင်းပြည်လူထုအား စိတ်ပြေ၍လာပြီးလျှင် မိမိဘက်သို့ပါအောင် ပြောခြင်းက ပို၍ ခရီးရောက်လိမ့်မည်ဟု ယုံကြည်လျက်ရှိပေသည်။

“သို့ပေမယ့် သူတို့လာနားထောင်ပါ့မလား အော်တိုမီရယ်”

သို့နှင့် ကျွန်ုပ်ကမေးလိုက်သောအခါ အော်တိုမီက

“ဒီဟာတော့ မစိုးရိမ်ပါနဲ့ မောင်ရယ်၊ မောင်တို့ကျုပ်တို့ ဘယ်လောက် ပြင်းပြင်းထန်ထန် တိုက်လာတယ်ဆိုတာရယ်၊ ပြီးတော့ ဘယ်လို အမှန်ဖြစ်ပျက်ခဲ့တယ်ဆိုတာရယ် သိရအောင် ဘယ်နည်းနဲ့မဆို သူ





ကိုလာကြမှာပဲ၊ ဒီဟာတွင်မကသေးဘူး၊ မောင်တို့ကျုပ်တို့ကို မလိုမုန်းတီးတဲ့လူတွေကလည်း မနေဘူး၊ လာမှာပဲ၊ မယုံရင် စောင့်သာကြည့်နေပါမောင်”ဟု ပြောကြား၏။

အော်တိုမီတွေးထင်သည့်အတိုင်းလည်း မှန်ကန်ကြောင်း တွေ့ရှိရ၏။ နေ့အတော်မြင့်လာသည့်အချိန်မှစ၍ မွန်းတည့်ချိန်တိုင်အောင် “ပစ်ရမစ်”တောင်ခြေနှင့် နန်းတော်လှေကားခုံ အတွင်းရှိ ကွက်လပ်ကြီးမှာ အော်တိုမီ နယ်သူနယ်သား လူမည်းများဖြင့် တဖြည်းဖြည်း ပြည့်နှက်၍ လာတော့၏။

အော်တိုမီသည် သူ၏ အခွေအကောက်များလှသော ဆံပင်များကို သပ်ရပ်စွာ ဖြီးပြီးနောက် ပန်းများကို သီကုံး၍ ထည့်လေ၏။ သူသည် အောက်ခံ အဖြူထည် အင်္ကျီရှည်ပေါ်၌ အရောင်တောက်သော ငှက်မွေး ဝတ်လုံကြီးကို ဝတ်ထားရာ၊ အောက်တို့ဖားလျားကျလျက်ရှိ၏။ မို့မောက်သော ရင်အုပ်ပေါ်၌ ဂေါ်တီမော့က ကျွန်ုပ်အား လက်ဆောင်ပေးသည့် ဆွဲကြိုးတစ်ကုံးကိုလည်းကောင်း ခါးတွင် ရွှေခါးပတ်ကိုလည်းကောင်း ဝတ်ဆင်ထား၏။ လက်ဝဲဘက်လက်တွင် ဆင်စွယ်ဖြင့်ပြုလုပ်၍ အဖျား၌ ရွှေကွပ်ထားသည့် ရာဇလှံတံကိုကိုင်လျက် ဦးခေါင်းတွင် ရောင်စုံ ငှက်မွေးများဖြင့် လူမည်းတို့ ဓလေ့ထုံးစံအတိုင်း ဂုဏ်အဆင့်အတန်းအလိုက် အခြား မင်းသုံးမင်းဆောင်များကိုလည်း သူ့နေရာနှင့်သူ ဝတ်ဆင်ထားရှိရာ၊ ကျွန်ုပ်တွေ့ဖူးသမျှ မိန်းမများတွင် ခန့်ညားယဉ်ကျေး၍ ထီးနန်းအဆန်ဆုံး မိန်းမတစ်ယောက်ပင်ဖြစ်ပေ၏။

သို့နှင့် နေမွန်းတည့်ချိန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အော်တိုမီ နန်းတော်လှေကားထိပ်ရှိ ရင်ပြင်ပေါ်တွင် ခန့်ညားသောကျက်သရေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရာဇလှံတံကိုကိုင်ကာ ရပ်လျက်ရှိလေရာ ကျွန်ုပ်ကိုလည်း ထမ်းစင် ကြမ်းတစ်ခုပေါ်၌တင်ကာ သူ့အနီးတွင် ချထားစေ၏။

ထိုခဏ၌ ကွက်လပ်တစ်ခုလုံး မည်း၍နေသော လူထုကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ တစီစီတကျက်ကျက်မြည်သော အသံများကို ဖြစ်စေရှ အစာတောင်း၍နေသော သားရဲတိရစ္ဆာန်များ၏အသံနှင့် တူလှပေ၏။

ထိုလူအုပ်ကြီးမှ စီစီကျက်ကျက်မြည်သော အသံများသည် တိုးရာမှ တဖြည်းဖြည်း ကျယ်၍လာပြီးလျှင် နောက်ဆုံး၌ သူတို့၏အသံများကို ကွဲပြားစွာကြားရလေသည်။

"သတ်ပစ်၊ သတ်ပစ်"

"ဒီလင်မယားကို ကျူလီတွေလက်အပ်ပါတော့လား"

"သတ်... အခုသတ်"

အော်တိုမီသည် လှေကားခုံ၏ ရင်ပြင်အစွန်းသို့သွား၍ သူ၏ ခန့်ညားလှပသောကိုယ်ကို မားမားမတ်မတ်ရပ်လိုက်ရာ နေရောင်သည် မျက်နှာပေါ်သို့ ကျရောက်၍လာသဖြင့် ၎င်း၏ တင့်တယ်သောကိုယ်လုံးကိုယ်ဟန်နှင့် လှပသောမျက်နှာကို ပို၍ချစ်စရာကောင်းစေ၏။

လူအုပ်ကြီးမှာ ပို၍ဆူညံလာပြီးလျှင် "သတ်ပစ် သတ်ပစ်" ဟူသော အသံများသည်လည်း အရပ်လေးမျက်နှာ ပဲ့တင်ရိုက်၍လာလေ၏။ လူအုပ်ကြီး၏ ဆဲဆိုသံ၊ ကြိမ်းမောင်းသံများသည် ခြင်္သေ့ပေါင်းများစွာ ဝိုင်း၍ဟိန်းသကဲ့သို့ ရှိတော့၏။ ထိုခဏ၌ မြားတစ်စင်းသည် ကျွန်ုပ်အနီးမှဖြတ်ကာ "ဝီ"ခနဲ၍သွားပြီးလျှင် အော်တိုမီ ရပ်နေသောနေရာ၏ နောက်မှ ပန်းဖောက်ထားသည့် သစ်သားနံရံကို စိုက်လျက်ရှိနေလေသည်။ သို့သော် အော်တိုမီကား မတုန်မလှုပ် ဆိတ်ဆိတ်သာလျှင်ရှိနေခဲ့





၏။ လူထုကြီးသည် စားမတတ်၊ ဝါးမတတ် မျက်လုံးများဖြင့် အော်တိုမီကို ကြည့်ရှုကာ ရှိနေကြကုန်ရာ အော်တိုမီသည် လှုံသွားလာသည်ကိုပင် ပမာမထား၊ တင်းမာသောမျက်နှာထားဖြင့် ဣန္ဒြေမပျက် ရှိနေခဲ့လေသည်။

ထိုနောက် အော်တိုမီသည် စကားစ၍ပြောလေသည်။

"အို... အချင်း အော်တိုမီနယ်သား ကျွန်ုပ်၏လူများ၊ ကျွန်ုပ်သည် ကျွန်ုပ်အပိုင်စားရာ အော်တိုမီ၏ နယ်သူနယ်သားများကိုပင် တွေ့ဆုံရလေသလော၊ သို့မဟုတ် မျက်စိလည်လမ်းမှား၍ 'တလစကလန်' လူရိုင်းများအကြားသို့ပင် ရောက်၍နေလေသလော၊ နားထောင်ကြလော့၊ ကျွန်ုပ်မှာ တစ်ဝါဒ၊ တစ်သံဗျည်းသာရှိ၍ သင်တို့အထဲမှ တစ်ယောက်သောသူကို ရွေးချယ်ပြီးလျှင် သင်တို့၏ အလိုဆန္ဒကို ပြောကြားရလော့"

ထိုအခါ၌ အသံများသည် ငြိမ်သက်လျက်ရှိရာမှ ဆူဆူညံညံဖြစ်၍လာပြီးလျှင် မျိုးမတ်ထဲမှ အနှန်းကြီးဝတ် ဝတ်ထားသော 'မက္ကတီလာ'ခေါ် လူတစ်ယောက်သည် လူအုပ်ရှေ့သို့ ထွက်လာလေ၏။ 'မက္ကတီလာ' သည်ကား စပိန်များနှင့်သင့်မြတ်အောင်ပေါင်းသင်းကာ မက္ကဆီကိုမြို့ကြီးကိုခုခံရာတွင် ကျွန်ုပ်တို့က စစ်သားများတောင်းရာ၌ အပြင်းအထန်ကန့်ကွက်ခဲ့သူတစ်ယောက်ဖြစ်လေသည်။ အော်တိုမီနယ်တွင် တန်ခိုးအာဏာနှင့်ပြည့်စုံ၍ ဩဇာညောင်းသော သူတစ်ယောက်ပေတည်း။ သူထွက်လာသောအခါ ၎င်းနောက်မှ အဝတ်အစားကို ထောက်ရှုခြင်းအားဖြင့် 'တလစကလန်' အကြီးအကဲ စစ်ဗိုလ်များဖြစ်ဟန်ရှိသော လူလေးယောက်လည်း ပါလာလေသည်။ ၎င်းတို့ကား 'ကောတက်'ထံမှ လွှတ်လိုက်သည့် သံတမန်များဖြစ်ဟန်ရှိ၏။ ၎င်းတို့ကိုမြင်ရသောအခါ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်လေးလျက်ရှိလေသည်။

အော်တိုမီသည် ကြည်လင်သော အသံဖြင့်...

"မက္ကတီလာ၊ ကျွန်ုပ်တို့အတွက် မည်သို့အဖြေပေးမည်ကို ပြောကြားပါလော့၊ အို... အော်တိုမီ နယ်သူနယ်သားတို့၊ သူပြောစဉ် ငြိမ်သက်စွာနားထောင်ကြပါလော့၊ သို့မှသာ စကားအဆုံး၌ ကျွန်ုပ်နှင့် သူ့စကားများကို အသင်တို့အကဲခတ်နိုင်ပေမည်၊ ထို့ကြောင့် ဆိတ်ငြိမ်စွာ နားထောင်ကြပါကုန်လော့"

ထိုအခါ ထောင်ပေါင်းများစွာသောလူများ ပါဝင်သည့် လူထုကြီးသည် မီးကို ရေဖြင့် ငြိမ်းသက်လိုက်သည့်အလား ဆိတ်ငြိမ်၍သွားလေ၏။

"မက္ကတီလာ"သည် စကားကို ခပ်ကြမ်းကြမ်းစ၍ပြောလေသည်။

"အော်တိုမီနယ်စား အော်တိုမီမင်းသမီးနှင့် သူ၏လင် ဝရမ်းပြေးကျူလီတို့ ကြားသိရပါလော့၊ လွန်ခဲ့သောလ,အနည်းငယ်ခန့်က သင်သည် ဤနယ်သို့ အက်(ဇ)တက်လူမျိုးများ၏ဘုရင် ကျူတီလာဟူအာအတွက် စပိန်တို့နှင့် စစ်မက်ဖြစ်ပွားရာတွင် အကူအညီစစ်တပ်တောင်းရန်လာခဲ့၏။ ထိုအခါက ကျွန်ုပ်တို့နှင့်တကွ လူပေါင်းများစွာက သဘောမတူကန့်ကွက်သော်လည်း သင်တို့အား စစ်တပ်ကိုပေးခဲ့၏။ ထိုစစ်တပ်မှာ ကျွန်ုပ်တို့နယ်တွင် အကောင်းဆုံး လက်ရွေးစင်စစ်သားပေါင်း နှစ်သောင်းပါဝင်၍ ထိုစစ်တပ်ကြီးသည် သင်နှင့်အတူ မက္ကဆီကို နယ်သို့လိုက်ပါသွားရလေသည်။ ၎င်းတို့အနက် နောက်ဆုံး လူနှစ်ရာခန့်သာ စစ်ပွဲပြီးသည့်နောက် အနိုင်နိုင် ပြန်ရောက်လာရာ ကျန်လူအားလုံးတို့ကား စပိန်တို့လက်ချက်ဖြင့် အသက်ဆုံးရှုံးရလေကုန်ပြီ၊ ထိုစစ်သား





တို့အား သေမင်းတိုင်းပြည်သို့ ဆွဲပို့သူမှာ အခြားသူမဟုတ်၊ သင်ပင်ဖြစ်လေတော့၏၊ ကျွန်ုပ်တို့၏သားများ၊ ညီများ၊ လင်များဖြစ်ကြသော ထိုလူနှစ်သောင်းအတွက် သင်တို့လင်မယားနှစ်ယောက်၏ အသက်နှင့် ပြန်၍အကြွေးဆပ်ရန် မများလှပါ၊ သို့သော် ကျွန်ုပ်တို့ကား ဤမျှလောက်ပင်မတောင်းသေးပါ၊ ကျွန်ုပ်နံဘေးတွင်ရပ်နေသော 'တလစကလန်'စစ်ဗိုလ်လေးဦးတို့ကား ဓမိန်စစ်ဗိုလ်ချုပ်ကြီး ကော့တက်ထံမှ လွှတ်လိုက်သောသံတမန်များဖြစ်၍ ဤမြို့သို့ လွန်ခဲ့သောတစ်နာရီခန့်ကမှ ဆိုက်ရောက်လာကြပါသည်။ သူတို့၏တောင်းဆိုချက်ကား ဤသို့ဖြစ်ပါသည်။

ထိုနောက်'မက္ကတီလာ'သည် ကော့တက်၏ တောင်းဆိုချက်ကို အောက်ပါအတိုင်း ပြောပြပြန်သည်။

"မွန်တီဇူမာ၏ သမီးတော်'အော်တိုမီ'နှင့်တကွ သူနှင့် အတူတူရှိသော ကျွန်ုပ်ဓမိုထံမှ ထွက်ပြေးသွားသည့် ကျူလီဆိုသူကိုပါ ၎င်း၏ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် ကျွန်ုပ်တို့အား ပေးအပ်ရမည်။ ထိုအခါ အော်တိုမီနယ်မှာ ကောင်းကျိုးချမ်းသာအပေါင်းနှင့် ပြည့်စုံပေလိမ့်မည်။ သူတို့အား သိုဝှက်၍ထားသည်ဖြစ်စေ၊ ပေးအပ်ရန် ငြင်းဆိုလျှင်ဖြစ်စေ သင်တို့၏ နယ်ပယ်အားလုံးတွင် ဘုရင်တစ်ဆူဖြစ်ခဲ့သည့် မက္ကဆီကိုမြို့ကြီး ကျဆုံးသည့်အလား သင်တို့၏ထင်းရှူးတောသည်လည်း ကျဆုံးရိမ့်မည်။ သို့ဖြစ်၍ အသင်နယ်သူနယ်သားတို့၊ သင်တို့သည် ကျွန်ုပ်၏မေတ္တာကိုပင် ခံယူကြမည်လော၊ ကျွန်ုပ်၏ အမျက်ကိုပင်လိုလားကြသလော၊ ကြိုက်နှစ်သက်ရာ ရွေးချယ်ပါကုန်လော့။ သင်တို့နာယူက ကျွန်ုပ်သည် ကျွန်ုပ်၏အုပ်စိုးမှုကို သင်တို့အပေါ်၌ တတ်နိုင်သရွေ့ ညှာတာပေမည်။ သင်တို့ငြင်းပယ်က သင်တို့၏နယ်မြေကို မှုန့်



www.burmeseclassic.com

www.burmeseclassic.com



မှန်ညက်ညာ့ခဲ့ကြေစေပြီးလျှင် သင်တို့အမျိုးပါ ကမ္ဘာရာဇဝင်မှ ပျောက်ကွယ်ချိမ့်မည်။"

**လာ။** "သံအမတ်များ၊ ဤစကားများသည် စပိန်စစ်ဗိုလ်ကြီး 'ကော့တက်'ပြောသည့်အတိုင်း မှန်ပါသလား"

**သံများ။** "မှန်ပါသည်၊ ဤစကားများသည် ကော့တက်၏စကားများ ဖြစ်ပါသည်"

ထိုအခါ၌ လူထုကြီးသည် ရေးကကဲ့သို့ ဆူဆူညံညံ ဖြစ်လာပြီးလျှင် "သူတို့လင့်မယားကိုပေးလိုက်၊ ငြိမ်းချမ်းရေးအတွက် ဒီလင်မယားကို ကော့တက်လက်သို့ အပ်လိုက်"ဟူသော အသံများကို ကြားရလေ၏။

အော်တိုမီသည် ရှေ့သို့အနည်းငယ်တိုး၍ရပ်ကာ စကားပြောရန် ပြင်ဆင်လေရာ လူထုကြီးသည်လည်း မင်းသမီး၏စကားကို ကြားလိုကြဟန်ဖြင့် ကျယ်လောင်စွာဟစ်အော်နေရာမှ ဆိတ်ငြိမ်၍သွားပြန်လေ၏။ ထိုအခါ အော်တိုမီသည် ကြည်လင်အေးမြ၍ ငြိမ်သက်လှသော အသံဖြင့် အောက်ပါအတိုင်း ပြောကြားလေသည်။

"ကျွန်ုပ်၏ ချစ်လှစွာသော နယ်သူနယ်သားအပေါင်းတို့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ နယ်သားများနှင့် ကျွန်ုပ်၏လင်ယောကျ်ားမျက်မှောက်၌ပင် တရားစစ်ဆေးခြင်း ခံရသကဲ့သို့ ရှိနေပါပြီ၊ ကျွန်ုပ်သည် မိန်းမတစ်ယောက်အနေဖြင့် ကျွန်ုပ်တို့၏အမှုကို လျှောက်လဲတော့မည်ဖြစ်ရာ အသင်တို့လက်တွင် တန်ခိုးအာဏာနှင့် ချင့်ချိန်စဉ်းစားနိုင်ခြင်းရှိသည့်အတိုင်း ကျွန်ုပ်ကတစ်ဘက်၊ မက္ကတီလာနှင့် သူ၏မဟာမိတ်များဖြစ်ကြသော ကော့တက်နှင့်တလစကလန်တို့ကတစ်ဘက်ထား၍ နှိုင်းချိန်စဉ်းစားကာ ဆုံးဖြတ်ကြပါလော၊ ကျွန်ုပ်တို့၏အပြစ်ကား အဘယ်မှာနည်း၊





ကျူလီတို့နှင့် စစ်မက်ဖြစ်ပွားရာတွင် သင်တို့၏ အကူအညီကိုရရှိရန် ကျွန်ုပ်သည် "ကျူဟီလာဟူအာ"ဘုရင်၏ အမိန့်အရ လာခဲ့ခြင်းသည် အပြစ်မည်ပါသလော၊ ထိုအခါက ကျွန်ုပ်သည် သင်တို့အား မည်သည့်စကားကို ပြောကြားခဲ့ပါသနည်း၊ ထိုအခါ ကျွန်ုပ်၏ပြောပြချက်မှာ အနာဟူအက် နိုင်ငံတစ်နိုင်ငံလုံးရှိ လူများသည် လူဖြူတို့၏ဘေးရန်ကို စည်းလုံးညီညွတ်ခြင်းမရှိဘဲ ခုခံခဲ့သော ဝါးအစည်းပြေသကဲ့သို့ တစ်နယ်စီ ကျဆုံး၍ ဖွဲ့ပြာဖြစ်ရတော့မည်ဟု ကျွန်ုပ်မပြောခဲ့ပါသလော၊ ဤသို့ဆိုလျှင် ကျွန်ုပ်သည် မုသားပြောခြင်း ဖြစ်ပါလော၊ အို… အော်တိုမီနယ်သူနယ်သားတို့ ကျွန်ုပ်ကားမုသားမဆို၊ အမှန်သာကိုသာဆိုဘိ၏။ အနာဟူအက် နိုင်ငံကြီးကား နယ်သူနယ်သားတို့သွေးကွဲမှု၊ ၎င်းတို့၏ မညီညွတ်မှု၊ အထူးသဖြင့် "တလစကလန်"နယ်သူနယ်သားတို့၏ သစ္စာဖောက်မှုကြောင့် ကျဆုံးရချေပြီ၊ မက္ကဆီကိုမြို့ကြီးကား ပြာကျလျက် ထိုပြာပုံပေါ်တွင် လူသေအလောင်းတို့ဖြင့် ထပ်လျက်ရှိနေလေပြီ"

**အသံတစ်သံ။** "မှန်ပေတယ်… မှန်ပေတယ်"

"ကျွန်ုပ်ပြောသည်ကား မှန်၏၊ အို… နယ်သူနယ်သားတို့၊ အနာဟူအက် တစ်နိုင်ငံလုံးရှိ စစ်သားအားလုံးတို့သည် သင်တို့စစ်သားများကဲ့သို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စွန့်စားခဲ့သော် ကျွန်ုပ်တို့ ဤသို့ မဖြစ်ရချေ၊ တစ်မျိုးတစ်ဖုံဖြစ်လာချေမည်၊ သူတို့ကား သေ၍သွားကုန်ပြီ၊ ဤသို့ သေကြေကြရသည့်အတွက် ကျွန်ုပ်တို့နှစ်ယောက်အား သင်တို့၏ရန်သူ၊ ကျွန်ုပ်တို့၏ရန်သူဖြစ်သည့် ကျူလီတို့လက်သို့ ပေးအပ်ကြတော့မည်လော၊ ၎င်းတို့အထဲတွင် ကျွန်ုပ်၏သွေးသားများမှာ ရှိပါသော်လည်း ကျွန်ုပ်ကား ပုပန်ငိုကြွေးခြင်းအမှုကိုမပြု၊ သူတို့သည် တိုင်းပြည်

www.burmeseclassic.com



ဂုဏ်အတွက်၊ အမျိုးသားတို့၏ ဂုဏ်အတွက် အလွန်မြတ်သော သေခြင်းဖြင့် သေကြေကုန်ပြီဖြစ်ရာ သူတို့၏ဝိညာဉ်များသည် ကောင်းကင်ဘုံ နေဗိမာန်၌ ထာဝရအမြဲ ပျော်ရွှင်ချမ်းမြေ့စွာ တည်နေကြပေတော့မည်၊ ထိုအရာများသည် ကျူလီတို့လက်အောက်၌ ကျွန်သဘောက်ဖြစ်ရခြင်းထက် မမွန်မြတ်ပါလော၊ မချမ်းသာပါလော၊ သင်တို့ကိုယ်တိုင် ယုတ်ညံ့သော ကျွန်သဘောက်အဖြစ်ဖြစ် လူဖြူတို့အောက်တွင် နေလိုပါသလော၊ ကျွန်ုပ်ပြောစကားများ၌ မုသားဟူ၍ တစ်လုံးတစ်ပါဒမျှမပါ၊ ဂေါတီမော၏ ဦးနှောက်ကို ရိုက်ခွဲရန်ကြံသော ကောတက်၏တုတ်ချောင်းများကိုယူ၍ ကျွန်ုပ်တို့သည် ကျူလီအသားများကို ချက်ပြုတ်သည့် ဟင်းအိုးများ၌ ထင်းအလို့ငှာ သုံးကြပါကုန်စို့"

ဤနေရာ၌ အော်တိုမီသည် အပန်းဖြေရန် ခေတ္တရပ်နားလျက်ရှိရာ ထောင်သောင်းများစွာသော လူများအား ယုံမှားသံသယကို ဖြစ်စေလျက် စဉ်းစားသည့်ဟန်ဖြင့် ဟီးချည်းညံလိုက်သောအသံကြီးသည် ပတ်ဝန်းကျင်တစ်ခုလုံးကို အုတ်အုတ်ကျက်ကျက် ဖြစ်၍သွားစေ၏။

မက္ကတီလာသည် ရှေ့သို့အနည်းငယ်တိုး၍ စကားပြောရန် ပြင်ဆင်လေရာ လူအုပ်ကြီးက "အော်တိုမီ၊ အော်တိုမီ၊ အော်တိုမီ ပြောပါစေ"ဟု ဆူညံစွာ ဟစ်အော်လေသည်။ သို့နှင့် အော်တိုမီသည် ဆက်လက်၍ ပြောရတော့၏။

"နယ်သူနယ်သားတို့၊ ကျွန်ုပ်၏သွေးသားများတို့ သင်တို့အား ကျွန်ုပ်ကျေးဇူးတင်လှပါတော့သည်၊ ကျွန်ုပ်တို့အပေါ် စွဲချက်မှာ ကျွန်ုပ်သည် လူဖြူများကို ခုခံတိုက်ခိုက်ရန် သင်တို့ထံမှ စစ်တပ်ကြီးရရှိပါသည်၊ မည်ကဲ့သို့ရရှိပါသနည်း၊ ကျွန်ုပ်သည် စစ်သားများစုဆောင်းရန် အမိန့်





တစ်စုံတစ်ရာ ပေးခြင်းမရှိ၊ အကျိုးအကြောင်းများသာ ပြောပြခြင်းဖြစ်၍ ထိုအကျိုးအကြောင်းကို ကြားသိရသည့်အတိုင်း စေလွှတ်ရန် သင်တို့သာ ရွေးချယ်ခြင်း မဟုတ်ပါလော၊ သင်တို့သည် မှားယွင်း၍ ရွေးချယ်မိချေပြီ၊ သို့သော် ကျွန်ုပ်အတွက်ဆိုလျှင် ဤသို့ရွေးချယ်လိုက်ခြင်းသည် မှန်ကန်သည်ဟု ယခုတိုင်ထင်မှတ်မိ၏၊ ဤသည်ပင်လျှင် ကျွန်ုပ်၏ပြစ်မှုဟုဆိုပါသည်၊ ထိုပြစ်မှုအတွက် ကျွန်ုပ်တို့အား ကျူလီတို့လက်သို့ ပေးအပ်ကြမည်လော၊ နားထောင်ကြလော့၊ ကျွန်ုပ်တို့အား ကျူလီတို့လက်သို့အပ်၍ ကျွန်ုပ်တို့ပါးစပ်များကို အစဉ်ထာဝရမပိတ်မီ ကျွန်ုပ်တို့သည် လူဖြူတို့နှင့်မည်ကဲ့သို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်များကို ပြောဆိုပါအံ့"

ထို့နောက် အော်တိုမီသည် ခြေဟန်လက်ဟန်ဖြင့် စစ်ပွဲ၏ ကြောက်မက်ဖွယ်ကောင်းပုံများ၊ မည်သို့မည်ပုံ ခုခံရပုံများ၊ ကျွန်ုပ်ကိုယ်တိုင် အုပ်ချုပ်ခဲ့သော အော်တိုမီနယ်သားတို့၏ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ခုခံပုံများ၊ ကျွန်ုပ်က မည်ကဲ့သို့ခေါင်းဆောင်ပုံများကို စိတ်ရောကိုယ်ပါ ပြောပြလေသည်။

ဤသို့နှင့် တစ်နာရီခန့်မျှ ဒေါမာန်ပါပါ ပြောပြသောအခါ လူအုပ်ကြီးသည် ငြိမ်သက်လျက်ရှိရာမှ မကြာမကြာ သက်ပြင်းချလျက်၊ အော်တိုမီ၏စကားကို နားစိုက်လျက်ရှိလေ၏။ ထို့နောက် စစ်မြေပြင်မှပြန်လာသူတစ်ယောက်က...

"မှန်တယ်၊ သည်အတိုင်းမှန်တယ်၊ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတယ်"ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်လေသည်။ ထိုအခါ အော်တိုမီသည် ဆက်လက်၍ပြောပြန်၏။

"အို... ကျွန်ုပ်၏လူများ ကျွန်ုပ်၏သွေးသားများကို ဤမျှလောက်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ကြမ်းကြုတ်၍ ကောက်ကျစ်စဉ်းလဲသော ကျူးလီတို့နှင့် မည်သည့်အခါမှ ပြေငြိမ်းရေးစကား မပြောရန် ကျွန်ုပ်တောင်းဆိုပါ၏၊ တောင်းပန်ပါ၏၊ သင်တို့၏လည်ပင်းသည်ကား လူဖြူတို့အတပ်ခိုင်းမည့် ထမ်းပိုးနှင့်မလျော်၊ သင်တို့၏သားမယား၊ သင်တို့၏သမီးများသည်လည်း ကျူးလီတို့သဘောအလိုကျ ခိုင်းစေမည့်ဝန်ကို ထမ်းရန် မလျော်ပါ၊ သင့်တို့ကား မြင့်မြတ်သော သွေးမှပေါက်ဖွားလာသူများ မဟုတ်ကြပါလော၊ ဤနေရာသည်ကား တောင်စခန်းဖြစ်သည့်ပြင် သင်တို့၏ အသိုက်အအုံလည်းဖြစ်၍ "အနာဟူအက်"နိုင်ငံအတွင်းမှ ကျူးလီမှန်သမျှကို တစ်ယောက်မကျန် နှိမ်နင်းနိုင်အံ့၊ ကျွန်ုပ်၏လူများ ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်၏အသက်ထက် မွန်မြတ်သော ကျွန်ုပ်၏ ခင်ပွန်းအသက်သော်လည်းကောင်း တောင်းဆိုသည်ဟု မထင်လေနှင့်၊ ကျွန်ုပ်တောင်းဆိုသောအရာမှာ သင်တို့အတွက် ဂုဏ်အသရေသာလျှင် ဖြစ်ပါသည်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို အရှင်လတ်လတ် ဤ"တလစကလန်"ခွေးများလက်တွင်းသို့ ပေးအပ်ခြင်းခံရလိမ့်မည်ဟု အိပ်မက်မျှ မမက်ပါလေနှင့်၊ အို... ကျွန်ုပ်၏သွေးသားများ ဤတွင်ကြည့်ပါလော"

ဤနေရာသို့ရောက်လျှင် အော်တိုမိသည် နံရံတွင်စိုက်လျက်ရှိသော လှံကိုဆွဲနှုတ်ပြီးနောက်...

"ဤလှံကား မိတ်ဆွေတစ်ဦးဦးက ကျွန်ုပ်ထံ လွှတ်လိုက်သော သေမင်းဖြစ်၏၊ သင်တို့သည် ကျွန်ုပ်၏စကားကိုမနာယူက သင်တို့မျက်မှောက်၌ပင် ဤသေမင်းကို သုံး၍ပြအံ့၊ ထိုအခါ သင်တို့သည် ကျွန်ုပ်တို့၏ အလောင်းနှစ်လောင်းကို စစ်ပြေငြိမ်းသည့် အထိမ်းအမှတ်အဖြစ်ဖြင့်





ကော့တက်ထံသို့ ပို့ပါလော့၊ သို့သော် သင်တို့အတွက် ကျွန်ုပ်ပြောလိုသည်မှာ ကော့တက်သည် သူတတ်နိုင်သမျှ လုပ်ပါစေလော့၊ နောက်ဆုံး၌ မနေရ၍ သေရစေကာမူ ကျူးလီများ၏ကျွန်ဘ၀ဖြင့်မသေဘဲ လွတ်လပ်သော နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူ၍သေပါလော့"

ဤနေရာသို့ရောက်ပြန်သော်အခါ အော်တိုမိသည် ကျွန်ုပ်၏ကိုယ်မှ အ၀တ်များကို ခုတ်ဖြဲ၍ ပစ်လိုက်ပြီးလျှင် အောက်ပိုင်းမှ အ၀တ်များကိုခါးသို့ရောက်လုနီးပါး လှန်လိုက်ပြီးနောက် အနာကိုစည်းနှောင်ထားသည့် အ၀တ်စများကိုပင် ကြမ်းတမ်းစွာဆွဲ၍ ဖြေလိုက်လေ၏။

"ဤသည်ပင်လျှင် ကော့တက်၏ နူးညံ့သိမ်မွေ့မှု ဖြစ်၍ သင်တို့သည် မဏ္ဍာတီလာ၏သြ၀ါဒကိုနာယူက ဤသို့ပင်ဖြစ်ရမည်ကို ယုံမှားခြင်း ကင်းကြပါကုန်လော့"

အော်တိုမိသည် အသားနီနှင့်ရဲရဲဖြစ်နေသော ကျွန်ုပ်၏ခြေမှ မီးလောင်နာများကိုလည်းကောင်း၊ ကျွန်ုပ်၏မျက်နှာ၊ ခြေထောက်များတွင် မကျက်သေးသော အနာရွတ်များကိုလည်းကောင်း၊ လက်ညှိုးဖြင့် ညွှန်ပြပြီးလျှင် ယခင်ကထက် ကျယ်လောင်စူးရှသောအသံဖြင့်...

"ကြည့်ကြပါကုန်လော့၊ ဤအနာကြီးများကိုပင် ကြည့်ကြပါကုန်လော့၊ ၎င်းတို့သည်ကား ကျူးလီများ၊ တလစကလန်များတို့၏ လက်ရာဖြစ်၏၊ သူတို့အား အလျှော့ပေးသူများအပေါ်တွင် သူတို့ပြုခဲ့သည့် ရက်စက်မှုများသာဖြစ်၏၊ အကယ်၍ သင်တို့သည် အလျှော့ပေးခဲ့ပါမူ သင်တို့၏ကိုယ်ကာယများမှာလည်း အလားတူခံရမည်မလွဲတည်း၊ ကျူးလီတို့သည် ရွှေကိုတပ်မက်သော လောဘရမက်ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် ရွှေတစ်အောင်စမျှ ကျန်သည့်တိုင်အောင် ယောကျ်ား၊ မိန်းမ၊ ကလေး မကျန် ဤကဲ့သို့ညှဉ်းပန်းကာ သင်တို့ထံမှ ဖျစ်ညှစ်၍ ထုတ်ယူတော့အံ့"



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် အော်တိုမီသည် ကျွန်ပ်ကို ထူမထားရာမှ တဖြည်းဖြည်း လွှတ်လိုက်ရာ ကျွန်ုပ်မှာ ရပ်တည်၍ မနေနိုင်သေးသောကြောင့် ထမ်းစင်ပေါ်သို့ ညင်သာစွာပျော့ခွေ၍ကျသွားလေ၏။ ထိုအခါ အော်တိုမီသည် လက်ထဲတွင် လှံကိုကိုင်ကာ ကျွန်ုပ်၏ရင်ဝကို ထိုးစိုက်မည့်ကဲ့သို့ ချိန်ရွယ် ထားလေသည်။

ထိုခဏအတွင်း၌ ပရိသတ်ထုကြီးသည် ငြိမ်သက်လျက်ရှိရာမှ ရုတ်တရက်ဆူညံ၍လာပြီးလျှင် အော်သံ၊ ဟစ်သံ၊ ဆဲဆိုသံ၊ ကြိမ်းမောင်းသံများသည်လည်း ယခင်ကထက် ဆယ်ဆမျှ ပြင်းထန်၍လာလေ၏။ ထိုသော် ကြိမ်းမောင်းဆဲဆိုခြင်းများသည် ကျွန်ုပ်တို့ကိုမဟုတ်တော့ချေ။

အော်တိုမီကား အနိုင်ရလေသည်။ သူ၏ မြင့်မြတ်သော စကားလုံးများနှင့် သနားစဖွယ် ခန့်ထည်ကြော့ရှင်းသော အင်္ဂါရုပ်သည်လည်းကောင်း၊ ကျွန်ုပ်ခံစားရသော ဒုက္ခဝေဒနာကို မျက်မြင်ကိုယ်တွေ့ မြင်ကြရခြင်းသည်လည်းကောင်း၊ ကျွန်ုပ်တို့ ညှဉ်းပန်းနှိပ်စက်ပုံကို ကြားကြရခြင်းသည်လည်းကောင်း၊ ပေါင်းစပ်လိုက်သောအခါ လူထုအား ဆေးထိုး၍ ပေးလိုက်ဘိသကဲ့သို့ဖြစ်ကာ လူထုကား စိတ်ပြောင်း၍ သွားလေပြီ။

သို့နှင့် နားထောင်နေသောလူထုကြီးသည် ကျူလီတို့နှင့်တကွ ၎င်းတို့အား ကူညီသော တလစကလန်လူရိုင်းများကိုပင် စိတ်အနာကြီးနာကာ အချို့ ဆူညံစွာဟစ်အော်ကြကုန်၏။ အချို့လည်း သူတို့၏အဝတ်များကိုပင် ဆုတ်ဖြဲ၍ပစ်ပြီးလျှင် အချို့လည်း မိမိတို့ကိုင်ထားသည့် လက်နက်များကို ကိုင်မြှောက်ဝှေ့ယမ်းကာ စစ်ကြွေးကြော်သံများကို ကြွေးကြော်ကြကုန်၏။

မဏ္ဍတီလာသည် စကားပြောရန်ကြံစည်သော်လည်း အနီးမှလူများ





က အတင်းဆွဲပြီးလျှင် ဟန့်တားရုံမျှမက အချို့လည်း ၎င်းအနီးသို့ ရိုက်ပုတ်ရန် တိုးလာသောကြောင့် အသက်ဘေးမှ ချမ်းသာရရန် လူအုပ်ထဲမှ အတင်းတိုးဝှေ့ထွက်ပြေးလေတော့၏။

ထိုနောက် လူအုပ်ကြီးသည် တလစကလန် စစ်ဗိုလ်များဘက်သို့ လှည့်ပြီးလျှင် "ဤသည်ကား ကောတက်အတွက် ကျွန်ုပ်တို့အဖြေဖြစ်၏၊ ခွေးများပြေးကြလော့"ဟု ပြောဆိုကာ တုတ်များနှင့်ရိုက်နှက်သောကြောင့် သံတမန်များလည်း အတင်းထွက်ပြေးကြရကုန်၏။

ထိုအခါ၌ လူအုပ်ကြီးသည် တဖြည်းဖြည်း ငြိမ်သက်၍လာပြီးလျှင် ၎င်းတို့အထဲမှ အကြီးအကဲအချို့သည် အော်တိုမီရှိရာသို့ လာကြပြီးလျှင် အော်တိုမီ၏လက်ကို ရိုသေစွာနမ်းရှုပ်ကြလေ၏။

"အော်တိုမီမင်းသမီး၊ ကျွန်ုပ်တို့ကား စိတ်ပြောင်း၍ သွားပြီးဖြစ်၍ သင်နှင့်တကွ သင်၏ခင်ပွန်းကိုပါ ကျွန်ုပ်တို့အသက်ပေး၍ စောင့်ရှောက်ပါကုန်အံ့၊ အရှင်မင်းသမီးကား လမ်းမှန်ပါပေ၏၊ ကျွန်အနေဖြင့် အသက်ရှင်၍နေရခြင်းထက် လွတ်လပ်စွာသေရခြင်းသည် မြတ်လှပါ၏"

(ကျွန်ုပ်ဘက်သို့ လှည့်၍) "ဘယ့်နှယ်လည်း မောင်၊ အော်တိုမိရဲ့ လူတွေဟာ ဘယ်လောက်သစ္စာရှိတယ်ဆိုတာ မောင်ယုံပြီမဟုတ်လား၊ ကိုင်း... မောင်၊ အော်တိုမီလည်း ပင်ပန်းလှပြီ၊ အနားယူဦးမှဖြစ်မယ်"

"အော်တိုမိ၊ အော်တိုမိ၊ ဒီကမ္ဘာပေါ်မှာ အော်တိုမိထက် မြင့်မြတ်တဲ့ မိန်းမတော့ မရှိပါဘူးကွယ်"

(ပြုံးလျက်) "ဒီဟာကတော့ မပြောနိုင်သေးဘူး မောင်၊ သို့သော်ငြားလည်း မောင်အခုလို ချီးမွမ်းလိုက်တာကိုပဲ အော်တိုမိတော့ ဂုဏ်ယူပါတယ်"

○



www.burmeseclassic.com

www.burmeseclassic.com



# တောင်ကြားတိုက်ပွဲ

ရက်ပေါင်းများစွာကြာလတ်သော် ကျွန်ုပ်၏ကိုယ်မှ အနာများမှာ တိုင်းရင်းသားဆေးများအစွမ်းကြောင့်လည်းကောင်း၊ အော်တိုမိ၏ ယုယကြင်နာစွာ ပြုစုစောင့်ရှောက်မှုကြောင့်လည်းကောင်း၊ လုံးလုံး ပျောက်ကင်းခဲ့ပြီးလျှင် ကျွန်ုပ်တို့ဇနီးမောင်နှံတို့သည် အော်တိုမိနယ်သူနယ်သားတို့၏ မြှောက်စားချီးမြှင့်ခြင်းကိုခံယူကာ ပျော်ရွှင်ချမ်းသာစွာ နေထိုင်ခဲ့ကြ၏။

ကျွန်ုပ်တို့နေထိုင်ရာ 'ထင်းရှူးတောမြို့'မှာ တွင်းထွက်သတ္တု ဟူ၍လည်းကောင်း၊ အသီးအနှံဟူ၍လည်းကောင်း လွန်စွာပင် ရှားပါးလှ၏။ သို့နှင့် ကျွန်ုပ်တို့သည် စပိန်တို့အား အခွန်ဘဏ္ဍာဆက်သခြင်း၊ လက်ဆောင်ပဏ္ဏာပေးကမ်းခြင်း မပြုသော်လည်း စပိန်တို့သည် ကျွန်ုပ်တို့အပေါ်တွင် တစ်စုံတစ်ရာ အရေးစိုက်ခြင်းမရှိချေ။ ထိုအခါကာလကော့တက်သည်လည်း စပိန်နိုင်ငံသို့ပြန်သွားသဖြင့် စပိန်တို့သည် ကျွန်ုပ်တို့နယ်သို့ တစ်စုံတစ်ရာ ထိပါးပုတ်ခတ်လာခြင်းမရှိခဲ့ပေ။

**မော်ကွန်းသစ်**

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်ုပ်တို့သည် ဘာသာဘာဝ လုပ်ကိုင်စားသောက်ကာ နေထိုင်ကြသော အော်တိုမီလူမျိုးများကို အုပ်စိုးကာ နှစ်ပေါင်းများစွာ နေခဲ့ကြရ၏။

တစ်နေ့သ၌ စပိန်လူမျိုး ၁၀၀ ခန့်ဦးစီးလျက် "တလစကလန်" တိုင်းရင်းသားများနှင့်တကွ အခြားတိုင်းရင်းသား လူမည်းပေါင်းများစွာ ပါဝင်သည့် စစ်တပ်ကြီးသည် "ဘာနယ်ဒေး"ဆိုသူ စစ်ဗိုလ်ချုပ် ခေါင်းဆောင်အုပ်ချုပ်ကာ ကျွန်ုပ်တို့အား အမြစ်မှစ၍ ကိုင်းဖျားကိုင်းနားမကျန် သုတ်သင်ပစ်ရန် ချီတက်လာကြောင်းနှင့် သတင်းရောက်ရှိလာရာ ထိုသတင်းမှာ တစ်ခဏခြင်း၌ပင် နယ်တစ်နယ်လုံး ပျံ့နှံ့သွားလေ၏။

*(စာဖတ်သူများ သန်းခေါင်ယံတိုက်ပွဲကို မှတ်မိကြပေလိမ့်မည်ဖြစ်ရာ ဘာနယ်ဒေးဆိုသူမှာ ထိုညက သောမတ်(စ)ဝင်းဂဖီးလက်မှ ချမ်းသာခွင့်ရထားသော စပိန်ကပ္ပတိန် စစ်ဗိုလ်တစ်ဦးဖြစ်၍ သူ၏ဓားမှာ သောမတ်(စ)ဝင်းဂဖီး၏လက်တွင် ထိုညက ကျန်ရစ်ခဲ့၏။*

**စာရေးသူ)**

ရန်သူများမှာ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ ကျွန်ုပ်တို့သည် လူများကို အမြန်စုဆောင်းပြီးသော် ရန်သူများဝင်နိုင်သည့် လမ်းတစ်လမ်းတည်းဖြစ်သော တောင်ကြားဝတွင် ကျွန်ုပ်၏တစ်စိတ်တစ်ဒေသဖြစ်သော စစ်တပ်ကို နေရာချပေး၏။ ကျန်လူများကိုကား နှစ်စု အညီအမျှခွဲပြီးလျှင် တောင်ကြားလမ်းတွင် အမြင့်ဆုံးနေရာ၌ တစ်ဖက်တစ်ချက်ခွဲဝေထား၏။ ၎င်းတို့မှာ တောင်ကြားတစ်လျှောက် ပြန်၍ပြေးခြင်း အထိမ်းအမှတ်ကိုပြပြီးနောက် ရန်သူများဝင်လာသည်နှင့် တစ်ပြိုင်နက် အပေါ်မှ ကျောက်တုံးများကို လှိမ့်ချရန်ဖြစ်လေသည်။ ဤသို့ဖြင့် ကျွန်ုပ်





တို့ ထင်းရှူးတောမြို့ကလေးကို ကာကွယ်ရန် တတ်အားသမျှ ပြင်ဆင်ထားလေသည်။

အချိန်မှာ နွေဦးပေါက်ရောက်လာပြီဖြစ်၍ တစ်နေ့သောညအချိန်၌ ကျွန်ုပ်သည် အော်တိုမီကို နှုတ်ဆက်ပြီးလျှင် ကျွန်ုပ်၏ ၁၂ နှစ်အရွယ်ရှိ သားငယ်ကလေးကိုပါ ခေါ်ပြီးလျှင် စစ်မြေပြင်သို့ထွက်ခဲ့လေ၏။ စစ်သားများမှာ ကျွန်ုပ်နေရာချထားသည့်အတိုင်း အသင့်ရှိနေကြပြီဖြစ်၍ ကျွန်ုပ်နှင့်အတူ တောင်ကြားဝစခန်းသို့ လူလေးငါးရာခန့်သာ ပါလေသည်။

ကျွန်ုပ်တို့ သူလျှို့များထံမှ သတင်းအရ စပိန်စစ်တပ်သည် နံနက်မိုးမလင်းမီ တစ်နာရီတွင် တောင်ကြားလမ်းသို့ ဝင်မည်ဟု သိရသည့်အတိုင်း ကျွန်ုပ်တို့သည် အဝင်ဝမှ အသင့်စောင့်ဆိုင်းလျက်ရှိကြကုန်၏။

သို့နှင့် နံနက်မိုးမလင်းမီ တစ်နာရီကျော်ကျော်ခန့် အချိန်တွင် မြင်းသံများနှင့်တကွ အဝေးမှ လူအုပ်ကြီး ရွေ့လျား၍လာသော အသံများကို ကြားရလေရာ စပိန်တို့ချီတက်လာကြောင်း သိရတော့၏။ သို့သော် စပိန်တို့ကား ထင်သလောက် ခရီးမပေါက်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့မှာ တောင်ကြားလမ်းသို့မရောက်မီ စခန်းများကို "ခရေစေ့တွင်းကျ"သိရှိသော်လည်း စပိန်တို့မှာမူ မှောင်ထဲ၌ စမ်းသပ်လာရသည့်အပြင် အမြောက်ကြီးနှစ်လက်ကိုလည်း မြင်းများနှင့်ဆွဲလာရသဖြင့်တစ်ကြောင်း၊ အထူးသဖြင့် ထိုနေရာတွင် ကျောက်တုံးကျောက်ခဲထူထပ်သဖြင့်တစ်ကြောင်း လွန်စွာခရီးဖင့်လျက်ရှိကြလေသည်။ သို့နှင့် ၎င်းတို့သည် နံနက်အလင်းရောင်လာသည့်တိုင်အောင် စောင့်ဆိုင်းလျက်ရှိကြ၏။

အရှေ့ဘက်ကောင်းကင်မှ အလင်းရောင်လာသည်နှင့်တစ်ပြိုင်နက် တောင်ကြားဝဆီသို့ ချီတက်လာသော စပိန်နှင့် လူမည်းတို့ရောနှော

www.burmeseclassic.com



ချောက်ရှိသည့် စစ်တပ်ကြီးကို မြင်ရလေ၏။ သူတို့သည် ပုရွက်ဆိတ်ကြောင်းကဲ့သို့ ဝက်ခေါင်းထိုးချီ၍ လာကြကုန်ရာ စပိန်တို့၏သံကိုယ်ကျပ်အင်္ကျီများသည်လည်းကောင်း၊ နောက်ပါ အခြားလူမည်းများ၏ ဆေးရောင်စုံခြယ်ထားသော စစ်ခမောက်များနှင့် ငှက်မွေးအင်္ကျီများသည်မှည်းကောင်း ထွက်ပြူစနေရောင်တွင် တပြောင်ပြောင်တလက်လက်တောက်ပလျက်ရှိကြကုန်၏။

တစ်ဖက်နှင့်တစ်ဖက် မြင်နိုင်ကြပြီဖြစ်၍ ခြေလှမ်းတစ်ရာ ဝေးသောနေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် စပိန်တို့သည် "စိန်ပီတာ... စိန်ပီတာ..."ဟူသော စစ်ကြွေးကြော်သံကို ကြွေးကြော်ပြီးလျှင် ရှေ့ဆုံးမှမြင်းတပ်သည် ကျွန်ုပ်တို့တပ်ဦးကို ဝင်ရောက်ထိုးဖောက်လေ၏။

ထိုခဏ၌ ကျွန်ုပ်တို့ဘက်မှ လွှတ်လိုက်သော မြားများမှာ ငှက်အုပ်များပျံသန်းသွားသကဲ့သို့ မည်းခနဲ ပျံ၍သွားလေရာ စပိန်အချို့နှင့်လူမည်းပေါင်းများစွာတို့မှာ ကျဆုံးသွားကြသော်လည်း ကျွန်ုပ်တို့သည်မြားများကို နောက်ထပ်တစ်ကြိမ်သာ လွှတ်နိုင်တော့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့မြားများမှာ သံကိုယ်ကျပ်ဝတ်ထားသော စပိန်စစ်သားများနှင့် သံချပ်ဖုံးများကာထားသည့် မြင်းများကို ဘေးဥပဒ်အနည်းငယ်မျှသာ ပေးနိုင်သောကြောင့်ပေတည်း။

သို့နှင့် စပိန်မြင်းစီးသမားများနှင့် တလစကလန်တို့သည် ကျွန်ုပ်တို့တပ်ဦးကို အလယ်မှခွဲ၍ ဝင်လာပြီးလျှင် လှံသွားများနှင့် လူချင်းတော့ဆိုင် တိုက်ခိုက်လျက်ရှိတော့၏။ ဤသို့နှင့် ရန်သူတို့သည် ကျွန်ုပ်တို့အား အပြင်းအထန် တော့ဆိုင်တိုက်ခိုက်လေရာ ကျွန်ုပ်တို့ဘက်မှ လူများမှာ အတုံးအရုံးကျဆုံးလျက်ရှိကုန်၏။ ကျွန်ုပ်တို့မှာ သံတိုင်ကိုယ်ကျပ်





ဝတ်မြင်းစီးသမားများနှင့် ပုရွက်ဆိတ်ကဲ့သို့ မြောက်မြားလှစွာသောတလစကလန်လူရိုင်းတို့၏ ဖိနှိပ်အားကို တာရှည်စွာ ခံနိုင်တော့မည်မဟုတ်ပေ။

"ပြန်၍ပြေးရန်"မှာ ကျွန်ုပ် ရည်ရွယ်ချက်ဖြစ်သည့်ပြင် ကျွန်ုပ်တို့တပ်ဦးသည်လည်း အကယ်ပင်မခံနိုင်တော့ပြီဖြစ်ရကား ကျွန်ုပ်လည်းစစ်တပ်ကို "ဆုတ်ပြေးရန်"အမိန့်ပေးလေ၏။

ကျွန်ုပ်အမိန့်အတိုင်း ကျန်လူများသည် တောင်ကြားလမ်းအတိုင်းပြေးလေရာ စပိန်တို့လည်း ကျွန်ုပ်၏ "ဆင်လုံး"ကို မသိဘဲ နောက်မှထပ်ကြပ်မကွာ လိုက်လာကြကုန်၏။

နောက်ဆုံး စပိန်တို့တပ်ဦးသည် ကျွန်ုပ် 'ဆင်'ထားသောတောင်ထိပ်နှစ်ခုညှပ်၍နေသည့် လမ်းကျဉ်းကလေးသို့ ရောက်သည်နှင့်တစ်ပြိုင်နက်တောင်ပေါ်မှ ကျောက်တုံးကြီးတစ်တုံးသည် ဝုန်းဝုန်းမြည်ကာ လိမ့်ကျလာပြီးလျှင် စပိန်တို့လူအုပ်ကြီးကို ထိမှန်လေရာ ထိမှန်ခြင်းခံရသောစစ်သားသည် လူရောမြင်းပါ တလိမ့်ခေါက်ကွေး လိမ့်ကျသွားပြီးနောက်မလှုပ်မယှက် ရှိနေတော့၏။ ထို့နောက် တစ်လုံးပြီးလျှင်တစ်လုံး ကျ၍ကျ၍လာရာ ကျလာတိုင်းလည်း စစ်သားများမှာ တိမ်းရှောင်ရန် အချိန်လည်းမရသဖြင့် သေရသည်သာဖြစ်ချေ၏။

သို့သော် ကျွန်ုပ်မျှော်လင့်သလောက် ကျောက်တုံးအကျ မများလှချေ။ လွန်စွာပင်နည်းပါးလှ၏။ ထိုခဏ၌ တောင်ထိပ်တစ်ခုမှ အသံတစ်သံကိုကြားရပြီးလျှင် တစ်စုံတစ်ခုသည် တောင်ထိပ်နံရံမှ လိမ့်ကျလာရာ ထိုအကြိမ်၌ကား ကျောက်တုံးမဟုတ်ဘဲ လူတစ်ယောက်ဖြစ်လေသည်။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ဆူညံသောအသံများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တလိမ့်ခေါက်ကွေးကျ၍ ကျ၍ လာကြကုန်ရာ၊ ၎င်းတို့မှာ ကျွန်ုပ်ဘက်သား အော်တိုမီစစ်သားများဖြစ်သဖြင့် ကျွန်ုပ်မှာ သေနတ်ထိမှန်သကဲ့သို့ အံ့သြခြင်းမက အံ့သြ၍နေလေ၏။

ထိုအခါမှ ကျွန်ုပ်သည် အမှန်ကိုသိရတော့၏။ ကျွန်ုပ်ကား ကျွန်ုပ်ထောင်သော ထောင်ချောက်၌ပင် ပြန်၍မိခဲ့ချေပြီ။

စပိန်တို့ကား နှစ်ပေါင်းများစွာ စစ်တိုက်ခဲ့သဖြင့် စစ်ရေဝပြီးလျှင် စစ်ဘက်တွင် ကျွမ်းကျင်ပြီးဖြစ်ရကား ကျွန်ုပ်၏အကြံအစည်ကို တင်ကြို၍ သိရှိဟန်လက္ခဏာရှိ၏။ ထို့ကြောင့်လည်း သူတို့သည် အမြောက်နှစ်လက်ပါသောမြင်းတပ်နှင့် တလစကလန်အချို့ကိုကား တောင်ကြားလမ်းမှလွှတ်လိုက်ပြီးလျှင် အခြားတပ်မကြီးတစ်ခုမှာ မိုးမလင်းခင်ကပင် ကျွန်ုပ်၏ စစ်သားချထားသောနေရာ တောင်ပေါ်စခန်းသို့ လျှို့ဝှက်သော ပတ်လမ်းများမှ တက်ပြီးလျှင် ထိုအချိန်၌ အလစ်တွင် ဝင်ရောက်နင်းခဲ့ချေပြီ။

စပိန်တို့မှာ တောင်ပေါ်သို့တက်ရန် ထိုလျှို့ဝှက်သောဖြတ်လမ်းများကို ပထမမသိသော်လည်း သစ္စာဖောက်မည့်သူတစ်ဦးတစ်ယောက်ထ ဖြစ်နိုင်ကြောင်း ရှေးမဆွကပင် ကျွန်ုပ်တင်ကြို၍ မစဉ်းစားမိချေ။ ကျွန်ုပ် ကိုယ်ကိုကျွန်ုပ် အပြစ်တင်မိ၏။

စစ်ပွဲကား ကျွန်ုပ်တို့ဘက်မှအရေးနိမ့်ချေပြီ။ ထိုခဏ၌ တောင်ပေါ်မှ စပိန်တို့နှင့်တလစကလန်တို့၏ ဆူညံစွာဟစ်အော်သံများကို ကြား သဖြင့် ကျွန်ုပ်တွေးထင်သည့်အတိုင်း မှန်ကန်ကြောင်း သိရလေသည်။

သို့သော် ကျွန်ုပ်တို့အတွက် စစ်ပွဲကားမပြီးသေးချေ။ ဆက်လက်၍ တိုက်ရပေဦးမည်။





ထိုနေရာနှင့်မနီးမဝေး၌ တောင်ကြားလမ်းသည် ရုတ်တရက်ကွေ့၍ သွားလေရာ ထိုနေရာမှ အကယ်ခုခံမည်ဆိုလျှင် လက်တစ်ဆုပ်စာမျှသော စစ်သားတစ်စုသည် စစ်တပ်ကြီးတစ်တပ်ကိုပင် အတန်ကြာ ခုခံနိုင်သော နေရာဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်လည်း စစ်တပ်ထဲမှ ကျွန်ုပ်နှင့်အတူ တိုက်ခိုက်မည့် စစ်သားများကို အမြန်ရွေးချယ်လေရာ စစ်သားများစွာထွက်လာ၏။ ၎င်းတို့အနက် ကျွန်ုပ်လည်း အင်အားတောင့်တင်းသော လူ ၅၀ ခန့်ကို ရွေးချယ်ပြီးလျှင် ကျန်လူများကို မြို့တော်သို့ အကျိုးအကြောင်း သွားရောက်ပြောကြားရန် လွှတ်လိုက်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်နှင့်လူတစ်စုက ဤတောင်ကြားကွေ့မှ အချိန်ရအောင် တတ်နိုင်သမျှ ခုခံပြီးလျှင် ပြန်၍သွားသော စစ်တပ်က မြို့မှတံတိုင်း နံရံကြီးများကို လုံနိုင်သမျှလုံအောင် နေသားတကျ ထပ်မံပြင်ဆင်ရန်နှင့် စစ်တပ်အင်အား ထပ်မံဖြည့်တင်းနှင့်ရန် ဖြစ်လေသည်။ ပြန်သော စစ်တပ်ကြီးနှင့်အတူ ကျွန်ုပ်၏သားကလေးကိုလည်း ထည့်လိုက်လေ၏။

ကျွန်ုပ်တို့သည် တောင်ကြားကွေ့မှ စောင့်ဆိုင်းလျက်ရှိကြရာ ထိုအခါ၌ကား စပိန်တို့သည် ထောင်ချောက်ကို ကြောက်ရွံ့သည့်လက္ခဏာဖြင့် အရင်စလိုမတက်ဘဲ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်သာ ချီတက်၍ လာကြကုန်၏။ ထိုနေရာမှာ လမ်းကွေ့ဖြစ်ရုံမျှမက ကျောက်တုံးများလည်း အလွန်ထူထပ်လှ၏။ စပိန်တို့၏ သံကိုယ်ကျပ်အင်္ကျီကို မဖောက်နိုင်သဖြင့် အားလျှော့ဖွယ်ဖြစ်သော်လည်း တလစကလန်တို့မှာ အတုံးအရုံး လဲကျသေဆုံးလေ၏။

သို့သော် စပိန်စစ်ဗိုလ်တို့သည် နောက်မှ အပြင်းအထန်တိုက်တွန်းလျက်ရှိရကား ၎င်းတို့သည် သခင်ရှူးတိုက်ပေးသော ခွေးများကဲ့သို့

www.burmeseclassic.com



လှူသေအလောင်းများကို နင်း၍ နင်း၍ တက်ကြပြီးလျှင် မြင်းများကို နောက်တစ်ကြိမ် ကျွန်ုပ်တို့က မလွှတ်နိုင်မီအချိန်အတွင်း လုံရှည်ကြီးများဖြင့် မိုက်မိုက်ကန်းကန်း ဝင်ရောက်ထိုးနှက်ရကား တစ်နာရီခန့်မျှ ကြာလတ်သော် ကျွန်ုပ်တို့လည်း လက်လျှော့ကြရတော့၏။

သို့နှင့် ကျွန်ုပ်တို့သည်လည်း လွင်ပြင်မှဖြတ်၍ မြို့တော်ဆီသို့ ပြေးရလေရာ စပိန်စစ်တပ်ကြီးလည်း ကျွန်ုပ်တို့နောက်မှ ထက်ကြပ်မကွာ လိုက်လာတော့၏။ သို့သော် သူတို့၏ မြင်းများမှာ ကျောက်တုံးများ အကြားကို ကြည့်၍နင်းရသဖြင့် ကျွန်ုပ်တို့ကိုမမှီနိုင်ချေ။

ထိုတိုက်ပွဲ၌ ကျွန်ုပ်မှာ ကံအားလျော်စွာ ဒဏ်ရာမရချေ။ မြို့တော်သို့ရောက်၍ မြို့တံခါးဝမှ ဝင်ကြသောအခါ ကျွန်ုပ်၏လူစုမှာ လူ ၂၀ မျှ ပင်မရှိတော့ဘဲ ကျွန်ုပ်ပထမပြန်၍ လွှတ်လိုက်သော တပ်မှာလည်း လူ ၅၀၀ ခန့်သာ ကျန်ရှိတော့၏။

မြို့တွင်းသို့ ကျွန်ုပ်တို့ အားလုံးရောက်ရှိကြပြီးနောက် မြို့တံခါးကြီးကို အတွင်းမှ လေးလံသော သစ်သားမင်းတုပ်ကြီးများ ပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် စပိန်တပ်ဦးသည် မြို့တံခါးသို့ ဆိုက်ရောက်လာလေ၏။

ရှေ့ဆုံးမှ မြင်းစီးလာသော စပိန်စစ်သားတစ်ယောက်သည် မြို့တံခါးဆီသို့ မြင်းကိုနှင်လာရာ ထိုအခါ၌ ကျွန်ုပ်၏လက်ထဲတွင် လေးနှင့်မြားရှိနေသဖြင့် ကျွန်ုပ်လည်း သစ်လုံးများဖြင့်ပြုလုပ်ထားသည့် တံခါးကြားမှ ထိုသူအား အသေအချာချိန်ပြီးသော် လည်ပင်းဆီသို့မှန်း၍ မြားကိုလွှတ်လိုက်လေ၏။ မြားသည် သံခမောက်နှင့် လည်ပတ်အကြားသို့ တည့်တည့်ကြီးဝင်သွားပြီးလျှင် မြင်းစီးသမားသည် လက်နှစ်ဖက်မြှောက်





ကာ နောက်သို့လန်၍ မြင်းပေါ်မှ ထိုးကျသွားလေသည်။ ထိုအခြင်းအရာကို မြင်ရသောအခါ နောက်မှစစ်သားများသည် အတန်ငယ်ဆုတ်သွားလေ၏။

ဆုတ်၍သွားသော စစ်ဗိုလ်များသည် အတန်ငယ်ဝေးသော နေရာတစ်ခု၌ တစ်ခဏမျှ စုရုံးပြီးသော် ၎င်းတို့အထဲမှ လူတစ်ယောက်သည် မြင်းနက်ကြီးတစ်ကောင်ကိုစီးနင်းကာ လက်တွင် အလံဖြူတစ်ခုကိုင်လျက် မြို့တံခါးဆီသို့ ချဉ်းကပ်လာပြီးနောက်...

"ကျွန်ုပ်သည် အော်တိုမီ သူပုန်ဗိုလ်နှင့် စကားပြောလိုပါသည်၊ ယခုလာရခြင်းမှာ ကော့တက်စပိန်သို့သွားနေခိုက် သူ၏နေရာတွင် အုပ်စိုးသော ဒုတိယစစ်ဗိုလ်ချုပ် 'ဘာနယ်ဒေး'အမိန့်ဖြင့် လာခြင်းဖြစ်ပါသည်"

ထိုအခါ ကျွန်ုပ်လည်း အလံဖြူတစ်ခုကို ကိုင်ပြီးလျှင် မြို့ရိုးပေါ်သို့တက်၍ ထိုသူနှင့် စကားပြောလေသည်။

"သင်ပြောလိုရာပြောလော့၊ ကျွန်ုပ်ပင် အော်တိုမီသူပုန်ဗိုလ် ဖြစ်တော့၏"

"ကျွန်ုပ်သည် ဒုတိယစစ်ဗိုလ်ချုပ် "ဘာနယ်ဒေး"အမိန့်ဖြင့် သင်တို့သည် ထင်းရှူးတောမြို့ကိုအပ်ရန် တောင်းဆို၏။ အကယ်၍ မပေးအပ်ပါက သင်တို့နယ်သူနယ်သားအားလုံးကို ချမ်းသာပေးလိမ့်မည်မဟုတ်၊ သည့်ပြင် တစ်မြို့လုံးကိုလည်း မက္ကဆီကိုကဲ့သို့ဖွဲပြာကျစေမည်၊ အသို့နည်း... သူပုန်ဗိုလ်"

"ယခုစကားပြန်အံ့၊ ခေတ္တစောင့်ဆိုင်းလော့"

သို့နှင့် ကျွန်ုပ်လည်း ကျွန်ုပ်၏လူများကို အမြန်စုဆောင်းပြီးလျှင် ၎င်းတို့အထဲမှ အကြီးအမှူးဖြစ်သူများနှင့် အဆောတလျင် တိုင်ပင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အော်တိုမီမူးမတ်များနှင့် စစ်ဗိုလ်များ၊ အကြီးအကဲများသည် ၎င်းတို့ အချင်းချင်း တစ်ခဏမျှ ညှိနှိုင်းတိုင်ပင်ပြီးနောက်...

"အရှင် ကျွန်ုပ်ကား အရှင်၏ ဩဝါဒများကို နာခံကာ နှစ်ပေါင်းစွာ နေခဲ့ရ၏။ "အနာဟူအက်"ဘုရားများသည် ကျွန်ုပ်တို့အားပစ်ခွာသွားကြပြီဖြစ်၍ အမျိုးမျိုးသော ဘေးအန္တရာယ်တို့သည် ကျရောက်ဖြစ်ပေါ်လာကြကုန်ရာ အရှင်သည် ကျွန်ုပ်တို့နှင့်အတူ အညီအမျှခံခဲ့၏။ အရှင်သည် လွတ်လပ်ဘိသကဲ့သို့ ကျွန်ုပ်တို့လည်း အရှင့်အောက်တွင် လွတ်လပ်စွာ နေထိုင်ခဲ့ကြ၏။ ယခုကား အဆုံးသတ်ချိန်သို့ ရောက်ခဲ့ပြီဖြစ်၍ ယခင်က လွတ်လပ်ခဲ့သည့်နည်းတူ ကျူလီတို့၏ ထမ်းပိုးအောက်၌ ကုန်းရုန်းနေမည့်အစား ကျွန်ုပ်တို့သည် လွတ်လပ်စွာ တိုက်ခိုက်ရင်း သေကြကုန်အံ့၊ ကျူလီတို့အား စကားပြန်ပါလော့"ဟု သဘောတူညီစွာ ဆိုကုန်၏။

အချို့မိန်းမများမှာ ငိုယိုလျက်ရှိကြသော်လည်း အော်တိုမီသည် တစ်ချက်မျှမျက်နှာမပျက်ဘဲ...

"ဒီဟာပဲကောင်းပါတယ် မောင်ရယ်...၊ ကျူလီတွေနှိပ်စက်တာ ခံမယ့်အတူတူ စစ်တိုက်ရင်းသေကြတာပေါ့၊ ကိုင်း... သူတို့ကိုစကားသာ ပြန်လိုက်ပါ"

သို့နှင့် ကျွန်ုပ်လည်း အလံဖြူကိုကိုင်လျက် မြို့ရိုးပေါ်သို့ တက်ရောက်ကာ...

"အသင် သံတမန်၊ အသင်၏ စစ်ဗိုလ်ချုပ်ကို ပြောလိုက်ပေတော့၊ အော်တိုမီနယ်သားများသည် တစ်စုံတစ်ရာ အလျှော့မပေးဘဲ လုံးတစ်ချောင်းနှင့် ၎င်းကိုပစ်နိုင်သော လက်တစ်ဖက်ကျန်သည်အထိ တိုက်ခိုက်အံ့"





ထိုနောက် မြင်းစီးစစ်သားများသည် မြင်းကို ပြန်၍လှည့်ကာ သူ၏ စစ်တပ်ရှိရာသို့ စိုင်းသွားလေ၏။

၀



www.burmeseclassic.com

www.burmeseclassic.com



## လက်နက်ချရခြင်း

ကြောမီ စပိန်တို့သည် မြို့ရိုးအနီးသို့ ချီတက်ကာ စတင်တိုက်ခိုက်သော၏။ ကျွန်ုပ်တို့၏ မြင်းများသည် စပိန်တို့အား အနည်းငယ်မျှသာ ဒုက္ခပေးနိုင်သော်လည်း "တလစကလန်" လူရိုင်းတို့မှာမူ ကျွန်ုပ်တို့အားချက်ဖြင့် အတုံးအရုံးကျဆုံးကုန်ကြကုန်၏။ သို့သော် စပိန်တို့၏ အနိုပ်တိုက်တွန်းမှုကို မခံနိုင်ရကား၊ ရာပေါင်းများစွာသော သူတို့၏အမျိုးသားအလောင်းများပေါ်သို့နင်းကာ ရှေ့သို့ချီတက်မြဲ ချီတက်လာကြပြန်၏။

စပိန်အမြောက်ကြီးနှစ်လက်ကလည်း မြို့ရိုး၏ အားအနည်းဆုံးသောအပိုင်းကို ရွေးချယ်ပစ်ခတ်လေရာ၊ မြေသရွှတ်ဖြင့်သာ ကိုင်ထားသော မြို့ရိုးကြီးမှာ ပေါက်လုံမတတ်ရှိစဉ် "တလစကလန်"တို့သည် ဒီးတပ်ထားသော သစ်တုံးကြီးများကို အသုံးပြုကာ မြို့ရိုးရှိရုံများကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းဝင်၍ ဆောင့်ကြကုန်၏။ ဤသို့ပြုလုပ်ရာ၌ ၎င်းတို့မှာ အဆမတန် ကျဆုံးလျက်ရှိနေသော်လည်း လူမည်းများမှာ ကျွန်ုပ်တို့မြားဘေးထက် နောက်မှကွပ်ကဲသည့် စပိန်တို့၏ဓားဘေးကို ကြောက်ရသောကြောင့် သေခြင်းကိုပဓာနမထားဘဲ အတင်းမျက်စိမှိတ်၍ ဆောင်ရွက်ကြကုန်၏။

တလစကာလန်တို့ ပစ်လိုက်သော လုံတိုနှင့်အုတ်ခဲများသည် တစ်ခါတစ်ရံ မိုးသီးမိုးပေါက်ကဲ့သို့ ကျွန်ုပ်ဆီသို့ ဝင်၍လာရာ ကျွန်ုပ်တို့ဘက်မှ အကျအဆုံးမနည်းလှချေ။

သို့နှင့် ကျွန်ုပ်တို့သည် တတ်အားသမျှ မြို့ရိုးကို မဖောက်ထွင်းနိုင်ရန် တစ်နေ့လုံး ခုခံကာကွယ်လျက်ရှိနေသော်လည်း နောက်ဆုံး၌ မတတ်နိုင်တော့ဘဲ နေဝင်သည်နှင့်တစ်ပြိုင်နက် မြို့ရိုးကြီးမှာ ပေါက်ထွက်၍ သွားခဲ့ရလေ၏။

ထိုအခါ ကျွန်ုပ်လည်း အနှောင်ထုကိုအကာအကွယ်ယူကာ မသေဘဲကျန်ရှိသောစစ်သားများကို စုဆောင်း၍ ကျွန်ုပ်တို့လည်း "ပစ်ရမင်" ကျောက်တောင်ပေါ်သို့ ခုခံရန် ယခင်ကပင် တင်ကြိုပြင်ဆင်ထားရှိပြီးဖြစ်သည့်အတိုင်း ကျောက်တောင်ရှိရာသို့ ပြေးခဲ့ကြလေ၏။

စပိန်တို့ကား မြို့တွင်းသို့ဝင်မိပြီးဖြစ်သော်လည်း လမ်းပန်းတစ်ရာ မသိသည့်အတွက် ထိုညတွင် တိုက်ပွဲမဖြစ်ဘဲ နောက်တစ်နေ့ သာ ဆက်လက်တိုက်ကြတော့၏။

*(ပစ်ရမစ် ကျောက်တောင်များ တည်နေပုံ အကြောင်းကို မကွာဆီ တိုက်ပွဲ၌ ရေးသားဖော်ပြခဲ့ဖူးလေပြီ။)*

တိုက်ပွဲသည် ညဉ့်အချိန်မှတစ်ပါး သုံးရက်တိုင်တိုင် ဆက်လက် ဖြစ်ပွားလျက်ရှိလေ၏။ ပစ်ရမစ်ကျောက်တောင်ကို အပိုင်စီးရန် ချီတက်





တိုက်ခိုက်ရာ၌ နေ့စဉ် စပိန်စစ်ဗိုလ်အနည်းငယ်နှင့် ရာပေါင်းများစွာသော တလစကာလန်စစ်သားတို့မှာ ကျဆုံးလျက်ရှိကုန်၏။ အဘယ်ကြောင့်ဆိုသော် တောင်ပေါ်သို့ တက်ရန်လမ်းမှာ တစ်လမ်းတည်းသာ ရှိသည့်ပြင် လမ်းကလည်းကျဉ်းပြန်၊ ကျောက်တုံးများလည်း ထူထပ်ပြန်၊ အတက်ကလည်း မတ်စောက်ပြန်ဖြစ်ရကား လူလေး,ငါးဆယ်နှင့် တပ်စိတ်ကလေးတစ်ခုလောက်ကို နာရီပေါင်းများစွာခုခံ၍ ဒုက္ခပေးနိုင်သော နေရာဖြစ်လေသည်။ တောင်ပေါ်သို့ အချိန်မှန် လှမ်း၍ပစ်ခတ်လျက်ရှိသော စပိန်အမြောက်ကြီးမှာလည်း တောင်ခါးပန်းကိုထိမှန်၍ သော်လည်းကောင်း၊ ကျွန်ုပ်တို့ ဦးခေါင်းပေါ်မှ ကျော်၍သော်လည်းကောင်း၊ သွားသဖြင့် မည်သည့်အခါမျှ ကျွန်ုပ်တို့အား တိုက်ရိုက်မထိမှန်ချေ။

သို့နှင့် စပိန်တို့သည် လက်နက်ဖြင့် နှိမ်နင်းရန် လမ်းမမြင်သောအခါ ကျွန်ုပ်တို့အား စကားကမ်းလှမ်းရန် ကြိုးစားလေ၏။

ကျွန်ုပ်သည် တောင်ခြေသို့ဆင်း၍ သူတို့၏ သံတမန်နှင့် စကားပြောဆိုရာ ပထမ၌ ကတိတစ်စုံတစ်ရာထားခြင်းမရှိဘဲ ကျွန်ုပ်တို့က အညံ့ခံရမည်ဆိုသဖြင့် ကျွန်ုပ်လည်း ငြင်းပယ်လိုက်၏။ သို့သော် သုံးရက်တိုက်ပြီးသည့်နောက် နောက်ဆုံး၌ လုံတိုတစ်ခုတွင် စာတစ်စောင်ချည်၍ အပေါ်သို့ရောက်အောင် ထိုးပစ်ပေးလေရာ ထိုစာမှာ စပိန်ဘာသာဖြင့် ရေးထား၍ စစ်ဗိုလ်ချုပ်ဘာနယ်ဒေးကိုယ်တိုင် လက်မှတ်ရေးထိုးပြီးလျှင် အောက်ပါအဓိပ္ပာယ်များ ပါရှိလေသည်။

စာ၏အဆိုမှာ ဆက်လက်မတိုက်ဘဲ လက်နက်ချအပ်က ကျွန်ုပ်တို့ မိသားစုသုံးယောက်နှင့်တကွ ကျောက်တောင်ပေါ်ရှိ လူအားလုံးတို့အား အသက်ဘေးမှ ချမ်းသာပေး၍ ကျွန်ုပ်တို့အလိုရှိရာသို့ သွားရန်မရှိသွား



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်သည်။ သို့သော် ကျွန်ုပ်တို့လယ်ယာခြံမြေများနှင့်တကွ ရွှေငွေပစ္စည်းဘဏ္ဍာများကိုမူ မဏ္ဍဆီကိုနယ် ဘုရင်ခံလက်သို့ ပေးအပ်ရမည်။

ဤမျှလောက် မမျှော်လင့်ခဲ့သော ကျွန်ုပ်သည် တန်ဆောင်းရှိရာသို့ လာ၍ ထိုသတင်းကောင်းကို စစ်ဗိုလ်များ၊ စစ်သားများနှင့်တကွ နယ်သူနယ်သားများကိုပါ ပြောပြရာ အော်တိုမီလူမျိုးများကား ကျွန်ုပ်မျှော်လင့်သလောက် ဝမ်းမြောက်သည်ကို မတွေ့ရချေ။ လူမည်းလူမျိုးများမှာ ပစ္စည်းဥစ္စာနှင့် မိမိတို့အိုးအိမ်ကို စွန့်ခွာ၍သွားရခြင်းမှာ သေခြင်းထက်ပင် ဆိုးရွားသကဲ့သို့ မှတ်ယူကြလေသည်။

ကျွန်ုပ်သည် "အော်တိုမီ"ထံသွား၍ အကျိုးအကြောင်းပြောပြရာ၊ အော်တိုမီကပင် "အော်တိုမီတော့ ဒီတောင်ပေါ်မှာသေရရော့လို့ အောက်မေ့တာ၊ အခုတော့ မသေရပြန်ဘူးနော်၊ သို့သော် မောင်သဘောတူလို့ ရှိရင်လည်း ရှိပါစေတော့မောင်၊ သေရဖို့ဆိုတာကတော့ မခက်လှပါဘူး"ဟု ပြန်ပြောလေသည်။ ထိုအခါ ကျွန်ုပ်၏သား‌ကလေးက

"ဖေဖေ စပိန်တွေက ကျွန်တော်တို့ကို မသတ်တော့ဘူးနော်"

"အေး... မသတ်တော့ဘူး၊ ဖေဖေ့ကို ချမ်းသာပေးလိုက်ပြီ သားရဲ့"

"အို... ကျွန်တော်တို့ နန်းတော်မှာမနေရတော့ဘူးဆို"

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်တော်တို့ဘယ်ကိုသွားမလဲ ဖေဖေ၊ သင်္ဘောကြီးစီးပြီး အင်္ဂလန်ကိုသွားပါလား ဖေဖေ၊ မေမေကိုလည်း ခေါ်ခဲ့နော်"

"သွားတာပေါ့ သားရယ်၊ မင်းမေမေလည်း ခေါ်ခဲ့မှာပေါ့"

"ဒီမှာနေရတာ မကောင်းပါဘူး ဖေဖေရယ်၊ နေ့တိုင်း စပိန်တွေက မေမေတို့ဆွေမျိုးတွေ သတ်တာချည်း မြင်နေရတာပဲ"





သို့နှင့် နောက်ဆုံး၌ ကျွန်ုပ်တို့သည် ဝမ်းနည်းစွာနှင့် သဘောတူညီလိုက်ရပြီးလျှင် ညနေ နေမဝင်မီ လူအိုလူမင်းများ၊ မိန်းမများ၊ ကလေးသူငယ်များ၊ လူမမာများနှင့်တကွ သွေးအလိမ်လိမ်း၊ မြူအလိမ်းလိမ်းကပ်၍ မိမိကိုယ်ကိုမျှ ဒယိမ်းဒယိုင် အနိုင်နိုင်သယ်ရသော စစ်သားများနှင့်တကွ ကျွန်ုပ်တို့မိသားစုတစ်စုပါ ကျောက်တောင်ထက်မှ ဆင်းသက်ခဲ့ကြပြီးလျှင် တောင်ခြေရှေ့ရှိ ကွပ်လပ်ကိုဖြတ်၍ စပိန်တို့ရှိရာသို့ သွားကြရကုန်၏။

ဂိတ်ဝသို့ရောက်လျှင် ကျွန်ုပ်တို့အား စောင့်ဆိုင်းနေကြသော စပိန်တို့သည် အချို့လည်း ကျွန်ုပ်တို့အား ဆဲဆိုရေရွတ်လျက်၊ အချို့လည်း သနားကြင်နာဟန်ရှိသောမျက်နှာဖြင့် ကြည့်ကြကုန်လျက်ရှိရာ စစ်ဗိုလ်စသော အဆင့်အတန်းမြင့်သည့် လူများကမူ ဤမျှလောက်သောလူစုကလေးနှင့် ရဲဝံ့စွန့်စားစွာ ခုခံသော ကျွန်ုပ်တို့အပေါ်တွင် ချီးကျူးအံ့သြကာ ရှိနေကြ၏။

ဂိတ်ဝ၌ ကျွန်ုပ်တို့အား အဆင့်အတန်းအမျိုးအစားအလိုက် လူခွဲလေသည်။ ဆင်းရဲသားများနှင့် ကလေးများကို လက်နက်ကိုင်စစ်သားများခြံရံကာ မြို့ပျက်ကြီးမှခေါ်သွားပြီးလျှင် တိရစ္ဆာန်များကိုလွှတ်သကဲ့သို့ တောင်များပေါ်သို့သွား၍လွှတ်ကြ၏။ နန်းတွင်းသားများ၊ စစ်ဗိုလ်များနှင့် အမျိုးအနွယ်ကောင်းသူများကိုကား ၎င်းတို့ တဲစခန်းချရာသို့မလွှတ်မီ စစ်ကြောမေးမြန်းရန် ခေါ်သွားလေသည်။

ကျွန်ုပ်တို့နေထိုင်ရာနန်းတော်၌ ကပ္ပတိန် ဘာနယ်ဒေးမှာ စခန်းချလျက်ရှိရကား ကျွန်ုပ်တို့မိသားစုတစ်စုကိုမူ ထိုနေရာသို့ ခေါ်ဆောင်သွား၏။ သို့နှင့် ကျွန်ုပ်သည် သားကလေးကိုလက်ဆွဲကာ စပိန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



များ၊ စစ်ဗိုလ်များအကြားမှ ဖြတ်၍သွားရလေရာ တစ်နေရာသို့ရောက်လျှင် အလွန်လှပပြောင်လက်သော သံကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသည့် ခန့်ညားသော စပိန်စစ်ဗိုလ်တစ်ယောက်သည် ကျွန်ုပ်တို့အား စူးစိုက်ကြည့်နေသည်ကို မြင်ရလေသည်။

ထိုသူကို ကျော်လွန်မည် ပြုသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း မော်၍ကြည့်လိုက်မိရာ ကမ္ဘာရန်ဖြစ်ခဲ့သော ဂါဆီယာနှင့် မျက်နှာချင်းဆိုင်ဖြစ်၍နေသည်ကို တွေ့ရလေ၏။ ဂါဆီယာသည် ပြောင်ဖြီးဖြီးမျက်နှာဖြင့် ကျွန်ုပ်အား လက်ပိုက်၍ကြည့်လျက်...

"ကိုင်း... သွားပေဦးတော့ ညီတော်မောင် ဝင်းဂဖီးရေ၊ မင်းက ဒီတိုက်ပွဲကို ကျော်လွန်ပြီးနောက် အသက်ရှင်နေတဲ့ အတိုင်းလည်း မင်းရော၊ မင်းမိန်းမရော၊ မင်းသားရော တို့က ချမ်းသာခွင့်ပေးလိုက်ပြီကိုးကွယ်၊ ခေတ္တခဏအတွက်တော့ သွားပေဦးတော့ပေါ့၊ မင်းကို ငါက နှုတ်ဆက်လိုက်ပါတယ်၊ ငါလည်း အခုလောလောဆယ် မက္ကဆီကိုမြို့ သွားပြီး ဘုရင်ခံကို အစီရင်ခံစရာရှိသေးတယ်ကွယ်၊ ကိုင်း... ကြွပေဦးတော့"

ကျွန်ုပ်သည် စကားပြန်၍ မပြောချေ၊ ကျွန်ုပ်သားကလေးကသာ ကျွန်ုပ်အား ပြန်၍ပြောလေသည်။

"ဖေဖေ၊ ဒီလူကြီးက ဘယ်သူလည်း ဖေဖေရဲ့၊ သူ့မျက်နှာကြီးအကြောက်စရာကြီး"

"ဖေဖေပြောနေတာ ဒီလူကြီးပေါ့ သားရဲ့၊ ဖေဖေတို့ရဲ့ မျိုးရိုးအဆက်အဆက်က ရန်သူကြီးပဲ၊ ငါ့သား သူ့ကိုသတိထားနော်၊ ကြားလား—"

"ဟုတ်ကဲ့... ဖေဖေ"





သို့နှင့် အစောင့်တို့သည် ကျွန်ုပ်တို့အား "ဘာနယ်ဒေး"ရှိရာ နန်းတော်သို့ ခေါ်သွားလေသည်။

နန်းတော်သို့ ရောက်လျှင် အဆင်သင့်ပင် ဘာနယ်ဒေးကို တွေ့ရလေရာ ထိုအခါက စစ်ဗိုလ်ချုပ်ကြီးမှာ သာမန်စစ်သားကလေးများနှင့် ရောနှောကာ ရယ်မောပြောဆိုလျက်ရှိလေသည်။ ဘာနယ်ဒေးသည်ကား အသက်တော်တော်ကြီးရင့်ပြီဖြစ်၍ ရုပ်လက္ခဏာအားဖြင့် အရုပ်ဆိုးသော်လည်း တောက်ပစူးရှသော မျက်လုံးများရှိပြီးလျှင် ထိုမျက်လုံးများသည် ဖြောင့်မတ်တည်ကြည်သော အရိပ်အယောင်တို့ သမ်းလျက်ရှိသည်ကို တွေ့ရ၏။

ကျွန်ုပ်တို့ ဝင်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် စစ်ဗိုလ်ကြီးသည် ရှေ့သို့အတန်ငယ်တိုးလာလေရာ ကျွန်ုပ်လည်း လက်တစ်ဖက်ကို မြေပေါ်သို့ထောက်ကာ လူမည်းတို့ထုံးစံအတိုင်း အရိုအသေပြုလေသည်။ ထိုနောက် ဖျတ်လတ်သောမျက်လုံးတို့ဖြင့် ကျွန်ုပ်တို့ကိုယ်ကို ကြည့်လိုက်လေ၏။

"အသင်၏ဓားကို ပေးအပ်လော့"

ထိုအခါ ကျွန်ုပ်လည်း နံဘေးတွင် လွယ်ထားသော ဓားလွယ်ကို ငြိုသေစွာ လှမ်း၍ပေးအပ်ရင်း...

"ကျွန်ုပ် ပေးအပ်ပါသည် ယူပါလော့ ကပ္ပတိန်၊ ဤဓားသည်ကား နောက်ဆုံး သူ့ဥစ္စာရှင်လက်သို့ပင် ပြန်၍ရောက်ပါပြီ"

ထိုဓားမှာ စပိန်အမြောက်အမြားကျဆုံးသော သန်းခေါင်ယံတိုက်ပွဲ၌ ဘာနယ်ဒေးဆိုသူ လူတစ်ယောက်ထံမှ ကျွန်ုပ်ရရှိလိုက်သော ဓားပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



(ကျိန်စာတစ်ခုကို ရေရွတ်လိုက်ပြီးနောက်)

"အို… အသင်နှင့်ကျွန်ုပ် နှစ်ပေါင်းများစွာ ကွဲကွာနေပြီးမှ တစ်ဖန်ပြန်၍ ဤနေရာတွင် ဆုံစည်းကြရ၏၊ သင်သည် ထိုအခါ ကျွန်ုပ်၏ အသက်ကို တစ်ကြိမ်ချမ်းသာပေးခဲ့ဖူးရာ ထိုအကြွေးကို ယခုပြန်၍ဆပ်ခွင့် ရသည်အထိ ကျွန်ုပ်အသက်ရှင်နေရခြင်းကို ဝမ်းမြောက်လှပါသည်။ အသင်ဖြစ်ကြောင်းသာ ကျွန်ုပ် ဒိဋ္ဌမသိခဲ့ပါမူ ကျွန်ုပ်တို့ ဓေ့စပ်ချက်မှာ ဤမျှလောက် မြန်ဆန်မည်မဟုတ်ပါ အဆွေတော်၊ သင်၏နာမည်ကို လူမည်းတို့က မည်သို့ခေါ်သည် ကျွန်ုပ်မသိပါ"

"ဝင်းဂဖီးဟု ခေါ်ပါသည် ဗိုလ်မှူးကြီး"

"အသို့ဆိုလျှင် အဆွေတော်သည် ဤဓားကို ပြန်၍ယူပါလော့၊ ဤဓားမရှိသည့်နောက် ကျွန်ုပ်မှာ နှစ်ပေါင်းများစွာကပင် ဓားအစားရခဲ့ပါပြီ၊ အသင်သည် ဤဓားဖြင့် ရဲဝံ့စွာတိုက်ခိုက်ခဲ့သည်ကို ကျွန်ုပ်ချီးကျူးပါ၏၊ အို… မွန်တီဇူမာဘုရင်ကြီး၏ သမီးတော်၊ အသင်ကား ယခင်အတိုင်းပင် လှပနုပျိုလျက် ထိန်နန်းဆန်သည့် အမူအရာမပျက် ရှိနေပါသေး၏၊ သင့်အားလည်း အသင့်လင်ယောကျ်ားအတွက် ကျွန်ုပ်ချမ်းသာခွင့်ပေးပြီးပါပြီ"

အော်တိုမိကား စကားတစ်ခွန်းမှ ပြန်၍မပြောချေ။ မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ မတ်တတ်ရပ်လျက်ရှိနေလေသည်။

"သင်၏ရည်ရွယ်ချက်ကားအသို့နည်း… အဆွေတော် ဝင်းဂဖီး၊ ယခုအခါ သင်သည် သွားလိုရာသွားနိုင်ပေပြီ"

"ကျွန်ုပ်မသိပါ"

"ကျွန်ုပ်က အကြံဉာဏ်ပေးရမည်ဆိုလျှင် သင်သည် ခရစ်ယာန်ဘာသာကို ပြန်ဝင်ပြီးနောက် စပိန်နိုင်ငံတော်အတွက် အမှုထမ်းပါလော့





သို့သော် ထိုအကြောင်းများကို ကျွန်ုပ်တို့ နောက်မှပြောကြပါမည်၊ ယခုကား ညစာစားသောက်ကြပါစို့"

ထိုနောက် ကျွန်ုပ်တို့သည် ဘာနယ်ဒေးနှင့်တကွ အခြားစစ်ဗိုလ်များပါ ညစာစားပွဲတွင် ထိုင်၍ စားသောက်ကြလေ၏။ ဘာနယ်ဒေးက ဖိတ်ခေါ်သော်လည်း အော်တိုမိသည် တစ်စုံတစ်ရာဝင်ရောက်စားသောက်ခြင်းမပြုဘဲရှိလေရာ တစ်ခဏမျှကြာလတ်သော် အော်တိုမိသည် အခန်းပြင်သို့ ရုတ်တရက်ထွက်သွားလေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အကြွေးဆပ်ခြင်း

ကျွန်ုပ်နှင့် စစ်ဗိုလ်ချုပ်ဘာနယ်ဒေးတို့မှာ ညစာစားရင်း သန်းခေါင်းယံ တိုက်ပွဲ၌ ကျွန်ုပ်က လူများ၏ တိုက်ပုံများကို စားမြုံ့ပြန်လျက်ရှိပြီး နောက် ဂါဆီယာ အပေါ်တွင် အဘယ်ကြောင့် ဤမျှလောက် ရန်ငြိုးရှိရသည့်အကြောင်းများကို မေးမြန်းသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်တို့အတွင်းရေးများကို အစအဆုံးဖွင့်၍ ပြောလိုက်လေ၏။ ထိုအခါ ဘာနယ်ဒေးသည် လွန်စွာအံ့သြလျက်...

"သူကား လူဆိုးတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်သိ၏၊ သို့သော် ဤမျှလောက် ယုတ်မာလိမ့်မည်မဟုတ်ဟု ကျွန်ုပ်မထင်မိခဲ့ပါ၊ ဤအကြောင်းများကို လွန်ခဲ့သောတစ်နာရီခန့်ကသာ ကျွန်ုပ်သိခဲ့ပါမူ သူသည် အဖြေမပေးသေးဘဲသော်လည်းကောင်း၊ အဆွေနှင့် ဓားချင်းယှဉ်ပြီးလျှင် ဤပြဿနာကို မဖြေဘဲသော်လည်းကောင်း၊ ကျွန်ုပ်တဲနန်းမှ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရမည်မဟုတ်ပါ၊ သူ့မှာ လထွက်သည်တစ်ပြိုင်နက် မဏ္ဍလိုကိုသို့ထွက်ခွာရတော့မည်ဖြစ်၍ ယခုကားနောက်ကျခဲ့ချေပြီ"

"ကျွန်ုပ်ပြောသမျှစကားမှန်ကန်ကြောင်း ရဲဝံ့စွာ ကျိန်ဆိုပါသည် ကပ္ပတိန်၊ အကြောင်းရှိက ကျွန်ုပ်သက်သေခိုင်လုံစွာ ပြသရန်ရှိသည့်ပြင် ကျွန်ုပ်တွင် ယခုကျန်နေသေးသည့် အသက်နှင့်ပင် အခွင့်ကြုံက နှစ်ယောက် ဓားချင်းယှဉ်ပြိုင်၍ ဤပြဿနာကို ဖြေရှင်းလိုပါသည်"

"ဤသို့ဆိုလျှင် လာလော့၊ သူသွားမသွားကို အပြင်သို့ထွက်၍ ကျွန်ုပ်တို့ ကြည့်ကြဦးစို့၊ ကျွန်ုပ်၏ကိုယ်ရံတော်ဗိုလ်မှူး၊ ကျွန်ုပ်နှင့်အတူ အပြင်သို့လိုက်ခဲ့လော့"

ကျွန်ုပ်တို့သည် အပြင်သို့ထွက်ရန် တံခါးဆီသို့ လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဆံပင်ကိုဖားလျားချထားသော မိန်းမတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာရာ ၎င်းမှာ အခြားသူမဟုတ်၊ အော်တိုမီပင်ဖြစ်လေသည်။ သူ၏မျက်နှာမှာကား သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်ရည်တစ်ပေါက်ပေါက် ကျဆင်းလျက်ရှိလေ၏။

"သေရှာပြီ မောင်၊ သေရှာပြီ"

"ဘယ်သူလည်း အော်တိုမီ၊ ဘယ်သူလဲဟင်၊ မြန်မြန်သာပြောစမ်းပါ"

"မောင့်သားပေါ့၊ ကျွန်မတို့ ရင်သွေးသားကလေးလေ၊ အခု သေရှာပြီမောင်"

ကျွန်ုပ်သည် မြွေကိုက်ခံရသောသူတစ်ယောက်ကဲ့သို့ တစ်ကိုယ်လုံး ပူခနဲဖြစ်၍သွားကာ အခန်းတွင်းရှိလူများသည် ချာချာလည်၍ သွားသကဲ့သို့ မျက်စိထဲတွင်ထင်မှတ်ရ၏။ မည်သည့်စကားကိုမျှ ပြန်၍မပြောနိုင်ချေ၊ ပါးစပ်ကိုပင်ဟ၍ မရတော့ချေ။





"အို... သေပြီ၊ ကလေးကို ဘယ်သူကသတ်လို့လည်း အော်တိုမီ"

"ဂါဆီယာကသတ်လို့ ကပ္ပတိန်ရဲ့ ဂါဆီယာ၊ ဂါဆီယာ၊ အခု သူထွက်ပြေးသွားပြီ"

ထိုသို့ပြောရင်း အော်တိုမီသည် ကြမ်းပြင်ပေါ်သို့လဲကျသွားရာ ကျွန်ုပ်က ဖမ်း၍ပွေ့ယူထားလိုက်ရ၏။

ထိုနောက် ကျွန်ုပ်သည် အော်တိုမီအား အစေအပါးမိန်းမများလက်သို့ အပ်ထားခဲ့ပြီးလျှင် ဓားကိုဆွဲ၍ အပြင်သို့ထွက်သွားရာ ဘာနယ်ဒေးနှင့်တကွ ကိုယ်ရံတော် ဗိုလ်မှူးများ၊ အခြားစပိန်ဗိုလ်များပါ ကျွန်ုပ်နောက်မှ လိုက်ပါလာကြလေသည်။

ကျွန်ုပ်တို့လူစု ကွင်းပြင်သို့ထွက်ခဲ့ပြီးနောက်မကြာမီ ကျွန်ုပ်တို့ခြေလှမ်း ၁၀၀ ခန့်ဝေးသောနေရာတွင် မြင်းစီးသမားတစ်စုတို့သည် ကျွန်ုပ်တို့ရှိရာသို့ လာနေသည်ကိုမြင်ရ၏။ ထိုအချိန်၌ လမင်းသည် ပစ်ရုမစ်ကျောက်တောင်ထိပ်ဖျားနောက်မှ ပြူထွက်လာစပြုဖြစ်ရာ မှိန်ဖျားသောလရောင်အောက်တွင် ဂါဆီယာတို့ လူစုကို အတော်အတန် သဲကွဲစွာ မြင်နိုင်ရကား ဘာနယ်ဒေးသည် ဟစ်အော်၍အမိန့်ပေးလေ၏။

**ဒေး။** (စပိန်ဘာသာဖြင့် ခက်ထန်စွာ) "ဟော့... ရပ်လိုက်"

**ယာ။** "ငါ့ကိုအမိန့်ပေးတာ ဘယ်သူလည်းကွယ်"

**ဒေး။** "ငါ... မင်းရဲ့ကပ္ပတိန်၊ ငါ့အမိန့်နဲ့ မင်း ချက်ချင်းရပ်လိုက်၊ သူသတ်သမား၊ မင်း လည်ပင်းပြတ်ချင်သလား"

ယာ။ ။ "မသိလို့ပါကပ္ပတိန်၊ ကျွန်တော်ဘာအပြစ်မှ... ဒီလိုလတ်စသတ်တော့"

ဂါဆီယာသည် "ဘာနယ်ဒေး"အနီးတွင် ကျွန်ုပ်ကိုမြင်၍ စကားရင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ကျွန်ုပ်သည် အတင်းဆွဲကိုင်ထားသော ဘာနယ်ဒေးလက်မှ ရုန်းထွက်ကာ မားကို အိမ်မှဆွဲထုတ်ပြီးလျှင် သူရှိရာသို့ အမြန်ပြေးသွားလေ၏။ သို့သော် ကျွန်ုပ်တို့စပ်ကြားတွင် စစ်သားအချို့နှင့် စစ်ဗိုလ်များရှိနေရာ ၎င်းတို့ကို ရှောင်တိမ်းလျက်သွားရသဖြင့် အတန်ငယ်ကြန့်ကြာလျက်ရှိစဉ် ဂါဆီယာသည် သူ၏မြင်းပေါ်သို့ ဖျတ်ခနဲခုန်၍တက်ပြီးလျှင် တောင်ကြားလမ်းဆီသို့ လျင်မြန်စွာ စိုင်းသွားလေ၏။

ကျွန်ုပ်လည်း သူတို့မြင်းအုပ်ထဲမှ မြင်းတစ်စီးပေါ်သို့ ခုန်တက်ကာ ဂါဆီယာကိုထက်ကြပ်လိုက်လေ၏။ တောင်ကြားလမ်းဝသို့ ရောက်သောအခါ၌ကား ဂါဆီယာမှာ အတော်ဝေးဝေးပင် ရှေ့သို့ရောက်နေချေပြီ။ ပထမ၌ အတော်လှမ်း၍နေသော်လည်း ထိုနေရာမှာ ကျောက်တုံးကျောက်ခဲများထူထပ်သဖြင့် ဂါဆီယာသည် ယခင်ကကဲ့သို့ အမြန်မနှင်နိုင်တော့ဘဲ ကျွန်ုပ်၏အခွင့်အရေးသည် တဖြည်းဖြည်း နည်းကပ်လာတော့၏။ သို့နှင့် ကျွန်ုပ်တို့သည် မြင်းများကို အမြန်မစီးနိုင်ဘဲ ခပ်မှန်မှန်နှင့်နှင်လျက်ရှိကြလေရာ နောက်ဆုံးတောင်ကြားလမ်းမှ ထွက်ခဲ့ပြီးလျှင် မြို့နှင့်အတော်ဝေး၍လာခဲ့ကြ၏။

ထိုအခါ ဂါဆီယာသည် မီးတောင်ရှိရာသို့သွားသည့် လူသွားလမ်းကလေးတစ်ခုကို စွတ်၍ လိုက်သွားသဖြင့် ကျွန်ုပ်လည်း ၎င်းနောက်မှလိုက်ရလေ၏။ ထိုလမ်းကလေးမှာ တောင်မြင့်ကြီး၏ စနိုးလိုင်း (Snow Line) ခေါ် ဆီးနှင်းတန်းသို့အရောက် ငါးမိုင်ဝေး၍ နွေရာသီ၌ မိုးပွင့်များကို တောင်ပေါ်တက်၍ယူသည့် မြေလမ်းကလေးဖြစ်လေသည်။ ဂါဆီယာသည် ထိုဆီးနှင်းတန်းထက် ကျော်လွန်၍ မသွားနိုင်ချေ။ ၎င်း၏အခြားဘက်၌ကား လူမည်းတို့ အမြတ်တနိုးထားသည့် နေရာဖြစ်၍





မည်သူ တစ်ဦးတစ်ယောက်မျှ မရောက်ဖူးချေ။ သို့နှင့် ကျွန်ုပ်လည်း ၎င်းနောက်မှ ခပ်မှန်မှန်ပင်လိုက်၏။ အဘယ်ကြောင့်ဆိုသော် လမ်း၏တစ်ဖက်တစ်ချက်တွင် နက်လှစွာသော ချောက်ကြီး ဆီး၍နေပြီးလျှင် အခြားပြေးပေါက်မရှိသဖြင့် မည်မျှလောက်ပင် အချိန်ကြာသည်ဖြစ်စေ၊ နောက်ဆုံး ကျွန်ုပ်လက်တွင်းမှ မလွတ်နိုင်ကြောင်း ကောင်းစွာယုံကြည်စွာစိတ်ချထားသောကြောင့်ပေတည်း။

ဂါဆီယာသည် တစ်မိုင်ပြီးတစ်မိုင်ရှေ့သို့ သွားလျက်ရှိရာ တစ်ခါတစ်ရံ လက်ယာဘက်သို့လည်းကောင်း၊ တစ်ခါတစ်ရံ လက်ဝဲဘက်သို့လည်းကောင်း၊ တစ်ခါတစ်ရံ လရောင်အောက်တွင် ဖွေးဖွေးဖြူလျက်ရှိသော ဆီးနှင်းများ ဖုံးအုပ်နေသည့် တောင်ထွတ်ကြီးကိုလည်းကောင်း ကြည့်၏။ သို့သော် မည်သည့်အခါမျှ နောက်သို့ပြန်၍ လှည့်မကြည့်ချေ။ သူ၏နောက်မှလိုက်လာသောသူကား သူ၏သေမင်းဖြစ်ကြောင်း ကောင်းစွာသိဟန်ရှိ၏။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် “ဆီးနှင်းတန်း”သို့ရောက်ရှိလာပြီဖြစ်၍ လမ်းကလေးသည် အစပျောက်၍သွားလေ၏။ ထိုအခါ ဂါဆီယာနှင့် ကျွန်ုပ်မှာ ကိုက် ၂၀၀ ခန့်ဝေးလျက် ရှိနေသေးသည်ဖြစ်ရာ သူ၏ရှေ့တွင် ဖွေးဖွေးဖြူလျက် ရှိသောဆီးနှင်းတန်းကြီးရှိလျက် သူ၏နောက်၌မူ လူ၏အသွင်ကိုဆောင်လျက်ရှိသော သေမင်းကြီးသည် သွားကိုဖြဲလျက် တရွေ့ရွေ့လိုက်နေ၏။

ဂါဆီယာသည် မြင်းကို တစ်ခဏမျှရပ်လိုက်ပြီးနောက် မာချောသော နှင်းပွင့်ပေါ်သို့ ဖြတ်၍သွားပြန်၏။ နံဘေး၌ကား မတ်စောက်လှသော ဆီးနှင်းနံရံကြီးမှာ မည်သည့်သတ္တဝါမျှ ကြောက်ရမည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဤသို့နှင့် နှစ်နာရီခန့်မျှ ဆက်လက်သွားကြပြန်ရာ နှင်းပွင့်များ ပွင့်၍နေသောနေရာသို့ တဖြည်းဖြည်းရောက်လာပြီးနောက် မြင်းသည် ခြေကျွံ၍ လဲသွားလေ၏။

ကျွန်ုပ်စိတ်ထင်အားဖြင့် ဂါဆီယာသည် ကျွန်ုပ်ကိုရင်ဆိုင်ရန် စောင့်ဆိုင်းနေလိမ့်မည်ဟု ပထမထင်မိ၏။ သို့သော် ကျွန်ုပ်မျှော်လင့်သည့်အတိုင်းမဟုတ်ဘဲ ဂါဆီယာသည် နှင်းပွင့်ကြားထဲတွင် လဲနေသော မြင်းအနီးမှ ရုန်း၍ထလျက် ကျွန်ုပ်ရှိရာသို့ တစ်ချက်လှည့်ကြည့်ပြီးနောက် သူ့ကိုယ်ပေါ်တွင်ဝတ်ထားသော သံကိုယ်ကျပ်ကို ချွတ်လိုက်ပြီးလျှင် ရှေ့သို့ဆက်၍ပြေးလေ၏။

ထိုအခါမှ ကျွန်ုပ်လည်း နှင်းပွင့်ကြားတွင် ကျွံလျက်ရှိသော ကျွန်ုပ်မြင်းပေါ်မှဆင်းပြီးလျှင် ဂါဆီယာနောက်သို့ ဆက်၍လိုက်လေ၏။ ဂါဆီယာသည် ဆက်၍ပြေးလေရာ ရေခဲပြင်များဖုံးနေသည့် တောင်ထိပ်မှ အပြင်လိုက်အချောင်းလိုက် ကျနေသည့် ရေခဲတန်းများပေါ်တွင် ပတ်ကြားအက်တစ်ခုမှတစ်ခုသို့ ခုန်ကူးလျက်ရှိလေ၏။ ထိုအခါ၌ ကျွန်ုပ်မှာ သူနှင့်ခြေလှမ်း ၃၀ခန့်မျှဝေးတော့သဖြင့် ပြေးသူနှင့်လိုက်သူနှစ်ယောက်တို့သည် ဖွေးဖွေးဖြူလျက်ရှိသော ရေခဲပြင်ပေါ်၌ အဝေးမှ ကြည့်လျှင် မကောင်းဆိုးဝါး လူမည်းကြီးနှစ်ယောက်နှင့် တူပေမည်။

ကျွန်ုပ်တို့သွားနေသည့်လမ်းမှာ "ဓာကာ" မီးတောင်ကြီးထိပ်ဝသို့ တက်သောလမ်းဖြစ်၍ ကြည်လင်အေးမြသောလရောင်အောက်တွင် မီးခိုးတန်းကြီးထွက်နေသည့်အလယ်မှ နီရဲသောမီးတောက်ကြီးကိုပင် မြင်ရ၏။ သို့နှင့် တရွေ့ရွေ့တက်ခဲ့ကြရာ အရှေ့ဘက်မှ နေအရုဏ်အလင်းရောင်သည် တောင်ထိပ်တစ်ခုလုံးကို လွှမ်းခြုံ၍ လာပြီဖြစ်သော်လည်း





ကျွန်ုပ်တို့အောက်၌မူ ကမ္ဘာကြီးတစ်ခုလုံးသည် မည်းမှောင်ဆိတ်ငြိမ်လျက်ပင်ရှိသေး၏။

သို့နှင့် ကျွန်ုပ်တို့သည် ယင်ကောင်များကဲ့သို့ ကုပ်ကပ်တွယ်ဖက်ကာ ရှေ့ကိုသာတက်လျက်ရှိရာ ထိုအခါ၌မူ ကျွန်ုပ်တို့သည် တစ်လှမ်းချင်းမျှသာ သွားနိုင်တော့၏။ သူနှင့်ခြေလှမ်း ၂၀ မျှသာ ကွာသည့်နေရာသို့ရောက်လျှင် ကျွန်ုပ်ကရယ်မောလျက်...

"ဟော့...ဂါဆီယာ၊ တက်သာတက်ပါကွယ်၊ အားမလျှော့ပါနဲ့၊ တွေ့ခါနီးပါပြီ"

ကျွန်ုပ်အော်လိုက်သောအသံသည် လူသံဟူ၍ မကြားရဘူးသော မီးတောင်ကြီးထိပ်ကို တုန်လှုပ်၍သွားစေဘိသကဲ့သို့ ထင်ရပြီးလျှင် ပြာမှုန်များသည် မိုးရွာသည့်အလား ကျွန်ုပ်တို့ စပ်ကြားသို့ ကျလာပြီးလျှင် ဂါဆီယာကိုပင် တစ်ခဏမျှမမြင်ရတော့ဘဲ ဖုံးအုပ်၍သွားလေ၏။

ထိုခဏ၌ ဂါဆီယာ၏ အလန့်တကြားဟစ်အော်လိုက်သံကို ကြားရသဖြင့် ကျွန်ုပ်မသတ်နိုင်မီ မီးတောင်ဝထဲသို့ သူကျသွားမည်ကိုပင် တွေး၍ စိုးရိမ်မိသေး၏။ သို့သော် ပြာမှုန်များအကျရပ်သွားသည်နှင့် တစ်ပြိုင်နက် မီးတောင်နှုတ်ခမ်းတွင်ရပ်၍နေသော ဂါဆီယာကို မြင်ရသဖြင့် ဝမ်းမြောက်ရ၏။

ဂါဆီယာသည် မီးတွင်းထဲသို့ တစ်ကြိမ်မျှ ကုန်း၍ကြည့်သည်ကို မြင်လိုက်ရလေသည်။ ကျွန်ုပ်၏စိတ်မှာ ဂါဆီယာသည် မီးတွင်းထဲသို့ ခုန်ဆင်းလိုက်လေမည်လောဟု အောက်မေ့မိ၏။ သို့သော် ကျွန်ုပ်တွေးထင်သည့်အတိုင်းမဟုတ်ဘဲ ဂါဆီယာသည် ဓားလွှတ်ကို မြှောက်ကာ ကျွန်ုပ်တို့ထံသို့ လာ၍နေသည်ကို မြင်ရလေသည်။ ထိုနေရာ၌ကား



www.burmeseclassic.com

www.burmeseclassic.com



မီးတောင်ထိပ်ဝဟုပင် ဆိုရသော်လည်း တွင်းနှုတ်ခမ်းမှာ အတော်အတန် ကျယ်ပြန့်လျက်ရှိလေရာ ပူလျက်ပင်ရှိသေးသော ချော်မြှုပ်များသည် အချို့နေရာတွင် မောက်လျက်၊ အချို့နေရာတွင်လည်း နက်လှစွာ ပပ်ကြားအက်ကြီးများကို ဖြစ်စေလျက်ရှိ၏။

သူသည် ဓားလွတ်ကိုကိုင်၍လာရာ ကျွန်ုပ်နှင့် ဓားတစ်ကမ်း မမီနိုင်သည့် အရပ်တွင် ရပ်လေ၏။ ထိုအချိန်၌ကား နေလုံးပေါ်ခဲ့ ပြီဖြစ်၍ သူ၏မျက်နှာကို ထင်ရှားစွာ မြင်ရလေရာ၊ ကမ္ဘာပေါ်တွင် ဤမျှလောက် စိတ်ပျက်သောမျက်နှာ၊ ဤမျှလောက် တုန်လှုပ်ချောက်ချားသောမျက်နှာ၊ ဤမျှလောက် ကြောက်ရွံ့သည့်မျက်နှာမျိုးကို ဤအသက်သို့တိုင်အောင် တစ်ကြိမ်မျှ ကျွန်ုပ်မတွေ့ဘူးချေ။ သွေးတစ်စက်မျှ မရှိတော့ဘဲ ကြီးမိန့်ကျပြီး၍ သေရအံ့ဆဲဆဲ လူတစ်ယောက်ထက်ပင် မျက်နှာမှာ ဆိုးရွား၍ ကြောက်စရာကောင်းလှပေ၏။

**ကျွန်ုပ်။** "ဘယ်နှယ်လည်း ဂါဆီယာ၊ နောက်ဆုံးကျတော့ ပြေးနိုင်သေးရဲ့လား"

**ယာ။** (အသံနက်ကြီးဖြင့်)"တစ်ခါတည်းသတ်လိုက်ပါလားကွယ်"

"သည့်လောက် အရင်မလိုပါနဲ့ဦးလေ၊ နှစ်ပေါင်း ၂၀ လောက် ခင်ဗျားကို မတွေ့တွေ့အောင်ရှာပြီး အခုတွေ့တဲ့အခါကျတော့ အရင်စလို ခွဲကြရမယ်ဆိုတာလည်း မဟုတ်သေးပါဘူး၊ စကားစမြည်လေးများ ပြောကြပါဦးစို့ရဲ့၊ မသေခင် ခင်ဗျားကို ကျုပ်တစ်ခုမေးစမ်းပါရစေ၊ ခင်ဗျားဟာ ကျုပ်အပေါ်မှာ ဘာပြုလို့ သည်လောက်အငြိုးကြီးပြီး ဆိုးရွားယုတ်မာတဲ့အမှုတွေ ပြုနေရတာလဲ"

ကျွန်ုပ်၏အသံမှာ တည်ငြိမ်ပြတ်သား၍ အေးမြကြည်လင်လှ၏။ ထိုခဏ၌ ကျွန်ုပ်၏စိတ်သည် သောမတ်(စ)ဝင်းဂဖီး၏ စိတ်မဟုတ်၊





ထူးဆန်းလှသော တန်ခိုးအာဏာတစ်ခုက ကျွန်ုပ်၏ စိတ်နှင့်ကိုယ်ပါ လွှမ်းမိုးအုပ်စိုး၍ နေဘိသကဲ့သို့ ရှိနေ၏။ ထို့ပြင်လည်း ဂါဆီယာကို ကျွန်ုပ်သတ်လိုသည့်အချိန်၌ သတ်နိုင်သည်ဟူသော ယုံကြည်ချက်သည် ကျွန်ုပ်၏စိတ်ထက်ပင် ပြင်းထန်လျက်ရှိလေ၏။

ဂါဆီယာသည် သူ၏ပါးစပ်ကိုပိတ်ရန် အားထုတ်၏။ စကားမပြောမိရန် ကြိုးစား၏။ သို့သော် မမြင်ရသော တန်ခိုးအာဏာတစ်ခုသည် မှန်ကန်သောစကားလုံးများ တစ်လုံးချင်း တစ်လုံးချင်းမျှ သူ၏ ယုတ်မာဆိုးညစ်လှသည့် နှလုံးသည်းပွတ်ထဲမှ ဖျစ်ညှစ်ထုတ်ဖော်ကာ အသံကို ထွက်စေ၏။

"မင်း မေမေကို ဤလေးအရွယ်သာသာကတည်းက ငါချစ်မိတယ်ကွယ်၊ အသည်းစွဲချစ်မိခဲ့တယ်၊ သို့ပေမယ့် ငါချစ်သလောက် သူကမုန်းတော့တာပဲကွယ်၊ မမုန်းဘဲ နေပါ့မလားကွယ်၊ ငါလောက် ညစ်တဲ့ စိတ်ပဲ့လူ၊ ငါ့လောက် ကောက်ကျစ်စဉ်းလဲတဲ့လူဟာ ကမ္ဘာမှာ မရှိသလောက်ဘဲ၊ နောက်တော့ မင်းဖေဖေကို မေတ္တာရှိပြီး မင်းဖေဖေကို မီးနဲ့မြိုက်ဖို့ ငါအမိန့်ပေးထားတဲ့ အကောင်တွေလက်ထဲက လွတ်ထွက်ပြီး အင်္ဂလန်ကိုပြေးကြပါရော၊ ဒီကတည်းကစပြီး ငါလည်း သူတို့အပေါ် ဒန်တိုမစ္စရိယစိတ်ဖြစ်ပြီး ကမ္ဘာရန်လို့ သဘောထားခဲ့တယ်၊ လက်စားချေဖို့ အမျိုးမျိုးကြံခဲ့တယ်၊ သို့ပေမယ့် အခါအခွင့်မရခဲ့ဘူး၊ နောက်အနှစ်နှစ်ဆယ်လောက်ကြာတော့ ကုန်အရောင်းအဝယ်ကိစ္စနဲ့ ပတ်သက်ပြီး အင်္ဂလန်ကိုရောက်သွားခဲ့တယ်၊ အချိန်စေ့လာတော့ မင်းဖေဖေနဲ့တွေ့ပြီး ငါက ဒီအချိန်ထိ စိတ်မကုန်ခန်းတဲ့အကြောင်းပြောတော့ သူက ဘုးတုံးခါးခါး ပြန်ပြောတာနဲ့ နောက်ဆုံးမင်းအမေ ကို သတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲကွယ်၊ တစ်ခုတော့ ဆန်းတယ်ဟေ့၊ မသေခင် ဘာပြောသလဲဆို
တော့ "ကျွန်မဟာ အိပ်မက်တစ်ခုမက်တယ်တယ်၊ ကျွန်မကို ဒီတောင်
ကုန်းကလေးပေါ်ရောက်အောင် ရှင်ဆောင်ကြဉ်းလာသလို၊ ရှင်သေခါနီး
မှာလည်း ကျွန်မရဲ့သွေးသားဖြစ်တဲ့ ရှင်ရဲ့သမီးက နှင်းပွင့်တွေ၊ ရေ
ခဲတွေ၊ ကျောက်ဆောင်တွေ၊ မီးတောက်တွေရှိတဲ့နေရာကို သွေးဆောင်
ခေါ်သွားလိမ့်မယ်တဲ့၊ အလိုလေး...၊ ငါဒီနေရာကို ရောက်လာပါပေါ့
ကလား"

"ဒီနေရာမျိုးပေါ့"

"ဟုတ်ဝါတယ်၊ ဒီနေရာမျိုးမှ အစစ်ပါပဲ"

"ပြောလေ၊ ဆက်ပြော"

"ပြီးတော့၊ ငရဲတွင်းကြီးထဲ နှင်လိမ့်ကျလိမ့်မယ်တဲ့"

(မီးတောင်ဝကို ကျွန်ုပ်တားဦးဖြင့် ညွှန်ပြလျက်) "ငရဲတွင်းဆိုတာ
ဟိုနေရာမျိုးပေါ့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ဆက်ပြောလေ"

"ငါရဲ့သမီးဟာ သူ့သွေးသားဖြစ်ရမယ်ဆိုတော့၊ အဲ့ဒီ ကတည်း
က သူပြောသွားတဲ့စကား၊ သူဖတ်သွားတဲ့ နိမိတ်ကို ယုံကြည်ပြီးမင်းကို
အစတုံးသတ်ဖို့ လိုက်တာပါပဲကွယ်"

"မှန်လိုက်လေဗျာ မေမေ့အိပ်မက်နှယ်၊ လက်စသတ်တော့ ခင်ဗျား
သမီးဟာ ကျုပ်ကိုဗျာ၊ ဟား...ဟား"

"မှန်ပါလိမ့်မယ်ကွယ်၊ ဘာပြုလို့လည်းဆိုတော့ မင်းကို ငါဘယ်
လောက်ပဲလိုက်သတ်သတ် ကြံဖန်ပြီးလွတ်သွားပေတာကိုကွယ့်၊ နောက်





ဆုံး မဏ္ဍာဆီကိုမှာ မင်းခြေထောက်ကို မီးနဲ့မြိုက်တုန်းကလည်း နောက်
တစ်နေ့ မင်းကိုသတ်ဖို့ပဲ၊ သည်လောက်ပဲ ပြောစရာရှိပါတယ်ကွယ်၊
ကျွန်တာတွေတော့ မင်းအာလုံးသိပြီးဖြစ်ပါလိမ့်မယ်"

"ဪ... တစ်ခုကျန်သေးတယ်၊ နောက်ဆုံး ကျုပ်သားကလေးကို
ဘာပြုလို့ သတ်ရတာလဲ"

"ဒါကတော့ မင်းအမေ့သွေးဆိုလို့ လက်ငုတ် မကျန်ရစ်ရအောင်
သုတ်သင်ရတာကိုးကွယ်၊ ဟော... ပြောရင်း ဆိုရင်း သူ့ဝိညာဉ်ဟာ
သည်း ဒီပြင်တစ္ဆေတွေနဲ့အတူတူ ရောက်လာပါပြီကော"

"ကိုင်း... တော်လောက်ပြီ၊ တော်လောက်ပြီ၊ ခားကိုင်လေ၊ နောက်
ဆုံးတိုက်ရင်းသေရတာ ခင်ဗျားအဖို့ကောင်းပါတယ်"

"မကိုင်နိုင်တော့ပါဘူးကွယ်၊ ငါ့ဆီမှာ နောက်ဆုံးနာရီရောက်
နေပါပြီ"

"ဒါကတော့ ခင်ဗျား သဘောပဲလေ၊ ကိုင်း... သေဖို့ပြင်ပေတော့"

သို့နှင့် ကျွန်ုပ်ဂါဆီယာအား တိုက်ခိုက်ရန် ရှေ့သို့ပြေးသွားရာ
ဂါဆီယာသည် ပြူးကြောင်သောမျက်လုံးများဖြင့် တဖြည်းဖြည်း မီး
တောင်ဝဆီသို့ နောက်ဆုတ်သွားလျက်ရှိလေ၏။ တွင်းနှုတ်ခမ်းနှင့်
နီးကပ်၍ လာသောအခါ၌ကား ဂါဆီယာသည် ကျွန်ုပ်တို့ကို တိုက်မည့်
အစား ဒူးနှစ်ဖက်ထောက်ကာ ချမ်းသာပေးရန် ကျွန်ုပ်အား ငိုယိုတောင်း
ပန်လေ၏။ ဂါဆီယာ၌ ယောကျ်ားစိတ်များပင်ရှိတော့မည် လက္ခဏာ
မရှိတော့ချေ။ သူ၏မျက်နှာသည်လည်း လူသေမျက်နှာကဲ့သို့ ဖြူ၍
လာပြီးလျှင် ယခင်ကထက်ပင် ကြောက်မက်ဖွယ် ကောင်းလှပေ၏။

"ကိုင်း... အချိန်ကုန်တယ် ဂါဆီယာ၊ ဒီတစ်ခါတော့ သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဓားကိုမြှောက်လိုက်သော်လည်း ပြန်၍ချထားရပြန်၏။ အကြောင်းမူကား ဂါဆီယာသည် အလွန်ကြောက်ရွံ့တုန်လှုပ် လျက်ရှိရာမှ ပြောင်ဖြီဖြီးမျက်နှာသို့ ရုတ်တရက် ပြောင်းကာ ဟက်ဟက်ပက်ပက်ရယ်မောလေရာ၊ လူယုတ်မာကြီးသည် ကျွန်ုပ်မျက်စိအောက်၌ပင် ရှုသွပ်၍သွားခဲ့ချေပြီ။

ထိုနောက် အရှူးတစ်ယောက်၏အမူအရာဖြင့် ဂါဆီယာသည် ဓားကိုကိုင်မြှောက်ကာ လေထဲတွင် သူမြင်နေရဟန်ရှိသော ဝိညာဉ်များနှင့် တိုက်ခိုက်စပြုတော့၏။

သူသည် လူများနှင့်တိုက်ခိုက်နေဘိသကဲ့သို့ ကျိန်စာမျိုးမျိုးကို ရေရွတ်ကာ ကျွန်ုပ်ကို အလျဉ်းမြင်ဟန်မရှိဘဲ ခုတ်လိုက်၊ ထိုးလိုက်၊ တိုးလိုက်၊ ဆုတ်လိုက်၊ ရှောင်လိုက်၊ တိမ်းလိုက်နှင့် လျင်မြန်ဖျတ်လတ်စွာ 'လေ'နှင့် တိုက်ခိုက်လျက်ရှိလေ၏။ သို့နှင့် ကျွန်ုပ်မမြင်ရသော သူ၏ရန်သူများသည် ၎င်းအား တွင်းဝဆီသို့တဖြည်းဖြည်း ဆုတ်၍ဆုတ်၍သွားလေ၏။ တစ်ကြိမ်လဲသွားပြီး နောက်ပြန်၍ မတ်တတ်ရပ်လိုက်ပြီးလျှင် ဆက်လက်တိုက်ခိုက်ပြန်ရာ တွင်းနှုတ်ခမ်းမှာ တစ်ပေမျှမဝေးသောနေရာတစ်ခုသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အသံရှိရာသို့ ရန်သူ့ဓားချက် စူးဝင်သွားသည့်အလား ဂါဆီယာသည် ဓောင်ထိပ်ဆီမှ ပွဲတင်ထပ်၍လာသည့်တိုင်အောင် ကျယ်လောင်စူးရှစွာ ဟစ်အော်လျက်လက်နှစ်ဖက်ကို ကောင်းကင်သို့ မြှောက်လိုက်ပြီးလျှင် မီးတောင်ဝအတွင်းသို့ ကျွမ်းပြန်၍ ကျသွားလေသတည်း။

○





## နောက်ဆုံး၌

မြင်းမှာ တောင်ခါးပန်းရှိ 'ဆီးနှင်းတန်း' တွင် သေ၍ကျန်ရစ်ခဲ့ပြီဖြစ်ရကား ကျွန်ုပ်သည် မိမိခြေနှစ်ဖက်ကိုမျှ အနိုင်နိုင်သယ်ယူကာ မြို့ဆီသို့ ဒယီးဒယိုင် ပြန်ခဲ့ရလေရာ စပိန်တို့စစ်စခန်းသို့ နေဝင်ချိန်မှရောက်ရှိလာလေ၏။

စပိန်စစ်ဗိုလ်များနှင့်တကွ ဘာနယ်ဒေးကပါ ကျွန်ုပ်၏အဖြစ်အပျက်များကိုသိသဖြင့် သနားကြသည့်အတိုင်း ကျွန်ုပ်အား ကောင်းစွာခရီးဦးကြိုပြုကြလေ၏။ ကျွန်ုပ်လည်း ဘာနယ်ဒေးအား အကျိုးအကြောင်း ပြန်ပြောပြီးနောက် အော်တိုမီရှိရာ အခန်းသို့လာခဲ့ရာ အော်တိုမီသည် ကျွန်ုပ်အား မျက်ရည်စက်လက်နှင့်ပင် ဆီးကြိုနှုတ်ဆက်ရှာ၏။

"မောင့်သားကလေးတော့ ညနေကပဲ သူ့အဘိုးအဘွားများထံ့အတိုင်း သင်္ဂြိုဟ်လိုက်ပြီ မောင်ရေ၊ ဩော်ဒါထက်၊ ဟိုလူယုတ်မာကြီးသေပြီလားမောင်"



www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီကွယ်"

"ဘယ်လိုသေပုံလဲ၊ ပြောစမ်းပါဦးမောင်ရယ်"

ကျွန်ုပ်၏ ဇာတ်လမ်းအကျဉ်းချုပ်ကို ပြန်ပြောသောအခါ အော်တိုမိသည် နှုတ်ခမ်းချင်းကိုက်လျက် အားမလိုအားမရဖြစ်ဟန်ဖြင့်

"မောင့်လက်နဲ့ မသတ်လိုက်ဘဲကိုး မောင်ရဲ့၊ ဒီလိုဆိုရင် ကျွန်မတို့သားကလေးရဲ့ အကြွေးမှ ကျေပ့ါမလား၊ သို့ပေမယ့် ရှိပါစေတော့လေ၊ ပြီးတဲ့ဟာပြီးပါစေ"

"ဘုရားသခင်က သတ်လိုက်ပြီဟာပဲ အော်တိုမိရယ်၊ ကျေနပ်ပါတော့"

ၿငင်းနောက် အော်တိုမိသည် ကျွန်ုပ်စားသောက်ရန် အစားအသောက်များကို ပြင်ဆင်ပေးသဖြင့် ကျွန်ုပ်လည်း ဝမ်းဝအောင်စားသောက်ပြီးလျှင် နုံးခွေလျက်ရှိသောကိုယ်ကို အိပ်ရာပေါ်တွင်ပစ်လှဲလိုက်ရာ တစ်ခါတည်း အိပ်ပျော်သွားလေ၏။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိရချေ။ အော်တိုမိ၏အသံကြောင့် အိပ်ရာမှနိုးလေသည်၊ အချိန်မှာ မှောင်လျက်ပင်ရှိသေး၏။

"မောင်... နိုးလာပြီလား၊ မောမောနဲ့ အိပ်နေလိုက်တာ"

"ဘာလဲ အော်တိုမိ၊ ပြောလေ"

"အော်တိုမိ အိပ်လို့မရဘူး မောင်ရယ်၊ မောင်နဲ့အော်တိုမိနဲ့ ဟိုရှေးနှစ်ပေါင်းအတော်ကြာက မောင့်ကို ဂေါ်တီမော့က တူဘတ်စကိုမြို့ကိုခေါ်လာကတည်းက တွေ့ကြပြီး အဲဒီကတည်းကစပြီးချစ်မိတာ အခုနေ့အထိပဲနော်"





"ဟုတ်ပါတယ် အော်တိုမိရယ်၊ ဘာပြုလို့ ဒီဟာတွေလျှောက်ပြောနေရတာလည်းကွယ်"

"စိတ်ထဲက ပြောချင်လာလို့၊ မောင့်အချစ်ကို အော်တိုမိရခဲ့တာလည်း ကျောက်တုံးပေါ်မှာ မောင်နဲ့အတူ အသက်ရှင်ခဲ့လို့ပဲ၊ မောင်ဟာ အော်တိုမိနဲ့ လက်ထပ်ခဲ့တယ်၊ ကိုယ်လက်ထပ်တာ ဘယ်သူလည်းဆိုတာ မောင်မစဉ်းစားဘူး၊ အော်တိုမိ့ရုပ်ကလေးဟာ လှတယ်၊ အော်တိုမိရဲ့အသားဟာ ရွှေနဲ့တူတယ်၊ အော်တိုမိရဲ့နှုတ်ခမ်းကလေးဟာ ချိုတယ်လို့ မောင်ထင်ခဲ့တယ်၊ ဒီအချိန်တွေအတွင်းမှာ မောင်ဟာ အော်တိုမိအပေါ် သစ္စာရှိခဲ့တယ်၊ နောက်ကလေးတွေရလာပြီး မောင်တို့မြင့်တဲ့ [illegible] နဲ့ လူမည်းမျိုးသွေး ရောစပ်ခဲ့တယ်၊ အခုတော့ ကလေးတွေဟာတစ်ယောက်ပြီးတစ်ယောက် သေသွားလေတော့ သွေးတစ်မျိုးနဲ့တစ်မျိုး အဆက်ဟာပြတ်ခဲ့ပြီ၊ အော်တိုမိတစ်ယောက်တည်း [illegible] ကျန်တာ၊ အခု အော်တိုမိသေရတော့မယ်"

(ပွေ့ဖက် နမ်းရှုပ်လျက်) "ဘာတွေ လျှောက်ပြောနေတာလဲမောင်၊ အော်တိုမိ ဘာပြုလို့သေရမှာလဲ"

"မောင့်ကိုလေ အော်တိုမိအမြဲစောင့်ကြည့်နေခဲ့တယ်၊ [illegible] ဆိုတာ ကိုယ့်မွေးရပ်ဌာနီကိုတော့ ပြန်ချင်ကြတာပဲနော်၊ ပြန်ရတော့ ပြန်ရမယ်၊ မောင် သံယောဇဉ်ပြတ်ပါတော့မယ် မောင်ရယ်"

ထိုအချိန်၌ အော်တိုမိ့အသံမှာ ယခင်ကလောက်မမာတော့ဘဲ ဝ ဖြည်းဖြည်း ပျော့ရှုလာပြီးလျှင် ပြောရာ၌လည်း လေသံနွမ်းလာလေ၏။

"မောလိုက်တာ မောင်ရယ်၊ ရှေ့ဆက်ပြီး ကြာကြာမပြောနိုင်တော့ပါဘူး၊ မောင့်တိုင်းပြည် ပြန်ရအောင်၊ မောင့်သံယောဇဉ်ပြတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



အော်တိုမိက တမင်ဖြတ်ပေးလိုက်တာပဲ အော်တိုမိကို ခေါ်သွားလို့လည်း တင့်တယ်နိုင်ပါ့မလား မောင်ရယ်၊ ဖြစ်နိုင်ပါ့မလား အချစ်ရယ်၊ အင်း…”

(ယူကျုံးမရဖြစ်ကာ ယခင်ကထက် တင်းကျပ်စွာဖက်လျက်)

“မောင်လေ၊ အော်တိုမိနဲ့ ဘယ်တော့မှမခွဲတော့ပါဘူးကွယ်၊ ဒီမှာပဲနေပါတော့မယ်”

“မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ သို့ပေမယ့် မောင့်ကို အသက်ပေးပြီး အသည်းနှလုံးထဲကပါ လှိုက်လှိုက်လှဲလှဲချစ်တဲ့ လူမည်းမိန်းမတစ်ယောက် ရှိခဲ့တယ်ဆိုတာတော့ မမေ့ပါနဲ့မောင်ရယ်”

“မမေ့ပါဘူးကွယ်၊ ဒီဘဝမဟုတ်ဘူး၊ နောက်ဆယ်ဘဝတောင် အော်တိုမိကိုတော့ မမေ့နိုင်ပါဘူး”

“ကိုလူဖြူ၊ ကိုလူဖြူ၊ အော်တိုမိမသေခင် တစ်ခါတည်း နမ်းစမ်းပါ ကိုလူဖြူရယ်”

ကျွန်ုပ်သည် အော်တိုမိ၏ သွေးမရှိသော်လည်း ကြိုင်သင်းလျက်ပင်ရှိသေးသော နှုတ်ခမ်းကလေးများကို နှစ်နှစ်ခြိုက်ခြိုက်ကြီး စုပ်ယူမိလေ၏။ ထိုအချိန်တွင် အရှေ့ကောင်းကင်မှ လင်းရောင်များလာပြီဖြစ်ရကား အော်တိုမိသည် ကျွန်ုပ်ရင်ခွင်ထဲတွင် ပျော့ပျော့ကလေးမျှ ရှိုက်ခဲ့လေပြီ။

(အားနည်းလှစွာသော အသံဖြင့်) “သေမှခွဲပါ့မယ်လို့ မောင့်ကိုပြောခဲ့တယ်မဟုတ်လား၊ မောင့်သစ္စာလည်း မပျက်ရအောင် အော်တိုမိတော့အဆိပ်သောက်ပြီလေ၊ ကိုင်းလေ… သေပျော်ပါပြီ၊ သွားပြီ ကိုလူဖြူကြီးရေ၊ သွားပြီ… သွားပြီ၊ သွား… သွား…”





အသံတိတ်၍ သွားသည်နှင့်တစ်ပြိုင်နက် အော်တိုမိ၏ဦးခေါင်းသည် မေ့ထားရာမှ နံဘေးသို့ လည်၍ကျသွားလေရာ ကျွန်ုပ်လည်း ကိုယ်ကလေးကို ယခင်ကထက် တင်းတင်းဖက်ထားလိုက်ပြီးလျှင် တဖြည်းဖြည်း အေး၍လာသော လည်ပင်း၊ ပါး၊ နဖူးနှင့် နှုတ်ခမ်းများကိုနောက်ဆုံးအကြိမ် နမ်းရှုပ်မိလေ၏။

လူမည်းများမှာ လျှို့ဝှက်သော အဆိပ်ပင်တစ်မျိုးမျိုးရှိရာ ထိုအဆိပ်သည် အလွန်ပြင်းထန်သော်လည်း ရင်တွင်းကို မနာကျင်စေဘဲ တဖြည်းဖြည်းမှသေစေနိုင်၏။ အော်တိုမိသည် ကျွန်ုပ်အား လွတ်လပ်စွာပြန်နိုင်ခွင့်ရှိရန် သူ၏အသက်ကိုစွန့်လွှတ်ကာ ကမ္ဘာပေါ်တွင် ကျွန်ုပ်အခင်တွယ်ဆုံးသော သံယောဇဉ်နှောင်ကြိုးကိုရက်ရက်စက်စက် ဖြတ်လိုက်ခြင်းဖြစ်လေသည်။

ကျွန်ုပ်လည်း အော်တိုမိ၏အလောင်းကို ကျွန်ုပ်အိမ်ရှေ့ပေါ်သို့ တင်ထားလေရာ ထိုအခါမှ အိပ်ရာ၊ ခေါင်းအုံးနံဘေးတွင် မွန်တီဇူမာဘုရင်ကြီး၏ ပစ္စည်းဥစ္စာများ မြှုပ်နှံသည့်ညက ဂေါ်တီမော့ပေးသဖြင့် ကျွန်ုပ်က တစ်ဆင့်ပေးထားသော မြဘာယက် ဆွဲကြိုးကလေးကိုလည်းကောင်း၊ သူ၏ဆံပင်ခွေကလေးတစ်ခုကိုလည်းကောင်း အုံညစွာတွေ့ရှိ၏။ အော်တိုမိကား သူ၏ဆံခွေကလေးကို မသေမီ နောက်ဆုံး အထိမ်းအမှတ်အဖြစ်ဖြင့် ကျွန်ုပ်အားပေးအပ်သွားရာ လူမည်းမပင်ဖြစ်လင့်ကစား ဉာဏ်အမြော်အမြင်ရှိလှပေ၏။

“ဘာနယ်ဒေး”၏ အကူအညီဖြင့် ကျွန်ုပ်တို့သည် အော်တိုမိအလောင်းကို သူ၏အဘိုးအဘွားများနှင့် ကျွန်ုပ်၏သားကလေးမြှုပ်နှံရာ သချိုင်း၌ ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်မျှ ကြာသောအခါ ကျွန်ုပ်သည် စစ်ဗိုလ်ကြီး 'ဘာနယ်ဒေး'နှင့်အတူ မက္ကဆီကိုမြို့သို့ မြင်းတစ်စီးနှင့် ထွက်ခဲ့ကြရာ တောင်ကြားလမ်းဝသို့ရောက်လျှင် မြင်းကိုခေတ္တရပ်လျက် နှစ်ပေါင်းများစွာ ကျွန်ုပ်ချစ်သူနှင့်အတူ ပျော်ရွှင်စွာနေခဲ့ဖူး၍ သူ၏သင်္ချိုင်းရှိရာ ကျွန်ရစ်ခဲ့သော ထင်းရှူးတောမြို့ကြီးကို ပြန်၍ကြည့်ကာ မျက်ရည်များလည်မိ၏။ ချစ်ခင်ခြင်းတို့မည်သည် နောက်ဆုံး၌ ကွဲကွာရခြင်းနှင့် အပြီးသတ်တတ်သည့်တရားကိုလည်း သဘောပေါက်မိ၏။

မြင်းများကို ပြန်၍ကွေ့မိကြသောအခါ ဘာနယ်ဒေးသည် ကျွန်ုပ်၏ပခုံးကို ယုယစွာပုတ်လျက်...

"ကျုပ် စစ်ဗိုလ်ကြီးဖြစ်ပေမယ့် ကိုယ်ချင်းစာတဲ့စိတ် ရှိပါတယ်။ ဝမ်းဂဗီးရယ်၊ ခင်ဗျားဟာ အတော်ကံဆိုးတဲ့လူတစ်ယောက်ပဲဗျာ၊ ဒါနဲ့ ရှေ့ကို ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ"

"ဘယ်လိုမှ မလုပ်တတ်ဖူး ကပ္ပတိန်၊ သေဖို့ပဲရှိတော့တာပေါ့"

"ခင်ဗျားမှာလည်း အခုမှ အသက် ၄၀ မပြည့်သေးဘူး၊ သေစကားချည်းပြောနေတာပဲဗျာ၊ ကျုပ်အသက် ၅၀ ကျော်တဲ့ လူတောင် သေဖို့ စိတ်မကူးသေးဘူး၊ စပိန်ကိုလိုက်ချင်ရင်ပြောလေ၊ ကျုပ် သင်္ဘောတစ်စင်း ရှာပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ကျွန်တော်စဉ်းစားပါရစေဦး"

မက္ကဆီကိုမြို့ရောက်၍ ရက်အနည်းငယ်အတွင်း၌ပင် ဘာနယ်ဒေးသည် ကျွန်ုပ်ထံသို့ လာရောက်ပြီးလျှင် သူ၏သူငယ်ချင်း သင်္ဘောကပ္ပတိန်တစ်ဦး၊ ဦးစီးသည့် သင်္ဘောတစ်စင်းသည် ၁၀ ရက်အကြာတွင် စပိန်ပြည်





ကာဒစ်မြို့သို့ ထွက်ရန်ရှိကြောင်း၊ အကယ်၍ ၎င်းသင်္ဘောနှင့် လိုက်ပါလိုက လိုက်ပါခွင့်ပြုမည့်အကြောင်း သင်္ဘောတွင် နေရာထိုင်ခင်းအတွက် စီမံပေးမည့်အကြောင်းနှင့် လာရောက်ပြောဆိုလေ၏။

ကျွန်ုပ်လည်း လိုက်လိုကြောင်း ထိုညတွင် စကားပြန်ပြီးလျှင် စပိန်စစ်ဗိုလ်ချုပ် ဘာနယ်ဒေးအား နောက်ဆုံးနှုတ်ဆက်ပြီးလျှင် သင်္ဘောသို့ ဆင်းခဲ့လေသည်။

သို့နှင့် ၁၀ ရက်မြောက်သောနေ့ နံနက်စောစော၌ ကျွန်ုပ်စီးနင်းလိုက်ပါသောသင်္ဘောသည် ကမ်းခြေမှ တရွေ့ရွေ့ထွက်ခွာခဲ့ရာ "အနာဟူအက်"နယ်ကြီး၏ရှုမျှော်ခင်းသည် တဖြည်းဖြည်းပျောက်ကွယ်လျက် နောက်ဆုံးတွင် အိုရီဇဘာမီးတောင်ကြီး၏ နှင်းပွင့်များဖုံးအုပ်လျက်ရှိသော တောင်ထွတ်ဖြူဖြူကြီးအဖျားသာ ကျန်ရစ်တော့၏။

စပိန်ပြည်သို့ လာခဲ့သောရေကြောင်းခရီးမှာ တစ်စုံတစ်ရာ ဘေးအန္တရာယ်မရှိဘဲ တနင်္ဂနွေ ၁၀ ပတ်မျှကြာသောအခါ ကာဒစ်မြို့သို့ ကောင်းမွန်ချောမောစွာ ဆိုက်ရောက်လေ၏။ ထိုအခါ သင်္ဘောဆိပ်၌ အခန့်သင့်ပင် လန်ဒန်မြို့သို့ ထွက်မည့် ကုန်သင်္ဘောတစ်စင်းကို တွေ့ရသဖြင့် ကျွန်ုပ်လည်း အော်တိုမီဆွဲသောမြဘာယက်မှ အငယ်ဆုံးသော မြဘာလေးကို ခရီးစရိတ်အတွက် ထုတ်၍ရောင်းချပြီးလျှင် လန်ဒန်မြို့သို့ လိုက်ပါလာခဲ့လေသည်။

သို့နှင့် တစ်နေ့သော ဇွန်လနံနက်ခင်းတွင် လန်ဒန်မြို့သို့ ဆိုက်ရောက်၍ မြင်းတစ်စီးကို အမြန်ဝယ်ပြီးသော်၊ နောက်တစ်နေ့နံနက်၌ လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်ုပ်ဖခင်နှင့်အတူ မြင်းစီးလာခဲ့ဖူးသော ယားမောက်သင်္ဘောဆိပ်မြို့သို့ ထွက်ခဲ့လေ၏။

www.burmeseclassic.com



"ယားမောက်"မြို့သို့ရောက်၍ ကမ်းနားရှိဟိုတယ်တစ်ခု၌ အဆောင် အပန်းဖြေပြီးသော် ကျွန်ုပ်၏မြင်းကို ဆက်လက်နှင်လာခဲ့လေသည်။

ရွာအဝင်ဝတွင် လူတစ်ယောက်ကို အဆင်သင့်တွေ့ရလေရာ၊ ၎င်းမှာ အခြားသူမဟုတ်၊ ဂါဆီယာကို ကျွန်ုပ်ကကြိုးများဖြင့် တုပ်နှောင်ထားစဉ် ပိုက်ဆံရသဖြင့် ကြိုးကို ဖြေ၍လွှတ်လိုက်သော ဝ မ်းတွင်းရှူး'ဘစ်လီမင်" ပင်ဖြစ်၏။ ဘစ်လီသည် ကျွန်ုပ်ကို မှတ်မိဟန်မရှိချေ။

ကျွန်ုပ်က "ဤရွာတွင် မစ္စတာဝင်းဂဖီးဆိုသူတစ်ဦး နေထိုင်ပါ လော"ဟုမေးရာ၊ ဘစ်က နေထိုင်ကြောင်း၊ သူ၏သား သော်မတ်(စ)ဝင်း ဂဖီးမှာ လွန်ခဲ့သောဆယ့်လေးငါးနှစ်ခန့်က စပိန်ပြည်သို့ထွက်ရာ၊ သေ သည် ရှင်သည်မသိ၊ ယခုတိုင်ပြန်မလာကြောင်း၊ အဘိုးကြီးမှာ သူ့သား ထွက်သွားပြီးနောက် နလုံးရောဂါဖြင့် သေဆုံးသွားပြီးဖြစ်ကြောင်းနှင့် ရှိ:သား:စွာပြောပြရှာ၏။

ကျွန်ုပ်လည်း အိမ်ဘက်သို့သွားသော လမ်းကလေးအတိုင်း မြင်းကို နှင်ခဲ့ရာ၊ ကျွန်ုပ်တို့ အိမ်ခြံရှေ့သို့ ရောက်လျှင် အိမ်ထဲမှ မိန်းမတစ် ယောက်ထွက်လာပြီးလျှင် ၎င်းနောက်မှ ယောကျာ်းတစ်ယောက်သည် နှစ်ယောက်ကိုလက်ဆွဲ၍ လိုက်ပါလာလေသည်။ မိန်းမသည်ကား အခြား သူမဟုတ်၊ ကျွန်ုပ်၏နှမ မေရီ ပင်ဖြစ်လေသည်။

"မေရီ ဟေ့ မေရီ၊ မင်းအစ်ကိုကြီးကို မမှတ်မိတော့ဘူးလားကွယ်"

"အို... အစ်ကိုကြီး၊ အစ်ကိုကြီး"

မေရီသည် ကျယ်လောင်စွာဟစ်အော်လျက် ကျွန်ုပ်၏လည်ပင်းကို အတင်းပြေးလာ၍ ဖက်တွယ်ကာ ဖက်ရမ်းနမ်းရှုပ်လေရာ၊ သူ့ယောကျာ်း နှင့် ကလေးနှစ်ယောက်သည် တစ်ခဏမျှ ကြက်သေသေလျက် ကြည့်နေ





ကြလေ၏။ အကျိုးအကြောင်းသိရသောအခါ မောင်နှမ၊ သမီးယောက်ဖ၊ တူဝရီးတစ်စုတို့မှာ မည်မျှလောက် ဝမ်းမြောက်ကြသည်ကို စာအားဖြင့် ရေးသားဖော်ပြရန် ခဲယဉ်းလှပေ၏။ ကျွန်ုပ်မှာ စပိန်မှ မက္ကဆီကိုသို့ အသွားတွင် သင်္ဘောပျက်၍ သေဆုံးကြောင်းနှင့် လွန်ခဲ့သောနှစ်ပေါင်း များစွာကပင် သတင်းဖြစ်ပွားလျက် ရှိနေခဲ့လေသည်။

ကျွန်ုပ်သေရာ မှပြန်လာသောသတင်းများမှာ ရွာတွင် တောမီး လောင်သကဲ့သို့ တမဟုတ်ခြင်း ပျံ့နှံ့၍သွားရာ၊ နောက်တစ်နေ့၌ ကျွန်ုပ် မှာ အဝေး,အနီးမှ လာရောက်မေးမြန်းကြသောမိတ်ဆွေတို့အား ကျွန်ုပ် ၏ဇာတ်လမ်းကို ပြန်၍ပြောပြခြင်းဖြင့် အချိန်ကုန်ရလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် မေရီလိုက်ပြသော ကျွန်ုပ်မွေးသမိခင် နှင့်ဖခင်ကြီး သင်္ချိုင်းရှိရာများကို သွားရောက်ပူဇော်ပြီးလျှင် သင်္ချိုင်းများ နံဘေးတွင်ဒူးထောက်ကာ အသက်မသေဘဲ ကျွန်ုပ်၏ချစ်မြှုပ်ဇာတိ ရွာကလေးသို့ ပြန်လည်ရောက်ရှိအောင် ဖန်တီးပေးသော ဘုရားသခင် ကိုရှိခိုးမိ၏။ ကျေးဇူးရှင်မိခင်ဖခင်တို့အား သတိရရာတွင် အခြားကျေးဇူး ရှင်တစ်ဦးဖြစ်သော ကျွန်ုပ်၏ချစ်ဇနီးအော်တိုမီကိုလည်း နောက်ဆုံး သတိရမိပါကြောင်း။

ဒဂုန်ရွှေမျှား



www.burmeseclassic.com